www.burmeseclassic.com


လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ခြည်

မဂ္ဂဇင်း

ဝေ ံ အစိန္တိယာ ဗုဒ္ဓါ
ဗုဒ္ဓဝုဏာ အစိန္တိယာ
အစိန္တိယေ
ပသန္နာနံ ဝိပါကောဟောတု
ဓမ္မ အစိန္တိယော



Graphic;
Soe
Win
Htun

## ဝါစိမ်းနီ သုံးရောင်ခြည်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘော်မေ၊
သဒါပေါတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၇၁)

❀ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။ ❀

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင်၊ ကိုကိုကြီးတို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

BURMESE CLASSIC

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအဏ္ဏုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၇၁)

# မာတိကာ

## ရောင်ပြန် ကဗျာ

အောင်လင်းနိုင်၊ နန္ဒာမိုးကြယ်၊ သွေးရည်၊ ဇလွန်ကျော်ဦး၊
တောသားကြီးလှနိုင်၊ ကိုရဲကိုကို(ဆကာကြီး)၊
ခက်လှိုင်းကျော်၊ မောင်ခင်မှိုင်း(ချောက်)

## ရောင်ပြန် အခန်းဆက်ရသ


ဘဝအသချေ(၂)
မင်းသိခ် ——— ၁၇၆
တောကြီးတစ္ဆေ(၄)
တာတေကြီး ——— ၂၀၄
ဂမ္ဘီရမိုးကောင်းကင်မှ ကြယ်စင်(၄)
မြနန်းရှင် ——— ၂၁၆
မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၂)
ကျော်မြသန်း ——— ၂၃၀
တောဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၂၀)
မောင်ဟိန်းကျော် ——— ၂၄၄


ရွှေခြေကျင်းလေး



စာ-၁၀၀

## ဟားမဲ့ဆရာတော်နှင့် မန်ကျည်းတန်း ဦးရွှေအိုး

မင်းသိခ်



စာ-၃၁



## တက်ပေါင်းစုစေတီ

■ သမီးမဂျီအောင်စိုး

စာ-၁၇


စာ-၁၂၆



www.burmeseclassic.com

## မြတ်ဘုရား၏ခြေတော်ရာ ပူဇော်ခြင်းဖြင့်

ဇာဂြိုဟ်ပွင့်



၈ - ၂၅

## မြန်မာ့ရေးရာ


အံ့ဖွယ်တည်သည့် ဓာတ်ပေါင်းစုစေတီ
သမီးဗကျိုအောင်စိုး —————— ၁၇

ဖလေးဘုရားကြီးထီးတင်ပွဲသို့ ရောက်ရှိလာသော
သိုက်စောင့်နာနာဘာဝများ
နိုင်ငြိမ်း(အညာတက္ကသိုလ်) —————— ၂၁

မြတ်ဘုရား၏ ခြေတော်ရာ ပူဇော်ခြင်းဖြင့်
ဇာဂြိုဟ်ပွင့် —————— ၂၅


ယနေ့ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တနာဂဒီပ
လေးသွစ် —————— ၂၇

၂၆၀၅ နှစ်ကြာ ဝါဆိုလပြည့်နေ့ညက ဟောခဲ့သည့်
ဟောမဝတာသုတ္တန်
ပြည်ရွှေဘိုဆရာတော် —————— ၅၇

သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ကြီး
ဦးဝါယာမဘိဝံသနှင့် ရှင်တစ်ထောင်ပူဇော်ပွဲ
ဦးသန့်ဇင် —————— ၉၆

ပထမံသိဒ္ဓိရှင် ဘိုးဘိုးအောင်ကျင့်စဉ်ကဏ္ဍ
မင်းဗိဇ္ဇာဒီပ —————— ၉၉

အထုပ်တစ်ရာဆရာတော်ကြီး၏ ထူးခြားသော အစွမ်းသတ္တိများ
ကျော်စံလင်း —————— ၁၀၇


၈ - ၁၈၆

## ရောင်ပြန် ရသ


အတုမရှိ
မနုဿကျော်ဝင်း —————— ၁၂၆

ဂန္ဓီရအဓိဋ္ဌာန်
ဝိတာမြိုး —————— ၁၄၈

မသေသေးပင်နှင့် အင်းခနီသိုက်
သိန်းထွန်းသစ် —————— ၁၆၄

ရွှေခြေကျင်းလေး
မိုးတားသူ(စိတ်ပညာ) —————— ၁၈၀



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

အလုပ်အကိုင် မဖြစ်သူများအတွက် စံပယ်နှင့် ယတြာ
မင်းသိမ် ———— ၃၉
ရတနာသိုက်တူးနည်း အောင်နည်း
သုခဇော် ———— ၄၃
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ———— ၄၈
စာရေးတံဆိုတဲ့မဲ လဝါခေါင်ရဲပွဲ
တက္ကသိုလ်သျှင်ဥက္ကာ ———— ၄၉
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———— ၅၁
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် ———— ၅၂
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ———— ၅၃
ဩဂုတ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ———— ၅၄
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———— ၅၅
ဂမ္ဘီရဆန်သော တွင်းတစ်ရာ၏ လျှို့ဝှက်ချက်များ
မင်းရွှေသိန်း(ဇင်းကျိုက်) ———— ၆၃

တိုက်ဆောက်၊ ကားစီး ကြီးပွားချင်သူများအတွက်
နဂါးကိုးကောင်ဆရာတော်၏
ထမင်းဆီဆမ်းရွှေလင်ပန်းဂမ္ဘီရယတြာ
မင်းဣန္ဒက ———— ၆၇
ရက်တက်ရည်နှင့် မြေဇာမြက်
ဆင်ဖြူကျွန်းအောင်သိန်း ———— ၇၀
အစိမ်းရောင်ပတ်စ်ပို့စာအုပ်လေး ၈၃
တက္ကသိုလ်သဒ် ———— ၈၃
သင့်လက်မှာ ဒါမျိုးပါလား
ဒေါက်တာစောယုနွယ် ———— ၈၅
လူနှင့် အဆုံးအမများ
မောင်မိုးဦး ———— ၈၉
ရာဂမီး
ရှယ်လီသိန်းမောင် ———— ၉၂
စိတ်ဓာတ်ကို မိတ်ကပ်လိမ်းပါ
ဒံကျဝံသ ———— ၉၄
တတောရဲ့အလယ်မှာ
မောင်ကောင်းမြင့် ———— ၁၁၄
အလောင်းတော်နတ်သား
ထီးနတ်လှိုင် ———— ၁၁၇
လက်ဆောင်
မောင်ပုတ်စည် ———— ၁၁၉



www.burmeseclassic.com

ဗထာမံသိဒ္ဓိရှင်တိုးတိုးအောခ်
ကျင့်စဉ်ကဏ္ဍ
■ မင်းဝိဇ္ဇာဒိပ



စာ - ၉၉

## လောကီရေးရာ


ကထိန်၊ ဝိဝရ၊ ဒါန၊ စေတနာ
သန်းဝင်း(ဘဏ်) ———— ၁၂၁

စွန့်လွှတ်ခြင်းသည် ကြီးပွားခြင်း၏မျိုးစေ့
ကျော်သန့်(တိုင်းရင်းဆေး) ———— ၁၂၃

အနိစ္စဒေသနာတော်(၂၅)
မဟာထွန်း ———— ၁၃၁

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆-ခုနှစ်၊ ဩဂုတ်လ···
ကေတီအောင်သိန်း ———— ၁၃၈

ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်၏···
ဦးတိုး(တက္ကသိုလ) ———— ၁၄၂

ပဋ္ဌာစာရာနှင့် ဗျာသနတရားငါးပါး
ဂမ္ဘီရဆရာလှမျိုး ———— ၁၄၄

ပုဏ္ဏားအကြောင်း သိကောင်းစရာ
ဘုန်းပွင့်ထွန်း ———— ၁၅၂

ချင့်ယုံကြပါ
ဟန်သီဇင် ———— ၁၅၆

သာလွန်ကဲသည့် ဂုဏ်တော်အရောင်
သန်းဝင်း(ဘဏ်) ———— ၁၅၈

မြေကြီးကောင်းကင် မြစ်ရေပြင်ကဲ့သို့ ခံနိုင်ရည်ရှိခြင်း
ရဲဘော်ကျော်ဆန်း ———— ၁၆၀

ခမည်းပေးရာ မှတ်သင့်စွာ
ဂန္ဓာရီဆြာအံ့ ———— ၁၇၄

အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်နှင့် ပရဟိတစိတ်ထား
ပြည်ရွှေဘိုဆရာတော် ———— ၁၇၅

ရန်ပြုအင်းမြတ်
ဝသုန်ဟိန်းထက် ———— ၁၉၈

ဘဝအမောစင်မယ့် လုတောတစ်ခွင် ဟာသများ
ဦးကောင်းထူး ———— ၁၉၉

အလှူမှတ်စု ရေးသားမှုကို ပြုစုဖြစ်မည်
ပန်းတနော်-နော်လတ် ———— ၂၂၆

မဆိုင်သူ မလာရ
ရဲဝေဦး ———— ၂၄၀

သက်ရှည်ကျန်းမာစေလိုလျှင်
တက္ကသိုလ်အပန်ငယ် ———— ၂၅၄

အသေမဦးခင် ဉာဏ်ဦးအောင်
သန်လျင်မောင်ကျော့ကျော်ခဲ ———— ၂၅၇

ဗုဒ္ဓလေးမျိုးနှင့် သူတော်ကောင်းတရားခုနစ်ပါး
ဝေယံဦး ———— ၂၅၉

မျိုးဆက်သစ်တို့ ဆရာရှာစို့
ကိုကိုအောင်(ဝိဇ္ဇာ) ———— ၂၆၃

ကျည်မထွက်၊ လက်နက်တုံးသည့်ဂါထာ
မြင့်မြတ်သူ(ရတနာသိန်) ———— ၂၇၀

မပျက်သော အစဉ်အလာ
သောင်းညာထ်(ပန်းတော်ကျွန်း) ———— ၂၇၈





စာ - ၂၄၄

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ဘာရုံဘုရားတော်နှင့် မန်ကျည်းတန်ဦးရွှေအိုး
မင်းသိင်္ခ —— ၃၁

ချမ်းသာခြင်း ကျန်းမာခြင်းတို့ကို ဖြစ်စေနိုင်သော
ဝါးခင်းနီ သုံးရောင်ခြယ်ဘုရား
စိန္တိတံ(ငါးခုတောင်) —— ၃၅

ပလေးဘုရားကြီး ထီးတင်ပွဲသို့ ရောက်ရှိလာသော

**သိုက်စောင့် နာနာဘာဝများ**

စာ - ၂၁ နိုင်ပြည်(အညာတက္ကသိုလ်)





စာ - ၂၁၆

# ဤလောကီ ဘုံအဆန်းပေမို့



■ လှမိုး(ပညာရေး)

စာ - ၇၂

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ဤလောကီဘုံ အဆန်းပေမို့
လှမိုး(ပညာရေး) —— ၇၂

ပြည်တွင်းပြည်ပ ဗိဉာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၁၁၂

## ရောင်ပြန် တိုင်းရင်းဆေး

တိရစ္ဆာန်များမှ လူသားများအား အကျိုးပြုပုံ
ဒေါက်တာသက်ဆွေ —— ၇၆

မြေဆိပ်နိုင် သဘာဝဆေး
ဟိန်းထက်ရှာန် —— ၈၀

သေရေးရှင်ရေး မခက်ဆေး
ကျော်ဇောဟိန်း(နှံ့သာ) —— ၁၆၁

အာဟာရပြည့် ဆေးဖက်ဝင် စားပင်သီးနှံများ
သုတေသီဆရာငြိမ်း —— ၂၇၄

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


**အထုပ်တစ်ရာဆရာတော်ကြီး ၏**

**ထူးခြားသောအစွမ်းသတ္တိများ**



အထုပ်တစ်ရာဆရာတော်

ကျော်ဝင်းလင်း

ဈ - ၁၀၇


ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —————— ၂၅


ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် —————— ၂၄


လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ —————— ၂၆






ဈ - ၂၀၄



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွာ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့


၀၉ - ၄၂၀၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇



**ယနေ့ကျိုက်ထီးဆောင်ဆရာတော်**

**[illegible]**

လေးသူစံ



ဈ - ၂၇


www.burmeseclassic.com

www.burmeseclassic.com

# ဝါ – စိမ်း – နီ သုံးရောင်ခြယ်

# ဖားမဲ့ဆရာတော်ဘုရား



ဝဲ အစိန္တိယာ ဗုဒ္ဓါ

ဗုဒ္ဓဂုဏာ အစိန္တိယာ

အစိန္တိယေ

ဝထန္နံ ဝိပါကောတော့

ဓဓ အစိန္တိယော

ပလ္လင်တော် အစိမ်းရောင်၊ သင်္ကန်း အနီရောင်၊ အသားတော် ရွှေရောင်ဖြစ်လျှင် ဖားမဲ့ဆရာတော်၏နည်းနှင့် ကိုက်ညီပါသည်။ အထက်တွင် ဖော်ပြထားသော ဂါထာနှင့် ပူဇော်ရုံသာ ရှိပါသည်။ အကျိုးမည်မျှထူးသည်ကို ကိုယ်တိုင်လုပ်ကြည့်မှ သိပေလိမ့်မည်။ အကယ်၍ စိတ်ဝင်စားသောကြောင့် ထုလုပ်ကိုးကွယ်လိုပါက ဘုန်းရောင်ဂျာနယ်တိုက် (ဖုန်း-၀၉-၂၅၁၀၂၂၃၃၁)သို့ ဆက်သွယ်၍ မှာကြားဝယ်ယူ ပူဇော်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# နာတာရှည်

အောင်လင်းနိုင်

■ ပွင့်သီးမှုမရှိတော့
စိမ်းစိုရွက်ဖားလျားကျလည်း
အမြွှာက ခြောက်သွေ့သွေ့။

■ တောက်ပဖို့
မီးစာထည့် ဆီလောင်းလည်း
အမှောင်ထုက
အထပ်ထပ်ပိတ်ဆည်းကာထားတော့
အလင်းရောင်က မည်းနက်နက်။

■ အနာဂတ်ဆီ
စမ်းတဝါးဝါးလျှောက်လိုက်တိုင်း
ကိုယ့်ခြေထောက်ကို
ပခုံးနဲ့ ထမ်းခဲ့ရ။

■ အတိတ်ဆိုတာ
ငါငြိမ်းသတ်မိခဲ့တဲ့ မီးစာတိုင်ပေါ့။

■ နေ့တိုင်း
စိတ်ကူးတွေကို ကော်ဖီအတုနဲ့ မျှောချရင်း
ကိုယ့်ဝမ်းနာကို ဘယ်လိုကုစားရပါလိမ့်။

■ အခုတော့
ပစ္စက္ခနေ့တွေကိုပဲ
နေသာထိုင်သာရှိအောင်
ဆေးမြီးတိုနဲ့ ကုစားနေရတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com



# နေဝင်ချိန်

နန္ဒာမိုးကြယ်

- နတ္ထိနေရယ်နဲ့ . . .
  တတိယအရွယ်ဇရာ
  ချဉ်းလို့လာ ဘဝတစ်ထောက်။

- ပွားစည်းလာ . . .
  သား၊ သမီး မြေးတစ်ဖြာရဲ့
  စိတ်ကြည်စွာ သထာကြစေဖို့
  ဇရာဝင် မိဘအိုမှာတော့
  ရှိက်ငိုကာ ရင်မထုသာဘူ
  အလိုက်သိစွာ မသေခင်ခရီးမှာ
  ကျိုးလုန့် စာခြောက်။ ▪

www.burmeseclassic.com

www.burmeseclassic.com

# ရင့်ကျက်ချိန်

## သွေးရည်

■ အိုးမဖုတ်ခင်
အိုးလုပ်စဉ်တုန်းမှာလည်း
ပုတ်ရတာမခုံး။
ဒေါင်ဒေါင်မြည်အိုးကောင်းသစ်
နှစ်ရှည်ကြာသုံး။

■ ပန်းပုဆရာ
သူ့လက်မှာ စူးဆောက်။
လှရာရာ ပုံစံသွင်း
ထွင်းထုဖြတ်တောက်။

■ ပေခုံမှာခံ
မီးလျှံမှာဝပ်စင်း။
ငှက်ခါးတောင် စိန်ရောင်စား
ဓားကောင်းတစ်စင်း။ ■



www.burmeseclassic.com

www.burmeseclassic.com




# မာယာ

## ဇလွန်ကျော်ဦး

- အပြစ်အမုန်းတွေနဲ့
  အချစ်အပြုံးတွေလည်း မတည်။
- ဝေဒနာ နေ့တစ်ရာမကလေတော့
  ဖွေရှာမရပွေလီ။
- အပြုံးအသ နဲ့ . . . နဲ့
  လောကလက် ခေးမညီ
  စိတ်မတည်မာယာကမ်း။
- လောဘအသွယ်သွယ်
  ဒေါသအနွယ်နွယ်နဲ့
  မောဟထယ်အပုထုံးလေတော့
  နလုံးမကြွ ဝက်ပါတော်မှာဖြင့်
  အပြုံးမလှ အစဉ်မောရတယ်
  လောကသည်လမ်း . . . ။ ။

www.burmeseclassic.com

www.burmeseclassic.com

# သတ္တမပုဏ္ဏား

## ခက်လှိုင်းကျော်

■ ဆင်ကိုစမ်းကြတဲ့
မျက်ကန်းခြောက်ယောက်
တစ်ယောက်တစ်မျိုးပင်
"ဆင်ဆိုသည်မှာ . . ." တဲ့
သူထင်ရာသူပြော
သဘောရိုးတဲ့ သူတို့အမြင်
လက်ခံချင်စရာပါပဲ။

■ ဒါပေမယ့်
မာနနဲ့ ထီမထင်
သတ္တမပုဏ္ဏားအသွင်က
မမြင်လိုရင် အကန်း
ဆင်ကိုပင် မစမ်း
ပရမ်းပတာနှော
အရမ်းကာရော
ပြောချင်ရာပြောခဲ့တဲ့
သဘောမမှန်အတွင်းစိတ်
မှောင်မည်းအောင်အလင်းပိတ်တော့
အတိတ်ပုံပြင်
ပါးစပ်ရာဇဝင်မှာပင်
စာမတင်ထိုက်လို့ကျန်ရစ်
သူ . . .
သမိုင်းလူဆိုးဖြစ်။ ■



www.burmeseclassic.com

www.burmeseclassic.com




# ကဗျာ

## မောင်ခင်မှိုင်း(ချောက်)

- ရင်ခုန်ခြင်းနဲ့
  ထွင်းတဲ့ . . . သစ္စာ။
- စာနာခြင်းနဲ့
  ရင်းတဲ့ . . . မေတ္တာ။
- ရဲရင့်ခြင်းနဲ့
  လင်းတဲ့ . . . ပညာ။
- ဘာနဲ့ဖျက်ဖျက်
  မပျက်တဲ့ . . . အကွရာ။ ။

www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ိတညီသညီ ဓာတ်ပေါင်းစုစေတီ

■ သမီးဗဂျီအောင်စိုး

စာရေးသူသည် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်အား နှစ်စဉ်နှစ်တိုင်း သွားရောက်ဖူးမြော်ခဲ့သော်လည်း ဓာတ်ပေါင်းစုစေတီအား ကြားရုံသာ ကြားဖူးသည်။ မသွားဖူးခဲ့ပါ။ သွားရောက် ဖူးမြော်ရန်လည်း မစဉ်းစားကြပါ။ အဘယ်ကြောင့်ဆိုသော် အလွန်ဝေးသောကြောင့် ဖြစ်သည်။ ဘုရားဖူးကားများကလည်း လိုက်မပို့ကြပါ။ ၎င်းတို့ကိုယ်တိုင်လည်း ရောက်ဖူးကြမည် မဟုတ်ပါ။ ယခုမှ အထင်ကရ တန်ခိုးကြီးပြီး ကြီးကျယ်ခမ်းနားစွာ တည်ရှိထားသည်ကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပါသည်။ ဤသည်မှာ ကျိုက်ထီးရိုးဘုရားသို့ မိမိအစီအစဉ်ဖြင့် မိမိသွားကြပြီး ကင်ပွန်းစခန်းတွင် နားခွင့်ရသောကြောင့် ဖြစ်သည်။ ကင်ပွန်းစခန်းရှိ ကင်ပွန်းချောင်ရွာတွင် တူမလေးများက နောင်အခါ အေးအေးဆေးဆေး တရားအားထုတ်နိုင်ရန်နှင့် ကျိုက်ထီးရိုးဘုရားအား အချိန်မရွေး လာရောက်ဖူးမြော်နိုင်ရန် ရည်ရွယ်ပြီး မြေဝယ်အိမ်ဆောက်ထားသောကြောင့် ယခုကဲ့သို့ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။ ခြံကျယ်မြေကွက်ကြီးတစ်ကွက် ဝယ်ယူကာ ညီအစ်မများ အိမ်ဆောက်နေကြပါသည်။ တူမအကြီးဆုံးအိမ်တွင် နောင်အခါ ရိပ်သာဖွင့်ရန် ရည်ရွယ်ကြောင်း သိရပါသည်။


စာရေးသူတို့ ညီအစ်မသုံးယောက်သည် မိဘများအား ရည်စူး၍ အလှူလုပ်ရန်အတွက် ယခုနှစ်တွင် ရန်ကုန်မှာ ညီမများက မလုပ်ဖြစ်သောကြောင့် ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းကပ်ရန် ကင်ပွန်းချောင်ရွာ ဆရာတော် ခေမာသုခကျောင်းဆရာတော်ထံ ဆွမ်းအုပ်ပို့ ဝတ္ထုကပ်လှူရန် လာရောက်ကြခြင်း ဖြစ်ပါသည်။ စာရေးသူတို့၏ မိဘနှစ်ပါးဖြစ်သော (ဗဂျီဦးအောင်စိုးနှင့် ဒေါ်နုနု)တို့ ကွယ်လွန်သည်မှာ ဖခင်ကြီးက ဖခင်ကြီးက အနှစ် ၂၀၊ မိခင်ကြီးက ယခု ဖေဖော်ဝါရီလ ၂၈ ရက်မှာ ငါးနှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ မိခင်ကြီးကွယ်လွန်ပြီးကတည်းက စာရေးသူသည် သာသနာ့ဘောင်ဝင်ပြီး သီလရှင်ဝတ်ခဲ့ရာ ငါးနှစ်ပြည့်ခဲ့ပါပြီ။ နှစ်စဉ် မိခင်ကြီးအားရည်စူး၍ မိမိနေထိုင်ရာ သန်လျင်မြို့ မြဝတီကျောင်းတိုက်တွင် အလှူလုပ်ပြီး ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ရာ ငါးနှစ်တိုင်ခဲ့ပါပြီ။ ယခုနှစ်တွင်လည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် နှစ်စဉ် အလှူလုပ်ပြီး ဘုန်းကြီးဆွမ်းကပ်ခဲ့ပါသည်။ ယခု ညီမများနှင့်အတူ ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းကပ်ရန် လိုက်ပါလာခဲ့ခြင်း ဖြစ်ပါသည်။

ကင်ပွန်းစခန်းရှိ ကင်ပွန်းချောင်ရွာမှ ဓာတ်ပေါင်းစု



www.burmeseclassic.com

www.burmeseclassic.com



**စေတီတော်အား အဝေးမှ လှမ်းမြင်ဖူးတွေ့ပုံ**


စေတီတော်အား တွေ့မြင်နေရပါသည်။ တူမလေး၏ခင်ပွန်းက ဓာတ်ပေါင်းစုစေတီတော်ကို လိုက်ပို့ပေးမည်ဆို၍ နီးသည်ထင်သောကြောင့် လိုက်ပို့နိုင်းမိရာ အလွန်ဝေးကြောင်းသိရပြီး အားနာမိပါသည်။ ထိုကလေးက မမောနိုင် မပန်းနိုင်ဘဲ စာရေးသူတို့ညီအစ်မအား ဆိုင်ကယ်ဖြင့် တစ်ခေါက်စီ လိုက်ပို့ပေးပါသည်။ ညီမအလတ်၏ အငယ်ဆုံးသမီး၏ ခင်ပွန်းဖြစ်သည်။ စာရေးသူနှင့် ညီမအငယ်ဆုံးနှစ်ယောက်ကို လိုက်ပို့ခြင်းဖြစ်သည်။ ညီမအလတ်မှာ ကျန်းမာရေးမကောင်း၍ မသွားနိုင်ပါ။

စာရေးသူအား ပထမပို့ထားစဉ် ဓာတ်ပေါင်းစုစေတီအား ကြည်ညိုပြီး ပုတီးစိပ်၊ တရားထိုင်နေပြီး ဆရာတော်အား ညီမရောက်လာမှ အတူတကွ သွားရောက်ကန်တော့ပြီး ဝတ္ထုငွေ လှူဒါန်းကြပါသည်။ ရန်ကုန်မှ ညီမတစ်ယောက်က ကျိုက်ထီးရိုးတောင်ပေါ် ရောက်နေလျှင် ငွေလှူပေးပါရန် ဖုန်းဆက်ပြီး လှူနိုင်းသောကြောင့် ဓာတ်ပေါင်းစုစေတီရောက်နေကြောင်း ပြောပြသောအခါ ဆရာတော်အား သူမအတွက်ပါ ငွေလှူနိုင်းပါသည်။ မမျှော်လင့်ဘဲ အလှူထပ်တိုး၍ ဝမ်းသာရပါသည်။

ဓာတ်ပေါင်းစုစေတီသမိုင်းကို ဆရာတော်အား မေးကြည့်သောအခါ တိကျသောအဖြေကို ဆရာတော်လည်း မသိရှိပါ။ ထိုဆရာတော်သည် စေတီတော်သို့ရောက်သည်မှာ ၂၇ နှစ်ရှိပြီး ဤစေတီတော်တွင်ပင် ရဟန်းဝတ်ကြောင်း သိရှိရပါသည်။ ဘွဲ့အမည်မှာ ဦးနန္ဒဖြစ်ပါသည်။ ဆရာတော်ထက် အရင် ဆရာတော်ကြီးနှစ်ပါး ရှိခဲ့ပါသည်။ ဤစေတီတော်သည် လွန်ခဲ့သောနှစ်ပေါင်း တစ်ရာခန့်ကတည်းက တည်ရှိကြောင်း သိရှိရပါသည်။

ဆရာတော်၏ ပြောပြချက်များအရနှင့် မှတ်တမ်းမှတ်ရာများအရ ဓာတ်ပေါင်းစုစေတီတော်အကြောင်းကို ရေးသားဖော်ပြအပ်ပါသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုး ကင်ပွန်းစခန်းအနီး ဓာတ်ပေါင်းစုတောင်ပေါ် တောင်စောင်းတွင် တည်



**ဓာတ်ပေါင်းစုစေတီ မုခ်ဦး**

www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။ နောင်အခါတွင် မြို့ရွာတည်ရှိလာမည့် ဤအရပ်ရှိ မဝေးလှသော ဓာတ်ပေါင်းစုတောင်ပေါ်သို့ သက်ကြီးရွယ်အိုများလည်း အခက်အခဲအနည်းငယ်ဖြင့် တက်ရောက်နိုင်ပြီး ဖူးမြော်ကြည်ညိုနိုင်ရန် ရွာဦး၊ မြို့ဦး စေတီတော်ကြီးအဖြစ် တည်ထားနိုင်ရန် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က သိကြားမင်းက တောင်စောင်းတွင် ယခုပုံတွေ့မြင်ရသည့်အတိုင်း ကျောက်တုံးကြီးများကို ဆင့်ထားခဲ့ရာ လူများက စေတီတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ ပထမ ဘုရားဒကာမှာ ကရင်လူမျိုး ဦးဝိုင်းဖြစ်ပြီး နောင်အသစ်တစ်ဖန် ပြန်လည်တည်ထောင်ခဲ့သူများမှာ ကင်ပွန်းချောင်ရွာသား ဦးစံရွှေနှင့် ဓမ္မမိတ်ဆွေအပေါင်းအသင်းများ ဖြစ်ပါသည်။

သိကြားမင်းက တောင်စောင်းတွင် အောက်ခံ ဆင်ခြေလျှောပလ္လင် ကျောက်တုံးကြီးပေါ်သို့ သမုဒ္ဒရာမှ ကျောက်တုံးကြီးနှစ်တုံးကိုဆင့်၍ တည်ထားခဲ့ပါသည်။ ကျောက်တုံးကြီးများနှင့် ပလ္လင်ကျောက်တုံးကြီးမှာ မထိဘဲ ကွာနေကြောင်းကို ဖူးတွေ့ခဲ့ရပါသည်။ ကုန်းတော်ပေါ်မှ အောက်တစ်ထစ်ဆင်း၍ ကျောက်တုံးကြီးများကို သွားရောက်ကြည့်ရှုလျှင် ပလ္လင်ကျောက်တုံးကြီးနှင့် အပေါ်ကျောက်တုံးများမှာ အလယ်ကောင်တွင် ချိုင့်၍ ကွာနေကြောင်းကို တွေ့ရှိခဲ့ရပါသည်။

အင်္ဂလိပ်ခေတ် မတိုင်မီကတည်းက ကျိုက်ထိုနယ် လှည်းလမ်းကူး ရွာမှ ကရင်လူမျိုးဦးဝိုင်း တည်ထားခဲ့သော ကျောက်တုံးပေါ်မှ သုံးတောင်စေတီငယ်မှာ တစ်ခြမ်းပဲ့ကာ ပြိုကျခဲ့ပါသည်။ ဒုတိယကမ္ဘာစစ် ပြီးစကာလတွင် ကင်ပွန်းချောင်းရွာသား ဦးစံရွှေနှင့် ဓမ္မမိတ်ဆွေ အပေါင်းအသင်းများက ယခု ဖူးတွေ့နေရသော စေတီငယ်ကို အသစ်တစ်ဖန် ပြန်တည်ထားခဲ့ကြောင်း သိရှိရပါသည်။

ဓာတ်ပေါင်းစု စေတီတော်ကို လူအများ မသိရှိကြသော်လည်း စေတီတော်မှာ တန်ခိုးကြီးကြောင်းကို ပြန်လည်ပြောပြချက်အရ သိရှိခဲ့ရပါသည်။ လပြည့်နေ့ည တော်တော်များများတွင် ရောင်ခြည်တော်လွှတ်သည်ကို လူအများ ဖူးတွေ့ရကြောင်း သိရှိရပါသည်။ အချိန် နာရီဝက်ခန့်ကြာအောင် ဖူးမြင်ရပါသည်။ စေတီတော်ကို သုံးဆူခွဲ၍ ဖူးတွေ့ရကြောင်း သိရှိရပါသည်။ တိမ်တိုက်တွေကြားထဲ၌ စေတီတော်ကိုယ်ပွားသုံးဆူကို ကင်ပွန်းချောင်ရွာမှ လူအများ ဖူးတွေ့ရကြောင်း သိရှိရပါသည်။

နောက်တစ်ခုထူးခြားသည်မှာ ဆုတောင်းပြည့်စေတီတော်ဟု လူအများမသိရှိကြသော်လည်း ဆုတောင်းပြည့်သည်မှာ အံ့ဩဖွယ်ကောင်းလောက်အောင် ပြည့်ပါသည်။ လက်တွေ့ပြရလျှင် စာရေးသူ၏တူမလေးတို့မိသားစု၏ ကိုယ်တွေ့ဖြစ်ပါသည်။

ကျိုက်ထီးရိုးစေတီတော်သို့ ခြေလျင်တက်ရသောလမ်းမှာ ကင်ပွန်းစခန်းမှ ခက်ခဲစွာတက်ရပြီး အလွန်ဝေးလှပါသည်။ ကင်ပွန်းစခန်းမှ ခြေလျင်တက်လာလျှင် နာရီပေါင်းများစွာ ကြာမြင့်စွာ တက်ရပါသည်။ ကင်ပွန်းချောင်ရွာတွင် နေထိုင်သော တူမလေးတို့မှ ဖခင်ဖြစ်သူအား ဓာတ်ပေါင်းစုဘုရားသို့ ဆိုင်ကယ်ဖြင့် လိုက်ပို့မည်ဆိုသော်လည်း မိမိဘာသာ ကုန်းကြောင်းခြေလျင်တက်မည်ဆိုပြီး တက်သွားပါသည်။ ဘုရားပေါ်သို့ မည်မျှကြာအောင်တက်ရသည်မသိ။ ဘုရားပေါ်သို့ ရောက်သောအခါ အမောဆို့ပြီး သတိလစ်သွားကြောင်းကို သိရှိကြရပါသည်။ ဘုရားမှ လူအချို့နှင့် ဆရာတော်မှာ တူမလေးတို့ကို သိသောကြောင့် ဖုန်းဆက်အကြောင်းကြားသဖြင့် အားလုံးလိုက်သွားကြရာ သတိပြန်မရသေးကြောင်း သိရှိကြရ၍ စိုးရိမ်နေကြစဉ် ဆရာတော်က ရေမန်းများပေးခြင်း၊ သမီးကြီးဖြစ်သူက ဆုတောင်းခြင်းများကို ပြုလုပ်ကြရာ မကြာမီ သတိပြန်ရလာပါသည်။ အားလုံးဝမ်းသာကြပြီး ဓာတ်ပေါင်းစုစေတီတော်အား ဆုတောင်းပြည့်စေတီဟု ခေါ်ဆိုကြပါသည်။ မိတ်ဆွေ၊ အပေါင်းအသင်းများအားလည်း ပြောပြသောကြောင့် လာရောက်ဖူးမြော်လိုသူများကို လမ်းညွှန်ပေးကြပါသည်။

ကင်ပွန်းစခန်းမှ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ကားဖြင့်သော်လည်းကောင်း သွားရောက်ဖူးမြော်နိုင်ပါသည်။ ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးတောင် ခြေလျင်အတက်လမ်း တစ်မိုင်နှစ်ဖာလုံရှိ ရွှေရင်သာစခန်းလမ်းခွဲမှ ၁၅ မိနစ် တက်ရပါသည်။ လမ်း၏ဘယ်ဘက်ကိုကြည့်လိုက်လျှင် ဓာတ်ပေါင်းစုစေတီသို့ ချိုးဝင်ရမည့်လမ်းကို တွေ့ရပါသည်။

ဓာတ်ပေါင်းစုစေတီတော် မှန်ဦးကို မြင်ရလျှင် အလွ



www.burmeseclassic.com

www.burmeseclassic.com

သို့ အနည်းငယ်လျှောက်သွားလျှင် စေတီတော်အား အဝေးမှ လှမ်း၍ဖူးတွေ့ရပါမည်။

ဘုရားအား အစဉ်အမြဲ တိုးတက်ကောင်းမွန်စေရန် ဒကာ၊ ဒကာမများ လှူဒါန်းငွေများဖြင့် ဆရာတော်သည် ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း သိရပါသည်။ ဘုရားပရိဝုဏ်မှာလည်း ကျယ်ဝန်းပြီး သာသနိကအဆောက်အအုံများ၊ ရုပ်တုများလည်း ရှိပါသည်။ ဆုတောင်းပြည့်စေတီ နဂါးရုံဘုရား ဗောဓိညောင်ပင်တွင် ဂြိုဟ်တိုင်ရှစ်တိုင် စသည်ဖြင့် ထုလုပ်ထားပါသည်။ ဆရာတော်၏ကျောင်းမှာလည်း ကျယ်ဝန်းပြီး လျှပ်စစ်မီးရသောကြောင့် အချိန်ပြည့် မီးလင်းလျက်ရှိပါသည်။ ဓာတ်ပေါင်းစုစေတီ ဆရာတော့်ကျောင်းတွင် နားနေ၍လည်း ရပါသည်။ ကလေးသူငယ်များ ဆော့ကစားရန် နေရာကျယ်ဝံဖြင့် မိသားစု ကျိုက်ထီးရိုးဘုရားသွားဖူးလျှင် ဓာတ်ပေါင်းစုစေတီသို့ သွားရောက်ဖူးမြော် ဆုတောင်းကြဖို့ မမေ့ကြပါနှင့်။

ရင်ပြင်တော်ပေါ်မှ အောက်သို့ငုံ့ကြည့်လိုက်လျှင် မထင်မရှားသော ကင်ပွန်းစခန်း အဆောက်အအုံ ဈေးဆိုင်တန်းနှင့် နေအိမ်များကို မြင်တွေ့ရပါသည်။

ကျိုက်ထီးရိုးဘုရားလာဖူးကြသော ဘုရားဖူးများ အနက် အသက်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူများ မှာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီကိုသာ အဓိကထား ဖူးလို ကြပါသည်။ အခြားနေရာများသို့ မသွားလိုကြတော့ပါ။ ကျိုး ကန်းပါးစပ်ဂူသို့ စာရေးသူမရောက်သည်မှာ နှစ်နှစ်သုံးနှစ်ခန့် ရှိပါပြီ။ စာရေးသူသည် နှစ်စဉ် ကျိုက်ထီးရိုးဘုရားသို့ မရောက်ရောက်အောင်သွားဖူးပါသည်။ မရောက်သည့်နှစ်လည်း မရှိခဲ့ပါ။ ခဲရာခဲဆစ်ဖြင့်သွားရသော ကျိုးကန်းပါးစပ်မှာ မဝေးသော်လည်း ခြေချော်လဲမည်စိုးသောကြောင့်လည်းကောင်း၊ ကြိုးတန်းလျှောက်၍ ရွှေသင်္ကန်းကပ်ပေးသော ကျောက်ထပ်ကြီးဘုရားမှာလည်း ဝေးသောကြောင့်လည်းကောင်း၊ ကင်ပွန်းစခန်းမှ အတက်ကားလမ်း တစ်ထောက်နားသော ရသေ့တောင်ကားဂိတ်၌ရှိသော ဘုရားများမှာလည်း တောင်ပေါ်တက်ရသောကြောင့်လည်းကောင်း၊ ရေတံခွန်ဆိုသည်မှာလည်း အလွန်မဝေးသော်လည်း ရေကြောက်၍လည်းကောင်း စာရေးသူ မရောက်တော့ပါ။ သို့သော် ယခုရေးသား ဖော်ပြအပ်သော ဓာတ်ပေါင်းစုစေတီမှာမူ ကျိုက်ထီးရိုး ဘုရားကဲ့သို့ သွားရောက်ဖူးမြော်သင့်ပါသည်။ ဝေးသော်လည်း ဆိုင်ကယ်တို့ဖြင့် သွား၍ရခြင်း၊ နားနေစားသောက်တည်းခို၍ ရခြင်းတို့ကြောင့် မပင်ပန်းပါ။ စိတ်ချမ်းသာကြည်နူးဖို့ ကောင်းပါသည်။

စာရေးသူ၏ တူမအကြီးဆုံးမှာ တရားအားထုတ်ရန် ဝါသနာပါသောကြောင့် သန်လျင်မြို့ကအိမ်မှာ နေသည်က နည်းသည်။ ကင်ပွန်းချောင်ရွာမှာ တရားအားထုတ်ရန် အိမ်ကိုပြင်ဆင်မွမ်းမံသည်က များပါသည်။ မြေတစ်ကေကျော် ခြံအကျယ်ကြီးအား ညီအစ်မများ စုပေါင်းဝယ်ပြီး **မိမိတို့**ဘာသာ အိမ်ဆောက်နေကြခြင်းဖြစ်သည်။ တူမဖြစ်သူ၏ အိမ်မှာ တိုက်လေးဖြစ်ပြီး ရိပ်သာလုပ်ရန်ရည်ရွယ်၍ ဆောက်ထားခြင်းဖြစ်ပါသည်။ ရိပ်သာဆိုသည်မှာလည်း မိမိနှင့်ရင်းနှီးသော မိတ်ဆွေများ၊ ဆွေမျိုးများ သွားလိုလျှင် ကင်ပွန်းချောင်ရွာခြံ၌အမြဲနေသော ညီမအငယ်ဆုံးထံ သော့ပေးထားပြီး မိမိတို့ဘာသာ တရားအားထုတ် ချက်ပြုတ်စားသောက်ရန်ဖြစ်သည်။ အိပ်ရာ၊ ခြင်ထောင်၊ အိုးခွက်ပန်းကန် အစုံအလင် ထားရှိပါသည်။ ၎င်း၏ အိမ်ကို သစ္စာရိပ်မွန်ရိပ်သာဟု အမည်ပေးထားပါသည်။ ၎င်း၏ခင်ပွန်းဖြစ်သူမှာလည်း ဘာသာရေးသမားဖြစ်၍ ဇနီးအလိုကျ ခွင့်ပေးထားပါသည်။ ၎င်းတို့မှာ သားလေးတစ်ယောက်သာရှိပြီး သူ့အိမ်ထောင်နှင့်သူ ဖြစ်ပါသည်။

အချုပ်ဆိုရသော် ကျိုက်ထီးရိုးဘုရားဖူးရန်သွားလျှင် ဓာတ်ပေါင်းစုစေတီတော်ကိုတော့ မရောက်ရောက်အောင် သွားကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**သမီးဗဂျီအောင်စိုး**



www.burmeseclassic.com

www.burmeseclassic.com

## ဖလေးဘုရားကြီး ထီးတင်ပွဲသို့ ရောက်ရှိလာသော

# သိုက်စောင့် နာနာဘာဝများ

နီငြိမ်း(အညာတက္ကသိုလ်)



ယနေ့ ဖူးတွေ့ရသည် "ကျိုက်မတ်ကော် စေတီတော်"

(၁)


ကျွန်တော်သည် ၁၉၉၅-၉၆ ခုနှစ်များက ပဲခူးမြို့ တောင်ဘက် ဆယ်မိုင်အကွာ မိုးခိုင်ကြီး၊ မိုးခိုင်လေးရွာများသို့ ရောက်ရှိပြီး ဒုလ္လဘရဟန်း နှစ်ဝါ ဝတ်ခဲ့ပါသည်။ ရဟန်းဝတ်ခြင်း၏ ရည်ရွယ်ချက်မှာ မိုးခိုင်ရွာရှိ ရှေးဟောင်းဘုရားကြီးကို ပြုပြင်ရန်အတွက် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေများကို အလှူခံ၍ စုစည်းရန်ပင်ဖြစ်သည်။ မိုးခိုင်ကြီးရွာ ဒက္ခိဏာရုံကျောင်းဆရာတော် ဦးသောဘဏမှ ခေါ်ယူသဖြင့် ထိုရွာများသို့ ရောက်ရှိသွားခြင်းလည်းဖြစ်သည်။ ဘုရားပြင်ရန် ပစ္စည်းများ အတော်အတန်ရသော်လည်း လုံလောက်မှု မရှိပါ။ ပတ်ဝန်းကျင် ဒကာ၊ ဒကာမများ၏ သဒ္ဓါသမ္မတ္တိနှင့် ကူညီထောက်ပံ့မှု နည်းပါးခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

ဘုရားကြီး ပြုပြင်ရေး မအောင်မြင်ခဲ့သော်လည်း ဘဝအတွေ့အကြုံ အသိတရားများ ရခဲ့ပါသည်။ မိုးခိုင်ကြီး ဘုရားနှင့် ပတ်ဝန်းကျင်တွင် နာနာဘာဝများ ရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြို့ပျက်နေသော ဖလေးဘုရားကြီး၏ မြင်ကွင်း (၁၉၁၂-ခုနှစ်)

အိပ်မက်ဖြင့်လည်းကောင်း၊ အသံ၊ အနံ့ဖြင့်လည်းကောင်း သိခဲ့ရသည်။ မိုးခိုင်ကြီးဘုရား၏ အနောက်ဘက် လယ်နှစ်ပွဲအကွာတွင် လေးဆူကုန်း ရှိသည်။ လေးဆူကုန်းပေါ်တွင် ဘုရားလေးဆူ တည်ရှိရာ ထိုဘုရားများမှာလည်း ရှေးဟောင်းဘုရားများဖြစ်ကြောင်း ဦးဇင်းသောင်းမှ ပြောပြပါသည်။ ထိုဘုရားများ၏ အလှူရှင်များစာရင်း ဦးဇင်းသောင်းထံတွင် ရှိသည်။ ဘုရားများကို ဆွေမျိုးစဉ်ဆက် စောင့်ရှောက်လာခဲ့ရာ ဘုရားတည်သူအချို့ ဘုရားစောင့်ဖြစ်နေကြောင်း မိုးခိုင်လေးရွာမှ နောင်လာနောက်သားများမှ ပြောပြပါသည်။

မိုးခိုင်ကြီး၊ မိုးခိုင်လေးရွာများ၏ တောင်ဘက် ၂ မိုင်ခန့်အကွာတွင် 'ဖလေးရွာ' နှင့် 'ဖလေးဘုရားကြီး' ရှိသည်။ အရပ်သားများ ဖလေးဘုရားဟု ခေါ်ကြသော်လည်း သာသနာတော်မှတ်တမ်းများတွင်မူ (ဆံတော်ရှင်ကျိုက်မတ်ကော်)ဟု ရေးသားထားသည်။ ကျိုက်မတ်ကော်ခေါ် ဖလေးဘုရားကြီး၏ သမိုင်းမှာ လွန်စွာကြာညောင်းခဲ့လေပြီ။ တတိယသင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးသည့်အခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မဇ္ဈိမဒေသမှ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ သာသနာခရီး ကြွခဲ့သည်။ ထို့နောက် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် စူဠသီရိမာသောက(သီရိမမွှာသောက မဟုတ်)မင်းလက်ထက်တွင် သုဝဏ္ဏဘူမိသို့ အရှင်သောဏနှင့် အရှင်ဉတ္တရမထေရ်တို့ သာသနာပြုရန် ရောက်လာပြန်သည်။

ထိုမထေရ်နှစ်ပါးသည် သုဝဏ္ဏတစ်ဝိုက် သောင်းကျန်းနေသော ရေစောင့်ဘီလူးများရန်ကို ဖယ်ရှင်းကာ မြတ်စွာဘုရား၏ ဆံတော်များကို ဘုရင့်ထံ ပေးအပ်ထားခဲ့သည်။ ထိုဆံတော်များဖြင့် 'မူလကျိုက်ဒေးကော်စေတီတော်ကြီး' ကို တည်ထားကိုးကွယ်ခဲ့ကြသည်။ မုံရွေးဇေတဝန်ဆရာတော်၏ စေတိယကထာကျမ်းတွင် 'ကျိုက်မတ်ကော်၊ ရွှေမော်ဓော၊ ရွှေတိဂုံ၊ ကျိုက်ခေါက်၊ ကျိုက်ခနုတ်၊ ကျိုက်ဒေးပဲ၊ ကျိုက်သမ္မန်ဟံ' စေတီ ခုနစ်ဆူမှ ဆံတော်များမှာ မြတ်စွာဘုရား၏ ဆံတော်အစစ်များဖြစ်ကြောင်း ရေးသားထားသည်။

(၂)

ကျိုက်မတ်ကော် ခေါ် ဖလေးဘုရားသည် ပဲခူးရိုးမတောင်စွယ် ရွှေမော်ဓော၊ တာဝ၊ ဖလေးကုန်းထိပ်တွင် တည်ရှိသဖြင့် အဝေးမှပင် ထင်ရှားစွာ ဖူးတွေ့နိုင်ပါသည်။ ဖလေးဘုရားကြီးကုန်း မြောက်ဘက်တွင် ရွှေကျောင်းကုန်းနှင့် နောင်တော်ကြီးစေတီတော်ကုန်းများ ဆက်စပ်တည်ရှိနေသည်။ သထုံဘုရင် စူဠသီရိမာသောကမင်းက သူ၏



www.burmeseclassic.com

www.burmeseclassic.com



စိန်ဖူးတော်သစ် တင်လှူပူဇော်စဉ် (၅/၂၀၀၅)ခုနှစ်

အမတ်ကြီး 'ကော်'ကို ဘုရားဝေယျာဝစ္စများ ဆောင်ရွက်စေရာမှ မူလက ကျိုက်မတ်ကော်ဟု တွင်ခဲ့ပြီး နောင်သော် ကျိုက်ဒေးကော်ဟု ခေါ်ခဲ့ကြသည်။

အဓိပ္ပာယ်မှာ (ကျိုက်=ဘုရား+ဒေး=တောင်+ကော်=လည်ပင်း)တောင်လည်ပင်းဘုရားဟူ၍ ဖြစ်သည်။ ထိုဘုရားကြီးအနီး နိဗ္ဗာန်ရွာတစ်ဝိုက်တွင် ဆင်ဖြူတော်တစ်စီး ရရှိခဲ့သဖြင့် ဖလေးဘုရားကုန်းကို (နာဂဟတ္ထိကုန်း ဝါ ဟတ္ထိပါလကုန်း)ဟုလည်း ခေါ်ကြလေသည်။ ဖလေးဘုရားကြီးသည် မွန်ဘုရင် ရာဇာဓိရာဇ်မင်း(၇၄၅-၇၈၅) လက်ထက်တွင် ငလျင်ဒဏ် ခံရသဖြင့် တစ်ပိုင်းတစ်စ ပြိုပျက်ခဲ့သည်။ ထိုဘုရားကို ဓမ္မစေတီမင်း(အေဒီ-၁၄၇၂-၁၄၉၂)က ပြုပြင်ခဲ့သည်။ တောင်ငူခေတ်တွင် ယင်းဘုရားကြီးကို ဘုရင့်နောင်မင်းတရားကြီးကလည်း ပြုပြင်ခဲ့ပါသေးသည်။

'ဖလံ၊ ဧတေတိတိ-ဖလေး'ဟု ပညာရှိများ၏ ဝိဂြိုဟ်ပြုခဲ့ကြသည်။(သစ်သီးဝလံ ပန်းမာလ် စသည် စုံလင်ပြီး လူတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်သော နေရာ)ဟု အဓိပ္ပာယ်ရရှိပါသည်။ ဖလေးဘုရားကြီးမှာ မည်မျှပင် တန်ခိုးကြီးသော်လည်း ရာသီဥတုဒဏ်၊ မိုးလေဝသဒဏ်များကို အကြိမ်ကြိမ် ခံခဲ့ရသည်။ ၁၉၉၂-ခုနှစ် လျှင်တွင် ဘုရားကြီးမှာ အကြီးအကျယ် ပျက်စီးသွားပြန်သည်။ ပြုပြင်မည့် ဒကာလည်း မပေါ်ခဲ့။ နယ်ချဲ့အင်္ဂလိပ်ခေတ်တွင် ကျိုက်မတ်ကော်စေတီကြီးမှာ တောအတိ ဖုံးလွှမ်းနေခဲ့ပါသည်။

အေဒီ-၁၉၀၁-ခုနှစ်၊ ၁၂၆၃-ခုနှစ်တွင် စေတနာ သဒ္ဓါတရား ထက်သန်သော ကဝရွာသား 'ဦးရွှေဂုံ'နှင့် 'ဒေါ်မဲတူ'တို့က ငွေ ၉ သိန်း မတည်ကာ ဘုရားကြီးကို ပြုပြင်ခဲ့သည်။ ထိုအကြောင်းကို မှတ်တမ်းရေးရာတွင် 'ဘုရားအစ်မ ဒေါ်မဲတူနှင့်တကွ မချော်အယူတရားမှီးပေသော သားအကြီး မောင်ရွှေရင်၊ ၎င်း၏ညီမောင် ရွှေဆင်တို့က နောင်အရှည် အစဉ်တရားပိုက်ပြီး ဘုရားနှိုက်ပြုပြင်ရန် ငွေကိုးသိန်းကျော်အရင်း တည်ပြီးလျှင်'ဟု ရေးသားထားသည်ကို ဖတ်ခဲ့ရပါသည်။

ထို့နောက် ၁၂၉၇-ခုနှစ်တွင် မန္တလေးမြို့မှ ရသေ့ကြီးဦးခန္တီသည် အောက်ပြည်အောက်ရွာသို့ သာသနာပြုခရီး ရောက်ရှိလာပြီး ကျိုက်မတ်ကော်စေတီတော်ကြီးကို ပြုပြင်ခဲ့ပါသေးသည်။ ဖလေးဘုရားကြီးမှာ မြတ်စွာဘုရား၏ ဆံတော်ရှင်အစစ် ကိန်းဝပ်ရာဌာနတစ်ခုဖြစ်ရင် လွန်စွာတန်ခိုးကြီးသည်။ ၁၃၀၀ ပြည့်နှစ်မှ ကျွန်တော်မွေးသော ၁၃၀၃-ခုနှစ်အတွင်း ရောင်ခြည်တော် အကြိမ်ကြိမ် လွှတ်ဖူးကြောင်း ဘုရားသမိုင်းများ ရှိသည်။ ကျိုက်မတ်ကော်စေတီတော်ကြီးနှင့် စပ်လျဉ်းသည့် ဘုရားသမိုင်းပေါင်း မြောက်မြားစွာရှိခဲ့ပြီးဖြစ်၍ အရှည်မတင်ပြတော့ပါ။ ဤဘက်ခေတ် ထူးခြားဖြစ်စဉ်အချို့ကိုသာ ရွေးချယ်ဖော်ပြပါမည်။

(၃)

ကျွန်တော်တို့ မြောက်ဥက္ကလာပတွင် အခြေပြုနေထိုင်သော ပတ္တမြားဆရာတော် ဦးသုန္ဒရသည် ၁၃၅၄-ခုနှစ်ပိုင်းတွင် ဒကာ၊ ဒကာမများ ပင့်ဖိတ်သဖြင့် ဖလေးရွာသို့ ရောက်ရှိသွားသည်။ ရောက်တုန်းရောက်ခိုက် ဖလေးဘုရားကို ဝင်ရောက်ဖူးမြော်ရာ လောကီကိစ္စ ထူးခြားမှုများ



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရသည်။ ဦးသုန္ဒရမှာ ဂိုဏ်းဆရာတော်၊ သမထ ဆရာတော် မဟုတ်။ သာသနာပြုမှု လုပ်ငန်းများကို သဒ္ဓါ ကြည်ညိုစိတ်ဖြင့် မေတ္တာထားဆောင်ရွက်နေသူ ဖြစ်သည်။ ကြည်ညိုသူအင်အားလည်း များပြားလှသည်။

ဆရာတော်သည် ဖလေးဘုရားကြီးကို ဖူးမြော်ပြီး စိတ်မချမ်းသာ ဖြစ်ခဲ့ရသည်။ စေတီတော်ကြီး၏ ထီးတော်မှာ အရောင်အဆင်း ပျက်ပြယ်ပြီး စေတီပေါ်မှ ထုံးသင်္ကန်းများမှာလည်း ကွာကျလျက်ရှိသည်။ သို့အတွက် စေတီကြီးကို မွမ်းမံရန် အာရုံပြုကာ ဖလေးတွင် တစ်ညအိပ်ခဲ့သည်။ ထိုညက ဆရာတော် လုံးဝကျိန်းမရပါ။ နာနာဘာဝများ၊ သိုက်နန်းစောင့်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာကာ…

"ထီးတော်အသစ် တင်လှူပေးပါ"

"ခေါင်းလောင်းအသစ်များ ချိတ်ဆွဲပေးပါ"

"ဘုရားများ ထုံးသင်္ကန်းများ ကပ်လှူ၍ ကုသိုလ်ပြုပါ"

"တပည့်တော်တို့အတွက် အမျှအတန်းများ ပေးဝေပါ"

"ဆရာတော်က ဤကုသိုလ်များ ပြုပေးမှ တပည့်တော်တို့မှာ ဘုရားစောင့် သိုက်စောင့်ဘဝမှ ကျွတ်လွတ်နိုင်ပါလိမ့်မည်"

ဟု လျှောက်ထားခဲ့ကြလေသည်။ ဦးသုန္ဒရလည်း အိပ်စက်မရသဖြင့် စိတ်ညစ်ပြီး…

"အေး…အေး၊ မင်းတို့ဆန္ဒတွေ အားလုံး ပြည့်စေရမယ်"

ဟု ကတိပြုလိုက်သည်။ ထိုအခါ မိုးလင်းချိန်နီးမှ ဆရာတော် ကျိန်းစက်နိုင်တော့သည်။ ထို့နောက် ဦးသုန္ဒရလည်း ဖလေးမှ မြောက်ဥက္ကလာပသို့ ပြန်ကြွကာ ထီးတော်အသစ်တစ်ဆူကို အချိန်ယူ ပြုလုပ်ခဲ့သည်။ သုံးလကြာမှ ထီးတော်အသစ်ကြီး ပြီးစီးခဲ့ပါသည်။ ထိုထီးတော်ကြီးကို ပဲခူးမှတစ်ဆင့် ဖလေးဘုရားကုန်းသို့ ပင့်ဆောင်သွားသည်။

ထီးတော်ကြီးမှာ အလွန်သပ္ပာယ်လှသည်။ အချင်း ၈ ပေခွဲ၊ ဘုံကိုးဆင့်ရှိ ထီးတော်ကြီး ဖြစ်သည်။ ထီးတော်ကို ရွှေချ၍ ခေါင်းလောင်းငယ်များကို အသစ်လဲလှယ်ကာ ရောင်တော်ဖွင့်ပေးခဲ့ပါသည်။ မှတ်မှတ်ရရပင်။ ၁၃၅၆-ခု၊ ကဆုန်လဆန်းပိုင်းရက်များတွင် ထီးတော်ကြီး ဖလေးကုန်းပေါ်သို့ ရောက်ရှိသွားသည်။ ကဆုန်လဆန်း ၉ ရက်နံနက် ၅ နာရီ ၅ မိနစ်တွင် ရဟန်းရှင်လူပရိသတ် ရာပေါင်းများစွာဖြင့် ဦးသုန္ဒရကိုယ်တိုင် ထီးတင်ပွဲ ကျင်းပခဲ့သည်။ နိုင်ငံတော် အကြီးအကဲပိုင်းမှ ဝန်ကြီးအဆင့်ရှိသူအချို့လည်း တက်ရောက်ကြည်ညိုကြသည်။

ထီးတင်ပွဲတွင် ဆိုင်းသံ၊ ဗုံသံ၊ နတ်ကန္နားပွဲများ မပါ။ အခုန်း၊ ငှက်ပျောပွဲလည်း မထည့်။ မြတ်စွာဘုရား၏ ပဋ္ဌာန်းဒေသနာတော်ကိုသာ အထပ်ထပ် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ဆရာတော် ဦးသုန္ဒရ၏ ယာယီစံကျောင်းပေါ်တွင် ပရိသတ်များ တိုးမပေါက်အောင် စည်ကားနေသည်။ ထိုပရိသတ်များအတွင်း ပတ်ဝန်းကျင် ရှေးဟောင်းဘုရားပေါင်းစုံမှ သိုက်စောင့်များ၊ နာနာဘာဝများ ရောက်ရှိလာသည်။ သူတို့သည် ဘုရားဖူး အမျိုးသမီးများအား ပူးကပ်ပြီး ဆံပင်ဖားလျားချခြင်း၊ ခြေဆင်းခြင်း၊ လူးလိမ့်ငိုကြွေးခြင်း၊ တုန်တုန်ရီရီဖြင့် ကုလားစကားကဲ့သို့ မသဲမကွဲ စကားမျိုးစုံ လျှောက်ထားခြင်းပြုကြသည်။ ထိုအခါ ဦးသုန္ဒရက…

"အားလုံး ဆရာတော်ရဲ့ မေတ္တာဓာတ်ကို ခံယူကြပါ။ ဟိုတစ်နေ့ညက လာရောက်လျှောက်ထားကြတဲ့ သိုက်စောင့်များအတွက် ဆရာတော်က ထီးတော်တင်မှု ကုသိုလ်ပြုကာ အမျှအတန်းများဝေပါသည်။ သာဓုအနုမောဒနာခေါ်ကာ လိုရာခရီး ပြန်ကြပေတော့"

ဟု အမိန့်ရှိလိုက်သည်။ ထိုအခါ သိုက်စောင့် နာနာဘာဝများသည် လူပရိသတ်နှင့်ရော၍ သာဓု…သာဓု…သာဓု ဟု သုံးကြိမ် ခေါ်သံများကို ကြက်သီးမွေးညင်းထဖွယ်ကောင်းလောက်အောင် ကြားလိုက်ရပေသည်။

**နိုင်ငြိမ်း(အညာတက္ကသိုလ်)**

*(ဝန်ခံချက်-မိမိ၏ အတွေ့အကြုံများကို ဆရာစေတနာ၏ ကျိုက်မဝတ် ကော်စေတီတော်ကြီး ထီးတင်ပွဲသမိုင်းနှင့် ဆက်စပ်တင်ပြခြင်း ဖြစ်ပါသည်။)*

www.burmeseclassic.com


# မြတ်ဘုရား၏ခြေတော်ရာ ပူဇော်ခြင်းဖြင့်

ဇာဖြူပွင့်

မိုးရာသီနှင့် ဆောင်းရာသီဆို ကျွန်မခြံထဲမှာ ပန်းရောင်စုံတို့ လှိုင်လှိုင်ပွင့်လာပြီ။ သည်အချိန်ဆို ကျွန်မ မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူကို ပန်းမွှေ့ရာခင်း၍ ပူဇော်မြဲဖြစ်ရာ အိမ်က ပါရမီဖြည့်ဘက်က ခြံထဲမှပန်းများကိုခူး၍ ရေမိုးသန့်စင်ကာ အဆင်သင့်ထားပေးမြဲဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို ဘုရားဆောင်ရှေ့မှာ ခုံကလေးတစ်ခုံနှင့် တင်၍ ထောင်ထားပါ။ ယွန်းလင်ပန်း လေးထောင့်ပေါ်မှာ မျက်နှာသုတ်ပဝါသန့်သန့်ကလေးကိုတင် ထိုအပေါ်မှ စက္ကူအဖြူသန့်သန့်လေးကို ခင်းပြီး ပန်းများကို လှတပတလေးဖြစ်အောင် မွှမ်းမံပြင်ဆင်ပြီး ဘုရားရှင်ကို ဩကာသကန်တော့ချိုးနှင့် ဘုရားရှိခိုးပါ။ ငါးပါးသီလ ခံယူပါ။ မြတ်စွာဘုရားရှင်၏ လက်ဝဲခြေတော်ရာ၊ လက်ျာခြေတော်ရာတို့ကို ရည်စူးပြီး ပန်းမွှေ့ရာကပ်လှူပူဇော်ပါ။

ပြီးလျှင် ခြေတော်ရာဘုရားရှိခိုးနှင့် ရှိခိုးပါ။ ထို့နောက် စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာကို ငါး



www.burmeseclassic.com

www.burmeseclassic.com

ခေါက် (သို့) ဆယ်ခေါက် ရွတ်ပါ။ မိမိလိုသော ဆုများထဲမှ တစ်ခုကို ရွေးချယ်ဆုတောင်းပါ။ လိုသောဆုတစ်ခုပဲ တောင်းရမှာဖြစ်၏။

မိမိမှာ အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရပါက မြတ်စွာဘုရားခြေတော်ရာနှစ်ဆူကို အထက်ပါနည်းစနစ်အတိုင်း အစီအစဉ်တကျ ပြုလုပ်လှူဒါန်းပါက လိုရာဆန္ဒများ ပြည့်ဝအောင်မြင်ပါမည်။

သားသမီးလိုချင်သူများ၊ အိမ်ထောင်ရေး အဆင်မပြေသူများ၊ စားဝတ်နေရေးအဆင်မပြေသူများ၊ စာမေးပွဲ အောင်ချင်လိုသူများ၊ အလုပ်အတွက် အင်တာဗျူးဖြေဆိုမည့်သူများ စသည့် ကိစ္စတွေ အဆင်ပြေစေလိုပါက အစီရှာန်တင်ပြီး ပူဇော်လျှင် ပို၍အကျိုးများပါသည်။ ခြေတော်ရာ ဘုရားရှိခိုးနည်း ဂါထာတစ်ပုဒ်၊ ကျင့်စဉ်နည်းတစ်ခုကို အရေးကြုံမှ ထလုပ်သည်မဟုတ်ဘဲ အာစိဏ္ဏကံလေးတစ်ခုအနေနှင့် လုပ်ကြလျှင် ပို၍ အကျိုးသက်ရောက်စေပါသည်။

ကျွန်မကတော့ တစ်ကြိမ်ပူဇော်လျှင် ကိုးရက်တိတိ ပူဇော်ပါ၏။ ဤသို့ ပူဇော်ရသော ကောင်းမှုကုသိုလ်၏ ရလဒ်တို့သည် နောင်သံသရာမှာ မည်သို့ဖြစ်မည်ဟု ကေန်မသိပြား။

ယခု ပစ္စက္ခမှာ ထူးခြားစွာ အကျိုးထူးများ ကြုံရသည်က အမှန်ပါ။ အသင်စာဖတ်သူလည်း ကျွန်မကဲ့သို့ မြတ်စွာဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို ခြေတော်ရာ ဘုရားပူဇော် ရှိခိုးကန်တော့နည်းလေးဖြင့် ပူဇော်ကြည့်မည်ဆိုပါလျှင် သင်တို့ ဘဝကံများ တောက်ပဝင်းထိန် ပြောင်းလဲလာမှာ မလွဲပါမှာ ဆိုရသော်...

ပိုသည်ထင်မလား မိတ်ဆွေ။ ရေလိုချင် ရေဖြစ်၍ ရွှေလိုချင် ရွှေဖြစ်စေမည်ဟူ၍သာ။

သကြားသည်ချို၏။ ဆားသည် ငန်၏။ ရိုးစင်းလှပါ၏။ ကျင့်စဉ်နည်း၏ အရသာကို သင်သိချင်လျှင် ကိုယ်တိုင် မြည်းစမ်းကြည့်မှ သိမယ်ဆိုတာကိုဖြင့် မယုံဘူးထင်လျှင် သင် စမ်းသပ်ပူဇော်ကြည့်လိုက်ပါ။

## ခြေတော် ခြေတော်ရာ ဘုရားရှိခိုးနည်း

သုခချမ်းသာဆောင်၊ မကြောက်အောင်ရှယ်၊ စောင့်ရှောက်ကယ်၍ ဖွယ်ရာခြံရံ လှူဒါန်းကြောင့်၊ ဝန်းရံပတ်လျက်၊ ရာရှစ်ကွက်ဖြင့်၊ **မြချွန်ပုံတောင်း**။ အကွပ်ဆောင်း၍ ထောင့်ပေါင်းအကန့်၊ **ရှင်းသန့်ပြတ်သား**။ ခြေတော်ဖဝါး၌ ကြီးမားတေဇော်၊ စက်တော်ရတနာ၊ လက္ခဏာဖြင့်၊ မင်္ဂလာစား ထံတော်ပါးဝယ်၊ များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရား...မြတ်စွာဘုရား။ သပရိဝါရကာ ဒါနေန၊ တထာဂတော ပုရောဘဝေ။ စက္ကေနင်္ကိတပါဒေါ စ၊ ပရိဝါရော စ တံ နမေ။

ယော တထာဂတော-အကြင်မြတ်စွာဘုရားသည်၊ ပုရောဘဝေ-ဘဝများစွာ ရှေးရှေးအခါ၌ သပရိ ဝါရကာ ဒါနေန-ဆိုင်ရာမချန် အခြံအရံနှင့်တကွ ပြုအုပ်ခဲ့သော အလှူဒါနကြောင့်၊ စက္ကေန-တစ်ရာ့ရှစ်ကွက် ခြေတော်စက်ဖြင့်၊ အင်္ကိတပါဒေါစ-အမှတ်တံဆိပ် ခပ်နှိပ်အပ်သော ခြေတော်ရှိသည်လည်းကောင်း။ ပရိဝါရောစ-ဗြဟ္မာ၊ လူ၊ နတ်၊ ပရိသတ်တို့ မပြတ်မှန်မှန် အခြံအရံရှိသည်လည်းကောင်း။ ဟောတိ-အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံတထာဂတံ-စက္ကေနင်္ကိတ ပါဒတာခေါ် လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရားတပည့်တော် (တပည့်တော်မ)သည်။ နမေ နမာမိ-ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ ခြောင်းတစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာ့စက်၊ ဝရဇိန်လက်နက် ဗြဟ္မာစက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်စက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးတောင်သချာ ဟေဝန္တာမှာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီး တစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်ရှ မကောင်းမှုတို့ ဝေးကြည့်ရှောင် အောင်စေတတ်သည် မြတ်သည့်ပညာ ဆရာတည်။ ခြောင်း နမောဗုဒ္ဓါ နဘာဝေန၊ ခြောင်းနမောဓမ္မာ နဘာဝေန၊ ခြောင်း နမောသံဃာ နဘာဝေန၊ ခြောင်းနမော ဒုရေ ဒုရေ သွား ဟုံဟုံ။

ဇာဖြူဒွင်



www.burmeseclassic.com

www.burmeseclassic.com

# ယနေ့ကျိုက်ထီးဆောင်ဆရာတော် ဘဒ္ဒန္တနာဂဒီပ

လေးသူစံ

## နှစ်သစ်ဦးကုသိုလ်များ

ကျိုက်ထီးဆောင်းထီး ဒီပံသာသနာ့နယ်မြေတွင် မတ် ၂၁ ရက်မှ ဧပြီ ၂၈ ရက်နေ့အထိ နှစ်သစ်မိဂ္ဂာန် ဝင်ခဲ့ပါသည်။ ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မြတ်ကို လာရောက်ဖူးမြော်ကြသည့် ပရိသတ်တို့မှာ နေ့ညမစဲနိုင် ပြည့်နေသကဲ့သို့ စတုဒီသာမဏ္ဍာပ်တွေကလည်း မမောမပန်းနိုင်စွာ ကျွေးမွေးလှူဒါန်းနေခဲ့ကြပါသည်။



## ရောင်ပြန်ပရိသတ်

ကျိုက်ထီးဆောင်း သာသနာတော်အကြောင်းများကို ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်တို့မှာ တစိုက်မတ်မတ်ရေးနေခဲ့ပါသော ကျွန်မကို ခရေဖြူရုပ်ရှင်ကုမ္ပဏီမှ ကိုသက်ခိုင်က လာရောက်တွေ့ဆုံခဲ့ပါသည်။ သူက ရောင်ပြန်မဂ္ဂဇင်းပရိသတ်ဖြစ်ကြောင်းနှင့် လက်ရှိဒုတိယကျိုက်ထီးဆောင်းဆရာတော်၏ ထေရုပ္ပတ္တိကိုလည်း သိချင်ပါကြောင်း၊ ရောင်ပြန်မဂ္ဂဇင်းမှာ ဖော်ပြပေးစေချင်ပါကြောင်းတို့ကို တောင်းဆိုသွားခဲ့ပါသည်။

ထို့ကြောင့် ကျွန်မတို့ မြတ်နိုးတန်ဖိုးထားသည့် ရောင် ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်တို့၏ ပရိသတ်ကို ဆုံတွေ့လိုက်ရပါသဖြင့် ဝမ်းသာကြည်နူးခဲ့ရသကဲ့သို့ပင် ဆရာတော် ဘဒ္ဒန္တနာဂဒီပ၏ ထေရုပ္ပတ္တိကို မရေးဖြစ်၊ မပူဇော်ဖြစ်သေးပါလားဟုလည်း နောင်တရမိသွားပါသည်။ တကယ်တော့လည်း ရေးချင်၊ ပူဇော်ချင်ပါသည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်ဘုရားကို မလျှောက်ရဲပါသောကြောင့် ဖြစ်၏။

## ကျောက်စာတိုက်ဝင်း

တစ်နေ့တွင် စံကျောင်းတော်ရှိ အဘိုးဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်မြတ်ကို ဖူးမြော်ကန်တော့အပြီးမှာ အနီးရှိ ကျောက်စာတိုက်ဝင်းအတွင်းသို့ ဝင်ရောက်ရန်ကို နှိုးဆော်နေသကဲ့သို့ ခံစားရပါသဖြင့် ဝင်ရောက်ခဲ့ပါတော့သည်။

ဤကျောက်စာများသည် မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ပိဋကတ်ကျောက်စာများဖြစ်ကြပါသည်။ မန္တလေးတွင် ထိန်းသိမ်းထားရှိရန် ခက်ခဲနေပါသဖြင့် ကျေးဇူးတော်ရှင် ကျိုက်ထီး ဆောင်းဆရာတော်ကြီးမှ ပင့်ဆောင်ထားရှိခဲ့ခြင်း ဖြစ်ပါ၏။

ထိုကျောက်စာများကို လေ့လာအပြီးတွင် အဘိုးဆရာတော်ကြီး၏ ရုပ်တုတော်နှင့် ယခု ဒုတိယကျိုက်ထီးဆောင်းဆရာတော်၏ ရုပ်တုတော်များကို ဖူးတွေ့လိုက်ရပါသည်။ ကြက်သီးထမျှ အံ့ဩတုန်လှုပ်သွားရသည်က ထိုရုပ်တုများနှင့်အတူ အဘိုးကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့် လက်ရှိဆရာတော်တို့၏ ထေရုပ္ပတ္တိကျောက်စာများကိုပါ ဖူးမြင်လိုက်ရပါသောကြောင့်ပင်။

## အလှူရှင်

ဆရာတော်ကြီးနှစ်ပါး၏ ထေရုပ္ပတ္တိကျောက်စာချပ်များကို ကမ္ပည်းတင်ရေးသားထားခဲ့သည့် အလှူရှင်မှာ ဆရာချစ်ဦးနီဖြစ်ပါသည်။ အားလုံးက မုန့်ဟင်းခါးဟု ချစ်စနိုးခေါ်ကြပါသည်။ မုန့်ဟင်းခါးရောင်းရင်းနှင့် ဓာတ်သက်အရ စာရေးဆရာဖြစ်လာပြီး ဘဝမေ့သူဖြစ်ပါသည်။ သူ၏ကလောင်အမည်နောက်မှာ မုန့်ဟင်းခါးဟု နှစ်သက်စွာရေးတတ်ပါ၏။

ဆရာချစ်ဦးနီ၏ကျေးဇူးကြောင့် ဆရာတော်ဘဒ္ဒန္တနာဂဒီပ (ဒုတိယ ကျိုက်ထီးဆောင်းဆရာတော်)၏ ထေရုပ္ပတ္တိကို တင်ပြခွင့်ရရှိခဲ့ပါကြောင်း မှတ်တမ်းပြုပါသည်။

## နဝင်းဓာတ်မိသူ

ဆရာတော်လောင်းလျာ မောင်တင်ညွန့်လေးကို အဘဦးထွန်းရင်၊ အမိဒေါ်သန်းတင့်တို့မှ ၁၃၁၀ ခုနှစ်၊ စနေနေ့ သီတင်းကျွတ်လဆန်း ကိုးရက်၊ နံနက် ၉ နာရီတိတိမှာ မွေးဖွားသန့်စင်ခဲ့ပါသည်။ သားငါးဦးရှိသည့်အနက် ပဉ္စမမြောက်သားဖြစ်၏။ ကျေးလက်မှာမွေးဖွားခဲ့သူဖြစ်၍ လယ်ယာခြံဥယျာဉ်နှင့် အသက်မွေးခဲ့ရပါသည်။

ဇာတ်သုတ်၊ ဖွဲ့ကာလ၊ ဇက္ကလိ စသည့် ဤဒေသရှိရွာအမည်များမှာ နဝင်းမိနေသကဲ့သို့ ၉ ရက်၊ ၉ နာရီတိတိမှာ မွေးဖွားလာခဲ့သူ မောင်တင်ညွန့်လေးမှာလည်း နဝင်းဓာတ်သက် ရှိနေသူပီပီ သာသနာတော်မြတ်ကြီးနှင့် ပဋ္ဌာန်းအကြောင်းဆက် ကြီးမားခဲ့ရပါသည်။

## သိကြားစေသိုက်ညွှန်း

ကျောင်းနေစဉ် အရွယ်ငယ်စဉ် ကလေးဘဝကတည်းကပင် ဂီတကို ဝါသနာထုံသူဖြစ်ပါသောကြောင့် သီချင်းတအေးအေးနှင့် နေလေ့ရှိသူ၊ အသံကလည်းကောင်းသူ။

ထို့ကြောင့် ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး ဖွင့်ဖော်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသော ဆံတော်ရှင် သာသနာတော်မြတ်ကြီး၏ အံ့ဘွယ်ကိုးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်သည့် သိကြားစေသိုက်ညွှန်းဟု ခေါ်ဆိုအပ်ပါသော ဓမ္မဂီတရီတေးများကို သီဆိုပူဇော်ခဲ့ပါသည်။

## ရှင်နာဂိန္ဒ

မောင်တင်ညွန့်လေးသည် ရုပ်အလှ၊ ရွာအလှတို့နှင့် နေထိုင်၍မရနိုင်တော့ပေ။ အကုသိုလ်အာရုံများကိုလည်း ဝင်စား၍မရ။ ထို့ကြောင့် ဆိုင်ရာမှုနေ ဘေးဘယကွပ်၍ သာသနာတွင်းသို့ ရောက်ရှိစေခဲ့ပါတော့သည်။

၁၃၂၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့မှစ၍ ကျိုက်ထီးဆောင်းဆံတော်ရှင်တွင် ဓိဋ္ဌာန်ဝင်ခဲ့ပါတော့သည်။ ဝါဆိုလပြည့်မှစပြီး ဓိဋ္ဌာန် ပဋိပတ်ပြုဆောင်ပါသည်။ ဓိဋ္ဌာန်ပြည့်မြောက်သည့်နေ့တွင် အရှင်သောဘဏ(ဒီဃဘာဏကော)

www.burmeseclassic.com

ရွှေဘိုဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မဟာခဏ္ဍသိမ်တော်ကြီးမှာ မြင့်မြတ်သော ဥပသမ္ပဒကံဆောင် ရဟန်းအဖြစ်သို့ နံနက် ၈း၃၀ နာရီတွင် ကူးပြောင်းရောက်ရှိတော်မူခဲ့ပါသည်။

**ပညာယူခဲ့ပြီ**

ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး အဘိုးသည် ရှင်နာဂိန္ဒလေးအား မဟာဂန္ဓာရီ လက်ျာစည်းကမ်း ဝင်စမ၊ ထွက်စမ၊ သိမ်းစမ၊ ထိန်းစမ ပညာတို့ကို ပေးပါသည်။ ရှင်နာဂိန္ဒ၏ ယာဘက်လက်ပြင်ကိုလည်း လက်ဝါးဖြင့်ရိုက်လိုက်ပြီးမှ မဟာဂန္ဓာရီကျင့်စဉ်နှင့် ပဋိပတ်သမထ ဘာဝနာအလုပ်တို့ကို ဩဝါဒပေးတော်မူခဲ့၏။

**မဟာဂန္ဓာရီစခန်း**

အရှင်နာဂိန္ဒသည် ကျိုက်ထီးဆောင်း ဆံတော်ရှင်မှာ ပင် ခြောက်နှစ်၊ ခြောက်ဝါတိတိ သီတင်းသုံးနေတော်မူစဉ်အတွင်း ကံအလုပ်များကို မနားမနေကြိုးစားဆောင်ရွက်တော်မူခဲ့ပါ၏။ ဉာဏ်အလုပ်ဖြစ်သည့် အဆင့်မြင့် မဟာဂန္ဓာရီ လက်ျာစခန်းတို့ကိုလည်း အဘိုးမှ စေလွှတ်ခဲ့ပါသည်။

ပထမတစ်ဝါတွင် ပိဋကတ်ပါတ်ရွတ်ကို စ၍ကျင့်စေခဲ့ပါသည်။ ခြိုးခြံသည်းခံခြင်းသည် တရားရစေကြောင်း အကျင့်ကောင်းအဖြစ် နားလည်စေခဲ့၏။ မေတ္တာစိတ်ထား သဒ္ဓါပွား၍ ပထမဦး အကျင့်ထူးဖြစ်ပါသည်။

တတိယဝါမြောက်တွင် ယက္ကန်းစင်တောင် ကျောင်းတော်မဟာမှာ အဓိဋ္ဌာန်ကြီးကျင့်နေစဉ်နှင့် သီတင်းသုံးတော်မူခဲ့ရ၏။ တစ်ထိုင်တစ်ထပ်ပိဋကပါတ် ဆွမ်း။ သစ်သီးဆွမ်း။ သစ်ဥဆွမ်း။ ရေဆွမ်း စသည်တို့မှာ မိဋ္ဌာန်ကြီးကျင့်စဉ် ဖြစ်ပါသည်။

ထို့နောက် ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ရန် မနောဉာဏ်ဖြင့် မဟာဂန္ဓာရီအကျင့်စခန်းကို စတင်ခဲ့ပါတော့သည်။ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ ဒီတိုင်းသုံးဆိုသည့် ဩဝါဒစကားအတိုင်း စခန်းထွက်ခဲ့ရ၏။ ဂန္ဓာရီစခန်း စတင်လှမ်းခဲ့သည်မှာ ကျိုက်ဒေးယျံ၊ ကေလာသ၊ မြသပိတ်ဖြစ်၏။

အထက်မြန်မာပြည်ကို မကျန်မကြွင်းစေရအောင် ဒေသစုံလင်စွာ ခရီးနှင်ခဲ့ရပါသည်။ အလယ်ပိုင်းဆိုလျှင် ပြည်၊ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတ၊ အောက်ဘက်ဆိုလျှင် ဧလွန်ပြည်တော်ပြန်နှင့် မော်တင်စွန်းပါမကျန်စေရအောင် ဂန္ဓာရီခရီးနှင်ခဲ့ရပါသည်။ မြန်မာပြည်အနှံ့ ခရီးနှင်ခဲ့ရသော်လည်း သုံးစွဲရန် ဝတ္ထုငွေကြေး ချီးမြှင့်လိုက်သည် မဟုတ်။ သို့သော် အိပ်မက်အရ လာရောက်ပင့်ဆောင်သူများ၊ လှူဒါန်းသူများစွာတို့ကို ကြုံဆုံခဲ့ရပါ၏။ အဘိုးချီးမြှင့်ခဲ့သည်က သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ ဒီတိုင်းသုံးပဲ မဟုတ်ပါလား။

ဖော်ပြခဲ့သည့် ကျင့်စဉ်များမှာ ဆရာနိုင်းမရှိုင်းဆိုသည့် စကားပမာ ကျင့်ကြံခဲ့ရသည့် ဘစ်စိတ်တစ်ဒေသပဲရှိပါသေး၏။

**ပဲခူးစခန်းမှာ**

ဂန္ဓာရီစခန်း အောင်မြင်ပြီးနောက် ၁၃၄၅ ခုနှစ်မှ ၁၃၅၁ ခုနှစ်အထိ ပဲခူးမြို့ မဟာစေတီအနီးရှိ ကျိုက်ထီးဆောင်းစခန်းခွဲတာဝန်ခံဆရာတော် ဖြစ်ခဲ့ပါသည်။ ပဲခူးစခန်းတွင် ခြောက်နှစ်တိတိ တာဝန်ယူခဲ့ပြီး သာသနာ့စည်းကမ်းနည်းမှန်လမ်းမှန် အခြေခံကျင့်ဝတ်များဖြင့် အုပ်ချုပ်ခဲ့ပါသည်။

ပဲခူးမှနေ ကျိုက်ထီးဆောင်းဘုရားကြီးသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် အဘိုးဆရာတော်ဘုရားကြီး၏ တရားနည်းလမ်းကျကျ ဆိုဆုံးမဩဝါဒများကို ခံယူ၍ ကံအားဉာဏ်အားတို့ကို မြှင့်တင်ခဲ့ပါသည်။ အဘိုး၏ ကိုယ်ခွဲပမာပင် သာသနာတော်အတွက် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါသည်။

**ကိုယ်စားကိုယ်ပွား**

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၁၇-၁-၁၁)သည် ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီး၏ ၃၉ ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ သတ္တမနေ့ ဖြစ်ပါသည်။ ဤညတရားပွဲတွင် ဘုန်းဘုန်းနာဂိန္ဒ၏ (၁) ပါရမီဓာတ်ခံအားကောင်းခြင်း။ (၂) သာသနာတော်အပေါ်တွင် သဒ္ဓါအားကောင်းခြင်း။ (၃) ဝီရိယစိုက်ထုတ်မှုအားကောင်းခြင်း စသည်ဖြင့် အရည်အချင်းများကို ထုတ်ဖော်ချီးမြှင့်ခဲ့ပါသည်။ တရားပွဲများတွင် ရေးသားမှတ်သားတတ်သူ ကျွန်မအတွက် ထိုညက အဘိုးဟောကြားခဲ့သည့် တရားများထဲတွင် ထင်



www.burmeseclassic.com

www.burmeseclassic.com

**ပေါ်ရင် စင်တော်ကောက်လိမ့်မယ်၊ အမျိုးမှန်ရင် ကိုးဘုရင် ခန့်စာပေးလိမ့်မယ်ဆိုသည့် မှတ်တမ်းမှတ်ရာ မှတ်ချက်ကို ပြန်လည်ဖတ်မိလေတိုင်း အဘိုးကိုယ်စား ကိုယ်ပွားထားခဲ့မည့်ပုဂ္ဂိုလ်တစ်ပါးဟု နားလည်နေခဲ့ပါသည်။**

## ဘွဲ့ထူးများ

အဘိုးဆရာတော်ဘုရားကြီး၏ သစ္စာအဓိဋ္ဌာန်နှင့်အတူ ဘုန်းဘုန်း၏ ဆရာသမားအပေါ်ထားရှိသည့် ရိုသေလေးစား ယုံကြည်မှု၊ ဗုဒ္ဓသာသနာအပေါ် မေတ္တာစေတနာ သဒ္ဓါတရားအားကြီးမှုတို့ ပူးပေါင်း၍ နှစ်ပါးညီညီ လက်တွဲဖွင့်ဖော် ဆောင်ရွက်လာခဲ့ကြသည့် ဆံတော်ရှင်သာသနာတော်ကြီးသည် ယနေ့ဆိုလျှင် မြန်မာသာမက ကမ္ဘာကပါ အသိအမှတ်ပြု ထင်ရှားလာခဲ့ရပေပြီတည်း။

ဤကဲ့သို့သော ဘုန်းဘုန်း၏ စွမ်းဆောင်ချက်များကြောင့် နိုင်ငံတော်အစိုးရမှ သာသနာပြု မှတ်တမ်းဝင်အဖြစ် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ၁၃၆၄ ခုနှစ်ကလည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ၁၃၇၃ ခုနှစ်ကလည်းကောင်း ချီးမြှင့် ပူဇော်ခဲ့ကြရပါ၏။

ထို့အပြင် အဘိုးဆရာတော်ဘုရားကြီးကလည်း ဘဒ္ဒန္တနာဂဒီပဘွဲ့နှင့်အတူ အကျိုးတော်ဆောင်ချုပ်တာဝန်ကိုပါ ချီးမြှင့်ပေးအပ်ခဲ့ပါသေးသည်။ ထိုနေ့သည် ၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်၊ သောကြာနေ့ (၇-၇-၀၆) ဖြစ်၏။

## သေလည်းအရှင်

ယနေ့ဆိုလျှင် အဘိုးဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်းသို့ ပြောင်းရွှေ့စံဝင်တော်မူသွားခဲ့သည်မှာ ကိုးလကျော်ခဲ့ပေပြီ။ စွန်းလွန်းဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကဲ့သို့ပင် ကျိုက်ထီးဆောင်းဆရာတော်ဘု ရားကြီး၏ ရုပ်ကလာပ်တော်မှ လက်သည်း၊ ခြေသည်းများ ရှည်ထွက်လာခြင်း၊ ဆံပင်မုတ်ဆိတ်များ ရှည်လာခြင်း၊ ဓာတုဆေးဝါး အကူအညီမရှိပါဘဲနှင့် ပုပ်သိုးအနံ့ထွက်ခြင်း လုံးဝမရှိခြင်းတို့ကြောင့် လာရောက်ဖူးမြော်ကြသူ ပရိသတ်များမှာ နေ့စဉ်ရှိနေပါသည်။

အဘိုးဆရာတော်ကြီး အမြဲတစေ မိန့်လေ့ရှိသည့် စကားတစ်ခွန်းကို ယခင်က ရှင်းရှင်းလင်းလင်း နားမလည်ခဲ့သော်လည်း ယခု အဘိုးမရှိတော့သည့်ကာလ မြင်ကွင်းအတွေ့အကြုံများကြောင့် သဲကွဲရှင်းလင်းစွာ နားလည်ခဲ့ရပါပြီရော။

ရှင်လည်းအရှင်၊ သေလည်းထာဝရ ရှင်သန်နေရမည့် ဆံတော်ရှင် သာသနာတော်မြတ်ကြီးပါတဲ့။ ဟုတ်ပါတယ်။ အဘိုးမရှိတော့ပေမယ့် အားလုံး၏ နှလုံးသားထဲမှာ အဘိုးထာဝရ တည်နေပါတယ်။ အဘိုးဟောခဲ့တဲ့ တရားဩဝါဒတွေအတိုင်း လိုက်နာကျင့်ကြံကြပါတယ်။ စည်းလုံးညီညွတ်ကြပါတယ်။

အဘိုးဆရာတော် ဘဒ္ဒန္တပညာဒီပကိုယ်စား ချန်ထားရစ်ခဲ့တဲ့ ဒုတိယဒီပ (သို့) ဒုတိယကျိုက်ထီးဆောင်းဆရာတော်ဟာ အခုအချိန်မှာ အဘိုးကိုယ်စားသာမက သူ၏ကိုယ်ပိုင်အားတွေပါ ထုတ်သုံးဆောင်ရွက်တော်မူနေတာ မျက်မြင်ကိုယ်တွေ့ ကြည်ညိုနေရပါတယ်။

## ရင်ထဲမှာ ထာဝရ

အဘိုးသည်ဘုန်းဘုန်း၊ ဘုန်းဘုန်းသည် အဘိုးပါပဲဟု အားလုံးသော ငါးသုံးလီပရိသတ်တွေ၏ ရင်ထဲမှာရှိနေကြပါတယ်။ ကြည်ညိုလေးစားမှုနှင့်အတူ သက်ရှည်ကျန်းမာ၍ နှလုံးစိတ်ဝမ်း အေးချမ်းစွာ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ရေးသားပူဇော်လိုက်ရပါတယ်ရှင့်။

ဆံတော်ရှင်သာသနာ
အဖြာဖြာသည်
ရောင်ဝါနေလ လင်းပါစေ။
သာသနာငါးထောင် တည်ပါစေ။

---

**လေးသူစံ**

---

၀၉-၂၅၀၆၇၉၂၀၅



www.burmeseclassic.com

www.burmeseclassic.com

# ဗားမဲ့ဆရာတော်နှင့် မန်ကျည်းတန်း ဦးရွှေအိုး

မင်းသိခ်



အင်းဝခေတ်တွင်ဖြစ်၏။

အင်းဝဘုရင်သည် ဗားမဲ့ဆရာတော်ကို လွန်စွာ ယုံကြည်ကိုးကွယ်၏။ ထို့အတူ နန်းတွင်းသူ မင်းညီမင်းသား၊ ဝန်ကြီး၊ ဝန်ကလေး၊ အမတ်၊ ကလန်၊ သံပျင်မှအစ တိုင်းသူပြည်သား ဆင်းရဲသား မိလက္ခုတို့ပါမကျန် ဆရာတော်အား လွန်စွာ ကြည်ညိုကြကုန်၏။ ဆရာတော်အား ရဟန်းအဖြစ်နှင့်လည်း ကြည်ညိုရ၏။ ထို့အတူ မိမိ ဘ၀၌ ရှိသော အခက်အခဲများကိုလည်း ၄င်းတတ်ကျွမ်းသော လောကီပညာရပ်ဖြင့် အကူအညီပေးသည် ဖြစ်ရာ တစ်တိုင်းပြည်လုံးက ရွှေတောင်ကြီးသဖွယ် အားထားကြရကုန်၏။

ဆရာတော်၏ ကျောင်းသင်ခန်းသည် လွန်စွာမှ ကြီးကျယ်၍ လွန်စွာမှလည်း ခမ်းနားသည်။ ဆရာတော်၏ ကျောင်းကျက်သရေခန်း၌ လှူဖွယ်ပစ္စည်း အပြည့်ရှိ၏။

ဆရာတော်သည် လာသမျှသော ဒါယကာ၊ ဒါယိကာမ ဧည့်ပရိသတ်များကို တတ်ကျွမ်းသော ပညာဖြင့် ကယ်မသည်ဖြစ်ရာ အစဉ်သဖြင့် ညောင်းညာကိုက်ခဲနေတတ်၏။

အင်းဝ မန်ကျည်းတန်းနေ ဦးရွှေအိုး ဆိုသော သူဆင်းရဲကြီးတစ်ဦးသည် ဆရာတော်ကျောင်းသို့ အစဉ်သဖြင့် သွားရောက်၍ အစဉ်သဖြင့် ဆရာတော်၏ ခန္ဓာကိုယ်ကို နှိပ်နယ်ပေးရလေ၏။ ဆရာတော်၏ ခါးနှင့် ခြေသလုံးများသည် တောင့်တင်းနေသည်ဖြစ်ရာ နှိပ်ရုံဖြင့် မပေါက်ဘဲ တံတောင်ဖြင့် ထောင်းရလေ၏။

ကြာသောအခါ၌ ဦးရွှေအိုး၏ တံတောင်သည် ကျွဲပခုံးများထ၍နေပေတော့၏။ ဆရာတော်သည် မင်းညီ



www.burmeseclassic.com

www.burmeseclassic.com

မင်းသား၊ သူဌေး၊ ကုန်သည်တို့အား လိုအပ်သော **အစီအမံ**များ လုပ်ပေးနေသည်ကို သူဆင်းရဲ ဦးရွှေအိုးသည် ဆရာတော်အား တံတောင်ဖြင့် နှိပ်ပေးရင်း ကြား၊ သိ၊ မြင်၊ တွေ့နေရလေ၏။

တစ်နေ့သ၌ မင်းသားတစ်ပါးသည် ဆရာတော်ထံသို့ ရောက်လာပြီးလျှင်...

"ဆရာတော်ဘုရား...အခုအခါမှာ မြို့စားကြီးရာထူး လစ်လပ်နေပါတယ်။ တပည့်တော်တို့ မင်းသားက သုံးပါးရှိပါတယ်။ သူရမလို ကိုယ်ရမလို ဖြစ်နေပါတယ်။ အဲဒီနေရာကို တပည့်တော် လိုချင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်လျှင်...

"ကောင်းပြီ ဒကာ"

ဟု ဆိုကာ ကွမ်းရွက်ပေါ်တွင် ထုံးဖြင့် စမရေး၍ ထိုမင်းသားအား ပေးလိုက်လေ၏။ ထိုသို့ ပေးလိုက်ပြီးနောက်...

"သုံးရက်အတွင်း ဒကာလိုချင်တဲ့ ရာထူးကို ရလိမ့်မယ်"

ဟုလည်း မိန့်မှာတော်မူလိုက်လေ၏။

ထိုမင်းသားသွားလျှင် အမတ်တစ်ဦး ရောက်လာပြန်၏။ ထိုအမတ်ကလည်း ဆရာတော်အား ဝတ်ပြုပြီးလျှင်...

"ဆရာတော်ဘုရား...အမတ်ချုပ်ရာထူး လစ်လပ်နေပါပြီ၊ တပည့်တော်တို့ ငါးဦးဟာ အဲဒီနေရာကို ချိန်ရွယ်နေကြပါတယ်ဘုရား၊ တပည့်တော်ဟာ အဲဒီနေရာကို အလွန်ပဲ လိုချင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်လျှင် ဆရာတော်သည် ထိုအမတ်အား သပြေညွန့် ခုနစ်ညွန့်ကို ဂါထာ ခုနစ်အုပ်စုပ်၍ ပေးလိုက်၏။

ထို့နောက်...

"ဒါယကာ အမတ်၊ ငါးရက်အတွင်းမှာ အမတ်ချုပ်ရာထူး ရလိမ့်မယ်၊ သွားပေတော့"

ဟု ပြောလိုက်လေ၏။ ထိုအမတ် ဆင်းသွားပြီး မကြာမီ၌ပင် ကုန်သည်တစ်ဦး ရောက်လာလေ၏။ ထိုကုန်သည်လည်း ဆရာတော်အား...

"ဆရာတော်ဘုရား..တပည့်တော်ဟာ ကုန်သည်လေး ဖြစ်ပါတယ်ဘုရား၊ တပည့်တော်ဟာ လုံ့လဝီရိယလည်း ရှိပါတယ်။ ကုန်သည်ကြီး ဖြစ်လိုလို့ ဆရာတော်ဘုရား ကယ်မပေးတော်မူပါ"

ဟု လျှောက်ထားပြန်လေ၏။ ဆရာတော်က ထိုကုန်သည်လေးအား အင်းတစ်ချပ် ချီးမြှင့်လိုက်ပြီးလျှင်..

"ကဲ ကုန်သည် ဒါယကာလေးရေ၊ ဒီတစ်ပတ်အတွင်းမှာပဲ ကုန်တွေ အဆမတန် မြတ်စွန်းပြီး ကုန်သည်ကြီး ဖြစ်သွားလိမ့်မယ်"

ဟု မိန့်မှာတော်မူကာ လွှတ်လိုက်လေ၏။ ကုန်သည်လေးသည် ဝမ်းမြောက်ဝမ်းသာနှင့် ပြန်သွားလေတော့၏။ ရက်များမကြာမီ၌ မင်းသားသည်လည်းကောင်း၊ အမတ်သည်လည်းကောင်း၊ ကုန်သည်သည်လည်းကောင်း လှူဖွယ်ပစ္စည်း အစုစုဖြင့် ဗားမဲ့ဆရာတော်ကျောင်းသို့ ပြန်လည်ရောက်ရှိလာကြလေ၏။

မင်းသားကလည်း မြို့စားကြီး ဖြစ်သွားပြီဖြစ်ကြောင်း၊ အမတ်ကလည်း အမတ်ချုပ် ဖြစ်သွားပြီဖြစ်ကြောင်း၊ ကုန်သည်လေးကလည်း ဆရာတော် ပြောသည့်အတိုင်း တစ်ခေါက်တည်းနှင့်ပင် ကုန်သည်ကြီးဘဝသို့ ရောက်သွားပြီဖြစ်ကြောင်း ပြောလေ၏။ ထို့နောက် ဆရာတော်အား ကန်တော့၍ ပြန်သွားကြကုန်၏။ ထိုအခါ၌ ဆရာတော်၏ ကျောကို တံတောင်ဖြင့် ကျိတ်ပေးနေသော ဦးရွှေအိုးက...

"အရှင်ဘုရား လုပ်တာကိုင်တာတွေ တပည့်တော် ကြည့်နေတာကြာပြီ။ အရှင်ဘုရားရဲ့ ပညာဟာ အားကိုးဖို့ အတော်ကောင်းပါတယ်။ ဒါပေမဲ့ တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com

တွေ့သလောက်ဆိုရင် သာမန် မင်းသားငယ်လေးတစ်ပါးကို မြို့စားကြီး ဖြစ်သွားအောင်၊ အမတ်ငယ်လေးတစ်ဦးကို အမတ်ချုပ်ကြီး ဖြစ်သွားအောင်၊ ကုန်သည်လေးကို ကုန်သည်ကြီး ဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ ပညာမျိုးပဲ။ ဆင်းရဲသူ ဆင်းရဲသားတွေကို ကြီးပွားချမ်းသာအောင် လုပ်ပေးတဲ့ ပညာမျိုးမှ မဟုတ်ဘဲ"

ဟု လျှောက်တင်လိုက်ရာ ဆရာတော်သည် လွှန်စွာ အံ့ဩသွားလေ၏။ ထို့ကြောင့် ဆရာတော်က...

"ဟဲ့ ငရွှေအိုး နင် ဘာတွေပြောနေတာတုံး၊ ငါ့ပညာဟာ ဆင်းရဲသူ ဆင်းရဲသားတွေအတွက်လည်း အားကိုးလောက်တဲ့ ပညာဖြစ်တယ်"

ဟု ပြောလိုက်ရာ ဦးရွှေအိုးက...

"အရှင်ဘုရားကို တံတောင်နဲ့ ကျိတ်ပေးလို့ တပည့်တော် တံတောင်ဟာ ကျွဲပခုံးတွေ ဖြစ်နေပါပြီ။ တပည့်တော်လောက် ဆင်းရဲတဲ့လူဟာ အင်းဝတစ်ပြည်လုံးမှာတောင် မဟုတ်ဘူး၊ မန်ကျည်းတန်း တစ်တန်းလုံးမှာလည်း တပည့်တော် အဆင်းရဲဆုံးပါပဲ။ ဆန်ကွဲနဲ့ မန်ကျည်းရွက်နဲ့ ပြုတ်သောက်နေရတာ ကြာပါပြီဘုရား။ တပည့်တော်ကို ကြီးပွားချမ်းသာအောင် ဘာလို့ မလုပ်ပေးတာလဲဘုရား"

ဟု ရဲဝံ့ပြတ်သားစွာ လျှောက်တင်လိုက်လေ၏။ ထိုအခါ ဗားမဲ့ဆရာတော်က...

"နင်က ဒီလိုပြောသလား၊ နင် ငါ့ဆီမှာ ဘယ်နှခါများ တောင်းဖူးသလဲ၊ နင့်ဟာနင် နင်းပေးတယ်၊ နှိပ်ပေးတယ်၊ အဲဒီအတွက် နင် ကုသိုလ်တွေ ရနေပြီပဲ။ တို့လောကီပညာက မတောင်းရင် မပေးရဘူး။ နင်မတောင်းတော့ ငါက မပေးဘူးပေါ့"

ဟု မိန့်လိုက်လျှင် သူဆင်းရဲ ဦးရွှေအိုးက...

"တောင်းမှ ပေးမယ်ဆိုရင် အခုပေးပါ၊ တပည့်တော် တော်လှပါပြီဘုရား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဗားမဲ့ဆရာတော်က ပြုံးရယ်လျက်...

"နင် တော်တော်ချမ်းသာချင်ပြီကိုး ငရွှေအိုးရဲ့"

ဟု မိန့်တော်မူလေ၏။

"တပည့်တော်က တော်လို့ ချမ်းသာချင်တာမဟုတ်ဘုရား၊ လောကမှာ မချမ်းသာချင်သူ ရှိပါ့မလား"

ဟု ဦးရွှေအိုးက ပြန်လည်လျှောက်ထားလိုက်ရာ ဆရာတော်ဘုရားက...

"အေး အေး နင့်ဘုရားစင်မှာ ဆင်းတုတော် ရှိရဲ့လား"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ဘုရား၊ ကျွန်းသားနဲ့ ထုလုပ်ထားတဲ့ ခြောက်လက်မကိုယ်တော် ရှိပါတယ်"

ဟု ဦးရွှေအိုးက ပြန်၍လျှောက်ထားလိုက်လေ၏။

ထိုအခါ ဗားမဲ့ဆရာတော်က...

"နင် အခုပြန်သွား၊ အဲဒီဆင်းတုတော်မှာ သင်္ကန်းတော်ကို အနီရဲရဲ ဆေးပြန်ခြယ်။ ပလ္လင်တော်ကိုတော့ အစိမ်းရောင်တောက်တောက် ဆေးခြယ်။ ခေါင်းတော်၊ မျက်နှာတော်၊ လက်ဝါးတော်ကိုတော့ တတ်နိုင်ရင် ရွှေချ၊ မတတ်နိုင်ရင် အဝါရောင်တောက်တောက်ကိုခြယ်။ ပြီးတော့ ဒီဂါထာနဲ့ နေ့စဉ် ရေချမ်း၊ ဆွမ်းတော်၊ အမွှေး၊ ပန်းမာလ်စသည်တို့ကို ကပ်လှူပြီး ချမ်းသာအောင် ဆုတောင်းပေတော့"

ဟု မိန့်လိုက်လေ၏။

ဦးရွှေအိုးလည်း ထိုစကားကိုကြားလျှင် ဆရာတော်အား ကန်တော့ဦးချ၍ အိမ်သို့ ပြန်ပြေးလေတော့၏။ အိမ်သို့ ပြန်ရောက်လျှင် ဆရာတော် မှာလိုက်သည့်အတိုင်း အဝါ၊ အစိမ်း၊ အနီတို့ကို ခြယ်ရန် ဆေးခြယ်တတ်သူထံသို့ သွားရောက်၍ အကူအညီတောင်းလေ၏။ ထိုနေ့မှစ၍ ဦးရွှေအိုးသည် ဆရာတော် မှာသည့်အတိုင်း ပြုလုပ်၍ ဆင်းတုတော်ကို ကိုးကွယ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

**ဝါ-စိမ်း-နီ သုံးရောင်ခြယ်**

**ဗားမဲ့ဆရာတော်ဘုရားဂါထာ**

**ဝေံ အစိန္တိယာ ဗုဒ္ဓါ**

**ဗုဒ္ဓဂုဏာ အစိန္တိယာ**

**အစိန္တိယေ**

**ပသန္နနံ ဝိပါကောဟောတု**

**မမ အစိန္တိယော**

တစ်ပတ်မျှ ကြာသောအခါ မည်သို့ဖြစ်သည် မသိ၊ ငွေကြေးရှိသူတို့သည် ဦးရွှေအိုးကြီးအား ယုံကြည်စိတ်ချရသည်ဆိုကာ ဦးရွှေအိုးကြီးအား ငွေများပေး၍ အလုပ်များ စေခိုင်းကြလေ၏။ ဤသို့နှင့်ပင် ဦးရွှေအိုးကြီးသည် အလုပ်နှင့် ငွေများ ရရှိလာလေ၏။ အကျိုးပေးကာလ မြန်လှ၏။ သုံးနှစ်မျှ ကြာသောအခါ အင်းဝမန်ကျည်းတန်းတွင် ဆန်ကွဲကျို၍ သောက်နေရသော သူဆင်းရဲကြီး ငရွှေအိုးအား သူကြွယ်ကြီး ဦးရွှေအိုးဘွဲ့ကို အင်းဝဘုရင်ကိုယ်တိုင် ချီးမြှင့်ခဲ့လေ၏။

ဦးရွှေအိုးမှ ဆင်းသက်သော မျိုးဆက် ခုနစ်ဆက်တိုင်တိုင် ထိုဆင်းတုတော်ကို ကိုးကွယ်ခဲ့ကြလေ၏။ ထိုခုနစ်ဆက်လုံးအားလည်း ဘုရင်မင်းမြတ်သည် သူကြွယ်ဘွဲ့ကို ချီးမြှင့်ခဲ့ရသည်ချည်းဖြစ်၏။

အထက်ပါ အကြောင်းအရာများမှာ ကျွန်ုပ် ကြားဖူးသော ဗားမဲ့ဆရာတော်နှင့် ပတ်သက်သော အကြောင်းအရာများဖြစ်၏။ ဤအကြောင်းအရာများကို ဗားမဲ့ သိန္ဒီကျမ်း၌ ဖော်ပြသော်လည်း မပြည့်စုံခဲ့ပါ။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဤပညာကို လိုက်စားလာခဲ့သည်ဖြစ်ရာ ဆရာပေါင်းများစွာ၏ ဗားမဲ့ဆရာတော်နှင့် ပတ်သက်သော အကြောင်းအရာများကို မြောက်မြားစွာ ကြားနာခဲ့ရဖူးပါသည်။

ထိုကြားနာခဲ့ရဖူးသော အကြောင်းအရာများထဲမှ တစ်ခုကိုသာ ထုတ်နှုတ်ဖော်ပြခြင်း ဖြစ်ပေ၏။ ကျွန်ုပ်ဖော်ပြသော အကြောင်းအရာသည်လည်း ပြည့်စုံသည်ဟု မဆိုသာပါ။ သို့သော် ဗားမဲ့ဆရာတော်ဘုရား၏နည်းသည် လွန်စွာထိရောက်လှပေသည်။

တစ်ခါတွင် ကျွန်ုပ်ထံသို့ ချောက်မြို့မှ မောင်သာဆိုင်ဆိုသူသည် လွန်စွာဆင်းရဲကျပ်တည်းနေပါပြီဟု ဝန်ခံသောကြောင့် ဤဘုရားမျိုးတစ်ဆူ ထုလုပ်၍ ပူဇော်စေခဲ့ရာ လုပ်ငန်းပိုင်၊ မော်တော်ပိုင် ဖြစ်သွားခဲ့ဖူးသည်။ တော်တော်များများသော သူတို့ကိုလည်း ကျွန်ုပ်သည် ဤဘုရားမျိုး ပူဇော်စေခဲ့ပါသည်။

မိမိအိမ်၌ရှိသော ဘုရားဆင်းတုကို ဤအတိုင်း ခြယ်သလျှင်လည်း ရပါသည်။ မည်သည့်အသား ထုလုပ်ထားသည်ဖြစ်စေ ပလ္လင်တော် အစိမ်းရောင်၊ သင်္ကန်း အနီရောင်၊ အသားတော် ရွှေရောင်ဖြစ်လျှင် ဗားမဲ့ဆရာတော်၏ နည်းနှင့် ကိုက်ညီပါသည်။ ဖော်ပြထားသော ဂါထာနှင့် ပူဇော်ရုံသာ ရှိပါသည်။

အကျိုးမည်မျှထူးသည်ကို ကိုယ်တိုင်လုပ်ကြည့်မှ သိပေလိမ့်မည်။

**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com




၁။ ဘုန်းရောင်ဂျာနယ်တွင် "ဝါ၊ စိမ်း၊ နီ(၃)ရောင်ခြယ်ဘုရားအကြောင်း သိကောင်းဖွယ်" ခေါင်းစဉ်ဖြင့် စာရေးဆရာ ကနီမောင်ကျော်လှိုင် မှ ရေးသားခဲ့သည်။ ဒုတိယ "လောကီ၊ လောကုတ္တရာနှစ်ဖြာ ပြည့်စုံစေဘို့ (၃)ရောင်ခြယ်ဘုရားကို ကိုးကွယ်ပါ" ခေါင်းစဉ်ဖြင့် ဆရာမဒေါက်တာစောယုနွယ် မှ ရေးသားခဲ့ပါသည်။

၂။ ကျွန်ုပ်၏ ရေးသားဖော်ပြချက်များသည် အဆိုပါ ဆရာ၊ ဆရာမ(၂)ဦး ရေးသားဖော်ပြချက်များနှင့် အချို့ နေရာတွင် အယူအဆခြင်း လုံးဝကွဲလွဲနေပေ၏။ ပဋိပက္ခ ဖြစ်မည်ကိုစိုးရိမ်သောကြောင့် (၁)နှစ် ကျော်ခန့် ဤဆောင်းပါးကို သိမ်းထားခဲ့သည်။ ယခုမှပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၃။ ဤဆောင်းပါးကို ရေးသားရာတွင် အစေတာမဲ့ ဆရာတော်နှင့် ဦးနိုးတော် ထားလောက်ဆရာတော် နှစ်ပါးကိုယ်ပင်စိတ်၍ ရေးခဲ့ပါသည်။ ၎င်းအပြင် ဗားမဲ့ဆရာတော် ပြုစုသောသော "ဗားမဲ့လက်တွေ့ကျမ်း၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ" တို့ ကိုလည်း ရိုငြမ်းပြုပါသည်။ ပုဂ္ဂိုလ်၏ ပြောပြချက်များကို လည်း ထပ်ဆင့်ရိုငြမ်း ပြုပါသည်။

၄။ ဗားမဲ့ဆရာတော်ဘုရားသည် ရင့်ကျက်သော ကံ ပါရမီ ကြောင့် နတ်မိကျောင်းဆက်သသော ကြေး ပုရပိုက်ရှိ အင်းစမများ၊ ပထမံရုပ်များကို အသုံးပြု၍ ကာယသိဒ္ဓိ၊ ဝိယသိဒ္ဓိ၊ နေသိဒ္ဓိ၊ ပထဝီသိဒ္ဓိနှင့် အာကာသသိဒ္ဓိတို့ကို ပါကဋနိဂ္ဂိနှင့် စိတ်ရှိတိုင်း ပြီးမြောက် အောင်မြင်ခဲ့သည်။ ထို့နောက် ကျန်သော သိဒ္ဓိများကို ဆက်လက်အောင်မြင်ပြီး အင်းဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ၊ ပြဒါး ဝိဇ္ဇာ၊ သံဝိဇ္ဇာ စသော ဝိဇ္ဇာ အဆင့် အားလုံးကို ပြီးစီးအောင်မြင်တော်မူခဲ့သည်။

၅။ လွန်ခဲ့သော ကောဇာသက္ကရာဇ် ၉၆၁ ခုနှစ်တွင် ရတနာပူရ (အင်းဝ)ရွှေပြည်ကြီးကို အစိုးရတော်မူသော ညောင်ရမ်းမင်းတရားကြီးတွင် တစ်ဆက်၊ ထို့နောက် သာလွန်မင်းတရားကြီးတွင် တစ်ဆက် ထို နှစ်ဆက်သော မင်း (၂)ပါးတို့သည် ဗားမဲ့ဆရာတော်ကို ကိုးကွယ်ခဲ့ကြ သည်။ ဗားမဲ့ဆရာတော်၏ ကျေးဇူးတော်ရှောက်မှုကြောင့် တိုင်းပြည်၏ အေးချမ်းသာယာမှုနှင့် လုံခြုံရေးကိစ္စများ တွင်လည်းကောင်း၊ တိုင်းပြည်၏ လောကီကိစ္စအဝဝတွင် လည်းကောင်း စိတ်ချမ်းသာမှုရှိခဲ့ကြသည်။ ထိုခေတ် ကာလ၏နောက်ပိုင်း၌ ဦးရွှေအိုး ဆိုသူ ပုဂ္ဂိုလ်က ၎င်း သင်းရဲနေသည့်အတွက် ချမ်းသာ ကျန်းမာစေရန် ဗားမဲ့ ဆရာတော်အား အကူအညီ ပေးပါရန်လျှောက်ထား ခဲ့သည်။ ဆရာတော်မှ မှာကြားခဲ့သည်မှာ "အိုးငယ်လေး တစ်လုံးကို ရွှေချ၍ အသားတော်တွင် ရွှေဝါရောင်၊ ပလ္လင်တော်က အစိမ်းရောင်၊ သင်္ကန်းတော်က အနီရောင် ပါသော ဝါ၊ စိမ်း၊ နီ (၃)ရောင်ခြယ် ဗုဒ္ဓဘုရားရှင်၏ ရင်ခွင်တွင် ထိုရွှေအိုးကိုထား၍ ကိုးကွယ်ရန်မှာကြား ခဲ့သည်။ ကိုးကွယ်သည့် နေ့မှစ၍ ဦးရွှေအိုးသည် စီးပွားရေး ကျန်းမာရေး တိုးတက်ကောင်းမွန်လာခဲ့သည်။

၆။ ခရစ်နှစ် ၂၀၀၁ ခုနှစ်တွင် ဘုန်းရောင်ဂျာနယ် နှင့် ရောင်ပြန်မဂ္ဂဇင်းကို စီမံရေးချုပ်၊ မှူးမံ၊ တည်းဖြတ် နေသော ကိုမောင်မောင်မြင့်အေးသည် အခဲပါ ရွှေအိုး ပါသည့်(၃)ရောင်ခြယ်ဘုရားကို ကျွန်ုပ်အားလက်ဆောင် ပေးခဲ့သည်။ ကျွန်ုပ်သည် ထိုရွှေအိုးပါသည့် ဝါ၊ စိမ်း၊ နီ(၃)ရောင်ခြယ်ဘုရားကို တရားအားထုတ်ရာ လှည်းကူး မြို့နယ်၊ ငါးဆူတောင်ကျေးရွာသို့ပင်၍ ပူဇော်ကိုးကွယ်ခဲ့ ပါသည်။ (၂)နှစ်ခန့် သမထနှင့် ဝိပဿနာကိုတွဲ၍ အားထုတ်ပြီးသောအခါ ပုဂ္ဂိုလ်ကပြောပါ သည်။ "၎င်းဘုရား သည် ဦးရွှေအိုးတစ်ဦးတည်းအတွက် လုပ်ငန်းများ၊ အဆင်ပြေအောင်၊ ချမ်းသာ ကျန်းမာအောင် စီရင်ပြီး ကိုးကွယ်နိုင်းခဲ့ခြင်း ဖြစ်တယ်။ "မင်းနံမည်က ရန်နိုင် ဖြစ်လျှင် ဗုဒ္ဓဟူးနှင့် စ၍ စနေနံဆုံး သည့် ရွှေတောင်၊ ရွှေထီးကို ထားရမည်ဟု ပြောပါသည်။ "မင်းနံမည်က စိန္တိတ်ဖြစ်လျှင် စိန်တောင်ကို (၃) ရောင် ခြယ် ဗုဒ္ဓဘုရားရှင်၏ ရင်ခွင်၌ထားရမည် ဟု ထပ်ဆင့် ပြောပါသည်။ ကျွန်ုပ်သည် ရွှေအိုးရုပ်တုလေးကိုဖယ်၍ ရွှေတောင်လေးကို ထားလိုက်သောအခါ အလွန် ထူးခြား မှုများ ပေါ်ပေါက်လာခဲ့သည်။

၇။ ကျွန်ုပ်၏ ဆရာသမားဖြစ်ခဲ့သော ဦးကျော်ညွန့် အမည်ကို စဉ်းစားခဲ့ပါသည်။ နာမည်ကိုလေ့လာသောအခါ တနင်္လာနံနှင့်စ၍ အင်္ဂါနံနှင့်ဆုံးသော အမည်ဖြစ်သည်။ တနင်္လာနံနှင့်စ၍ အင်္ဂါနံနှင့်ဆုံးသော ၎င်း၏လက် တစ်ဆစ် ခန့် ကျောက်စိမ်းတုံးငယ်လေးကို ရွှေချ၍ ဝါ၊ စိမ်း၊ နီ (၃)ရောင်ခြယ်ဘုရားရှင်၏ ရင်ခွင်၌ထား၍ ကိုးကွယ်ပူဇော် လျှင် ထူးခြား တိုးတက်လာမည်ဖြစ်သည်။ တနင်္လာနံနှင့် စ၍ အင်္ဂါနံဆုံးသော အခြားအမည်များမှာ သာဓကအား ဖြင့် ခင်မောင်စိန်၊ ခင်ညို၊ ချစ်ညွန့် တို့ဖြစ်သည်။ ၎င်းတို့ တစ်ဦးချင်း၏ လက်တဆစ်ခန့် ကျောက်စိမ်း တုံးငယ် လေးကို ရွှေချ၍ ဝါ၊ စိမ်း၊ နီ (၃)ရောင် ခြယ်ဗုဒ္ဓဘုရားရှင်၏ ရင်ခွင်တွင်ထား၍ ထိုဗုဒ္ဓဘုရားရှင်အား ကိုးကွယ်လျှင် သုံးလောက်ပါသည်။

၈။ ကျွန်ုပ် ရန်ကင်းပညာရေးကောလိပ်မှ ပင်စင် မယူမီ ပညာရေးလုပ်ငန်းဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

ထိုအမည်ကို သာဓကထား၍ စဉ်းစားကြည့်မည်။ ထို အမည်များမှာ ဆရာမဒေါ်စုစုလှိုင် ဆရာမဒေါ်စုစုလွင် (UNICEF)(ပညာရေးစီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာန) တို့ဖြစ်သည်။ ၎င်းတို့၏ အမည်ကို စိစစ်လေ့လာလျှင် အင်္ဂါနံနှင့်စ၍ ဗုဒ္ဓဟူးနံနှင့်ဆုံး၏။ အင်္ဂါနံနှင့်စ၍ ဗုဒ္ဓဟူးနံနှင့် ဆုံးသော ပစ္စည်းတစ်ခုကို ရှာကြည့်သောအခါ ညောင်ရွက် ကိုတွေ့၏။ ညောင်ရွက်ကို ရွေးချယ်၍ (၃)ရောင်ခြယ် ဗုဒ္ဓ ရင်ခွင်၌ထားလျှင် လုံလောက်ပါသည်။ စိန်ဝင်း ဇော်ဝင်း ဟူသော အမည်များမှာလည်း အင်္ဂါနံနှင့် စ၍ ဗုဒ္ဓဟူးနံနှင့် ဆုံးသော အမည်များဖြစ်၍ အထက်ပါအတိုင်း စီစဉ် ဆောင်ရွက်ရန်ဖြစ်သည်။

၉။ အခြားအမည်တစ်ခုကို ဆက်လက်စဉ်းစားမည်။ ပထမံဘိုးတော် ဆံရှည်ဦးတိဿ၊ ဘိုးတော်ဆံရှည် ဦးဆံချိန်၊ ဘိုးတော်ဆံရှည်ဦးညြ . . . အစ ရှိသော ဘိုးတော်ဆံရှည် (၄)ပါးကို ပင့်ဖိတ်၍ ရေးဖြစ်ကြောင်းကို ပြောပြနေသော ဆရာမဒေါ်မြမြခင် (ယခင်ပုသိမ် ဆရာအတတ်သင်သိပ္ပံတွင် အမှုထမ်းခဲ့သူ)ကို စဉ်းစားမည်။ ကြာသပတေးနံနှင့် စ၍တနင်္လာနံနှင့် ဆုံးသောပစ္စည်း တစ်ခုကိုရှာရမည်။ ထိုအစနံနှင့်အဆုံးနံမှာ "မင်းကြီး" ဖြစ်သည်။ မင်းကြီး ရုပ်ထုငယ်လေးတစ်ခုကို ရွေးချယ်၍ (၃)ရောင်ခြယ် ဗုဒ္ဓဘုရားရှင်၏ ရင်ခွင်၌ ထားလျှင်ရမည် ဖြစ်ပါသည်။

၁၀။ စသော နံနှင့် ဆုံးသော နံတို့ပါသည့် ပစ္စည်းကို ရွေးရာတွင် မသင့်လျော်သော ပစ္စည်း၊ ရုပ်ထုတို့ကို မထားမိရန် သတိပြုရမည်။ အချို့သော စသောနံနှင့် ဆုံးသောနံ အမည်များမှာ ရှာရန်ခက်ခဲလိမ့်မည်။

သာဓကအားဖြင့် အထက်မြန်မာပြည်သို့ ရာထူး ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သော ဓမ္မမိတ်ဆွေကြီး ဦးသိန်းတင်၊ ငါးဆူတောင်တွင် နေထိုင်လျက်ရှိသော ဦးသက်နောင်အမည်တို့ကို စဉ်းစားသောအခါ သောကြာနံ နှင့်စ၍ စနေနံဆုံးသောကြောင့် "သနပ်"သား လက် တစ်ဆစ်ခန့်ကို ရွေးချယ်၍ (၃) ရောင်ခြယ် ဗုဒ္ဓဘုရားရှင်၏ ရင်ခွင်၌ထားလျှင် ရမည်ဖြစ်သည်။

ထို အစနံနှင့် အဆုံးနံကို ဓါတ်ပညာဖြင့် စဉ်းစား လျှင် သောကြာနံ(သွပ်)ကိုယူ၍ စနေနံ ဒန် (ကြေး ခွေလေး) ကိုယူလျှင်ရပါ၏။ ထို့ကြောင့် လက်တဆစ်ခန့် သွပ်ချောင်း လေးတစ်ခုကို ဒန် (ကြေးနီခွေလေး)ပတ်ပြီး ရွေးချယ်ပါ။ ထို (သွပ်+ဒန်) အား ရွေးချယ်ထားသော ပစ္စည်းကို (၃) ရောင်ခြယ်ဗုဒ္ဓ ဘုရားရှင်၏ ရင်ခွင်၌ထားလျှင် ရပါသည်။

၁၁။ ပုဂ္ဂိုလ်၏ ပြောပြချက်အရ ဗားမဲ့ဆရာတော်ဘုရား သည် အဆိုပါ (၃)ရောင်ခြယ်ဘုရားကို ဓါတ်ဝိဇ္ဇာပညာ ဖြင့်ပူဇော်ခဲ့ခြင်းဖြစ်သည်။

ဝိဇ္ဇာရေနယ်ဓါတ်ပညာအရ -

အနီရောင်သည် အာပေါဓါတ်(၂)ကို ကိုယ်စားပြု သည်။ အဝါရောင်သည် ဝါယောဓါတ်(၄)ကို ကိုယ်စား ပြုသည်။ အစိမ်းရောင်သည် သည်းခြေဓါတ်(၅)ကို ကိုယ်စား ပြုသည်။ အာပေါဓါတ်(၂)နှင့် ဝါယောဓါတ်(၄)ကိုတွဲလျှင် ကောဍ (၂၄) ဓါတ်ရ၏။ အာပေါဓါတ်(၂)နှင့် သည်းခြေ ဓါတ် (၅)ကို တွဲလျှင် ဂဇ္ဇ (၂၅)ဓါတ်ရ၏။

၁၂။ ထွက်ရပ်ပေါက်မြောက်သွားသော ဓါတ်ဝိဇ္ဇာများ သည် ၎င်းတိုင်ဓါတ်ပညာများကို လျှို့ဝှက်လက်ာများဖြင့် သာထားခဲ့၏။ "မင်းညာဏ်ခြင်းတူရင် ငါ့နောက်လိုက်ခဲ့ဟုပြောသည်" ကောလိ(၂၄)နှင့် ဂဇ္ဇ(၂၅)ဓါတ်၏ လျှို့ဝှက်လက်ာမှာ "မဟာပထဝီ ကောလီ၊ ဂဇ္ဇ ကြောင် ကြွက်နေ၏"ဓါတ်ပညာတွင် ကြောင်(၂)သည်ကန့်ကို ကိုယ်စားပြု၏။ ကြွက် (၅)သည် ပြဒါးကို ကိုယ်စားပြု၏။ အကောင်းဆုံးကန့်+အကောင်းဆုံး ပြဒါး=အကောင်းဆုံးရွှေကိုဖြစ်စေ၏။ ရွှေဖြစ်လျှင် ငွေ လည်းဖြစ်၏။ ဓါတ်ပညာ၏ လျှို့ဝှက်လက်ာကို အဖြေ ကောက်ချက်ချရလျှင် "မဟာပထဝီကောလီ၊ ဂဇ္ဇ၊ ရွှေဖြစ်နေ၏။ ငွေဖြစ်နေ၏" ဆိုပါမည်။

ဤကဲ့သို့ ကောလီ၊ ဂဇ္ဇဓါတ်ဖြင့် ပူဇော်ထားသော ဗုဒ္ဓဘုရားရှင်ကို ကိုးကွယ်ရာတွင် ဆောင်းပါး၏ နောက်ဆုံးပါ ကျင့်စဉ်အတိုင်း နေထိုင်မည်ဆို ပါက စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ မည်ဟု မုချမသွေယုံကြည်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

၁၃။ မဟာပထဝီ၊ ကောသီ၊ ဂဗ္ဘေခါတ်ကို ဆက်လက်လေ့လာမည်။

ကောသီ - ၂+၄= ၆

ဂဗ္ဘေ - ၂+၅= ၇

၁၃= ပထဝီ+တေဇော ဖြစ်သည်။

၁၃(ပထဝီ+တေဇော)၊ ၁၄ (ပထဝီ+ဝါယော)၊ ၁၇ (ပထဝီ+ အာကာသ)ခါတ်များသည် ရွှေ ငွေကိုဖြစ်စေ၍ တန်ခိုးကြီး သော ခါတ်များလည်း ဖြစ်သည်။

ကောသီ၊ ဂဗ္ဘေခါတ်ကိုပေါင်းလျှင် (၁၃) ဂဏန်းထွက်သောကြောင့် ဤ ဝါ၊ ဓိမ်း နှိ (၃)ရောင်ခြယ်ဘုရားကို ကိုးကွယ်ပြီး စက်ကြီး (၁၃) ပါ်ဂါထာကို နေ့စဉ်ရွတ်ဆိုလျှင် ဗိုဒ္ဓိအစွမ်းထက်မြက် ကောင်းမွန်ကြောင်း ကျွန်ုပ်၏ လက်တွေ့ဖြစ်သည်။

၁၄။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအလယ်ကိုလည်း ဝါ၊ ဓိမ်း နှိ(၃)ရောင်ခြယ်ဖြင့် ပူဇော်မှုမ်းမံ လိုက်သည့် အတွက် မဟာပထဝီ၊ ကောသီ ဂဗ္ဘေဖြစ်နေသောကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာမည်ဟု ကျွန်ုပ်၏နလုံးသွေးကို ရှိရွှိဖြစ်သော မနော ဝိညာဉ်စိတ်က စိတ်ချစွာယုံကြည်လက်ခံခဲ့ပါ၏။

၁၅။ သရာတော်ဘုရားသည် ဤ ဝါ၊ ဓိမ်း နှိ (၃) ရောင်ခြယ်ဘုရားနှင့်အတူ -

ဓမ္မ အဓိဋ္ဌာန ပူဇ္ဇော် (၈)လုံး (၁)ပိုဒ်

ပုဂ္ဂလာအဓိဋ္ဌာန (၈)လုံး (၁)ပိုဒ်

အဓိဋ္ဌာန ပသန္နံ (၈)လုံး (၁)ပိုဒ်

ဇိတာဇကာယာတု အဓိဋ္ဌာန (၈)လုံး (၁)ပိုဒ်

ဤ(၈)လုံး(၄)ပိုဒ် ပါဠိအက္ခရာ(၃၂)လုံးကို ပဆဲ(၆)ကွက်အင်းတွင် အင်းချ၍ ပူဇော်ခိုင်ခဲ့သည်။ ပါဠိအက္ခရာ(၃၂)လုံးကို ပဆဲ(၆)ကွက်အင်းတွင် မြင်းခုံသွားပုံဖြင့် အင်းချခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အင်းမပါလျှင်လည်း ဤဂါထာကို ဝါ၊ ဓိမ်း နှိ (၃)ရောင်ခြယ်ဘုရား၏ ပလ္လင်တော်၌ ခိုင်ဝရေးသားလျှင် ရပါသည်။ တမဲ့ဆရာတော်ဘုရားဖြစ်စေလိုသောဆန္ဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မြင်းခုံအင်းသွားပုံစံ

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၂ | |
| ၂၇ | ၁၄ | ၂၁ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၂၆ | ၂၃ | ၃၀ | ၃ |
| ၁၃ | ၂၄ | ၂၉ | ၃၂ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၅ | ၄ | ၃၀ |
| | ၂၈ | ၅ | ၁၈ | ၁၁ | |

ပုံစံ (၁)

မြင်းခုံအင်းသွားပုံစံအတိုင်း အင်းစံထည့်ထားပုံ

| | | | | | |
|---|---|---|---|---|---|
| | ဧ | ဋ္ဌိ | ဏ္ဍိ | သ | |
| ဓိ | ဓိ | ပ | ဝံ | ဗုံ | ယာ |
| ယေ | ဗု | ဘာ | နှိ | ဓိ | အ |
| အ | နံ | အ | ယော | အ | ဒ္ဒိ |
| ယ | ဏ္ဍိ | ထာ | ဂေါ | ဓိ | ဏ္ဍိ |
| | တု | ဏ္ဍိ | ဓိ | ပု | |

ပုံစံ (၂)

(က) အမျိုးသား၏ အမည်နှင့်ခါတ်တူ နာမ်တူကို ဝါ၊ ဓိမ်း နှိ(၃)ရောင်ခြယ်ဘုရားရှင်၏ ရင်ခွင်၌ထားပြီး ထိုဂုဏ်မြတ်စွာဘုရားရှင်အား ကိုးကွယ်လျှင် ထိုအမျိုးသားသည် ဘုရားသားတော်အဖြစ် စိတ်၌ခံယူထားရမည်။

(ခ) အမျိုးသမီး၏ အမည်နှင့်ခါတ်တူ နာမ်တူကို ဝါ၊ဓိမ်းနှိ(၃)ရောင်ခြယ်ဘုရားရှင်၏ရင်ခွင်၌ထားပြီး ထိုဂုဏ်မြတ်စွာ ဘုရားရှင်အား ကိုးကွယ်လျှင် ထိုအမျိုးသမီးသည် ဘုရားသမီးတော်အဖြစ် တာဝန်ခံယူထားရမည်။

(ဂ) မိမိ၏ ခါတ်တူနာမ်တူအမည်ကို ဘုရားရှင်ထံ၌အပ်နှံထားသောကြောင့် ဘုရားသားတော်၊ ဘုရားသမီးတော် ဆိုသည်မှာ ကိုယ်ကျင့်တရား သီလတရားနှင့်သစ္စာတရားတို့ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခြင်း ဖြစ်သည်။ ဤအရေးကြီးသော ကတ္တာပြည့်စုံလျှင်ပင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာကို မုချမသွေ ရပါမည်ဟု ယုံကြည်ပါ၏။

စိန္တာတုံ (ငါးရွှေတောင်)

ကျမ်းကိုးစာရင်း

၁။ တမဲ့လက်တွေ့ကျမ်း ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ။


၂။ ပုဂ္ဂိုလ်၏ ပြောပြချက်များ။

၃။ ဆရာဦးကျော်လင်း(နေ့လယ်ဗေဒ ပညာရှင်)ရေးသားပြုစုသော ဗေဒကျမ်းနှင့် ခါတ်ကျမ်းများ။



www.burmeseclassic.com

www.burmeseclassic.com



# အလုပ်အကိုင် မဖြစ်သူများအတွက် စံပယ်နှင့် ယတြာ

မင်းသိခ

ပသျှူးငါးပိချက်နှင့် ဒန့်သလွန်ဟင်းခါး

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ ခြံအတွင်းသို့ ကျွန်ုပ်၏ မိတ်ဆွေများ ရောက်ရှိလာကြလေ၏။

၎င်းတို့သည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း 'ဒီမှာ ထမင်းစားမယ်နော်' ဟူ၍ ပြောကြကုန်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ တပည့်လေး မောင်အောင်ညွန့်အား မော်ဘီဈေးသို့ လွှတ်ရလေ၏။ မောင်အောင်ညွန့် ဈေးသို့ သွားချိန်၌ ၎င်းမိတ်ဆွေများအား ကျွန်ုပ်ကိုယ်တိုင် လက်ဖက်ရည်ဖျော်၍ တိုက်ထားရလေ၏။ လက်ဖက်ရည် တိုက်ပြီးသောအခါ၌ ရေနွေးကြမ်းကိုပါ စီစဉ်ပေးရ၏။ ၎င်းတို့သည် ကျွန်ုပ်၏ လက်ဖက်ရည်ကို နှစ်မြို့ကြစွာ သုံးဆောင်ကြကုန်၏။ ရေနွေးကြမ်းကိုလည်း တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း ကျွန်ုပ်နှင့် စကားစမြည် ပြောကြလေ၏။

"နေပါဦး ဆရာရယ်၊ အခု ဆရာ လူတွေကို ချေပေးနေတဲ့ 'ဝိဇ္ဇာယတြာ' ဆိုတာ အတော့်ကို လူပြောများနေတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်လည်း လာချေဖူးတယ်။ ချေပြီး သိပ်မကြာပါဘူး။ သူတို့ အခက်အခဲတွေ အဆင်ပြေသွားတယ်လို့ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော့်ညီတစ်ယောက်လည်း ဒီမှာလာပြီး ယတြာချေ



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ သူလည်း ထစ်ငေါ့နေတဲ့ကိစ္စတွေ ယတြာချေပြီးတာနဲ့ အဆင်ပြေသွားတယ်လို့ ပြောတာပဲ။ အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော် သိချင်တာက ဆရာလုပ်ပေးတဲ့ ယတြာကို စာအုပ်တွေထဲမှာလည်း မတွေ့ဖူးဘူး။ အဲဒီယတြာဟာ ဆရာ့ဟာဆရာ ထွင်ထားတဲ့ ယတြာတစ်ခုပဲလား"

ဟု ကျွန်ုပ်၏မိတ်ဆွေ ကိုညွန့်ဆိုသူက မေးလိုက်လေ၏။ ထို့နောက် ထိုသူသည် စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျား၌ တေ့လိုက်၏။ ပြီးလျှင် မီးတို့ရန်အလို့ငှာ မီးခြစ်ကို အနီးအနားတွင် ရှာဖွေ၏။ မီးခြစ်ကို မတွေ့သဖြင့် ကျွန်ုပ်လည်း သောက်နေသော စီးကရက်ကို ၎င်းအား လှမ်း၍ပေးလိုက်ရာ ကျွန်ုပ်၏ စီးကရက်မီးဖြင့် သူ၏ စီးကရက်ကို မီးတို့လိုက်လေတော့၏။ ကျွန်ုပ်လည်း ၎င်း ပြန်ပေးသော စီးကရက်ကိုယူ၍ နှုတ်ခမ်း၌ ပြန်၍တေ့လိုက်လေ၏။

"ဒီလို ကိုညွန့်ရဲ့၊ ကျုပ်မှာက အသက်မွေးဝမ်းကျောင်းအရရော၊ ဝါသနာအရရော ယတြာနဲ့ ပတ်သက်တဲ့ နည်းစနစ်တွေ အများကြီး လေ့လာဖူးတယ်။ နှစ်ပေါင်းများစွာလည်း အဲဒီယတြာအလုပ်ကို အများကြီး လုပ်ခဲ့တာဗျ။ အခု လုပ်ပေးနေတဲ့ ယတြာကလည်း အဲဒီအတွေ့အကြုံကို ပေါင်းစပ်ထားတာပါ။ အင်္ဂဝိဇ္ဇာကျမ်းမှာပါတဲ့ 'အမြစ်၊ အညွန့် မတွန့်စေရ' ဆိုတဲ့ နည်းရယ်၊ 'အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း' ဆိုတဲ့ နည်းရယ်ကို အဓိကထားပြီး လုပ်တာပါ။ ပြီးတော့ လူတွေကို အပ်ချည်ကွင်းနဲ့စွပ်ပြီး ကျိုးခြေသဏ္ဍာန် မီးစာကျစ်ပေးပြီး ဆီမီးထွန်းခိုင်းတာလည်း ပါတယ်။ ဒါကလည်း ဆန်းဗေဒင်ပညာနည်းမှာ ရှေးဆရာတွေ သုံးခဲ့ကြပါတယ်။ နောက်ပြီးတော့ ယတြာချေတဲ့လူကို စလွယ်ကြီးတစ်ခု ချည်ပေးတယ်။ အမျိုးသမီးဆိုရင်တော့ လက်ကန်တော့ထိုးပေးတယ်။ အဲဒီစလွယ်ကလည်း အန္တရာယ်ကင်းစေတဲ့ အစီအမံတွေ ပါပါတယ်။ ပြီးတော့မှ ယတြာချေမယ့်လူကို အနှောင့်အယှက်ကင်းစေဖို့ ရှေးဆရာတွေရဲ့ နည်းအတိုင်း အမိန့်တော်ပြန်တမ်း ရွတ်ပေးတယ်။ အောင်မာတ်ရအောင်ဆိုပြီး 'အောင်ထူးဆန်း' လင်္ကာကို ရွတ်ပေးတယ်။ အဲဒီလို လုပ်ပေးနေတဲ့ နေရာကတော့ ဂမုန်းပင်တွေ စိုက်ထားတဲ့ ဂမုန်းပန်းခြံထဲမှာ ဖြစ်တယ်။ အဲဒီပန်းခြံကလည်း နွေဆိုရင် အလွန်အေးတာ။ ကျွန်တော်တို့တစ်တွေ အဓိဋ္ဌာန်ဝင်ကြ၊ ပုတီးစိပ်ကြ လုပ်ကြတဲ့နေရာပါ။ အဲဒီမှာလည်း ရတနာသုံးပါးကို ရည်ရွယ်ပြီး ကန်တော့ပွဲတွေ ထိုးထားပါတယ်။ ယတြာချေတဲ့လူတွေ စိတ်ကြည်နူးသွားအောင်ဆိုပြီး အဲဒီပန်းခြံရဲ့အလယ်မှာ ရေတံခွန်လေးတောင် ကျုပ်က လုပ်ထားသေးတယ်။ 'အောင်ထူးဆန်း' လင်္ကာ ရွတ်ပြီးတဲ့အခါမှာ ယတြာအောင်တဲ့ အထိမ်းအမှတ်နဲ့ အိုးစည်တီးပြီး ယတြာချေတဲ့ လူကို လက်ဖက်ရည်တောင် တိုက်သေးတယ်။ ဒီယတြာကို အခုမှလုပ်တာ မဟုတ်ပါဘူး။ ဟိုးနှစ်ပေါင်းများစွာကတည်းက အပြည့်အစုံ မဟုတ်ပေမဲ့ အပိုင်းလိုက်၊ အပိုင်းလိုက်တော့ ကျုပ် လူတွေကို လုပ်ပေးဖူးပါတယ်ဗျာ။ အဲဒီတုန်းကတော့ ဒီယတြာကို 'အောင်ထူးဆန်း' ယတြာလို့ပဲ သိကြပါတယ်"

ဟု ကျွန်ုပ်က ရှည်လျားစွာ ရှင်းပြလိုက်လျှင် ၎င်း ကိုညွန့်က...

"ဟုတ်ပါပြီ၊ ဒီယတြာနည်းဟာ ဆရာ့ကိုယ်ပိုင်နည်းလားလို့ သိချင်တာပါ"

ဟု ပြောလေ၏။

"ဒီလိုပြောရအောင် ကိုညွန့်ရယ်၊ ခင်ဗျား ခု သောက်နေတဲ့ စီးကရက်က မီးဟာ ခင်ဗျားရဲ့ ကိုယ်ပိုင်မီးပါပဲ။ ဒါပေမဲ့ ကျုပ်စီးကရက်က တို့ထားတာဆိုတော့ ကျုပ်ရဲ့ကျေးဇူးတော့ မကင်းဘူးနော်။ ဒီလိုပဲပေါ့ဗျာ။ ကျုပ် အခု အသုံးပြုနေတဲ့ ကိုယ်ပိုင်ယတြာလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ရှေးဆရာတွေရဲ့ ကျေးဇူးတော့ ဘယ်ကင်းမလဲ။ အခုလောလောဆယ် အရေးကြီးတာကတော့ ခင်ဗျားတို့အဖို့ ကျုပ် ဟင်းချက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ငှင်းတို့အား သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံပေါ်တွင် ထားခဲ့ပြီးနောက် ကျွန်ုပ်လည်း မီးဖိုသို့ ဝင်ရလေ၏။

ကျွန်ုပ်၏ တပည့်လေး ဝယ်လာသော ဈေးခြင်းတောင်းကို သွန်ချ၍ ဟင်းကို စီစဉ်ရလေ၏။

ငါးခူများ ပါလာသဖြင့် ငါးခူများကို အသားလွှာ၍ ခြံတွင်းရှိ ရဲယိုပင်မှ ရဲယိုရွက်များဖြင့် ဆီပြန်ချက်ရလေ၏။ ဒန့်သလွန်တောင့်များကို အသားခြစ်ထုတ်ပြီး ဟင်းခါးချက်ရလေ၏။ ပုစွန်ဆိတ်ကလေးများကို နုပ်နုပ်စဉ်း၍ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ဖြင့်ရော၍ ဆီသတ်ရလေ၏။ ဆီကျက်လျှင် ငါးပိစိမ်းစားကို အရေဖျော်၍ လောင်းထည့်ကာ မွှေရလေ၏။ ရေခမ်း၍ ဆီပြန်လာလျှင် အနီးရှိ ဦးချမ်းအေး၊ ဒေါ်ပြားတို့ခြံမှ လာပို့ထားသော နွားနို့အနည်းငယ် ထည့်ပြီးနောက် ခွင်ပေါ်မှ ချသောအခါ၌ တရုတ်နံနံပင်များ ဆိတ်ဆွ၍ အပေါ်မှ အုပ်ရလေ၏။ တို့စရာမှာလည်း စုံလှ၏။ ဘူးသီးအကင်းလေးများ ပြုတ်ထား၏။ ရုံးပတီသီးတောင့်များကို မီးသင်းထား၏။ တညင်းဝက်များကို ဖုတ်၍ ဆီဖြင့်ကြော်ထား၏။ ပဲသွန့်များလည်း ပါ၏။ ဥသျှစ်ရွက်၊ ဆလပ်ရွက် လတ်လတ်ဆတ်ဆတ်များလည်း ပါ၏။

အလုံးစုံ ပြီးသောအခါ၌ ဧည့်သည်များကို ကျွန်ုပ်သည် သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံပေါ်၌ ထမင်းပွဲပြင်၍ ကျွေးရလေ၏။ ငှင်းတို့သည် မီးဖုတ်ကြော်ထားသော ကြောင့် အနံ့သင်းနေသော တညင်းဝက်များကို ထောက်ခနဲ ထောက်ခနဲ ကိုက်၍ ထမင်း၌မြုပ်ပြီးလျှင် ငါးပိချက်ကို ဆမ်း၍ ထမင်းလုပ်ကြီးကြီးကိုင်ကာ ပလုတ်ပလောင်း စားကြလေ၏။ ပါးစပ်အတွင်း စားနေသော ထမင်းလုပ် တစ်ဝက်ခန့် မျိုချမိသောအခါ၌ ဒန့်သလွန်သီးအသားများကို ခြစ်၍ ချက်ထားသော ဟင်းခါးပူပူကို သောက်၍ မျှောချကြကုန်၏။ အချို့လည်း ဥသျှစ်ရွက်ကို အားရပါးရ တို့၏။ အချို့ကလည်း ရုံးပတီသီးမီးဖုတ်ကို ကိုက်၏။ အချို့မှာ ဘူးသီးအကင်းလေးများ ပြုတ်ထားသည်ကို ငါးပိချက်နှင့် တို့ကာ ဝါး၏။ ထိုထမင်းပွဲ၌ မျက်နှာငယ်ရသော ရဲယိုရွက်နှင့် ချက်ထားသော ငါးခူဆီပြန်ဟင်းပင်ဖြစ်၏။ ထိုသို့စားရင်း တစ်ယောက်သော မိတ်ဆွေက…

"ငါးပိချက်က အတော်ကောင်းတယ်ဗျို့၊ စပ်လည်း စပ်တယ်၊ ငန်လည်း ငန်တယ်၊ ဆိမ့်လည်း ဆိမ့်တယ်ဗျ၊ ဘယ်လိုများ ချက်ထားတာလဲ ဆရာရယ်"

ဟု မေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က…

"ပသျှူးငါးပိချက်လို့ ခေါ်တယ်ဗျ၊ နွားနို့နဲ့ ချက်ထားတာ။ ဒီနည်းကလည်း ကျုပ်တတ်တာ မဟုတ်ပါဘူးဗျာ။ ဒုတိယကမ္ဘာစစ် မဖြစ်မီက ဆရာကြီး ဗိမိုးနင်း ရေးထားတဲ့ 'အရင်းမစိုက်၊ လှေထိုးလိုက်' စာအုပ်မှာပါတဲ့ ငါးပိချက်နည်းဗျ။ ကျုပ်လည်း ခြောက်တန်းကျောင်းသား ဘဝကတည်းက အဲဒီစာကို ဖတ်မိပြီး စားချင်လိုက်တာဗျာ။ အဲဒါနဲ့ မီးရထားရုံးမှာလည်း အလုပ်ဝင်လုပ်ရော လခထုတ်ပြီး နောက်တစ်ရက်မှာ အဲဒီငါးပိချက်ကို ချက်စားမိတော့တာပဲဗျို့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဧည့်သည်များသည် သဘောကျ၍ ရယ်ကြလေ၏။ တစ်ယောက်သော ဧည့်သည်က…

"ဘူးနဲ့ထည့်ပြီး အိတ်စ်ပို့ လုပ်ပါလား"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က…

"ခင်ဗျားပြောသလို ဘူးနဲ့ထည့်ပြီး အိတ်စ်ပို့ လုပ်ဖို့တော့ အကြံမပေါ်ပါဘူးဗျာ၊ အိုးနဲ့ထည့်ပြီး ရွာထဲ လည်ရောင်းဖို့တော့ စဉ်းစားဖူးတယ်"

ဟု ပြန်၍ပြောလိုက်၏။ ငှင်းတို့သည် အထက်က ဆိုခဲ့သည့်အတိုင်း ငါးပိချက်- တို့စရာနှင့် ဟင်းခါးကို မြိန်ယှက်စွာ စားသောက်နေကြ၏။ ထိုသို့ စားသောက်ရင်း တစ်ဦးသော ဧည့်စိမ်း(ရင်းနှီးသူနှင့် အဖော်လိုက်လာသူ)



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးက ကျွန်ုပ်အား ဆရာခေါ်ရမည်ကို ဝန်လေးနေဟန် ရှိ၏။ မခေါ်၍ မဖြစ်သော အခြေအနေလည်း ရှိနေ၏။ ထို့ကြောင့် အတိအကျ ဆရာဟု မသုံးနှုန်းဘဲ 'အာစရိ'ဟု နောက်သလိုလို၊ တကယ်လိုလို မတင်မကျနည်းနှင့် ခေါ်လိုက်လေ၏။

"အာစရိ ကျုပ်မှာက အမှုန့်ကြိတ်စက် ရှိတယ်၊ ဒါပေမဲ့ ကောင်းကောင်းအလုပ်မဖြစ်ဘူး၊ ယတြာလေး ဘာလေး ပေးစမ်းပါဗျာ"

ဟု ဆိုလေ၏။

"ဒီလိုလုပ်ပါဗျာ၊ စံပယ်ပွင့် ၂၇ ပွင့်ကို ရေဆေးပြီး ညာလက်နဲ့ ခပ်ရွရွလေးဆုပ်၊ ပါးစပ်နားတေ့ သမ္ဗုဒ္ဓေ ဂါထာကို (၄)ခေါက် ရွတ်ပြီးမှ ခင်ဗျားစက်ပေါ် ကြဲလိုက်ပါ"

ဟု ကျွန်ုပ်ပြောလိုက်ရာ ထိုသူလည်း ကျေးဇူး တင်စကားကို မပြောချင် ပြောချင်နှင့် ပြောလေ၏။ ထို့နောက် အခြားသော ဧည့်သည်တစ်ဦးက ခရီးသွားမည် ကြံတိုင်း မကြာခဏပျက်၍နေသောကြောင့် ယတြာပေးပါ ဟု ဆိုပြန်၏။ ထိုအခါ ကျွန်ုပ်က...

"စံပယ်ပန်း ၆၃ ပွင့်ကို ရေစင်စင်ဆေးပြီး ညာဘက်လက်မှာ ခပ်ရွရွလေးဆုပ်၊ ဒါမှမဟုတ်လည်း စံပယ်ပန်းကို ဖက်ကန်တော့မှာထည့်ပြီး ညာဘက်လက်နဲ့ကိုင်၊ ပါးစပ်နားတေ့ပြီး သမ္ဗုဒ္ဓေဂါထာကို (၇)ခေါက်ရွတ်။ ရွတ်ပြီးတာနဲ့ အဲဒီစံပယ်ပန်းတွေကို အိတ်ထဲမှာ ဆောင်ထား"

ဟု ပြောလိုက်လျှင် ထိုသူလည်း ကျေနပ်သွားလေ၏။ ထမင်းစားပြီးပြီ ဖြစ်သောကြောင့် ကျွန်ုပ်လည်း ၄င်းတို့အား ရေနွေးကြမ်း၊ ကရေကရာ စသည်တို့နှင့် ဧည့်ဝတ်ပြုပြန်၏။ ထိုသူတို့သည် ရေနွေးကြမ်းကိုသောက်ပြီး ရေနွေးကြမ်းကို ချီးမွမ်းကြကုန်၏။ ထို့နောက် တစ်ယောက်သော ဧည့်သည်က...

"ဆရာရေ ကျွန်တော့်ညီကတော့ ဆုံးသွားပါပြီ၊ ခယ်မကတော့ အတော်သောနေတယ်။ ခယ်မဆီက ငွေရေး ကြေးရေး အကူအညီ သွားတောင်းမလို့။ အဲဒါ အဆောင် လေး ဘာလေး ပေးပါဦးဗျာ"

ဟု ပြောလေ၏။

"စံပယ်ပန်း ၃၈ ပွင့်ကို ရေဆေးပြီး ညာလက်မှာ ခပ်ရွရွလေး ဆုပ်ပါ။ ပြီးတော့ ပါးစပ်နားတေ့ပြီး သမ္ဗုဒ္ဓေ (၅)ခေါက် ရွတ်ဗျာ။ ပြီးတော့ အဲဒီပန်းတွေကို ဆောင်ပြီး ခင်ဗျားခယ်မဆီ အကူအညီ သွားတောင်းချေဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ၄င်းတို့သည် ကျွန်ုပ်ပြောသော ယတြာများကို ရေးမှတ်ကြကုန်၏။ ထို့နောက် ကျွန်ုပ်အား နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကာ ပြန်ကြကုန်၏။ ပြန်ခါနီးတွင် တစ်ယောက်သော ဧည့်သည်က...

"ဆရာက ဘာဖြစ်လို့ စံပယ်တွေ သုံးတာလဲ"

ဟု စပ်စုလေ၏။

"စံပယ်က စိန်ပန်းဆိုတဲ့ ခိုင်မာတဲ့ မိတ်ဓာတ် ရတယ်ဗျ။ ပြီးတော့ 'စ'ဆိုတဲ့ အင်္ဂါဟာ ဂြိုဟ်သက် ၈ ဗျ။ 'ပယ်'ဆိုတဲ့ ကြာသပတေးက ဂြိုဟ်သက် ၁၉ ဗျ။ အဲဒီတော့ နှစ်ခုပေါင်းလိုက်ရင် ၂၇ ရတာပေါ့။ ၂ နဲ့ ၇ ကို ပေါင်းလိုက်ရင် ၉ ဗျ။ ပြီးတော့ သမ္ဗုဒ္ဓေဂါထာက တော့ဗျာ အလိုလို အစွမ်းထက်ပြီးသားပဲ။ ခေါက်ရေတွေက တော့ 'ကတ္တုကရက' 'သာမိကရက' ဆိုတာတွေနဲ့ တွက်ပြီးပေးတာပါပဲ။ ဗေဒင်မှာ အကြံလို့ ဆိုထားတယ် မဟုတ်လားဗျာ။ ခင်ဗျားအနေနဲ့ မကျေနပ်ဘူးလား"

ဟု ကျွန်ုပ် မေးလိုက်ရာ ထိုဧည့်သည်က...

"ကျေနပ်ပါတယ်ဗျာ၊ ဒီလောက်ကောင်းတဲ့ ပဿျူးငါးပိချက် မကျေနပ်ဘဲ ဘယ်ရှိမလဲ"

ဟု ပြောလိုက်သဖြင့် အားလုံးသည် ဝါးကနဲ ရယ်မောကြလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ
မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# ရတနာသိုက် တူးနည်း ဖော်နည်း

■ သုခဇော်

ရတနာသိုက် တူးနည်းဆိုသည်မှာ အခြားမဟုတ်ပေ။ ပုထုဇဉ်ဟူသမျှ လိုချင်ကြသော ရတနာပစ္စည်း (သို့) ကျောက် တူးနည်းပင် ဖြစ်လေ၏။ မည်သည့်ကိစ္စမဆို စနစ်တကျ လုပ်ဆောင်ခြင်းသည် စနစ်မကျခြင်းထက် အောင်မြင်ရန် ပို၍သေချာသည်ဟူသော စကားအရ ကျောက်မျက်ရတနာနှင့် မြေထဲမှ သတ္တုရေနံတို့ကို ဗေဒင်နည်းဖြင့် စနစ်တကျ စီမံ၍ တူးဖော်သောနည်းဖြစ်လေ၏။

အဖိုးတန်သော ပစ္စည်းဥစ္စာများ တစ်စုတစ်ဝေးတည်း တစ်စုံတစ်ရာဖြင့် ဖုံးကွယ်နေသော် လွယ်လွယ်နှင့်ပင် သိုက် ဟု ခေါ်ကြ၏။ ကျောက်စိမ်းသိုက်၊ ရွှေသိုက်၊ ရတနာသိုက်၊ ရေနံသိုက် စသည်တို့ ဖြစ်၏။ မြန်မာပြည် တစ်နံတစ်လျား မြေ၊ ရေတို့၌ သဘာဝအလျောက် ရတနာများ တည်ရှိနေ၏။ တည်ရှိပုံမှာလည်း အံ့ဖွယ်ဘနန်းများပြားလှ၏။

မြန်မာပြည်မြောက်ပိုင်းတစ်ကြော၌ ကျောက်စိမ်းသည် "သိုက်"အဖြစ် ရှိနေ၏။ မိုးကုတ်မြေပတ်ဝန်းကျင်၌ ပတ္တမြား နီလာ စသည့် ရတနာသိုက်ရှိ၏။ ထို့အတူ မြန်မာပြည်အရှေ့ပိုင်း၊ တောင်ပိုင်းတို့၌လည်း သတ္တုသိုက်များရှိ၏။ အလယ်ပိုင်း၊ အထက်ပိုင်း၌လည်း ရေနံသိုက်ရှိ၏။ မြန်မာပြည်ကံကြမ္မာသည် လွန်စွာဆန်းကြယ်၏။

သဘာဝမှပေးသော အဖိုးမဖြတ်နိုင်သော ရတနာ၊ လူ့အသုံးအဆောင်၊ သယံဇာတပစ္စည်း။ သား၊ ငါး၊ ကျေးငှက်၊ တိရစ္ဆာန်၊ သစ်၊ သံ၊ သွပ် စသည့် လူ့အသုံးအဆောင်များ သည် ပေါများကြွယ်ဝကာ ထွက်ရှိနေလေတော့၏။ ကံကောင်းလေစွ။

ရတနာဟူသည် မြတ်နိုးဖွယ်ရာ၊ မက်မောဖွယ်ရာပင် တည်း။ လိုချင်ကြသည်ချည်းပင်။ သာမန်လူသားတို့ထက် ယနေ့ ကျောက်တွင်းတူးသူများ၊ ဖက်စပ်လုပ်ကိုင်သူများ၊ ကျောက်ရိုင်းခွဲနေသူများက ပို၍ပင် လိုချင်ကြပေလိမ့်မည်။ ကျောက်တွင်းတူးနေသူတို့ကလည်း ကျောက်ကောင်းရစေရန် ဇောကပ်နေသလို ကျောက်ရိုင်းခွဲနေသူ၊ သွေးနေသူတို့က လည်း ကျောက်အရည်ကောင်းရန်၊ စွဲမက်ရန်၊ ကျောက်အောင်ရန် ဇောကပ်နေသည်။

ဘာသာတရား၌ ဘုရားရှိခိုးသောအခါ "ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ"တည်းဟူသော ရတနာ မြတ်သုံးပါးဟူ၍ ကိုးကွယ်ဆည်းကပ်အပ်သော အမြတ်ဆုံး မနှိုင်းယှဉ်နိုင်မှုတို့ကို "ရတနာ"နှင့် တင်စားခေါ်ဝေါ် ဦးညွှတ် ကြလေ၏။

ဤသည်ကိုကြည့်သော် ရတနာသည် မြင့်မြတ်သော သဘောကိုဆောင်နေပြီး မြတ်သောပစ္စည်းဖြစ်နေပေပြီ။ နာမည်ပညတ်ကပင် ရတနာဟု ခေါ်ထား၍ မြင့်မြတ်လှသော အရာ ဖြစ်နေလေ၏။ ဤမျှ မြင့်မြတ်တန်ဖိုးကြီးလှစွာသော ရတနာပစ္စည်းသည် လွယ်လွယ်ကူကူနှင့် မရနိုင်ပေ။

"ရှေးဘုန်းရှေးကံ ပါရမီကြောင့်လည်းကောင်း"

"ပစ္စုပ္ပန်ကံကြောင့်လည်းကောင်း"

"လုံ့လဝီရိယနှင့် စေတနာအကျိုးကြောင့်လည်း ကောင်း" ရရှိတတ်လေ၏။ သို့သော် ယခု ရေးသားမည်မှာ ဗေဒင်နည်းဖြင့် စီမံ၍ စနစ်တကျ တူးဖော်သောနည်းဖြစ်၏။ ရတနာရှိသည်ဟူသော မြေ၌ တူးဖော်ကြသူအပေါင်းတွင် နေ့ချင်းညချင်း သူဌေးဖြစ်သွားကြသလို ဘာမှမရသော သူ များလည်း နှနှင့်ဒေးပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကံမရှိ ဉာဏ်ရှိတိုင်းမွဲ. . ."

"ကံမနိုင် သံတိုင်အိမ်ဆောက်သော်ကျိုး. . ."

"ဆင်းရဲချမ်းသာ ကံသာပိုင်၏. . ."

"ကံသာအမိ ကံသာအဖ"ဟူသော ဆိုရိုးစကားပုံများသည့် လောက၌ ကံမပါသော် မိမိလုပ်ဆောင်တိုင်း မဖြစ်ခြင်းကို ပြသသည်။ ကံ၊ ဉာဏ်၊ ဝီရိယဟူ၍ ရှိ၏။ ယခုရေးသားမည်မှာ ကျွန်တော်တို့သည် ကံရှိခဲ့၍ ကမ္ဘာသူ၊ ကမ္ဘာသားတို့ထက် ထူးခြားပြီး ရတနာမြေပေါ် မြန်မာပြည်၌ လူဖြစ်ခဲ့ရလေပြီ။ ဉာဏ်ဟူသော ပိုင်းခြားဆင်ခြင်၍ လုပ်ဆောင်ရန် ဗေဒင်ပညာကို ရေးသားပြပါမည်။ သင်သည် လုံ့လဝီရိယစိုက်ရန်သာ ကျန်တော့သည်။ ဤဆောင်းပါးကို ဖတ်ပြီးသော် ရတနာထွက်ရှိသော မြေသို့ အမြန်အသော့နှင် ပေတော့။

ကမ္ဘာတွင် အဖိုးတန်ကျောက်အမျိုးပေါင်း ၁၂၀ ခန့်ရှိ၍ ၎င်းတို့အနက် ၂၅ မျိုးခန့်မှာ အသုံးများ တန်ဖိုးကြီး၏။ ကျောက်မျက်ရတနာစာရင်းတွင် ပတ္တမြား၊ စိန်၊ မြ၊ နီလာ လေးမျိုးသာလျှင် အဖိုးအတန်ဆုံးဖြစ်၏။

အနောက်တိုင်းသားတို့က စိန်ကို ကျောက်မျက်တို့ဘုရင်ဟု ဆို၏။ တရုတ်လူကြီးတို့က ကျောက်စိမ်းကို နှစ်သက်၏။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတွင်မူ ပတ္တမြားကိုသာလျှင် တော်ဝင်ရတနာအဖြစ် တန်ဖိုးထားခဲ့လေ၏။

မြန်မာတို့သည် နဝရတ်ဟူ၍ ရတနာကိုးပါးကို အလေးထားခဲ့ကြ၏။ နဝရတ်ဟူသည် နဝရတနဟူသော ပါဠိမှလာ၍ နဝဟူသည် ကိုး။ ရတနဟူသည် ရတနာဟု ဆို၍ ရတနာကိုးပါး၏ အဓိပ္ပာယ်ရရှိလေ၏။

"ပတ္တမြား ဘုန်းတောက်၊ မြကျောက် အေးချမ်း၊ စိန်စွမ်း ဂုဏ်ရောင်၊ ကြောင်ကား သိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာ ကဲချုပ်၊ ဂေါ်မုတ် ခွန်အား၊ ဥဿဖယား ကျန်းမာ၊ သန္တာ ကြီးကဲ၊ ပုလဲ ကျက်သရေ ကိုးဂုဏ်ဝေသည်၊ ကိုးထွေနဝရတ် စွမ်းရည်တည်း"

အထက်ပါ ရတနာကိုးပါး၌ တစ်ခုချင်း၏ ဂုဏ်သတ္တိအစွမ်းများ ဖြစ်ပေ၏။ ၎င်းကျောက်မျက်တို့ကို စီမံ၍ လက်စွပ်ကွင်းပါက နဝရတ်လက်စွပ်ဟု ခေါ်ပြီး ၎င်းလက်စွပ်ဝတ်ဆင်ပါက ထိုရတနာတို့၏ အစွမ်းများကို ဝတ်ဆင်သူ၌ ရရှိစေသည်ဟု ယုံကြည်ကြလေ၏။ ကျောက်မျက်တို့၏ တန်ခိုးအာနိသင်ဖြစ်လေ၏။

"ကဝိလက္ခဏာ သတ်ပုံကျမ်း၌ မျက်စုံလည်း သတ် နဝနတ် စီခပ်အမွှမ်းတင်"ဟု တွေ့ရ၏။ ရှေးခေတ်မြန်မာမင်းများသည် နဝရတ်ကို ဝတ်ဆင်ခဲ့ကြလေ၏။

"ပတ္တမြားမှန်က တန်ဖိုးမဖြတ်နိုင်. . ."

"ပတ္တမြားစံချိန် အဖိုးပြည့်တန်. . ."

"ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန်. . ."

"ပတ္တမြားစံကြိုး အဖိုးပြည့်တန်. . ."ဟု ပတ္တမြားကို တင်စားခေါ်ဝေါ်ပြောကြ၏။ ပတ္တမြားသည် သတ်မှတ်ထားသော စံချိန်ကိုချိုးသော် ကျော်လွန်သော တန်ဖိုးမှာ ပြည့်ပင်တန်ပေဟု ဆို၏။ အချို့က ပတ္တမြားသည် ဆန်စေ့ထက်ပိုင်းကျိုးမျှလောက်နှင့်ပင် ပြည့်ပင်တန်ဟုဆို၏။ အချို့က ပတ္တမြား၌ ဂေါ်ကြိုးသတ်မှတ်ထားသည့်အတိုင်း (စံထားသောကြိုး) ပါလျှင် ပြည့်ပင်တန်သည်ဟု ဆို၏။ မည်သည့်ဆိုရိုးစကားဖြစ်စေ အမှန်က ပတ္တမြား၏တန်ဖိုးကို တင်စားကြောင်း သိလောက်ပေပြီ။

"သင်သည် ဤမျှတန်ဖိုးရှိသော ပတ္တမြားကို တူးဖော်၍ အောင်မြင်ချင်သလော"၊ ကျွန်တော်သည် တူးဖော်ခွဲစိတ်နည်းကို ဗေဒင်ဖြင့် ရေးသားဖော်ပြပါမည်။ "စိန်ဆန်ကျိုး အဖိုးပြည့်တန်"ဟု တစ်ခါတစ်ရံ တစ်ခါမျှ ကျွန်တော် မကြားခဲ့ဖူးပေ။ ကျွန်တော်ပင် အကြားအမြင် ဗဟုသုတ နည်းရှေ့လေသလားဟု ထင်မှတ်မိ၍ ဤမျှတန်ဖိုးကြီးမားသော

ကမ္ဘာတွင် အဖိုးတန်ကျောက်အမျိုးပေါင်း
၁၂၀ ခန့်ရှိ၍ ၎င်းတို့အနက် ၂၅ မျိုးခန့်မှာ
အသုံးများ တန်ဖိုးကြီး၏။
ကျောက်မျက်ရတနာစာရင်းတွင်
ပတ္တမြား၊ စိန်၊ မြ၊ နီလာ လေးမျိုးသာလျှင်
အဖိုးအတန်ဆုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားတူးဖော်သူများ သတိထားရမည်။ ပတ္တမြားရနိုင်ပါလျက်နှင့် ၎င်းအချိန်တူးမိ၍ နီလာနှင့်သာ တင်းတိမ်ရလေသည်။

ပတ္တမြားထွက်ရာ မြန်မာ့မြေ မိုးကုတ်ဒေသသည် "ရတနာသိုက်ကြီး"ပင် မဟုတ်ပါလော။

ကံနှင့်သက်ဆိုင်သော ရတနာတူးနည်းကို ကမ္ဘောနိမိတ္တဖတ်သော ပညာဗေဒင်ဖြင့် အောက်ပါအတိုင်း စီမံ၍ တူးဖော်ရလေသည်။ ရှေးဦးစွာ မိမိတူးဖော်မည့်နေရာ (မြေကွက်)၌ တူးရာနေရာ သတ်မှတ်ရ၏။ ထိုသို့ သတ်မှတ်ခြင်းကို ပန္နက်ရိုက်သည်ဟု ခေါ်သည်။ ပန္နက်ရိုက်ရာ၌ အောက်ပါအတိုင်း စီမံရလေသည်။

တနင်္ဂနွေသား ဦးစီးတူးဖော်မည့်လုပ်ငန်း၌ ကြာသပတေး၊ သောကြာများ ပန္နက်ကြိုးကိုင်ပြီး စနေသားက ပန္နက်တုတ်(ပန္နက်သည်း) ရိုက်ရသည်။ အင်္ဂါ၊ ဗုဒ္ဓဟူးသား ကြိုးမကိုင်ရ။ တနင်္လာသားလည်း ပန္နက်မရိုက်ရ။ မရှောင်ခဲ့သော် နာမကျန်းဖြစ်လိမ့်မည်။ ပျက်စီးခြင်းလည်း ဖြစ်ထတ်သည်။ စနစ်အတိုင်းပြုသော် အောင်မြင်စေ၏။

တနင်္လာသား ဦးစီးတူးဖော်မည့် လုပ်ငန်း၌ သောကြာ၊ စနေသား ပန္နက်ကြိုးကိုင်၍ တနင်္ဂနွေသားက ပန္နက်တုတ်ရိုက်မှတ်ရမည်။ ဗုဒ္ဓဟူးသားနှင့် ကြာသပတေးသားတို့ ကြိုးကိုင်မိသော်၊ အင်္ဂါသားက ပန္နက်ရိုက်သော် ပျက်စီးတတ်လေသည်။

အင်္ဂါသားသမီး ဦးဆောင်၍ တူးဖော်မည်ဆိုသော် စနေ၊ တနင်္ဂနွေသားများက ပန္နက်ကြိုးကိုင်၍ တနင်္လာသားက ပန္နက်ရိုက်ပါက ကြွယ်ဝချမ်းသာ၍ ရတနာကောင်း တွေ့လိမ့်မည်။ ကြာသပတေး၊ သောကြာနှင့် ဗုဒ္ဓဟူးတို့ကို ရှောင်ရမည်။

ဗုဒ္ဓဟူးသားသမီး ဦးဆောင်၍ တူးဖော်မည်ဆိုသော် တနင်္ဂနွေ၊ တနင်္လာသားတို့က ပန္နက်ကြိုးကိုင်၍ အင်္ဂါသားက ပန္နက်ရိုက်ပါက စည်းစိမ်ဥစ္စာကြွယ်ဝ၍ ရတနာကောင်း ရတတ်သည်။ သောကြာ၊ စနေသားများ ပန္နက်ကြိုးကိုင်မိသော်၊ ကြာသပတေးသား ပန္နက်ရိုက်မိသော် ပျက်စီးစေ၏။

ကြာသပတေးသားသမီး ဦးဆောင်၍ တူးဖော်မည်ဆိုသော် တနင်္လာ၊ အင်္ဂါသားတို့က ပန္နက်ကြိုးကိုင်၍ ဗုဒ္ဓဟူးသားက ပန္နက်ရိုက်ရ၏။ အောင်မြင်လိမ့်မည်။ စနေ၊ တနင်္ဂနွေသားများက ပန္နက်ကြိုးကိုင်၍ သောကြာသားက ပန္နက်ရိုက်မိသော် ပျက်စီးတတ်သည်။

သောကြာသားသမီး ဦးဆောင်၍ တူးဖော်မည်ဆိုသော် အင်္ဂါ၊ ဗုဒ္ဓဟူးသားတို့က ပန္နက်ကြိုးကိုင်၍ ကြာသပတေးသားက ပန္နက်တုတ်ရိုက်ရသည်။ တနင်္ဂနွေ၊ တနင်္လာသားများက ပန္နက်ကြိုးကိုင်၍ စနေသားက ပန္နက်ရိုက်မိသော် ပျက်စီးတတ်သည်။

စနေသားသမီးက ဦးဆောင်၍ တူးဖော်မည်ဆိုသော် ဗုဒ္ဓဟူး၊ ကြာသပတေးသားတို့က ပန္နက်ကြိုးကိုင်၍ သောကြာသားက ပန္နက်ရိုက်ရမည်။ တနင်္လာ၊ အင်္ဂါများက ပန္နက်ကြိုးကိုင်၍ တနင်္ဂနွေသားက ပန္နက်ရိုက်သော် ပျက်စီးတတ်၏။

* * *

ရတနာတူးဖော်မည့်မြေ၌ သတ်မှတ်၍ ပန္နက်ရိုက်ပြီးသော် တူးဖော်ရပေမည်။ ပန္နက်ရိုက်သော အချိန်အခါကို ဖော်ပြပါယေားအတိုင်း ရွေးချယ်ပါ။

၎င်းအခါသည် တစ်နေ့တွင် ငါးခါပိုင်းခြားထားသော အင်္ဂဝိဇ္ဇာ အခါရွေးနည်းဖြစ်သည်။ နံနက်(၆း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း ပိုင်းခြားထားလေသည်။ နေ့စဉ် တနင်္ဂနွေမှ စနေနေ့အတွင်း နာရီ၊ မိနစ် တိကျသေချာစွာ ပိုင်းခြားထားလေသည်။ "၎င်းကိန်း၌ ပုဏ္ဏားနတ်သမီးရကိန်း၊ မှဆိုးရွှေအိုးရကိန်းတို့၌ ရတနာတူးခြင်း၊ ပန္နက်ရိုက်ခြင်းများ စတင်ပြုလုပ်ရမည် ဖြစ်၏။

ကွက်လပ်ဖြစ်နေသော အခါသည် အကောင်းအဆိုးလွတ်လေ၏။ ကျန်အခါတို့သည် ရှောင်သင့်သည်။ အခါရွေး၍ ပန္နက်ရိုက်ပြီးသော် တူးဖော်ရန် အသင့်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

| အချိန်နာရီ / နေ့ | နံနက် ၆:၀၀ မှ ၇:၂၄ | နံနက် ၇:၂၅ မှ ၁၀:၄၈ | နံနက် ၁၀:၄၉ မှ နေ့ ၁:၁၂ | နေ့ ၁:၁၃ မှ ၃:၃၆ | နေ့ ၃:၃၇ မှ ညနေ ၆:၀၀ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း | | သွေးအန်ကိန်း |
| တနင်္လာ | သွေးအန်ကိန်း | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း | |
| အင်္ဂါ | | သွေးအန်ကိန်း | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း |
| ဗုဒ္ဓဟူး | မှဆိုး ရွှေအိုးရကိန်း | | သွေးအန်ကိန်း | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း |
| ကြာသပတေး | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း | | သွေးအန်ကိန်း | ပုဏ္ဏား နတ်သမီးရကိန်း |
| သောကြာ | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း | သွေးအန်ကိန်း | |
| စနေ | သွေးအန်ကိန်း | ပုဏ္ဏား နတ်သမီးရကိန်း | ဒေဝဒတ် ပျက်ကိန်း | မှဆိုး ရွှေအိုးရကိန်း | |

ရှေးအခါက ရတနာတူးဖော်ခါနီး၌ ရွတ်ဖတ်မှုကျွမ်းကျင်သူ တစ်ဦးတို့အား "မဟာဝေဒဗ္ဗမန္တန်" ရွတ်ဆိုစေ၏။ "မဟာဝေဒဗ္ဗမန္တန်"သည် ရတနာမိုး ရွာသွန်းစေသည်ဟု ပြောကြားထားခဲ့လေ၏။ ဤမန္တန်မရသော် မရွတ်ဖတ်ပါနှင့်။ ရွတ်ဖတ်သော် ကောင်းမွန်လေသည်။

အနောက်နိုင်ငံသားတို့ကမူ (၄-၈-၁၃-၁၆-၂၂-၂၆-၃၁)ရက်တို့ကို ရှောင်လေ၏။ မိမိမွေးနံနှင့် ကိုက်ညီလိုက်ဖက်ညီသော နေ့ရက်တို့ကို ရွေးချယ်၍ တူးဖော်လေ၏။

မြေကို စတင်တူး၍ ဦးဆုံးတွေ့သော မည်သည့်ကျောက်ဖြစ်စေ တူးသူထံ ကိုင်၍ပြလျှင် ဘေးမှလူတို့က "ဘာတွေတုန်းဗျ"ဟု မေးရ၏။ ကိုင်ထားသော တူးဖော်သူက "ပြည်တန်ပတ္တမြားတွေ"ဟု ဝမ်းသာအားရ ပြောရ၏။ ကျောက်စိမ်းတူးသူကလည်း "ပြည်တန်ကျောက်စိမ်းတွေ"ဟု ပြောရ၏။ ရေနံတူးသူကလည်း "ပြည်တန်ရေနံတွေ"ဟု ပြောရလေ၏။

မှတ်ချက် ။ ။ ဖော်ပြပါ အခါရွေးနည်းသည် ရတနာရှာဖွေတူးဖော်သည့် လုပ်ငန်းတစ်ခုတည်းသာ သုံးရန်မဟုတ်။ ဆိုင်ဖွင့်ခြင်း၊ အိမ်ဆောက်ခြင်း၊ ကုမ္ပဏီတည်ထောင်ခြင်း၊ ကျောက်မျက်သွေးခြင်း၊ သိမ်သမုတ်ခြင်း စသည့်လုပ်ငန်းဆောင်တာ အားလုံး၌ သုံးနိုင်သည်။ (စာရေးသူ)

မြေလည်း ပန္နက်ရိုက်ပြီးပြီ၊ စတင်လည်း တူးပြီဆိုပါက တနင်္ဂနွေသားသည် ကျောက်နီပါသော လက်ဝတ်ရတနာကို ဆင်မြန်း၍ သတင်းကောင်းနားထောင်ရန် အမြဲဝတ်ထားရမည်။

ဆိုလိုသည်မှာ ဤလုပ်ငန်း စတင်လုပ်သည်နှင့် ကျောက်နီပါသော ရတနာဝတ်ဆင်ထားရမည်။

(ဥပမာ...ပတ္တမြား၊ ကျောက်နီ)

တနင်္ဂနွေသားသမီး ပုလဲဝတ်ဆင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| အင်္ဂါသားသမီး | သန္တာဝတ်ဆင်ရမည်။ |
| ဗုဒ္ဓဟူးသားသမီး | မြကိုဝတ်ဆင်ရမည်။ |
| ကြာသပတေးသားသမီး | မြကိုဝတ်ဆင်ရမည်။ |
| သောကြာသားသမီး | စိန်ကိုဝတ်ဆင်ရမည်။ (စိန်အစစ်မရှိသော် ရှုရှားစိန်၊ ဓာတုဗေဒစိန် ဝတ်နိုင်သည်။) |
| စနေသားသမီး | နီလာဝတ်ဆင်ရမည်။ |
| ရာဟုသားသမီး | (အချို့က ဗုဒ္ဓဟူးနေ့ မွန်းလွဲ၊ ညနေပိုင်း မွေးဖွားသူတို့ကို ရာဟုဟူ၍ အယူရှိ |

သောကြောင့် ထည့်သွင်း ရေးသားရခြင်းဖြစ်၏။)သည် ဂေါ်မုတ်ကို ဝတ်ဆင်ရမည်။ ထိုသို့ဝတ်ဆင်ထားပါက မိမိလုပ်ငန်း အောင်မြင်စေသည်ဟု ရှေးကျမ်းတို့၌ ပါရှိလေ၏။ ထို့အတူ မိမိတစ်ဦးတည်း၌ပင် လုပ်ငန်းလုပ်ရာ၌ ဝတ်ဆင်အပ်သော နေရာကို ဖော်ပြပါမည်။

| | |
|---|---|
| လက်ညှိုးမှာ | နီလာဝတ်ရမည်။ |
| လက်ခလယ်မှာ | မြကိုဝတ်ရမည်။ |
| လက်သူကြွယ်မှာ | ပတ္တမြားကိုဝတ်ရမည်။ |
| လက်သန်းမှာ | ကြောင်ကိုဝတ်ရမည်။ |

စိန်မှာ လက်တိုင်းဝတ်ဆင်နိုင်သည်။ ဤနည်းအတိုင်း ဝတ်ဆင်ပါက မိမိတူးဖော်မည့် ရတနာသိုက်များ အောင်မြင်လေသည်။ ရတနာကောင်း တွေ့နိုင်လေ၏။

ဇာတာအလိုဌ်မှ ပတ္တမြားကို ရည်စူး၍ တူးဖော်သော် မိဿရာသီ၌ စန်း၊ လဂ် ပူးသော မထာဝေအခါ၌ တူးဖော်သော် အောင်မြင်လေသည်။ စန်းသည် တစ်လတစ်ခါ မိဿရာသီရောက်၏။ စန်းမိဿရောက်ချိန် လဂ်ထပ်၍ ၎င်းနာရီအတွင်း စတင်တူးဖော်နိုင်သည်။

ပြိဿရာသီ စန်းလဂ်ပူးသော် မြရတနာရ၏။

သိဟ်ရာသီ စန်းလဂ်ပူးသော် စိန်ရတနာရ၏။

ဗြိစ္ဆာရာသီ စန်းလဂ်ပူးသော် နီလာရတနာရ၏။

ပတ္တမြားတူးဖော်သူများ သတိထားရမည်။ ပတ္တမြားရနိုင်ပါလျက်နှင့် ၎င်းအချိန်တူးမိ၍ နီလာနှင့်သာ တင်းတိမ်ရလေသည်။

ဇာတာအလိုအားဖြင့် နက္ခတ်ရွေး၍ တူးဖော်လိုသော် စန်းသည် အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟနီ၊ မိဂသီ၊ အဒြနက္ခတ်တို့တွင် စန်းဖြတ်ချိန်၌ တူးဖော်သော် ပတ္တမြားရလေသည်။

ပုဗ္ဗဖုသျှ၊ ဖုသျှ၊ အဿလိဿ၊ မာဃ၊ ပြုပ္ပါဘရဂုဏ္ဏီနက္ခတ်တို့တွင် စန်းဖြတ်ချိန်၌ တူးမိသော် နီလာရနိုင်၏။

အခါရွေးနည်း၊ နက္ခတ်နည်း၊ အဆောင်ရတနာဝတ်ဆင်၍ တူးသည့်နည်းတို့၌ မိမိကြိုက်နှစ်သက်သလို ရွေးချယ်ပြီး ရတနာတူးဖော်ခြင်း၊ သွေးဖြတ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ ပြုလုပ်သော် ရတနာသိုက်ကြီးတစ်ခုလုံးပင် ရနိုင်သည်ဟု အဆိုရှိလေသည်။

ဤနည်းများအပြင် လဂ်နှင့် တနင်္ဂနွေဂြိုဟ်ပူးသော အခါ တူးဖော်က ရတနာနည်း၊ နံနက်ခါ (မွန်းမလွဲမီ)တူးသော နည်း၊ နက္ခတ် တိထိငါးပါးတွင် တိထိငါးပါးရွေး၍ ရတနာတူးနည်း စသည်ဖြင့် အများအပြားရှိသေး၏။

ထို့ပြင် မြေခံရွေး၍တူးနည်း၊ နိမိတ်ဖမ်း(စောင့်)၍ တူးနည်း၊ ရတနာစောင့်နတ်တို့အား တိုင်တည်နည်း၊ မြေစောင့်နတ်အပဟိန်း၊ မန္တန်ရွတ်ဖတ်ခြင်း၊ အများအပြားရှိသေး၏။

ဘာသာရေး၌မူ သစ္စာရှိရမည်၊ ငါးပါးသီလထဲမှ အင်္ဂါဒိနကံ စောင့်ထိန်းခြင်း၊ ကာမေသုမိစ္ဆာစာရကံ စောင့်ထိန်းခြင်း၊ သုရာမေရကံစောင့်ထိန်းခြင်းတို့လည်း ရှိရမည်။

အထူးအရေးကြီးသည်မှာ သစ္စာရှိခြင်းပင် ဖြစ်သည်။ ရတနာတူးဖော်ခြင်း၌ ပါဝင်သူတို့သည် ဘုရား၌ အောင်သပြေပန်း၊ သစ္စာပန်း လှူဒါန်း၍ သစ္စာဆိုသော အလေ့အထလည်း ရှိခဲ့၏။

ယခုလည်း ပြုလုပ်သင့်ပါသည်။ ထို့အတူ ဒေသဆိုင်ရာ အစောင့်အရှောက်တို့အားလည်း ဓလေ့အတိုင်း ပူဇော်အပ်၏။

သူဌေးဖြစ်ရန် ရတနာသိုက်တူးနည်းကို ရေးသားပြသကာ သင်တို့အား လက်ဆောင်အဖြစ် ကျွန်ုပ် ပေးဝေလိုက်ပါတော့၏။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ချမ်းသာခြင်းသုခနှင့် ပြည့်စုံပါစေသော်။ ■

■ သုခမော်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈ ခုနှစ်၊ ဝါဆိုလ - ဝါခေါင်လ

## 2016 AUGUST

| | | |
|---|---|---|
| တနင်္လာ Monday | 1 ၁၃ | |
| အင်္ဂါ Tuesday | 2 ၁၄ | |
| ဗုဒ္ဓဟူး Wednesday | 3 ၁၅ ရက်ရာဇာ ဝါဆိုလကွယ် | |
| ကြာသပတေး Thursday | 4 ၁ မဟာရက်ကြမ်း | 18 ၁၅ ဝါခေါင်လပြည့် |
| သောကြာ Friday | 5 ၂ ရက်ရာဇာ | 19 ၁ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| စနေ Saturday | 6 ၃ | 20 ၂ |
| တနင်္ဂနွေ Sunday | 7 ၄ ရက်ရာဇာ | 21 ၃ |
| တနင်္လာ Monday | 8 ၅ | 22 ၄ |
| အင်္ဂါ Tuesday | 9 ၆ | 23 ၅ |
| ဗုဒ္ဓဟူး Wednesday | 10 ၇ ရက်ရာဇာ | 24 ၆ ရက်ရာဇာ |
| ကြာသပတေး Thursday | 11 ၈ | 25 ၇ |
| သောကြာ Friday | 12 ၉ ရက်ရာဇာ | 26 ၈ ရက်ရာဇာ |
| စနေ Saturday | 13 ၁၀ | 27 ၉ |
| တနင်္ဂနွေ Sunday | 14 ၁၁ | 28 ၁၀ |
| တနင်္လာ Monday | 15 ၁၂ | 29 ၁၁ |
| အင်္ဂါ Tuesday | 16 ၁၃ | 30 ၁၂ |
| ဗုဒ္ဓဟူး Wednesday | 17 ၁၄ ရက်ရာဇာ | 31 ၁၃ ရက်ရာဇာ |



၁. ၈. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၆. ၈. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၈. ၂၀၁၆ အင်္ဂါနေ့ နံနက် ၁၁ နာရီ ၀ မိနစ်တွင် သိဟ်ရာသီသို့ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၉. ၈. ၂၀၁၆ သောကြာနေ့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ၁၁. ၈. ၂၀၁၆ ကြာသပတေးနေ့ ည ၈ နာရီ ၂၅ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁. ၈. ၂၀၁၆ တနင်္လာနေ့ နံနက် ၂နာရီ ၁၃ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၅. ၈. ၂၀၁၆ ကြာသပတေးနေ့ ည ၈ နာရီ ၂၅ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် နေသင်္ကြန်နက္ခတ်နှင့် စန်းယှဉ်ချိန်

(၁၈. ၈. ၂၀၁၆)ကြာသပတေးနေ့၊ နေ့လည် ၁ နာရီ ၁၆ မိနစ် ၃၄ စက္ကန့်။

(၁၉. ၈. ၂၀၁၆)ရက်သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက် ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်၌ ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။


*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# စာရေးတံဆိုတဲ့ မဲ
# လဝါခေါင်ရဲ့ ပွဲ

ဇာဂနာသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)

မြန်မာ့တစ်ဆယ့်နှစ်လအနက် ရွှေမိုးပဋ္ဌန်၊ အမှုန်တော်ဦး၊ မြူးလေသည့်လကား လယ်မြေတစ်ဝှမ်းနှင့် ရေတွေဖောင်လေသည့် ဝါခေါင်လပင် ဖြစ်လေ၏။ ဝါခေါင်လနှင့် စပ်လျဉ်း၍ စာဆိုတော် မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် ပသာဒသဘာဝကို ခြယ်ရေးပြခဲ့သည်။

"မျှော်ယောင်သာ ပန်းတော့တယ်၊ သောင်ကမ်းယံပြည့်လျှံ၊ နဒီငယ်ခြံသည်၊ ပြည်မင်းစံရွှေဘုံက၊ အကုန်ထူးတဲ့ လကိုလေ။

ရာသီသိမ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝဏ်လည်း၊ ရောင်ဖုန်တောဝ၊ ပန်းခတ္တာနှင့်၊ နိုင်ညာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည်ချိန်ကို၊ ဒေဝရိန်ပဋ္ဌန်မှူးက မြူးလှတယ်လေး"

စင်စစ် ဝါခေါင်လသည် စာရေးတံမဲ ကျင်းပရာ၊ စာရေးတံပွဲကျင်းပရာ လမြတ်ဖြစ်သည်။ ဂါဝီလင်္ကာဗျာ သံပေါက်အရ ဝါခေါင်လသို့ ရောက်ပြီဆိုပါက -

"မစိမ်းမဆွဲ
စာရေးတံ
ရေနွံမသုတ်ဘဲ"

ဟူသည့် သတ်ပုံအတိုင်း ဝါဆိုလွန်မြောက် ဝါခေါင်လ



www.burmeseclassic.com

www.burmeseclassic.com

ရောက်သည်နှင့် စာရေးတံသဘင်များကို ကျင်းပလေ့ရှိကြသည်။ ဘုရားရှင်လက်ထက်တော်အခါက စာရေးတံမဲ ကျင်းပ၍ မဲနှိုက်သည့်အခါတိုင်း စာရေးတံမဲပေါက်သည့်အခါဝယ် အသာခံ၊ အမြတ်ခံ၊ တေဒဂ်ဘွဲ့ရသည့် ကုဏ္ဍဓာနမထေရ် ရှိခဲ့ဖူးသည်။ ထိုတေဒဂ်ရ အရှင်အပေါ် အခြေပြုလျက် မဲပေါက်လို၊ ထီပေါက်လိုသူမှန်သမျှသည် အောက်ပါဂါထာကို ကျက်မှတ်လျက်. ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြပါသည်။

"တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ
ဘိက္ခူနံ ပဌမံ သလာကံ
ကဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော။
(ဧတေန သစ္စဝဇ္ဇေန၊ ဇဝံ မေ ဟောတု)

ဝါခေါင်လဟူသည် ဝါဆိုလနှင့် တစ်ဆက်တစ်စပ်တည်း ရှိသဖြင့် ရေတွေဖောင်လောက်အောင် မိုးတွေက အဆက်မပြတ် ရွာသွန်းလေ့ရှိစမြဲ ဖြစ်ပါသည်။ ထိုသို့သော မိုးစက်မိုးရေများနှင့်အတူ ခတ္တာပန်း၊ မိုးစွေပန်းများမှာလည်း ပွင့်လန်း၍ မစဲနိုင်အောင် ရှိတော့သည်။ ဝါခေါင်လသည် သသ်ကရိုက်ဘာသာအားဖြင့် "သဝဏ"၊ ပါဠိဘာသာအားဖြင့် "သရဝဏ်"ဟု ခေါ်ကြသော မြားသဏ္ဍာန် နက္ခတ်ထွန်းတောက်ချိန် ဖြစ်ပေရာ မြစ်များ၊ ချောင်းများ၌ ရေများလျှံကျသည့် ရာသီပင်ဖြစ်တော့၏။ သည့်အတွက် ရှေးမြန်မာပညာရှိကြီးများက ဝါခေါင်လအား "နံကာလ"ဟူ၍ ခေါ်ဆိုကြပြန်ပါသေး၏။

စင်စစ် ဝါခေါင်လ၏ ပွဲသဘင်ဖြစ်သော စာရေးတံပွဲသည် ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များနှင့် ပတ်သက်သော ပွဲရာသီဖြစ်လေသည်။ ဤရာသီတွင် ရဟန်းသံဃာတော်များအဖို့ ဆွမ်းပန်းကိစ္စ အခက်အခဲမဖြစ်ကြစေရန် တပည့်ဒါယကာအပေါင်းတို့ စုစည်းလျက် ဆွမ်းကိစ္စအား ပြီးမြောက်အောင် ဆောင်ရွက်ကြသောအချိန်အခါ ဖြစ်လေသည်။ ထိုသို့ဆောင်ရွက်ခြင်းအား "စာရေးတံပွဲ"ဟု သမုတ်ခဲ့ကြသည်။

စာရေးတံဆိုသည်မှာ "မဲတံ"ဟုခေါ်သော မဲတုတ်ကလေးများဖြင့် မဲချပြီး လှူဒါန်းခြင်းကို ဆိုလိုပါသည်။ မဲတုတ်ကလေးများမှာ ဝါးခြမ်းစိတ်ကလေးများဖြစ်၍ ထိပ်ပိုင်းတွင် ဘုန်းတော်ကြီးဘွဲ့. ရေးသားရန် ထိပ်ပြားကလေးများ ပြုလုပ်ထားရှိရသည်ဟု ဆိုသည်။ ရွာအနီးအနားရှိ ဘုန်းတော်ကြီးကျောင်းများမှ ဘုန်းတော်ကြီးများစာရင်းနှင့် ရွာဦးကျောင်းမှ ရဟန်းတော်များစာရင်းကို ကောက်ယူကြပြီးလျှင် ဆွမ်းအုပ်အရေအတွက် အနည်းအများကို လိုက်၍ မဲဖောက်ပြီး ဆွမ်းအုပ်များကို ပို့ကြရသည်။ ထိုအချိန်၌ ကျေးလက်တောရွာများရှိ တောင်သူလယ်သမားဦးကြီးများသည် လုပ်ငန်းခွင်ဝင်ရောက်ချိန်ဖြစ်သော်လည်း သာသနာ့ဝန်ထမ်း ရဟန်းသံဃာအပေါင်းတို့အား ပရိယတ်လုပ်ငန်းခွင်၌ ဆွမ်းကိစ္စအတွက် စိတ်အနှောင့်အယှက်မဖြစ်ကြစေရန် သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းသမှု ပြုကြပါသည်။ ထိုသို့ လှူဒါန်းကြသော အလှူပွဲကိုပင် စာရေးတံပွဲဟု သမုတ်ခဲ့ကြခြင်းဖြစ်ပေသည်။

ဤ၌ "မြန်မာ့ရိုးရာ စာရေးတံ"ဟု ခေါ်ကြသည်မှာ ဘွဲ့အမည်ကို စာဖြင့်ရေးပြီး တုတ်တံကလေးများ ပြုလုပ်ခြင်းကြောင့် "စာရေးတံ"ဟု ခေါ်သည်ဟု ယူဆခဲ့ကြသည်။ တစ်နည်းအားဖြင့် "ထိုက်တန်သူ"ကို ရည်ညွှန်းခြင်းလည်း ဖြစ်၏။ တစ်ဖန် အာရဗီစကားအရ "ရှာယီဒန်" မဲချခြင်း စကားလုံးမှ "စာရေးတံ"အဖြစ် ကူးပြောင်းလာလေခြင်းလော ဟူ၍လည်း တွေးတောဖွယ်ဖြစ်၏။ အကြောင်းမူ မိမိတို့မြန်မာ့ဝေါဟာရစကားလုံးများစွာသည် ဘာသာစကားအသီးသီးမှ စိမ့်ဝင်လာသော စကားလုံးဝေါဟာရများစွာ ရှိနေသောကြောင့် ဖြစ်ချေသည်။

မည်သို့ဖြစ်စေ စာရေးတံဆိုသည့် မဲသည် လဝါခေါင်၏ ပွဲတော်အမှတ်အသားတစ်ခု ဖြစ်နေသည်မှာ သေချာနေပါပြီ။ "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမစဲ"ဆိုသည့် စကားနှင့်အညီ မိုးဝသန်ဥတုရာသီကို တည်မှီနေသော ဝါခေါင်လသမယ၌ သာသနာတော် ထွန်းကားပြန့်ပွားရလေအောင် သဒ္ဓါတရားတို့ ပွားများကြပါစို့ဟူ၍ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း . . .။

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာကျမ်းပြု)

www.burmeseclassic.com

# သည်လပွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

ဘာပဲလုပ်လုပ် အဆင်ပြေမည့်အခြေအနေမျိုး ဖြစ်နေတတ်ပါသည်။ ကျောက်မျက်ရတနာများ။ ယာဉ်များ ဝင်လာတတ်သည်။ မိသားစုထဲမှ တစ်ဦးဦး ရပ်ဝေးခရီးသို့ သွားရတတ်သည်။ ပျို့ရွယ်သူများ အချစ်သစ်နှင့် ဆုံစည်းတွေ့ကြုံရတတ်သည်။ စိန်၊ ပုလဲတို့လည်း ဝင်လာတတ်ပါသေးသည်။ အိမ်ထောင်ဖက်ကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်တတ်သည်။

စက်မှုလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ သားသမီးများ၏ပညာရေး ကောင်းမွန်ပါသည်။ ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အိမ်မြေကိစ္စအတွက် ငွေကြေးများဝင်လာမည်။ အိမ်နေရာထိုင်ခင်း အသစ်ရမည်။ မိဘများ၏ ကူညီပံ့ပိုးမှုရရှိမည်။ ဘုရားဖူးခရီးသွားရတတ်သည်။ ကျန်းမာရေးအတွက် ပူပင်ကြောင့်ကြစရာ မလိုပါ။ ကလေးများ အမြင့်မှ ပြုတ်ကျတတ်သည်။ အလုပ်ကိစ္စများ၌ အပြောင်းအလဲများ ဖြစ်ပေါ်တတ်သည်။

မမျှော်လင့်ဘဲ ကမ်းရိုးတန်းဒေသခရီးသို့ သွားရတတ်သည်။ အလုပ်ကိစ္စများတွင် အမျိုးသမီးများကြောင့် နှောင့်နှေးတတ်ပါသည်။ မိမိ၏ကြံစည်မှုတို့မှာ တစ်ပါးသူဦးနေတာမျိုး ကြုံရတတ်သည်။ လယ်ယာသားငါးထွက်ကုန်မှ အကျိုးခံစားရမည်။ ရွှေ အိမ် ဝင်မည်။ ကျန်းမာရေးကောင်းမွန်ပါမည်။ အမှုများနှင့် ကြုံတွေ့၍ တရားတပေါင်ဖြစ်တတ်ပါသည်။

ရပ်ဝေးဒေသမှ ဆွေမျိုးညော့သည်များ ရောက်ရှိလာတတ်သည်။ စီးပွားရေးအဆင်ပြေမည်။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ဝင်ငွေကောင်းမည်။ မျက်နှာနှင့်ဝမ်းဗိုက်ပိုင်းတို့၌ ဝေဒနာများ ခံစားရတတ်သည်။ လက်ဆောင်ပစ္စည်းများလည်း ရရှိတတ်သည်။ အိမ်၊ ခြံ၊ မြေ (သို့မဟုတ်) ငွေကြေးရတနာပစ္စည်းများ ဝင်မည်။ နိုင်ငံရပ်ခြားမှ သတင်းကောင်းကြားရတတ်သည်။ သွေးတိုး၊ နှလုံးရောဂါများ ခံစားရတတ်သည်။ အစားမှားခြင်း၊ ဆေးသောက်မှားခြင်းတို့လည်း ကြုံရတတ်ပါသေးသည်။

အိမ်အပြောင်းအရွှေ့ရှိမည်။ ရေထွက်ပစ္စည်းနှင့် အလှကုန်ပစ္စည်းများမှ ငွေများရရှိမည်။ သူကောင်းပြုခြင်းကို ခံရမည်။ မိတ်ဆွေသူငယ်ချင်းများ မိမိထံရောက်လာတတ်သည်။ မိဘများ၏ ကျန်းမာရေးညံ့နေတတ်ပါသည်။ အလုပ်ကိစ္စများ၌ ဘာပဲလုပ်လုပ် အဆင်ပြေနေမည်။ မိသားစုအတွက် စိတ်ချမ်းသာရပါမည်။ သံဃာတော်များအား အလှူဒါနပြုရတတ်သည်။

စီးပွားရေးတိုးတက်မှု ရှိလာမည်။ အနုပညာလုပ်ငန်း၊ စာပေလုပ်ငန်း၊ ပညာရေးလုပ်ငန်းများတွင် အကျိုးခံစားမှုရရှိမည်။ ချစ်သူ၏ အထင်လွဲမှုန်းတီးခြင်းကို ခံရတတ်သည်။ ရပ်ဝေးမှ ငွေကြေးများ ရောက်လာတတ်သည်။ အလှူဒါနပြုရတတ်သည်။ အလုပ်၊ ရာထူး၊ လစာ တိုးတက်မှုရှိမည့်ကောင်းသတင်းကြားရတတ်သည်။ ရှေးဟောင်းပစ္စည်းများ ရရှိမည်။ အချစ်ရေးကိစ္စများတွင် စိုးရိမ်ပူပန်မှုများ ကြုံရတတ်သည်။

မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ နှောင့်နှေးခြင်း၊ ပျက်ယွင်းခြင်းများ ကြုံလာတတ်ပါသည်။ ဘာပဲလုပ်လုပ် စဉ်းစားချင့်ချိန်ပြီးမှ လုပ်ကိုင်သင့်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အကြောဝေဒနာ ဒုက္ခပေးမည်။

*ယတြာပြုလုပ်လိုပါက သံဃာတော်တစ်ပါးအား ဆွမ်းကပ်၍ ၃၁ ဘုံသားများကို မေတ္တာပို့ပါ။*

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

လူမှာ စားဝတ်နေမှုဆိုသော အကြောင်းသုံးပါးသည် များစွာမှ အရေးကြီးလှပေ၏။ စားဝတ်နေမှု ပြေလည်ဖို့ရာအလို့ငှာ အလုပ်အကိုင်တွေကောင်းဖို့၊ လုပ်ကိုင်သမျှ အောင်မြင်ဖို့ရာ အရေးကြီးလှ၏။ သည့်အတွက် အလုပ်အကိုင်အောင်မြင်စေဖို့ရာအတွက် နေ့သားအလိုက် လုပ်ကိုင်ဆောင်ရွက်သင့်သည့် နေ့ကောင်းရက်မြတ်များကို ရွေးချယ်တင်ပြလိုက်ရပါသည်။

**တနင်္ဂနွေနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၂)၊ (၃)၊ (၆)၊ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**တနင်္လာနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၁)၊ (၂)၊ (၃)၊ (၅)၊ (၆)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**အင်္ဂါနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၁)၊ (၅)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၃)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**ကြာသပတေးနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၂)၊ (၃)၊ (၈)၊ (၁၀)၊ (၁၆)၊ (၁၇)၊ (၂၃)၊ (၂၆)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**သောကြာနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၁)၊ (၃)၊ (၈)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**စနေနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

**ရာဟုနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၃)၊ (၆)၊ (၁၀)၊ (၁၇)၊ (၂၀)၊ (၂၅)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြပါသည်။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ တစ်လတာ

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

□ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသည့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်လေသည်။ မိမိတို့ နိုင်ငံသားများမှာလည်း မြေသားကို ချစ်ခင်သူများပီပီ မြေသားကိုတွေ့လျှင် တူးဆွစိုက်ပျိုးလိုကြပေသည်။ "စားပ့ါစိုက်ပါ...စိုက်ပါပျိုးပါ တို့မြေပဒေသာ"ဆိုသော စကားနှင့်အညီ အာဟာရလည်းဖြစ်၊ ဗီတာမင်ဓာတ်လည်းကြွယ်ဝသည့် သစ်ပင်သီးနှံများကိုလည်း စိုက်ပျိုးကြကုန်၏။ ဝေဆာလှပသည့် ပန်းမာလာများကိုလည်း စိုက်ပျိုးကြကုန်၏။ ထိုအခါဝယ် စိုက်ပျိုးရေးရာအတွက် အကျိုးဖြစ်ထွန်းဖို့ရာ အလို့ငှာ လောကီရေးရာများကို တင်ပြလိုက်ရပါသည်။

၁။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်
ဩဂုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် သီးနှံများမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက်များ၊ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်
ဩဂုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်း ရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက်
ဩဂုတ်လ (၁)၊ (၆)၊ (၁၆)၊ (၂၀)၊ (၂၉) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်တို့အတွက်
ဩဂုတ်လ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၆)၊ (၃၀) စသောရက်များသည် ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

✦ တောကကိုရင် ✦



www.burmeseclassic.com

www.burmeseclassic.com

# ဩဂုတ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဩဂုတ်လ (၃)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၇) စသောရက် များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူး ဆွခြင်း စသော အမှုတို့ကို ပြုလုပ်နိုင်ပါသည်။

၂။ ဩဂုတ်လ (၄)၊ (၉)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၂၈) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာ ဆင်ယင်ကျင်းပခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၃။ ဩဂုတ်လ (၅)၊ (၁၀)၊ (၂၀)၊ (၂၄)၊ (၂၉) စသော ရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက် များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ အမှုကိစ္စစုံစမ်းထောက်လှမ်းခြင်းတို့ ပြုလုပ် နိုင်ပါသည်။

၄။ ဩဂုတ်လ (၁)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၅)၊ (၃၀) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက် ၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုး ခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ ကားထောင်ခြင်း စသောအမှုကိစ္စတို့ကို ကောင်းစွာ ဆောင် ရွက်နိုင်ပါသည်။

၅။ ဩဂုတ်လ (၂)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၁) စသော ရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက် ၏။ သို့ဖြစ်၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ် ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော လောကီ၊ လောကုတ် မင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ ဩဂုတ်လ (၁၉) ရက်သည် "အမြိုတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်များ၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

၇။ ဩဂုတ်လ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် "ရက် ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာ ရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင် ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ် ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

**နွယ်သာကီအောင်**

* ချောင်းရေတွေလျှံ၍ ကန်ရေတွေ တိုးကြပြီ။

နွေတုန်းကလည်း နွေအလျောက် သဘာဝနေမင်းကြီးက မိမိတို့လူသားများအား ၎င်း၏အပူဖြင့် ကျောပြင်အား ပြောတင်၍နှက်ခဲ့သည်။ ယော···ခု မိုးကာလ ရောက်ပြန်တော့ သဘာဝမိုးနတ်မင်းကြီးက မိမိတို့ လူသားတွေအပေါ် ရွှဲရွှဲစိုပေရေ၊ ချမ်းခိုက်ခိုက်တုန်ပေရေ၊ ရေတွေ ဖောင်းလန်ရေ့ဟူ၍ မာန်တွေတင်းကာ မိုးတိမ်ထုအား ညှစ်ချလိုက်ခဲ့ပြီ။ သို့ရာတွင် နေရာဒေသအလိုက်တော့ မဟုတ်။ "ဝါခေါင်မိုးမသည်း"ဆိုတာမျိုးလည်း ရှိပေသည်။ မည်သို့ဆိုစေ···နွေအပူကို စိုးရွံ့ထိတ်လန့်ခဲ့သော မိမိတို့အဖို့ရာမတော့ အေးမြသောမိုး။ သဘာဝလျှပ်စစ်စွမ်းအားတွေကို ပင့်နှိုးပေးမည့်မိုးအား လိုက်လှဲစွာကြိုဆိုရင်း···

၁။ အိုးအိမ်တိုက်တာ ဝယ်ဖို့ရာ

ဩဂုတ်လ (၃)၊ (၅)၊ (၁၄)၊ (၂၂)၊ (၃၀)၊ (၃၁)စသော ရက်များသည် နေအိမ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဩဂုတ်လ (၁)၊ (၁၀)၊ (၁၇)၊ (၁၉) စသော ရက်များသည် ကား/ယာဉ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

ဩဂုတ်လ (၃)၊ (၅)၊ (၈)၊ (၁၂)၊ (၁၉)၊ (၂၂)၊ (၂၆)၊ (၃၀) စသော ရက်များသည် ရွှေ/ကျောက်တူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၄။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ပြဒ္ဒဝုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၂၄) စသော ရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ ခရီးလမ်းပန်း သွားဖို့ရာ

ပြဒ္ဒဝုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၆) စသောရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ လယ်ထွန်မင်္ဂလာကျင်းပရာ

ပြဒ္ဒဝုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ ယှဉ်ပြိုင်ကစားမှုများ ဆောင်ရွက်ဖို့ရာ

ပြဒ္ဒဝုတ်လ (၃)၊ (၈)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၀) စသော ရက်များသည် ယှဉ်ပြိုင်ကစားမှုများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ ကျောင်း/အိမ်ဆောက်လုပ်ရာ

ပြဒ္ဒဝုတ်လ (၃)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၆)၊ (၃၀) စသော ရက်များသည် ကျောင်း/အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ အရောင်းအဝယ်လုပ်ကိုင်ဖို့ရာ

ပြဒ္ဒဝုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ပြဒ္ဒဝုတ်လ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ ရေတွင်းရေကန် တူးဖို့ရာ

ပြဒ္ဒဝုတ်လ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၄)၊ (၃၀)၊ (၃၁) စသော ရက်များသည် ရေတွင်းရေကန်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ ပညာကောင်းစွာ သင်ဖို့ရာ

ပြဒ္ဒဝုတ်လ (၃)၊ (၈)၊ (၁၀)၊ (၁၉)၊ (၃၀) စသော ရက်များသည် ပညာသင်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ ရေနေသတ္တဝါဖမ်းဖို့ရာ

ပြဒ္ဒဝုတ်လ (၁)၊ (၃)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၃၀) စသော ရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်တွင်းရှိ ရေနေသတ္တဝါတို့အား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ ရှင်ပြုမင်္ဂလာကျင်းပရာ

ပြဒ္ဒဝုတ်လ (၃)၊ (၅)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၃၀)၊ (၃၁)၊ စသော ရက်များသည် ရှင်ပြု နားသမင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ မင်္ဂလာအခါ ပေးသင့်သည့်နေ့များ

ပြဒ္ဒဝုတ်လ (၁)၊ (၂)၊ (၃)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၀)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၆၀၅ နှစ်ကြာ

# ဝါဆိုလပြည့်နေ့ညက ဟောခဲ့သည့် ဟေမဝတသုတ္တန်

ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညချမ်း ဓမ္မစကြာတရားဦး ဟောကြားပြီးတဲ့နောက်မှာ မြတ်ဗုဒ္ဓဘုရားသခင်ဟာ ဒေသနာအစဉ်အားဖြင့် ဒီဟေမဝတသုတ္တန်ဒေသနာမြတ်ကို ဟောကြားတော်မူခဲ့တယ်။ ဒီဟေမဝတသုတ္တန်က ဂါထာလေးတွေနဲ့ တိုတိုကျဉ်းကျဉ်း ဟောကြားထားတဲ့ သုတ္တန်ဖြစ်တဲ့အတွက် သိပ်မထင်ရှားလှပါ။ ဒီသုတ္တန်က လူတိုင်းနဲ့ သင့်လျော်ပါတယ်။ ဒီသုတ်ရဲ့ အချီးနိဒါန်းမှာက ဟေမဝတနတ်နဲ့ သာတာဂီရိနတ်တို့ အမေးအဖြေထဲမှာ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ဘုရားဂုဏ်တွေပါတယ်။ ဗုဒ္ဓသာသနာဝင် သူတော်စင်တွေ ကျင့်သင့်ကျင့်ထိုက်တဲ့ အကျင့်လမ်းစဉ်တွေလည်း ပါတာမို့ အလွန်ကြည်ညိုစရာကောင်းတဲ့ သုတ္တန်တရား ဖြစ်ပါတယ်။

ဒီသုတ္တန်ကို ဟောတော်မူခဲ့တာ ဘယ်လောက်ကြာမြင့်ခဲ့သလဲဆိုတော့ မြတ်စွာဗုဒ္ဓ တရားဦးဓမ္မစကြာကို ဟောတော်မူပြီးနောက် ၄၅ နှစ်၊ ၄၅ ဝါ ကာလပတ်လုံး နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့တယ်။ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးတော့ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့တယ်။ အဲဒီပရိနိဗ္ဗာန်ဝင်စံတော်မူသည်မှစပြီး ရေတွက်လာခဲ့တဲ့ သာသနာတော်နှစ်ဟာ ယခု ၂၅၆၀ နှစ် ရှိသွားပါပြီ။ ၂၅၆၀ နှစ်ထဲမှာ ပရိနိဗ္ဗာန် မစံဝင်မီက ၄၅ နှစ်ကို ပေါင်းထည့်လိုက်ရင် ၂၆၀၅ နှစ် ဖြစ်တယ်။ ဒါကြောင့် ဓမ္မစကြာသုတ်၊ ဟေမဝတသုတ်နဲ့ အနတ္တလက္ခဏသုတ်တွေကို ဟိုးလွန်ခဲ့တဲ့ ၂၆၀၅ နှစ်ဆီက ဟောကြားခဲ့တာ ဖြစ်တယ်။ ဒီဟေမဝတသုတ်ကို ဓမ္မစကြာသုတ်ဟောတဲ့ညမှာပဲ ဟောကြားတော်မူခဲ့တာ ဖြစ်လို့ နှစ်ပေါင်း ၂၆၀၅ နှစ် ကြာခဲ့ပြီလို့ တစ်ထစ်ချ မှတ်လိုက်ပါ။ ဓမ္မစကြာသုတ်ပြီးရင် ဒီဟေမဝတသုတ်ဟာ ရှေးအကျဆုံး တရားလက်ဟောင်းကြီး ဖြစ်ပါတယ်။

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န,သေဝိတဗ္ဗာ" အစရှိသဖြင့် ဓမ္မစကြာတရားဦး ဟောတော်မူတဲ့အခါ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ လာရောက်ပြီး တရားနာယူကြတယ်။ ဓမ္မစကြာသုတ်တရားတော် နာယူကြစဉ်က လူသားထဲက ရှင်ကောဏ္ဍည သောတာပန်ဖြစ်သွားတယ်။ ဗြဟ္မာတွေက ဆယ့်ရှစ်ကုဋေ၊ နတ်တွေက ရေတွက်မပြနိုင်လောက်အောင် တရားထူးရကြတယ်လို့ ဆိုတယ်။

အဲဒီ ဓမ္မစကြာတရားပွဲမှာ သာတာတောင်မှာနေတဲ့ သာတာဂီရိခေါ်တဲ့ နတ်ဘီလူးမင်းပါတယ်။ သူကတော့ ဓမ္မစကြာတရား နာကြားရတဲ့အခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ သူ့မိတ်ဆွေ ဟေမဝတနတ်ဘီလူးမင်းဟာ သူ့လိုပဲ တရားကို နာကြားရပါရဲ့လား။ တရားပွဲထဲမှာ ပါမှပါရဲ့လားလို့ ကြည့်လိုက်တဲ့အခါ မမြင်မတွေ့ရတာနဲ့ သူ့မိတ်ဆွေ ဟေမဝတနတ်မင်းအား တရားနာစေချင်တဲ့စိတ်တွေက အလွန်အကဲ ဖြစ်နေတယ်။ "ကဿပမြတ်စွာဘုရား သာသနာတော် ကွယ်သွားသည့်နောက် နှစ်ပေါင်းသိန်းသန်းကုဋေ မရေအတွက်နိုင်အောင် ကြာသွားပြီ။ ယခုမှ ဒီတရားကို နာကြားရတယ်။ ငါ့မိတ်ဆွေ ဘာကြောင့် တရားနာဖို့ မလာပါလိမ့်မလဲ" စသဖြင့် ကြံတွေးပြီး စိတ်ပူလွင့်နေတာနဲ့ သူ့မှာတော့ တရားထူးကို မရရှိဘဲ ရှိနေပါတယ်။

ဓမ္မစကြာတရားပွဲ ပြီးဆုံးတဲ့အခါ သာတာဂီရိနတ်က ဟေမဝတနတ်ကို ဖိတ်ခေါ်ဖို့ သွားတယ်။ ယက္ခသေနာပတိနတ်ဘီလူးစစ်သူကြီးဆိုတော့ သူတစ်ယောက်တည်း မသွားဘူး။ သူ့အခြွေအရံ နတ်ဘီလူးငါးရာနဲ့အတူ ဆင်ယာဉ်၊ မြင်း



www.burmeseclassic.com

www.burmeseclassic.com

ယာဉ်၊ ဂဠုန်ယာဉ် စတာတွေ ဖန်ဆင်းရှာတော့ အဲဒီယာဉ်တွေစီးပြီး သွားတယ်လို့ ဆိုပါတယ်။

ဟေမဝတနတ်ဘီလူးစစ်သူကြီးကလည်း ဟိမဝန္တာတောမှာ ထူးထူးကဲကဲ ပန်းတွေပွင့်နေတာ တွေ့ကြုံရလို့ နတ်ပျော်ပွဲကြီး ကျင်းပဆင်ယင်ပြီး အတူတကွ ပျော်ရအောင် သူ့မိတ်ဆွေ သာတာဂီရိနတ်ကို ခေါ်ဖို့ အခြွေအရံပရိသတ် ငါးရာနဲ့အတူ ယာဉ်အမျိုးမျိုးကိုစီးပြီး လာပါတယ်။ သူတို့ရဲ့ နတ်ပရိသတ်နှစ်စုဟာ ရာဇဂြိုဟ်မြို့လယ်ရဲ့အပေါ် ကောင်းကင်ယံမှာ ဆုံမိကြတယ်။

မြောက်ဘက်ကိုဦးတည်လာတဲ့ သာတာဂီရိနတ်အစုနဲ့ ဟေမဝတနတ်အစုတို့ ရာဇဂြိုဟ်မြို့အလယ် ကောင်းကင်မှာ ဆုံမိကြတဲ့အခါ ဟေမဝတနတ်မင်းက ဒီလိုစပြီး ပြောပါတယ်။ "အဆွေတော် သာတာဂီရိနတ်မင်း။ ကျွန်ုပ်တို့နေတဲ့ ဟိမဝန္တာတောင်မှာ တစ်ခါမှ မကြုံစဖူး ပန်းမျိုးစုံတွေ အထူးပွင့်နေပါတယ်။ အဲဒါ ထူးခြားလွန်းလို့ အဆွေတော်နဲ့အတူ ပျော်ပွဲကျင်းပရအောင် လာပြီးဖိတ်ခေါ်ပါတယ်"လို့ပြောပါတယ်။

အဲဒီလို ပန်းတွေ ထူးထူးခြားခြား ပွင့်နေခြင်းရဲ့ အကြောင်းခြင်းရာ သိပါရဲ့လားလို့ သာတာဂီရိနတ်မင်းက မေးတဲ့အခါ မသိကြောင်း ဟေမဝတနတ်မင်းက ဖြေတယ်။ ဒီတော့ သာတာဂီရိနတ်မင်းက "ဒီလို ပန်းတွေထူးထူးခြားခြား ပွင့်တာဟာ ဟိမဝန္တာတစ်ခုလုံးသာ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံး အနှံ့အပြား နေရာတိုင်းမှာ မပွင့်စဖူး အထူးပဲ ပွင့်နေကြပါတယ်။ အဲဒါဟာ တခြားအကြောင်းကြောင့် မဟုတ်ဘူး အဆွေတော်။ လောကမှာ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ပွင့်တော်မူတာ နှစ်လတောင် ရှိနေပြီ။ ယနေ့ ညနေချမ်း ဓမ္မစကြာဆိုတဲ့ တရားဦးကို ပူဇော်တဲ့အနေအားဖြင့် ဒီပန်းတွေ ထူးထူးခြားခြားပွင့်နေခြင်း ဖြစ်ပါတယ်။ ဒီဓမ္မစကြာတရားတော်ကို ဟောတော်မူစဉ်တုန်းက အဆွေတော်ကို မတွေ့ရလို့ အများကြီး သတိရနေခဲ့ပါတယ်။ ယခု အဆွေတော်ကို ဘုရားဖူးဖိတ်ခေါ်ဖို့အတွက် လာခြင်းဖြစ်ပါတယ်"လို့ ပြောပါတယ်။

အဲဒီလို ကောင်းကင်ယံမှာ နတ်မင်းနှစ်ဦး ပြောဆိုနေကြတဲ့အခါ ရာဇဂြိုဟ်မြို့က ကာဠီဆိုတဲ့ သူဌေးသမီးကလည်း လေသာပြတင်းကိုဖွင့်ပြီး သူ့ပြာသာဒ်တိုက်ခန်းမှာ လေညင်းခံနေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလို လေညင်းခံနေနိုက်မှာ အထက်ကောင်းကင်ယံက စကားပြောသံတွေကြားလို့ နားစိုက်ပြီး အာရုံပြုနေတယ်။ ဒီစကားသံတွေဟာ လူတွေရဲ့ အသံတော့ မဟုတ်တာ သေချာတယ်။ နတ်တွေပြောနေတဲ့အသံ ဖြစ်မှာပဲလို့လည်း စဉ်းစားပြီး နားထောင်နေတယ်။ အဲဒီအချိန်တုန်းက ကာဠီအမျိုးသမီးမှာက ၁၈ နှစ်အရွယ်သာရှိသေးပြီး သားဦးကိုယ်ဝန်ကို လွယ်ထားရတဲ့အချိန်လည်း ဖြစ်တယ်။ သားဦးကလည်း သာမန်ပုဂ္ဂိုလ်မဟုတ်ပါ။ နောင်တစ်ချိန်မှာ အရွတ်အဖတ် အသံကောင်းတဲ့အရာမှာ ဧတဒဂ်ရ သောဏ ကုဋိကဏ္ဏ မထေရ်မြတ်အလျောင်းအလျာ ဖြစ်ပါတယ်။

သာတာဂီရိနတ်မင်းက ဟေမဝတနတ်မင်းကို ဘုရားဖူးသွားဖို့ ဖိတ်ခေါ်လိုက်တာက အဇ္ဇပန္နရသော ဥပေါသထော၊ သမ္ဗုရတ္တိဥပဋ္ဌိတာ။ "အဆွေတော်...ဒီကနေ့ဟာ အာသဠ္ဌိနက္ခတ်နဲ့ စန်းယှဉ်တဲ့ ဝါဆိုလဆန်း တစ်ဆယ့်ငါးရက် တိထိရက်စေ့ ဝါဆိုလပြည့်နေ့ဖြစ်တယ်။ သူတော်ကောင်းတွေ ဥပုသ်စောင့်သုံးတဲ့ နေ့ထူးနေ့မြတ် အခါတော်ရက်ကြီးလည်း ဖြစ်တယ်"

"ယနေ့ဟာ မြတ်ဗုဒ္ဓက ဓမ္မစကြာတရားဦးကို ဟောတော်မူတဲ့နေ့ ဖြစ်တဲ့အတွက် ပန်းတွေကလည်း မပွင့်စဖူး အထူးပွင့်ကြတယ်။ အဆွေတော်ရဲ့ ဟိမဝန္တာသာ မဟုတ်ဘူး။ ကျုပ်တို့ သာတတောင်တစ်ဝိုက်အရပ်တွေမှာလည်း သစ်ပင်တွေဟာ ပင်လုံးကျွတ် ပွင့်နေကြပါတယ်။ ကမ္ဘာတစ်ဝန်းလုံး အနှံ့အပြား ပွင့်နေကြပါတယ်။ ဒါတွေဟာ ဓမ္မစကြာတရားတော်ကို ပူဇော်တဲ့အနေနဲ့ ပွင့်နေကြတာပါ။ နောက်ပြီးတော့ ဒီဓမ္မစကြာတရားပွဲကြီးကို လာကြတဲ့ နတ်တွေ၊ ဗြဟ္မာတွေ၊ နတ်မင်းကြီးတွေ၊ ဗြဟ္မာမင်းကြီးတွေ ရေတွက်မပြနိုင်လောက်အောင် အလွန်ပဲ များလွန်းပါတယ်။ ဒီနတ်ဗြဟ္မာတွေရဲ့ ကိုယ်ရောင်တွေနဲ့လည်း ထွန်းလင်းတောက်ပနေတဲ့ ညဥ့်ဖြစ်တယ်။ အရှေ့လောကဓာတ်မှ အာသဠ္ဌိနက္ခတ်နဲ့ယှဉ်ပြီး တက်ထွန်းနေတဲ့ စန္ဒာလမင်းကြီးရဲ့ အရောင်ကလည်း ပျံ့နှံ့ပြီး အေးမြသာယာ လင်းပလို့နေတယ်။ အဲဒီလို ပန်းတွေကလည်း ပွင့်၊ နတ်၊ ဗြဟ္မာတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကလည်း တောက်ပ၊ လပြည့်ဝန်းကြီးရဲ့ အရောင်ကလည်း ထွန်းလင်းနေလို့ အလွန်ကြည်လင်စင်ကြယ်တဲ့ ညဥ့်ထူးညဥ့်မြတ် ဖြစ်ပါတယ်"လို့ ပြောတယ်။

အနောမနာမံ သဗ္ဗညုံ၊ ဟန္ဒပဿာမ ဂေါတမံ။ "အဆွေတော်နတ်မင်း၊ ငါတို့ရဲ့ဆရာ ဖြစ်တော်မူတဲ့ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို ယခုပဲ သွားဖူးကြပါစို့။ ငါတို့ဆရာ ဘုရားရှင်ဟာ အမျိုးအနွယ်အားဖြင့် မြင့်မြတ်တဲ့ ဂေါတမအနွယ် သာကီဝင်မင်းမျိုးထဲက သိဒ္ဓတ္ထဆိုတဲ့ မင်းသားက ဉရုဝေလတောမှာ ခြောက်နှစ်ပတ်လုံး တရားကျင့်သုံးပြီး ပွင့်ထွန်းတော်မူလာတဲ့ ဘုရား ဖြစ်ပါတယ်။ အမည်တော်တွေကလည်း အရဟံ အစရှိတဲ့ ဂုဏ်တော်ကိုးပါး၊ ဂုဏ်တော်အနန္တတို့နဲ့ သက်ဆိုင်တဲ့ မြင့်မြတ်တဲ့ဘွဲ့တော်၊ အမည်တော်တွေနဲ့ ပြည့်စုံတော်မူလွန်းပါတယ်"လို့ ချီးကျူးပြီး ဖိတ်ခေါ်ပါတယ်။

**ဟေမဝတသုတ္တန်ထဲက အရဟံဂုဏ်တော်**

မြတ်ဗုဒ္ဓရဲ့ မြင့်မြတ်တဲ့ အမည်တော်တွေထဲက အရဟံဆိုတဲ့ အမည်တော်တစ်ပုဒ်ကို ရှင်းပြလိုက်ရင်ပဲ မြင့်မြတ်ပုံ အလွန်ထင်ရှားသွားမှာဖြစ်လို့ အရဟံဂုဏ်တော်ကို အကျဉ်းချုပ် ထုတ်ပြပါ့မယ်။ အရဟံဆိုတာ ထိုက်တန်တယ်လို့ အနက်ရှိတယ်။ ဘာကို ထိုက်တန်သလဲဆိုတော့ ပူဇော်အထူးကို ထိုက်တန်တာဖြစ်တယ်။ လောကမှာ လူတွေ၊ နတ်တွေ၊ ပြဟ္မာတွေက ပူဇော်ကြတယ်။ မိမိတို့ ယုံကြည်အားကိုးတဲ့ ဘာသာတရားအရ ပူဇော်ကြတယ်။ တချို့က သစ်ပင်ကို ပူဇော်ကြတယ်၊ တောတောင်တွေကို ပူဇော်ကြတယ်၊ ပင်လယ်သမုဒ္ဒရာကို ပူဇော်ကြတယ်၊ ကောင်းကင်က နေ့,လ,ဂြိုဟ်, နက္ခတ်တွေကိုလည်း ပူဇော်ကြတယ်။ တချို့က နတ်အမျိုးမျိုးတွေကို မှန်းဆပြီး ပူဇော်ကြတယ်။ တချို့က ကောင်းကင်ဘုံက ဘုရားကို မှန်းဆပြီး ပူဇော်ကြတယ်။ တချို့က ပြဟ္မာတွေကို ပူဇော်ကြတယ်။ တချို့က လူထဲက ဂိုဏ်းဆရာကြီးတွေကို ပူဇော်ကြတယ်။ အဲ···အဲဒီလို အမျိုးမျိုးအထွေထွေကို ပူဇော်ကြတာဟာ ဘာကြောင့်လဲဆိုရင် ဘေးအန္တရာယ်ကင်းချင်ကြလို့၊ ကြီးပွားချမ်းသာချင်ကြလို့ပါပဲ။ လူတိုင်း လူတိုင်း ဘေးရန်အန္တရာယ်ကင်းချင်ကြတယ်၊ အနာရောဂါ ကင်းချင်ကြတယ်၊ အသက်ရှင်ချင်ကြတယ်၊ ပစ္စည်းဉစ္စာ လာဘ်လာဘ ပေါများချင်ကြတယ်။ ချမ်းသာကြွယ်ဝ သူဌေးဖြစ်ချင်ကြတယ်။ လူတွေသာမဟုတ်ပါဘူး။ နတ်တွေလည်း ထိုနည်းတူ ချမ်းသာတိုးတက်ချင်ကြတာပါပဲ။

လူတွေမှာ ကိုယ့်အစွမ်းသက်သက်နဲ့ မအောင်မြင်နိုင်တာတွေ အောင်မြင်ရအောင်၊ မပြည့်စုံတာတွေ ပြည့်စုံရအောင် မမြင်ရတဲ့ နတ်တွေ၊ ပြဟ္မာတွေကို၊ ဖန်ဆင်းရှင်တွေကို အားကိုးကြတယ်။ သစ်ပင်၊ တောတောင်၊ ကောင်းကင်၊ မြေစောင့်နတ်တွေပါမကျန် အားကိုးပြီး ပူဇော်ပသကြပ..ာ်။ တချို့ကလည်း ကမ္ဘာနဲ့ သတ္တဝါတွေကို ဖန်ဆင်းတဲ့ ဘုရားတော့ ရှိတန်ရဲ့လို့ မှန်းဆယူဆပြီး ကိုးကွယ်ပူဇော်ကြတယ်။ ဒါပေမယ့် ဖန်ဆင်းတဲ့ ဘုရားက ဘယ်ပုံသဏ္ဌာန်ရှိသလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်သူတွေ တွေ့ဖူးသလဲလို့ မေးမြန်းကြည့်ရင် တွေ့ဖူးပါတယ်လို့ ဝန်ခံနိုင်တဲ့လူ မရှိဘူး။ ဟိုတုန်းက လူတစ်ယောက်က တွေ့ဖူးတယ်ဆိုတာနဲ့ မိရိုးဖလာအစဉ်အဆက် သဘောမျိုးနဲ့ ယုံကြည်ပြီး ကိုးကွယ်ပူဇော်နေကြတာပါပဲ။ ဒီလို တွေ့ဖူးတယ်ဆိုတာကလည်း အိပ်ပျော်နေတုန်း တွေ့ရတာဆိုတော့ အိပ်မက်လို့ထင်စရာပဲ။ ခိုင်လုံတိကျမှု မရှိပါဘူး။

ဒါပေမယ့် အစဉ်အဆက် ယုံကြည်လာခဲ့ကြတော့ စဉ်းစားဝေဖန်သုံးသပ်ခြင်းမရှိတော့ဘဲ အစဉ်အဆက် ယုံကြည်ကိုးကွယ်လာကြတော့တာပါပဲ။ ယခုခေတ်လို သိပ္ပံပညာတွေ တိုးတက်ထွန်းကားလာတဲ့အချိန် စဉ်းစားဝေဖန် သုံးသပ်လေ့ရှိတဲ့ခေတ်ဆိုပေမယ့် မိရိုးဖလာယုံကြည်မှုတွေက အရိုးစွဲရှိနေတာမို့ ပယ်စွန့်ဖို့ရာ မလွယ်ကူတော့ပါဘူး။ သေသေချာချာ လေ့လာသုံးသပ် စဉ်းစားကြည့်ကြမယ်ဆိုရင်တော့ ကိုးကွယ်ပူဇော်တဲ့သူတွေကို ကယ်မတယ်လို့ဆိုတဲ့ အယူဝါဒတွေဟာ အခြေအမြစ် ဘာမျှမရှိပါဘူး။ လောကမှာ လူတွေဟာ ဆင်းရဲတဲ့လူတွေက များနေတာပဲ။ ကိုးကွယ်တဲ့လူတွေမှာလည်း ဆင်းရဲတဲ့လူတွေက များနေတာပါပဲ။ အကယ်၍သာ ကိုးကွယ်တဲ့သူကို နတ်တွေ၊ ဘုရားတွေ၊ ဖန်ဆင်းရှင်တွေက ကယ်မတယ်ဆိုရင် ရှိရှိသမျှ ကိုးကွယ်တဲ့လူတွေဟာ အကုန်လုံးပဲ ချမ်းသာကြတော့မှာပေါ့။ ဘာမှမကိုးကွယ်တဲ့ ဘာသာမဲ့လူတွေမှာလည်း ချမ်းသာတဲ့လူတွေ ရှိသလို၊ ဆင်းရဲတဲ့လူတွေလည်း ရှိနေတာပါပဲ။ ဒါကို သေသေချာချာ သုံးသပ်စိစစ်ဝေဖန်ကြည့်ရင် ကြီးပွားချမ်းသာစေနိုင်တဲ့ အလုပ်ကို လုပ်ကိုင်နေတဲ့သူတွေဟာ ကြီးပွားချမ်းသာနေကြတယ်။ လူတိုင်းလူတိုင်းဟာ ထိုက်တန်တဲ့ အလုပ်ကို ကြိုးစားအားထုတ်လုပ်ရင် ထိုက်တန်သလောက် ချမ်းသာကိုရတယ်။ မလုပ်ရင် မရဘူးဆိုတာ ထင်ရှားတွေ့ရတယ်။ ဒါဟာ ကိုယ်လုပ်တဲ့ အမှုကံက အကျိုးပေးနေတာပါပဲ။ ကိုးကွယ်ရာ နတ်ဘုရား ဖန်ဆင်းရှင်တွေက ကယ်မ,ပေးတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားကတော့ "ငါဘုရားကို ကိုးကွယ်ရင် ကယ်မယ်လို့ ဒီလိုမဟောပါဘူး။ ကိုယ့်အပြုအမူကံနဲ့ကိုယ် ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားရတယ်" လို့သာ ဟော ခဲ့တယ်။ သီလအစရှိတဲ့ ဂုဏ်ထူးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်ရင်၊ အရိုအသေပြုရင် ထူးခြားတဲ့ ကုသိုလ်ဖြစ်တယ်။ အဲဒီ ကုသိုလ်ကံက အကြောင်းညီညွတ်ရင် ယခုမျက်မှောက်ဘဝ မှာလည်း အကျိုးပေးတယ်။ နောက်သံသရာဘဝတွေမှာတော့ ကေန်မုချ ကောင်းကျိုးတွေကို ပေးတယ်လို့ ဟောခဲ့တယ်။ လူ၊ နတ်၊ ဗြဟ္မာတွေက ကြီးပွားချမ်းသာချင်ကြလို့ ကိုးကွယ် ပူဇော်ကြတယ်။ ဒီလိုကိုးကွယ်ပူဇော်ရာမှာ သီလစတဲ့ ဂုဏ် တွေနဲ့ ပြည့်စုံလို့ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်မိရင် မိမိ တို့ ရည်မျှော်တဲ့ ကောင်းကျိုးတွေကို ရနိုင်တယ်။ သီလ စတဲ့ ဂုဏ်မရှိလို့ မပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်မိရင်တော့ မိမိတို့မျှော်လင့်တဲ့ အကျိုးကို မရနိုင်ပါဘူး။

ဥပမာ ရွှေစင်ကျောက်စစ်မဟုတ်တဲ့ အုတ်ခဲကျောက် ခဲတွေကို အဖိုးတန်ပစ္စည်းထင်မှတ်ပြီး သိမ်းထားတယ်ဆို ပါတော့။ ဒီအုတ်ခဲ၊ ကျောက်ခဲတွေကို ထုတ်ရောင်းရင် ရွှေစစ်၊ ကျောက်၊ ပတ္တမြားအစစ် တန်ဖိုးကို မရနိုင်ပါဘူး။ လွှင့်ပစ် လိုက်ရုံပါပဲ။ ရွှေစစ်၊ ကျောက်၊ ပတ္တမြား အစစ်ကို သိမ်းထား ရင်တော့ အလိုရှိတဲ့အခါ ထုတ်ရောင်းရင် ရွှေအစစ်၊ ပတ္တမြား အစစ် တန်ဖိုးကို ရနိုင်တယ်။ ဒီလိုပဲ သီလစတဲ့ ဂုဏ်ကျေးဇူး နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်ကို ပူဇော်ရင် ပူဇော်တဲ့ ကုသိုလ်ကံ က မျှော်လင့်အပ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ရစေနိုင် တယ်။ မြတ်စွာဘုရားမှာကတော့ တစ်လောကလုံးထက် မြင့်မြတ်တဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ် စတဲ့ အမြင့်မြတ်ဆုံး ဖြစ်တဲ့ ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံတော်မူတယ်။

ဒါကြောင့် မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့် လူ၊ နတ်၊ ဗြဟ္မာတွေ၊ သတ္တဝါတွေဟာ မိမိတို့ မျှော်လင့်တဲ့ ကောင်းကျိုး ချမ်းသာတွေကို အပြည့်အစုံရနိုင်တယ်။ နိဗ္ဗာန်ချမ်းသာကို လည်း ရနိုင်တယ်။ ဒီလိုရနိုင်တာဟာလည်း မြတ်စွာဘုရားက ပေးတာမဟုတ်ဘူး။ မြတ်စွာဘုရားကို ပူဇော်ရိုသေတဲ့ ကောင်းမှုကုသိုလ်ကံတွေက ပေးတာပါ။ ဒီလိုပူဇော်ခြင်းဖြင့် မိမိတို့ မျှော်လင့်တောင့်တအပ်တဲ့ ကောင်းကျိုးချမ်းသာကို ရစေနိုင်တဲ့အတွက် မြတ်စွာဘုရားဟာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်လို့ အရဟံ ဆိုတဲ့ ဘွဲ့တော်အမည်ကို ရရှိတော်မူပါတယ်။ ဒီဘွဲ့တော် အမည်ကို အကြောင်းပြုပြီး အနောမ နာမံ မယုတ်ညံ့တဲ့ အမည်တော်၊ မြင့်မြတ်တဲ့အမည်တော်တွေနဲ့ ပြည့်စုံတော်မူ တယ်လို့ ချီးကျူးထားပါသေးတယ်။

"အရဟံ - လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား" လို့ ဂုဏ် ပုဒ်ကို ရွတ်ဆိုပြီး အာရုံပြု ကြည်ညိုပူဇော်ကြရပါမယ်။ အရဟံ ဆိုတာ အာရကာပုဒ်မှ ဖြစ်လာလို့ ဝေးကွာတယ်လို့ အနက် ရှိတယ်။ ဘာမှ ဝေးကွာသလဲဆိုရင် စိတ်အညစ်အကြေး ကိလေသာမှ ဝေးကွာစင်ကြယ်တော်မူတယ်၊ လောကမှာ သတ္တဝါတွေဟာ လိုချင်နှစ်သက်စရာကိုတွေ့ရင် လိုချင်တပ် မက်နှစ်သက်တယ်၊ လောဘဖြစ်တယ်။ စိတ်ဆိုးစရာ၊ မုန်းစရာ တွေ့ရင် စိတ်ဆိုးတယ်၊ မုန်းတယ်၊ ဒေါသဖြစ်တယ်။

မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း အလွဲသိ၊ အမှားသိ မောဟကတော့ အချိန်တိုင်း ဖြစ်နေပါတယ်။ မြတ် စွာဘုရားမှာတော့ ဘယ်လိုကောင်းတဲ့ အာရုံတွေနဲ့ တွေ့ပေ မယ့် လိုချင်မှု၊ နှစ်သက်တပ်မက်မှု မဖြစ်ဘူး။ လောဘကင်း တယ်။ ဘယ်လိုဆိုးတဲ့ အာရုံနဲ့တွေ့ပေမယ့် စိတ်ဆိုးမှု၊ မုန်းမှု၊ ရွံရှာမှု မဖြစ်ဘူး၊ ဒေါသကင်းတယ်၊ မောဟကင်းတယ်။ အရဟံ-လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ သဘောတရား တွေကိုလည်း သဘောမှန်အတိုင်း သိနေတယ်။ အလုံးစုံ သော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် တော်မူတယ်ဆိုတဲ့ ဘွဲ့အမည်တော်ကိုလည်း ရတော်မူတယ်။

ဒါကို ရည်ရွယ်ပြီးတော့ အနောမနာမံ-မယုတ်ညံ့တဲ့ အမည်တော်၊ မြင့်မြတ်တဲ့ အမည်တော်တွေနဲ့ ပြည့်စုံတော်မူ ပါပေတယ်ရယ်လို့ ချီးကျူးဂုဏ်တင်ရပါတယ်။ ကဲ…ဒီဂုဏ် ပုဒ်ကို ရွတ်ဆိုပြီး အာရုံပြု ကြည်ညိုပူဇော်ကြရအောင်။ "အရဟံ-လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပါပေသော မြတ်စွာဘုရား…"

ကျက်သရေမင်္ဂလာ အထူးရှိတဲ့ မြတ်စွာဘုရားဂုဏ် တော်တွေကို နှုတ်နဲ့ရွတ်ဆိုပြီး အာရုံပြုပူဇော်ကြရတာဟာ အင်မတန်ထူးမြတ်တဲ့ ကုသိုလ်မင်္ဂလာတွေ နေ့စဉ်ယူနိုင်ကြပါ စေသတည်း…။



www.burmeseclassic.com

www.burmeseclassic.com

ပေါမဝတသုတ္တန်ထဲက ဘုရားဟုတ်၊ မဟုတ် စိစစ်ပုံ

အနောမ နာမံ - မြင့်မြတ်တဲ့ အမည်တော်နဲ့ ပြည့်စုံတဲ့ ဗုဒ္ဓရဲ့ဂုဏ်ကို ရွတ်ဆိုကြည်ညိုပူဇော်ကြရအောင်။ "သမ္မာသမ္ဗုဒ္ဓေါ - သစ္စာလေးတန် အမှန်လေးပါး ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူပါပေသော မြတ်စွာဘုရား…"

သစ္စာလေးပါး အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ အမှန်အတိုင်းသိပြီး ဘုရားအဖြစ်ရောက်တော်မူတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအလုံးစုံကိုလည်း အကြွင်းမရှိ သိတော်မူတယ်။ မသိနိုင်တာရယ်လို့ မရှိဘူး။ ဗုဒ္ဓေါ-ရှိရှိသမျှ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတယ်ဆိုတဲ့ ဘွဲ့တော်အမည်နဲ့လည်း ပြည့်စုံတော်မူခြင်းကိုအကြောင်းပြုလို့ အနောမ နာမံ - မြင့်မြတ်တဲ့ အမည်တော်နဲ့ ပြည့်စုံတော်မူတယ်လို့ သာတာဂိရိနတ်မင်းက ချီးကျူးပြီး ပေါမဝတနတ်မင်းကို ဘုရားထံ သွားကြစို့ ဖိတ်ခေါ်ပါတယ်။

အဲဒီခေတ်တုန်းက ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိတဲ့ ဂိုဏ်းဆရာကြီးခြောက်ယောက်က ဘုရားလို့ ဝန်ခံပြီး ဟောပြောနေကြတယ်။ ဒီတော့ ဘုရားအစစ် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်ဖို့ ပေါမဝတနတ်မင်းက ဒီလိုစပြီး မေးမြန်းတယ်။

"အဆွေတော် သာတာဂိရိ၊ လောကမှာ ဘုရားလို့ ဝန်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေက တော်တော်များနေတယ်။ မေးပါရစေဦး။ အဆွေတော်ရဲ့ ဆရာဘုရားဟာ သူ့စိတ်ကို ကောင်းကောင်းညီညီမျှမျှ ထားနိုင်ပါရဲ့လား။ ကိုယ့်ဘက်သား၊ သူ့ဘက်သား၊ ကိုယ့်တပည့်၊ သူ့တပည့် မခွဲခြားဘဲ သတ္တဝါတွေအားလုံးရဲ့အပေါ်မှာ ညီညီမျှမျှ ထားနိုင်ပါရဲ့လား။ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ကို အညီအမျှထားနိုင်ပါရဲ့လား။ သနားတဲ့ ကရုဏာစိတ်ကို အညီအမျှ ထားနိုင်ပါရဲ့လား"လို့ မေးတယ်လို့ ဆိုပါတယ်။

မေးသင့်မေးထိုက်တဲ့ စကားပါပဲ။ တချို့က ဘုရားပါလို့ ဝန်ခံပြီးတော့ မေတ္တာစိတ်၊ ကရုဏာစိတ်ကို အညီအမျှ မထားနိုင်ဘူး။ မိမိအား ရိုသေကိုးကွယ်တဲ့သူတွေကို ကယ်မမယ်၊ မရိုမသေ မကိုးကွယ်တဲ့သူတွေကိုတော့ မကယ်မဘူး။ ဒဏ်ခတ်မယ်၊ ထာဝရငရဲကို ပစ်ချမယ်လို့ဆိုနေရင် အဲဒီဟာဘုရားဟာ စိတ်ကိုအညီအမျှ မထားနိုင်ဘူး။ စိတ်ကို အညီအမျှမထားနိုင်ရင် အမှန်အားကိုးထိုက်တဲ့ ဘုရားမဟုတ်ဘူး။ ဘုရားအစစ်အမှန်ဆိုရင် သတ္တဝါတွေကို တန်းတူညီမျှ မေတ္တာစိတ်၊ ကရုဏာစိတ် ထားနိုင်ရမယ်။ ဒီခေတ်အကြီးအကဲ ဦးစီးခေါင်းဆောင် လုပ်နေတဲ့သူတွေလည်း နမူနာယူ သတိထားစရာ အချက်ကောင်းပါပဲ။ ပေါမဝတနတ်မင်းက "အဆွေတော်ရဲ့ ဆရာဘုရားဟာ သတ္တဝါတွေအားလုံးအပေါ်မှာ စိတ်နှလုံးကို ညီတူညီမျှ ထားနိုင်ပါရဲ့လား…"လို့ မေးပါတယ်။

လောကမှာ လူအများဟာ ကောင်းတဲ့အာရုံနဲ့ တွေ့ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ နှစ်သက်သာယာနေကြတယ်။ ဝမ်းမသာအောင်၊ မနှစ်သက်အောင် ထိန်းမထားနိုင်ကြဘူး။ မကောင်းတဲ့ အာရုံဆိုးတွေနဲ့ တွေ့ကြုံရတဲ့အခါကျတော့လည်း နှလုံးမသာမယာဖြစ်ပြီး စိတ်ဆိုးကြ၊ စိတ်ပျက်ကြတယ်။ ဒီလိုမဖြစ်အောင် စိတ်ကို ထိန်းမထားနိုင်ကြဘူး။ အာရုံနောက် စိတ်က လိုက်ပါနေကြလေ့ရှိတယ်။ ဘုရားဆိုရင်တော့ အာရုံနောက်ကို မလိုက်ဘဲ စိတ်အကြံကို နိုင်နင်းသင့်ပါတယ်။ ဒါကြောင့် ပေါမဝတနတ်မင်းက ဆက်မေးစိစစ်လိုက်ပြန်တယ်။

"ဘယ့်နှယ်လဲ အဆွေတော်။ သင့်ဆရာဘုရားဟာ စိတ်အကြံကို ကိုယ့်အလိုအတိုင်း နိုင်နင်းပါရဲ့လား။ လိုချင်နှစ်သက်ဖွယ်၊ သာယာဖွယ် အလိုရှိရာ ဣဋ္ဌာရုံမှာရော၊ မုန်းဖွယ်၊ ရွံရှာဖွယ်၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံမှာရော စိတ်အကြံကို ကိုယ့်အလိုအတိုင်း ပိုင်နိုင်စွာ ကျင့်ဆောင်နိုင်ပါရဲ့လား။ အလိုအတိုင်း ကြံနိုင်ပါရဲ့လား"လို့ မေးပါတယ်။ ဒါ‥အရေးကြီးတဲ့ ပြဿနာပါပဲ။

ယခုခေတ်လူတွေမှာဆိုရင် အာရုံနောက်၊ စိတ်နောက်ကို လိုက်နေကြရတယ်။ TV ရုပ်မြင်သံကြားတွေ၊ ဗွီဒီယိုရုပ်ရှင်တွေ၊ ဖုန်းတွေ၊ အင်တာနက်၊ အီးမေးလ်တွေ၊ ကွန်ပျူတာ ဂိမ်းကစားခြင်းတွေနဲ့ အချိန်ကုန်နေ၊ အချိန်တွေ၊ အသက်တွေ ဖြုန်းနေကြတယ်။ အချိန်မလောက်လို့ ဝယ်ယူဖို့တောင် တချို့က စိတ်ကူးနေကြတယ်။ ဒီတော့ ပြုံးစရာအာရုံနဲ့တွေ့ရင် ပြုံးကြရတယ်၊ မဲ့စရာအာရုံနဲ့တွေ့ရင် မဲ့ကြရတယ်၊ ရယ်စရာအာရုံနဲ့တွေ့ရင် ရယ်ရွှင်ဝမ်းသာကြရတယ်၊ ငိုစရာအာရုံနဲ့တွေ့ရင် ငိုကြွေ့ဝမ်းနည်းကြရတယ်။ စိတ်က သွားချင်တိုင်း သွားကြရတယ်။ မတော်တဲ့နေရာဆိုရင် အစပထမတော့ သွား



www.burmeseclassic.com

www.burmeseclassic.com

ဖို့မတော်ဘူးလို့ စဉ်းစားပြီး အောင့်အည်းနေသေးတယ်။ ဒါပေမယ့် တော်တော်ကြာလာတော့ စိတ်က အတင်းတိုက်တွန်းတာနဲ့ အဲဒီမတော်တဲ့ နေရာကိုလည်း သွားရတာပဲ။ စိတ်က ဒီစကားကို ပြောချင်တယ်။ ဒီဟာကို ပြုလုပ်ချင်တယ်ဆိုရင် မတော်ဘူးထင်လို့ အောင့်အည်းနေရပေမယ့် တော်တော်ကြာတော့ စိတ်က အတင်းတိုက်တွန်းတာနဲ့ စကားကို ပြောရ၊ အမှုကို ပြုလုပ်ရတာပါပဲ။ ဒါဟာ အာရုံနောက်၊ စိတ်နောက်ကို လိုက်နေကြရတာတွေ ဖြစ်တယ်။

လောကဘက်မှာလည်း ဗုဒ္ဓဘာသာ သာသနာနွယ်ဝင်တွေအနေနဲ့တော့ စိတ်ကို ထိန်းသိမ်းနိုင်ကြတာတွေ တော်တော်များများရှိတယ်။ ဗုဒ္ဓတရားတော်က စိတ်ကို ထိန်းသိမ်းဖို့ ဟောသားတဲ့ တရားတော်ဖြစ်တယ်။ တရားတော်ကို ကြားနာမှတ်သားလိုက်နာကျင့်ကြံတဲ့သူတွေက စိတ်ကို အတော်အတန်တော့ ထိန်းနိုင်ကြပါတယ်။ တရားကို မကြားနာဖူးတဲ့ သာသနာပြင်ပ ပုဂ္ဂိုလ်တွေမှာတော့ ရှက်ရမှာလည်းမသိ၊ ကြောက်ရမှာလည်းမသိဘူး။ စိတ်က လှုံ့ဆော်တဲ့အတိုင်း ပြုလုပ်ပြုမူ ပြောနေကြတာများပါတယ်။ "အဲဒီလို အာရုံနောက်၊ စိတ်အလိုနောက် လိုက်နေကြတဲ့ လောကထဲမှာ အခွေတော် သာတာဂီရိရဲ့ ဆရာဘုရားဟာ စိတ်အကြံအစည်ကို မိမိအလိုအတိုင်း ထားနိုင်၊ ကြံနိုင်ပါရဲ့လား"လို့ မေးပါတယ်။ အလွန်သင့်လျော်တဲ့ မေးခွန်းပါပဲ။

ဟေမဝတနတ်ဆိုတာက သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ ကဿပဘုရားရှင်လက်ထက်က တပည့်ပရိသတ်ငါးရာကို စာပေပို့ချလာခဲ့တဲ့ စာပေကျမ်းဂန်တတ် ဆရာတော်ကြီးက ဖြစ်လာတဲ့ နတ်ဖြစ်တယ်။ ဒါ့ကြောင့် သူက ဘုရားဂုဏ်နဲ့ ပတ်သက်တဲ့ ပြဿနာကို မေးတတ်တာပါပဲ။ အမေးခံရတဲ့ သာတာဂီရိနတ်ကလည်း သာမန်ပုဂ္ဂိုလ်မဟုတ်ပါ။ သူကလည်း ကဿပဘုရားလက်ထက်က အဲဒီ ဟေမဝတလောင်း ဆရာတော်ကြီးနဲ့အတူ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုခဲ့တဲ့ သီတင်းသုံးဖော် ဆရတော်ကြီးတစ်ပါး ဖြစ်ပါတယ်။ အဲဒီတုန်းက သူကလည်း တပည့်ငါးရာကို စာပေပို့ချလာခဲ့တဲ့ စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ် မထေရ်ကြီးပါပဲ။ သူတို့အကြောင်း နောက်မှရေးပါ့မယ်။

စာပေကျမ်းဂန်တတ် မထေရ်ကြီးက ဖြစ်လာတဲ့ နတ်ဖြစ်တဲ့အတွက် သာတာဂီရိနတ်ကလည်း အကွက်ကျကျ ဒီလို ဖြေကြားပါတယ်။

"အခွေတော် ဟေမဝတနတ်မင်းရေ၊ ကျုပ်တို့ဆရာဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားသခင်ဟာ သတ္တဝါတွေအားလုံးအပေါ်မှာ စိတ်နှလုံးကို အညီအမျှ ကောင်းကောင်းထားနိုင်ပါပေတယ်။ သတ္တဝါတွေဟာ ဘုရားကို ကြည်ညိုတာတွေလည်းရှိတယ်၊ မကြည်ညိုတာတွေလည်း ရှိတယ်။ ဓမ္မစကြာတရားတော်ကို ကြားနာရတဲ့အတွက် တရားထူးရကြတဲ့ တပည့်အရင်းတွေလည်းရှိတယ်၊ သရဏဂုံလောက်သာတည်တဲ့ သာမန်တပည့်တွေလည်း ရှိတယ်။ ဒါကြောင့် သရဏဂုံတည်ပြီး ဗုဒ္ဓသာသနာဝင်သူတော်စင် ဖြစ်သွားကြတာလည်း ရှိတယ်၊ သရဏဂုံမတည်ကြသေးတဲ့ ဗုဒ္ဓသာသနာပြင်ပက သတ္တဝါတွေလည်း ရှိတယ်။ မာရ်နတ်အသင်းဝင်ဖြစ်တဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေလည်းရှိတယ်။ အဲဒီသတ္တဝါတွေအားလုံးကို ကျုပ်တို့ဆရာဘုရားက ညီတူညီမျှပဲ နှလုံးသွင်းနိုင်တော်မူပါတယ်။ ညီတူညီမျှပဲ ချမ်းသာစေလိုတဲ့ မေတ္တာစိတ် ရှိတော်မူတယ်။ ညီတူညီမျှပဲ သနားတဲ့ကရုဏာစိတ် ရှိတော်မူတယ်"

မြတ်စွာဘုရားအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေတဲ့ ဒကာ၊ ဒကာမတွေလည်း ရှိတယ်။ မြတ်စွာဘုရားကို အတိုက်အခံ ဆန့်ကျင်ဘက်ပြုလုပ်နေတဲ့ ဗြာဟ္မဏလူမျိုးတွေနဲ့ တိတ္ထိဘက်သားတွေလည်း ရှိခဲ့တယ်။ ဒီနှစ်မျိုးသော လူတွေကို ညီတူညီမျှပဲ မေတ္တာကရုဏာ ထားတော်မူခဲ့တယ်။ လူ့ဘဝကရခဲ့တဲ့ သားတော် ရာဟုလာနဲ့ သေရာသေကြောင်း ကြံစည်ပြုလုပ်နေတဲ့ ဒေဝဒတ်ကိုလည်း ညီတူညီမျှပဲ မေတ္တာကရုဏာ ထားတော်မူတယ်။ အတွင်းသား၊ အပြင်သားရယ်လို့ ခွဲခြားခြင်းမရှိဘဲ သတ္တဝါအားလုံးကို ညီတူညီမျှ ချမ်းသာစေလိုတဲ့စိတ်၊ ညီတူညီမျှ သနားတဲ့စိတ် ရှိတော်မူပါတယ်။

အသျှင်ငါတို့ဆရာ ဖြစ်တော်မူသော ထိုဘုရားသခင်သည်၊ သဗ္ဗဘူတေသု-အလုံးစုံသော သတ္တဝါတို့အပေါ်၌ တာဒိနော-အတူပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ မနောစ-စိတ်နှလုံးကိုလည်း သုပဏိဟိတော-ကောင်းစွာပိုင်ပိုင် ထားနိုင်ပါပေသည်…ရယ်လို့ ဖြေကြားခဲ့ပါပေတော့သတည်း။

ပြည်ရွှေအိုဆရာတော်(ရှင်ယုန်)



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်သော တွင်းတစ်ရာ၏ လျှို့ဝှက်ချက်များ


မင်းရွှေသိန်း (ဇင်းကျိုက်)

"တွင်းတစ်ရာ"...။ တွင်းပေါင်း တစ်ရာ တစုတဝေးတည်းရှိနေသော နေရာသို့ မိမိတို့ ရောက်ရှိသွားကြသည်။ ၂၇-၉-၂၀၁၅ ရက်နေ့ ညနေ ၄ နာရီ ခွဲပြီးချိန်ဖြစ်သည်။ ထိုနေရာသို့ မရောက်မီကပင် မိမိအတွေးထဲ၌ မေးခွန်းများဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ဘယ်လိုတွင်းမျိုးတွေလဲ။ ဘာဖြစ်လို့ တွင်းပေါင်း တစ်ရာတူးထားကြတာလဲ စသည်တို့ဖြစ်သည်။

ထူးခြားဆန်းကြယ်မှု မှန်သမျှကို စပ်စုလေ့ရှိသော မိမိ၏ဉာဉ်ကို သိထားပြီးဖြစ်သည့် ဘီးလင်းမြို့နယ်၊ ကင်းရွာ ရေတံခွန်ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တထေရာဘိဝံသက သူ၏ PRADO ကားလေးနှင့် တကူးတက လိုက်လံပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ မိမိနှင့်အတူ ပေါက်တောကျေးရွာ သုဝဏ္ဏသီရိကျောင်းမှ ဦးသုမင်္ဂလ၊ ကင်းရွာမှ ကိုအောင်သန်းဦး(ကဗျာဆရာ ရောင်နီဦး-သုဝဏ္ဏမြေ)တို့လည်း ပါဝင်ကြပါသည်။

ရန်ကုန် မော်လမြိုင် အဝေးပြေး ကားလမ်းမအတိုင်း မော်လမြိုင်ဘက်သို့ ဦးတည်မောင်းလာသော ကားကလေးသည် ကျိုက်ထိုမြို့ လွန်ပြီးနောက် ကျွန်းတောရွာသို့ ရောက်ရှိကြသည်။ ၎င်းရွာ၏ ကားလမ်းမအနောက်ဘက် လမ်းခွဲထိပ်တွင် တွင်းတစ်ရာသို့ ဆိုသော ဆိုင်းဘုတ်မြင်သည်နှင့် လမ်းခွဲထဲချိုးဝင်ကာ သုံးဖာလုံခန့် မောင်းလိုက်သည်နှင့် သတကူပကျောင်းတိုက်ဝင်းထဲ ရောက်ရှိပါတော့သည်။ ကျယ်ဝန်းလှသောကျောင်း ဝင်းထဲ၌ ဆောက်လုပ်ဆဲကျောင်းတိုက်ကြီးနှင့် သိမ်တော်၊ ဓမ္မာရုံတို့ကို ခမ်းနားသစ်လွင်စွာ တွေ့ရှိလိုက်ရသည်။ ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းတိုက်ကြီးအား ကိုယ်တိုင်ရဟန်းဝတ်ဖြင့် သာသနာပြုလျက်ရှိသော ကျိုက်ထိုမြို့ ကြက်တူရွေးမုန့်တိုက်ပိုင်ရှင်က လှူဒါန်းဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သာဓုအကြိမ်ကြိမ် ခေါ်လိုက်မိပါသေးသည်။ အဆိုပါ ဦးပဉ္ဇင်းကပင် မိမိတို့အား တွင်းတစ်ရာနေရာသို့ လိုက်လံပြသခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းဝင်း၏ တောင်ဘက်ခြမ်း



ချုံပင်၊ ဆူးပင်ကြားမှ တွင်းဝတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ဧရိယာတွင် မြက်ရိုင်း၊ ချုံနွယ်၊ ထိကရုန်းဆူးပင်များ တင်းကျမ်းပြည့်နှက်လျက်ရှိသည်။ ၎င်းချုံများက တွင်းများပေါ် ဖုံးလွှမ်းနေခြင်းကြောင့် တွင်းထဲကျွံမကျရေးအတွက် ဦးပဠင်းက သတိပေးထားသည်။ ပထမဦးစွာ ထင်သာမြင်သာရှိသော တွင်းများကို လေ့လာကြရာ တွင်းဝအားလုံး အချင်းသုံးပေသာသာခန့်ရှိပြီး ဝိုင်းစက်သောသဏ္ဌာန်ရှိသည့် အပြင် ဘေးသားပတ်လည်က ရေတိုင်ကီချထားသကဲ့သို့ ချောမွတ်လျက်ဖောက်အနက်ကိုသိလိုသဖြင့် ဝါးလုံးတစ်လုံး စိုက်ချကြည့်လိုက်ရာ ဆယ်တောင်ခန့်ရှိသော ဝါးတစ်လုံးဆုံးသည်အထိ နက်ကြောင်းတွေ့ရသည်။ တစ်တွင်းနှင့်တစ်တွင်း အကွာအဝေးကလည်း လေးပေ၊ ငါးပေခန့်သာကွာကြသည်။ တွင်းနှစ်တွင်းကြား မြေသားပေါ် ဖနောင့်ဖြင့်ပေါက်ကြည့်ပါက လိုဏ်သံထွက်လျက်ရှိကြောင်း သတိပြုမိသည်။ ထူးခြားသည်ဟု ပြောရမည်မှာ တွင်းအားလုံးသည် သာမန်မြေသားပေါ်တွင် မဟုတ်ပဲ အလွန်မာကျောလှသော သက်ရင့်ဂဝံကျောက်သား မျက်နှာပြင်ပေါ် ရှိနေကြခြင်းပင်ဖြစ်သည်။

"ဒီတွင်းတစ်ရာရဲ့ သက်တမ်းကို ရွာမှာရှိတဲ့ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်အရွယ် လူကြီးတွေကိုမေးကြည့်ဖူးပါတယ်။ သူတို့ဘိုးဘွားတွေတောင် မပြောနိုင်ခဲ့ဘူးဆိုတော့ ခန့်မှန်းလို့ ဘယ်သိလွယ်ပါ့မလဲ"

လိုက်လံပြသသော ဦးပဠင်း၏ စကားက မိမိအား ပို၍စိတ်ဝင်တစားဖြစ်သွားစေပါသည်။ နှစ်ကာလခန့်မှန်း



တစ်တွင်းနှင့် တစ်တွင်း အကွာအဝေး

၍ မလွယ်သည်အထိ ကြာခဲ့ပြီးဖြစ်သော တွင်းတစ်ရာက လူတိုင်းအတွက် ပဟေဠိဆန်နေသော်လည်း အဖြေမှန်ရရှိရန်မှာ မိမိတို့ကဲ့သို့ သာမန်လူသားများအနေဖြင့် မည်သို့မျှ တတ်နိုင်လိမ့်မည်မထင်ပေ။ သုတေသီပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၏ သိပ္ပံနည်းကျ သုတေသနပြုမှု လိုအပ်လျက်ရှိသည်

မှာ အမှန်ပင်ဖြစ်သည်။ ဤတွင်းများကို ယခုကဲ့သို့ ပုံစံတူ တွင်းတစ်ရာပြည့် အောင်တူးဖို့ဆိုသည်မှာ ခေတ်မီယန္တရား နှင့်မှ ဖြစ်နိုင်သော်လည်း ထိုခေတ်က ကမ္ဘာပေါ်တွင် ယန္တရားစက်များ ပေါ် မည်မထင်ပေ။ လူဖြင့်တူးမည်ဆိုပါ လည်း သုံးပေအချင်းစက်ဝိုင်းတွဲ သူတ ယောက်ဝိုင်၍ သံတူရွင်း ပေါက်ပြ



www.burmeseclassic.com

www.burmeseclassic.com

တို့ဖြင့်တူးလျှင်ပင် မလွတ်မကင်း ကျဉ်းကြပ်စွာဖြင့် ဆယ်တောင်ပြည့်သည်အထိ တူးရန်ဆိုသည်မှာ ပိုဝေးပါသေးသည်။ ပြီးလျှင် ပျော့ပျောင်းသော မြေသားမဟုတ်ဘဲ သက်ရင့်ဂဝံကျောက်ဖြစ်သဖြင့် ပို၍မဖြစ်နိုင်ဟု ဆိုရပေမည်။ ၎င်းပြင် အဆောက်အဦ အုတ်မြစ်အတွက် တူးသည်ဆိုလျှင်လည်း တစ်တွင်းနှင့်တစ်တွင်း ညီညာစွာတန်းလျက်တွေ့ရမည်ဖြစ်ပြီး လက်ရှိတွင်းများကမူ အစီအစဉ်တကျမရှိဘဲ ပြန့်ကျဲနေခြင်းမှာ စဉ်းစားစရာဖြစ်သည်။

"တွင်းအားလုံးရဲ့ အောက်ခြေမှာ လူတစ်ကိုယ် ခါးညွတ်ပြီး သွားလာတဲ့ လိုဏ်ခေါင်းလမ်းတွေ ရှိသေးတယ်လေ။ ခုလို မိုးရာသီမှာတော့ ရေတွေပြည့်ပြီး ဟိုအနောက်ဘက် ကုန်းစောင်းအပေါ်က စီးထွက်နေဟာ လူဆင်းလို့မရသေးဘူး ဆိုပါတော့။ နွေတုန်းက ရေခန်းချိန်မှာ ရွာထဲက သတ္တိကောင်းတဲ့ လူငယ်လေးငါးယောက် ဆင်းကြည့်ကြသေးတာပဲ။ သူတို့ပြောတာက ရေခန်းချိန်ဆိုပေမယ့် အောက်မှာ ရေကန်တစ်ခုလို ရေအပြည့်ရှိသေးတာတဲ့။ ငါးတွေပွက်နေတာလည်း အများကြီးတဲ့။ သူတို့တောင် အကြေးခွံမည်းနေတဲ့ ငါးကြီးတစ်ကောင် ဖမ်းလာလို့ ဦးပဉ္စင်း ပြန်လွှတ်နိုင်းရပါသေးတယ်။ သူတို့ပြန်တက်ဖို့အတွက် သစ်ကိုင်းနဲ့နီးတဲ့ တွင်းတစ်တွင်းကနေ သစ်ကိုင်းညွှတ်ချပေးမှ ဆွဲတက်နိုင်ခဲ့တာလေ"

ဦးပဉ္စင်းက မမောမပန်း ရှင်းပြလျက်မှ မိမိတို့အား ကုန်းစောင်းရေထွက်ပေါက်နေရာကိုခေါ်၍ ပြသပြန်



**တွင်းတစ်ရာ၏ တစ်ခုတည်းသော ရေထွက်ပေါက်**

သည်။ တွင်းတစ်ရာအောက်ခြေမှ ရေများစီးဆင်းရာ ထွက်ပေါက်သည် ဤတစ်နေရာတည်းတွင်ဖြစ်ကြောင်း သိရသည်။ ကြည်လင်သောရေများက စမ်းချောင်းငယ်တစ်ခုအလား တဝေါဝေါစီးထွက်နေသည်ကို သဲအိတ်ဖြင့်တား၍ လှောင်ပြီး ကျောက်ဆောင်လုပ်ရာတွင် အသုံးပြုနေရသည်ဟု ဆိုသည်။ ကင်းရွာရေတံခွန် ပရိယတ္တိကျောင်းဆရာတော်ကိုယ်တိုင် ရေထွက်ပေါက်သို့ဆင်းကာ ရေအား စမ်းသပ်သောက်ကြည့်ရာ ပကတိသောက်ရေအတိုင်း ဖြစ်ကြောင်း မိန့်ကြားလိုက်ပါသေးသည်။ ဆရာတော်သည် လေ့လာစူးစမ်းမှုတွင် ဝါသနာကြီးဟန်တူသည်။ နွေရာသီရောက်လျှင် လက်နှိပ်ဓာတ်မီး၊ ကြိုးခွေများယူဆောင်၍ တွင်းအောက်ခြေ လေ့လာဓာတ်ပုံရိုက်ကြရန် မိမိအား အဖော်စပ်လိုက်ပြန်သည်။

ဤတွင်းတစ်နေရာသည် ဘုန်းတော်ကြီးကျောင်းမဆောက်မီက တောဖုံးလျက်ရှိပြီး မည်သည့်ရွာသားမျှ ဖြတ်သွားဖြတ်လာ မလုပ်ရဲကြဘဲ ဝေးဝေးမှ ကွင်းရှောင်သွားကြကြောင်း မြေကြမ်း၊ တောကြမ်းသောကြောင့်ဟု ဆိုသည်။ ယခု ဘုန်းကြီးကျောင်းဆောက်မှသာ တောရှင်းသွားခြင်းဖြစ်ပြီး တွင်းတစ်ရာကိုအစွဲပြု၍ ကျောင်း၏အမည်ကိုလည်း ပါဠိဘာသာဖြင့် "သတကူပကျောင်းတိုက်" ဟု သမုတ်ခဲ့ကြောင်း ဦးပဉ္စင်း ရှင်းပြသဖြင့် သိရှိခဲ့ရပါသည်။ ၎င်းနေ့တွင် တွင်းတစ်ရာလုံး မိမိတို့ လေ့လာချိန်မရခဲ့ပေ။ ကျိုက္ကသာနှင့် မပွလင်ကြားရှိ ကျောက် ရေကန်ရွာဟုခေါ်သော မွန်မြို့ဟောင်း လေ့လာရေးခရီး အပြန်တွင်ဖြစ်၍ မိုးမချုပ်မီ တောင်စွန်းတိုက်နယ် ကင်းရွာသို့ ပြန်ရန်ရှိသေးခြင်းကြောင့် ဖြစ်သည်။

မိမိတို့ တွင်းတစ်ရာမှ ပြန်လာချိန်တွင် နေဝင်ချိန်ပင် ရောက်နေပြီ

www.burmeseclassic.com



ကျောင်းနေ ဦးပဉ္စင်းတစ်ပါးမှ လိုက်လံပြသ

ချုံနွယ်ဆူးပင်များ မဝိုးနိုင်သဖြင့် တွင်းတစ်ရာလုံး လေ့လာချိန် မရခဲ့သော်လည်း တွင်း ၃၀ ခန့်ကိုမူ အသေအချာ လေ့လာခဲ့ရသောကြောင့် ကျေနပ်လျက် ရှိကြပါသည်။ တွင်းတစ်ရာမှမှပြန်ခင် လေးတွင်းသိမ်ထဲတွင် ယာယီသီတင်း သုံးလျက်ရှိသော သတက္ကူပကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်တေဇိန္ဒ (MA သီရိနိုင်ငံဘွဲ့ တံဆိပ်ရ)အား ဝင်ရောက်ကန်တော့ ရင်း တွင်းတစ်ရာအကြောင်း လျှောက် ထားမေးမြန်းကြည့်သေးရာ "ဘုန်းကြီး ကိုပင့်လာတာ လေးနှစ်လောက်ပဲ ရှိပါ သေးတယ်။ တွင်းတစ်ရာရဲ့ ဖြစ်စဉ် အကြောင်း ထဲထဲဝင်ဝင် ဘာတစ်ခုမှ မသိသေးပါဘူး"ဟု မိန့်ကြားသဖြင့် မိမိတို့ လက်လျှော့ခဲ့ရပါသည်။

အပြန်ခရီးတစ်လျှောက်လုံး တွင်းတစ်ရာနှင့်ပတ်သက်သေ မေးခွန်းများက မိမိအတွေးထဲ ရှုပ်ထွေးလျက်ရှိသည်။ ဤတွင်းများသည် ပထဝီဖောက်ပြန်မှုအရ တစ်ချိန်သောအခါက မီးတောင်အဖြစ် တည်ရှိပြီး ချော်ရည်ချော်မြှုပ်များ ပေါက်ကွဲထွက်ရာ တွင်းပေါင်းများလော (ဥပမာ မင်းဘူးမြို့ နဂါးပွက်တောင်) သို့မဟုတ် ရှေးအတိတေကာလက ဂန္ဓာရီပုဂ္ဂိုလ်များ၏ ဝိဇ္ဇာကျင့်စဉ်များကြောင့် ဖြစ်ပေါ်နေသောတွင်းများလော။ သို့မဟုတ် ဂြိုဟ်တစ်ခုခုမှ အာကာသယာဉ်များ ဆင်းထား၍ တွင်းများဖြစ်ပေါ်နေခြင်းလော စသည့် မေးခွန်းများဖြစ်သည်။

မိမိသည် သာမန်စာရေးဆရာတစ်ယောက် ဖြစ်ပါသည်။ သုတေသီပညာရှင် ဘူမိဗေဒပညာရှင် မဟုတ်သောကြောင့် မိမိ၏ဉာဏ် တစ်ထွာတစ်မိုက်နှင့် ကောက်ချက်ချရန် မဝံ့ရဲသည်မှာ အမှန်။ အမြင်ကို အမြင်အတိုင်း မိမိ၏ ဤရေးသားမှုကို ဖတ်ရှုရပြီးနောက် စိတ်ဝင်စားသော သုတေသီပညာရှင်များ၊ ဂမ္ဘီရဆရာကြီးများ ကိုယ်တိုင်သွားရောက်လေ့လာ သုတေသနပြု၍ ထုတ်ပြန်ပေးလာမည့် အဖြေတစ်ရပ်ရပ်အား စောင့်မျှော်ရန်သာ ရှိပါတော့သည် မဟုတ်ပါလား။

**မင်းရွှေသိန်း(ဝင်းကျော်)**

www.burmeseclassic.com

www.burmeseclassic.com

# တိုက်ဆောက်၊ ကားစီး၊ ကြီးပွားချင်သူများအတွက် နဂါးကိုးကောင်ဆရာတော်

၏

# ထမင်းဆီဆမ်း ရွှေလင်ပန်း ဂမ္ဘီရယတြာ

## မင်းကျော်နန္ဒက

ပြီးခဲ့သည့် လပိုင်းက မန္တလေးမြို့၏ အထင်ကရ နဂါးကိုးကောင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့၏။ နဂါးကိုးကောင်ဆရာတော်မှာ သက်တော်အားဖြင့် ငါးဆယ်ဝန်းကျင်မျှသာရှိသေး၏။ အမြဲတမ်း ပြုံးပြုံးရွှင်ရွှင်ဖော်ဖော်ရွေရွေဖြင့် ညှို့ခံကြိုဆိုလေ့ရှိသဖြင့် ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့သူများမှာ ကြည်နူးဝမ်းသာဖြစ်ကြ၏။ တစ်ခေါက်ရောက်ပြီးလျှင် နောက်တစ်ခေါက်ရောက်လိုကြ၏။ တစ်ခါလှူပြီးလျှင် နောက်ထပ် ထပ်ကာထပ်ကာ လှူချင်ကြ၏။ ဆရာတော်၏ ပြုံးရွှင်သော မျက်နှာ၊ ဖော်ရွေပျူငှာသောစကား၊ လှိုက်လှဲဝမ်းသာသော ညှို့ဝတ်ကျေပွန်၊ စေတနာ၊ သဒ္ဓါတရားထက်သန်စွာ ကျွေးမွေးစောင့်ရှောက်လေ့ရှိသဖြင့် ဝင်ထွက်သွားလာ လှူဒါန်းဖြစ်သော ဒကာ၊ ဒကာမများဖြင့် ညှို့သည်မပြတ်အောင် စည်ကားလျက်ရှိ၏။

တချို့သော အခေါက်အခါများတွင် ဆရာတော်ထံ ညှို့သည်မပြတ်သဖြင့် မြတ်ဘက်ဘုရားဖူးပြီး ပြန်ခဲ့ရသည့်အကြိမ်ပေါင်းလည်းမနည်းတော့ပါ။

သည်တစ်ခေါက်တော့ ညှို့သည်လည်း အနည်းငယ်ရှင်းပြီး ဆရာတော်ကိုလည်း မြတ်ဘက်ဘုရားပေါ်တွင် အဆင်သင့် ဖူးမြော်ခွင့်ရသဖြင့် ဆရာတော်ရှေ့တွင် ဝပ်တွားဦးချရှိခိုးလိုက်၏။

"ဒကာကြီး・・・မတွေ့တာကြာပြီနော်။ ဂန္ဓာရီလုည့်နေတာလား"

ဟု ဆရာတော်က ပြုံး၍မေးတော်မူသည်။

"တပည့်တော် ရောက်ပါတယ်ဘုရား။ ဆရာတော်ဘုရားဆီမှာ ညှို့သည်မပြတ်တာနဲ့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မြတ်ဘက်ဘုရားဖူးပြီး ပြန်သွားရတာပါ"

"အေး・・・ဟုတ်တာပေါ့ ဒကာကြီး။ ဒီမှာကတော့ ညှို့သည်က ပြတ်လုတယ်မရှိဘူး။ ဒကာ၊ ဒကာမတွေရော၊ အလှူရှင်တွေရော ဆက်တိုက်လာနေတော့ တစ်ခါတလေ ကျုပ်နေ့လယ်ခင်း ဆွမ်းစားပြီး တစ်ရေးတစ်မှေး မှေးချင်တာတောင် မှေးခွင့်မရဘူး။ ခုလည်း ဆွမ်းဘုဉ်းပြီး ခဏနားတော့မလို့။ နာရီဝက်လောက် မှေးပြီးတာနဲ့ နေ့ ၁ နာရီမှာ တရားထိုင်ရသေးတယ်။ ယောဂီတွေနဲ့တရားထိုင်ရတာ တစ်နေ့သုံးကြိမ်။ ကြုံတုန်းကြုံခိုက် ပေါဟို ကျောင်းပေါ်မှာ ထမင်းဝင်စားသွားလိုက်ဦး။ ပြီးမှ ကျောင်းပေါ်လာခဲ့။ ခင်ဗျား သိချင်တာလေးတွေ ပြောပြဖို့ ကျုပ်စောင့်နေပါ့မယ်"

ဟုဆိုကာ ဆရာတော် ကျောင်းပေါ်သို့ ကြွသွားသည်။

စာရေးသူလည်း ဆရာတော် ညွှန်ကြားပြသော ဆွမ်းစားကျောင်းပေါ်သို့ တက်ကာ ဝေယျာဝစ္စအဖွဲ့မှ တည်ခင်းညှို့ခံသော ထမင်းဟင်းလျာများကို သုံးဆောင်ပြီး ဆရာတော်ရှိရာ စောနန်းထွေးကျောင်းပေါ်သို့ တက်လိုက်ခဲ့၏။

ဆရာတော်ဘုရား၏ ကျောင်းပေါ်တွင် အချိုရည်ဘူးများနှင့်အတူ အချိုမုန့်များ၊ သစ်သီးဝလံများကို စားပွဲဝိုင်းပေါ်တွင် ပြင်ဆင်ထားပြီး စာရေးသူအား



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံညှော်ခံပြန်၏။

"သုံးဆောင်ဦးဒကာကြီး။ ကျောင်းကကျွေးတာ ဆေးဖြစ်တယ်။ ဘယ်လိုလဲ၊ ခင်ဗျား ကျုပ်အကြောင်းရေးချင်နေတာ ခွင့်ပြုလိုက်တော့ ရေးနေပြီလား"

"မှန်ပါဘုရား...။ အရှင်ဘုရား အနှစ်သုံးဆယ်လောက်ကတည်းက ကျင့်ကြံအားထုတ်ခဲ့တဲ့ မေတ္တာကျင့်စဉ်အကြောင်း ရေးပြီးပါပြီဘုရား။ မဂ္ဂဇင်းမှာပါလာရင် တပည့်တော် လာပို့ပေးပါ့မယ်"

"အေး.. အေး...ကောင်းပြီ ဒကာကြီး။ ဒါလည်း စာပေနဲ့ သာသနာပြုခြင်းတစ်မျိုးပဲလေ။ နောက်ထပ်ရေဘာတွေရေးဖြစ်ထားသေးသလဲ"

"မရေးဖြစ်သေးဘူးဘုရား။ အရင်တစ်ခေါက်တုန်းက ဘုန်းဘုန်း ဒကာ၊ ဒကာမတွေကို ပြောပြတာလေ တပည့်တော် မှတ်မိနေတယ်။ ပိုပြီး တိတိကျကျ သေသေချာချာ သိချင်သေးလို့ မရေးဖြစ်သေးတာ"

"ကျွန်တော်တို့ ဒကာမတွေက အများကြီး။ ကျွန်တော်လည်း မမှတ်မိတော့ဘူး။ ခင်ဗျား [illegible]"

"တင်ပါ့ဘုရား။ တပည့်တော် မှတ်မိတာကတော့ ထမင်းဆီဆမ်း ရွှေလင်ပန်းဆိုလား"

"အေး...ဟုတ်ပြီ ဟုတ်ပြီ အဲဒါ မန္တလေး ချမ်းအေးသာဇံမြို့နယ် ကံကောင်း ကွမ်းပစ္စည်းရောင်းဝယ်ရေးဆိုင်က ကျုပ်ဒကာကြီး ဦးသန်းရွှေနဲ့ ဒေါ်မာလာတို့ကိုပေးခဲ့တဲ့ ဂန္ဓာရီယတြာပဲ။ သူတို့ မြေကွက်ရောင်းချင်တယ်ဆိုလို့ လမ်းညွှန်ပေးလိုက်ရတာ"

"မှန်ပါတယ်ဘုရား။ သူတို့မြေကွက် ရောင်းတည့်ချင်လို့ ဆရာတော် ထံလျှောက်တော့ ဆရာတော်ညွှန်ကြားလိုက်တဲ့ကျင့်စဉ်လေးပါ။ သူတို့မြေကွက်လေး ရောင်းထွက်သွားပြီလားဘုရား"

"ကျုပ် ဒီယတြာကို လုပ်ပေးခဲ့တာ သုံးလေးဦးရှိပြီဒကာကြီး။ မအောင်မြင်ဘူးဆိုတာ မရှိခဲ့ဖူးဘူး။ ပြီးတော့ တွေ့တဲ့သူတိုင်းကိုလည်း ဒီနည်းကို ကျုပ်မပေးဘူး။ တကယ်လည်း အခက်အခဲဖြစ်၊ တကယ်လည်း ယုံကြည်အားကိုးတဲ့လူမျိုးကိုပဲ လုပ်ကိုင်ပေးတာ။ ဒကာကြီးရေးတော့မယ်ဆိုတော့ ခုနစ်ရက်သားသမီးတွေ အခက်အခဲဖြစ်ရင်

**အဆိုပါ ကျင့်စဉ်ကို**
**နဂါးကိုးကောင်ဆရာတော်၊**
**ပုပ္ပားအဘအောင်မင်းခေါင်**
**ထွက်ပွဲ အောင်ပွဲပြုလုပ်ရာ**
**ရွှေမန်ကျီးတောတွင်**
**ကျင့်ကြံအားထုတ်စဉ်**
**အထက်ပုဂ္ဂိုလ်များ**
**ချီးမြှင့်ခဲ့သော ဂန္ဓာရီယတြာ**
**ကျင့်စဉ်ဖြစ်သည်။**

အသုံးပြုနိုင်တာပေါ့။ ဒကာကြီးလည်း ရေးထိုက်ပါတယ်။ ဦးသန်းရွှေတို့၊ မမာလာတို့လည်း ရက်ပိုင်းအတွင်းအရောင်းအဝယ်တည့်လို့ ကျုပ်ကျောင်းမှာလာပြီး လှူကြပါတယ်။ တိုက်တာ၊ အိမ်၊ ခြံမြေ ရောင်းချင်တာပဲဖြစ်ဖြစ်၊ ဝယ်ချင်တာပဲဖြစ်ဖြစ်၊ အနှောင့်အယှက်ကင်းချင်တာပဲဖြစ်ဖြစ် ဒီနည်းကောင်းကို သုံးလို့ရပါတယ်။ မကောင်းတဲ့နေရာမှာတော့ သုံးလို့မရဘူး။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေရဲ့ အစောင့်အရှောက်ကို တောင်းခံရတာ မသမာနည်းနဲ့ အကူအညီတောင်းလို့ တော့ မရဘူး ဒကာကြီးရဲ့"

ဤသို့ဖြင့် နဂါးကိုးကောင် ဆရာတော်၏ ခွင့်ပြုချက်အရ အဆိုပါ ထမင်းဆီဆမ်း ရွှေလင်ပန်း ယတြာကျင့်စဉ်ကို မှတ်သားခဲ့၏။ ထို့နောက် အိမ်မြေ၊ တိုက်တာ၊ ခြံဝင်းကိစ္စနှင့် ပတ်သက်၍ အကူအညီတောင်းခံသူ တချို့ကို စာရေးသူဆောင်ရွက်ပေးခဲ့ရာ လွန်စွာမှ ထိရောက်အောင်မြင်ခဲ့ကြောင်း တွေ့ရ၏။

တိုက်တာ၊ အိမ်ခြံမြေ ကိစ္စရပ်များ၊ အရောင်းအဝယ်ကိစ္စရပ်များသာမက အိမ်မြေနေရာ အတိုက်အခံများခြင်း၊ မလိုသူနှောင့်ယှက်ခြင်း၊ အိမ်မသန့်၊ မြေမသန့်ခြင်းတို့ကို ဉာဏ်ရှိသလို ချဲ့ထွင်အသုံးပြုခြင်းဖြင့် အဆင်ပြေအောင်မြင်ခဲ့သည်ကို တွေ့ရသဖြင့် စာဖတ်ပရိသတ်များ အသုံးဝင် ဆောင်ရွက်နိုင်အောင် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

"ထမင်းဆီဆမ်း ရွှေလင်ပန်း"



www.burmeseclassic.com

www.burmeseclassic.com

ယတြာကျင့်စဉ်မှာ မိမိမွေးနေ့ (သို့ မဟုတ်) လပြည့်နေ့နံနက် ၆ နာရီမှ ၇း၃၀ အတွင်း လုပ်ရ၏။ လုပ်ပုံလုပ်နည်းမှာ မခက်ခဲပါ။ ရွှေရေးပါသော တိုက်ပန်းကန်ပြားဖြင့်ဖြစ်စေ၊ ကြေးလင်ပန်း၊ ကြွေလင်ပန်းဖြင့်ဖြစ်စေ ထမင်းဦးကို ခူး၍ထည့်ရ၏။ ထို့နောက် ဆီဆမ်း၍ ဆားအနည်းငယ်မျှ ဖြူးရ၏။ ထိုထမင်းပန်းကန်ထဲသို့ ငါးခြောက်ကြော် သုံးတုံးဖြစ်စေ၊ ငါးလေးခြောက် သုံးကောင်ကို ဖြစ်စေ ဖိုခနောက်ဆိုင် ထည့်၍ အိမ်ဘုရားတွင် ဆီမီး၊ ရေချမ်း၊ ပန်းနှင့်အတူ ပူဇော်ရ၏။ ထို့နောက် ထိုကုသိုလ်၏ အဖို့ဘာဂကို ခြံဝင်းအတွင်းရှိ ဝင်းစောင့်နတ်၊ ခြံစောင့်နတ်များ၊ သမ္မာဒေဝနတ်များအား တိုင်တည်ကာ မိမိလိုရာကိုတောင်းခံ၍ အမျှအတန်းပေးဝေရ၏။ ထိုနည်းအတူ ထမင်းဆီဆမ်း ရွှေလင်ပန်း ဂမ္ဘီရယတြာကို ဝင်းစောင့်နတ်၊ ခြံစောင့်နတ်တို့အား ပူဇော်၍လည်း ဆုတောင်းနိုင်သည်။

အဆိုပါ ကျင့်စဉ်ကို နဂါးကိုးကောင်ဆရာတော်၊ ပုပ္ပားအဘအောင်မင်းခေါင်ထွက်ပွဲ အောင်ပွဲပြုလုပ်ရာ ရွှေမန်ကျီးတောတွင် ကျင်းကြပ်အားထုတ်စဉ် အထက်ပုဂ္ဂိုလ်များ ချီးမြှင့်ခဲ့သော ဂမ္ဘီရယတြာကျင့်စဉ်ဖြစ်သည်။

ယခုအခါ နဂါးကိုးကောင် ဆရာတော်မှာ မန္တလေးမြို့ ပြင်ဦးလွင်ကားလမ်းပေါ်၌ရှိသော ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စေမွန်လှ သစ္စာအဓိဋ္ဌာန်အောင် မြတဘက် နဂါးကိုးကောင်ဘုရား စေမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သာတင်းသုံးလျက် သာသနာရေးကိစ္စရပ်များ၊ ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

နဂါးကိုးကောင် စာသင်ဆောင် နဂါးကိုးကောင် ကုသိုလ်အခမဲ့ဖြစ်ဆေးခန်း၊ စေမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည်တို့ကို တည်ထောင်ကာ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ တောင်တန်းနယ်စပ် ဒေသမှ တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ရှင်သာမဏေ၊ သီလရှင်လေးများအပါအဝင် သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၉၀၀ ကျော်ကို အခမဲ့ ပညာသင်ပေးလျက်ရှိ၏။

ဆရာတော်၏ စရဏတန်ခိုးစွမ်းအားကြောင့် ချုံနွယ်ပိတ်ပေါင်းများကြားတွင် ပျောက်ကွယ်လုဆဲဆဲဖြစ်သော စေမွန်လှ မြတဘက်စေတီနှင့် ပေါ်တော်မူကျောင်းတိုက်မှာ ယခုအခါ နတ်ဘုံနတ်နန်းအလား ရေမကျောင်းကြီးများ အဆောက်အအုံများ အလျှိုလျှိုပေါ်ပေါက်လာပြီး ဘုရားဖူးပရိသတ်များဖြင့် စည်ကားနေပြီဖြစ်သည်။ ခုနစ်ရက်သားသမီးများ လာရောက်ကြည်ညိုဖူးမြော်နိုင်ရန် လမ်းညွှန်လိုက်ရပါတော့သည်။

**မင်းဣန္ဒက**


## အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
## အဆောင်ဓာတ်လုံး
## ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါ်ကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ဓန-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့်ကြုံကြိုက်ချိန်၌ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်းသိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်းပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ + ဓန လာဘ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလှူရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# ရက်တက်ရည်နှင့် မြေစာမြက်

## ဆင်ဖြူကျွန်းအောင်သိန်း

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းတစ်ပါး စိုးစံအုပ်ချုပ်တော်မူစဉ် ထိုပြည်၏ မြို့တော်အနီးရှိ သုသာန်တွင်လည်း ခွေးကြီးတစ်ကောင်သည် ခွေးအပေါင်းကို အုပ်ချုပ်လျက် မင်းလုပ်နေ၏။

တစ်နေ့တွင် ခွေးတွေ ဝရုန်းသုန်းကား ပြေးလွှား၍ သုသာန်တွင်းသို့ ဝင်လာကြသည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ကြတာတုံး"

ခွေးမင်း မေးမြန်းစုံစမ်းနေခိုက်တွင် နောက်ထပ်ခွေးတစ်အုပ် ရောက်လာပြန်သည်။ ထိုအထဲ၌ ခွေးတစ်ကောင်မှာ သွေးသံရဲရဲဖြင့် ဒဏ်ရာရလာသည်။ နောက်တစ်ကောင်မှာ တင်ပါး၌ မြားတန်းလန်း စူးဝင်နေသည်။

"အရှင်မင်းကြီး ... ကယ်တော်မူပါ"

"အဲဒါကြောင့် ဘာဖြစ်ကြတာလဲလို့ ငါမေးနေတာပေါ့။ ကဲ .. ပြောစမ်း မိနက် ဘာဖြစ်ကြတာလဲ"

ခွေးမင်းသည် သုသာန်ဇရပ်ဘေးရှိ အုတ်ဂူဟောင်းတစ်လုံးပေါ်တွင် ရပ်ပြီး ဘေးဘီကို အကဲခတ်ရင်း မေးသည်။

"မသိပါဘူးရှင့်"

"ဟဲ့ ... နင်သိလား ခွေးနီ"

"မင်းမှုထမ်းတွေက ကျွန်တော်တို့ ခွေးတွေကို တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ လှံနဲ့ထိုး၊ လေးနဲ့ပစ်နေကြပါတယ်"

ထိုမင်းမှုထမ်းများ၏ ခြေကြိုခြေကြားတွင် ခွေးတွေ သွားလာလှုပ်ရှားနေလေ့ ရှိကြသည်။ ယနေ့မှ တစ်မူထူးခြားပြီး အဘယ်ကြောင့် ရန်ပြုရသနည်း။

"အေး .. ဟုတ်ပါပြီ။ ဘာပြုလို့ အဲသည်လို လုပ်တာလဲ"

ခွေးနီသည် ဤမျှထက်ပိုပြီး သိပုံမရပေ။ သူသိနိုး၊ ငါသိနိုး လှည့်ကြည့်နေသဖြင့် ခွေးမင်းကပင် ဇရပ်လှေကားရင်းတွင် ဝပ်နေသော ခွေးတစ်ကောင်ကို လှမ်းမေးသည်။

"ဟဲ့ကောင် ငကျား၊ မင်းသိလား"

"အရှင်မင်းကြီး .. ကျွန်တော် မျိုးသိပါတယ်"

"ဒါလောက် မေးမြန်းနေတာကွာ၊ သိရင်ပြောပါတော့လား"

"ကျွန်တော့်မျိုးကိုမှ မမေးတာ။ နို့ အရှင်မင်းကြီးပဲ မခေါ်ဘဲ မသွားရ၊ မမေးဘဲ မပြောရဆို"

"ဟုတ်ပါပြီကွယ်၊ သိရင်ပြောစမ်းပါ"

"လူပြည့်ရှင်မင်းဟာ မနေ့တုန်းက မြင်းဖြူတပ်တဲ့ ရထားကြီးစီးပြီး ဥယျာဉ်တော်ကို ထွက်သွားပါတယ်"

"မင်းက အဲသည်တုန်းက ဘယ်မှာလဲ"

"အဲသည်ရထားနဲ့အတူ ဥယျာဉ်တော်ကို ပါသွားပါတယ်။ လူဘုရင် ဥယျာဉ်ကစားထွက်ရင် သေရည်နဲ့ စမဲဟင်းလျာက အလျှံပယ်ပဲ။ အဲဒါကြောင့် ပါသွားတာပါ"

"လိုရင်းပြောပါ မောင်မင်း"

"လူဘုရင်နန်းတော်ကို ပြန်ရောက်တော့ မှောင်နေပြီ။ အဲဒါကြောင့် ရထားကို တင်းကုပ်ထဲမသွင်းဘဲ ထားတဲ့အတွက် သန်းခေါင်ကျော်မှာ ရွာတဲ့မိုး မိတယ်။ ရထားစီးကုံးလည်း မိုးမိတော့ နန်းတော်ထဲက ခွေးတွေ သားရေနံ့ရတဲ့ ရထားစီးကုံးကို ဝိုင်းစားကတော့တာပါပဲ အရှင်မင်းကြီး"

ခွေးဘုရင်ကြီး သဘောပေါက်ပါပြီ။

မင်းညီမင်းသား၊ မောင်းမမိဿံများ မွေးထားသော ခွေးများသည် သားရေနံ့ရသော ရထားစည်းလုံးကို ဝိုင်းအုံကိုက်ခဲ စားသောက်ကြသည်။ သို့ကြောင့် ရထားစည်းကုံး ပျက်စီးသည်ကို အကြောင်းပြုပြီး ခွေးတွေကို လိုက်လံသတ်ဖြတ်သည်။ သို့သော် ရထားစည်းကုံး ဖျက်ဆီးသူများကို မသတ်ဘဲ မဆီမဆိုင် သုသာန်တွင်း



www.burmeseclassic.com

www.burmeseclassic.com

**အရှင်မင်းကြီး ... ရှိသမျှခွေးတွေကို သတ်စေတယ်ပြောပြီးမှ မင်းညီမင်းသား မွေးထားတဲ့ ခွေးတွေကျတော့ မသတ်ဘူး ပြောပြန်တယ်။ ဒါဟာ အဂတိတရား လိုက်စားရာ ရောက်တယ်။**

နေသည့် ခွေးများကို လိုက်လံသတ်ဖြတ်ခြင်းဖြစ်သည်။

"ဒါမတရားဘူး"

ခွေးမင်းသည် ဂူပေါ်မှ ခုန်ချသည်။

"မတရားတာကို ငုံ့ခံနေလို့မဖြစ်ဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့ပါ လိုက်မယ်"

ထွားကျိုင်းသော ခွေးနက်ကြီးနှစ်ကောင်နှင့် ခွေးကျားကြီးနှစ်ကောင်လည်း ဇရပ်အောက်နှင့် ဂူကြိုဂူကြားမှ ဟိန်းဟောက်သံ တညံညံဖြင့် ထွက်လာကြ၏။ ခွေးမင်း၏ ဝဲယာရှေ့နောက်တွင် ဝန်းရံလိုက်ကြသည်။

"မင်းတို့လိုက်လို့ မဖြစ်ဘူး။ မင်းလုလင်တွေက လက်ယားနေကြတာ"

"မင်းကြီးကို အစောင့်အရှောက် မပါဘဲ လွှတ်လိုက်ဖို့ ကျွန်တော်တို့ စိတ်မချလို့ပါ"

"ကိစ္စမရှိဘူး။ ငါက သစ္စာဆိုပြီး မေတ္တာနဲ့သွားမှာ။ နေခဲ့ကြ"

ခွေးမင်းသည် ပြောပြောဆိုဆို သုသာန်ထဲမှ ထွက်လာသည်။ မြို့တံခါး၌ လူများ၊ ကျွဲ၊ နွား၊ မြင်း၊ ဆင်များ ဝင်ထွက်နေကြငြား ခွေးတစ်ကောင်မျှ မပါချေ။ ခွေးမင်းသည် ထိုသူများကြားမှ အေးဆေးစွာ ဖြတ်သန်းလာခဲ့ရာ အတွင်းတော်ရှိ သလွန်တော်ရှေ့တိုင်အောင်ပင်။

"ဟဲ့ ... သည်ခွေးက ကျူးကျူးကျော်ကျော်နဲ့"

"ဒါ ... မိဖုရားခေါင်ကြီးမွေးထားတဲ့ ခွေးမဟုတ်လား"

ထိုအခါကျမှ ခွေးမင်းစကားပြောတော့သည်။

"အရှင်မင်းကြီး ... ကျွန်တော်မျိုးဟာ သုသာန်ထဲမှာနေတဲ့ ခွေးလေခွေးလွင့်တစ်ကောင်ပါ။ အခု ခွေးတွေကို သတ်ခိုင်းနေတယ်ကြားတာ ဟုတ်ပါသလား"

"ဟုတ်တယ်"

"ခွေးတွေဟာ ဘယ်လိုအပြစ်ကျူးလွန်လို့ပါပဲ အရှင်မင်းကြီး"

"ငါကိုယ်တော်ရှင်မြတ် ခြေတော်တင်တဲ့ ရထားတော်မြတ်က စည်းကုံးကို စားပစ်ကြတယ်"

"အရှင်မင်းကြီးရဲ့ ရထားက သားရေ ခိုးစားတဲ့ခွေးတွေကို သိပါသလား"

"မသိဘူး"

"သားရေစားတဲ့ ခွေးတွေကို မသိဘဲနဲ့ မြင်မြင်သမျှ ခွေးတွေကို မသတ်သင့်ပါ။ ဒါပေမယ့် ချမ်းသာပေးတဲ့ ခွေးတွေရှိပါသေးသလား အရှင်မင်းကြီး"

"ရှိတယ်။ မင်းညီမင်းသားမွေးတဲ့ ခွေးတွေကို မသတ်ဘူး"

"အရှင်မင်းကြီး ... ရှိသမျှခွေးတွေကို သတ်စေတယ်ပြောပြီးမှ မင်းညီမင်းသားမွေးထားတဲ့ ခွေးတွေကျတော့ မသတ်ဘူးပြောပြန်တယ်။ ဒါဟာ အဂတိတရား လိုက်စားရာရောက်တယ်။ အဂတိတရား လိုက်စားတာဟာ မင်းကျင့်တရားမဟုတ်ဘူး"

"အဆွေပညာရှိ၊ သင်ဟာ ခွေးသူခိုးတွေကို သိသလား"

"သိပါတယ် အရှင်မင်းကြီး။ မြေစာမြက်ကို ဓိထောင်းထု၊ ရက်တက်ရည်နဲ့ ရောပြီးတိုက်ရင် အန်ပါလိမ့်မယ်ဘုရား"

မင်းချင်းများသည် ခွေးမင်းပြောသည့်အတိုင်း ဆောင်ရွက်ရာ မင်းညီမင်းသား စသော နန်းတွင်းသားတို့ မွေးထားသည့် ခွေးများ၏ အန်ဖတ်ထဲတွင် သားရေစများကို တွေ့မြင်ကြရလေ၏။

ထိုအခါ လူမင်းသည် ခွေးမင်းကို တောင်းပန်ပြီး ခွေးအပေါင်းကို ဘေးမဲ့ပေးလိုက်ရလေတော့သည်။

### ဆင်ဖြူကျွန်းအောင်သိန်း

[ ၅၅၀ ဇာတ်တော်များ ကုရုင်္ဂဝဂ် ကုက္ကုရဇာတ်ကို မှီးသည်။ ]

www.burmeseclassic.com

www.burmeseclassic.com

# ဤလောကီ ဘုံအဆန်းပေမို့

■ လှမိုး(ပညာရေး



၁၃၄၃ ခု နှစ်ဆန်းပိုင်းဟု ထင်မိပါသည်။ နေ့ လ၊ ရက်ကိုမူ တိတိကျကျမမှတ်မိတော့။ ဥရောပတိုက်တွင် ဖြစ်ပွားနေသော ဒုတိယကမ္ဘာစစ်မီးကြီးသည် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်မလာသေး။ ထိုစဉ်ကာလက ကျွန်တော်သည် အလယ်တန်းကျောင်းသားဖြစ်လာ၍ စာစုံဖတ်နေပြီဖြစ်သည်။

တစ်နေ့တွင် အမှတ်မထင် ထိုကာလက ဗြိတိသျှမြန်မာနိုင်ငံ ဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေသော ပြန်ကြားရေးဌာန ကမ္ဘာ့ရုပ်စုံဂျာနယ်ကို ဖတ်ရှုမိခဲ့သည်။ ကမ္ဘာ့နေမဝင်သော အင်ပါယာကြီးကို ပိုင်ဆိုင်သော အင်္ဂလန်နိုင်ငံ၏ ဆဋ္ဌမမြောက် ဂျော့ဘုရင် (ယနေ့ ဗြိတိသျှဘုရင်မကြီးဖခင်)သည် ညှိခံပွဲတစ်ခုတွင် ညှိသည်မှတ်တမ်းစာအုပ်အား လက်မှတ်ရေးထိုးနေသည့်ပုံကို တွေ့ရသဖြင့် သေသေချာချာကြည့်မိသောအခါ သူသည် ဘယ်လက်ဖြင့် လက်မှတ်ရေးထိုးနေသည်ကို တွေ့ရ၏။ ပထမတွေ့ခြင်းမှု ကျွန်တော် အမြင်အာရုံလွဲမှားသည်ဟု ထင်မိသည်။ သေသေချာချာကြည့်မိသောအခါ ဆဋ္ဌမမြောက် ဂျော့ဘုရင်မှာ ဘယ်သန်ဖြစ်နေတော့သည်။ မှန်ပါသည်။ ယနေ့ ညာသန်ကမ္ဘာကြီးတွင် ဘယ်သန်တွေ လက်ဆစ်ချိုး ရေတွက်မရအောင် ပေါ်များပါသည်။ အမှန်အားဖြင့် ကျွန်တော်ကိုယ်တိုင်ပင် ငယ်စဉ်က ဘယ်သန်တစ်ယောက် ဖြစ်ခဲ့ပါသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မွားမီ သူငယ်တန်း(အောက်ဆင့်)(ထိုစဉ်ကာလက ကျောင်းနေစ ကျောင်းသားအများသည် သူငယ်တန်းလေးဟုခေါ်သော သူငယ်တန်းအောက်ဆင့်တွင် တစ်နှစ်သင်ကြားရပြီးမှ အထက်အဆင့်သို့ တက်ရောက်သင်ကြားကြရ၏။)တွင် သင်ကြရသည်။ ထိုစဉ်က သူငယ်တန်း အောက်ဆင့်အတန်းပိုင်ဆရာမကြီးမှာ ဒေါ်ပိုဖြစ်ပါသည်။

ဆရာမကြီးမှာ အထူးစည်းကမ်းတင်းကျပ်လွန်းသူဖြစ်၏။ ကျွန်တော့်ဖခင်မှာလည်း ကျောင်းအုပ်ဆရာကြီးမို့ သူတို့နှစ်ဦး၏ ဖွတ်အတင်းအကျပ် ပြုပြင်သဖြင့် ကျွန်တော်မှာ ဘယ်သန်ဘဝမှ စတော၍ ညာသန်ဘဝပြောင်းခဲ့ရသည်။ ဘယ်ဘက်လက်ဖြင့် စာစတင်ရေးနေသည်က ညာဘက်လက်သို့ ပြောင်း၍ရေးရစဉ်က စိတ်အလွန်ဆင်းရဲခဲ့သည်။ ဆရာမ ဒေါ်ပိုကိုယ်တိုင် လက်ရေးရေးသည်ကို စောင့်ကြည့်သဖြင့် တဖြည်းဖြည်း ညာလက်ဖြင့်ရေးနိုင်ရာမှ ညာသန်ဖြစ်ခဲ့ရတော့၏။

ရှေးပဝေသဏီကပင် ဘယ်ဘက်လက်နှင့် ပတ်သက်၍ လူမျိုးနွယ်စုများတွင် အဆိုးမြင်ခဲ့ကြသည်။ သာဓကအားဖြင့် ဥရောပတိုက် မြောက်နိုင်ငံအများတွင် (စကင်ဒနေဗီယားနိုင်ငံ) နတ်ဆိုးတစ်ပါးသည် ဘယ်သန်ဖြစ်သည်ဟု ယူဆသည်။ ထိုနတ်ဆိုး၏ အမည်ကိုယူ၍ အင်္ဂါနေ့ဟု (Tues day) ကင်ပွန်းတပ်ခြင်းဖြစ်သည်ဟု ဆိုရာ ထိုနေ့လွဲ၍ အခြားနေ့များတွင် ပထမဆုံးဘယ်သန်သူတစ်ဦးအား စတင်

www.burmeseclassic.com


မြင်ရလျှင် ထိုနေ့အဖို့ မြင်ရသူမှာ ကံမကောင်းဟုဆိုကြသည်။

ထိုအတူ နိုင်ငံအများအပြားတွင် ဘယ်သန်နှင့်ပတ်သက်၍ အဆိုးမြင်ကြသည်။ ဘယ်ဘက်လက်ဖြင့် ဝတ်စုံတစ်ခုကိုပေးခြင်း။ ဘယ်ဘက်လက်ဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း။ ဘယ်ဘက်လက်ဖြင့် အစေလှမ်းပြခြင်း စသည်တို့ကို ခွင့်မပြုခဲ့ကြပေ။ ဤကဲ့သို့ပြုလုပ်ခြင်းသည် မိမိတို့၏ ရိုးရာဓလေ့ကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ယူဆကြသည်။ တရားရုံးများ၌ပင်လျှင် ကျမ်းသစ္စာကျိန်ဆိုရာတွင် ညာလက်ဖဝါးဖြန့်ထောင်၍ ကျိန်ဆိုကြရ၏။

အတိတ် သမိုင်းကြောင်းများတွင် လူမျိုးနွယ်အများအပြားသည် ဘယ်ဘက်လက်အား မစင်ကြယ်သော လက်၊ ကံမကောင်းသောလက်ဟု အယူအဆများရှိကြ၏။ ပြင်သစ်ဘာသာဝေါဟာရတွင် (Gaugh) သည် ဘယ်သန်ခြင်းဟု အဓိပ္ပာယ်ရ၏။ ထိုဝေါဟာရကို တိတိကျကျ ဘာသာပြန်ဆိုရမည်ဆိုလျှင် ယင်းဝေါဟာရ၏ အဓိပ္ပာယ်မှာ လူ့လောက၊ လူ့အသိုင်းအဝိုင်းနှင့် ကင်းကွာခြင်း၊ ဝင်ဆံ့ခြင်းမရှိခြင်း၊ သဘာဝမကျခြင်းဟု ဆိုသည်။ သို့ဖြစ်၍ ဘယ်သန်ခြင်းသည် လူ့သဘာဝအသိုင်းအဝိုင်းနှင့် ဆန့်ကျင်ခြင်းဟု ဆိုသည်။

လက်တင်ဘာသာအားဖြင့် Sinister ဟူသော အဓိပ္ပာယ်သည် လက်ဝဲဘက်၊ သို့မဟုတ် ဘယ်သန်ခြင်းဟု ဆိုလိုသည်။ အင်္ဂလိပ်ဘာသာဖြင့် တိတိကျကျ ဘာသာပြန်ဆိုလျှင် ကောက်ကျစ်ခြင်း၊ ကံဆိုးမိုးမှောင်ကျခြင်းဟု ဆိုလိုသည်။

ခရစ်ယာန်ဘာသာဝင်တို့၏ သမ္မာကျမ်းစာ၊ တိသရဘာသာဝင်တို့၏ သာဘာရေးကျမ်း၊ မွတ်စလင်ဘာသာရေးကျမ်းများတွင် ဘယ်ဘက်လက်ကို မစင်ကြယ်သောလက်ဟု ဆိုကြသည်ဟု သိရ၏။ ဥရောပတိုက်ကြီး၏ အတိတ်သမိုင်းကြောင်းများတွင် ဘယ်သန်အမျိုးသားများ၊ အမျိုးသမီးများအား လောကီပညာရှင်များ၊ စုန်း၊ ကဝေ၊ မှော်ဆရာများဟု ယူဆ၍ စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရ၏။ ထိုစဉ်က စုန်းကဝေ၊ မှော်ဆရာဟု စွပ်စွဲခံရသူများအား လူအများမြင်ကွင်းတွင် မီးရှို့သတ်လေ့ရှိ၏။ သို့ဖြစ်၍ ဘယ်သန်သူများမှာ မိမိတို့ အသက်နှင့်ခန္ဓာ မည်သည့်နေ့၌ ခွဲခွာရမည်ကို ထာဝစဉ် စိုးရိမ်ပူပန်နေကြရ၏။ ဤကဲ့သို့ အယူအစွဲ ရှိလာရခြင်းမှာ အကြောင်းရှိပါသည်။ မာရ်နတ်အပါအဝင် နတ်ဆိုးမှန်သမျှသည် ဘယ်သန်များဖြစ်ကြသည်ဟု ဆိုသည်။ ဘယ်လက်




ဖြင့်သာ တန်ခိုးပြတတ်ကြသည်ဟူသော အစဉ်အလာ လက်ဆင့်ကမ်းအယူအဆကို လက်ဆင့်ကမ်းယုံကြည်မှု ဖြစ်နိုင်ပေသည်။

မည်သို့ပင် ဖြစ်စေကာမူ အတိတ်သမိုင်း မှတ်တမ်းများအရ ဘယ်သန်များသည် ကမ္ဘာ့သမိုင်း၌ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ကမ္ဘာ့သမိုင်းတွင် Alehander The Great မဟာအလက်ဇန္ဒားမင်းကြီးဟု ဟိုးဟိုးကျော်သောမင်းကြီးမှာ ဘယ်သန်ဖြစ်သည်။ အီဂျစ်နိုင်ငံနှင့် မြေထဲပင်လယ်ပတ်ဝန်းကျင်နိုင်ငံများသ... သိမ်းပိုက်ခဲ့သည်သာမက အိန္ဒိယနိုင်ငံအထိ ကျယ်ပြောသော အင်ပါယာကြီးအား ပိုင်ဆိုင်ခဲ့သော ရက်ရုံးရည်၊ နလုံးရည်နှင့် ပြည့်စုံသော မင်းဖြစ်၏။ ဥရောပတိုက်အလယ်ခေတ်၌ နိုင်ငံအသီးသီးမှ ထီးဆောင်းမင်းအပေါင်း ဦးညွှတ်ခစားကြရသော ရှာလမိန်းဘုရင်ကြီးသည် ဘယ်သန်ဖြစ်၏။ စစ်ပညာသမိုင်းသုတေသီများကမူ ရှာလမိန်းဘုရင်ကြီးမှာ ရန်သူတပ်များအား ထာဝစဉ် အောင်ပွဲခံနိုင်သူဖြစ်၍ သူ့တပ်မတော်ကြီးအား တိုက်တိုင်းအောင်တပ်မဟာဟု ကင်ပွန်းတပ်ခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် ထူးခြားသော ပါရမီရှင်တစ်ဦးဟု ဟိုးဟိုးကျော်သော အီတလီနိုင်ငံသား လီယိုနာဒိုဒါဗင်ချီနှင့် မိုက်ကယ်အင်ဂျလိုတို့မှာလည်း ဘယ်သန်များဖြစ်ကြသည်။ ယနေ့ အင်္ဂလန် နိုင်ငံတွင် အုပ်စိုးနေသော ဒုတိယမြောက် အဲယ်(လ်)ဇဘက်ဘုရင်မကြီး ဖခင်ဖြစ်သော ဆဋ္ဌမမြောက် ဂျော့ဘုရင်ကြီးမှာ ဘယ်သန်ဖြစ်သည်။ သူ့အား ငယ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ကာလက တော်ဝင်မိသားစုများက ဌတ်အတင်း ညာသန်ဖြစ်ရန် ပြုလုပ်ခဲ့ကြသည်။ သို့သော် ဆဋ္ဌမမြောက်ဂျော့ဘုရင်မှာ ညာသန်ဖြစ်မလာဘဲ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မှတ်တမ်းများ လက်မှတ်ရေးထိုးသည့်အခါ အမှတ်တမဲ့ ဘယ်လက်ဖြင့် လက်မှတ်ရေးထိုးသည့် ဓာတ်ပုံအား သတင်းမီဒီယာများက မှတ်တမ်းတင်ရိုက်ကူး၍ သတင်းစာများ၊ ဂျာနယ်များတွင် ဖော်ပြခဲ့ကြသည်။

ယနေ့ ကျွန်တော်တို့ခေတ်တွင် ထူးထူးခြားခြား နိုင်ငံတကာမှ လေးစားကြရပြီး ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် အောင်မြင်ပေါက်ရောက်သော အမေရိကန်ပြည်ထောင်စုသမ္မတဟောင်း ရော်နယ်ရိဂင်၊ အမေရိကန်ပြည်ထောင်စု သမ္မတကြီးအဖြစ် နှစ်ကြိမ်တိုင်တိုင် အရွေးခံခဲ့ရသော ဂျော့ဒဗလျူဘု(ရှ)နှင့် သမ္မတဟောင်း ဘီ(လ်)ကလင်တန်တို့မှာ ဘယ်သန်များဖြစ်ကြသည်။ သုတေသီစာရေးဆရာ မိုက်ကယ်ဘာ(စ်)လေ့ ရေးသားပြုစုသော The Lift handed Book ဘယ်သန်တို့၏လက်စွဲစာအုပ်တွင် ယနေ့ ညာသန်ကမ္ဘာကြီးတွင် ဘယ်သန်သူပေါင်း သန်း ၃၀ ကျော်ရှိသည်ဟု ဖော်ပြထားပါသည်။

ထိုစာအုပ်ပါ မှတ်တမ်းများအရ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာလောကတွင် ဘယ်သန်တို့ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်နေသည်ကို တွေ့ရသည်။ အနောက်တိုင်း ရုပ်ရှင်လောကမှ ကျော်စွာအများမှာ ဘယ်သန်များဖြစ်နေသည်ကို အံ့သြဖွယ်တွေ့ရ၏။ ဒုတိယကမ္ဘာစစ်ကြီးကာလကစ၍ ဒုတိယကမ္ဘာစစ်ပြီးအထိ ဟိုးဟိုးကျော်ခဲ့သော လူရွှင်တော်မင်းသားကြီး ချာလီချက်ပလင်မှာ ဘယ်သန်ကြီးဖြစ်၏။ သူပါဝင်ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများမှာ သောက်သောက်လဲ ဝင်ငွေရသည့် ရုပ်ရှင်ကားများဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ဂျာမဏီနိုင်ငံတွင် ဟစ်တလာခေါင်းဆောင်သော နာဇီပါတီသည် အာဏာရပြီး တစ်ပါတီအာဏာရှင်စနစ်ဖြင့် အုပ်ချုပ်၍ တတိယဂျာမဏီနိုင်ငံတော်အား ထူထောင်၍ စစ်ပြင်ဆင်မှုများ ပြုလုပ်လာသည်။ နာဇီဝါဒကို ဆန့်ကျင်သူများ၊ ဂျူးလူမျိုးများ၏ အပြစ်မဲ့ပြည်သူများအား နာဇီအက်(စ်)အက်(စ်) ဂက်စတာပိုတပ်သားများက တရားမဲ့ဖမ်းဆီး၍ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ကြ၏။ နာဇီဝါဒကို ဆန့်ကျင်သူများ ဂျူးလူမျိုးများပိုင်ပစ္စည်းများကို ဥပဒေမဲ့ သိမ်းယူခြင်းများ ပြုလုပ်ခဲ့၏။ ဤတရားမဲ့ဝါဒ လူသားချင်းစာနာခြင်းကင်းသောဝါဒ၊ ဖက်ဆစ်ဝါဒအား သရော်သည့် အာဏာရှင်ကြီးအမည့်ဖြင့် ရုပ်ရှင်ကာတွန်း ဘယ်သန် ချာလီချက်ပလင်သည် ဟစ်တလာအဖြစ် သရုပ်ဆောင်ခဲ့ရာ နိုင်ငံတကာ ရုပ်ရှင်ကြည့်ပရိသတ်က အားပေးခဲ့ကြသည်သာမက ယင်းရုပ်ရှင်ကားမှာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားဖြစ်သည်။ ဝင်ငွေသောက်သောက်လဲရရှိခဲ့သည့် ဟာသရုပ်ရှင်ကားဖြစ်၏။

ချာလီချက်ပလင် ပါဝင်သော ရုပ်ရှင်ကားများတွင် သူကိုင်လေ့ရှိသော ထီးအား ယခုထိ ချာလီထီးဟု လူအများက ကင်ပွန်းတပ်ခဲ့ကြ၏။ ထို့အတူ မြန်မာရုပ်ရှင်ကြည့် ပရိသတ်အသည်းစွဲမင်းသားကြီး ရော့(စ်)ဟက်ဆန်နှင့် မင်းသမီးကြီး မှာင်နီ့ဗစ်တို့မှာ ဘယ်သန်များဖြစ်ကြသည်။ ထို့အတူ ဂီတလောကတွင် ဟိုးဟိုးကျော်ခဲ့သော ပညာရှင်အချို့မှာလည်း ဘယ်သန်များဖြစ်ကြသည်။ ကမ္ဘာ့အားကစားလောကတွင်လည်း ဘယ်သန်များ မှိုလိုပေါက်ခဲ့သည်။ တစ်ချိန်က တင်းနစ်လောကမှ ကမ္ဘာ့ချန်ပီယံအမျိုးသမီး မာတီနာနာဗရပ်တီလိုဗာသည် ဘယ်သန်တစ်ယောက်ဖြစ်ပေသည်။ ဘယ်သန် ကမ္ဘာကျော်စွာများအကြောင်း ရေးရမည်ဆိုလျှင် ပြောမဆုံးပေါင်တောသုံးတောင်ရှိသည်ဟု ဆိုရမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေကာမူ အတိတ်သမိုင်းကြောင်း မှတ်တမ်းများအရ ဘယ်သန်များမှာ ညာသန်ကမ္ဘာတွင် အထိုက်အလျောက် မျက်နှာငယ်ကြရသည်။ အထက်ဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သည့် ဘယ်သန်လက်စွဲစာအုပ်ပါ မှတ်တမ်းများအရ ဘယ်သန်များအတွက် အံ့သြဖွယ်ကောင်းသော အထောက်အထားများ တွေ့ရှိခဲ့ရသည်။ သာဓကအားဖြင့် ဗြိတိသျှတို့သည် အိန္ဒိယတိုက်ငယ်အား အပြီးအပိုင်သိမ်းပိုက်၍ ဝိတိုရိယဘုရင်မကြီး၏ နေမဝင်သော အင်ပါယာကြီးအတွင်း သွင်းခဲ့ပြီးနောက် ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းများ ကောက်ယူခဲ့ရာ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ဘယ်သန်များဖြစ်ကြသည်ကို တွေ့ရသဖြင့် ဗြိတိသျှအာဏာပိုင်များမှ အံ့အားသင့်ခဲ့ကြရသည်။ မှန်ပါသည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော မဟာအလက်ဇန္ဒားမင်းတရားကြီး လက်ထက်တော်က ရေးသားပြုစုခဲ့သော မှတ်တမ်းတစ်ခုတွင် အိန္ဒိယနိုင်ငံ ပြည်နယ်တစ်နယ်တွင် ဘယ်သန်အမြောက်အများတွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသည်ဟု ဆိုသည်။ ထိုနယ်တွင် နေထိုင်ကြသော လူအများသည် တစ်ဦးနှင့်တစ်ဦး တွေ့ရာတွင် ဘယ်လက်ဖြင့် လက်ဆွဲနှုတ်ဆက်လေ့ရှိသည်ဟု ဖော်ပြထားရာ ထိုပြည်နယ်မှာ အထက်ဖော်ပြပါ ဂျပန်ပြည်နယ် ဖြစ်နိုင်သည်ဟု ဗြိတိသျှ အာဏာပိုင်များက ယူဆထားကြ၏။

ခရစ်နှစ် ၁၈၇၆ ခု၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှထုတ်ဝေသော ဩဇာတိက္ကမ ကြီးမားသော လန်ဒန်တိုင်း(မ်)သတင်းစာကြီးတွင် ဖော်ပြထားသော ခရီးသွားဆောင်းပါး၌ တောင်အာဖရိကတိုက် ပြည်နယ်အချို့တွင် နေထိုင်ကြသော ဟိုတင်တော့လူမျိုးနွယ်များတွင် ဘယ်သန်သူများကို အရေးတယူပြုလေ့ရှိပြီး လူမျိုးနွယ်အချို့၏ အကြီးအကဲများ၊ နတ်ဆရာများမှာ ဘယ်သန်များဖြစ်ကြသည်ဟုဆိုသည်။ ထိုလူမျိုးနွယ်တို့အဖို့ ဘယ်သန်သူများသည် ထူးထူးခြားခြား ကံကောင်းသူများ၊ လာဘ်ရှင်သူများဟု ယူဆကြ၏။ ထို့အတူ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ဖိဂျီကျွန်းသူကျွန်းသားများ၏ အထင်ကရ ပုဂ္ဂိုလ်အများမှာ ဘယ်သန်များဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤကမ္ဘာကြီးတွင် ညာသန်သူများက အရေအတွက် အများဆုံးဖြစ်ရသည်။ ရှေးယခင်ကမှ အဘယ်ကြောင့် ဘယ်သန်ဖြစ်ရခြင်း၏ အကြောင်းရင်းကို တိတိပပ မသိခဲ့ကြပေ။ လူတို့သည် ကံစေစားရာကို ခံကြရသူများဖြစ်သည်။ လူနတ်သတ္တဝါမှန်သမျှ ကံပြုရာခံရသည်။ ဤလောကတွင် ကံသာအမိ၊ ကံသာအဖဟု အယူအစွဲရှိသည့်အတိုင်း ကံစေစားရာအရ ဘယ်သန်၊ ညာသန်ဖြစ်ရသည်ဟု ဆိုကြ၏။ သို့ဖြစ်၍ ဘယ်သန်များအပေါ် အဆိုးမြင်ခဲ့ကြ၏။

ရှေးပညာ သုတေသီအများကမူ အဘယ်ကြောင့် ညာသန်၊ ဘယ်သန် ဖြစ်ရသည်ကို ရှေးပဝေသဏီကပင် စနစ်တကျ သုတေသနပြုလုပ်ခဲ့ကြသည်။ ဘယ်သန်ဖြစ်ရခြင်းကိုလည်း လူအများ နားလည်သဘောပေါက်လာစေရန် ဤသို့ ရှင်းပြခဲ့ကြ၏။ လူ၏ခန္ဓာကိုယ် ညာဘက်ခြမ်း၏ လှုပ်ရှားမှုများကို ထိမ်းချုပ်ထားသော လူ၏ဦးနှောက်၏ ဘယ်ဘက်ခြမ်းသည် မွေးဖွားစကပင် သန်စွမ်းနေပါက ဘယ်သန်ဖြစ်သည်ဟု ဆိုကြ၏။ ဤကဲ့သို့ မြင်လာကြသဖြင့် ဘယ်သန်များအပေါ် အဆိုးမြင်မှု ရှေ့ရှုပါးလာစေသည်။ ဂျိမ်းကလင် ရေးသားပြုစုသော Business Education World လုပ်ငန်းခွင် ပညာပေးကမ္ဘာ စာအုပ်တွင်မူ အမေရိကန်ပြည်ထောင်စုတွင် ကောက်ယူခဲ့သော စာရင်းဇယားအရ လူဦးရေ ရှစ်ရာနိုင်နှုန်းသည် ဘယ်သန်များဖြစ်ကြသည်ဟု ဆိုသည်။ ၁၉၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဒီတရိုက်မြို့တော်ကောင်စီ၏ ကောက်ယူခဲ့သော စစ်တမ်းအရ ကျောင်းသားများ၏ ၆-၄ ရာခိုင်နှုန်းသည် ဘယ်သန်များဖြစ်သည်ဟု သိရ၏။

သို့သော် ညာသန်အများစုနေထိုင်သော ဤကမ္ဘာကြီးတွင် ကမ္ဘာနိုင်ငံအသီးသီး၌ တီထွင်ထားသော အသုံးအဆောင်အများသည် ညာသန်များအတွက် ဦးစားပေးတီထွင်ထားရာ ဘယ်သန်သူ အများအဖို့ အခက်အခဲတွေ့ကြရ၏။ လက်ပတ်နာရီများ၊ အပ်ချုပ်ဆိုင်သုံး ကတ်ကြေးများအပါအဝင် လူအသုံးအဆောင်ပစ္စည်းအများသည် ညာသန်များအတွက် ရည်ရွယ်ထုတ်လုပ်ထားရကား ဘယ်သန်များအဖို့ မိမိတို့အလုပ်ရှိသော ပစ္စည်းများကို အတူ မှာယူခဲ့ကြရသည်ဟု သိရ၏။

အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဘယ်သန်သူများအတွက် ရည်ရွယ်ဖွင့်ထားသော အထူးသီးသန့် ကုန်မျိုးစုံဆိုင်များ ဖွင့်ထားသည်။ ထိုဆိုင်များတွင် ဘယ်သန်အိမ်ရှင်မများအတွက် မီးဖိုချောင်သုံးပစ္စည်းများ၊ ဘယ်သန်ပန်းချီဝါသနာပါသူများအတွက် အထူးတီထွင်ထားသော ဆေးစပ်သည့် ပျဉ်ချပ်များ၊ ဘယ်သန်ခွဲစိတ်ကုဆရာဝန်များအတွက် သီးသန့်ခွဲစိတ်ကု ကိရိယာများ၊ ဘယ်သန် အမျိုးသမီးများအတွက် သီးသန့်အလှပြင်ပစ္စည်းများ တီထွင်ရောင်းချပေးသည်ဟု သိရ၏။

ယခုအခါ အမေရိကန်ပြည်ထောင်စု ကနေဒါနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အစ္စရေးနိုင်ငံနှင့် ဥရောပတိုက်နိုင်ငံများတွင် ကျောင်းသားငယ်များအား ဘယ်လက်ဖြင့် စာရေးသားခြင်းကို ရှေးယခင်ကကဲ့သို့ ဇွတ်အတင်း ပြုပြင်ပေးခြင်းမပြုတော့ဘဲ ခွင့်ပြုထားသည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**


ကျမ်းကိုး

(၁) **The Left handed Book**

(၂) **Time and News Week (1979-1982)**

(၃) **Superstitions**




www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များမှ
# လူသားများအား အကျိုးပြုပုံ

ဒေါက်တာသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)



## ကြွက်

ကြွက်များသည် ကုန်းနေ ခြေလေးချောင်းသတ္တဝါ မျိုးတွင်ပါဝင်ပြီး လူနေအိမ်များတွင်နေထိုင်၍ လူသုံးပစ္စည်း များကို ဖျက်ဆီးတတ်၏။ အစားအစာများကိုလည်း ခိုးယူစား သောက်တတ်ကြ၏။ ကြွက်စားပြီးအစာကို စားမိပါက ရောဂါ ပိုးများ ကူးစက်တတ်၏။ ကြွက်များတွင် အိမ်ကြွက်၊ တော ကြွက်ရှိပြီး တောကြွက်သည် အကောင်ကြီး၏။ ကြွက်ဝမ်းဖြူ၊ ကြွက်စုတ်ဟူ၍လည်း ရှိသေး၏။ ကြွက်စုတ်များသည် နှုတ်သီး ချွန်၍ တစ်ကောင်နှင့်တစ်ကောင် အမြီးကိုက်၍ တန်းပြီးသွား တတ်ကြ၏။ ထိုကဲ့သို့ ကြွက်မြီးတန်းမှ ရှေ့ဆုံးကောင်မှ ကိုက် လိုက်ပါက အဆိပ်တက်၍ သေတတ်သည်ဟု သိရှိရ၏။ ၎င်းအပြင် ကြွက်ကတိုးဟူ၍လည်း ရှိသေး၏။ ၎င်း၏ အနံ့သည် ကတိုးနံ့နှင့်တူသဖြင့် ကြွက်ကတိုးဟု ခေါ်ဆိုကြ၏။

အဆိုးဆုံးသော မန်းကြွက်ခေါ် ကြွက်တစ်မျိုးလည်း ရှိသေး၏။ ၎င်းမန်းကြွက်ကိုက်လျှင် အဆိပ်တက်၍သေတတ် ၏။ ၎င်းအဆိပ်ကို ဆီးသီးစိမ်းဖြင့် ဖြေ၍ ပျောက်သည်ဟု ဥတုဘောဇန သင်္ဂဟကျမ်းကြီးမှ ပြဆိုထား၏။ ၎င်းအပြင် သာရကောမုဒီကျမ်းတွင် ကြွက်များသည် ဇင်္ဂမအဆိပ်မျိုးတွင် ပါဝင်သည်ဟု ဖော်ပြထား၏။

ကြွက်များ၏ အကျိုးသွားအာနိသင် ဆေးဖက်ဝင်ပုံများ မှာ ကြွက်သားသည် ချိုဆိမ့်၏။ အားကိုဖြစ်စေ၏။ သုက်ကို ပွားစေ၏။ ကျင်ကြီးကျင်ငယ်တို့ကို ခိုင်စေ၏။ ချောင်းဆိုး ရင်ကျပ်ပန်းနာရောဂါတို့ကို ပျောက်ကင်းစေ၏။ ဓာတ်ကုန်ခန်း သော ရောဂါနှင့် မြင်းသရိုက်ရောဂါများကိုလည်း ပျောက်ကင်း စေ၏။ ဘေသဇ္ဇမဉ္ဇူသာကျမ်း၏ အလိုအားဖြင့် ကြွက်သား သည် သုက်ကိုပွားစေ၏။ အားအင်ကုန်ခမ်းသော ခယရုပ် ရောဂါကိုနိုင်၏။ ကာမအားကိုပြည့်စေ၏။ အရိုးအဆစ်နာ ကျင်ခြင်းလည်း ပျောက်ကင်းစေ၏။ နယမာလာကျမ်းတွင် လည်း ကလေးသူငယ်နာရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းချုပ် ရောဂါများ ကြွက်ချေး ၂ သား၊ ရွှေဖြူမြစ် ၂ သား၊ ရှိန်းခို ၂ သား၊ ဆိတ်ဖူး ၂ သား၊ လင်းလေ ၂ သား၊ ပဲစိပ်နီ ၂ သားတို့ကို စုပေါင်းကြိတ်ပြီးလျှင် နမ်းဆီဖြင့်ရော၍ တိုက်ပေး က ပျောက်၏။

ရှေးခေတ် တိုင်းရင်းသမားတော်ကြီးများကလည်း လူမမာကို ဓာတ်စာကျွေးရာတွင် တောမှာပျော်လတ်၊ ဖွတ် ပုတတ်၊ ကြွက်ဟု စာဆိုပြုထားသည်ကိုလည်း သိရှိရ၏။

ကျွန်တော်များ အညာဒေသတွင် လယ်ကြွက်ကြီးများ ကို ဖမ်းယူပြီး ကင်၍လည်းကောင်း၊ ကြော်ချက်၍လည်း ကောင်း စားသုံးကြ၏။ အချို့ပုဂ္ဂိုလ်များသည် လယ်ကြွက်





www.burmeseclassic.com

www.burmeseclassic.com

များကိုဖမ်းပြီး ကင်၍လည်းကောင်း၊ ကြော်၍လည်းကောင်း စီးပွားဖြစ် ရောင်းစားကြ၏။ တောကြွက်(ဝါ) လယ်ကြွက်သား များကို အချို့ပုဂ္ဂိုလ်များက ကြက်သားနှင့် လဲ၍ မစားနိုင်ဟု ဆိုကြ၏။ မည်သို့ပင်ဆိုစေ ကြွက်သားသည် ကျန်းမာရေး အတွက် များစွာ အထောက်အကူပြုပေသည်။


□

## ကြောင်

ကြောင်များသည် အိမ်မွေးသတ္တဝါများဖြစ်၍ လူတိုင်း သိပြီးဖြစ်ပါသည်။ ကြောင်များ၏ ထူးခြားချက်သည် မျက်လုံး ပင်ဖြစ်သည်။ ကြောင်၏မျက်လုံး သူငယ်အိမ်တွင် နေ့အခါ ကျဉ်း၍ ညအခါ ကျယ်လာသောကြောင့် ညအမှောင်ထဲတွင် အားလုံးမြင်ရသည်။ ညဥ့်အချိန် ကြောင်မျက်လုံးကို ဓာတ်မီး ဖြင့်ထိုးကြည့်ပါက မီးရောင်ကဲ့သို့ တောက်နေသည်ကို တွေ့ ရသည်။

ကြောင်ဟူသော ဝေါဟာရသည် မြန်မာဝေါဟာရဖြစ် သည်။ ကြောင်၊ ကျား၊ ခြင်္သေ့ စသည့် သတ္တဝါများသည် အသားစားသတ္တဝါများဖြစ်ပြီး မြန်မာဝေါဟာရ အသုံးအနှုန်း အရ ကျားဆရာ ကြောင်ဟု ခေါ်သဖြင့် ကြောင်သည် ခေါင်း ဆောင်ဖြစ်သည်။ သိပ္ပံဆရာများကလည်း ကျားနှင့်ခြင်္သေ့တို့ သည် ကြောင်အုပ်စုဝင်များဖြစ်သည်ဟု ဆို၏။ ကြောင် များသည် ကြွက်ဖမ်းရာတွင် အမြီးကို မပြည်အောင်ဝှက်၍ ဖမ်းသဖြင့်ရ၏။ ကျားများကို သားကောင်ဖမ်းနည်း သင်ပေး ရာတွင် အမြီးကို သိသိပ်ထားရန် သင်မပေးသဖြင့် အမြီးသည်





တ ဘုတ်ဘုတ်မြည်သောကြောင့် သားကောင်များ ပြေး၍ လွတ်ကုန်၏။ ထိုအခါ ကျားသည် ကြောင်က ပညာစုံသင် မပေး၍ဟုဆိုကာ အမျက်ဒေါသထွက်ပြီး ကြောင်တွေ့လျှင် ကိုက်သတ်စားမည်။ ချေးတွေ့လျှင်လည်း စားမည်ဟု ကြိမ်း မောင်းလေ၏။ ထို့ကြောင့် ကြောင်များသည် ယနေ့တိုင် ချေးပါ ပြီးတိုင်း ဖုံးအုပ်လေ့ရှိကြ၏။ ရှေးခေတ်က ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်းဟု စာဆိုရှိသဖြင့် အိမ်မွေးတိရစ္ဆာန်များ တွင် ကြောင်သည် တန်ဖိုးအကြီးဆုံးဖြစ်၏။ ကြောင်များသည် အိမ်ပူလျှင်လည်း ကောင်း၊ အိမ်သားများ နာမကျန်းဖြစ်လျှင် လည်းကောင်း ထွက်သွားတတ်ကြ၏။ ခွေးများကတော့ လူ၏ ဒုက္ခကို ခံယူ၏။ ကြောင်များကဲ့သို့ မဟုတ်ပါ။ ထို့ကြောင့် လူ၏ဒုက္ခခံသည်ဆို၏။ ကြောင်များသည် အိမ်တွင် ဖျက်ဆီး တတ်သော ကြွက်များကို ခုတ်စားသဖြင့် လူတို့၏ မိတ်ဆွေ အဖြစ် သတ်မှတ်ထားသော်လည်း ကြွက်များသည် ကြောင်၏ အစာ ဖြစ်၏။ တိရစ္ဆာန်လောကတွင် ကြောင်နှင့် ကြွက်၊ ကျီးနှင့် ခင်ပုပ်၊ ကြက်နှင့်ကင်း ခြေများ၊ ဒေါင်းနှင့် မြွေ၊ မြွေပါနှင့် မြွေတို့သည် ကမ္ဘာ့ရန်ဖက်များ ဖြစ်ကြပေသည်။

ကြောင်များသည် အိမ်မွေးကြောင်နှင့် တောကြောင် ဟူ၍ ရှိပြီးလျှင် ကြောင်ခေါင်းတို၊ ကြောင်နံ့သာ၊ ကြောင် ဝံပိုက်၊ ကြောင်ကတိုး၊ ကြောင်မြင်းဟု အမျိုးမျိုးရှိ၏။ တော ကြောင်များသည် အိမ်မွေးကြောင်ကဲ့သို့မဟုတ်ဘဲ တောတွင်း ၌အနေများ၏။ တစ်ခါတစ်ရံ ဘုန်းတော်ကြီးကျောင်း ဘုံများ



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် လာနေတတ်ပြီး ဘုန်းကြီးကျောင်းမှ စွန့်ပစ်သော ခွမ်းကျန်ဟင်းကျန်များစား၍ နေတတ်ကြ၏။ ကြောင်ကတိုးများသည် ၎င်းတို့၏ ကပ်ပါးယံအိတ်မှ ကတိုးနံ့ရ၏။ ကြောင်ဝံပိုက်သည် ကြောင်အနက်များဖြစ်ပြီး အမွေးများနက်၏။ မျက်လုံးပါနက်၏။ အချို့ ခြေသည်းလက်သည်းပါ နက်လျှင် အစွမ်းထက်သည်ဟု သိရှိရ၏။ ခြေသည်းပါနက်သော ကြောင်ဝံပိုက်ကို အိုးတွင်ထည့်ပြီး အလုံပိတ်ထားပါက မကြာမီ သူ့အလိုလို ပြန်ထွက်နိုင်သည်ဟု သိရှိရ၏။

ကြောင်များ၏ အကျိုးသွားအာနိသင် ဆေးဖက်ဝင်ပုံကို ရသဝိပါက ကျမ်းအလိုအားဖြင့် ကြောင်သားသည် မွှေး၏။ အားကိုဖြစ်စေ၏။ သည်းခြေကို ပျက်စေ၏။ လေကိုနိုင်၏။ မျက်စိနာ ပျောက်၏။ ဘာဝပ္ပကာသ ဆေးကျမ်းမှ ကြောင်နံ့သာခေါ် ကြောင်ကတိုးသားသည် အားကိုဖြစ်စေ၏။ သုက်ကိုပွားစေ၏။ အရေပြားရောဂါများ။ ကလေးသူငယ်နာ ရောဂါများပါ ပျောက်၏။ သွေးပျက်နာပါ ပျောက်၏။

နိဃဏ္ဍု ရတနာကရကျမ်းအလိုအားဖြင့် ကြောင်ကတိုးသည် မျက်စိကိုကျေးဇူးပြု၏။ ချမ်းသာသုခကို ပေးတတ်၏။ သုက်ကိုပွားစေတတ်၏။ သုက်သွေးကိုလည်း ကျေးဇူးပြု၏။ ခန္ဓာကိုယ်ဝဖြိုးစေပြီး ကျက်သရေရှိစေ၏။ အဆိပ်သင့်နာ၊ ယားနာ၊ နူနာ၊ လည်ချောင်းနာ စသည်တို့ကို ပျောက်ကင်းစေ၏ဟု ဖော်ပြထား၏။

ကြောင်နှင့် ပတ်သက်သည့် ဆေးနည်းများကို ဖော်ပြရမည်ဆိုပါက နှစ်ရှည်လများ ခံစားနေရသော ပန်းနာရင်ကျပ်ရောဂါဝေဒနာများကို ကြောင်သေတစ်ကောင်ကို မြေအိုးတွင်ထည့်ပြီး ဖွဲမီးဖြင့် ပြာကျအောင်ဖုတ်ပါ။ ၎င်းပြာ ၅ သား၊ ပျားရည် ၁ဝ သားဖြင့်တော၍ ဂဲ သား တစ်နေ့ နှစ်ကြိမ်သောက်က အမြစ်ပြတ်ပျောက်၏။ ကိုယ်လက်နာကျင်ကိုက်ခဲဝေဒနာ ဖြစ်ပါက ကြောင်မွေး၊ ၎က်ခါးချေး၊ နွားချိုးဆိတ်ဖွား၊ လင်းလေ၊ ဆေးခန်း၊ ကန့်၊ ဆေးသူငယ်ချက်၊ တမာရွက်၊ လင်းနို့ချေး အမျှစီရ ပြာချပြီးလျှင် မုန်ညင်းဆီဖြင့် ဖျော်၍ လိမ်းပေးပါက အမြန်ဆုံးပျောက်ကင်းစေ၏။

ကြောင်နှင့် ပတ်သက်သော ဆေးနည်းပေါင်းများစွာ ရှိသော်လည်း အမြွက်မျှဖော်ပြလိုက်ပါသည်။


# ကြက်

ကြက်များသည် ၎က်မျိုးနွယ်တွင်ပါဝင်ပြီး အမွေးအတောင်များပါရှိသည်။ နှုတ်သီးရှိ၍ သွားမပါရှိပါ။ မြေကြီးပေါ်တွင် ခြေဖြင့်ယက်၍ အစာရှာစားတတ်ကြ၏။ ကမ္ဘာပေါ်တွင် ကြက်မွေးမြူရာ အရပ်ဒေသခွဲပြီး ခေါ်ဝေါ်ကြသည်များရှိ၏။ ၎င်းတို့မှာ -

၁။ အင်္ဂလိပ်ကြက်မျိုး
၂။ အာရှကြက်မျိုး
၃။ ဥရောပကြက်မျိုး
၄။ အမေရိကန်ကြက်မျိုးနှင့်
၅။ မြေထဲပင်လယ်ကြက်မျိုးတို့ ဖြစ်ကြ၏။

မြန်မာပြည်တွင် ခေါ်ဝေါ်ကြသော ကြက်အမျိုးအမည်များမှာ ညှောင်ကန်ကြက်ခေါ် ကြက်ပုမျိုး(ထားဝယ်အခေါ် ဘုမကန်း)၊ ကြက်တည်င်၊ ဒုံး ဂဲ၊ ပြာ၊ ခြောက်လကြက်၊ ကြက်အုန်းသီး၊ ကြက်ကျား၊ စစ်တဂေါင်း ဘင်္ဂလားကြက်၊ မဒရတ်ကြက်၊ သဘော်ကြက်၊ အမေရိကန်ကြက်၊ ကြက်မွေးပြန်၊ ကြက်ဆင်၊ တောကြက်၊ ရေကြက်၊ တိုက်ကြက် စသည်အားဖြင့် အမျိုးမျိုး ခေါ်ဆိုကြပေသည်။

ယခုအခါ မွေးမြူထားကြသော ကြက်များသည် အာရှတိုက်တောင်ပိုင်းနှင့် တောကြက်ရိုင်းများစပ်၍ ပေါက်ထားသောကြက်များဖြစ်သည်။ ၎င်းအပြင် သားစားကြက်များအဖြစ် ဘိလပ်ကြက်များကို မွေးမြူလာကြပေသည်။ ဥစား





www.burmeseclassic.com

www.burmeseclassic.com

ကြက်များလည်း နိုင်ငံခြားမျိုးများမှ ဥစေပြီး လျှပ်စစ်ဓာတ်ဖြင့် ဖောက်၍ အကောင်ပေါက်လာသောအခါ အသားစားကြက်များအဖြစ် အသုံးပြုကြလေသည်။ အိမ်မွေးကြက်များသည် မြေကြီးတွင်ယက်၍ ချွန်ထက်သောနှုတ်သီးဖြင့် အစာကို ကောက်စားကြ၏။ ကြက်၏လည်ချောင်းတွင် အစာအိတ်ကြီးရှိပြီး ၎င်းအစာအိတ်အတွင်းမှ အစာများကို လည်ချောင်းမှ တစ်ဆင့် မျို၍ချပြီးစားကြ၏။ ကြက်များသည် ကျင်ကြီး၊ ကျင်ငယ်စွန့်ရာတွင် ဖင်မှသာ စွန့်ကြ၏။ ကြက်ဖ(ကြက်ထီး) များသည် ကြက်မများထက်ကြီး၍ အမောက်ပါရှိပြီး တွန်တတ်ကြ၏။ ကြက်ဖများကို သေချာစွာ ကျွေးမွေးပြုစုစောင့်ရှောက်ထားပြီး တိုက်ကြက်အဖြစ် အသုံးပြုကြ၏။

ရှေးပဒေသရာဇ် ခေတ်ကာလပင်လျှင် ကြက်များတိုက်ခဲ့ကြ၏။ ယခုလည်း အချို့အရပ်ဒေသများတွင် ကြက်တိုက်သော ကြက်ဝိုင်းများရှိပြီး ကြေးစားတိုက်ကြ၏။ ဘုန်းတော်ကြီးကျောင်းများနှင့် အချို့အိမ်များတွင် တညင်ကြက်ပုမျိုးနှင့် စစ်တကောင်းကြက်ကြီးမျိုးများ ဖြစ်သည်။ တညင်ကြက်များသည် တောကြက်မှ ပေါက်ဖွားလာသော အမျိုးဖြစ်၍ တစ်ခါတစ်ရံ တောစိတ်ဝင်ပြီး တောတွင်းသို့ ဝင်သွားတတ်ကြသည်။ အချို့က တညင်ကြက်ကို ယဉ်ပါးအောင်သင်ပြီး တောကြက်များဖမ်းရာတွင် တည်ကြက်အဖြစ် အသုံးပြုကြပေသည်။

ကြက်နှင့်ပတ်သက်၍ ရှေးရာဇဝင်သမိုင်းကြောင်းများအရ တင်ပြရသော် ကြက်တိုက်ဝါသနာပါပြီး ကြက်တိုက်ခဲ့ကြသော အလောင်းစည်သူမင်းကြီး၏အမတ် မင်းကျော်စွာ (ဝါ) ဦးမင်းကျော်၊ အင်းဝဘုရင်မင်းခေါင်၏သားတော် မင်းရဲကျော်စွာ၊ ကုန်းဘောင်ခေတ် ကိုးဆက်မြောက် ပုဂံမင်းတို့ ဖြစ်ကြပေသည်။

ကြက်နှင့်ပတ်သက်၍ ရှေးပညာရှိ စကားပုံများထားရှိခဲ့သည်များမှာ ကြက်ကဲလေးကို ကြက်မကြီးလုည့်စားသလို ကြက်ကောင်းကို ဆန်ပြ၍ အဝေးကမြူသလို၊ ကြက်ခေါင်းဆိတ်မခံသလို၊ ကြက်ခေါင်းဆုတ် ဆုတ်သလို၊ ကြက်ကန်းဆန်အိုးတိုး၊ ကြက်ခြံထဲက မြင်းစကားပြောသလို၊ ကြက်နှစ်ဖလည်း ပန်းစေဦး တွန်ရေးလည်းညက်စေဦး၊ ကြက်မှာအရိုး လူမှာအမျိုး၊ ကြက်မှာအပယ် လူမှာအညစ်၊ ကြက်များလို ချေးကျရာပေျာ်သည်၊ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်နိုင်းသလို၊ ကြက်ဥအရောင် ထိန်တောသဖွယ် မင်းရေးကြွယ်၊ ကြက်ဥပြုတ် သံတုတ်နှင့်ချသလို စသည်အားဖြင့် ဖြစ်ပါသည်။



ကြက်များ၏ အကျိုးသွားအာနိသင်ကို ဖော်ပြရသော် ကြက်သားသည် ချိုဆိမ့်၏။ ဆူ၏။ ကြေကျက်ခဲ၏။ ပူ၏။ လူကို ဝဖြိုးစေ၏။ လေကိုနိုင်၏။ မျက်စိနှင့်သင့်၏။ အားကိုဖြစ်စေ၏။ သုက်နှင့်သလိပ်ကို ပွားစေတတ်၏။ အားကိုဖြစ်စေ၏။ တောကြက်သားများသည် ကြေခဲ၏။ ဆူ၏။ လူကိုငစေတတ်၏။ သည်းခြေကိုနိုင်၏။ အားအင်ကုန်ခန်း ဖျားနာခြင်းများပါ ပျောက်ကင်းစေ၏။

ရေကြက်သားသည် လူကို ဝဖြိုးစေတတ်၏။ အဆီဩဇာရှိ၏။ သလိပ်ကိုပျောက်စေ၏။ ပထဝီဓာတ်ကို နိုင်စေ၏။ အစာကို ကြေကျက်စေ၏။ အသံကိုသာယာစေ၏။ ချွေးကို ပယ်စေ၏။

ကြက်တညင်သားသည် သည်းခြေကို ပယ်၏။ အသက်ကိုရှည်စေ၏။ အားကိုဖြစ်စေ၏။ ကိုယ်လက်များ သွက်လက်ပေါ့ပါးစေ၏။ စသည်တို့ဖြစ်ပါသည်။

ကြက်များနှင့်ပတ်သက်၍ လူသားများ၏ ကျန်းမာရေးအထောက်အကူပြုပုံကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)

09-73057152



www.burmeseclassic.com

www.burmeseclassic.com

# မြွေဆိပ်နိုင် သဘာဝဆေး

ဟိန်းထက်ချာန်

လူသားတိုင်းအတွက် ကြောက်စရာအကောင်းဆုံး သတ္တဝါသည် "မြွေ"ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။ အချို့သောသူများမှာ "မြွေ"ဟူသော အသံကို ကြားရုံမျှနှင့်ပင် တုန်လှုပ်ချောက်ချားသွားတတ်သည်။ အချို့မှာ မူးမေ့၍ပင် ဖြစ်တတ်သည်။ လူတို့၏ အသက်မွေးဝမ်းကျောင်းပြုရာ လုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်းတွင် ကောက်စိုက်၊ စပါးရိတ်ရာ၌ မြွေကြောင့် သေဆုံးကြရသူများရှိသလို ဖားရှာ၊ ငါးရှာ၊ ထင်းခွေ၊ ဟင်းရွက်ခူးခြင်းတို့ လုပ်ကိုင်ရာတွင်လည်း မြွေနှင့်တွေ့၍ အကိုက်ခံရပြီး သေဆုံးသူများ၏ သတင်းဆိုးများကို အမြဲလိုလိုကြားနေကြရသည်။ ထို့ကြောင့်လည်း မြွေကို သေမင်း၏တမန်တော်အဖြစ် သတ်မှတ်ထားကြပြီး မြွေကို နှိမ်နင်းနိုင်မည့် နည်းပညာများကို ရှာဖွေလာကြသည်။

ဆရာတော်ကြီးများ၊ ဆေးဆရာကြီးများ၊ သူတော်စင်ကြီးများတို့ကလည်း သတ္တဝါများကို အသက်ကယ်နိုင်ရေးအတွက် ပရိတ်၊ ဂါထာ၊ မန္တန်၊ အင်းအိုင်လက်ဖွဲ့များ၊ အမြုတေများ၊ ဓာတ်လုံးများဖြင့် ကိုယ်တိုင်ကုသပေးခြင်း၊ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ကြသည်။ ပရိတ်၊ ဂါထာ၊ မန္တန်တို့ အစွမ်းထက်လှသော်လည်း အရေးရှိမှ ရွတ်ဆိုသူများအတွက် အကျိုးရှိသင့်သလောက် ရှိမည်မဟုတ်ပေ။ လူတိုင်းလုပ်လျှင် ဖြစ်နိုင်သောအရာမဟုတ်။ လူတစ်ရာလျှင် တစ်ယောက်မျှသာ ပေါက်မြောက်အစွမ်းထက်မှုကို ရရှိနိုင်မည်။ စရဏကျင့်စဉ် ကောင်းကောင်းနှင့် ဂါထာမန္တန်တို့ ထုံနေအောင် အမြဲရွတ်ဖတ်နေသော သူတော်စင် သူတော်ကောင်းများ ရွတ်ဖတ်မှသာ အပြည့်အဝ အစွမ်းထက်မည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း ပိုးထိသူ(မြွေကိုက်ခံရသူ)များအတွက် သဘာဝတရားက ပေးအပ်ထားသော မည်သူမဆို အသုံးပြု၍ အစွမ်းထက်သော ဆေးနည်းများသည်သာ ပို၍သင့်တော်မည်ဟု ယူဆသဖြင့် ရှာဖွေရေးသားလိုစိတ် ဖြစ်ပေါ်မိသည်။

အပူရှိလျှင် - အအေးရှိသည်၊

အလေးရှိလျှင် - အပေါ့ရှိသည်၊

မီးရှိလျှင် - ရေရှိသည်၊

အချို့ရှိလျှင် - အချဉ်ရှိသည်၊

အစပ်ရှိလျှင် - အငန်ရှိသည် ဟူသော သဘောအရ အနာရှိလျှင်လည်း ဆေးရှိရမည်သာ ဖြစ်သည်။ အနာနှင့်ဆေး မတွေ့သေးသောကြောင့် လူ့အသက်များ ဆုံးရှုံးနေကြရခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း စာရေးသူ မှတ်ထားမိသမျှ မြွေဆိပ်ဖြေဆေးနည်းများကို အများအကျိုးအတွက် ရေးသားလိုက်ရပေသည်။

ချင်းပြည်နယ်တွင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုဖြစ်သည်။ ထိုအချိန်က နိုင်ငံတော်အစိုးရသည် ချင်းတောင်တန်းတွင် လက်ဖက်ပင်စိုက်ပျိုးရေးကို ဌာနဆိုင်ရာများအကူအညီဖြင့် ဒေသခံများဖြင့် ပူးပေါင်းဆောင်ရွက်နေသော အချိန်ဖြစ်သည်။ ဒေသခံချင်းအမျိုးသား၊ အမျိုးသမီးများအား ငှားရမ်း၍ မြေလွတ်မြေရိုင်းများကို တောရှင်းခြင်း၊ တောင်ယာမီးရှို့ခြင်း စသည်တို့ လုပ်ကိုင်ကြရသည်။ တစ်နေ့တွင် ချင်းအမျိုးသားလူငယ်တစ်ဦး ထင်းပုံထဲမှ မြွေစိမ်းအကိုက်ခံလိုက်ရသည်။ မြွေစိမ်းတွင်လည်း ရိုးရိုးမြွေစိမ်းထက် အမြီးခြောက်က ပို၍အဆိပ်ပြင်းသည်ဟု သိရသည်။ ကျွန်ုပ်၏မိတ်ဆွေက ဆေးခန်းသို့ပို့ဆောင်ရန် စီစဉ်သည်။ မြွေစိမ်းအမြီးခြောက် အကိုက်ခံရသူ လူငယ်လေး၏ မိသားစုများက ဆေးခန်းသွားရန် ငြင်းဆိုကြသည်။ ၎င်းတို့က အပြုံးမပျက် စာရေးသူ၏သူငယ်ချင်းကိုပင် -

"ဆရာကလည်း အစိုးရိမ်လွန်လိုက်တာ။ ဘာမှ မဖြစ်ပါဘူး။ ဆေးခန်းလည်း သွားစရာမလိုပါဘူး။ ပျောက်သွားမှာပါ"ဟုပင် ရယ်ရယ်မောမောပြောကြသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com

ထစ်နေ့တွင် ထိုလူငယ် အလုပ်ပြန်ဆင်းလာသည်ကို တွေ့ရ၍ "ညီလေး နေကောင်းသွားပြီလား"ဟုမေးရာ -

"ဟုတ်ကဲ့၊ ကောင်းသွားပါပြီ ဆရာ"

"ဘာဆေးတွေသောက်ပြီး ဘာဆေးတွေ လိမ်းလိုက်လို့လဲ။ ဆရာ့ကိုလည်း ဆေးနည်းလေးပြောပါဦး"

"ဆရာ . . . ဘာဆေးမှ သောက်စရာ၊ လိမ်းစရာ မလိုပါဘူး။ ကျွန်တော်တို့တောင်ပေါ်မှာ ဒီလိုအကိုက်ခံရရင် အကိုက်ခံရတဲ့ ခြေထောက် (သို့မဟုတ်) လက်ကို မြေကြီးထဲမှာတူးပြီး မြှုပ်ထားရတယ်။ ကျွန်တော်က ခြေထောက်ကို အကိုက်ခံရတာဆိုတော့ ခြေထောက်ကို မြေကြီးထဲမှာ တူးပြီး မြှုပ်ထားရတာပေါ့။ မြွေဆိပ်ကုန်မှ ပြန်ထုတ်ရတယ်။ ဒါဆို ကောင်းသွားပြီလေ"ဟု ရှင်းပြပြောဆိုသဖြင့် -

"အဆိပ်ကုန်တယ်၊ မကုန်ဘူးဆိုတာကို ဘယ်လိုသိသလဲ"

"မြေကြီးထဲကို မြှုပ်ထားတော့ အနာမှာရှိတဲ့ မြွေဆိပ်တွေကို မြေကြီးက ဆွဲယူသွားတာ ဒုတ်ဒုတ်ဒုတ်နဲ့ အရမ်းသိသာတယ်။ အဲဒီ ဒုတ်ဒုတ်ပျောက်သွားရင် အဆိပ်ကုန်ပြီဆိုတာ သေချာတယ်ဆရာရေ"ဟူ၍ပင် ပြောလိုက်သည်။

မြေပြန့်ဒေသတွင်တော့ ထိုကဲ့သို့ အဆိပ်ထုတ်၍ရမည်၊ မရမည်ကို မသိရသေး။ တောင်ပေါ်ဒေသရောက်ရှိ၍ ထိုအဖြစ်မျိုး ကြုံတွေ့ခဲ့ရပါလျှင် အလွယ်တကူသုံးနိုင်သော နည်းလမ်းကောင်းလေးတစ်ခုပင် ဖြစ်ပေသည်။ တောင်ပေါ် မြေပြန့်မရွေး မြွေပွေး၊ မြွေဟောက် အမျိုးအစားမရွေး အလွယ်တကူ အသုံးပြုနိုင်သော မြွေဆိပ်ဖြေဆေးနည်းကောင်းတစ်ခုကိုလည်း ထပ်မံဖော်ပြရေးသားလိုက်ပါရစေ။

၁၉၉၆ ခုနှစ်၊ ဒိုက်ဦးမြို့နယ်ရှိ ရွာတစ်ရွာတွင် တွေ့ကြုံခဲ့ရသော အကြောင်းအရာတစ်ခု ဖြစ်ပေသည်။ စာရေးသူ၏ ညီတော်မောင်သည် ထိုအချိန်က ဒိုက်ဦးမြို့နယ်တွင် ကျန်းမာရေးမှူးတာဝန် ထမ်းဆောင်နေစဉ်က ဖြစ်သည်။ ညီတော်မောင်သည် ထိုဒေသမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသဖြင့် မင်္ဂလာကိစ္စဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ အားလုံးသောကိစ္စများ ပြီးစီးသော်လည်း စာရေးသူမှာ ရန်ကုန်ကို မပြန်ဖြစ်သေး။ ဤသို့ဖြင့် တစ်ပတ်ခန့်အကြာတွင် ညီတော်မောင် ဆေးမှူးသည် ဒိုက်ဦးမြို့နယ်ရှိ ကျေးရွာကလေးတစ်ရွာသို့ အလုပ်ကိစ္စဖြင့် သွားရောက်ရမည်ဖြစ်၍ စာရေးသူအား ဗဟုသုတရစေခြင်းငှာ အတူလိုက်ခဲ့ရန် ခေါ်ဆောင်သွားခဲ့သည်။ ထိုကျေးရွာတွင် ကျန်းမာရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ဆေးကုသပေးခြင်းများပြုလုပ်ပြီး ညဘက်တွင် ရွာလူကြီးအိမ်တွင် လက်ဖက်ရည်အကြမ်းဝိုင်းကလေးဖြင့် စကားစမြည်ပြောဆိုကြသည်။ ထိုစကားဝိုင်းတွင် အသက် ၇၀ ကျော်အရွယ်ရှိပြီဖြစ်သော အဘကျော်ဆိုသူက ဆေးမှူးအား -

"မောင်ရင်တို့ ဆေးပညာမှာ မြွေကိုက်ခံရရင် ဘာမြွေကိုက်လိုက်လဲဆိုတာကို မေးကြတယ်ဆို"

"ဟုတ်ပါတယ် အဘ။ ကိုက်လိုက်တဲ့မြွေဟာ မြွေပွေးလား၊ မြွေဟောက်လား အမျိုးအစားခွဲခြားသိရင် ဆေးကုရတာ ပိုလွယ်တာပေါ့။ အသက်ကယ်နိုင်ဖို့ အခြေအနေလည်း ပိုကောင်းတာပေါ့။ အဘတို့ဒေသမှာ မြွေဆိုးတွေ တော်တော်ပေါနေလို့လား"

"ပေါလိုက်တာ မပြောပါနဲ့တော့ မောင်ရင်။ ကျုပ်တို့အရပ်က ပိုးကောင်သိပ်ပေါတယ်။ မောင်တို့ မြို့ကြီးလို ခြေခင်းမသာဘူး။ ညရေးညတာဆိုရင် တုတ်မီး(ဓာတ်မီး)တို့၊ ဖားအုပ်ဆောင်းမီးတို့မပါဘဲ မသွားရဲကြဘူး။ ပူအိုက်တဲ့အချိန်ဆိုရင် ပိုးကောင်တွေက ညဘက်မှာ ဖုတ်လူးကြတယ်။ ရုတ်တရက်ကြည့်လိုက်ရင် ဖုတ်ရောင်နဲ့ ပိုးကောင်(မြွေ)အရောင်က မကွဲဘူး။ မနည်းကြည့်သွားမှ အန္တရာယ်ကင်းတာ၊ တစ်ခါတစ်ခါ မြွေပွေးကြီးတွေခွေနေတာ နွားချေးပုံကြီးတွေ့လား အောက်မေ့ရတယ်။ နွားချေးပုံမှတ်ပြီး တက်နင်းလိုက်မိရင်တော့ မလွတ်တမ်းကိုက်တော့တာပဲ"

"ဒါဆို ဒီရွာမှာ ပိုးထိလို့ အဖိတ်အစင် တော်တော်များမှာပေါ့"

"အရင်တုန်းကတော့များတယ် မောင်ရင်ရေ။ ပိုးထိခံရပြီဆိုရင် အခေါင်းစပ်၊ ဘုန်းကြီးသာ ပင့်ထားပေတော့ပဲ။ အခုတော့ အင်မတန်ကောင်းပြီး လွယ်ကူတဲ့ ဆေးနည်းတစ်ခုရထားလို့ အဖိတ်အစင်မရှိသလောက်ပါဘဲ"

"တော်တော်စွမ်းတဲ့ ဆေးနည်းဖြစ်မှာပဲ။ အဲဒီဆေးနည်းကို အဘ ဘယ်လိုရထားတာလဲ ပြောပြပေးပါဦး"

"အဘက စာဖတ်ဝါသနာပါတယ် မောင်ရင်ရေ။ မြို့ရောက်ရင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်းတို့က အဘရဲ့သား မြို့မှာသွားနေတဲ့


www.burmeseclassic.com

www.burmeseclassic.com

အကြီးကောင်အိမ်မှာ မဂ္ဂဇင်းမျိုးစုံရှိတာ။ အဘက အမြဲတမ်း နေကုန်ဖတ်တာပဲ။ အဲဒီဆေးနည်းကိုလည်း ဘယ်မဂ္ဂဇင်းထဲက ဖတ်မိတာလဲတော့ မသိတော့ပါဘူး။ ဒါပေမယ့် မှတ်ရလွယ်လို့ မမေ့ဘူး။ တော်တော်လွယ်တဲ့ ဆေးနည်းပဲ"

ထို့နောက် အဘကျော်သည် အနီးတွင်ထိုင်နေသော လူငယ်တစ်ဦးကို လက်ညှိုးထိုး၍ -

"ဟိုကောင် တရုတ်ကြီးလေ။ မနှစ်က စပါးရိတ်တုန်း ပိုးထိခံရတာ မြွေကလည်း လက်မောင်းလောက်နီးပါး ရှိတဲ့ မြွေပွေးကြီး။ စကားမေးတောင်မရဘူး။ အားလုံးက မရတော့ဘူးလို့ထင်ကြတာ။ တရုတ်ကြီး ဆရာတို့ကို ပြောပြလိုက်စမ်းပါကွာ"

ထိုအခါ တရုတ်ကြီးဆိုသူ လူငယ်က -

"ဟုတ်တယ် ဆရာ။ မနှစ်က ကျွန်တော် စပါးရိတ်ရင်း ပိုးထိတာ ညာဘက်လက်ခြေထောက် ခွကြားကို။ ပြောရရင် သံချွန်ကို မီးဖုတ်ပြီး အားနဲ့တအားထိုးလိုက်သလိုပဲ။ ကျွန်တော့် မျက်လုံးတွေလည်း မီးဝင်းဝင်းတောက်သွားတယ်လို့ ထင်ရတယ်။ တစ်ခါတည်း လဲကျသွားတာပဲ။ ကျွန်တော့်မှာ အဘကျော်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

"တော်တော်စွမ်းတဲ့ ဆေးပဲ။ အများအသက်တွေကို ကယ်နိုင်အောင် အဘကျော်ရဲ့ဆေးနည်းလေးကို ပြောပြပေးပါလား"

"ကျုပ်ဆေးနည်းကို လွယ်လွယ်နဲ့ ပြောလိုက်လို့ မောင်ရင်တို့ အထင်တော့မသေးလိုက်ပါနဲ့။ မြန်မာ့ဆေးနည်းတိုတွေမှာ လွယ်လွယ်ကူကူနဲ့ အစွမ်းထက်တဲ့ဆေးနည်းတွေ အများကြီးရှိတယ်။ တန်ဖိုးထားတတ်ကြဖို့ လိုတယ်။ အခုဆေးနည်းကလည်း စာအုပ်တွေ၊ ခဲတံတွေနဲ့ မှတ်ဖို့မလိုဘူး။ ခေါင်းထဲမှာပဲ မှတ်ထားလိုက်။ တစ်သက်မမေ့နိုင်ဘူး။ ကျုပ်ဆေးက တခြားမဟုတ်ဘူး။ ဆားပါပဲ။ မောင်ရင်တို့သုံးနေတဲ့ အိမ်သုံးဆားပေါ့"

"ဗျာ···အဘကျော်ပြောတာ ဆား၊ အိမ်သုံးဆား ဟုတ်လား"

"ဟုတ်ပါတယ်မောင်။ မောင်တို့၊ ကျုပ်တို့ နေ့တိုင်းစားသုံးနေတဲ့ အိမ်သုံးဆားပဲ။ ကျုပ်လည်း အဲဒီဆောင်းပါးဖတ်ပြီး ခေါင်းထဲမှာ မှတ်ထားခဲ့တာပဲ။ ကျုပ်တို့က ဆားကို နေ့တိုင်းစားနေကြတယ် ဆိုပေမယ့် အရသာရှိအောင် အသင့်အတင့်ပဲထည့်ပြီး ချက်ပြုတ်စားနေကြတာ။ မြွေတစ်ကောင်ရဲ့ အဆိပ်အင်အားကို ကာကွယ်နိုင်ဖို့ဆိုရင်တော့ ရေနွေးကြမ်းပန်းကန်တစ်လုံး ပမာဏရှိတဲ့ဆားကို အလျင်အမြန် စားပေးနိုင်မှ အဆိပ်ဘေးက ချမ်းသာရနိုင်တယ်"

"အဘပြောခဲ့သလိုပဲ ဆေးနည်းက လွယ်တော့ ဆေးကို အထင်အမြင်မသေးလိုက်နဲ့မောင်ရေ။ ကျုပ်တို့တစ်ရွာလုံးကတော့ ဆားကို ကိုးကွယ်ထားရမလိုတောင် ဖြစ်နေတယ်။ တောထဲထွက်ရင် အမြဲဆောင်သွားကြတယ်လေ။ ကျေးရွာသားတွေရဲ့ အဖော်မွန်ပေါ့။ မောင်ရင်ကော အဘဆေးကို အထင်သေးသွားပြီလား"

"အထင်မသေးပါဘူး အဘကျော်။ ဒါပေမယ့် ဒါလောက်ကောင်းတဲ့ဆေး ကျွန်တော်တို့အနားမှာရှိနေတာကို မသိခဲ့လို့ သေဆုံးသွားရတဲ့သူတွေအတွက် စိတ်မကောင်းဖြစ်မိတယ်။ ဒီဆေးနည်းကိုလည်း တော်တော်လေး အံ့ဩသွားမိတယ်။ ဒီဆေးနည်းရေးတဲ့ ဆရာကတော့ တော်တော်ကုသိုလ်ရမှာပဲနော်။ ကျွန်တော်လည်း တစ်ဆင့် ဖြန့်ဝေပေးလိုက်ပါ့မယ်။ အဘကျော်လည်း ကုသိုလ်တွေထပ်ရဦးမှာပေါ့"

ဤသို့ဖြင့် ဒိုက်ဦးမြို့နယ်မှ စာရေးသူ ပြန်လာပြီး တစ်လခန့်အကြာတွင် ညီတော်မောင် ကျန်းမာရေးမှူးထံမှ စာတစ်စောင်ရောက်လာသည်။ မြွေကိုက်ခံရသည့် လူနာတစ်ဦး၏ ဒဏ်ရာမှထွက်သောသွေးကို သန့်ရှင်းသော မှန်ချပ်ဖြင့်ခံယူပြီး ဆားအနည်းငယ်ကို သွေးစက်များပေါ်သို့ ချလိုက်ရာ မည်းမည်းမျစ်မျစ် အဆိပ်များကတစ်ဖက်၊ သွေးရေကြည်များကတစ်ဖက် တွေ့ရသည်။ ချက်ချင်းပင် သွေးနှင့်အဆိပ် ကွဲသွားခြင်းဖြစ်ပေသည်။

ထို့ကြောင့်လည်း ဆားအစွမ်းသတ္တိအပေါ် ယုံကြည်မှုများ ပို၍တိုးခဲ့ရလေပြီ။ ဆားဓာတ်သည် ကမ္ဘာ့ဓာတ်စာဖြစ်သည့်အတွက် သမားတော်ကြီးများ ဖော်စပ်ကြသောဆေးတိုင်းလိုလိုပင် ဆားဓာတ်သည် အနည်းနှင့်အများ ပါဝင်ကြသည်သာဖြစ်သည်။ ထို့ကြောင့် ဆားတည်းဟူသော မြွေဆိပ်ဖြေဆေးနည်းသည် အဖိုးနည်းနည်းနှင့် အကျိုးများများဖြစ်စေသော သဘာဝမိခင်မှ ပေးအပ်ထားသော ဆေးထူးဆေးစွမ်းပင် ဖြစ်လေတော့သည်။

**ဟိန်းထက်ကျော်**



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင် ပတ်စ်ပို့စာအုပ်လေး

တက္ကသိုလ်သိန်း

လက်ဗထာဆရာက ကျွန်တော့် လက်ဝါးပြင်ကို သေချာစွာကြည့်၍ "ခင်ဗျား နိုင်ငံခြားသွားရဖို့ရှိတယ်"ဟု ဆိုသည်။ သူဟောပြီး မကြာပါချေ ကျွန်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေ့လာရေးသွားခဲ့ရ၏။ အချိန်ကာလမှာ ၁၉၈၆ ခုနှစ်ဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်၏။

ထိုအချိန်က ဝန်ထမ်းတိုင်းလိုလို နိုင်ငံခြားခရီး သွားလိုကြ၏။ နိုင်ငံခြားသို့ တာဝန်ဖြင့်သွားရောက်ရန် မလွယ်သောကာလဖြစ်ပါ၏။ နိုင်ငံခြားသွားလိုကြသည့် အဓိကအချက်မှာ နိုင်ငံခြားငွေ ရလိုသောကြောင့်ဖြစ်၏။ ဝန် ထမ်းတစ်ဦးအနေဖြင့် နိုင်ငံခြားသွားလျှင် Office Allowance(ဝတ်စုံစရိတ်) မြက်မြက်လေးရကြ၏။ အသေးသုံးစရိတ် (Pocket Money)လည်း အထိုက်အလျောက်ရသေး၏။ ဥပမာဆိုပါစို့။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံက ဖိတ်ကြားသဖြင့် အစိုးရကစေလွှတ်သည်ဆိုပါက အသွားအပြန် လေယာဉ်ခရီးစရိတ်ကို နိုင်ငံတော်အစိုးရက ကျခံ၏။ တရုတ်နိုင်ငံသို့ရောက်သွားလျှင် သွားစရိတ်၊ လာစရိတ်၊ ဟိုတယ်စရိတ်နှင့် စားသောက်စရိတ်တို့ကို သူတို့ကကျခံသဖြင့် ဝန်ထမ်းတစ်ဦးအနေဖြင့် ဘာမျှ ကုန်ကျစရာ အကြောင်းမရှိပေ။

မိမိလိုအပ်သည့်ပစ္စည်း ဝယ်ယူသည့်အတွက်သာ မိမိအိတ်က စိုက်ရ၏။ မဝယ်လျှင် ဘာမျှကုန်ကျစရာမရှိပေ။ အချို့အသုံးအစွဲ စည်းကမ်းမရှိသူ ဝန်ထမ်းအဖို့ အစိုးရကပေးသော နိုင်ငံခြားငွေ (Foreign Exchange) ကို အိတ်ဝင်၊ သပိတ်ဝင်ရ၏။ ၁၉၈၆ ခုနှစ်ဝန်းကျင်က နိုင်ငံခြားငွေနှင့်ပတ်သက်၍ အလွန်ရှားပါးသည်။ အစိုးရငွေလဲလှယ်နှုန်းမှာ ယူအက်စ်တစ်ဒေါ်လာကို မြန်မာငွေ ခုနစ်ကျပ်ခန့်သာရသည်။ ထိုအချိန်က ပြင်ပတွင် တစ်ဒေါ်လာကို မြန်မာငွေ ၄၀၀ ကျပ်ခန့်ရှိ၏။

နိုင်ငံခြားသွားမည့် ဝန်ထမ်းသည် နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် မြန်မာငွေပေးသွင်း၍ ဒေါ်လာထုတ်ယူရသလို ဝတ်စုံစရိတ်အတွက် ၎င်းဘဏ်မှ နိုင်ငံခြားငွေ ဒေါ်လာ ၃၀၀ ခန့်ထုတ်ပေးသည်။ မြန်မာငွေ ၄၀၀ နှင့် တွက်လျှင် ငွေကျပ် ၁၂၀၀၀၀ ရရှိမည် ဖြစ်သည်။ ထိုအချိန်က ငွေတန်ဖိုးရှိသေးသည်။ ရွှေတစ်ကျပ်သားကို လေးထောင်၊ ငါးထောင်သာရှိသည်။ ဝန်ထမ်း တစ်ဦးအဖို့ နိုင်ငံခြားတစ်ခေါက်သွားလျှင် အထိုက်အလျောက် စုမိဆောင်းမိသဖြင့် နိုင်ငံခြားခရီးကို သူ့သူငါငါ သွားလိုကြသည်။

နိုင်ငံခြားခရီး အတွေ့အကြုံမရှိသောသူအချို့ကမူ ဘဏ်မှထုတ်ယူရရှိသော နိုင်ငံခြားငွေကို အကုန်အစင် နိုင်ငံခြားသို့ ယူသွားတတ်ကြ၏။ ကျွန်တော်သည်လည်း ပထမဦးဆုံး နိုင်ငံခြားခရီးတွင် နိုင်ငံခြားငွေအားလုံးကို ဘာရယ်မသိ ယူသွားခဲ့ပါ၏။ နောင် အတွေ့အကြုံရှိသူများ၏ အကြံပေးချက်အရ နိုင်ငံခြားသို့ ဒေါ်လာအားလုံး ယူမသွားတော့ဘဲ သုံးစွဲဖို့ အနည်းအကျဉ်းမျှသာ ယူသွားတော့သည်။

တစ်ခါက မြန်မာနိုင်ငံမှ သတင်းဆရာတစ်ဦး ဟောင်ကောင်တွင် ခါးပိုက်နှိုက်ခံလိုက်ရသဖြင့် ယူသွားသည့် ဒေါ်လာအားလုံး ပါသွားသည့်အတွက် အသိမိတ်ဆွေတစ်ဦးထံမှ အကူအညီတောင်းခဲ့ရသည်ဟု ကြားဖူးသည်။ ဟောင်ကောင်တွင် ခါးပိုက်နှိုက်ပေါသဖြင့် အသွားအလာ သတိထားရ၏။ နေရာတကာတွင် ခါးပိုက်နှိုက်သတိပြုရန် အင်္ဂလိပ်ဘာသာဖြင့် စာတန်းများ ကပ်ထားသည်ကို တွေ့ရ၏။ အချို့ဆိုလျှင် ပတ်စ်ပို့ (Passport) နိုင်ငံကူးလက်မှတ် အနှိုက်ခံခဲ့ရသည်ဟု ကြားဖူး၏။ ပတ်စ်ပို့ ပျောက်သွားလျှင် များစွာအလုပ်ရှုပ်ရ၏။

ဤလိုအဖြစ်မျိုး မခံနိုင်သဖြင့် ကျွန်တော် နိုင်ငံခြားသွားလျှင် ပတ်စ်ပို့ကို ဟိုတယ်တွင်ထားပြီးမှ အပြင်သွားသည်။ အဖွဲ့နှင့်သွားလာသဖြင့် ဘာမျှ ပြဿနာမရှိပေ။

တစ်ခါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းလေဆိပ်နားနေဆောင်တွင် ရှန်ဟိုင်းသို့ထွက်မည့် လေယာဉ်ကို စောင့်ဆိုင်းရင်း ခေတ္တနားရ၏။ ထိုစဉ် လုံခြုံရေးဝန်ထမ်းတစ်ဦး ရောက်လာပြီး လွယ်အိတ်တစ်လုံးကို လက်မှတ်ထောင်ပြရင်း မည်သူ့လွယ်အိတ်ဖြစ်ပါသလဲဟု တရုတ်လိုပြောသည်။ ထိုအခါ ကျွန်တော်တို့အဖွဲ့မှ စာရေးဆရာကိုယ်စားလှယ်တစ်ဦးက သူ့လွယ်အိတ်ဖြစ်ကြောင်း လက်ထောင်ပြပြီး လွယ်အိတ်ကို သွား

www.burmeseclassic.com

ယူ၏။ ၎င်းလွယ်အိတ်ထဲတွင် ပတ်စ်ပို့ကို ထည့်ထားသဖြင့် ပြန်ရလိုက်သည့်အတွက် တော်သေးသည်ဟု ဆိုရမည်။

ထိုနည်းတူစွာ ကျွန်တော်တို့ စာရေးဆရာအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၏ ခရီးဆောင်အိတ်တစ်လုံးသည် ပေကျင်းမှ ရှန်ဟိုင်းသို့ လေယာဉ်ဖြင့် အသွားလမ်းခရီးတွင် ပျောက်သွားသည်။ ရှန်ဟိုင်းသို့ရောက်ပြီး ဟိုတယ်တွင် တည်းခိုနေစဉ် ကိုယ်စားလှယ်ငါးဦး၏ ခရီးဆောင်အိတ်များ အသီးသီးကို သက်ဆိုင်ရာမှ လာပို့သွားသော်လည်း ယင်းကိုယ်စားလှယ်၏ ခရီးဆောင်အိတ်ပါမလာသဖြင့် ဗျာများရတော့၏။ ယင်းခရီးဆောင်အိတ်ထဲတွင် ပတ်စ်ပို့နှင့် ဒေါ်လာထည့်ထားသည်ဟု သိရ၏။ ပိုမိုလုံခြုံအောင် ထိန်းသိမ်းထားကာမှ လမ်းခရီးတွင် ပျောက်နေသဖြင့် ကိုယ်စားလှယ်အဖို့ များစွာ စိတ်ထိခိုက်သွား၏။

ဤသို့ဖြင့် ဟိုတယ် Reception (လက်ခံကောင်တာ)သို့သွား၍ စီးနင်းခဲ့သော လေယာဉ်လက်မှတ် လက်ခံဖြတ်ပိုင်းကို ပြ၍ အကူအညီတောင်းရ၏။ ထိုညအဖို့ ယင်းကိုယ်စားလှယ်မှာ လဲဝတ်စရာ အဝတ်အစားမရှိသဖြင့် မျက်နှာသုတ်ပဝါပတ်၍ နေခဲ့ရသည်ဟုဆိုသည်။ နောက်တစ်နေ့ညနေ လောက်မှသာ ၎င်း၏ခရီးဆောင်အိတ် ပြန်ရရှိသည်။ သေတ္တာကိုဖွင့်ကြည့်ရာ မည်သည့်ပစ္စည်းမှ အပျောက်အရှမရှိဘဲ ၎င်း၏ ပတ်စ်ပို့နှင့် ဒေါ်လာ ပြန်ရခဲ့သည်။

ကျွန်တော် ကိုယ်တိုင်ပင်လျှင် ပတ်စ်ပို့ပြဿနာ တက်ခဲ့ဖူးသည်။ ၂၀၀၃ ခုနှစ်က ဖြစ်သည်။ မြန်မာနိုင်ငံ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားစဉ်ကဖြစ်၏။ ကျွန်တော်တို့အဖွဲ့တွင် ဦးခင်အောင်(သတင်းစဉ်)(ယခုကွယ်လွန်)နှင့် ဦးအောင်နိုင်ဦး(ယခု စာတည်းမှူးချုပ်၊ မြန်မာ့အလင်းသတင်းစာ)တို့ ပါဝင်သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းသို့ ဝင်သည့်အခါ ပတ်စ်ပို့နှင့် လေယာဉ်လက်မှတ်တို့ကိုပြရင်း ပြီးမှ လေယာဉ်ပေါ်တက်ရန် နားနေဆောင်သို့ သွားရ၏။ ထုံးစံအတိုင်းပင် လေယာဉ်မထွက်မီ တစ်နာရီကြို၍ ရောက်ရသဖြင့် နားနေဆောင်တွင် ကျွန်ုပ်တို့ အဒေးသောက်ရင်း စကားပြောနေသည်။ ကျွန်တော်က ပတ်စ်ပို့ကို အမြဲတစေ သတိထားနေသဖြင့် ကုတ်အင်္ကျီအတွင်း လက်ဖြင့်စမ်းကြည့်ရာ ပတ်စ်ပို့ကို မတွေ့သဖြင့် တစ်ကိုယ်လုံး ထူပူသွား၏။ ဦးခင်အောင်နှင့် ဦးအောင်နိုင်ဦးတို့ကို အကျိုးအကြောင်းပြောပြပြီး လေဆိပ်ဆင်ဝင်သို့ ပြန်သွားသည်။ စောစောက ကျွန်တော် ပတ်စ်ပို့နှင့် လေယာဉ်လက်မှတ်ကိုစစ်ဆေးသည့် ဝန်ထမ်းအား "သမီး ဦးရဲ့ပတ်စ်ပို့ ဒီမှာကျန်သွားသလား။ ဦးရုပ်ဆွေရှင့်"ဟု မေးကြည့်ရာ ဝန်ထမ်းမလေးက "မတွေ့ပါဘူး ဆရာ။ အဲဒါ ဦးကို သေသေချာချာ ပြန်ပေးလိုက်တယ်လေ။ ပြန်ကြည့်ပါဦး"ဟု ပြောသည်။

ကျွန်တော်သည် ကုတ်အင်္ကျီ အတွင်းအိတ်၊ အပြင်အိတ် အားလုံးကို လက်ဖြင့်နှိုက်၍တစ်မျိုး စမ်း၍တစ်ဖုံ ရှာကြည့်သော်လည်း မတွေ့သဖြင့် ခေါင်းနားပန်းကြီးသွားသည်။ မျက်နှာပြင်တစ်ခုလုံး ချွေးများပြန်လာသည်။ ပတ်စ်ပို့သည် နိုင်ငံခြားခရီးသွားသူတစ်ဦးအတွက် အရေးကြီးသည်။ ပတ်စ်ပို့မပါလျှင် နိုင်ငံခြားတိုင်းပြည်သို့ မည်သို့မျှ ဝင်၍ရနိုင်မည်မဟုတ်။ ကျွန်တော် ပတ်စ်ပို့ရှာမတွေ့လျှင် လေဆိပ်မှ အိမ်သို့ လှည့်ပြန်ဖို့သာရှိမည်။ လေယာဉ်က ထွက်ရန် မိနစ်သုံးဆယ်ခန့်သာ လိုတော့သည်။

ထိုစဉ် ကျွန်တော့်ခေါင်းထဲသို့ သတိပေးချက်တစ်ခု ဝင်လာသည်။ ကျွန်တော်ဆွဲထားသော လက်ဆွဲအိတ်အတွင်းသို့ ထည့်လိုက်မိသလားဟူ၍ဖြစ်၏။ ကျွန်တော်သည် မဆိုင်းမတွပင် လက်ဆွဲအိတ်အတွင်းသို့ လက်နှိုက်ကြည့်လိုက်ရာ ကျွန်တော့် မျက်နှာပြင်တစ်ခုလုံး ကြည်လင်ဝင်းပသွားသည်။ ဟုတ်ပါသည်။ မာမာချောချော စာအုပ်ငယ်လေးကို လက်ဖြင့်စမ်းမိပြီး အပြင်ထုတ်ကြည့်ရာ အစိမ်းရောင်ပတ်စ်ပို့စာ အုပ်လေးကို တွေ့လိုက်ရမှ ကျွန်တော်စိတ်ပျော်သွားသည်။ (စကားချပ်၊ နိုင်ငံ့ဝန်ထမ်း နိုင်ငံခြားခရီးသွားလျှင် ပတ်စ်ပို့အစိမ်းရောင်၊ သာမန်လူများ နိုင်ငံခြားခရီးသွားလျှင် ပတ်စ်ပို့အနီရောင် အသုံးပြုရသည်။)

ကျွန်တော် နားနေဆောင်သို့ ပြန်ရောက်ရောက်ချင်း ဦးခင်အောင်နှင့် ဦးအောင်နိုင်ဦးတို့က "ဆရာ့ပတ်စ်ပို့ ပြန်တွေ့လား"ဟုမေးကြသည်။ ကျွန်တော်က သူတို့ကို နှုတ်ဖြင့်မဖြေဘဲ အားရပါးရ ခေါင်းညိတ်အဖြေပေးလိုက်သည်။ ထိုအခါ သူတို့နှစ်ဦးစလုံးက "တော်သေးတာပေါ့ဆရာရယ်။ ကျွန်တော်တို့က စိတ်ပူနေကြတယ်"ဟု ဆိုသည်။

ဤတွင် ကျွန်တော် သင်ခန်းစာကောင်းကောင်း ရသွားသည်။ နိုင်ငံခြားခရီးသွားသည်ဖြစ်စေ၊ ပြည်တွင်းခရီးသွားသည်ဖြစ်စေ မိမိတွင်ပါသည့် အရေးကြီးပစ္စည်းများ၊ ပတ်စ်ပို့၊ နိုင်ငံသားမှတ်ပုံတင်၊ ငွေနှင့် အခြားအရေးကြီး စာရွက်စာတမ်းများကို လက်ဆွဲအိတ်အတွင်း စနစ်တကျ မှတ်မှတ်ရရ ထည့်သွင်းသိမ်းဆည်းရန် မမေ့ပါနှင့်ဟူ၍ ဖြစ်ပါ၏။

**တက္ကသိုလ်သခ်ီ**

၀၃-၄၃၁၉၂၆



www.burmeseclassic.com

www.burmeseclassic.com

# သင့် လက်မှာ ဒါမျိုးပါလား?

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။

## လက်ပေါ်ကကြယ်ပွင့်လေးတွေ

* သင့်ရဲ့ ဘယ်ညာလက်ဝါးများကို ဖြန့်ကြည့် လိုက်စမ်းပါ။ ကြယ်အမှတ်သင်္ကေတလေး တစ်ခုကို တစ်နေရာရာမှာ တွေ့မြင်မိပါသလား။
* ကြယ် အမှတ်သင်္ကေတဆိုတာ ငါးထောင့် ကြယ်ပုံပဲဖြစ်ဖြစ်၊ ခြောက်ထောင့်ကြယ်၊ရှစ်ထောင့်ကြယ်ပုံပဲဖြစ်ဖြစ်၊ ခရေပွင့်ကလေးလိုပဲဖြစ်ဖြစ် အဲဒီပုံမျိုး တစ်ခုခုဖြစ်ပေါ် ပါရှိနေတာကို ပြောတာပါ။



* ဘယ်နေရာမှာပါရှိတာလဲ။
* ဘယ်ညာလက်ဝါး နှစ်ဖက်စလုံးမှာ ပါတာလား။
* တစ်ဖက်တည်းမှာ ပါတာလား။
* ကြယ်ပွင့်ကလေး၊ ခရေပွင့်ကလေးပါရှိတဲ့နေရာကို မူတည်ပြီး၊ ကောင်းကျိုးဆိုးပြစ်တွေ ဖြစ်စေတတ်ပါတယ်။

ဒါ့ကြောင့် သင့်လက်ဝါးများကို ဖြန့်ကြည့်လိုက်ပါ။ ကြယ်ပွင့်ကလေး၊ ခရေပွင့်ကလေးတစ်ခု ဘယ်နေရာမှာ ပါရှိပါသလဲ။




www.burmeseclassic.com

www.burmeseclassic.com

## အရှုဆောင်းတဲ့လက်

**လက်ညှိုးအရင်းကနေရာကို ကြာသပတေး ဂြိုဟ်ခုံလို့ခေါ်ပါတယ်။**



**အဲဒီ လက်ညှိုးအရင်း ကြာသပတေးဂြိုဟ်ခုံပေါ်မှာ၊ ကြယ်ပွင့်၊ ခရေပွင့်ဆိုတဲ့ အမှတ်အသား သင်္ကေ** တလေးတစ်ခု ပါပြီဆိုရင်၊ **သင်ဟာ** အလွန်ကံကောင်းသူတစ်ဦး **ဖြစ်နေ** ပြီလို့ဆိုရပါမယ်။

သင့်ရဲ့လက်ညှိုးအရင်း ကြာသပတေးဂြိုဟ်ခုံဟာ ပြည့်ဖြိုးမြင့်မောက်နေဖို့လိုပါတယ်။

ကြယ်ပွင့်ကလေး၊ ခရေပွင့်ကလေးဟာလည်း ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်နဲ့ အပြစ်ကင်းစင်နေဖို့လိုပါတယ်။

တခြားဂြိုဟ်ခုံတွေရဲ့ **ဖျက်ဆီးမှု၊** လမ်းကြောင်း တွေရဲ့ **ဖျက်ဆီးမှု၊** လမ်းကြောင်းတွေရဲ့ **ဖျက်ဆီး မှုမရှိတဲ့** ကံလမ်းကြောင်း။ **အောင်မြင်ရေးလမ်း** ကြောင်း**တွေပါရှိပြီး ကောင်းမွန်နေ မယ်ဆိုရင် သင်ဟာ ဘဝအစ တစ် လျှောက်လုံးမှာ ကံကောင်းခြင်းနဲ့ ရှု တစ်ဦးဖြစ်လို့ ဆိုရမှာပါတယ်။**

**ကိုယ်ရော စိတ်ပါ ချမ်းသာသုခ** ပြည့်ဝမယ့်လူ**တစ်ဦးဖြစ်ပါတယ်။**

သင့်ရဲ့ဘဝမှာ တိုက်နဲ့ ကားနဲ့ နေရသလို ရွှေ ငွေ ပစ္စည်းဥစ္စာ ရတနာတွေနဲ့လည်း ပြည့်စုံကြွယ်ဝမှာ ဖြစ်ပါတယ်။

သင့်ရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ရပ်ထဲ ရွာထဲမှာ **ပဲဖြစ်ဖြစ်၊** တစ်နိုင်ငံလုံးအတိုင်းအတာ **နဲ့ပဲဖြစ်ဖြစ်** သင်ဟာ ဝင်ဆန့်သူ **တစ်ဦး ဖြစ်ပါလိမ့်မယ်။**

**နေရာတကာမှာ** ဦးစီးခေါင်း**ဆောင်ရတဲ့ အခန်းက** ပါဝင်ရပါလိမ့်**မယ်။**

**ဘဝတစ်လျှောက်လုံး** စိတ်ရော **ကိုယ်ပါ** ချမ်းသာသုခအဝဝကို ရရှိ**ခံစားရပါလိမ့်မယ်။**

ကြာသပတေး ဂြိုဟ်ခုံ ဆိုတဲ့ လက်ညှိုးအရင်း တစ်နေရာမှာ ကြယ်အမှတ်သင်္ကေတပါတဲ့ လူဟာ၊ လူချင်းအတူတူ အောင်မြင်မှုသရဖူဆောင်းနိုင်တဲ့ လူ ဖြစ်ပါတယ်။

မင်း အစိုးရ လုပ်ငန်းတွေနဲ့လည်း အကျိုးပေးပါတယ်။

လူအများနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေ၊ ပညာရပ်တစ်ခုခုကို အသုံးပြုရတဲ့လုပ်ငန်းတွေမှာလည်း အကျိုးပေးပါတယ်။


ဦးနှောက်ကောင်းပြီး၊ အသိ**ဉာဏ်**ထက်မြက် သူတွေဖြစ်ကြပါ**တယ်။** သိလွယ်မြင်လွယ် တတ်**လွယ်ပြီး** ထူးချွန်ထက်မြက်တဲ့ ပညာရှင်တွေ ဖြစ်တတ်ကြပါတယ်။

ခြုံပြီးပြောရရင်တော့ ကြာသပတေးဂြိုဟ်ခုံ ဆိုတဲ့ လက်ညှိုးအရင်း တစ်နေရာရာမှာ ကြယ် အမှတ်သင်္ကေတပါတဲ့ လူတွေဟာ၊ ဖိုးကံကောင်း၊ မယ်ကံကောင်းတွေ ဖြစ်ကြပါတယ်။

## ရွှေဘုံစံ ငွေဘုံစံ

**လက်သူကြွယ်အရင်း**နေရာကိုတော့ **တနင်္ဂနွေဂြိုဟ်ခုံ**လို့ ခေါ်ပါ**တယ်။**

**တနင်္ဂနွေဂြိုဟ်ခုံဆိုတဲ့** လက်သူကြွယ်အရင်းမှာ ကြယ် အမှတ်သင်္ကေတလေးပါရင်တော့ သင်ဟာ ကံကောင်းသူတစ်ဦး ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

တခြား ဂြိုဟ်ခုံတွေ၊ အောင်မြင်ရေးလမ်းကြောင်းတွေ၊ ကံလမ်းကြောင်းတွေကလည်း ထောက်ကူပံ့ပိုးပေးမယ်ဆိုရင် သင်ဟာ မဟာကံထူးရှင်ဖြစ်နိုင်ပါတယ်။

သိန်းသုံးရာဆုကြီးကို ထီဆုကြီးတွေ သေချာပေါက် ပေါက်နိုင်ပါတယ်။ နိုင်ငံခြားထီဆုကြီးတွေလည်း ပေါက်တတ်ပါတယ်။ တခြားလမ်းကြောင်းတွေ၊ ဂြိုဟ်ခုံတွေက ဖျက်ဆီးနေရင်တောင်မှ ထီ ဆုတွေပေါက်နိုင်ပါ တယ်။

တနင်္ဂနွေဂြိုဟ်ခုံဆိုတဲ့ လက်သူကြွယ်အရင်းနေရာမှာ ကြယ်အမှတ်သင်္ကေတပါတဲ့သူဟာ သူဌေးသူကြွယ် လက္ခဏာပဲ ဖြစ်ပါတယ်။

**ထီပေါက်ခြင်း။** တခြားနည်းနဲ့ **ငွေ အစုလိုက် အပုံလိုက်ရတတ်ခြင်း။ ရေအိုး ငွေအိုးများရတတ်ခြင်း။** အဖိုးတန် **ကျောက်မျက်ရတနာပစ္စည်းများ** ရတတ်**ခြင်းဆိုတဲ့ ကံတရားရဲ့** ပံ့ပိုးမှုတွေ **ရရှိတတ်ပါတယ်။**

သန်းကြွယ် **ကုဋေကြွယ်သဌေး** ကြီးတွေ **ဖြစ်တတ်ပါတယ်။**


တနင်္ဂနွေ **ဂြိုဟ်ခုံလို့ ခေါ်တဲ့** လက်သူကြွယ်အရင်း**မှာ ကြယ်အမှတ်** သင်္ကေတပါတဲ့ သူဟာ **နေရာတကာ** မှာ လူအများရဲ့ ယုံကြည်**လေးစား** ချစ်ခင်အားကိုးမှုကိုလည်း **ရတတ်** ပါတယ်။

ခြုံပြီးပြောရရင်တော့ တနင်္ဂနွေ ဂြိုဟ်ခုံမှာ ကြယ်အမှတ်သင်္ကေတပါတဲ့သူဟာ ချမ်းသာ ကြွယ်ဝပြီး လူအများရဲ့ ချစ်ခင်လေးစားမှုကို ရတတ်ပါတယ်။ ဘယ်လောက်ပဲဆင်းရဲမွဲတေပြီး ကုန်းကောက်စရာမရှိတဲ့သူ ဖြစ်နေပါစေ၊ ကြယ်အမှတ် သင်္ကေတလေးပါနေရင် သင်ဟာ တစ်နေ့နေ့မှာ ကြွယ်ဝချမ်းသာသူ ကေန်မုချ ဖြစ်လာနိုင်ပါတယ်။

## နှင်လားဟဲ့ စနေဂြိုဟ်

လက်ခလယ်အရင်းက နေရာကို စနေဂြိုဟ်ခုံ လို့ခေါ်ပါတယ်။

စနေဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့ သူကတော့ ကံဆိုးသူ တစ်ဦးပဲဖြစ်ပါတယ်။ တခြားဂြိုဟ်ခုံတွေ၊ လမ်းကြောင်းတွေကလည်း ကောင်းမွန်တဲ့ ထောက်ကူမှု မပြုဘူး ဆိုရင် ပိုပြီးဆိုးတတ်ပါတယ်။



**စနေဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့ သူဟာ အစိုးရ** လုပ်ငန်းတွေမှာ ရာထူး ကြီးကြီးမားမား ရရှိထမ်းဆောင်ရ တတ်ပါတယ်။

ဒါပေမဲ့ ဘယ်လောက်ကြီးတဲ့ ရာထူးကိုပဲ ရရ၊ မမြဲတတ်ပါဘူး။ ရာထူးပြုတ်ခြင်း၊ အသေဆိုးနဲ့ သေရခြင်းစတဲ့ အနိဋ္ဌာရုံတွေကို ကြုံတွေ့ရတတ်ပါတယ်။ ကောင်းကျိုးနဲ့ ဆိုးပြစ်ဟာ ဒွန်တွဲလျက်ရှိပါတယ်။

စနေဂြိုဟ်ခုံဆိုတဲ့ လက်ခလယ်အရင်းတစ်နေရာရာမှာ ကြယ်အမှတ်သင်္ကေတပါတဲ့ သူဟာ လေဖြတ်ခြင်း၊ ဦးနှောက်ကြောပြတ်ခြင်း၊ နှလုံးခုန်မှုရပ်ဆိုင်းခြင်း၊ ရေနစ်ခြင်းနဲ့ အခြားအန္တရာယ်ဆိုးတစ်ခုခု တွေ့ကြုံရပြီး ရုတ်တရက် ကွယ်လွန်တတ်ကြပါတယ်။

စနေဂြိုဟ်ခုံဆိုတဲ့ လယ်ခလယ်အရင်း တစ်နေရာရာမှာ ကြယ်အမှတ်သင်္ကေတပါတဲ့သူဟာ အိမ်ထောင်ပြုတဲ့အခါ သားသမီးမရတတ်ပါဘူး။

အမျိုးသားရဲ့ စနေဂြိုဟ်ခုံ လက်ခလယ်အရင်းမှာ ကြယ်အမှတ်သင်္ကေတပါနေရင် အဲဒီအမျိုးသားကြောင့် သူ့ရဲ့ အိမ်ထောင်ရေးမှာ ကလေးမရနိုင်ပါဘူး။ အမျိုးသားဟာ မြုံနေသူဖြစ်ပါတယ်။

ခြုံပြီးပြောရရင် စနေဂြိုဟ်ခုံဆိုတဲ့ လက်ခ လယ်အရင်း တစ်နေရာရာမှာ ကြယ် အမှတ်သင်္ကေတ ပါနေရင် မကောင်းဘူးလို့ဘဲ ပြောရမှာဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

## လူသိထင်ရှားကျော်ကြားသူများ

လက်သန်းအရင်းက နေရာကို ဗုဒ္ဓဟူးဂြိုဟ်ခုံ လို့ခေါ်ပါတယ်။

ဗုဒ္ဓဟူး ဂြိုဟ်ခုံပေါ်မှာ ကြွယ် အမှတ်သင်္ကေတပါတဲ့ သူတွေက တော့ များသောအားဖြင့် မကောင်း သူတွေ၊ လူလိမ် လူညစ်တွေ ဖြစ် တတ်ကြပါတယ်။



လက်သန်းအရင်း ဗုဒ္ဓဟူးဂြိုဟ် ခုံမှာ ကြွယ်အမှတ်သင်္ကေတပါတဲ့ သူတွေဟာ ကုန်သည်ပွဲစားတွေ ဖြစ် တတ်ကြပါတယ်။ လောင်းကစား လုပ်ငန်းသမားတွေ ဖြစ်တတ်ကြ ပါတယ်။

ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ကြွယ်အမှတ် သင်္ကေတပါတဲ့သူဟာ မိမိက သူ တစ်ပါးကို လိမ်လည်လှည့်ဖြားဖို့ ဝန် မလေးတတ်ကြသလို သူတစ်ပါးရဲ့ လိမ်လည် လှည့်ဖြားမှုတွေကိုလည်း ကြုံတွေ့ရတတ်ပါတယ်။

လက်သန်းအရင်း ဗုဒ္ဓဟူးဂြိုဟ်ခုံ မှာ ကြွယ်အမှတ် သင်္ကေတပါတဲ့ သူတွေဟာ တခြားသူတွေရဲ့ ပစ္စည်း ဥစ္စာငွေကြေးကို မတရားနည်းနဲ့ ရရှိအောင် လုပ်ဆောင်တတ်ကြပါ တယ်။ အဲဒီလိုပဲ သူ့ရဲ့ပစ္စည်း ဥစ္စာ ငွေကြေးတွေကိုလည်း တခြားသူ တွေက လိမ်လည် လှည့်ဖြားခြင်း၊ ခိုးယူခြင်း၊ ဖောက်ထွင်း လုယက်ခြင်း တွေ ခံရတတ်ပါတယ်။

ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ကြွယ်အမှတ် သင်္ကေတပါတဲ့ သူတွေဟာ အိမ် ထောင်ရေးရှုပ်ထွေးပြီး စိတ်ဆင်းရဲ မှုတွေ ကြုံတွေ့ရတတ်ပါတယ်။

လက်သန်းအရင်း ဗုဒ္ဓဟူး ဂြိုဟ် ခုံပေါ်မှာ ကြွယ်အမှတ်သင်္ကေတပါတဲ့ သူဟာ စာပေအနုပညာမှာ ထင်ပေါ် ကျော်ကြား အောင်မြင်တတ်ပါတယ်။ စကားပြော၊ တရားဟော ကောင်း တတ်ကြပါတယ်။

> ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ကြွယ်
> အမှတ်သင်္ကေတပါရင်
> မကောင်းတာကများပါတယ်။
> စောရနက္ခတ် ပါတဲ့ သူတွေ၊
> ထင်ရှားကျော်ကြားတဲ့
> ဖောက်ထွင်းဝိဇ္ဇာတွေ၊
> ကမ္ဘာကျော် လူလိမ်ကြီးတွေ
> ဖြစ်တတ်ကြပါတယ်။

အောင်မြင် ထင်ရှားတဲ့ ရှေ့နေ ကြီးတွေဖြစ်တတ် ကြပါတယ်။

သူတို့ရဲ့စာတွေ၊ စကားလုံးတွေ ဟာ သူများထက်ပိုပြီး ထိရောက် ထက်မြက်ပေါ်လွင် ထင်ရှား လူကြိုက် များတတ်ကြပါတယ်။

နိုင်ငံရေးသမားတွေရဲ့ လက်မှာ လည်း အဲဒီလိုကြွယ်အမှတ်သင်္ကေတ မျိုး ပါတတ်ပါတယ်။

လက်သန်းအရင်း ဗုဒ္ဓဟူးဂြိုဟ်ခုံ မှာ ကြွယ်အမှတ်သင်္ကေတ ပါတဲ့ သူတွေဟာ ပေါက်ကွဲမှု တစ်ခုခု ကြောင့် ဒဏ်ရာအနာတရ ဖြစ်တတ် ပါတယ်။ သေဆုံးရတတ်ပါတယ်။

ခြုံပြီးပြောရရင်တော့ လက်သန်း အရင်း ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ကြွယ် အမှတ်သင်္ကေတပါရင် မကောင်း တာကများပါတယ်။ စောရနက္ခတ် ပါတဲ့ သူတွေ၊ ထင်ရှားကျော်ကြားတဲ့ ဖောက်ထွင်းဝိဇ္ဇာတွေ၊ ကမ္ဘာကျော် လူလိမ်ကြီးတွေ ဖြစ်တတ်ကြပါ တယ်။

သာမန်လူတွေထက်ပိုပြီး ထူးခြား တဲ့ ထင်ရှားပေါ်လွင်တဲ့၊ လူသိများတဲ့၊ မကောင်းတဲ့ဘက်မှာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ပါတယ်။

ဆက်ပါဦးမည် . . .

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

**ဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com



# လူနှင့် အဆုံးအမများ

■ မောင်မိုးဦး

ကုသိုလ်နှင့် အကုသိုလ်သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော တရားနှစ်ပါးဖြစ်သလို အနီးဆုံးတရားနှစ်ပါးလည်း ဖြစ်သည်။ အာရုံတစ်ခုနှင့် ကြုံသောအခါ ပင်ကိုစိတ်ဓာတ်ကောင်းသူသည် ကုသိုလ်ဇော စောလေ့ရှိပြီး ပင်ကိုယ်စိတ်ဓာတ် မကောင်းသူသည် အကုသိုလ်ဇော စောလေ့ရှိသည်။ ထို့ကြောင့် အကုသိုလ်ဇောများကို ဖြတ်တောက်ပြီး မည်သည့်အာရုံနှင့် ကြုံတွေ့ရသည်ဖြစ်စေ ကုသိုလ်ဇောသာ ဖြစ်ရန် မိမိ၏စိတ်ကို ဓာတ်ခံကောင်းအောင် ပြုပြင်ထားကြရမည်။

လူတိုင်းလူတိုင်း ကိုယ်ပိုင်လက်မှတ်တစ်စောင်စီကိုင်ကာ လူ့ဘုံတွင် နေထိုင်ရသည့်အခိုက် ဆုံစည်းနေကြခြင်းသာဖြစ်သည်။ မည်သူ့ကိုမျှ မည်သူက စီမံခန့်ခွဲချင်တိုင်း ခန့်ခွဲလို့မရပေ။ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယအလိုက် ဘဝကို တည်ဆောက်ခြင်းသာဖြစ်သည်။ မိမိလမ်းကြောင်းကို မိမိထွင်ကာ မိမိအလုပ်ကို မိမိလုပ်နေခြင်းသာဖြစ်ကြောင်း မဖုံးမကွယ်သိရှိလျှင် မမောနိုင်သော မနသိကာရဖြစ်သည်။ တခြားလူများအပေါ်မှာ စေတနာကောင်းထားကာ အကျိုးဆောင်ပေးလိုသည်ဆိုပါက စိတ်ကောင်းဓာတ်ခံကို အငြိအစွန်းမရှိအောင် ဝီရိယစိုက်လျက် ထိန်းသိမ်းမွေးမြူသွားခြင်းဖြင့် မိမိတို့၏ဘဝကို ခမ့်ဖြင့် တည်ဆောက်သွားကြရန်သာဖြစ်သည်။

မသန်းသန်း(မန်းတက္ကသိုလ်)

× × ×

ကျွန်တော်က စာဖတ်သည်။ စာရေးသည်။ ထို့ကြောင့် စာအုပ်စာပေ သတင်းစာဂျာနယ်များနှင့် နေ့တိုင်း ထိတွေ့နေရသည်။ စာပေမှ အမှားအမှန်ကို ခွဲခြားနိုင်သည်။ ဘာသာတရား၏ အဆုံးအမကိုလည်း သိရသည်။ တရားခွေများ နားထောင်ခြင်းဖြင့်လည်း လူ့ဘဝကို ခမ့်ဖြင့် တည်ဆောက်နိုင်အောင် ကျင့်ကြံ တတ်လာသည်။ ထို့အတူ မိမိသိသမျှကိုလည်း သားသမီးများနှင့် မိတ်ဆွေသူငယ်ချင်းများကို တစ်ဆင့်ပြောပြနိုင်သည်။ အထူးသဖြင့် အရွယ်မရောက်သေးသော သားသမီးများကို ပြောပြရာတွင် နားဝင်လွယ်အောင် မိမိဖတ်ထားသမျှလေးနှင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြသွန်သင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်သားလေးသည် ကစား မက်သူတစ်ယောက်ဖြစ်သလို သူ့ သူငယ်ချင်းများနှင့် ကစားလျှင် လောင်း မလားဆိုသောစကားနှင့် မယုံရင်ကျိန် ပြ ဆိုသော စကားနှစ်မျိုးကို မကြာခဏ သုံးလေ့ရှိသည်။ ကျွန်တော်ကလည်း ထိုစကားကို မကြိုက်သဖြင့် ဆုံးမရ သလို အလိမ်အညာစကား မပြောဖို့ကို လည်း သတိပေးနေရသည်။ သို့သော် သားက သူငယ်ချင်းများနှင့် ကစားတိုင်း ထိုစကားလုံးတွေကို သုံးနေခဲ့ဖြစ်သည်။ ထို့ကြောင့် တစ်ရက်မှာ သားကိုပြော လိုက်၏။

"သား မင်းပြောနေတဲ့ လောင်း မလားဆိုတဲ့စကားနဲ့ ကျိန်ပြဆိုတဲ့စကား က မကောင်းဘူးကွ။ မပြောရဘူး။ လောင်းတယ်ဆိုတာ မကောင်းသလို ကျိန်ပြတယ်ဆိုတာလည်း အမှန်တရား ကို ဖုံးကွယ်တာပဲ"

"ပြောရင် ဘာဖြစ်လဲဖေကြီး"

"အကုသိုလ်ဖြစ်တာပေါ့ သားရဲ့ အခုဘဝလည်း မကောင်းဘူး။ နောက် ဘဝလည်း မကောင်းဘူး။ ဒီတော့ သား ကို ဖေကြီးသိထားတာလေး ပြောပြ မယ်။ သား သေသေချာချာ နားထောင် နော်"

"ဟုတ်ကဲ့"

× × ×

ကဿပဘုရားရှင် လက်ထက် က သောတာပန်ဖြစ်နေသော ဥပါသ ကာတစ်ဦး၏ ဦးဆောင်မှုဖြင့် ဥပါသကာ ငါးရာတို့သည် ကျောင်းတံတားဆောက် လုပ်ရန် ဆောင်ရွက်နေကြသည်။ သူတို့ ၏ ဇနီးမယားတို့သည်လည်း အတူတ ကွ လိုက်ပါလုပ်ဆောင်ကြသည်။ ထိုစဉ် အရက်သေစာ သောက်စားထားသော လူသုံးယောက်က ဥပါသိကာမများကို သီလပျက်ရန် ကြံစည်ကြ၏။ အရက် သမားတစ်ယောက်က "အဘယ် ဥပါသိ ကာမတစ်ယောက်ကို သီလပျက်အောင် ဘယ်သူလုပ်နိုင်မလဲ"ဟု ဆို၏။ ထိုအခါ တစ်ယောက်က "သူလုပ်ပြမယ်"ဟု ဆို ကာ လောင်းကြေးအသပြာ တစ်ထောင် အဖြစ် သတ်မှတ်ကြ၏။၏

ထို့နောက် လောင်းကြေးထပ် ထားသည့်အတိုင်း ကြံစည်ရာ နောက် ဆုံးတွင် ခေါင်းဆောင်တစ်ဦး၏မယား ကို ဖောက်ပြန်အောင် လုပ်နိုင်ခဲ့လေ သည်။ ထိုအခါ ခင်ပွန်းသည်က "ကျူး လွန်မိသလား"ဟု မေးသောအခါ မယား ဖြစ်သူက ငြင်းသည်။ ခင်ပွန်းသည်က ကျိန်ပြဟု ဆိုသည်။ ထို့ကြောင့် မယား ဖြစ်သူက အလိမ်အညာစကားကိုသုံးပြီး မနီးမဝေးရှိ ခွေးနက်ကြီးကို ညွှန်ပြကာ

"အရှင်ပြောသလို ဖောက်ပြန်ပါ က ဘဝတိုင်း ဘဝတိုင်း နားရွက်ပြတ် ခွေးနက်ကြီးရဲ့ ကိုက်စားခြင်းကို ခံရပါ စေသား"

ဟု ကျိန်တွယ်ပြောဆိုလေသည်။ ထို့အတူ သူမ၏မိတ်ဆွေ အပေါင်း အဖော် ဥပါသိကာမငါးရာတို့ကလည်း အဖြစ်မှန်ကို သိခဲ့သည်ဖြစ်ပါက ဘဝ ဆက်တိုင်း သူမ၏အခိုင်းအစေများ ဖြစ် ရပါစေသားဟု ဝိုင်းဝန်းကျိန်ဆိုပြလေ သည်။

သည်လိုနှင့် ဖောက်ပြန်မိသော အမျိုးသမီးသည် ပူပင်သောကများနှင့် အတူ စိတ်ဖိစီးကာ တဖြည်းဖြည်း မီး လောင်သစ်ကိုင်းလိုဖြစ်ကာ မကြာမီ သေဆုံးသွားလေသည်။ ထိုအမျိုးသမီး သေလွန်ပြီးနောက် ဟိမဝန္တာမှာရှိသော ကဏ္ဍမုဏ္ဍ ရေအိုင်အနီး၌ ဗိမာန်ပိုင် ရှင် ဝေမာနိကပြိတ္တာမဖြစ်သွားခဲ့၏။ ထို အခါ ပြိတ္တာမသည် ယခင်ဘဝက ကောင်းမှုကုသိုလ်တချို့ကြောင့် နေ့ အချိန်၌ နတ်စည်းစိမ်ခံစားရသော် လည်း ညအချိန်များတွင် အကုသိုလ်ကံ နှင့် ကျိန်စာအရ ရေကန်သို့သွားကာ နားရွက်ပြတ်သော ခွေးနက်ကြီး၏ ကိုက် စားခြင်းကို ခံရလေသည်။

ထို့ကြောင့် ကျွန်တော်က သားကို အမှန်တရားပြောဖို့၊ အလိမ်အညာ စကားမဆိုဖို့ ကျိန်တွယ်မပြောဖို့ကို ထို ဇာတ်လမ်းလေး ပြောပြီး ဆုံးမရသည်။ ထို့အတူ နေ့ခံပြီး ညစံရသည့် အဖြစ် အပျက်လေးကိုလည်း အောက်ပါ အတိုင်း ပြောပြခဲ့သည်။

× × ×

ဘုရားရှင် ဇေတဝန်ကျောင်းတော် တွင် သီတင်းသုံးစဉ် သူကြွယ်မှုဆိုး တစ်ယောက်ကို အကြောင်းပြုကာ ဒုတိ ယမ်ဂလုဒ္ဒကပေတဝတ္ထုကို ဟောကြား တော်မူလေသည်။

ရာဇဂြိုဟ်ပြည်တွင် သူကြွယ် တစ်ဦးရှိသည်။ ထိုလူသည် တခြားလုပ် ငန်းများနှင့် ချမ်းသာကြွယ်ဝသူမဟုတ် ပေ။ မူလကတည်းက မိဘဘိုးဘွားများ ၏ အမွေအနှစ်များဖြင့် ချမ်းသာသူဖြစ် သော်လည်း လက်ရှိဘဝထက် ပိုမိုချမ်း သာစေရန် သားသတ်သည့်အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

နေ့မရှောင် ညမရှောင် လုပ်ကိုင်နေ၏။ ထို့ကြောင့် သူ၏မိတ်ဆွေက သားသတ်လုပ်ငန်းသည် အကုသိုလ်ဖြစ်သဖြင့် မလုပ်ရန် ပြောဆိုသည်။ သို့သော် လက်မခံပေ။ သားသတ်လုပ်ငန်းကိုသာ ဆက်လုပ်နေလေသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုလုပ်စေချင်သော မိတ်ဆွေက သူ့သူငယ်ချင်းအတွက် ရဟန္တာတစ်ပါးအား အကူအညီတောင်းလိုက်၏။

သည်လိုနှင့် . . . တစ်ရက်တွင် ရဟန္တာရှင်မြတ်တစ်ပါးသည် သူကြွယ်မှဆိုး၏အိမ်ရှေ့တွင် ဆွမ်းရပ်လေသည်။ ထိုအခါ သူကြွယ်မှဆိုးက ရဟန္တာကို မြင်သည်နှင့် အိမ်ထဲသို့ပင့်ကာ နေရာထိုင်ခင်းပေးသည်။ ထို့နောက် ရဟန္တာက သူတစ်ပါးအသက်ကို သတ်ခြင်းသည် မကောင်းမှုဖြစ်သဖြင့် ရှောင်ကြဉ်ရန်နှင့် ရှောင်နိုင်ပါက အကျိုးရှိပုံများကို ဟောကြားတော်မူ၏။ သို့သော် သူကြွယ်မှဆိုးက လက်ခံချင်ပုံမရပေ။

ထိုအခါ ရဟန္တာမထေရ်က -

"ဒါယကာ . . . အသင်က သားသတ်တဲ့အလုပ်ကို လုံးဝမရှောင်ကြဉ်နိုင်ဘူးဆိုရင် နေ့ဘက်ကို အသာထားပြီး ညဘက်ကို ရှောင်ကြဉ်ကြည့်စမ်းပါ"

"ကောင်းပါပြီအရှင်။ နေ့ဘက်ကိုမရှောင်နိုင်ပေမယ့် ညဘက်ကိုတော့ တပည့်တော် ရှောင်ပါ့မယ်"

ထို့ကြောင့် သူကြွယ်မှဆိုးသည် ရဟန္တာအရှင်မြတ်အား ကတိပေးထားသည့်အတိုင်း နေ့စဉ် ဆွမ်းလောင်းသလို ညဘက်သားသတ်သည့်အလုပ်ကိုလည်း မလုပ်တော့ပေ။ ကာလတစ်ခုတွင် သူကြွယ်မှဆိုး သေဆုံးပြီးနောက် သူ၏ အကုသိုလ်အကျိုးဆက်ကြောင့် ဝေမာနိကဗိမာန်ရှင်ပြိတ္တာ ဖြစ်လေသည်။ ထိုအခါ နေ့ဘက်တွင် သားသတ်လုပ်ငန်း လုပ်ခဲ့သောကြောင့် နေ့အချိန်တွင် ခွေးများကိုက်ခြင်းကို ခံရသော်လည်း ညအခါတွင် နတ်သားနတ်သမီးများနှင့် ခမ်းနားသော နတ်စည်းစိမ်ကို ခံစားရလေသည်။ ထို့ကြောင့် သူကြွယ်မှဆိုးပြိတ္တာသည် ရဟန္တာအရှင်မြတ်နာရဒနှင့် တွေ့သောအခါ -

"အရှင်နာရဒ . . . တပည့်တော်သည် ကောင်းမှုနှင့် မကောင်းမှုတို့၏ အကျိုးပေးမှုကြောင့် နေ့ခံညစံတဲ့ ပြိတ္တာဖြစ်ခဲ့ပါတယ်။ အဲဒီ နေ့ခံညစံဆိုတဲ့ ကိုယ်တွေ့အကျိုးကို တခြားလူတွေ သိနားလည်ဖို့အတွက် ဟောကြားတော်မူပါဘုရား။ လောကီချမ်းသာကို မှန်ကန်သော အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ရှာကြံသလို လောကုတ္တရာချမ်းသာကိုလည်း ဝိပဿနာအားထုတ်ပြီး ရှာကြံစေချင်ပါတယ် ဘုရား"

ဟု လျှောက်ထား၏။ ထို့နောက်တွင် နာရဒသည် ပြိတ္တာနှင့်တွေ့ခဲ့သည့်အကြောင်းကို ဘုရားရှင်အား ပြန်လည်လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က တရားနာပရိတ်သတ်များကို ပြန်လည်ဟောကြားတော်မူခဲ့လေသည်။

× × ×

ကျွန်တော်သည် မပြည့်စုံသူတစ်ယောက် ဖြစ်သော်လည်း ချမ်းသာစွာနေနိုင်ရန် သူ့အသက်သတ်သည့်အလုပ်မျိုး၊ အရက်သေစာရောင်းသည့်အလုပ်မျိုး၊ ပြည့်တန်ဆာအလုပ်မျိုး၊ လူကုန်ကူးသည့် အလုပ်မျိုးနှင့် လက်နက်အရောင်းအဝယ် အလုပ်မျိုးကို လုပ်ရန် စိတ်မကူးခဲ့ဖူးပေ။ ဆရာတော်တစ်ပါးက မိန့်ဆိုဖူးသည်။ လူဆင်းရဲလျှင် ဆင်းရဲပါစေ သီလမဆင်းရဲဖို့ လိုသည်ဆိုသော စကားလေးကို အစဉ်ကြားယောင်နေမိသည်။

ထို့ကြောင့် . . . နေ့အချိန်တွင် ကုသိုလ်ကောင်းမှုကြောင့် ခံစားရပြီး ညအချိန်၌ အကုသိုလ်ကြောင့် ဒုက္ခခံရသော ပြိတ္တာမအကြောင်းကို ပြောပြခဲ့သလို နေ့ခံပြီး ညပိုင်းမှာ စံရသော သူကြွယ်မှဆိုးပြိတ္တာ အကြောင်းကိုလည်း ပြောပြခဲ့သောကြောင့် ကုသိုလ်နှင့် အကုသိုလ်၏အကျိုးကို သားလေးနားလည်ပြီး ဆင်ခြင်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ ထို့ပြင် ယခုလို ပြောပြခွင့်ရသည့်အတွက်လည်း ဖခင်တစ်ယောက်အနေနှင့် ဝမ်းမြောက်မိသည်။

ထိုအတူ ကျွန်တော် ယခုရေးသည့်အကြောင်းတရားလေးကို ဖတ်မိပြီး ကိုယ်တိုင်ဖြစ်စေ၊ တစ်ဆင့်ပြန်ပြောသောကြောင့်ဖြစ်စေ ဘာသာတရား၏အဆုံးအမကို သဘောပေါက်ပြီး ဆင်ခြင်ကြမည်ဆိုလျှင် ယခုထက်ပိုပြီး ဝမ်းမြောက်မိမှာ သေချာပါသည်။ ထို့ကြောင့် စိတ်ကောင်းစိတ်မြတ်များ မွေးမြူသွားခြင်းဖြင့် ဘဝကို တည်ဆောက်သွားဖို့သာ လိုက်အပ်ပါသည်။

မောင်မိုးဦး



www.burmeseclassic.com

www.burmeseclassic.com

# ရာဂမီး

## ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

၉-၁-၂-၁၆ နေ့က ရန်ကုန်မြို့ရှိ မင်္ဂလာဈေးသည် အကြီးမားဆုံးသော မီးလောင်မှုဖြစ်ပွားခဲ့ပါသည်။ ဤမီးလောင်မှုကြီးကြောင့် ဈေးသူဈေးသားများ၊ ငွေကြေးပစ္စည်း ဆုံးရှုံးမှုများဖြစ်ခဲ့ရသည်ကို အများပင် သိရှိခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းဆုံးရှုံးမှုများအား တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေတ္တာစေတနာဖြင့် ကူညီခဲ့ကြသော ကုန်သည်ကြီးများကြောင့် သက်သောင့်သက်သာ ရှိခဲ့ကြပါတယ်။

အကြီးမားဆုံးသော မီးလောင်မှုကြီးအား နှစ်ရက်တိုင်တိုင် ငြိမ်းသတ်ခဲ့ရပါတယ်။ ဤမီးကား ငြိမ်းသတ်၍ရသော မီးပင်ဖြစ်ပါတယ်။

မိမိရဲ့ ကိုယ်အတွင်းသန္တာန်၌ နေ့စဉ်တောက်လောင်နေသော လောဘ၊ ဒေါသ၊ မောဟမီးများအနက် အဆိုးဝါးဆုံးမီးကတော့ ရာဂမီးပင် ဖြစ်ပါတယ်။ ရာဂမီးများ လောင်ပြီဆိုလျှင်ဖြင့် အနိုးအငွေ့လည်းမတွေ့ဘဲ မိမိတစ်ဦးတည်းသာ ကြုံတွေ့ရသောမီးဖြစ်ပြီး ဘယ်မီးသတ်မှလည်း မငြိမ်းသတ်နိုင်။ မည်သူတစ်ဦးတစ်ယောက်မှလည်း ကူညီနိုင်မည် မဟုတ်ပေ။

သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံရဲ့ မြို့တစ်မြို့မှာ ရဟန္တာ မထေရ်မြတ်ကြီးတစ်ပါး သီတင်းသုံးလျက်ရှိပါတယ်။ အဲဒီမထေရ်မြတ်ကြီးရဲ့ စာပေသင်ကြားမှု ဂုဏ်သတင်းဟာ အနယ်နယ်အရပ်ရပ်မှာ ပြန့်နှံ့နေတဲ့အတွက် မထေရ်မြတ်ကြီးဆီမှာ သံဃာတော်များ စာပေပညာများလာရောက်သင်ယူကြပါတယ်။

တစ်နေ့တော့ ကုမ္မာရအမည်ရှိ ရဟန်းပျိုလေးတစ်ပါးဟာ မနီးမဝေးရပ်ဝေးက ရောက်ရှိလာပြီး စာပေပညာရှင်များ သင်ကြားရန် မိမိရဲ့ဆရာရင်းရဲ့ ထောက်ခံချက်နဲ့အတူ ရောက်ရှိလာပါတယ်။ အဲဒီအခါ မထေရ်မြတ်ကြီးက ရဟန်းပျိုလေးအား အဘိဉာဏ်တန်ခိုးနဲ့ကြည့်လိုက်ရာ ရဟန်းပျိုလေးမှာလည်း ကုမ္မာရဆိုတဲ့ နာမည်လေးနဲ့လိုက်အောင် ချောမောလှပနေတာကြောင့် မကောင်းသောလက္ခဏာကို ကြိုတင်မြင်ပြီး နည်းအမျိုးမျိုးနဲ့ စာပေသင်ကြားရန်မဖြစ်နိုင်ကြောင်း ရပ်ရွာကို ပြန်လွှတ်ပါတယ်။

ဒါပေမယ့် ရဟန်းပျိုကလည်း ဇွဲရှိပြီး ဆရာသမားမိဘများ၏ မျက်နှာကို ထောက်ထား၍လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်း ပညာသင်တဲ့စိတ် ပြင်းပြပါ၍လည်းကောင်း ဝါဝင်ရန်လည်း ရက်အနည်းငယ်လိုပါ၍ နေရပ်ပြန်ရန်အတွက် မဖြစ်နိုင်ပါ၍ ဝါတွင်းသုံးလလောက်တော့ နေခွင့်ပြုပါရန် ငိုယိုတောင်းပန်ပြီး လျှောက်ထားပါတော့တယ်။ နောက်ဆုံး ဘယ်လိုမှ ပြောမရတဲ့အဆုံး မထေရ်မြတ်ကြီးဟာ ရဟန်းပျိုလေးကို လက်ခံလိုက်ပါတော့တယ်။

ဒါပေမယ့် ရဟန်းပျိုလေးက ရွာ၏နောက်ပိုင်းသို့ မည်သို့သောအကြောင်းကိစ္စနဲ့မှ မသွားရန် ကတိတောင်းပါတော့တယ်။ ရဟန်းပျိုလေးလည်း စာပေသင်ကြားလိုသောဇောဖြင့် ကတိကို လွယ်လွယ်ကူကူပင် ပေးလိုက်ပါတော့တယ်။

ဒီလိုနဲ့ စာပေတွေသင်ကြားရင်း ဝါလကင်းလွတ်သီတင်းကျွတ်သို့ ရောက်လာခဲ့ပါတော့တယ်။ စာဝါတွေ သင်ကြားပို့ချပြီးသောကြောင့် မိမိနေရပ်သို့ပြန်ရန်သာ ရှိပါတော့တယ်။ ဒီတော့မှ ရဟန်းပျိုလေးဟာ မိမိလာစဉ်က မထေရ်မြတ်ကြီးရဲ့ "အနောက်ဘက်အရပ်ကိုမသွားနဲ့"ဆိုတဲ့ ကတိစကားကို သွားသတိရမိလိုက်တော့တယ်။ သူ့စိတ်ထဲမှာလည်း သူများတကာတွေလည်း ဆွမ်းခံသွားနေတာ ဘာသံမှမကြားရဖါဘူး။ ငါ့ကို ဘာကြောင့် မသွားခိုင်းတာလဲလို့ စူးစမ်းချင်တဲ့စိတ်ကလေး ပေါ်လာပါတော့တယ်။

တစ်နေ့ ရွာနောက်ပိုင်းကို ဆွမ်းခံကြွဦးမယ်လို့ ကြံ့ဝါးပြီး ရွာတန်းတစ်လျှောက်လျှောက်ခဲ့ရာ လမ်းမှာ ဖြောင့်ဖြူးပြီး ဆွမ်းလည်းရ၊ ဘာပြဿနာမှလည်းမရှိတော့ ရှေ့ဆက်လျှောက်လာပါတော့တယ်။

မထေရ်မြတ်ကြီးဟာ ရွာရဲ့အနောက်ပိုင်းကို မသွားခိုင်းရသည်မှာ အကြောင်းရှိပါတယ်။ အဲဒီရွာမှာ အင်မတန်မှ ချောမောလှပပြီး ကြွေးလည်းရှိ၊ ဘာသာစာရေးကိုလည်း လေးစားယုံကြည်သူ ရွှေဝါဆိုတဲ့ အမျိုးသမီးကလေးတစ်ယောက် ရှိပါတယ်။ သူဟာ-ဘာသာရေးကိုသာ ဦးစားပေးပြီး နေ့စဉ်

www.burmeseclassic.com

သံဃာတော်များကို ဆွမ်းကပ်လှူရှိပြီး တစ်ရွာလုံးကလည်း သူမကို ချစ်ခင်ကြလို့ ဝါဝါလို့ခေါ်ကြတယ်။ သို့အတွက်ကြောင့် ရဟန်းပျိုလေးအား တားမြစ်ခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ ရဟန်းပျိုလေးလည်း လျှောက်လာရင်း ဝါဝါတို့ အိမ်ရှေ့ရောက်လာတော့ ဆွမ်းခံရပ်နေစဉ် ဝါဝါကလည်း အိမ်ထဲမှနေပြီး ဆွမ်းလောင်းရန် အိမ်ပြင်ကို ထွက်လာပါတော့တယ်။ ရဟန်းပျိုလေးနဲ့ ဝါဝါတို့ မျက်နှာချင်းဆိုင်ဖြစ်သွားစဉ်ပဲ ရှေးကပြုခဲ့ဘူးတဲ့ ရေစက်ကြောင့် မြင်မြင်ချင်း မေတ္တာမျှမိသွားပါတော့တယ်။ ရဟန်းပျိုလေးလည်း ရှက်ရှက်နဲ့ သုတ်သီးသုတ်ပျာနဲ့ ကျောင်းကိုပြန်ရောက်လာတော့ ရင်တွေ တဒိတ်ဒိတ်တုန်နေပြီး မျက်စိထဲမှာလည်း ဝါဝါရဲ့ပုံရိပ်ကို မြင်နေရပါတော့တယ်။ ဘာပဲလုပ်လုပ် ဝါဝါကိုပဲ မြင်နေရတော့ သုံးရက်လောက် ဝါဝါတို့အိမ်ဘက်ကိုမသွားဘဲ နေလိုက်ပါတော့တယ်။

ဝါဝါကလည်း ရဟန်းပျိုလေးကို ဆွမ်းလောင်းပြီးကတည်းက တမှိုင်မှိုင်တဲတွေတွေနဲ့ ခွေနေပြီး စိတ်ထဲမှာ ရဟန်းပျိုလေးအလာကိုပဲ စောင့်မျှော်နေပါတော့တယ်။

ရဟန်းပျိုလေးလည်း လေးရက်မြောက်သော် ဝါဝါတို့ အိမ်ဘက်မသွားဘဲ မနေနိုင်ဖြစ်ပြီး ပြန်လည်ရောက်ရှိလာပါတော့တယ်။ ဒီလိုနဲ့ ဝါဝါတို့အိမ်နားရောက်တော့ ဝါဝါဟာ သူ့မိခင်နဲ့အတူထိုင်နေပြီး ရဟန်းပျိုလေးလာရာဘက်ကို လက်ညှိုးညွှန်ပြနေတာကို တွေ့လိုက်ရတော့ ရင်တွေပူသွားပြီး ဆွမ်းခံမရပ်တော့ဘဲ သုတ်သုတ်နဲ့ ထွက်သွားပါတော့တယ်။

အဲဒီအခါမှ ဝါဝါရဲ့မိခင်ဟာလည်း ရဟန်းပျိုလေး နောက်ကို မပြေရုံတစ်မယ် သုတ်သုတ်နဲ့လိုက်လာပြီး ပါးစပ်ကလည်း "အရှင်ဘုရား ရပ်တော်မူပါဘုရား" လို့ အော်အော်ခေါ်သံကြားရတော့ ရဟန်းပျိုလေးလည်း အားနာပြီး ခေတ္တရပ်နေလိုက်ပါတော့တယ်။ ဝါဝါလေးရဲ့မိခင်က --

"အရှင်ဘုရား...တပည့်တော်မပြောတာကို နားနဲ့မနာဘဲ ဖဝါးနဲ့နာတော်မူပါဘုရား။ တပည့်တော်မ သမီးသည် အရှင်ဘုရားအား မေတ္တာမျှနေပါသဖြင့် မအိပ်နိုင်၊ မစားနိုင်ဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် အရှင်ဘုရား လူဝတ်လဲပြီး သမီးလေးကို လက်ထပ်ပေးပါဘုရား။ တပည့်တော်မ အစစအရာရာ ကူညီပါ့မယ်ဘုရား"

လို့ ငိုယိုပြီး တောင်းပန်ရှာပါတော့တယ်။ ရဟန်းပျိုလေးလည်း တွေဝေသွားပြီး စိတ်ထဲမှ "အို ...မိဘ၊ ငါ့ဆရာတွေ ငါ့ကို ပညာတွေတတ်စေဖို့ ဝေးလံလှတဲ့ ခရီးကနေပြီး ပညာသင်ကြားဖို့ လွှတ်လိုက်တယ်။ ငါ့ရဲ့ ဘာမဟုတ်တဲ့ ကိလေသာစိတ်ကြောင့် သာသနာကို မညှိုးနွမ်းစေရဘူးလို့ ရင်ဝယ်ပိုက်ပြီး ဝါဝါလေးရဲ့မိခင်ကို ဘယ်လိုမှမဖြစ်နိုင်ကြောင်း အတန်တန်ငြင်းဆိုပြီး ကျောင်းကိုအမြန်ဆုံးပြန်ခဲ့ပါတော့တယ်။

ကျောင်းရောက်တော့ ရဟန်းပျိုလေးဟာ ဘယ်အရာကိုပဲကြည့်ကြည့် ဝါဝါလေးကိုပဲ မြင်နေရသော်လည်း မိမိရဲ့စိတ်ကို ဆုံးမကာ ဆွမ်းခံမကြွတော့ဘဲ အခန်းအောင်းနေလိုက်သည်မှာ တစ်ပတ်ပင် ကြာသွားပါတော့တယ်။

တစ်ပတ်ပြည့်တဲ့နေ့မှာပဲ ကိုယ်လက်မအီသာလို့ ဆွမ်းတောင်ဘုဉ်းမပေးနိုင်တဲ့အတွက် ကျောင်းမှ ရဟန်းကြီးတစ်ပါး သူ့အခန်းထဲကို ကြွလာပါတော့တယ်။ သူ့ရဲ့ပခုံးပေါ်မှာလည်း အဝါရောင်ပဝါလေးတစ်ထည် ပါလာပြီး အခန်းထဲကို ဝင်လာပါတော့တယ်။ နှုတ်မှလည်း -

"ဩော်...ဦးဇင်းလေး တော်တော်နေမကောင်းဖြစ်နေတယ်ဆိုလို့ လာကြည့်တာပါ။ ခုလည်း ကိုယ်တော်တို့ နာရေးတစ်ခုက ရက်လည်ဆွမ်းဘုဉ်းပေးပြီး ကြွလာတာပါ။ ကလေးမလေးက သနားစရာပါ။ သူ့ချစ်သူနဲ့မပေါင်းရလို့ ရင်ကွဲနာကျပြီး သေသွားတာတဲ့"

လို့ ပြောလိုက်တော့ ရဟန်းပျိုလေးက သက်ပြင်းလေး ခေါင်းမြီးခြုံကြည့်ပြီး "ဦးဇင်းကြီး...ကလေးမလေးက ဘယ်ရွာက ဘယ်သူများလဲ" လို့ မေးလိုက်ပါတယ်။ ဦးဇင်းလည်း နောက်ဘက်က ဝါဝါဆိုတဲ့ ကလေးမလေးပါလို့ ပြောပြီး သူ့မိသားစုကမ်းလိုက်တဲ့ ပဝါအဝါရောင်လေးကို ရဟန်းပျိုဆီ လှမ်းပေးလိုက်ပါတယ်။ ရဟန်းပျိုလေးလည်း အဝါရောင်ပဝါလေးကိုလှမ်းယူပြီး မျက်ရည်စတွေနဲ့ စိုက်ကြည့်ရင်း မိမိရဲ့စိတ်ကို မထိန်းနိုင်တော့ဘဲ အသက်ပါသွားလေပါတော့တယ်။

မိမိတို့ရဲ့ ကိုယ်တွင်းမှာ တောက်လောင်နေကြတဲ့ လောဘ၊ ဒေါသ၊ မောဟမီးများထက် ကြောက်စရာအကောင်းဆုံးကတော့ ရာဂမီးပင်ဖြစ်ပြီး ဘယ်မီးသတ်ရဲ့ အကူအညီ၊ မည်သူတစ်ဦးတစ်ယောက်ရဲ့ ကူညီမှုရမည်မဟုတ်ပါ၍ မိမိကိုယ်တိုင်သာ အသိတရား သတိထား၍ ကြိုတင်ကာကွယ်ရန် သမထ၊ ဝိပဿနာတရားများပင် ဖြစ်ပါကြောင်း စေတနာဖြင့် အကြံပြုလိုက်ပါတော့သည်။

*ပူလောင်ခြင်းမှ ကင်းဝေးကြပါစေ...*

ရွှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဓာတ်ကို မိတ်ကပ်လိမ်းပါ

**■ သကျဝံသ**

**ဒိုစာမှုအသွင်**
**လိုရာပြုပြင်ရနိုင်၏။**
**အကျည်းတန်သူ**
**ဘီးမှန်ကူ၍သနိုင်၏။**
**စိတ်ဓာတ်ကလေး ယိမ်းယိုင်သွားတော့**
**မိတ်ကပ်မလိမ်းနိုင်တော့ပါကလား။**

ရေးသူ ကဗျာဆရာအမည်ကို မမှတ်မိတော့သည့် ဤကဗျာလေးကို စာရေးသူ ငယ်စဉ်ကပင် အလွတ်ရရှိထားခဲ့ပြီး ယခု အသက်ငါးဆယ်ကျော်သည့်အရွယ်ထိ မှတ်မိနေသည်။ ကဗျာ၏အဓိပ္ပာယ်က ရှင်းလှ၏။ ရုပ်ခန္ဓာကြီး၏ ဒိုစာမှုအသွင်ကို မိမိလိုသလို ပြုပြင်၍ရနိုင်သလို အကျည်းတန်သည့်သူသည်လည်း ဘီးမှန်အမွှေးနံ့သာ စသည်တို့ဖြင့် ဖြီးလိမ်းခြယ်သလိုက်လျှင် သင့်သလောက် လှလာမည်ဟု ဆိုခြင်းဖြစ်သည်။

သို့သော် မိမိတို့၏စိတ်ဓာတ် ယိမ်းယိုင်ညစ်နွမ်းအောက်တန်းကျသွားပါလျှင် မိတ်ကပ်လိမ်းဖြီးပြင်လည်းမရနိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

မိမိတို့၏ ယိမ်းယိုင်သွားသည့် စိတ်ဓာတ်ကို ရိုးရိုးမိတ်ကပ်လိမ်းကာ ပြုပြင်၍မရနိုင်သော်လည်း တရားမိတ်ကပ်လိမ်း၍ ပြုပြင်ပါမှ ယိမ်းယိုင်ချို့နဲ့နေသည့် စိတ်ဓာတ်သည် တည့်မတ်လာမည်ဖြစ်၏။ ညစ်နွမ်းနေသည့်စိတ်သည် ဖြူစင်လာနိုင်၏။ ထို့ကြောင့် အမှားစိတ်ဓာတ်ကို တရားမိတ်ကပ်လိမ်းခြယ်၍ ပြုပြင်သင့်လှ၏။

မိမိတို့သည် နေ့စဉ် ရုပ်ကိုပြုပြင်နေကြသော်လည်း နာမ်ဟုခေါ်သော စိတ်ကိုပြုပြင်ဖို့ မေ့လျော့နေကြ၏။ ရုပ်ကိုသာပြင်၍ စိတ်ဓာတ်(နာမ်)ကို မပြင်သောကြောင့် ရုပ်သွင်မလှသကဲ့သို့ စိတ်လည်းမလှတော့ပေ။ စိတ်ဓာတ်(နာမ်)ကို ပြုပြင်ပေးမှသာလျှင် ရုပ်သွင်လည်းလှ၊ နာမ်လည်းလှမည်ဖြစ်၏။

ထို့ကြောင့် "ရွှေကျင်သာသနာပိုင် ကင်းဆရာတော်ဘုရားကြီး"က မိမိတို့အား လက်ဆောင်ပုဒ်ဖြင့် အောက်ပါအတိုင်း ဆုံးမသြဝါဒ ပေးတော်မူခဲ့သည်။

ရုပ်ကိုသာပြင်၊ နာမ်မပြင်၊ ရုပ်သွင်မလှ၊ နာမ်မလှ။
နာမ်ကိုလည်းပြင်၊ ရုပ်လည်း ပြင်၊ နာမ်စဉ်လည်းလှ၊ ရုပ်လည်းလှ။

နာမ်ဓာတ်ပေါ်တွင်၊ ဉာဏ်ဓာတ်ယှဉ်၊ လိုလျှင်ခဏ၊ မင်္ဂဖိုလ်ရ။

မိမိတို့ ပုထုဇဉ်များ၏ စိတ်ဓာတ်တို့သည် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ အစရှိသည့် စိတ်ရိုင်းစိတ်မိုက်၊ စိတ်ဆိုး၊ စိတ်သွမ်းတို့ဖြင့် သံသရာတစ်လျှောက် ကျက်စားခဲ့ကြရသည်။ မကောင်းသည့်အာရုံများ၌သာ ကျက်စားနေခဲ့သည်။ ထိုစိတ်ဓာတ်ကို နာမ်ဓာတ်ပေါ်တွင် ဉာဏ်ဓာတ်ယှဉ်လျက် ပြုပြင်ပေးသင့်၏။

သမထ၊ ဝိပဿနာ၊ ဘာဝနာတို့ကို ပွားများအားထုတ်ခြင်းသည် ရာဂ၊ ဒေါသတို့ဖြင့် ညစ်နွမ်းနေသည့် စိတ်ဓာတ်ကို ဖြူစင်သန့်ရှင်းစေရန် ပြုပြင်ရာ၌ အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ သမထ၊ ဝိပဿနာ၊ ဘာဝနာ နှစ်မျိုးဖြင့် ဆေးကြောလျှော်ဖွပ်ပြုပြင်ခြင်းသည် အမှားစိတ်ဓာတ်ကို တရားမိတ်ကပ် လိမ်းခြယ်နေခြင်းသာ ဖြစ်ပါ၏။

သို့သော် သမထ၊ ဘာဝနာ၊ ဝိပဿနာတို့ဖြင့် စိတ်ဓာတ်ဖြူစင်အောင် လျှော်ဖွပ်ခြင်းကား အပြောလွယ်သလောက် အလုပ်ခက်လှ၏။ အချိန်ယူအားထုတ်မှရ၏။ ဤကဲ့သို့ အချိန်ယူပြီး အားမထုတ်နိုင်သေးသည့် ပုဂ္ဂိုလ်များအတွက် အမှားစိတ်ဓာတ်ကို တရားမိတ်ကပ် လိမ်းခြယ်ပြုပြင်နိုင်ရန် ဘုရားရှင်သည် နည်းလေးမျိုးကို ညွှန်ပြတော်မူခဲ့သည်။ ထိုနည်းလေးမျိုးသည်ကား • • •

၁။ စိတ်ကို သတ်မှတ်ဆုံးဖြတ်ခြင်း = နိယမိ[illegible]။



www.burmeseclassic.com

www.burmeseclassic.com

၂။ ကုသိုလ်တရားတို့ကို လေ့ကျင့်ပေးခြင်း = သမ္မဒါစာရ၊
၃။ စိတ်ကို အခြားတစ်ဖက်သို့ ပြောင်းလဲညွှတ်ပေးခြင်း = ပရိဏာမိတ၊
၄။ အသင့်အတင့် နှလုံးသွင်းခြင်း = အာဘုဇိတတို့ ဖြစ်ကြသည်။

၁။ စိတ်ကို သတ်မှတ်ဆုံးဖြတ်ခြင်း = နိယမိတနည်းဟူသည်ကား "ငါသည် ကုသိုလ်ဖြစ်မည့် အကြံမျိုးကိုသာ ကြံမည်၊ တွေးမည်။ ကုသိုလ်ဖြစ်မည့် စကားကိုသာ ပြောဆိုမည်။ ကုသိုလ်ဖြစ်မည့် အလုပ်ကိုသာလုပ်မည်။ ကုသိုလ်ဖြစ်အောင် အမြဲသတိပြုမည်။ မည်သည့်အရာကိုမျှ စိတ်မဆိုးဘဲ သည်းခံမည်"စသည်ဖြင့် မိမိစိတ်ကို ဆုံးဖြတ်သတ်မှတ်ကန့်သတ်ထားသည့်နည်းပင် ဖြစ်သည်။

၂။ ကုသိုလ်ဖြစ်အောင် စိတ်ကို လေ့ကျင့်ပေးခြင်း = သမ္မဒါစာရနည်း ဆိုသည်မှာ မိမိစိတ်ကို ကုသိုလ်ဘက်၌ အကြိမ်များစွာ ဖြစ်ပေါ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း ဖြစ်သည်။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မှန်မှန် ဘုရားရှိခိုးခြင်း။ ပုတီးစိပ်ခြင်း။ တရားထိုင်ခြင်း။ မေတ္တာဘာဝနာပွားများခြင်း။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းခြင်း။ ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်း။ ငါး ပါး၊ ရှစ်ပါး အစရှိသည့် သီလတို့ မကျိုးမပေါက်စေရန် သတိဖြင့်ဆောက်တည်ခြင်း။ ဝေယျာဝစ္စပြုလုပ်ခြင်း။ ပုညကိရိယာ ဝတ္ထုဆယ်ပါးတို့ကို တတ်စွမ်းသမျှပြုလုပ်ခြင်းတို့သည် ကုသိုလ်စိတ်ဘက်၌ အလေ့အကျက်များစေရန် လေ့ကျင့်ပျိုးထောင်ပေးသည့်နည်းပင် ဖြစ်သည်။

၃။ စိတ်ကို အခြားတစ်ဖက်သို့ ပြောင်းလဲညွှတ်ပေးခြင်း = ပရိဏာမိတနည်းဟူသည် ဆန့်ကျင်ဘက်အာရုံတို့နှင့်တွေ့၍ အကုသိုလ်စိတ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် ထိုစိတ်ကို ကုသိုလ်စိတ်ဘက်သို့ ပြောင်းပေးခြင်း ဖြစ်သည်။

ဥပမာ ဆိုရပါမူ နှစ်သက်စရာ ဖိုမဆန့်ကျင်ဘက်အာရုံနှင့်ဆုံရ၍ ကိလေသာရာဂစိတ် ဖြစ်ပေါ်လာပါက မိဘအရင်းကဲ့သို့လည်းကောင်း။ အစ်ကို၊ အစ်မ၊ ညီငယ်၊ ညီမ၊ သားသမီး၊ ဆွေမျိုးအရင်းအချာကဲ့သို့လည်းကောင်း စိတ်ကိုတစ်ဖက်သို့ ပြောင်းလဲပေးသည့်နည်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့်လည်း ထိုအမျိုးသား၊ အမျိုးသမီးတို့၏ သန္တာန်တွင်ရှိသော မျက်ရည်၊ မျက်ချေး၊ နှပ်၊ တံတွေး၊ ချွေး၊ သလိပ်၊ ကျင်ကြီး၊ ကျင်ငယ် အစရှိသည့် မတင့်မတယ်စက်ဆုပ်ဖွယ်တို့ကို ဆင်ခြင်နှလုံးသွင်းလျက် အသုဘ သညာ (ဝါ) အသုဘဘာဝနာကို ပွားများဆင်ခြင်ပေးခြင်းသည် စိတ်ကို တစ်ဖက်ပြောင်းလဲပေးသည့်နည်းပင် ဖြစ်သည်။

၄။ အသင့်အတင့် နှလုံးသွင်း ခြင်း = အာဘုဇိတဆိုသည်မှာ နှစ်သက်စရာ ဣဋ္ဌာရုံဖြစ်စေ၊ မနှစ်သက်စရာ အနိဋ္ဌာရုံပင်ဖြစ်စေ တွေ့ကြုံလာပါက အသင့်အတင့် နှလုံးသွင်းခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ လျော်စွာနှလုံးသွင်းခြင်းကို ယောနိသောမနသိကာရဟု ခေါ်၏။

ဥပမာ ဆိုရပါမူ လမ်းဘေးတစ်နေရာ၌ မျက်စိမှုန်၊ ခါးကကိုင်း၊ နားက ထိုင်းလျက် အရုပ်ဆိုးအကျည်းတန် အိုမင်းရွတ်တွနေသည့် အဘွားအိုတစ်ယောက်ကို မြင်ရသည့်အခါ "ဟာ အဘွားကြီးနယ် ရုပ်ကလည်းဆိုးလိုက်တာ။ မြင်ရတာကျက်သရေကိုမရှိဘူး။ မနက်စောစော မင်္ဂလာမရှိလိုက်တာ" ဟု နှလုံးသွင်းမိပါက အကုသိုလ်ဖြစ်လေပြီ။ တစ်ဖန် "အင်း ဒီအဘွားလို ငါတည်း တစ်နေ့ အိုရမှာပါလား။ မအိုခင်တတ်နိုင်သမျှ ကောင်းမှုကုသိုလ်လုပ်မှ တော်မယ်"ဟု သံဝေဉာဏ်ဖြင့် ဆင်ခြင်နှလုံးသွင်းမိပါက ကုသိုလ်ဖြစ်တော့သည်။

ထို့ကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်ရာ၌ အသင့်အတင့် သင့်တော်စွာ နှလုံးသွင်းတတ်လျှင် ကုသိုလ်ဖြစ်၍ မသင့်မတော်နှလုံးသွင်းမိပါက အကုသိုလ်ဖြစ်သည်။ ဤသည်မှာ အသင့်အတင့် (ဝါ) သင့်တော်စွာနှလုံးသွင်းသည့်နည်းပင် ဖြစ်သည်။

ဆိုခဲ့ပြီးသည့် နည်းလေးမျိုးတို့သည် ရာဂ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာတရားဆိုးတို့ကြောင့် ညစ်နွမ်းနေသည့် မိမိတို့စိတ်ဓာတ် ဖြူစင်သန့်ရှင်း စင်ကြယ်စေရန် ကျမ်းဂန်တို့တွင် ဖော်ပြထားသည့်နည်းလမ်းများ ဖြစ်ကြသည်။

ထို့ကြောင့် အထက်ပါနည်း လေးမျိုးတို့ဖြင့် မိမိတို့၏ အမှားစိတ်ဓာတ်ကို တရားမိတ်ကပ်လိမ်းခြယ်ကာ ပြုပြင်နိုင်ကြပြီး မိမိတို့၏ဘဝကိုလည်း မိမိတို့လိုသလို အကောင်းဆုံးပြုပြင်တည်ဆောက်နိုင်ကြပါစေဟူသည့် ဆန္ဒမွန်ဖြင့်···။

သကျဝံသ


www.burmeseclassic.com

www.burmeseclassic.com

## သတ္တမမြောက်ကျော်အောင်စံထားဆရာတော်ကြီး ဦးဝါယမဘိဝံသနှင့်

# ရှင်တစ်ထောင် ပူဇော်ပွဲ

ဦးသန့်ဇင်(BA)

အမရပူရမြို့ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ကြီး ဦးဝါယာမဘိဝံသသည် မြန်မာပြည်တွင် ရှေးယခင်က မည်သူမျှမကျင်းပခဲ့ဖူးသော ရှင်တစ်ထောင်ပြုပွဲကြီးကို မြန်မာပြည်တစ်လွှား ထက်,လယ်,အောက်၊ အမရပူရမြို့ ရန်ကုန်မြို့ ထားဝယ်မြို့တို့တွင် သုံးကြိမ်တိတိ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

### ပထမအကြိမ် (ရန်ကုန်မြို့)

သက္ကရာဇ် ၁၃၄၁ ခုနှစ် နဝင်းနှစ် သင်္ကြန်အကြိုနေ့မှစ၍ နှစ်တဆန်း ၁ ရက်နေ့ (၁၇-၄-၅၉)နေ့ထိ ရန်ကုန်မြို့ လေးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရှင်တစ်ထောင်ပူဇော်ပွဲကြီးကို ပထမအကြိမ်ကျင်းပခဲ့ပါသည်။ ဤသို့ မကျင်းပမီ ၄၅ ရက်ကြိုတင်၍ ဆရာတော်ကြီးသည် ၎င်းနှင့်အတူ ပျဉ်းမနားရေဆင်း(၁)၊ ဆရာတော်အရှင်ဦးဩဘာသ (ဆရာတော်ကြီးနှင့် ကျောင်းနေဘက်သူငယ်ချင်း)တို့သည် ရွှေတိဂုံစေတီ တောင်ဘက်ရှိ မီးရထားမွှာရုံတွင် သီတင်းသုံးလျက် ရွှေတိဂုံစေတီတော်တွင် နံနက်အရုဏ်အချိန်နှင့် ည ၇ နာရီအချိန် တစ်နေ့နှစ်ကြိမ် အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ စာရေးသူလည်း ကပ္ပိယအနေဖြင့် ၄၅ ရက်တိတိ နေ့/ည အတူရှိခဲ့ပါသည်။ မီးရထားမွှာရုံတွင် ဆရာတော်ကြီးနှစ်ပါး အဓိဋ္ဌာန်ဝင်ရန် တပည့် ဒကာ၊ ဒကာမများက ရှင်တစ်ထောင်ပူဇော်ပွဲ ရုံးခန်းအဖြစ် အသုံးပြုခွင့်ရအောင် ဦးမောင်မောင်လွင်နှင့် သား ကိုကျော်ဇောလွင်တို့က ကူညီခဲ့ပါသည်။

သက္ကရာဇ် ၁၃၄၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့တွင် မူလက သတ်မှတ်ခဲ့သော ရှင်တစ်ထောင်ထက်ကျော်လွန်ပြီး ၁၅၀၀ ခန့် သံဃာဘောင်သို့ ချီးမြှင့်ပေးခဲ့ပြီး ရှင်တစ်ထောင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ပါသည်။ သဒ္ဓါတရားပေါ်ပေါက်လာကြသော ပါရမီရှင်များက သင်္ကန်းပရိက္ခရာ အစုံလျှုဒါန်းကြသည်မှာလည်း အားရကြည်နူးဖွယ်ပင်ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ရဟန်းတစ်ပါးအတွက် ပရိက္ခရာတစ်စုံလျှင် တန်ဖိုးငွေ ၂၇၀ိ/၊ ရှင်တစ်ပါး ၁၈ဝိ/၊ ကနက်ကထန်ထီးတစ်လက်လျှင် ၁၀၀ နှုန်းဖြစ်ပါသည်။

တစ်ခူးလပြည့်ကျော် ၆ ရက် နှစ်ဆန်း ၁ ရက်နေ့ အင်္ဂါနေ့တွင် သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီးနှင့်အတူ ရန်ကုန်မြို့မှ ဆရာတော်ကြီးများဦးဆောင်၍ ရှင်တစ်ထောင် သံဃာတော်များသည် မိဘပြည်သူများနှင့်အတူ ရွှေတိဂုံစေတီတော်မှ ဆူးလေစေတီတော်ထိ ခြေလျင်ကြွရောက်၍ စည်ကားသိုက်မြိုက်စွာ အပူဇော်ခံ ကြွချီကြပါသည်။

ဤကဲ့သို့ အပူဇော်ခံကြွချီရာတွင် ဝရမုနိရုပ်ပွားတော်ကို ရတနာဆင်ဖြင့်ပင့်ဆောင်၍ ဆရာတော်ကြီးဦးဆောင်သော ရှင်တစ်ထောင် သံဃာတော်တန်းရှေ့မှ အပူဇော်ခံ ကြွချီတော်မူပါသည်။ (ဝရမုနိဘုရားသမိုင်း သီးခြားဖော်ပြထားပါမည်။)

ရှင်တစ်ထောင် သံဃာတော်များ စီတန်းလမ်းလျှောက် အပူဇော်ခံရာတွင် တစ်ပါးစီတွင် ကနက်ကထန်ထီးတစ်လက်ကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းအသီးသီးမှ ကျောင်းသားများက ကိုင်ဆောင်ထီးမိုးပြီး လိုက်ပါလာကြပါသည်။ ရန်ကုန်တွင် မကြုံစဖူး အထူးခမ်းနားလှသဖြင့် ဂျပန်မှ ရုပ်မြင်သံကြား ဆေးရောင်စုံရုပ်ရှင်များ လာရောက်ရိုက်ကူးကြပါသည်။ သဒ္ဓါတရားပေါ်ပြီး ဂျပန်ရုပ်မြင်သံကြား အဖွဲ့ဝင်တစ်ဦးလည်း ရှင်တစ်ထောင်ပြုပွဲတွင် ရဟန်းဘောင်သို့ ဝင်ခဲ့ပါသည်။ ဗဟိုရုပ်ရှင်မှလည်း မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးခဲ့ပါသည်။

ရှင်တစ်ထောင် သံဃာများသည် ရွှေတိဂုံစေတီမှ ဆူးလေစေတီသို့ ကြွရောက်၍ မိဘပြည်သူများ၏ အပူဇော်ခံ ကြွချီရာတွင် ရာဇာဝင်၊ ဒေဝါဝင်းများ ခင်းကျင်းပါဝင်ခဲ့ကြပါသည်။

ရှင်တစ်ထောင် သံဃာတော်များသည် ရွှေတိဂုံစေတီ

www.burmeseclassic.com

တော် အရိပ်အာဝါသတွင်ရှိသည့် ဗုဒ္ဓပူဇနီယဌာနမွှာရုံ၊ အကောက်ခွန်ဓမ္မာရုံ၊ ရွှေကျင်ဓမ္မာရုံ၊ ဆောက်လုပ်ရေးဓမ္မာရုံများတွင် သီတင်းသုံးကြပါသည်။

နာယကဆရာတော်ကြီးများသည် ဗဟိုအဖွဲ့ရုံးစိုက်ရာ မီးရထားဓမ္မာရုံတွင် သီတင်းသုံးတော်မူခဲ့ကြပါသည်။ ရှင်တစ်ထောင်ပူဇော်ပွဲ ကျင်းပစဉ်အတွင်း ရွှေတိဂုံစေတီရင်ပြင်တော်တွင် ညစဉ် ဆီမီးတစ်ထောင်ကို ပူဇော်ခဲ့ပါသည်။

ရှင်တစ်ထောင် သံဃာတော်များအား တိပိဋကဓရ ပြည်ဆရာတော် ဦးကောသလ္လ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးသေဋ္ဌိလနှင့် ရန်ကုန်မြို့မှ ဆရာတော်ကြီးများက နေ့လယ် တစ်ကြိမ်၊ ညတစ်ကြိမ် နေ့စဉ်နှင့်အမျှ တရားပွဲများ ချီးမြှင့်ပေးခဲ့ပါသည်။ ရှင်တစ်ထောင်သံဃာတော်များကလည်း နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွှေတိဂုံရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် တရားဘာဝနာများ ပွားများကြသည်မှာလည်း အားရကြည်ညို သဒ္ဓါတရားပွားများဖွယ်ရာပင်ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ ရပ်ကွက်အသီးသီးမှ ပါရမီရှင်များ၊ ဒကာ၊ ဒကာမများက ရှင်တစ်ထောင်သံဃာတော်များအား ကြည်ညိုသဒ္ဓါပွားများကြသဖြင့် ရွှေတိဂုံရင်ပြင်တွင် စေတီတော်ကြီးအား လက် ယာရစ်လှည့်ပတ်လျက် တန်းစီပြီး ဆွမ်းလောင်း ဆွမ်းခံကြသည့်မြင်ကွင်းမှာ အထူးအားရကြည်ညိုဖွယ် ကောင်းလှပါသည်။ ဒံပေါက်အလှူရှင်များလည်း ရှိပါသည်။ အလှူရှင်များ လှူဒါန်းကြရာ၌ အခက်အခဲမရှိရလေအောင် ရှင်တစ်ထောင်ဖြစ်မြောက်ရေးအဖွဲ့ ချက်ပြုတ်ရေးတာဝန်ခံများမှ အစီအစဉ်များ ကူညီပြုလုပ်ဆောင်ရွက်ပေးရန် ဆရာတော်ကြီးမှ ညွှန်ကြားခဲ့ပါသည်။

ရှင်တစ်ထောင်ပွဲနှင့် ရေစက်ချပွဲကို သက္ကရာဇ် ၁၃၄၁ ခု တန်ခူးလပြည့်ကျော် ၁၂ ရက်၊ (၂၃-၄-၁၉၇၉) တနင်္လာနေ့တွင် ရွှေတိဂုံရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ရေစက်ချ အမျှပေးဝေခဲ့ပါသည်။

## ဒုတိယအကြိမ်(အမရပူရမြို့)

သက္ကရာဇ် ၁၃၄၂ ခု ကဆုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက် မဟာအောင်သိဒ္ဓိဘုရား ရင်ပြင်တော်တွင် ကျင်းပခဲ့ပါသည်။ မူလကသတ်မှတ်သည့် ရှင်တစ်ထောင်ထက် ကျော်လွန်၍ သံဃာပေါင်း ၁၂၀၀ ကျော် ရှိခဲ့ပါသည်။ ရှင်တစ်ထောင်သံဃာလုံး ဆွမ်းကိစ္စအဝဝကို ဆရာတော်ကြီးမှ တာဝန်ယူကျွေးမွေးခဲ့ပါသည်။ သဒ္ဓါတရားရှိသူ ပါရမီရှင် ဒကာ၊ ဒကာမများကလည်း ပါဝင်လှူဒါန်းကြပါသည်။

ရှင်တစ်ထောင်သံဃာများကို အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက်မှ မန္တလေးမြို့ အိမ်တော်ရာဘုရားဝင်းသို့ မော်တော်ယာဉ်များနှင့် ပင့်ဆောင်ပြီး ထိုအိမ်တော်ရာဘုရားဝင်းမှ မဟာမြတ်မုနိဘုရားကြီးတိုင်အောင် ခြေလျင်လှည့်လည်ပူဇော်ခံကြွချီပါသည်။ ရန်ကုန် ရှင်တစ်ထောင်ကဲ့သို့ပင် ဝရမုနိရုပ်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်ကို ရတနာဆင်ဖြင့် ပင့်ဆောင်၍ အပူဇော်ခံပါသည်။ ဤကဲ့သို့ လှည့်လည်ရာတွင် ရာဇာဝင်၊ ဒေဝါဝင်းများလည်း ခင်းကျင်းပါဝင်ခဲ့ပါသည်။ ရှင်တစ်ထောင်သံဃာတော်များ လှည့်လည်အပူဇော်ခံရာတွင် သံဃာတစ်ပါးလျှင် မန္တလေးကျောင်းအသီးသီးမှ ကျောင်းသားများက ကနက်ကာထန် ထီးတစ်ချောင်းစီ ကိုင်မိုး၍ လိုက်ပါလာပါသည်။ လမ်းတစ်လျှောက်တွင်လည်း မျက်နှာသုတ်ပဝါများ၊ ဆပ်ပြာများ၊ ချိုချဉ်များ၊ ဖျော်ရည်များ လှူဒါန်းကြသည်ကို မြင်ရသည်မှာလည်း ကြည်နူးစရာကောင်းလှပါသည်။

## တတိယအကြိမ်(ထားဝယ်မြို့)

သက္ကရာဇ် ၁၃၄၃ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်နေ့တွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့ ရွှေတောင်စားဆုတောင်းပြည့်စေတီတော်ကြီး၏ ရင်ပြင်တော်၌ ကိုးရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ရှင်ရဟန်းသံဃာပေါင်း ၁၉၉၁ ပါး ရှိခဲ့ပါသည်။

တန်ခူးလပြည့်ကျော် ၁၃ ရက် နှစ်ဆန်း ၁ ရက်နေ့ (၁၇-၄-၁၉၈၁) သောကြာနေ့တွင် ထားဝယ်မြို့တွင်းသို့ ရှင်တစ်ထောင်သံဃာတော်များ လမ်းလျှောက်လှည့်လည် ကြွချီအပူဇော်ခံပါသည်။ ရန်ကုန်၊ အမရပူရမြို့ကဲ့သို့ပင် ဝရမုနိရုပ်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်ကို ရတနာဆင်ဖြင့်ပင့်ဆောင်၍ လှည့်လည်အပူဇော်ခံပါသည်။ ရာဇာဝင်၊ ဒေဝါဝင်းများလည်း ခင်းကျင်းပါဝင်ခဲ့ကြပါသည်။ ရှင်တစ်ထောင် သုံးကြိမ် ကျင်းပခဲ့ရာတွင် ထားဝယ်မြို့ ရှင်တစ်ထောင်ပွဲတော်မှာ အစည်ကားဆုံးဖြစ်ခဲ့ပါသည်။ ထားဝယ်မြို့တွင် သင်္ကြန်ပွဲတော် မရှိသလောက်ဖြစ်ခဲ့ပါသည်။

ရှင်တစ်ထောင် သုံးကြိမ်ပြည့် အောင်ပွဲအထိမ်းအမှတ်အဖြစ် ထားဝယ်မြို့ စပါးတောင်ထိပ်တွင် ရှင်တစ်ထောင်စေတီတော်ကို တည်ထားခဲ့ပါသည်။ ရှင်တစ်ထောင်စေတီ ဌာပနာပွဲတွင် ဆရာတော်ကြီးနှင့်အတူ စာရေးသူလည်း ပါဝင်ခဲ့ပါသည်။

ထားဝယ် ရှင်တစ်ထောင်ပွဲသို့ သွားလိုသူများအား



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မဂိုလမ်းမှ ဦးစိန်လွင်နှင့် ဦးစောလှိုင်တို့က တာဝန်ယူ၍ လေယာဉ်ရုံးနှင့် ညှိနှိုင်းပြီး လေယာဉ်လက်မှတ်များ ဆောင်ရွက်ပေးပါသည်။ ထိုစဉ်က လေယာဉ်လက်မှတ် တန်ဖိုးမှာ ၁၆၅ ကျပ် ဖြစ်ပါသည်။ လေယာဉ်မှာလည်း ၇၄၇ လေယာဉ်သစ်များ ဖြစ်ပါသည်။ သင်္ဘောဖြင့်သွားလိုသူများကိုလည်း ကူညီဆောင်ရွက်ပေးပါသည်။

## ရန်ကုန်-ရှင်တစ်ထောင်ဂူဏ်ပြု ရှစ်လုံးဘွဲ့ကဗျာ
## သီကုံးနှုန်းဖွဲ့သူ-ဗန္ဓုရဝင်း

ကျော် အောင်စံထား မြတ်စွာဘုရားကိုတော်
သေနေယျာများသနားညှာသော်
ဘေးရန်အပေါင်း အောင်ကြောင်းကိုမျှော်
မေတ္တာပွား စံထားဆရာတော်...။

အောင် ပါစေကြောင်း ချိန်ကောင်းခါတော်
ရှင်တစ်ထောင်ပွဲ ဆင်တွဲပျော်ပျော်
ဗုဒ္ဓ ဓမ္မ သံဃ ပူဇော်
သဒ္ဓါပွား စံထားဆရာတော်...။

စံ ရာဒေသ အမရခေါ်
သတ္တမမြောက် ဂုဏ်တော်ထင်ပေါ်
မြန်မြန်တစ်လှေား လေးစားပူဇော်
တစ်ခိုးထွား စံထားဆရာတော်...။

ထား မိ မိတ္တာန်စိတ်မကြုံတော်
အောင်စည်အောင်မောင်း ငြိမ့်ညောင်းမြည်ဆော်
အောင်စည်ဟိန်းလို့ ငြိမ်းချမ်းရွှင်ပျော်
ကိန်းခန်းကြွား စံထားဆရာတော်...။

ဆ ရာတော်ထူး နှိမ်ဖူးရည်မြော်
ဂုဏ်တော်သတင်း ပျံ့သင်းနံ့ကျော်
ကြီးမှူးသည့်ပွဲ ငြိမ့်သဲအာတ်အော်
ရှာမှုရှား စံထားဆရာတော်...။

ရာ လည်းမက ဆန္ဒနိုးဆော်
နိဗ္ဗာန်လမ်းပြ မှန်းဆရည်ရော်
တပည့်အများ လေးစားဆရာတော်...။

တော် သည့်ဂုဏ်ထူး ကြည်နူးရည်မြော်
တပည့်အများ လေးစားပူဇော်
ဘေးရန်ပယ်ရှင်း ထယ်ခွင်းပေးသော်
ဉာဏ်တရားစံထားဆရာတော်...။

အ ရှင်တစ်ပါးထူးခြားကျော်မော်
ဖိုးထိုက်သူများ ညွတ်တွားကော်ရော်
ကမ္ဘာသူများ ကမ္ဘာသားပေါ်
ဘေးရန်ရှား စံထားဆရာတော်...။

ရှင် တစ်ထောင်ပြု ပေါင်းစုပူဇော်
တန်ခူးသစ်လန်း နှစ်ဆန်းရွှင်ပျော်
လေးဆူဓာတ်ပုံ ခိုလှုံဖူးမြော်
သစ္စာပွား စံထားဆရာတော်...။

ဝါ ဝါဝင်းဝင်း အဆင်းဂုဏ်တော်
မြက်သောသင်္ကန်း ဆင်မြန်းလေသော်
တစ်သုံးလေးတစ် နှစ်သစ်အကျော်
ကျော်ကျော်ကြား စံထားဆရာတော်။

ယ မုံနာနှင့် ဂင်္ဂါကိုဖော်
သဲစုအများ ဘုရားပွင့်သော်
ဦးခိုက်ရိုကြိုး ရှိခိုးပူဇော်
သတိပွား စံထားဆရာတော်။

မာ ပါစေကြောင်း ဆုတောင်းပူဇော်
မေတ္တာတရား၊ ကြီးမားလေသော်
သုခပွားတိုး မျိုးကျိုးရည်မျှော်
ချမ်းဝင်စား စံထားဆရာတော်။

ဘိ ဓမ္မာနှင့် ဘုရားဂုဏ်တော်
မဂ္ဂင်ရှစ်ပါး တရားပူဇော်
နိဗ္ဗာန်ရောက်ကြောင်း ဉာဏ်ပေါင်းဝေသော်
အံ့တပါး စံထားဆရာတော်။

ဝံ သမျိုးရိုး မညိုးတေဇော်
သိဒ္ဓိတန်ခိုး ဟိုးဟိုးထင်ပေါ်
မေတ္တာတရား ကြီးထွားလေသော်
တမူခြား စံထားဆရာတော်။

သ တိတရား မှတ်သားရည်မြော်
တပည့်အများ ကြိုးစားလေသော်
ကျော်အောင်စံထား မြတ်ဘုရားကိုယ်တော်
ပီတိပွား စံထားဆရာတော်။
သာဓု သာဓု ကောင်းမှုထင်ပေါ်
နတ်လူအများ ရပြားချွေသော်
နတ်လူအများ အဝေရောတော်
အေးအပေါင်းကင်းကြောင်း တောင်းဆုမြော်။

ဦးသန့်ဇော်(BA)



www.burmeseclassic.com

www.burmeseclassic.com

# ပထမံဘိုးဘိုးအောင်

# ကျင့်စဉ်ကဏ္ဍာ

■ မင်းဝိဇ္ဇာဒီပ



## ထွက်ရပ်ပေါက်ပညာ

ဘိုးဘိုးအောင်၏ ကျင့်စဉ်ဖြစ်သည့် ထွက်ရပ်လမ်း အင်းစမများနှင့် ပတ်သက်သော အစီအရင်များကို ပုရပိုက်များတွင် ရေးအစဉ်အဆက် မှတ်သားလာခဲ့သည့်အတိုင်း ဖော်ပြပါမည်။ အကျိုးအာနိသင်ကို ယုံကြည်၍ လေ့လာလိုက လေ့လာနိုင်သည်။ လောကီပညာဖြစ်၍ မလိုက်စားလိုက နေနိုင်သည်။ လောကီပညာတွင် စွမ်းဆောင်နိုင်သည်ကို တွေ့မြင်ရဘူးသူများက ယုံကြည်ပေမည်။

ပထမံဘိုးဘိုးအောင်သည် ထွက် ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်၍ အဂ္ဂိရတ်ပညာနှင့် အင်းစမပညာများကို တတ်မြောက်ခဲ့သည်။ အဂ္ဂိရတ်ပညာသည် ဓာတ်သတ္တုများ၊ အပင်အရွက်များရှိ ဓာတ်များကို ပေါင်းစပ်ကျိုချက်၍ ရွှေ ငွေ၊ ပြဒါးနှင့်တကွ လိုရာအစွမ်းကို ဖန်တီးနိုင်သည့် ပြဒါးရှင်လုံးခေါ် ဓာတ်လုံးကိုရရှိစေသော အတတ်ပညာပင်ဖြစ်သည်။ နည်းနာကျကျ တတ်မြောက်မှ အောင်မြင်သည်။ နည်းမှန် မရောက်မချင်း အညွှန်းများကို ရှာဖွေခြင်း၊ တတ်

www.burmeseclassic.com

www.burmeseclassic.com

မြောက်သောဆရာသမားကို ချဉ်းကပ်ခြင်း၊ ကြံစည်တွေးတောခြင်းများဖြင့် အားထုတ်ရကြသည်။ မပေါက်မရောက်သူများ မသူတော်တို့လက်မရောက်အောင် သိုဝှက်ခဲ့ကြ[illegible]ဖြင့် နည်းနာကောင်းရရန်မလွယ်။ ရပြန်လျှင်လည်း လျှို့ဝှက်ရေးသားထားသောကြောင့် သဘောအကောက်ခက်ခဲသည်။

ဘိုးဘိုးအောင်ကား ကြေးပုရပိုက်နှစ်ဆူကို နှစ်ကြိမ်တိုင် ရရှိခဲ့ရာမှ လုံ့လအားထုတ်သဖြင့် ဝိဇ္ဇာမယ အင္ဂရတ်ပညာကို လက်တွေ့ပေါက်ရောက်အောင်မြင်ခဲ့သည်။ ထိုမျှမက အင်းစမအတတ်ပညာကိုလည်း ပေါက်မြောက်တော်မူပြန်သည်။

အင်းဆိုသည်ကား မျဉ်းကွက်များအတွင်း ဂဏန်းနှင့်အက္ခရာများ သွတ်သွင်းရသည်။ အင်းအမျိုးမျိုးရှိ၍ အင်းတစ်မျိုးစီအလိုက် အစွမ်းသတ္တိတန်ခိုး ထက်မြက်ပုံချင်းလည်းကွာခြားသည်။ အင်းပညာထူးချွန်ပါက အခြားသော ထွက်ရပ်ပညာများထက် ပို၍စွမ်းသည်။ "အင်းကောင်းလျှင်တစ်ကွက်၊ ဆေးကောင်းလျှင် တစ်စက်" ဟု ဆိုရိုးပြုကြသည်။ အထက်တန်းကျသော ဆေးပေါင်းဂမုန်းပေါင်းတို့ကို ကြိတ်သည့်အခါ၌ပင် ကျောက်ပျဉ်၌ချသောအင်း၊ ကျောက်လုံး၌ချသော အင်းများကို စီရင်ရသည်။

## ဗျည်းစမတို့အစွမ်း

အင်းပညာနှင့် ပတ်သက်၍ အင်းချရာ၌ အက္ခရာတစ်ကွက်မှတစ်ကွက်သို့ ကူးရာတွင် အသွားအမျိုးမျိုးရှိသည်။ အသွားလည်းမှန် အက္ခရာမှာလည်း ဝိသမ အကျိုးဖြစ်ထွန်းစေသည်။ အင်းအကြောင်းကို အထူးလေ့လာ၍ ဓာတ်နက္ခတ်တို့ကိုလည်း နားလည်ရသည်။ နက္ခတ်ကောင်းကြံချိန်၌ အင်းတို့ကို စီရင်သော် အောင်မြင်၍ အစွမ်းထက်သည်။

ရှေးဦးစွာ အင်းကိုမတိုင်မီ အက္ခရာနိုင်စေရန် "က" အစ "အ" အဆုံး ၃၃ လုံးရှိသော အက္ခရာတို့၏ အစွမ်းကို အောက်ပါအတိုင်း မှတ်သားထားသင့်သည်။

(က) ပထဝီမြေကြီးနှင့်တူ၍ ကျွံဒိပတ်နှင့် ပြည့်စုံစေသည်။
(ခ) ခုနစ်ရက်သားသမီးတို့ ချစ်ခင်လေးမြတ်သည်။
(ဂ) သိကြားမင်းကဲ့သို့သော နတ်ကောင်းနတ်မြတ်ကို တွေ့ရစေသည်။
(ဃ) မိုးကြိုးလောင်မီးတို့မှ ကင်းလွတ်စေသည်။
(င) တိရစ္ဆာန်တို့ကို စိတ်ဖြင့်ခေါက်၍ မြစ်တားနိုင်သည်။
(စ) စစ်မက်ဗိုလ်ပါများ ပြည့်စုံစေနိုင်သည်။
(ဆ) အစွယ်ရှိသော သတ္တဝါများအား နိုင်နင်းသည်။
(ဇ) သစ်ကျား သတ္တဝါတို့ကို နိုင်နင်းသည်။
(ဈ) နတ်မိစ္ဆာအပေါင်းကို နိုင်နင်းသည်။
(ည) နဂါး-ဂဠုန်တို့ကို နိုင်နင်းသည်။
(ဋ) နတ်အပေါင်းကို နိုင်နင်း သည်။
(ဌ) ဘုတ်ပြိတ္တာအပေါင်းကို နိုင် နင်းသည်။
(ဍ) ရေကြီးစေနိုင်သည်။
(ဎ) ရေထွက်စေနိုင်သည်။
(ဏ) မီးလောင်စေနိုင်သည်။
(တ) ဆွေမျိုးအပေါင်းကို ဩဇာ ညောင်းနိုင်သည်။
(ထ) ရန်အပေါင်းကိုနိုင်သည်။
(ဒ) အမျိုးမျိုးသော လက်နက်ကို နိုင်နင်းသည်။
(ဓ) သေနတ်အမြောက်ကို နိုင်နင်းသည်။
(န) မိုးကြိုးလောင်မီးကျစေနိုင်သည်။
(ပ) ရေ၌ သောင်ထွန်းစေနိုင်သည်။
(ဖ) ကာယသိဒ္ဓိပြီးမြောက်စေနိုင်သည်။
(ဗ) ပေါ့ပါးလျင်မြန်စေနိုင်သည်။
(ဘ) ရေအခိုးတက်စေနိုင်သည်။
(မ) အာကာသကို အစိုးရသည်။
(ယ) အမှုကိစ္စ ပြီးစေနိုင်သည်။
(ရ) မိုးရွာသွန်းစေနိုင်သည်။
(လ) ဆေး အဆိပ်ပြယ်စေ သည်။
(ဝ) စိတ်နှလုံး ကြည်လင်စေ သည်။
(သ) မုန်တိုင်းကျစေနိုင်သည်။
(ဟ) ဓာတ်လေးပါးကို ငြိမ်းစေ နိုင်သည်။
(ဠ) ဆေးဝါးတို့ကို ထက်မြက်စေ နိုင်သည်။
(အ) ရပ်ကို ပြောင်းလဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## စမလေးလုံး အင်းအသုံး

ယင်းသို့ အက္ခရာများ၊ စမများသည် အသီးသီး တန်ခိုးစွမ်းအင်ရှိကြရာ အသုံးချတတ်ဖို့သာ အရေးကြီးပေသည်။

အောက်ပါ “ငှ-ညှ-စ-ဗ” စမ လေးလုံးအင်းနှင့် အသုံးချပုံများကိုကြည့်လျှင် အက္ခရာများ စမများ၏တန်ခိုးစွမ်းအင်သတ္တိထူးများကို သိရှိနိုင်ကြမည် ဖြစ်သည်။

ယင်းစမလေးလုံးအင်းကို သုံးလိုမူ -

| | | | |
|---|---|---|---|
| ငှ | သ | သ | ငှ |
| သ | ငှ | ငှ | သ |
| သ | ငှ | ငှ | သ |
| ငှ | သ | သ | ငှ |

| | | | |
|---|---|---|---|
| စ | ဓ | ဓ | စ |
| ဓ | စ | စ | ဓ |
| ဓ | စ | စ | ဓ |
| စ | ဓ | ဓ | စ |

| | | | |
|---|---|---|---|
| ညှ | ခ | ခ | ညှ |
| ခ | ညှ | ညှ | ခ |
| ခ | ညှ | ညှ | ခ |
| ညှ | ခ | ခ | ညှ |

| | | | |
|---|---|---|---|
| ဗ | ဝ | ဝ | ဗ |
| ဝ | ဗ | ဗ | ဝ |
| ဝ | ဗ | ဗ | ဝ |
| ဗ | ဝ | ဝ | ဗ |

“ငှ”ကို အစပြု၍ချသောအင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ဆောင်မူ သူခပ် သိမ်းကြဲ၍မဖြစ်နိုင်။

“ညှ”ကိုအစပြု၍ချသော အင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ ရေနက်ရာ၌ ချသော် သောင်ထွန်း၏။

“စ”ကို အစပြု၍ချသောအင်းကို လက်ဖွဲ့လုပ်၍ဆောင်မူ စုန်း-တစ္ဆေ-မြေဘုတ်တို့ မတတ်နိုင်။

“ဗ”ကို အစပြု၍ချသောအင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ အိမ်လေးထောင့်တွင် မြှုပ်ထားမူ သူခိုးတို့မဝင်နိုင်။

ထို့ပြင် ယင်းအင်းလေးအင်းလုံးကိုပင် လက်ဖွဲ့ထိုး၍ဆောင်မူ ခပ်သိမ်းသော ရန်သူတို့မှကင်းကွာ၍ သူတစ်ထူးတို့ ချစ်မြတ်နိုးကုန်၏။

## နက္ခတ် အထွက် အဝင်

### ပုံသေ ထွက်နည်း

ထို့ပြင် နက္ခတ်ထွက်နည်း၊ နက္ခတ်ရွေးနည်း စသည်တို့မှာ လောကီအစီအရင်ကျမ်းတိုင်းလိုလိုမှာပင် ပါရှိနေသဖြင့် ဤ၌ အကျယ်တဝင့် မဖော်ပြလိုတော့ပေ။

သို့သော် အင်းချရာ၌ နက္ခတ်သည်လည်း အရေးပါသောကဏ္ဍ၌ ပါဝင်နေသဖြင့် နက္ခတ်အတွက် အဝင်နှင့် ခပတ်နက္ခတ် ပုံသေတွက်နည်းများကိုမူ အောက်၌ အနည်းငယ်ဖော်ပြလိုပေသေးသည်။

အဝင်နက္ခတ် ။ ။ တနင်္ဂနွေမွန်းတည့်၊ တနင်္လာမွန်းလတ်၊ အင်္ဂါနေ့မွန်းလတ်၊ ဗုဒ္ဓဟူးနေ့မွန်းတည့်၊ ကြာသပတေးနေ့ နေ့ထွက်ထန်းတဖျား၊ သောကြာနေ့ နေဝင်၊ စနေနေ့ နေလွဲ။

အထွက်နက္ခတ် ။ ။ တနင်္ဂနွေနေ့ မွန်းလွဲ၊ တနင်္လာနေ့မွန်းလွဲ၊ အင်္ဂါနေ့ မွန်းမတည့်မီ၊ ဗုဒ္ဓဟူးနေ့မွန်းလတ်၊ ကြာသပတေးနေ့ မွန်းတည့်၊ သောကြာ နေ့မွန်းမတည့်မီ၊ စနေ ခနေ့ မွန်းတည့်။

### လဆန်းရက်အလိုက် တွက်နည်း

လဆန်းရက်ကို အခြေပြု၍တွက်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

လပြည့်ကျော် ၁ ရက်မှစ၍ ၁၆-၁၇-၁၈ စသည် ရေတွက်သည်။

(က). တနင်္ဂနွေဆန်းသော်

၁ ရက်ခပတ်၊ ၃ ရက်အထွက်၊ ၇-၈ ရက်အဝင်၊ ၁၂-၁၃ ရက်အတွက် ၁၅ ရက်အဝင်၊ ၁၇ ရက်အထွက်၊ ၂၀ ရက်အဝင်၊ ၂၃ ရက်အထွက်၊ ၂၇ ရက် အထွက်၊ ၂၇ ရက်အဝင်၊ ၂၈ ရက်ခပတ်။

(ခ) တနင်္လာ ဆန်းသော်

၃ ရက်အဝင်၊ ၄ ရက်ခပတ်၊ ၇ ရက်အထွက်၊ ၁၀ ရက်အဝင်၊ ၁၂ ရက် ခပတ်၊ ၁၄ ရက်အထွက်၊ ၁၅ ရက် အဝင်၊ ၁၀ ရက်ခပတ်၊ ၂၃ ရက် အထွက်၊ ၂၄ ရက်အဝင်၊ ၂၅ ရက် ခပတ်၊ ၂၇ ရက်အထွက်။



www.burmeseclassic.com

www.burmeseclassic.com

(ဂ) အင်္ဂါဆန်းသော်

၄ ရက်အဝင်၊ ၇ ရက်ခပတ်၊ ၁၃ ရက်အထွက်၊ ၁၄ ရက်အဝင်၊ ၁၈ ရက်အထွက်၊ ၂၀ ရက်အဝင်၊ ၂၃ ရက် ခပတ်၊ ၂၄ ရက်အထွက်၊ ၂၈ ရက် အဝင်။

(ဃ) ဗုဒ္ဓဟူးဆန်းသော်

၂ ရက်အထွက်၊ ၅ ရက်အဝင်၊ ၈ ရက်အထွက်၊ ၁၀ ရက်ခပတ်၊ ၁၂ ရက်အထွက်၊ ၂၅ ရက်အဝင်၊ ၂၆ ရက် ခပတ်။

(င) ကြာသပတေးဆန်းသော်

၂ ရက်အဝင်၊ ၃ ရက်ခပတ်၊ ၆ ရက်ခပတ်၊ ၉ ရက်အဝင်၊ ၁၇ ရက်ခ ပတ်၊ ၂၀ ရက်အထွက်၊ ၂၂ ရက် အဝင်၊ ၂၃ ရက်ခပတ်။

(စ) သောကြာဆန်းသော်

၂ ရက်အထွက်၊ ၆ ရက်အဝင်၊ ၇ ရက်ခပတ်၊ ၁၁ ရက်အထွက်၊ ၁၃ ရက်အဝင်၊ ၁၇ ရက်အထွက်၊ ၂၀ ရက် အဝင်၊ ၂၁ ရက်ခပတ်၊ ၂၃ ရက် အထွက်၊ ၂၆-၂၇ ရက်အဝင်။

(ဆ) စနေဆန်းသော်

၃ ရက်အဝင်၊ ၇ ရက်အထွက်၊ ၁၀ ရက်အဝင်။

ဤတွက်ပြီးနည်းကိုလည်း အသုံးပြုနိုင်သည့် အပြီးအစီးကိုလိုလျှင် ခပတ်နက္ခတ်မှာ စီရင်၊ အကာအကွယ်ကို လိုလျှင် အထွက်နက္ခတ်မှာစီရင်၊ ပီယကိုလိုလျှင် အဝင် နက္ခတ်မှာစီရင်ဟူ၍ ဆရာစဉ်ဆက် သတ်မှတ်ထားသည်။

## ဆယ့်နှစ်ရာသီ

အင်းစီရင်သည့်အခါ အင်းသောက်သည့်အခါများတွင် ဓာတ်လေးပါးအခါကို ရှာတတ်ရန်လိုသည်။ အခါ ရှာနည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးဦးစွာ လနှင့်ရာသီကို အောက်ပါအတိုင်း မှတ်သားမည်။

တန်ခူးလ - မိဿရာသီ
ကဆုန်လ - ပြိဿရာသီ
နယုန်လ - မေထုန်ရာသီ
ဝါဆိုလ - ကရကဋ်ရာသီ
ဝါခေါင်လ - သိဟ်ရာသီ
တော်သလင်းလ - ကန်ရာသီ
သီတင်းကျွတ်လ - တူရာသီ
တန်ဆောင်မုန်းလ - ဗြိစ္ဆာရာသီ
နတ်တော်လ - ဓနုရာသီ
ပြာသိုလ - မကာရရာသီ
တပို့တွဲလ - ကုံရာသီ
တပေါင်းလ - မိန်ရာသီ

## ဓာတ်အခါ ခွဲခြားခြင်း

ရာသီကို မဟာဘုတ်ဓာတ်ကြီး လေးပါးနှင့် ခွဲဝေသတ်မှတ်လျှင် အောက်ပါအတိုင်း မှတ်သားရသည်။

ပထဝီရာသီ - ပြာသို၊ ကဆုန်၊ တော်သလင်း။
တေဇောရာသီ - တန်ခူး၊ ဝါခေါင်၊ နတ်တော်၊
အာပေါရာသီ - ဝါဆို၊ တန်ဆောင် မုန်း၊ တပေါင်း။
ဝါယောရာသီ - သီတင်းကျွတ်၊ တပို့တွဲ၊ နယုန်၊

## ဓာတ်အချိန် ခွဲခြားခြင်း

အရွေ့ - တေဇောဓာတ်၊
ဂဗ္ဘ - ပထဝီဓာတ်၊
စရေ - ဝါယောဓာတ်၊
ဝံသေ - အာပေါဓာတ်၊

တေဇောရာသီ၊ အာပေါရာသီ စသည် တွက်ချက်ရန် မလိုသော်လည်း နေ့အချိန်အသီးသီးအတွက် ဓာတ်အချိန် တွက်ချက်ရန်လိုသည်။

အချိန်ပိုင်းခြားနည်းမှာ နံနက် ၆ နာရီမှ ည ၆ နာရီအထိ ၁၂ နာရီကို ၈ ပိုင်းပိုင်းရသည်။ (အချို့က ငါးပိုင်းပိုင်းတတ်ကြသေးသည်။ အင်းအစီအရင်တွင် ရှစ်ပိုင်းနှင့်သာ သက်ဆိုင်သည်။) ယင်း ရှစ်ပိုင်းပိုင်းနည်းမှာ "သူရဋ္ဌ-သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ" ဟူ၍ ဖြစ်သည်။

၁၂ နာရီကို ရှစ်ပိုင်းပိုင်းသဖြင့် တစ်ပိုင်းလျှင် တစ်နာရီခွဲစီရသည်။ ညနာရီများကိုလည်း နေ့နာရီအတိုင်းပင်



www.burmeseclassic.com

www.burmeseclassic.com

တွက်ရသည်။ ယင်းရှစ်ပိုင်းတွက်နည်းမှာ အင်ဝိဇ္ဇာဗေဒင် ကျမ်းတိုင်းလိုလိုမှာပင် ပါရှိနေသဖြင့် ဤ၌ မဖော်ပြလိုတော့ပေ။

## စမနှင့် အင်္ဂါရုတ်

၈-၆-၃-၀ အက္ခရာဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ စမအင်းကို အင်္ဂါရုတ်တွင် အသုံးပြုပုံမှာလည်း အောက်ပါအတိုင်းဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ပထဝီ | ၈ | ၆ | ၃ | ၀ |
| တေဇော | ၀ | ၃ | ၆ | ၈ |
| အာပေါ | ၆ | ၈ | ၀ | ၃ |
| ဝါယော | ၃ | ၀ | ၈ | ၆ |

ပထဝီပိတ်သည် သံပြင်းနှင့် နံနက်တစ်ချက်တီးအချိန် ထိုးရသည်။

တေဇောပိတ်သည် မိုးကြိုးနှင့် နှစ်ချက်တီးအချိန် ထိုးရသည်။

အာပေါပိတ်သည် ရွှေနှင့် သုံးချက်တီးအချိန် ထိုးရသည်။

ဝါယောပိတ်သည် ငွေနှင့် လေး ချက်တီးအချိန် ထိုးရသည်။

| | | | |
|---|---|---|---|
| ၈ | ၆ | ၃ | ၀ |
| ၀ | ၃ | ၆ | ၈ |
| ၆ | ၈ | ၀ | ၃ |
| ၃ | ၀ | ၈ | ၆ |

လုပ်တိုင်းပြီး၏။ ၈ တေဇော၊ ကိုယ်ပြောင်း ၆ ဝါယော၊ ဣတ္ထိရာဇသဗ္ဗ ၃ အာပေါ၊ ကိုယ်ခွာနိုင် ၀ ပထဝီ၊

## ဓာတ်လေးပါးအရကောက်

ဓာတ်လေးပါးကို အရကောက်တတ်ရန် အရေးကြီးသည်။ ဓာတ်လေးပါး အရကောက်သော် အောက်ပါအတိုင်း ရှိသည်။

တေဇောဓာတ် ။ ။ ဘုရားမှာ ကကုသံ၊ နေ့မှာ ခြင်္သေ့၊ ခြင်္သေ့မှာအင်္ဂါ၊ ဗုဒ္ဓအက္ခရာ (၆)တစ်လုံး။ တေဇော၊ မိုးကြိုးနှင့်ထိုး။ ပန်းတောင်းရွှေကြိုး။ ကြိုးကားအဖြူ၊ တေဇောဓာတ်နှင့်စုတ်(သမ္ဗုဒ္ဓေ အဋ္ဌဝီ သဋ္ဌ မမန္တာဒိကာလံ တရိမေသနံ၊ မဟာ ရာဇာ၊ ဥဥ အအ မမ အန္တော အဟာ ယာ သမန္တလောကပါလာ ဂဇ္ဇောတိ၊ အန္တရေစေဝ ရာဇိနော ဘဝိဿတိ) တေဇော လက်ဖွဲ့ ၁၀၀၀ နိုး။

ဝါယောဓာတ် ။ ။ ဘုရားမှာ ကောဏာဂုံ၊ နံမှာ နဂါး၊ နဂါးမှာ စနေ၊ ဗုဒ္ဓအက္ခရာ (၆)တစ်လုံး။ ဝါယော၊ ရွှေနှင့်ထိုး။ ပန်းတောင်းမိုးကြိုး။ ကြိုးကားအဝါ၊ ဝါယောဓာတ်နှင့် ၁၀၀၀ စုတ်၊ ဣတိပိသော ၁၀၀၀ စုတ်၊ ၁၀၀၀ နိုး။

အာပေါဓာတ် ။ ။ ဘုရားမှာ ကဿပ၊ နံမှာလိပ်၊ လိပ်မှာ ၅၊ ဗုဒ္ဓအက္ခရာ (၃) တစ်လုံး။ အာပေါ၊ ငွေနှင့်ထိုး။ ပန်းတောင်းမှာ သံပြင်း။ ကြိုးမှာအနီ၊ အာပေါဓာတ်နှင့် ၁၀၀၀ စုတ်၊ သွက္ခတောနှင့် ၁၀၀၀ စုတ်၊ ၁၀၀၀ နိုး။

ပထဝီဓာတ် ။ ။ ဘုရားမှာ ဂေါတမ၊ နံမှာနွား၊ နွားမှာဟိုင်း။ ဟိုင်းမှာရာဟု၊ ရာဟုမှာဂ၊ ဂမှာဝဗုဒ္ဓအက္ခရာ (၀)တစ်လုံး။ ပထဝီ၊ သံပြင်းနှင့်ထိုး။ ပန်းတောင်းမှာငွေ၊ ကြိုးမှာအနက်၊ ပထဝီဓာတ်၊ နှင့် ၁၀၀၀ စုတ်၊ သုပ္ပဋိပ္ပန္နောနှင့် ၁၀၀၀ စုတ်၊ ၁၀၀၀ နိုး။

## ဓာတ်နှင့် စမအချိန်

နံနက် ၄ ချက်တီးမှ ၁ ချက်တီးအထိ ပါပချိန် (၆) အက္ခရာတစ်လုံးသာ ရသည်။ ရသည့်အက္ခရာကိုသာ ရေးရမည်။

နံနက် ၁ ချက်တီးမှ ၂ ချက်တီး အထိ သူရဲအချိန်၊ (၈) အက္ခရာ တစ်လုံးတည်းသာရေးရသည်၊ ရသည့်အက္ခရာကိုသာ ရေးရမည်။

မွန်းလွဲ ၂ ချက်တီးမှ ၃ ချက်တီးအထိ အမြိတ္တအချိန်၊ (၃) အက္ခရာတစ်လုံးသာ ရသည်။ ရသည့်အက္ခရာကိုသာ ရေးရမည်။

ညနေ ၃ ချက်တီးမှ ၄ ချက်တီးအထိ ကောလီအချိန်၊ (၀)အက္ခရာ တစ်လုံးသာ ရသည်။ ရသည့်အက္ခရာကိုသာ



www.burmeseclassic.com

www.burmeseclassic.com

ရေးရမည်။

ဓာတ်ကျရန် အရေးကြီးပုံကို "ပါပ၊ သုရဋ္ဌ၊ အမြိတ္တ၊ ကောလီ၊ မညီမမျှသောအခါ မအောင်ရာ"ဟူ၍ ဆိုရိုးစကားရှိသည်။ ဓာတ်ကျအောင်စောင့်၍ ဓာတ်ကျရာအချိန်နှင့်အညီ ရေးသွင်းရသည်။

## စမလုပ်ထုံး

စမ လုပ်ထုံးမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ မာတာအမိ ဝမ်းမှစ၍တည်သော ဓာတ်နှစ်လုံးကား ပထဝီမြေဓာတ်တစ်လုံး၊ တေဇောမီးဓာတ်တစ်လုံး ပေါင်း နှစ်လုံးဖြစ်သည်။

၂။ ပီတာ အဖဦတည်သော ဓာတ်နှစ်လုံးကား ဝါယောလေဓာတ် တစ်လုံး၊ အာပေါ ရေဓာတ်တစ်လုံး၊ ပေါင်း နှစ်လုံးဖြစ်သည်။

၁။ မီးဓာတ်ကို အရင်းတည်၊ လေဓာတ်ကိုနောက်၊ ရေဓာတ်ကိုပိတ်၊ မြေဓာတ်ကို အဆုံးထား၊ လုပ်တိုင်းပြီး၏။ (စ ခ ဗ ဝ)

၂။ ရေဓာတ်ကို အရင်းတည်၊ မြေဓာတ်ကိုနောက်၊ မီးဓာတ်ကိုပိတ်၊ လေဓာတ်ကိုအဆုံးထား၊ ကိုယ်ပြောင်းကိုယ် လွှဲပြီး၏။ (ဗ ဝ စ ခ)

၃။ မြေဓာတ်ကိုအရင်းတည်၊ မီးဓာတ်ကိုနောက်၊ လေဓာတ်ကိုပိတ်၊ ရေဓာတ်ကိုအဆုံးထား၊ ဣတ္ထိသုံ့ပြီး၏။ (ဝ စ ခ ဗ)

၄။ လေဓာတ်ကို အရင်းတည်၊ မီးဓာတ်ကိုနောက်၊ မြေဓာတ်ကိုပိတ်၊ ရေဓာတ်ကိုအဆုံးထား၊ ရန်သူမကြံနိုင်။ (ခ စ ဝ ဗ)

ဤသို့ ဓာတ်သွင်းရာတွင် သတိပြုသင့်သည်မှာ -

မီးနှင့်ကားမြေ ရေနှင့်လေ၊ မိတ်ဆွေမစပ်၊ ပဋိဃာတ်။

မြေဓာတ်နှင့်ရေ၊ မီးနှင့်လေ၊ မိတ်ဆွေတော်ကြ သဟာဇ။

တူသောစကားကို သတိပြုရသည်။ မတည့်သောဓာတ်ကို သွင်းမိက မိမိကိုပင်ပြန်၍ ဒုက္ခရောက်စေတတ်သည်။ ဓာတ်သွားဓာတ်လာ စမနှင့် သင့်မြတ်ရာကိုသတိထား၍ ရေးကြရသည်။

## စမ်းသပ်နည်း

လူတို့ဆရာ ပညာဖောဂျီ တပသီ ဝိဇ္ဇာဓိုရ် စွဲကြမှန် စွာ နည်းနာရှာဖွေ၊ သိပါစေချင်၊ ထင်ထင်ရှားရှား၊ ပြကဲ့မှာ သည်၊ နည်းနာအကာယ်၊ ကြွစဘွယ်၍၊ အကျယ်နှုတ်က၊ မှန်ပြပိတ်ဖုံး၊ ကောင်းဆုံးမှန်လှ၊ သိသာပြမည်၊ စမလေးလုံး၊ စွဲသုံးမှန်စေ၊ စေ့ရေကောက်စွဲ၊ ပရိတ်ထဲတွင်၊ ပါမြဲအမှန်၊ ဓမ်ကဲဟု၊ "ကရဏီယ" "ကကို" "သဗ္ဗလောကသို့"တိုင် အောင်ရှာလေ။ ရှာ၍ရလျှင် စမ်းရမည်ကား၊ ကွမ်းရွက်တွင် အမြီးစင် ခေါင်းစင်ချ၍ ဆီပွတ်ပ၍၊ ကွမ်းရွက်မညိုးမှမှန်သည်၊ အချို့သောဆရာတို့သည် မစုတ် ဖယောင်း ဒိ သားကို အောင်ချည် ၃၃ မျှင်ထည့်၍ ဖယောင်းတိုင် လက်လေး သစ် မှန်မှန်လုပ်ပြီးလျှင် ပြည်ဝင်အိုးသစ်တွင်စိုက်၊ ဖယောင်း တိုင်နှင့် ရေအမျှထည့်၍ သိမ်ဘုရားရှေ့တော်တွင် ထွန်း ၍စမ်းရမည်။ ကြေးနီပြားတွင် လေးကွက်အင်းချ၍ အက္ခရာ လေးလုံး အမြီးစင် ခေါင်းစင် လေးကွက်ဝါးကြိတ်လိမ်ချ ပြီးလျှင် အိုးတွင် ဖယောင်းတိုင်ကပ်၍ မီးထွန်း။ ဖယောင်း တိုင်သည် ရေထဲသို့ မီးတောက်၍လောင်မှ လေးလုံးအက္ခရာ မှန်သည်၊ ထိုအက္ခရာလေးလုံး၏ အစုံးမှာ 'လွန်စွာကျယ်ဝန်း လှသဖြင့် ဉာဏ်ရှိတိုင်း ချဲ့ထွင်သုံးနိုင်သည်ကို သတိမူရာသည်။

## စမတို့ကို စတင်ဖော်ထုတ်၍ ထွက်ရပ်ပေါက်သွားသော ပုဂ္ဂိုလ်များ

ဗျည်း ၃၃ လုံး အက္ခရာ စမများကို စတင်ရှာဖွေ တွေ့ရှိပြီး ထွက်ရပ်ပေါက်သွားကြသော ဝိဇ္ဇာဓိုရ်ကြီးများရှိ သည်။ ယင်းဝိဇ္ဇာဓိုရ်ကြီးများသည် တွေ့ရှိပြီးသား စမအက္ခရာ များကို နဝင်းဓာတ်လုပ်ငန်းစဉ်ဖြင့် တတ်ယူပြီးမြောက် ထွက် ရပ်ပေါက်သွားခြင်းဖြစ်သည်။

ယင်းပုဂ္ဂိုလ်ကြီးများမှာ အောက်ပါ အတိုင်းဖြစ်သည်။

ယ ရ မ ခ - သိန်းယိုဆရာတော်
သ စ က ယ - မုတ္တမဆရာတော်
တ ဝ ယ သ - မိုးထိဆရာတော်
ခ ဘ မ ဝ - မိုးညှင်းဆရာတော်
ထ ဗ သ ဝ - ဗားမဲ့ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကဖမလ - ဇေဒင်ဆရာတော်
ထယကဓ - ပေါက္ကံ ဆရာတော်
မပဓဝ - ပေါက္ကံဆရာတော်
ကစယမ - ရခိုင်ဆရာတော်
စဝဗဓ - ဒါးလက်ဆရာတော်
ကစဗသ - မင်းကွန်းဆရာတော်
ကယမဟ - ဣသိပတနရှင်ရသေ့ အလို
မကတသ - သထုံဆရာတော်
ငစထဝ - အသင်္ချေယျဆရာ
(စမ ရေထဲ၌မြင်သည်)
ကစဗ - သောင်ထွင့်ဆရာတော်
တိရိမိထိ - ဗျာကရာသီ ရှင်ရသေ့ အလို
နမဗဓ - ပဋမံ ဆရာတော်
ပမယဝ - ပခန်းဆရာတော်
သရရထ - သီဟိုဠ်ဆရာတော်
စဓဗဝ - ဘုရားလေးဆူတံဆိပ်
မအဥဧ - တြိသီဟောဆရာတော်
ဋထညက - ရှင်ဥတ္တမသီရီဆရာ တော်
ကထနမ - ဗားမဲ့ဆရာတော်
ငပဒဝ - ခင်ကြီးပျော်ဆရာတော်
ဝစဗဓ - စည်းကြပ်တောင်ခင်ကြီး

တို့ ဖြစ်ကြသည်။

## စမအက္ခရာတို့ကို ရေးရာ၌ ရွတ်ဆိုရန်

စမအက္ခရာများကို ရေးသွင်းရာ၌ အက္ခရာတစ်လုံးကို ရေးလျှင် ကညစ်ချသည်မှ အက္ခရာရေးပြီး၍ ကညစ်နှုတ်သည့်တိုင်အောင် ရွတ်ဆိုရမည်။ ထို့အပြင် ကညစ်အချနှင့် အနှုတ်တွင်ရွတ်ဆိုခြင်းနှင့် အပြီးညီစေရမည်။

"က-ခ-ဂ-ဃ-င"ဟူသော အက္ခရာ ငါးလုံးတွင် တစ်လုံးတစ်လုံးကိုရေးလျှင် "ဂေါတမဘုရား"ဟု ဆို၍ရေးပါ။

"စ-ဆ-ဇ-ဈ-ည-ဋ-ဌ-ဍ-ပ-ဏ-တ-ထ-န-ဝ"ဟူသော အက္ခရာ ၁၄ လုံးတွင် တစ်လုံးတစ်လုံးကိုရေးလျှင် "ကဿပ ဘုရား"ဟုဆို၍ ရေးပါ။

"င-ည-ဒ-ပ-ဖ-ဗ-ဘ-ယ-ရ"ဟူသော အက္ခရာကိုး လုံးတွင် တစ်လုံး တစ်လုံးကိုရေးလျှင်"ကောဏဂုံဘုရား" ဟု ဆို၍ရေးပါ။

"ဓ-လ-သ-ဟ-ဠ-အ"ဟူသော အက္ခရာ ခြောက်လုံး တွင် တစ်လုံးတစ်လုံးကိုရေးလျှင် "ကောက္ကုသံဂုံဘုရား"ဟု ဆို၍ရေးပါ။

သို့ဖြစ်ရာ အထက်၌ဖော်ပြခဲ့ပြီး သည့်အတိုင်း "က-ခ-ဂ-ဃ-င"အက္ခရာ ၅ လုံးကား မြန်မာ၊ ကောလီး မြေဓာတ်၊ ဂေါတမဘုရား။

"င-ည-ဒ-ပ-ဖ-ဗ-ဘ-ယ-ရ" အက္ခရာ ကိုးလုံးကား ပါဠိ၊ တလိုင်းမျိုး၊ ကောက္ကုသံဂုံဘုရားဟူ၍ နားလည်မှတ်သားရပေမည်။

## စမတို့၏ သတ္တိထူးများ

စမအက္ခရာတို့ကိုပွားရာ၌ သိဒ္ဓိပြီးမြောက်စေနိုင်သော သတ္တိထူးများမှာလည်း အောက်ပါအတိုင်းဖြစ်သည်။

"န"ကပွားသော် -
"စဓနမ" - ရေမှာ မီးတောက်
"နမဓဝ" - ဘီလူးဖြစ်တတ်သော စမ။
"ရဝဓဏ" - ရေပေါ်၌သွားစေတတ်သော စမ။
"နဝဿအ" - မှိုင်းအတိကျရောက် စေတတ်သော စမ။
"ဝနအဓ" - ရှိမ်းဆာယာ ပြီးစေတတ်သော စမ။
"ဝသနသမ"- သူတစ်ပါး မကောင်းကြံစည်ခြင်းမှ ပျက်စီးတတ်သော စမ။
"လအနဓ" - နတ်ကဲ့သို့ ဖန်ဆင်းနိုင်သောစမ။
"ဌဋဝသ" - အစားအသောက်ရ စေတတ်သော စမ။
"ညထဝသ"- သူတစ်ပါးအကြံအစည်ကို သိ စွမ်းနိုင်သော စမ။
"နဒဓက" - မြေကြီးကို ရွှေဖြစ်တတ်သော စမ။



www.burmeseclassic.com

www.burmeseclassic.com

"လ င မ ဓ" - မည်သည့်အရာမဆို ငွေဖြစ်စေတတ်သော စမ။
"ဝ ၄ ၃ ဟ" - ခရီးလျင်မြန်သော စမ။
"ထ မ အ ဋ" - လေ့နီ၊ လေ့ဝါ၊ လေ့နက်၊ လေ့စိမ်း လေ့ဖြူ စသည်ဖြင့် အမျိုးမျိုး ဖန်ဆင်းနိုင်သော စမ။
"၃ သ ည ခ" - ရေကြီးစေတတ်သော စမ။
"ဝ ထ လ န" - မီးတောက်စေတတ် သော စမ။
"လ အ ခ င" - သူတစ်ပါးတို့အေးကို ညှံ့စေတတ်သောစမ။
"လ ဒ သ ဝ" - ဓားလက်နက်တို့ကို စေနိုင်းနိုင်သောစမ။
"န ဝ မ ဘ" - သူရဿတီကို စေနိုင်း နိုင်သော စမ။
"ဘ ဝ န မ" - မယားအခြွေအရံ ပေါ်များစေတတ်သော စမ။
"ဘ ဝ န င" - ပြည်တန်လှယ်စေတတ်သော စမ။
"န ဂ ယ ဆ" - ပစ္စည်းလာစေတတ်သော စမ။
"ဋ ဝ အ သ" - အဆောက်အဦတို့ကို မီးလောင်စေတတ်သော စမ။
"န ၃ ဓ ည" - သူရဲဖြစ်စေနိုင်သော စမ။
"ဝ အ ၃ ဋ" - အင်းတို့ကို စေနိုင်းနိုင်သော စမ။
"အ ည ယ ဝ" - သစ်သီးသစ်ပွင့်ဖြစ် စေသော စမ။
"အ ည သ န" - ကိုယ်ကိုစေနိုင်သော စမ။
"ည ခ ဝ အ" - လုံစေသော ချွန်ထက်သည့် လက်နက်များကို စေခိုင်းနိုင်သော စမ။
"ဂ ထ လ အ" - ကျွဲရုပ်၊ နွားရုပ်၊ ဆင်ရုပ်၊ ကျားရုပ်ဖြစ်စေနိုင်သော စမ။
"န ထ ဝ တ" - ညကိုလင်းစေနိုင်သော စမ။
"တ ဖ ဓ ဗ" - တောင်တို့ကို ပြိုပျက်စေနိုင်သော စမ။
"အ ရ လ ပ" - ရေစတ်ခြင်းဘေးတို့မှ ကင်းဝေးစေနိုင်သော စမ။
"ထ ပ ဝ ဆ" - ထမင်းအာဟာရကို သုံးလမစားဘဲ နေနိုင်သော စမ။
"ဒ ဓ န တ" - အာကာသသိဒ္ဓိ ပြီးစေနိုင်သော စမ။
"ဝ ထ ထ ဟ" - ပထဝီသိဒ္ဓိ ပြီးစေနိုင်သော စမ။
"န ခ ည ဝ" - အသက်ရှည်စေနိုင်သော စမ။
"လ ဓ ဝ အ" - သေပြီးသူကို ပြန်လည်ရှင်စေနိုင်သော စမ။
"ဝ စ ဓ မ" - ပြဒါးတို့ကို ချုပ်နိုင်သော စမ။

ယင်းသို့ စမအက္ခရာများ ပွားထွက်လာကာ သိဒ္ဓိအသီးသီးတို့ကို ပြီးစေနိုင်ပေသည်။

## သမာဓိအလုပ်ဖြင့် စိတ်ကိုထိန်းချုပ်ခြင်း

ယင်းသို့ သိဒ္ဓိအမျိုးမျိုးကို ပြီးစေနိုင်သော်လည်း ဘိုးဘိုးအောင်၏ ဓာတ်စမအင်းတို့ကို လေ့လာလိုက်စားသူများသည် မလိုက်စားမီ မိမိ၏စိတ်ကို နိုင်နင်းအောင် ထိန်းချုပ်ထားနိုင်ဖို့လိုသည်။ ဘိုးဘိုးအောင်၏ ကျင့်စဉ်များမှာ စိတ်နှင့်အလုပ်လုပ်ရသော ကျင့်စဉ်များဖြစ်၍ စိတ်ကိုနိုင်အောင် ထိန်းချုပ်နိုင်မှသာလျှင် လိုရာသိဒ္ဓိပေါက်မြောက်နိုင်လိမ့်မည်ဟု မူလပုရပိုက်တွင် ညွှန်ကြားထားသည်။

စိတ်ကိုနိုင်နင်းအောင် ထိန်းနိုင်ရေးအတွက် သမာဓိရအောင် သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများအားထုတ်ရမည်။ သမထကမ္မဋ္ဌာန်းတစ်ခုခုကို ထိထိရောက်ရောက် ပွားများအားထုတ်ဖို့လိုသည်။

သမထကမ္မဋ္ဌာန်းဖြင့် ချုပ်ကိုင်မှသာလျှင် စိတ်ကိုနိုင်နင်းပေမည်။

သမထကမ္မဋ္ဌာန်းဖြင့် သမာဓိအားကောင်းလေလေ စိတ်ကိုထိန်းချုပ်နိုင်လေလေ ဖြစ်ပေသည်။ စိတ်ကို ထိန်းချုပ်ကိုင်နိုင်လေလေ မိမိအလိုရှိရာ သိဒ္ဓိပေါက်မြောက်နိုင်လေလေ ဖြစ်သည်။

မင်းဝိဇ္ဇာဒီပ

www.burmeseclassic.com

www.burmeseclassic.com

# အထုပ်တစ်ရာဆရာတော်ကြီး၏
# ထူးခြားသောအစွမ်းသတ္တိများ

ကျော်ဝံလင်း

သေဆုံးခြင်းတည်းဟူသော မရဏသဘောတရား( လွန်ဆန်နိုင်သော သတ္တဝါဟူ၍ မရှိနိုင်ပေ။ စကြဝတေးမ( တို့သည်လည်းကောင်း၊ ဖြုပ္မာမင်းသည်လည်းကောင်း လော( တွင် ထွက်ရပ်ပေါက်ကြပေကုန်သော ဘိုးဘိုးအောင်သည်လ( ကောင်း၊ ဘိုးတော်အောင်မင်းခေါင်သည်လည်းကောင်း၊ ရ( ကန်းစင်တောင်ဆရာတော်ဘုရားကြီး ဦးဩဘာသသ( လည်းကောင်း အလုံးစုံသော ဝိဇ္ဇာစသော မည်သည့်ဝိဇ္ဇာမ( သေခြင်းတို့မှ (ဝါ) သေမင်းလက်တွင်းမှ မလွတ်ကင်းနိုင်ကြ(

အာယုသိဒ္ဓိ ပြီးမြောက်သူတို့သည် အသက်သာရှ( သည်။ မသေဘူးဟူ၍ ပြောဆိုမရ။ ဝိဇ္ဇာတို့၏အသက်သ( အနည်းဆုံး နှစ်ပေါင်းတစ်ထောင်ရှည်၏။ အာယုသိဒ္ဓိကော( သော ဝိဇ္ဇာအချို့မှာ နှစ်ပေါင်း ၅၀၀၀၊ အချို့မှ နှစ်ပေါ( ၁၀၀၀၀၊ အချို့မှာ ကမ္ဘာနှင့်ပင်ချီ၍ အသက်ရှည်ကြ( သည်ဟု ပြည်မြို့ ဝေပုလ္လာရာမဆရာတော်ဘုရားကြီး( "ဝိဇ္ဇာမယ ပညာမှတ်စုကျမ်း"တွင် ရေးသားဖော်ပြထား( သည်။

ကျမ်းဂန်အရ ဝိဇ္ဇာရှစ်သောင်းထဲတွင် အထုပ်တစ်ရ( ဆရာတော်ဘုရားကြီးက သူကိုယ်တိုင်ပါဝင်ခဲ့ကြောင်း အဝ( အလင်းပြောဆိုခဲ့ဖူးကြောင်း သိရှိရပေသည်။ ဝိဇ္ဇာဆိုသ( အသွင်သဏ္ဍာန်သည် အစပိုင်းတွင် အရှုးအသွင်ဆောင်သူမျ( ရှိသလို အခြား မထင်မှတ်သော၊ မမြင်နိုင်သော အသွ( မျိုးကိုလည်း ဆောင်တတ်ကြလေသည်။

ဝိဇ္ဇာများ ပေါ်ပေါက်လာခြင်း၊ လောကအတွင်း ရော( ရှိလာရခြင်းတို့၏ ဗုဒ္ဓတရားတော်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို အပေါ်ယံမှာသာ သိ( ကြပြီး တဒင်္ဂသာယာရေး၊ ချမ်းသာရေးများ နောက်သို့သ



အထုပ်တစ်ရာဆရာတော်

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူတို့သည် ကေန်အမှန် ပွင့်တော်မူကြပေသည်။ ထိုဘုရားငါးဆူခေတ်တွင် ဝိဇ္ဇာများ ထွက်စဉ်ကား -

ပထမ ကောက္ကသံဘုရား၏ သာသနာတော်တွင်းပ ထွက်ရပ်ပေါက်ကြသော ဝိဇ္ဇာပေါင်း ၇၀၀၀၀။

ဒုတိယ ကောဏာဂုံဘုရား ၇၀၀၀၀။

တတိယ ကဿပဘုရား ၇၀၀၀။

စတုတ္ထ ဂေါတမဘုရား ၇၀၀၀။

ပဉ္စမ အရိမေတ္တယျဘုရား ၃၂၀၀၀၀။

စုစုပေါင်း ဘုရားငါးဆူပွင့်ပြီးသောအခါ ထွက်ရပ်ပေါက် ကြသော ဝိဇ္ဇာပေါင်း ၆၄၀၀၀၀ (ခြောက်သိန်းလေးသောင်း) ရှိမည် ဖြစ်လေသည်။

လိုက်ပါလုပ်ဆောင်နေကြပြီး တစ်ဘဝကောင်းစားရေးကိုသာ ဦးစားပေး၍နေကြသည်။ ယာယီသုခတရားကို ဒုက္ခဟု မမြင်ကြတော့ဘဲ ဆားငန်ရည်ကို သောက်သောသူကဲ့သို့ သောက်လေသောက်လေ ငတ်မပြေဖြစ်ခဲ့ကြရသည်။ မှားနေသည်ကို မှားမှန်းမသိ မရှုနိုင်မကယ်နိုင်ဖြစ်တာ ရင်ဆိုင် တွေ့ကြုံရသည်။ အခက်အခဲတွေများလာသည့်အခါတွင်မှ ကယ်နိုင်မည့်သူကို ရှာဖွေကြလေတော့သည်။

ထို့ကြောင့် အတိဒုက္ခရောက်နေရသော လူသားများကို ကယ်တင်နိုင်ရန်အတွက် ဆိတ်ကွယ်ရာ၊ အေးချမ်းရာတွင် မိမိတို့၏ တရားအလုပ်ကို လုပ်ဆောင်နေကြသော သူတော်စင်ပုဂ္ဂိုလ်ထူးများ၊ ဝိဇ္ဇာများတို့သည် လူ့လောကသားများအတွင်းသို့ တစ်ပါးပြီးတစ်ပါး ရောက်ရှိလာကြခြင်းဖြစ်ပြီး လူ့လောကသားများကို ကယ်တင်ပေးကြခြင်းဖြစ်ကြောင်း ၅၅၀ နိပါတ်တော်နှင့် အခြားသောကျမ်းဂန်လာ ဝတ္ထုများတွင် ဖော်ပြကြလေသည်။ အထုပ်တစ်ရာ ဆရာတော်ဘုရားကြီးသည်လည်း ဤကဲ့သို့ပင် လူ့လောကအတွင်းသို့ ရောက်ရှိလာခဲ့သည်ဟု တွေးတောယူဆနိုင်ပေသည်။

အထုပ်တစ်ရာ ဆရာတော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကပင် ဝိဇ္ဇာသမိုင်းတွင် ပါဝင်နေကြောင်း သိရှိရသည်။ ပုဂ္ဂိုလ်ထူးများ၏ သက်တမ်းသည် မှန်းဆရခက်လှသည်။ အထုပ်တစ်ရာ ဆရာတော်ကြီးအနေဖြင့် ဖြစ်စေ၊ ကန်ကြီးထောင့် ညောင်ပင်သာဆရာတော်ဘုရားကြီးဖြစ်စေ၊ ရာကျော် ဆရာတော်ဘုရားကြီးဖြစ်စေ သက်တော်နှင့်ပတ်သက်လာလျှင် ဘယ်သောအခါမှ မိန့်ဆိုခြင်းမရှိသည်မှာလည်း ထူးခြားမှုတစ်ခုပင် ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကားမှတ်တိုင်အနီးတွင် ရဟန်းတော်တစ်ပါးသည် ဟိုဟိုဒီဒီ ကျိုးကန်းတောင်းမျှော်ကြည့်လျက် လူးလာခေါက်တုံ့ လမ်းလျှောက်နေသည်။ ထိုရဟန်းဝတ်ထားသော သင်းပိုင်မှာ ဟောင်းနွမ်း၍ အရောင်အဆင်းမရှိသလို ကေသီမှာလည်း စုတ်ပြဲ၍နေသည်။ ထိုအချိန်သည် သံဃာတော်များ ဆွမ်းခံချိန်၊ ကျောင်းသားများ ကျောင်းတက်ချိန်၊ ရုံးသူရုံးသား၊ အလုပ်သမားများ ရုံးသွားချိန်၊ အလုပ်သွားချိန်ဖြစ်သဖြင့် ရွှေဂုံတိုင် လမ်းမကြီးပေါ်တွင် လူစည်ကားနေသော အချိန်လည်း ဖြစ်ပေသည်။ ထိုရဟန်း၏နောက်တွင် ကျောင်းသားငယ်ကလေး သုံးယောက်လိုက်လျက် နှုတ်မှလည်း "အရူး အရူး"ဟု အော်ဟစ်နေလေသည်။

## သံသရာမှာ ခံနိုင်ရင်ခံကြ

ခဏကြာသော် ထိုရဟန်းတော်သည် အုတ်ခုံအမြင့်တစ်ခုပေါ်သို့တက်၍ အရွယ်နှင့်မလိုက်အောင် အသံသြဇာကောင်းကောင်းဖြင့် -

"သံသရာမှာ ခံနိုင်ရင်လည်းခံကြ၊
မခံနိုင်ရင်လည်း မခံကြနဲ့၊
ခံနိုင်ရင်လည်း ကောင်းတာပဲ၊
မခံနိုင်ရင်လည်း ကောင်းတာပဲ"

ဟု အလွန်တိုတောင်းလွန်းလှသော တရားကို ဟောလေတော့သည်။ အချို့သော လမ်းသွားလမ်းလာများက တရားစကားကို နားတွင်မဝင်ဘဲ စုတ်စုတ်ပြတ်ပြတ် ဖြစ်နေသော သင်္ကန်းကို ဖိုသီဖတ်သီအနေအထားဖြင့် မသေမသပ်ဝတ်ထားပြီး ပခုံးတွင် ကြီးမားသော အိတ်ထုပ်ကြီးကို လွယ်ထားသော ပြင်ပရုပ်သွင်ကိုသာ ကြည့်ရှုပြီး ပြုံးစိစိ လုပ်သွားကြသည်။ ဘုရားဖူးလာသူအချို့နှင့် အလုပ်သမားတစ်စုတို့ကတော့ လေးလေးစားစားဖြင့် နာယူပြီး မှတ်သားကြသည်ကို တွေ့ရသည်။ ထိုကဲ့သို့ တိုတိုတုတ်တုတ်တရားကို ဟောကြားရာတွင် ထိုရဟန်းတော်ကြီး၏အသံသည် သာမန်စကားပြောစဉ်က အသံမျိုးမဟုတ်တော့ဘဲ အလွန်တရာမှ ဝင့်ကြွားထည်ဝါသော အသံမျိုးဖြင့် ဟောကြားသွားခြင်းဖြစ်သည်ကိုတော့ အားလုံး သတိထားမိကြသည်။

ထိုတရားတော်ကို ရုတ်တရက် ကြားမိသူများအတွက် တရားတော်၏ လိုရင်းအနက်အဓိပ္ပာယ်ကို သိနိုင်ရန် ခက်ခဲမည်ဖြစ်သော်လည်း လေးလေးစားစားနာယူပြီး အမြဲနာကြားနေရသူများအတွက် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုယူနိုင်ပြီး ရဟန်းတော်ကြီးက သံသရာကိုလျှောက်လှမ်းနေကြရသော လောကီလူသားများအတွက် ဘဝသံသရာခရီးတစ်လျှောက် တွေ့ကြုံခံစားကြရမည့် သုခ၊ ဒုက္ခ အဖုံဖုံတို့ကို မည်ကဲ့သို့ ကျော်လွှားဖြတ်သန်းရမည်ကို လိုရင်းတိုရှင်း မိန့်ကြားလိုက်ခြင်းသာဖြစ်ကြောင်း သိရှိနားလည်ကြပေသည်။

ထို့နောက်တွင် ထိုရဟန်းတော်ကြီးသည် အုတ်သမ်း

www.burmeseclassic.com

ဘက်သို့ ဆက်လက်လျှောက်သွားပြီး လှေကားတစ်ခုပေါ်တွင် ထိုင်လျက် ငြိမ်သက်စွာဖြင့် တရားတော်ကို နှလုံးသွင်းလျက် အာရုံပြုနေသည်ကို တွေ့ရသည်။ သူ့ပခုံးတွင် လွယ်ထားသော အထုပ်ကြီးကို ဘေးလွယ်လျက်အနေအထားဖြင့်ပင် တွေ့ရှိရလေသည်။

ထိုအကြောင်းကို မိတ်ဆွေတစ်ယောက်နှင့် စကားစပ်မိ၍ ပြောကြားရာ ထိုမိတ်ဆွေက လွန်ခဲ့သော သုံးရက်ခန့်က သူသည် ထိုရဟန်းတော်ကြီးကို သဃ်န်းကျွန်း ဝေနရပ်ကွက်တွင် ကြုံတွေ့ခဲ့ရပုံအကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ဝေနမှတ်တိုင်နားက ဓာတ်တိုင်ပေါ်ကို ဘုန်းတော်ကြီးတစ်ပါး ခွတက်နေတယ်။ ဓာတ်တိုင်က ကျွန်းတိုင်မို့ သူက တစ်ဝက်လောက်အထိ တက်သွားနိုင်တယ်။ မနက်ပိုင်း ကျောင်းတက်ချိန်ဆိုတော့ ကျောင်းသားလေးတွေကလည်း ဝိုင်းကြည့်နေတယ်။ ကလေးတွေကလှောင်၊ ခွေးတွေကဟောင် ဆိုသလိုပဲပေါ့။ တချို့က "အရူးဘုန်းကြီး အရူးဘုန်းကြီး"လို့ အော်ကြတယ်။ ဆိုးတဲ့ကလေးတွေကတော့ ခဲနဲ့ပေါက်ကြတယ်။ သူ့ခေါင်းကို ခဲမှန်လည်း ဘာမှမပြောဘူး။ ကလေးတွေကို အော်လည်း မအော်ဘူး။ ခေါင်းကို လက်နဲ့ပဲပွတ်လိုက်တယ်။ ခဲလုံးလေးတွေမို့ တော်သေးတာပေါ့။ လူတစ်ယောက်ကတော့ ကလေးတွေကို မောင်းထုတ်ပြီး တုတ်နဲ့လိုက်ရိုက်နေတာ တွေ့ခဲ့ရတယ်"ဟူ၍ သူမြင်တွေ့ခဲ့သမျှတွေကို ပြောပြနေရာ စာရေးသူက -

"အဲဒီရဟန်းတော်ကြီးမှာ အထုပ်ကြီးတစ်ထုပ်ကော ပါသေးလား"

"ဟုတ်တယ်ဗျို့။ သင်္ကန်းအစုတ်ထုပ်ကြီးကို လွယ်ထားတယ်။ အဲဒီအထဲမှာလည်း အထုပ်ကလေးတွေ ရာနဲ့ချီပြီး ရှိမလားဘဲ။ တစ်မျိုးတော့ ထူးခြားတာပဲ။ ခင်ဗျားတို့ပြောပြောနေတဲ့ ဝိဇ္ဇာတွေဟာ လူ့လောကထဲကို အရူးအသွင်နဲ့ လာတတ်တယ်ဆိုတာများ ဖြစ်နေမလားဘဲ"

"ဖြစ်နိုင်တာပေါ့ဗျာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကတော့ အဲဒီဘုန်းတော်ကြီးဟာ အထုပ်တစ်ရာ ဆရာတော်ကြီးလို့ ပြောတယ်။ တာမွေ၊ ရွှေဂုံတိုင်ဘက်က ဆိုင်တွေဆို ဆရာတော်ကြီးကို ဆွမ်းကပ်၊ လက်ဖက်ရည်အချိုကပ်နဲ့ လှူတဲ့လူတော်တော်ပေါတယ်။ ကလေးတွေကတော့ မသိနားမလည်သေးလို့ လှောင်ပြောင်ကြတာပေါ့ဗျာ"ဟု ပြောဆိုရင်း ဝိဇ္ဇာကြီးများ၊ ထွက်ရပ်ပေါက်ဆရာတော်ကြီးများအကြောင်းကို တွေ့ရာလေးပါး ပြောဆိုခဲ့ကြလေသည်။

## ဆရာတော်သည် ကျောင်းအဖြစ် သီးသန့်မရှိ

ဤကဲ့သို့ နေရာအနှံ့ လှည့်လည်သွားလာနေသော အထုပ်တစ်ရာဆရာတော်ကြီးသည် သီတင်းသုံးနေထိုင်ရန် ကျောင်းလှူမည့်သူ မရှိ၍လောဟု တွေးတောထင်မိလျှင်လည်း မှားပေလိမ့်မည်။ ကျောင်းဆောက်လုပ်လှူဒါန်းလိုသည့် ကျောင်းဒကာခံယူလိုသူများလည်း အများပင်ပေါ်ပေါက်ခဲ့သည်။ အထုပ်တစ်ရာ ဆရာတော်ကြီးအား မိမိတို့ကျောင်းတွင် လာရောက်သီတင်းသုံးနေထိုင်ရန် ဖိတ်ခေါ်သော ကျောင်းထိုင်ဆရာတော်ကြီးများလည်း မရေမတွက်နိုင်အောင် ရှိခဲ့သည်။ သို့သော် ဆရာတော်ကြီး လက်မခံ။ မိမိအာရုံကျရာ ဒကာ၊ ဒကာမများအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးနေထိုင်ခဲ့ခြင်းသာ ဖြစ်သည်။ အိမ်တစ်အိမ်တွင် ကြာကြာနေလျှင်လည်းနေသည်။ တစ်ရက်နှစ်ရက်သာ နေလျှင်လည်းနေသည်။ ဓာတ်ကျသည့်အခါ ကြာကြာနေပြီး ဓာတ်မကျသည့်အခါ ကြာကြာမနေသည့်သဘောပင် ဖြစ်ပေမည်။

တစ်ခါသော် သုဝဏ္ဏလမ်းဆုံ အသင်းတိုက်အနီးရှိ အိမ်တစ်အိမ်တွင် သီတင်းသုံးနေစဉ် လာရောက်ဖူးမြော်ကြသူများထဲမှ တစ်ယောက်က လမ်းဘေးအမှိုက်ပုံးတွင် အမှိုက်ထဲမှ ပစ္စည်းများရှာဖွေပြီး ဝမ်းစာရှာဖွေနေရသော ကလေးများ၊ လူကြီးများအကြောင်းကို ပြောဆိုနေကြရာ အထုပ်တစ်ရာ ဆရာ တော်ကြီးက "ငါ မင်းတို့ကို ပြောထားရဦးမယ်။ မင်းတို့ တခြားမှာဖြစ်ခဲ့တာကို ငါကယ်လို့ရတယ်။ ဒါပေမယ့် အဲဒီလို အမှိုက်ပုံတို့၊ လမ်းမပေါ်တို့၊ လမ်းကြိုလမ်းကြားတွေပေါ်မှာ အရူးပုံစံနဲ့သွားလာနေပြီး အမှိုက်ကောက်နေသူတွေကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့။ မှားတတ်တယ်။ သူတို့ကို ပြစ်မှားတဲ့သူကို ငါကယ်လို့မရဘူးကွ"ဟူ၍ မိန့်ကြားလိုက်လေသည်။

ပုထုဇဉ် လူသားများသည် မသိနားမလည်သည့်အတွက် ကာယကံ အမှား၊ ဝစီကံအမှား၊ မနောကံအမှားတို့ကို ကျူးလွန်စော်ကား ပြစ်မှားမိတတ်ကြလေသည်။ သာမန်အပြစ်လောက်မှာ အပြစ်မကြီးလှသော်လည်း ခင်ပွန်းကြီးဆယ်ပါးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်ပြီးဖြစ်လာခဲ့လျှင် မင်္ဂလာ။ ဖိုလ်တား။ နိဗ္ဗာန်တားနိုင်လောက်သည်အထိ အပြစ်ကြီးတတ်လေသည်။ ထို့ကြောင့်လည်း ခင်ပွန်းကြီးဆယ်ပါးတွင်ပါဝင်သော ထွက်ရပ်ပေါက်ဆရာတော်ကြီးများ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများအပေါ် ပြစ်မှားကျူးလွန်မိမည်ကို စိုးရိမ်သဖြင့် ဆရာတော်ကြီးက ကြိုတင်သတိပေးထားခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်အလွန် တစ်ခုသော နံနက်ခင်းတွင် အထုပ်တစ်ရာဆရာတော်ကြီးသည် အရှုးအသွင်သဏ္ဌာန်ဖြင့် ကန်တော်လေး မြန်မာ့ဂုဏ်ရည်လမ်းမကြီးပေါ်တွင် တစ်ဦးတည်း အစုန်အဆန် လမ်းလျှောက်နေသည်။ လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ထိုင်သောက်နေကြသော လူငယ်သုံးဦးထဲမှ လူငယ်တစ်ဦးက အဆိုပါ သူရူးအသွင်ဖြင့် လမ်းလျှောက်နေသော ဆရာတော်ကြီးသည် အထုပ်တစ်ရာဆရာတော်ကြီးဖြစ်ကြောင်း သိရှိပြီးဖြစ်သဖြင့် သူ၏ သူငယ်ချင်းများအား -

"ဒီဆရာတော်ကြီးက ဝိဇ္ဇာဖြစ်မယ်ဆိုရင် သေပြီးသူကို ပြန်ပြီးရှင်လာအောင် လုပ်ပြနိုင်ရမှာပေါ့။ သေတဲ့သူ ရှင်အောင် လက်တွေ့လုပ်ပြနိုင်ရင် ငါ တစ်သက်လုံးကိုးကွယ်မယ်ကွာ" ဟု ပြောဆိုလိုက်သည်။

ထိုအသံကို အနီးတွင်ရောက်ရှိနေသော အထုပ်တစ်ရာဆရာတော်ကြီးက ကြားလိုက်မိသည်။ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် "ခို" များ အလွန်ပေါသည်။ လမ်းဘေးသစ်ပင်များ၊ ဓာတ်ကြိုးများနှင့် လမ်းပေါ်တွင် ခိုများ ကျက်စားနေထိုင်လေ့ရှိကြသည်။ ကံတရားက ဖန်တီးပေးလိုက်သည်လားမသိ။ ထိုအချိန်တွင် ပျံလာသော ခိုတစ်ကောင်ကို ကားတစ်စီးက တိုက်မိသည်။ ကားတိုက်ခံလိုက်ရသော ခိုငယ်ကလေးသည် အထုပ်တစ်ရာဆရာတော်၏ ရှေ့ခြေရင်းသို့ ကျရောက်လာသည်။ အသက်ကား ရှိမည်မထင်တော့။ ထိုအခါ ဆရာတော်ကြီးက သူ့တွင်လွယ်ထားသော သင်္ကန်းအစုတ်ထုပ်ကြီးကို နေရာပြင်၍ ပခုံးပြောင်းတင်လိုက်ပြီး အဆိုပါလူငယ်အား ခေါ်ယူလိုက်သည်။

လက်ဖက်ရည်ဝိုင်းမှ ထိုလူငယ်သည် ဆရာတော်ကြီး အနီးသို့ ရောက်လာသောအခါ ဆရာတော်ကြီးက -

"အဲဒီကားတိုက်ခံလိုက်ရတဲ့ ခိုငယ်ကိုကောက်လိုက်။ အသက်မှရှိသေးရဲ့လား မသိဘူး"

လူငယ်က ခိုငယ်ကို ကောက်ယူစစ်ဆေးပြီး -

"အသက်မရှိတော့ဘူး၊ သေနေပြီ"

"အေး・・・ဒါဆို ငါ့လက်ဝါးပေါ်ကို တင်လိုက်"

ဆရာတော်ကြီးက သူ၏လက်ဝါးပေါ်သို့ ရောက်နေသော ခိုအသေကောင်ကို လေဖြင့်မှုတ်ပေးလိုက်သည်။ သုံးကြိမ်မှုတ်ပေးသည်ကို တွေ့ရသည်။ မကြာမီ ထိုခိုကလေးမှာ အကောင်းပကတိကဲ့သို့ဖြစ်ပြီး ဆရာတော်ကြီး၏ လက်ဝါးပေါ်မှ အနီးရှိ ဓာတ်ကြိုးပေါ်သို့ ပျံတက်နားနေလိုက်သည်ကို လူငယ်များအားလုံး တအံ့တသြ တွေ့လိုက်ကြရလေသည်။

ထိုလူငယ်မှာ အံ့သြတကြီး ငေးမောကြည့်နေရာမှ အသိတရားတွေဝင်လာပြီး အဝေးသို့ ကြွရောက်နေသည့် ဆရာတော်ကြီးနောက်သို့ အပြေးအလွှားလိုက်ကာ မိမိ အမှားပြုလုပ်ခဲ့ခြင်းကို ခွင့်လွှတ်ပေးပါရန် မိမိကိုလည်း သားတပည့်တစ်ဦးအဖြစ် သတ်မှတ်ပေးပါရန် ဆရာတော်ကြီးအား မိမိမှ အချို့ပွဲ ကပ်လှူလိုပါသဖြင့် အလှူခံပေးပါရန် လျှောက်ထားခဲ့သည်။

ထို့နောက် အထုပ်တစ်ရာ ဆရာတော်ကြီးအား လက်ဖက်ရည်ဆိုင်၏ ခေါင်းရင်းဘက်စားပွဲတွင်ထိုင်စေပြီး လက်ဖက်ရည်၊ မုန့်တို့ဖြင့် ကပ်လှူလေသည်။ ထိုအခါ အကြမ်းပန်းကန်လုံးထဲသို့ ရေနွေးထည့်ပေးသောအခါ ရေနွေးမှာ အေးနေသဖြင့် ဆိုင်ရှင်အား ရေနွေးအိုးအပူဖြင့် လဲပေးရန် ပြောလိုက်သည်။ ဆရာတော်ကြီးက -

"ရပါတယ် ကိစ္စမရှိပါဘူး"

ဟု မိန့်ကြားပြီး ရေနွေးအအေးများထည့်ထားသော အကြမ်းပန်းကန်လုံးပေါ်သို့ လက်ဝါးဖြင့် အုပ်ထားလိုက်သည်။ မကြာမီ အေးနေသောရေနွေး ပန်းကန်လုံးမှ အငွေ့တထောင်းထောင်းထွက်လာသည်ကို တွေ့လိုက်ကြရသည်။ သိပ္ပံပညာဖြင့် တိုင်းတာ၍မရသော ဝိဇ္ဇာပညာရပ်ဟူ၍ပင် ဆိုရပေတော့မည်။

## အထုပ်တစ်ရာ ဆရာတော်ကြီးတွင် ထူးခြားသော အစွမ်းသတ္တိများ

အထုပ်တစ်ရာ ဆရာတော်ဘုရားကြီးတွင် လျှို့ဝှက်ချက်ပေါင်းများစွာ ရှိနေမည်ဟု စာရေးသူထင်မြင်ယူဆမိ သည်။ မိတ်ဆွေတစ်ယောက်က ဆရာတော်ကြီးနှင့်ပတ်သက်၍ သူကြားဖူးသော အကြောင်းအရာတစ်ခုကို ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂုံတိုင်ဘက်တွင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာဖြစ်သည်။ အထုပ်တစ်ရာဆရာတော်ကြီးသည် ထုံးစံအတိုင်း တပည့်လင်မယားနှစ်ယောက်၏ နေအိမ်တွင် ခေတ္တတည်းခိုနေထိုင်ရာ သုံးရက်မြောက်သောနေ့တွင် ဆရာတော်ကြီး သန့်စင်ခန်းဝင်နေသောအခါ အိမ်ရှင်ဇနီးဖြစ်သူက သူမ၏ခင်ပွန်းအား

"အစ်ကို...ဆရာတော်ကြီး ညီမတို့အိမ်မှာ ဒါပါနဲ့ဆို သုံးကြိမ်နေပြီးပြီ။ ဒါပေမယ့် ညီမတို့ကို ဘာအဆောင်မှလည်း မပေးဘူး။ သူများတွေကိုတော့ ဓာတ်လုံးတွေဘာတွေပေးတယ်ကြားတယ်"

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် အချိန်မကျသေးလို့ မပေးတာဖြစ်မှာပေါ့"

"အစ်ကိုရယ် အဲဒီအချိန်ရောက်အောင် မစောင့်နိုင်တော့ဘူး။ သူ့အထုပ်ထဲမှာ အစွမ်းထက်တဲ့ဓာတ်လုံးတွေ ပစ္စည်းတွေ ရှိမှာပဲ။ သူမရှိတုန်း ရှာကြည့်ကြရအောင်"ဆိုပြီး ဆရာတော်ကြီးမရှိခိုက် အထုပ်တစ်ရာပါသော သင်္ကန်းအိတ်အထုပ်ကြီးကိုဖွင့်၍ ရှာဖွေကြသည်။ အထုပ်ကြီးထဲတွင် အထုပ်ငယ်များမှာ တစ်ရာမကပင် တွေ့ရှိရသည်။ အချိန်မရသဖြင့် အားလုံးကို သေသေချာချာဖွင့်၍ မရှာနိုင်။ သူတို့လိုချင်သော ပစ္စည်းကိုလည်း မတွေ့။ ထို့နောက် နေရာတကျ ခြေရာလက်ရာမပျက်အောင် ပြန်ထားလိုက်သည်။ ထိုအချိန်က အိမ်အပြင်ခန်းတွင် ပြန်ရောက်နေသော ဆရာတော်ကြီးသည် အထုပ်ဖြေရှာဖွေနေခိုက်တွင် ချောင်းမြောင်းကြည့်ရှုခြင်းမရှိသလို မေးမြန်းခြင်းလည်း မရှိခဲ့ပေ။

ဆရာတော်ကြီးသည် ထိုတပည့်လင်မယားကို အပြစ်ပြောခြင်းမရှိ။ သို့သော် သူ၏အထုပ်တစ်ရာပါသော အထုပ်ကြီးကို ထိုအိမ်တွင် ထာဝရစွန့်ပစ်ထားခဲ့သလို ထိုတပည့်လင်မယားကိုလည်း ထာဝရစွန့်ပစ်လိုက်လေသည်။ အလိုကြီး၍ အရနည်းဟူသော စကားပုံထက်ပင် သာလွန်၍ အလိုကြီး၍ လုံးဝမရဖြစ်ခဲ့ရသည်။ ထိုသူများသည် သူတို့၏မိုက်ကြွေးကို ခံစားရပေတော့မည်။

အထုပ်တစ်ရာဆရာတော်ကြီးသည် ထူးခြားသော အစွမ်းသတ္တိများလည်း ရှိခဲ့သည်။ တစ်နေ့သောအခါ တပည့်တစ်ဦး၏အိမ်တွင် နားနေခိုက် တပည့်ဖြစ်သူ ဈေးဝယ်ထွက်ရန် မော်တော်ဆိုင်ကယ်ကို စက်နှိုး၍မရဖြစ်နေသည်ကို တွေ့ရသဖြင့် ရေတစ်ခွက်ခပ်ခိုင်းပြီး ဆိုင်ကယ်ရှေ့ဘီးကို ရေဖြင့် လောင်းကာ -

"မင်းအလုပ် မင်းလုပ်"ဟု ဆိုလိုက်သည်။ ထိုအခါ ဆိုင်ကယ်မှာ တစ်ခဏအတွင်း စက်နိုးလာခဲ့သည်ဟု စာရေးသူအား ပြောဆိုခဲ့လေသည်။

အချို့ကမူ အထုပ်တစ်ရာဆရာတော်ကြီးသည် စစ်ကိုင်းမြို့ ဝက်ချက်ကျေးရွာရှိ ပရိယတ္တိစာသင်တိုက်ကြီး တစ်ခုမှာ စာချဆရာတော်တစ်ပါးဖြစ်ပြီး သတ္တဝါများကိုကယ်တင်ရန် တာဝန်ပေးချက်အရ ဤကဲ့သို့ အရူးသဏ္ဌာန်ဖြင့် လာရောက်၍ ကယ်တင်သင့်သူများကို ကယ်တင်ပေးနေကြောင်း။ မူလစာသင်တိုက်ကြီးမှာလည်း အထုပ်တစ်ရာဆရာတော်ဘုရားကြီး၏ သတင်းကို စုံစမ်း၍ လိုက်ရှာဖွေကြောင်း။ သို့သော် ဆရာတော်ကြီးက လုံးဝအတွေ့မခံဟု သိရှိရကြောင်း ပြောကြလေသည်။ ဆရာတော်ကြီး၏ဘဝကား အလွန်ပင် လျှို့ဝှက်နက်နဲလှပေသည်။

အထုပ်တစ်ရာ ဆရာတော်ကြီးသည် ရဟန္တာလား။ ဝိဇ္ဇာလား။ အရိယာ ဝိဇ္ဇာလား။ ရဟန်းကိစ္စပြီးမြောက်ပြီးလား ဆိုသည်များကိုတော့ တပည့်သားသမီးများက မသိကြသလို ဆရာတော်ကြီးကလည်း ပြောမည်မဟုတ်။ ဆရာတော်နှင့် ပတ်သက်သော မွေးသက္ကရာဇ်နှင့် ရဟန်းရက်ချုပ်ဟူသော မိတ္တူကူးယူထားသည့် ဟောင်းနွမ်းလှသော စာရွက်ပေါ်တွင် မွေးသက္ကရာဇ်မှာ ၁၂၅၀ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ဤသို့ဆိုလျှင် ဆရာတော်ကြီး၏ သက်တော်သည် ၁၂၆ နှစ် ရှိခဲ့လေပြီ။ ဤသည်ကိုလည်း အမှန်ဟုမယူဆနိုင်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းများစွာ အတူနေခဲ့ကြသော တပည့်များက မိမိတို့သည် တစ်နှစ်ထက်တစ်နှစ် အသက်ကြီးကာ အိုမင်းရင့်ရော်လာသော်လည်း ဆရာတော်ကြီးမှာ မိမိတို့နှင့် စတင်တွေ့ရှိခဲ့ရသော အချိန်ကအတိုင်း အရွယ်မပြောင်းလဲခဲ့ဟု ဆိုကြသည်။

အထုပ်တစ်ရာ ဆရာတော်ကြီးသည် ၂၉-၁၂-၂၀၁၃ သောကြာနေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၉ ရပ်ကွက် ကျောင်းလမ်းနေအိမ်တွင် ဘုရား၊ ရဟန္တာများသော်မှ မလွန်ဆန်နိုင်ကြသော သင်္ခါရတရားအရ ခန္ဓာဝန်ချ ပြောင်းကြွခဲ့လေတော့သည်။

**ကျော်စံလင်း**

ကိုးကား

သာသနာပြု မဟာဒွိသိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီး (ဒုတိယတွဲ)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ စိညာဉ်လောက ယုံကြည်ချက်များ

## လှတိုး ( စိတ်ပညာ )

### နာမည်ကျော် စာရေးဆရာအချို့၏ စိတ်နယ်လွန်ဖြစ်ရပ်များ

**ချား(လ်)(စ်)ဒစ်ကင်း**
**(Charles Dicken)**

ချား(လ်)(စ)ဒစ်ကင်းသည် သူ၏ စာရေးသက် ၃၅ နှစ်တွင် ဝတ္ထုရှည်ကြီး ၁၅ ပုဒ်၊ ဝတ္ထုလတ်အများအပြား၊ ဝတ္ထုတို၊ ဆောင်းပါးအများအပြားကို ရေးသားခဲ့သည်။ သတင်းစာနှင့် မဂ္ဂဇင်းများတွင် အယ်ဒီတာလုပ်ခဲ့သလို ပြဇာတ်များရေး၍ ပြဇာတ်အချို့တွင် သူကိုယ်တိုင် ဝင်ရောက်ကပြဖူးလေသည်။

ချား(လ်)(စ)ဒစ်ကင်းသည် လူထူးလူဆန်းတစ်ယောက် ဖြစ်သည်ဟု ဆိုသည်။ မနောသုတေသီအသင်းကြီး၏ မနောသုတေသီလုပ်ငန်းများကို လေ့လာခဲ့သူလည်းဖြစ်သည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ကွယ်လွန်သူများ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟူသော သဘောထားကို လက်ခံယုံကြည်သူ အများအပြား ပေါ်ပေါက်လာခဲ့သည်။ ဝိညာဉ်ဆရာ၊ ဆရာမများလည်း ပေါ်ပေါက်လာခဲ့၏။

ချား(လ်)(စ)ဒစ်ကင်းသည် စာရေးဆရာအဖြစ် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့်အချိန်တွင် သဘာဝလွန် ပညာရပ်များဘက်သို့ ကိုင်းညွတ်လျက်ရှိနေပြီဖြစ်၏။ ဂမ္ဘီရစာအုပ်များကိုလည်း လေ့လာခဲ့သည်။

ဒစ်ကင်းသည် တစ်နေ့တွင် ထူးခြားသောအိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။ ထိုအိပ်မက်တွင် သူ၏ နှစ်ပေါင်းများစွာ ကွဲကွာနေသော မိတ်ဆွေတစ်ဦး သူ့ထံသို့ လာရောက်ခဲ့သည်ကို မြင်မက်ခဲ့၏။ နောက်တစ်နေ့နံနက်တွင် သူ့အိပ်မက်၌တွေ့ရသည့် မိတ်ဆွေသည် အိပ်မက်ထဲတွင် မြင်တွေ့ရသည့် ဝတ်စုံကို ဝတ်ဆင်ထားသည်ကို အံ့ဩဖွယ်တွေ့ရလေသည်။ ဤမှစ၍ ဒစ်ကင်းသည် စိတ်စေတသိက်တို့၏ ထူးခြားသောစွမ်းရည်ကို သိရှိလာခဲ့ပြီး မနောသုတေသီတို့နှင့်ပိုမိုနီးကပ်ရန် အကြောင်းဖြစ်လာခဲ့၏။

၁၈၆၀ ပြည့်နှစ်ခန့်မှစ၍ နောက်ပိုင်းတွင်ရေးသားခဲ့သော ကမ္ဘာကျော်ဝတ္ထုကြီးများနှင့်ပတ်သက်ပြီး ချား(လ်)(စ)ကင်းက အောက်ပါအတိုင်း ဝန်ခံသည်။ "ကျွန်တော် ကလောင်ကိုင်လိုက်တာနှင့်ပင် စဉ်းစားစရာမလိုတဲ့ အလိုလိုရေးသားလိုက်ရသလို ဖြစ်ခဲ့ရပါသည်" ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ထိုစဉ်က သူရေးသားခဲ့သော ထူးဆန်းသည့် The Old Curiousty Shop ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ဟူသော စာအုပ်မှာ စာအုပ်ရေ သိန်းကျော် ပုံနှိပ်ထုတ်ဝေခဲ့ရသည်ဟု ဆိုကြ၏။ သူ့ဝတ္ထုကြီးများကို တစ်စုံတစ်ဦး၏ ဝိညာဉ်က မှုတ်ရေးသားသည်ဟု ထင်ကြသည်။

ချား(လ်)(စ)ဒစ်ကင်းသည် သူ့မိတ်ဆွေများ၊ မနောသုတေသီများ၏ တိုက်တွန်းချက်၊ သူ၏စိတ်စွမ်းအင် စေ့ဆော်ချက်တို့အရ ထူးခြားသော ကြီးငွေ့ဖွယ်ရာအိမ်ကြီး(သို့) အမင်္ဂလာအိမ် Bleak House ကို ရေးသားခဲ့လေသည်။ ယင်းစာအုပ်သည် ယခင်ရေးသားခဲ့သော ဘဝသရုပ်ဖော် စာအုပ်များနှင့်မတူ။ သီးခြားခွဲထွက်လာသော သဘာဝလွန်ဖြစ်ရပ်များကို အခြေခံသော ဝတ္ထုကြီးဖြစ်သည်။

ချား(လ်)(စ)ဒစ်ကင်း၏ အချို့ဝတ္ထုဇာတ်လမ်းများသည် သူ၏အိပ်မက်အရ ရေးသားခဲ့ခြင်းဖြစ်သည်ဟု အပို့မမဂ္ဂဇင်းဆောင်းပါးတွင် ဖော်ပြခဲ့သေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပုဂ္ဂလကတိုက်မှုများ (Poltergeist) နှင့် အလိုအလျောက် လောင်မီးကျခြင်းဖြစ်ရပ်တို့သည် ဆင်တူဖြစ်ရပ်များဟု မနောသုတေသီတို့က ဆိုကြသည်။ အလိုအလျောက် လောင်မီးကျခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု စာပဒေသာမဂ္ဂဇင်းမှ ထုတ်ဝေသော Mistreis of the Unexplain ဟူသော မရှင်းလင်းနိုင်သေးသည့် ဖြစ်ရပ်မှန် လျှို့ဝှက်ဆန်းကြယ် အကြောင်းအရာများ စွယ်စုံကျမ်းတွင် ဓာတ်ပုံ အထောက်အထားများနှင့် စုစုစည်းစည်း ဖော်ပြထားခဲ့သည်။

**ပြင်သစ်ပြည်၊ ပါရီမြို့ မွန်ပါးစာရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် နေထိုင်သော အမျိုးသမီးတစ်ဦးမှာ ချား(လ်)(စ)ဒစ်ကင်း ဝတ္ထုကြီးတွင်ပါဝင်သည့် ဇာတ်ကောင်ကဲ့သို့ လူ့ကိုယ်မှ အလိုအလျောက် မီးတောက်၍ ကွယ်လွန်ခဲ့သည်ဆို၏။**

လောင်မီးကျပုံများကို မနောသုတေသနအသင်းကြီးကလည်း နောင်အခါတွင် သုတေသနပြုလုပ်ခဲ့ကြ၏။ ပြင်သစ်ပြည်၊ ပါရီမြို့ မွန်ပါးစာရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် နေထိုင်သော အမျိုးသမီးတစ်ဦးမှာ ချား(လ်)(စ)ဒစ်ကင်းဝတ္ထုကြီးတွင် ပါဝင်သည့် ဇာတ်ကောင်ကဲ့သို့ လူ့ကိုယ်မှ အလိုအလျောက် မီးတောက်၍ ကွယ်လွန်ခဲ့သည်ဆို၏။ ထိုအဖြစ်အပျက်မှာ ၁၆၇၃ ခုနှစ်က ဖြစ်ပွားခဲ့သဖြင့် ပထမဆုံးသော လောင်မီးကျခြင်း ဖြစ်ရပ်တစ်ခုဟု ဆိုကြ၏။ ဤသို့ လောင်မီးကျခြင်းကို အချို့က ပြင်ပကမ္ဘာမှ တန်ခိုးရှင်များ၏ ဖန်တီးမှုကြောင့်ဟု ယူဆကြ၏။

မည်သို့ပင်ဆိုစေ စာရေးဆရာကြီး ချား(လ်)(စ)ဒစ်ကင်းက လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်ခန့်ကပင် သူ့ဇာတ်ဆောင်တစ်ဦးကို လောင်မီးကျခြင်းဖြင့် အဆုံးစီရင်ခဲ့ပုံ ထူးခြားသည့် ဖြစ်ရပ်ကို အဘယ်ကြောင့် ကြိုတင်ရေးသားနိုင်ခဲ့သည်ကို မည်သူမျှ ဖြေဆိုနိုင်ခြင်းမရှိပေ။

□

**ရုယဒ်ကစ်ပလင်း**

**(Rudyard Kipling)**

စာရေးဆရာကြီး ရုယဒ်ကစ်ပလင်းသည် နိမိတ်အိပ်မက်တစ်ခု အကြောင်းကို သူ၏အတ္ထုပ္ပတ္တိ Something တွင် ရေးသားထားခဲ့သည်။

သူသည် အခမ်းအနားတစ်ခု ကျင်းပနေသော ခန်းမကြီးတစ်ခုထဲသို့ လူစုလူဝေးများစွာဖြင့် ရောက်ရှိနေခဲ့သည်ဟု အိပ်မက်မက်ခဲ့သည်။ ထိုသို့ အိပ်မက်မြင်မက်ပြီး သီတင်းခြောက်ပတ်အကြာတွင်မူ သူသည် ဝက်စမင်နစ်စတာဝတ်ကျောင်းတော်သို့ ရောက်ရှိနေခဲ့သည်။ ထိုဝတ်ကျောင်းတော်တွင် ဝေလမင်းသားကြီးက ပထမကမ္ဘာစစ်က ကျဆုံးခဲ့သည့် စစ်သည်များကို ဂုဏ်ပြုသည့် အထိမ်းအမှတ် ကမ္ပည်းပြားဖွင့်လှစ်သည့် အခမ်းအနားကြီး ကျင်းပနေခြင်းဖြစ်သည်။

စစ်သချိုင်းကော်မရှင် အဖွဲ့အစည်းသည် ဝတ်ကျောင်းတော်၏ ရှေ့မျက်နှာစာတွင် တန်းစီနေရာယူလိုက်ကြသည်။ ဝန်ကြီးဌာနနှင့် ဝတ်ကျောင်းတော်မှလူများ သူတို့နောက်မှ လူထုတို့ တန်းစီနေရာယူလိုက်ကြသည်။ အားလုံး အနက်ရောင် ဝတ်ဆင်ထားခဲ့ကြသည်။

ကစ်ပလင်း၏ ဘယ်ဘက်ရှိ လူထွားကြီးတစ်ဦးက ကင်းပလင်း၏မြင်ကွင်းကို ရှေ့မှ ပိတ်ဆီးနေခဲ့သည်။ ကစ်ပလင်းသည် "ဤနေရာသို့ သူယခင်က ရောက်ဖူးသည်"ဟု ခံစားလိုက်မိသည်။ အခမ်းအနားသည် ကစ်ပလင်း အိပ်မက်မက်ခဲ့သည့်အတိုင်း တစ်သဝေမတိမ်းဖြစ်နေခဲ့သည်။ အခမ်းအနား ကျင်းပနေစဉ် စိတ်အတော်လှုပ်ရှားနေသူတစ်ယောက် သူ့လက်မောင်းကိုဖမ်းဆွဲ၍ သူ့ကို စကားပြောဆိုသည်အထိ အိပ်မက်ထဲကအတိုင်း ထပ်တူဖြစ်နေခဲ့သည်ဟု ဆိုပါသည်။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com



# စာတောရဲ့အာလယ်မှာ

မောင်ကောင်းမြင့်

"ဆရာက မြန်မာနိုင်ငံ ခေတ်ဟောင်း၊ ခေတ်သစ် စာကြည့်တိုက်ခရီးအကြောင်းရေးထားတော့ စာကြည့်တိုက်နဲ့ စာအုပ်ဆိုင်ကို စိတ်ဝင်စားမှာမို့ ကျွန်တော်တို့ ဒီနေ့ ဖို့(တ်)ဝိန်းမြို့မှာရှိတဲ့ ACPL= Allen County Public Library နဲ့ Hyde Brothers Book Centre ကို သွားကြမယ်"ဟု ကိုမျိုးမြင့်က ဆိုသည်။

အဲလင်ကောင်တီ ပြည်သူ့စာကြည့်တိုက်၏ ကြီးကျယ်ခမ်းနားခြင်း၊ စာအုပ်စုံခြင်း၊ သမိုင်းကြောင်းအစွန့်ရှည်ခြင်းတို့ကို ပြောခြင်းသည် ရေမချိုးရသေးဘူးဟု ဆိုခြင်းမျိုးဖြစ်ဖွယ်ရှိပေလိမ့်မည်။ သို့သော် စာကြည့်တိုက်သမိုင်းရေး သူအဖို့မှ နိဒါန်းပျိုးမှသာ စာကိုယ်အတွက် အဆင်ပြေမည်ဖြစ်သဖြင့် အတန်ငယ် ဖော်ပြပါမည်။

၁၈၉၅ ခုနှစ်တွင် မြို့တော်ခန်းမ၌ စာအုပ် ၃၆၀၀ ကျော်ဖြင့် စတင်ဖွင့် လှစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် ကိုယ်ပိုင်အဆောက်အအုံကို ဝယ်နိုင်ခဲ့၏။ ထိုစဉ်က ဒေါ်လာ ၁၄၀၀၀ တန် အဆောက်အအုံကလေး။ ၁၉၂၃ ခုနှစ်တွင် ဖို့(တ်)ဝိန်းမြို့ ပြည်သူ့စာကြည့်တိုက် ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် မြို့နယ်ပြည်သူ့စာကြည့်တိုက်အဆင့်မှ ကောင်တီ (County) ခရိုင်အဆင့် ဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် ဝယ်ယူထားသော မြေစတုရန်းပေ ၃၆၇၀၀၀ ပေါ်တွင် ဒေါ်လာ ၈၄ သန်း အကုန်အကျခံ၍ ယခု ပြည်သူ့စာကြည့်တိုက်ကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ကောင်တီ(County)ခရိုင် တစ်ခရိုင်လုံးတွင် အခမဲ့ ပြည်သူ့စာကြည့်တိုက် ၁၄ ခုရှိရာ ၎င်း ACPL ခေါ် အဲလင်ကောင်တီ ပြည်သူ့စာကြည့်တိုက်ကား အကြီးဆုံးဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် အကြီးဆုံးသတ်မှတ်ချက်အဆင့် ၂၀ ၌ ရှိနေပြီး စာအုပ် ၃ ဒသမ ၄ သန်းရှိသည်။ လာရောက်ဖတ်ရှုသူ နှစ်စဉ် သုံးသန်းရှိသည်။ (အထူးသဖြင့် ၎င်းစာကြည့်တိုက်၌ ဆွေစဉ်မျိုးဆက် မျိုးရိုးမိသားစုသမိုင်း Genelogy ပညာရပ်ဖြစ်သော Family History Library အဖြစ် စာအုပ်အစုံအလင်ဆုံးဟု သတ်မှတ်ထားသည်။ ထိုဘာသာရပ် စာအုပ်သုံးသိန်းခွဲ မိုက်ကရိုဖလင် ငါးသိန်းခွဲခန့် ရှိသည်။) နှစ်စဉ် ဘတ်ဂျက်ဒေါ်လာ ၁၁ သန်းကျော် ရရှိထားသည်။

စာကြည့်တိုက်၏ အဝင်၌ ကလေးငယ်များအတွက် ဖွင့်စင်စနစ် (Open Shelf) ဖြင့်ထားသော စာအုပ်များကို ကလေးများကိုယ်တိုင် ကြည့်နေကြသည်။ အသက်ငါးနှစ်ခန့်သာရှိပေလိမ့်မည်။ မိခင်က ဘာမျှမပြော၊ ဘေးမှသာ ကြည့်နေသည်။ သူတို့စိတ်ကြိုက် ရွေးယူ၍ Checkout စက်တွေ ကိုယ်တိုင် ထုတ်ယူတတ်နေပြီ။ ထိုအခန်းတွင် ကလေးများကို Talking, Playing, Singing, Writing and Reading ဟူသော ပြောကြ၊ ဆိုကြ၊ ကစားကြ၊ သီချင်းဆိုကြ၊ စာရေးကြ၊ စာဖတ်ကြဟူသည့် ခေါင်းပုဒ်ဖြင့် စီမံထား သည်။ (သုံးလေးနှစ်အရွယ်များကိုပင် စာအုပ် စာပေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တေးဂီတဖြင့် ရင်းနီး အောင် စီမံထားသော စာကြည့်ခန်းဖြစ် ပေသည်။)

စာကြည့်တိုက်မှာ သုံးထပ်အဆောက်အအုံအပြည့် စာအုပ်များရှိရာ မိမိတို့သည် မြေညီထပ်၌ပင် နာရီအတန်ကြာ ကြည့်ရှုရသည်။ စာတောရဲ့အလယ်မှာပဲ ဟု ဆိုနိုင်ပါ၏။

တစ်နေရာတွင် ဖွင့်စင်တစ်ခု၌ ပြသထားသော စာအုပ်များကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူ၍ အလှူထည့် နိုင်သည်။ မည်သည့်စာအုပ်မဆို တစ်အုပ်လျှင် ၂၅ ဆင့် (တစ်မတ်)ထည့်၍ ကြိုက်ရာရွေးယူနိုင်သည်။ ကျွန်တော်က မြေးကလေး မောင်ကောင်းထိုက်အောင်အတွက် ရုပ်ပြများ များ၊ စာနည်းနည်းပါသော ကလေးစာအုပ် (အခဲ့ချုပ်များဖြစ်၍ အတော်လေးရာ လေယာဉ်စရိတ် ကြိုတင်တွက်၍) ငါးအုပ် = တစ်ဒေါ်လာဖိုးသာ ဝယ်ခဲ့၏။ ကိုမျိုးနှင့် ကာရင်တို့မောင်နှံ က စာအုပ်အထူကြီးတွေ ၁၀ အုပ်လောက် နှစ်ဒေါ်လာဖိုး ဝယ်ခဲ့၏။ (တစ်အုပ်ချင်း ၂၅ ဆင့်ဖြစ်သော်လည်း ငါးအုပ် ယူပါက တစ်ဒေါ်လာသာသာ ကျသင့်ပါသည်။ ထိုစာအုပ် များမှာ ရန်ကုန် အင်းဝတိုက်၌ပင် မတွေ့ခဲ့ရသေးပါ။ စာ အကြောင်းအရာဖယ်ထားပြီး စက္ကူသားနှင့် စာအုပ်ချုပ်လုပ် ပုံဖြင့်ပင် မြန်မာငွေကျပ် ၃၀၀၀ မှ ၁၅၀၀ ခန့်တန်ပေလိမ့်မည်။

ယေးလ်တက္ကသိုလ်သို့ ရောက်စဉ်က ယခုကဲ့သို့ ပြည် သူ့စာကြည့်တိုက်မဟုတ်ဘဲ အကယ်ဒမစ် (ပညာရပ်ဆိုင် ရာနှင့် သုတေသနအတွက် သီးခြားဖွင့်လှစ်ထားခြင်းကြောင့်) သီးသန့်စာကြည့် တိုက်ဖြစ်၍လည်းကောင်း၊ အချိန်မရသော ကြောင့်လည်းကောင်း ကြည့်ရှုဖြင့်သာ ကျေနပ်ခဲ့ရသည်။ နယူးယောက် ပြည်သူ့စာကြည့်တိုက်တွင်မူ စာငှားကတ်ပြု လုပ်၍ ငှားရမ်းခဲ့ဖူးသည်။ စာကြည့်တိုက်၌ စာအုပ်သာမက VCD (ရုပ်ရှင်၊ ဂီတမှတ်တမ်း) အခွေများပါ ငှားရမ်းခွင့်ရှိ သည်။ နယူးယောက် Brooklyn ပြည်သူ့စာကြည့်တိုက်မှာ ခမ်းနားပြည့်စုံလှသည်။ (ထိုအကြောင်းများကိုရေးခဲ့ပြီးပါပြီ။ စံတော်ချိန်သတင်း စာ ၂၆-၆-၂၀၁၃ နှင့် US ခရီးသည် စာ - ၁၁၂)

"ကျွန်တော်တို့ မြန်မာစာအုပ်တွေ သွားကြည့်ကြရ အောင်"ဟု ကိုမျိုးမြင့်က ပြောလျှင် ကျွန်တော် အံ့သြသွား သည်။ ထိုစာအုပ်စင်သို့ရောက်သောအခါ ပို၍အံ့သြရတော့၏။

"ဦးကုလား၊ မဟာရာဇဝင်ကြီး၊ စွယ်စုံကျော်ထင်ကျမ်း၊ ကုန်းဘောင်ရာ ပုံတော်"တို့မှအစ "စုံထောက် မောင်စံရှား ပေါင်းချုပ်၊ မွေး"တို့အလယ် ဘာသာရေး၊ နိုင်ငံရေး စာအုပ် များကို ဖွင့်စင်နှစ်တန်း၌ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မြန်မာအများအပြားရှိကြ၍ စာပေဝါသနာရှင်၊ စေတနာ ရှင်တို့က လှူဒါန်းကြခြင်းပင် ဖြစ်ပေလိမ့်မည်။ ဤစာကြည့် တိုက်ကြီးတွင် မြန်မာစာအုပ်အများအပြား ရှိနေခြင်းကပင် ကောင်းသောလက္ခဏာဖြစ်သည်။ မိမိသည်လည်း ရန်ကုန်မှ ယူသွားခဲ့သော ယောမင်းကြီးစာပေတိုက်ထုတ် စာအုပ်အချို့ ကို လှူဒါန်းခဲ့ပေသည်။ နတ်လူသာဓုခေါ်စေသော်။

ထူးထူးခြားခြားပြောရလျှင် စာကြည့်တိုက် ဝန်ထမ်း များ၏ ဖော်ရွေမှုနှင့် အပြုံးဖြင့် ကြိုဆိုနှုတ်ဆက်တတ်မှု ဖြစ်သည်။ ဤနိုင်ငံတွင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အရောင်း ဌာနများ၊ လူမှုဌာနများ၊ ရုံးဌာနတို့မှ ပုဂ္ဂိုလ်များသည် လာ ရောက်သူတို့အား အပြုံးဖြင့် နှုတ်ဆက်ခြင်းသာမက အချိန် အခါအလိုက် နံနက်၊ နေ့ခင်း၊ နေ့အလိုက် အသုံးအနှုန်းဖြင့် စကားဆိုကြ၏။ Thank you ခြင်း အကြိမ်ကြိမ်ထပ်နေ သည်။ ထိုပုဂ္ဂိုလ် ပြန်အထွက်၌လည်း ဆုတောင်းနှုတ်ဆက် က ပါသေးသည်။ လောကွတ်ပဲဆိုဆို၊ ကြားရသူ နားချမ်းသာ ၏။ အပြုံးကိုမြင်ရ၍ စိတ်ချမ်းသာ၏။ ဖော်ရွေမှုနှင့် သည်းခံ မှုကြောင့် ကျေနပ်ရ၏။

မိတ်ဆွေတစ်ဦးကမူ "သည်မှာက Customer Exprence Index လို့ခေါ်တဲ့ ဝန်ဆောင်မှုအတွေ့အကြုံ အကဲဖြတ်ခြင်း ဝန်ထမ်းမှတ်တမ်းရှိတယ်။ လာတဲ့ပုဂ္ဂိုလ်က မကျေနပ်လို့ ဌာနအကြီးအကဲကိုတိုင်ရင် မှတ်တမ်းဝင်သွား ရော။ ဆက်ဆံရေးညံ့သူအဖြစ် စောင့်ကြည့်ပြီး အတိုင်ခံရ တာများရင် အရေးယူတယ်"ဟု ဆို၏။

အရောင်းဆိုင် ကြီးကြပ်သူ မိတ်ဆွေတစ်ဦးက "ကုန် တိုက်တွေက ငွေသိမ်းကောင်တာ Cashier တွေကပေး တဲ့ ပြေစာမှာ ငွေလက်ခံသူနာမည်ပါတာ တွေ့တယ်မဟုတ် လား။ ဒီနာမည်ဖြင့် ငွေများများလက်ခံနိုင်တာ(အရောင်း သွက်တာပေါ့ဗျာ)ဆိုရင် အမှတ်ရတယ်။ Credie ဆိုပါ တော့"ဟု ရှင်းပြသည်။ ဝန်ထမ်းသည် ဝန်ဆောင်သူဖြစ်ရမည်။ လာရောက်သူကို ရန်သူလိုဆက်ဆံသောခေတ် စွဲနေသည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နိုင်ငံက ဝန်ထမ်းများကို အမေရိကားသို့လွှတ်လျှင် ကောင်းပေလိမ့်မည်။ (ဝန်ထမ်းများ စိတ်ဆိုးကြလေမည်လား။)

မိမိရေးခဲ့သော ဗာဂျီးနီးယားမှ ဖို့(တ်)ဝိန်းသို့ အဝေးပြေးကားဖြစ်လာရသော ခရီးစဉ်၌ ယာဉ်မောင်းများ စည်းကမ်းရှိပုံ၊ ခရီးသည်ကို လေးစားပုံနှင့် လမ်းခရီး အန္တရာယ်ကင်းစေရန် (ယာဉ်ပြောင်းပေးခြင်း၊ ယာဉ်မောင်းပြောင်းပေးခြင်းတို့မှာ ကရိကထများသည်ဟု ထင်ရသော်လည်း တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း ရှိနေသည်မှာ အမှန်ပင်ဖြစ်၍) စီမံထားပုံကို အတုယူသင့်မသင့် သက်ဆိုင်ရာတို့ စဉ်းစားသင့်သည်။

ကျွန်တော်တို့သည် ပြည်သူ့စာကြည့်တိုက်တွင် လေ့လာပြီးသောအခါ Hyde Brothers Book Center သို့ သွားကြသည်။ N.Well St တွင်ရှိသည်။ ဆိုင်နံရံအပြည့် ဖို့(တ်)ဝိန်းမြို့ ပန်းချီကားကြီးက ထင်ရှားလှပစွာ ဆီးကြိုနေသည်။ ပေ ၄၀ × ၂၀ လောက် ရှိပေမည်။

စာအုပ်ပေါင်း တစ်သိန်းကျော်ရှိသည်။ ဘာသာရပ်မျိုးစုံကို စနစ်တကျ အကန့်အကန့်ခွဲထားသည်။ ဈေးကလည်း သက်သာသည်။ လူနှစ်ရပ်ခွဲလောက်မြင့်သော အထက်ဆုံးတန်းက စင်မြင့်များပေါ်သို့ တက်ကြည့်နိုင်ရန် အပေါ်လိုင်းတန်းဖြင့် ချိတ်ဆွဲထားသော လှေကားအရှင်တပ်ထားသည်။ စာဖတ်သူတို့၏ ရတနာသိုက်ဟူသော မှတ်ချက်ကို ဖတ်ရ၏။ ထိုင်စရာခုံကလေးများဖြင့် အေးအေးလူလူ ဖတ်ရှုရွေးချယ်နိုင်ရန် စီစဉ်ပေးထားသည်။ အခန်းတိုင်းတွင် စာဖတ်နေသူ၊ စာအုပ်ရှာနေသူ တစ်ဦးနှစ်ဦး တွေ့ရသည်။ ရန်ကုန်က အပေါင်းတန်းလို နေရာမရပေဟုတ်။

The Great Book of French Impressionism နှင့် The Complete Work of Michelangelo ဟူသော စာမျက်နှာ ၅၀၀ ကျော် အတ်ပေပါ အထူစားနှင့် ရောင်စုံ ပုံနှိပ်ထားသော ၁၂×၁၈ လက်မအရွယ်လောက်ရှိ စာအုပ်အထူကြီးကြီး နှစ်အုပ်ကို သဘောကျမိ၏။ တစ်အုပ်မှ ဒေါ်လာ ၂၀ စီ။ တန်လိုက်သည့်ဖြစ်ခြင်း။ သို့သော် လေယာဉ်ဖြင့် သယ်ဖို့မလွယ်။ လက်လျှော့လိုက်ရသည်။ အမှတ်တရ စာအုပ်ပါးပါးလေးတစ်အုပ်သာ ဝယ်ဖြစ်၏။ ငါးဒေါ်လာ။ လူငယ်များအတွက် ရည်စူးရေးသားထားသော Kay West ၏ How to Raise a Gentleman ဟူသော စာအုပ်ဖြစ်၏။

စာအုပ်ဆိုင်ထဲတွင် တစ်နာရီခွဲလောက် ကြာသွားသည်။ ကိုမျိုးမြင့်နှင့် ကျွန်တော်က မပြန်လိုသေးသော်လည်း လိုက်ပို့သူ ကာရင်ကိုအားနာ၍ (သူမှာ အိမ်မှုကိစ္စထားပြီး တစ်နေကုန် လိုက်ပို့ရသဖြင့်) ပြန်ခဲ့ကြ၏။ တစ်နေ့တာလုံး စာတောရဲ့အလယ်မှာ ရောက်နေခဲ့ရသော်လည်း မမောနိုင်ပါလား။

စာကြွင်း။ ။ ACPL အဲလင်ကောင်တီ ပြည်သူ့စာကြည့်တိုက်သို့ မိမိ၌ပါလာသော မိမိစာပေတိုက်ထုတ် စာအုပ် ၁၁ အုပ်ကို ၂၆-၆-၂၀၁၅ က လှူဒါန်းရာ စာကြည့်တိုက်မှူး (စာဖတ်သူဝန်ဆောင်ဌာန) မစ်မီဂန်ဘဲလ် (Ms. Megan Bell နှင့် လက်ထောက် Brian Peisce မြန်မာ ဝန်ထမ်း ဦးလှကြိုင်တို့က လက်ခံရယူသည်။ ဝမ်းသာကြောင်း ပြောကြား၏။ ဦးလှကြိုင်က ဌာနများကိုလိုက်ပြရာ သူတို့၏ ဝန်ဆောင်မှုမှာ စာဖတ်သူအား နေရာမရွေး၊ အချိန်မရွေး မှာကြားသူထံ အရောက်ပို့သောစနစ်ကို နှစ်သက်မိသည်။ ကလေးများအတွက် ကျွေးမွေးပြီး ပျော်ရွှင်စွာထားကာ စာဖတ်လေ့ကျင့်ပေးပုံမှာ အံ့ဩလောက်သည်။ မိမိတို့နိုင်ငံတွင် တစ်ခုတည်းသော အမျိုးသားစာကြည့်တိုက်၏ စာပေဝန်ဆောင်မှု အားနည်းပုံကို သတိရမိသည်။ စာကြည့်တိုက်နှင့် ပညာရေးဝန်ဆောင်မှု အားနည်းခြင်းသည် လူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနည်းလာစေသည်ကို ထီးတည်းနေခြင်းဖြင့် မထင်ရှားသော်လည်း နှိုင်းယှဉ်ဖွယ်နှင့် ကြုံလာသောအခါ မည်မျှလောက်ပြင်ဖို့ လိုလာပြီကို ကောင်းစွာခံစားမိလေသည်။ ဘယ်တော့များမှ စာကြည့်တိုက်ပီသ၍ စာကြည့်တိုက်မှူးကောင်းများကို တွေ့မြင်ရပါမည်နည်း။ စာအုပ်များကို ထိန်းသိမ်းခြင်းသည် စာကြည့်တိုက်မဟုတ်။ စာအုပ်များကိုမှီ၍ လစာယူနေရုံဖြင့် စာကြည့်တိုက်မှူးကောင်းမဖြစ်။ ဝန်ဆောင်မှုပေးရာဌာန၊ ဝန်ဆောင်မှုပေးသူသာလျှင် စာကြည့်တိုက်မည်၍ စာကြည့်တိုက်မှူး ပီပေသည်။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းတော်နတ်သား

■ ထီးနတ်လှိုင်

ပွင့်တော်မူလတ္တံ့သော မေတ္တေယျဘုရားအလောင်းကို အလောင်းတော်နတ်သားဟု သိထားကြပါသည်။ အလောင်းတော်နတ်သား၏ ပုံတော်နှင့် ဗိမာန်ကို မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်ဘုရားဝန်းအတွင်း တွေ့ရ၏။ ကားလမ်းအဝင် ရုပ်လုံးရုပ်ကြွ အာရုံခံနှင့် မာတုဝင်ပြတိုက်ကြားတွင် ရှိနေသည်။ ဂဝံကျောက်နံရံကြီးပေါ်တွင် ရွှေနှုတ်မိန့်သံ ဗျာဒိတ်ခံသည့် လေးပွင့်တစ်ငုံ ကြာပန်းဖြစ်သည် ဖွားဖွားစွင့်စွင့်ပွင့်စေသော်ဟု ကမ္ပည်းစာတန်းကြီး ရေးထွင်းထားပါ၏။ စာတမ်းအောက်တွင် အလောင်းတော်နတ်သားဟူသည့် စာလည်း တွေ့ရသည်။

မေတ္တေယျဘုရားလောင်း နတ်သားအကြောင်းကို လွန်ခဲ့သော ၂၀၇ နှစ်က မုံရွာသီရိမာလာက မေးလျှောက်၍ မုံရွေးဇေတဝန်ဆရာတော်ကြီးက ဖြေကြားထားပါ၏။ သမန္တစက္ခုဒီပနီ ဒုတိယတွဲတွင် ဤသို့ တွေ့ရပါသည်။

သက္ကရာဇ် ၁၁၇၀ ပြည့်၊ တန်ခူးလဆန်း ၁ ရက် ကြာသပတေးနေ့ မုံရွာသီရိမာလာက မေးလာသည်ကား ၃၂ ပုစ္ဆာတစ်ကြောင်းလည်း မေတ္တေယျဘုရားလောင်း ဘယ်ဘုံမှာရှိမည်ကို သိလိုပါသည်။

၃၂ ဝိသဇ္ဇနာ(အဖြေ) မေတ္တေယျဘုရားလောင်း ဘယ်မှာရှိသည်ကို သိလိုပါသည်ဆိုရာ၌ မေတ္တေယျဘုရားလောင်း ဤကမ္ဘာ၌ ပွင့်လတ္တံ့ဟူ၍ "အဟ မေတ္တေယျ သမ္ဗုဒ္ဓေါ မေတ္တေယျောနာမ ဟေဿတိ"ဟူသော ဗုဒ္ဓဝင်ပါဠိတော်ပါ ထေယျဝဂ် အဂ္ဂညသုတ် ပါဠိတော် ရှင်းအဋ္ဌကထာတို့၌ လာသည်။ ယခု အဘယ်ဘုံမှာရှိသည်ကို ပါဠိအဋ္ဌကထာ ကျမ်းဂန်တို့၌ နလုံးမသွင်းမိ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏီမင်းကြီး သေအံ့သော အခါနီးလတ်သော် ရဟန်းတို့ကိုပင့်စေ၍ တရားတော်၊ ပရိတ်တော်တို့ကို ရွတ်စေ၏။ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စီးနှင့် နတ်သားခြောက်ယောက်တို့ကို တင်စိမ့်သောငှာ စေလိုက်၏။ နတ်သားတို့လည်း -

"ငါတို့နတ်ပြည်သည် နှလုံးမွေ့ လျော်ပျော်ဖွယ်ရာရှိပါသည်။ ငါတို့ရထား၌ စီး၍ လိုက်တော်မူပါလော့"ဟု အသီးသီး လျှောက်တင်ကြကုန်၏။ မင်းကြီးလည်း ထိုနတ်သားတို့၏စကားကိုကြား၍ "တရားနာဦးမည် ငံ့ဦးလော့"ဟု လက်ပြသော အခြင်းအရာဖြင့်တား၏။ ရဟန်းတို့လည်း ငါတို့ကို

www.burmeseclassic.com

တားသည်ဟု ထင်၍ ရပ်ကြကုန်၏။

မင်းကြီးလည်း ရပ်ကြောင်းကို မေး၏။ ရဟန်းတို့လည်း မင်းကြီးတားမြစ်သောကြောင့် ရပ်ကြောင်းပြော၏။ မင်းကြီးလည်း နတ်ပြည်ခြောက်ထပ်က ရထားနှင့်တင်လာကြောင်းကို ပြော၏။ လူများလည်း မင်းကြီး သေဘေးမှ ကြောက်၍ ပြည်တမ်းယောင်ယမ်းသည်ဟု ထင်မှတ်ကြကုန်၏။ ထိုအခါ မင်းကြီးဝယ် ယုံမှားခြင်းကို ပျောက်စိမ့်သောငှာ အဘယမထေရ်လည်း "ယုံမှားခြင်းကို ဖျောက်ပါလော့"ဟု မိန့်လျှင် ကောင်းကင်သို့ ပန်းကန်ကိုပစ်စေသော် ရထားစွန်း၌ငြိနေ၍ လေထဲ၌တည်နေသည်ကိုမြင်မှ ယုံကြည်ကြကုန်၏။ မင်းကြီးလည်း နတ်ပြည်ခြောက်ထပ်ဝယ် အဘယ်ပြည်သည် မွေ့လျော်ဖွယ်ရှိသနည်းဟုမေးသောကာလ အဘယမထေရ်သည် -

ဗုဒ္ဓါဘာဝါယ သမယံ၊
ဩလောကေန္တော မဟာဒယော။
မေတ္တေယျ ဗောဓိသတ္တော၊
ဝသတေ တုသိတေ ပုရေ။

ဟူ၍ မေတ္တေယျဘုရားလောင်း၏ နေတော်မူရာ တုသိတာနတ်ပြည်သည် သာယာမွေ့လျော်ဖွယ်ရှိကြောင်း မင်းကြီးလည်း စုတေလျှင် တုသိတာနတ်ရထား၌ နတ်သားဖြစ်ကြောင်း ထိုတုသိတာနတ်ပြည်သို့ သွားကြောင်း၊ နောင်အခါ လက်ယာရံဖြစ်အံ့သောအကြောင်း။ မင်း၏အဖသည် ဘုရား၏ ခမည်းတော်၊ မင်း၏မယ်တော်သည် ဘုရား၏မယ်တော်၊ ညီတော်သဒ္ဓါတိဿသည် လက်ဝဲရံ၊ သာလိမင်းသားသည် ဘုရားသားတော်ဖြစ်အံ့သော အကြောင်းတို့ကို မဟာဝင်ကျမ်းတွင် ဆိုထားပါသည်။

မဓုရသဝါဟိနီမည်သော သီဟဠဝတ္ထု၊ မာလယအတ္တုပ္ပတ္တိတွင် အရှင်မာလယမထေရ်နှင့် ဥပါသကာတစ်ယောက်တို့သည် တာဝတိံသာသို့ရောက်သောကာလ မေတ္တေယျဘုရားလောင်း တုသိတာဘုံမှသည် စူဠာမဏိစေတီတော်သို့ လာကြောင်းကို ဆိုထားပြန်သည်။

သုံးဆယ့်နှစ်ပါးချီသော တံတားဦးတည်၌လည်း "သမာရင့်ညောင်း၊ မိတ္တလောင်းလျှင်၊ နတ်ပေါင်းရံထပ်၊ နေဝင်းဆုံးကွယ်၍ နတ်ရပ်သာစွာ၊ တိသိတာကာ၊ လက်ယာစွယ်ရှင်၊ ဖူးလာသွင်သို့၊ မမြင်ပါရ၊ တောင့်တသသူ၊ လူခပ်သိမ်းအား နတ်ပြည်သွားလည်း၊ တစ်ပါးမလာ၊ သည့်နှယ်သာဟု၊ ခြင်းရာသိစေ့၊ ပြည့်နှံ့ပေသို့"ဟူ၍ ဖပ်ဆိုတော်မူပါသည်။

ထို့ကြောင့် မေတ္တေယျဘုရားလောင်း ယခု တိသိတာနတ်ပြည်မှာ ရှိ၏ဟူ၍ မှတ်သင့်သည်။

ဤကား မုံရွေးဆရာတော် အဖြေတည်း။ ရှင်းဗိမာန်တွင် မယ်တော်မိနတ်သားပုံလည်း တွေ့ရ၏။

မယ်တော်မာယာဒေဝီသည် ဘုရားလောင်းကိုဖွား၍ ခုနစ်ရက်မျှသာ တည်ပြီးလျှင် လူ့ပြည်မှ စုတေ၍ တုသိတာနတ်ပြည်၌ ယောကျ်ားအဖြစ် ဖြစ်လေ၏။ ထို့ကြောင့် တုသိတာနတ်ပြည်တွင် သန္တုသိတအမည်ဖြင့် နတ်သားနှင့် မေတ္တေယျအလောင်းတော်နတ်သားတို့ ရှိနေပါသည်။ ဂေါတမဘုရားရှင်၏ အဘိဓမ္မာတရား ဟောကြားရခြင်းအကြောင်းရင်းမှာ သန္တုသိတနတ်သားကို မွေးကျေးဇူးဆပ်ခြင်းဟူ၏။ မေတ္တေယျဘုရား အလောင်းလည်း တာဝတိံသာနတ်ပြည်သို့ တရားနာကြွမည်ဟု ယူဆရသည်။

တုသိတာနတ်ပြည်သည် နှစ်သက်ရွှင်လန်းခြင်း တုသိတသို့ ရောက်ရှိကြသည့် နတ်များ၏ နေရာဘုံဖြစ်သည်။ ထိုနတ်ဘုံ၌ နတ်တို့သည် ကြီးကျယ်မြင့်မြတ်သည့် စည်းစိမ်ကျက်သရေတို့နှင့် ပြည့်စုံ၍ အမြဲရွှင်လန်းစွာနေထိုင်ကြသည်။ ဘုရားအလောင်းတော်များသည် ဤနတ်ပြည်၌ ဖြစ်လေ့ရှိ၏။ အရိမေတ္တေယျဘုရားအလောင်းသည် ဤနတ်ဘုံ၌ ရှိနေ၏။

နတ်ပြည်၌ ကုသိုလ်ပါရမီများကို ပိုတိုးတက်အောင် လုပ်နိုင်ရန် အခွင့်အလမ်းမရှိသလောက် နည်းပါးလှသဖြင့် ဘုရားအလောင်းတော်တို့သည် နတ်ပြည်၌ သက်တမ်းစေ့အောင်မနေကြဘဲ အဓိမုတ္တိကာလံ ကိရိယာခေါ် စုတေခြင်းတစ်မျိုးဖြင့် လူ့ပြည်၌ဖြစ်လျက် ပါရမီကုသိုလ်များကို ဖြည့်ကျင့်တော်မူကြရပါသည်။

ကောင်းလွန်းလျှင်လည်း မကောင်း၊ မကောင်းလွန်းလျှင်လည်း မကောင်း၊ မကောင်းတစ်ကောင်းမှ ကောင်းသည်ဟု ယူဆရပါကြောင်း။

ထီးနတ်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



# လက်ဆောင်

မောင်ပုတ်စည်

ဗုဒ္ဓဘာသာ၌ ငါးပါးသီလမှာ သူရာမေရိရက်ဲ အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ရန် တားမြစ်ထားပါတယ်။ အခြားဘာသာတစ်ခုမှာဆိုရင်လည်း အလားတူပဲ အပြင်းအထန်တားမြစ်ထားပါတယ်။

ဘယ်အထိများလဲဆိုရင် အရက်သေစာကို သောက်ဖို့မပြောနဲ့ အသားကိုထိရင်တောင် ထိတဲ့နေရာကို ဓားနဲ့ ကွက်လှီးပြစ်ရမယ်လို့ တားမြစ်ထားပါတယ်။

တစ်နေ့တော့ မိတ်ဆွေတစ်ယောက်က ညည်းရှာပါတယ်။ သူက ရတနာသုံးပါး အလွန်ကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်ပါ။ ဘာသာရေးမှာ အင်မတန် ထုံမွှေ့ပါတယ်၊ အလွန်လည်း နူးညံ့သိမ်မွေ့ပါတယ်၊ စီးပွားရေးလည်း တော်တော်အောင်မြင်နေသူပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘာသာရေးသမား ပါဗျာ။ အရက်သေစာ သောက်စားတဲ့သူ မဟုတ်ဘူးဆိုတာလည်း ခင်ဗျားသိပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆက်ဆံရတယ်။ နောက် လူမှုရေးက ရှိနေပြန်တယ်။ အဲဒီမှာ မလွဲမသွေ အရက်သေစာနဲ့ ရင်ဆိုင်ရတယ်။ အတတ်နိုင်ဆုံးတော့ ထိန်းပါတယ်။

ဥပမာ တရုတ်နှစ်ကူး မိတ်ဆွေတွေဖိတ်လို့ သွားရတဲ့အခါ၊ လုပ်ငန်းကိစ္စ နိုင်ငံခြားသားတွေနဲ့ တွေ့ဆုံပြောဆိုရတဲ့အခါ၊ သူငယ်ချင်း မွေးနေ့ညစာစားပွဲသွားရတဲ့အခါ မသောက်တတ်ဘူးလို့ ပြောတော့ အပြင်းမသောက်လည်း ဘီယာလောက်တော့ သောက်ပါဗျာဆိုလို့ အနည်းအကျဉ်း မလွှဲသာမရှောင်သာ သောက်ရတာမျိုး တွေ့ကြုံရတယ်။

အဲဒီလို သောက်မိတဲ့အခါမျိုးကျရင် တော်တော်စိတ်မကောင်းဖြစ်ရတယ်။ တစ်ရက်၊ နှစ်ရက် ပုတီးမစိပ်နိုင်တော့ဘူး။ ကိုယ့်ကိုယ်ကို သန့်စင်အောင် ရေမိုးချိုးပြီး ပြန်သန့်ရတာပေါ့ဗျာ။ ဒါပေမယ့် လိပ်ပြာမသန့်ဘူး။ လုံးဝမသောက်ဘူးလို့ ယတိပြတ် ငြင်းဖို့လည်း အတော်ခက်ကျတယ်။ ဘာကြောင့်လဲဆိုတော့ ခုနပြောသလို ကုမ္ပဏီလုပ်ငန်းကိစ္စ၊ စီးပွားရေးလုပ်ငန်းကိစ္စက ရှိသေးတာကိုး"

မိတ်ဆွေက အဲဒီလို ညည်းညူတော့ မဟုတ်ဘူးဗျ။ ဖြေနည်းတစ်ခုတော့ ရှိရမယ်။ ဘာကြောင့်လဲဆိုတော့ အနာသိရင် ဆေးရှိတယ်ဆိုတာကိုး။ ပြီးတော့လည်း ကျွန်တော်တို့က ပုထုဇဉ်တွေလေ။ အရိယာတွေ၊ ရဟန္တာတွေမှ မဟုတ်သေးဘဲ။ ပြီးတော့ လောကီကိစ္စနဲ့ လောကုတ္တရာကိစ္စက တခြားစီပဲ။ ကျွန်တော် ဆရာတွေ၊ သမားတွေဆီမှာ ကြိုးစားမေးမြန်းကြည့်ပါဦးမယ်ဆိုပြီး ဆရာသမားတွေဆီတော့ မမေးဖြစ်ပါဘူး။

သီတင်းကျွတ်လ ရွာပြန်ပြီး အဘိုးအဘွားတွေ သွားကန်တော့ရင်း ရွာမှာ အသက်အကြီးဆုံး အသက် ၉၀ ကျော် အဘိုးမိတ်ဆွေ ဘကြီးကိုကန်တော့ရင်း စကားစပ်မိတာနဲ့ မေးကြည့်တော့ သူက ပြောပြပါတယ်။ သူမိခင်က သီလရှင်ဆရာကြီးဆိုတော့ သူ့ကိုလည်း ငယ်စဉ်ကတည်းက ဘုန်းကြီးကျောင်းမှာ စာသင်စေတယ်။ ရဟန်းဝတ်စေတယ်။ ဒါကြောင့် စာတတ်ပေတတ်ဖြစ်ကာ ဗုဒ္ဓစာပေလည်း နှံ့စပ်တယ်။ သူပြောတဲ့နည်းကို တစ်ပြလိုက်ပါတယ်။

သူက ပြောပါတယ်။ မင်းတို့ကွာ ဘာဆင်ခြေပေးပေး ဘာအကြောင်းပြပြ အရက်သေစာဆိုတာ တစ်ပုလင်းပဲသောက်သောက်၊ တစ်ခွက်ပဲသောက်သောက်၊ တစ်စက်ပဲသောက်သောက် ဘယ်ကောင်းမလဲ။ ဒါပေမယ့် ခက်တာက ကိုယ်ကလည်း ဘုရားရဟန္တာမဟုတ်။ နေတာကလည်း လူ့လောကထဲမှာဆိုတော့ စီးပွားရေး၊ လူမှုရေးဆိုတဲ့ လောကကိစ္စတွေကလည်း ရှိနေတော့ လုံးဝတော့ မသောက်နဲ့ပေါ့။ တကယ်လို့ မလွှဲမရှောင်သာ ကြုံရင်လည်း အထိုက်အလျောက် စတိပဲ လူမှုရေးအရ သောက်ပေါ့။ အဲဒီလိုသောက်မိလို့ စိတ်မသန့်ရင်တော့ ဖြေတဲ့နည်းပြောပြမယ်။ ဖြေနည်းရှိတယ်ဆိုပြီးတော့လည်း သောက်ပြီး ဖြေမယ်ဆိုတာမျိုးလည်း မလုပ်နဲ့ပေါ့။

လွယ်ပါတယ်။ နံ့သာနီရယ်၊ ကရမက်ရယ် ဆတူရော။ သိကြားနဲ့စပ်ပြီး ရေနဲ့ရော။ ပုလင်းထဲထည့်ထား။ မလွှဲမရှောင်သာ အရက်သောက်ခဲ့မိရင် အဲဒီနံ့သာရည်ကို သုံးရက်လောက်ဆက်သောက်၊ ရေမိုးသန့်စင်ပြီးရင် ပုတီးပြန်စိပ်ပါ။ အဲဒါ ဖြေနည်းပဲ။ ငါသိသလောက်ပေါ့ကွာ။

အေး…အဲဒီနံ့သာရည်ကို အမြဲတမ်း ဖျော်ထားပြီး ရေလိုသောက်ပြီး ဘာသာရေးလုပ်၊ ပုတီးစိပ်၊ တရားထိုင်တဲ့ နေရာမှာ အလွန်ထိရောက်တယ်။ အထက်ဝိဇ္ဇာများ အလွန်နှစ်သက် ပါရမီဖြည့် ကူညီကြတယ်လို့ ငါကြားဖူးတာပဲ။ မင်းတို့ တော်တော်ခက်တဲ့ကောင်တွေပဲ။ မသောက်တာတော့ အကောင်းဆုံးပေါ့ကွာ။ ဒါပေမယ့် ခြွင်းချက်သဘောမျိုးတော့ ရှိတာပေါ့တဲ့။ အဲဒါ ဖြေနည်းပဲတဲ့။

ကဲ…ဘာသာရေးလိုက်စားသူများ မလွှဲသာလို့ သောက်မိရင် ဖြေတဲ့နည်းလေး လက်ဆောင်ပါးလိုက်ရပါကြောင်း။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com

# ကထိန၊ စီဝရ၊ ဒါန၊ စေတနာ

သန်းဝင်း(ဘဂျ)

## ကထိန

ဝိသိဋ္ဌညဏာဓမ္မပါရဂူ သယမ္ဘူ ထွတ်ထား ဘုရားမြတ်စွာ ဗုဒ္ဓသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါဝယ် ဥက္ကင့်ရာဇိန် အာသိမ္ဘိန္နခတ္တိယအစစ်ဖြစ်သော ကောသလမင်းကြီးနှင့် မပြားညီနောင်ဖြစ်တော်မူကြသော ပါဝေယျက ရဋ္ဌဝါသီ၊ နောင် ညီသုံးကျိပ်တို့ကို အကြောင်းပြု၍ ဤ ကထိန၊ စီဝရဒါနကို ခွင့်ပြုပညတ်တော်မူခဲ့သည်။

၎င်းကထိန စီဝရဒါနဟူသော ပုဒ်တို့၌ "ကထိန"ဟူသောပုဒ်သည် ကမ္ဘာဦးသူ ဘုရား၊ ဗြဟ္မာ၊ လူသံမကြားတော ကြီးသားဟု ဆိုအပ်သော သူတို့သည် ပြောဆိုသုံးစွဲအပ်သော မူလမာဂဓပါဠိဘာသာဖြစ်ပေသည်။ ၎င်းကထိနဟူသော ပါဠိဘာသာကို မြန်မာလိုပြန်ဆိုပါမူ အရှေ့ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာ တိုက်ခတ်လာသော လေကြီးမိုးကြီးတို့ကြောင့် တစ်စုံတစ်ခု တုန်လှုပ်ချောက်ချားခြင်းမရှိသော ကျောက်တိုင်ကျောက်တောင်ကြီးကဲ့သို့ မြဲမြံခိုင်ခံ့သော အနက်သဘော သတ္တိသည် ကထိနမည်သည်ဟူလို။

တစ်နည်းကား ခက်တိုင်းဝေဆာ ပောမာဂနိုင် ရိပ်မြိုင်ထူးလည်း၊ မြတ်ရည်စိုစို၊ မှိုင်းညိုစိတ်ချမ်း၊ ရဂုံဝှမ်းဝယ်၊ မှိုင်မြဲမရှိ၊ မိမိချည်းသာ၊ ငုံရာအလျောက်၊ ပေါက်ရောက်စည်ကား၊ ကြီးထွားလေပြီး၊ သစ်ပင်ကြီးတမျှ ခိုင်ခံ့လှသော အနက်သဘောသတ္တိသည် ကထိနဟူလို။

တစ်နည်းကား သစ္စာလေးသွယ်၊ ငါးပါးညေယျမံ၊ သိရန်ဓမ္မာ၊ ဟူသမျှတို့ကို ဆရာမကူ သယမ္ဘူဖြင့်၊ အကုန်အစင်သိမြင်တော်မူပြီးထသော၊ အလုံးစုံသော၊ ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ကောင်း၏၊ ကောင်း၏ဟု ချီးမွမ်းအပ်သော အနက်သဘောသတ္တိကြောင့်လည်း ကထိနမည်၏ဟူလို။

## စီဝရ

စီဝရဟူသော ပုဒ်အရ မြန်မာပြန်သော် သင်္ကန်းဟူသော အနက်ရလေ၏။ သူငါအများ ယခုမျက်မြင် ရဟန်းတော်အရှင်သူမြတ်တို့ ဝတ်ရုံသုံးဆောင်အပ်သော သင်းပိုင်၊ ကိုယ်ဝတ်ကောသီ၊ နှစ်ထပ်သင်္ကန်းဟု ဆိုအပ်သော သုံးထည်သော သင်္ကန်းတို့တွင် တစ်ထည်တည်းသော သင်္ကန်းဖြင့်သာ ကထိန်ခင်းခြင်းကို ဘုရားရှင်ခွင့်ပြုတော်မူသည်။

တစ်နည်းကား သင်၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိတ်၊ နိသီဒ်၊ မိုယ်းအမာဟူသော စကားနှင့်အညီ (၁) သင်းပိုင်၊ (၂) ကိုယ်ဝတ်ကောသီ၊ (၃) ဒုကုဋ်နှစ်ထပ်သင်္ကန်း၊ (၄) အိပ်ရာခင်း၊ (၅) မျက်နှာသုတ်ပဝါ၊ (၆) ပရိက္ခရာစောဠပုဆိုး၊ (၇) နိသီဒိုင်အခင်း၊ (၈) မိုးတွင်းအခါ ရဟန်းတော်တို့အသုံးပြုသော မိုးရေခံသင်္ကန်း၊ (၉) အနာရောဂါဖြစ်သောအခါ အသုံးပြုသော အမာလွှမ်းသင်္ကန်း ဟူ၍ ကိုးထည်အပြားရှိသည်။

ဤသို့ပြဆိုခဲ့ပြီးသော ကိုးထည်သော သင်္ကန်းတို့သည် ပါဠိဘာသာအရ စီဝရမည်၏။ "ရှေ့ခြောက်ထည်ပင် ယခုထင်၊ မထင်နောက်သုံးမှာ"ဟူသော စကားနှင့်အညီ ရှေ့ခြောက်ထည်မည်သော သင်္ကန်းတို့ကိုသာ ယခုခေတ်ကာလ၌ ရဟန်းတော်၊ သံဃာတော်တို့သည် သုံးဆောင်ရိုးရှိကုန်၏။ နိသီဒိုင်သင်္ကန်း၊ မိုးရေခံသင်္ကန်း၊ အမာလွှမ်း သင်္ကန်းဟု ဆိုအပ်သော နောက်သင်္ကန်း သုံးထည်ကိုကား ယခုကာလ သုံးစွဲရိုး မရှိတော့ပြီ။ ဤကား စီဝရဟူသော ပါဠိဘာသာပုဒ်တွင် သဘောချင့်ရံ ပြဆိုခြင်းတည်း။

## ဒါန

ဒါနဟူသောပုဒ်ကို မြန်မာလို ပြန်ဆိုသော် မိမိ၌ရှိသော 'ပစ္စည်းဝတ္ထုတို့ကို အနာဂတ် ဘဝသံသရာအတွက် ကံ၊ ကံ၏အကျိုးကို ယုံကြည်လျက် အလှူခံပုဂ္ဂိုလ်တို့အား ကြည်ကြည်ဖြူဖြူပေးကမ်းစွန့်ကြဲခြင်းသဘောပင်တည်းဟု အဓိပ္ပာယ်ရသည်။ ထိုပေးကမ်းစွန့်ကြဲခြင်းဒါနသည် မိမိစိတ်ထဲ၌ အလိုအလျောက် ပေးချင်လှူချင်သော စိတ်စေတနာဖြစ်လာခြင်းသည် "စေတနာဒါန"မည်၏။ ထိုစေတနာနှင့် ယှဉ်ဖော်ယှဉ်ဖက် မလိုချင်ခြင်းသဘောရှိသော အလောဘ



www.burmeseclassic.com

www.burmeseclassic.com

စေတသိက်သည် "..လောဘဒါန"မည်၏။

အတိုင်းမသိသော သတ္တဝါအပေါင်းတို့အား မိမိက ရန်မရှာဘဲ ထိုအတိုင်းမသိသော သတ္တဝါအပေါင်းအား ရန်မရှိအောင် ပြုလုပ်ဆောင်ရွက်ပေးခြင်းသဘောသည် "သမ္မာကမ္မန္တဒါန"မည်၏။ မရေမတွက်နိုင် များစွာသော သတ္တဝါအပေါင်းအား ကြောင့်ကြစိုးရိမ်ခြင်းမရှိအောင် မိမိကမပြုမလုပ်ဘဲ ထိုများစွာကုန်သော သတ္တဝါအပေါင်းတို့၌ ကြောင့်ကြ စိုးရိမ်ခြင်းမရှိအောင် မဆောင်ရွက်ဘဲ ရှောင်ကြဉ်ခြင်းသဘောသည် "သမာအာဇီဝဒါန"မည်၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော လှူဖွယ်ဝတ္ထုဟူသမျှသည် "ဒေယျဓမ္မဒါန" ဖြစ်သည်။

"ဒေယျဓမ္မဒါန"သည် ဆွမ်းအလှူ၊ အဖျော်အလှူ၊ အဝတ်သင်္ကန်းအလှူ၊ ဉယျာဉ်အလှူ၊ ပန်းအလှူ၊ နံ့သာအလှူ၊ နံ့သာပျောင်းအလှူ၊ အိပ်ရာခင်းအလှူ၊ ကျောင်းအလှူ၊ ဆီမီးအလှူဟူ၍ ဆယ်ပါးအပြားရှိကုန်သည်။

ဤဝတ္ထုဆယ်ပါးကို ရည်၍ "မစိုးရိမ်ကြောင့်ကြ၊ ငြိမ်ကမွေ့သိမ်ကျင့်ခက်၊ တောမထွက်ဘဲ၊ အိမ်တွင်မြလျက်၊ စွန့်ကြဲစင်လျှင်၊ ဝန်တိုကင်း၍ ထမင်းရေစာ၊ ယမကာနှင့်၊ သံဃာကိန်းအောင်း၊ ကျောင်းလည်းမလွတ်၊ အဝတ်ပုဆိုး၊ ယာဉ်မျိုးတစ်သွယ်၊ ပန်းမန်ခပ်သိမ်း၊ သပ်လိမ်းရေမွှေး၊ လှိုင်အေးနံ့သာ၊ အိမ်ရာဆောက်ဦး၊ ဆီမီးဟုသာ။ ကျန်ဆယ်ပါးကို၊ ကြိုးစားအားထုတ်၊ လွန်ကြိုးကုတ်လောဟူ၍ ရှေးပညာရှင်တို့ စပ်ဆိုရေးသားထားရှိသည်။

**စေတနာ**

စေတနာဟူသောပုဒ်ကို အနက်အဓိပ္ပာယ်ပြန်သော် သူတစ်ပါးမတိုက်တွန်း၊ မနှိုးဆော်ဘဲ မိမိအလိုအလျောက် လုပ်ကိုင်ဆောင်ရွက်လိုသော စိတ်ဆန္ဒဖြင့် မိမိစိတ်ကို မိမိသဘာဝအတိုင်းစေ့ဆော်ခြင်း သတ္တိသဘောသည် စေတနာမည်၏ဟု အဓိပ္ပာယ်ရသည်။

ထိုစေတနာသည်လည်း အကုသိုလ်စေတနာ၊ ကုသိုလ်စေတနာ နှစ်မျိုးအပြားရှိသည်။ သူတစ်ပါးအသက်သတ်လိုခြင်း၊ သူတစ်ပါးဥစ္စာခိုးလိုခြင်း၊ သူတစ်ပါးသားမယား သွားလာလွန်ကျူးလိုခြင်း၊ မုသားပြောလိုခြင်း၊ အရက်သေစာသောက်စားလိုခြင်း စသည်တို့သည် မိမိစိတ်ကို မိမိအလိုလို တိုက်တွန်းနှိုးဆော်လာခြင်းသည် "အကုသိုလ်စေတနာ"မည်၏။ ထိုစေတနာသည် အပါယ်လေးပါးစသည်တို့၌ ဖြစ်ရခြင်းအကျိုးကို ပေးတတ်၏။

အကြင်သူသည် ပေးကမ်းလှူဒါန်းလိုခြင်း၊ သီလ စသည် ဆောက်တည်လိုခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းပွားများလိုခြင်း စသည်တို့၌ မိမိစိတ်ကိုမိမိ အလိုလိုတိုက်တွန်းစေ့ဆော်လာခြင်းသည် "ကုသိုလ်စေတနာ"မည်၏။ ထိုကုသိုလ်စေတနာသည် သတ္တဝါအပေါင်းတို့အား လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့သို့ ပို့ဆောင်ရောက်စေတတ်၏။

"အသင်္ခါရိက စေတနာ"၊ "သသင်္ခါရိကစေတနာ"ဟူ၍ နှစ်ပါးအပြားရှိသည်။ ထိုနှစ်ပါးတွင် အကြင်သူသည် အကုသိုလ်တရားတို့ကိုလည်းကောင်း၊ သူတစ်ပါးတို့ မတိုက်တွန်း၊ မစေ့ဆော်ဘဲ မိမိအလိုအလျောက် ဆောင်ရွက်ပြုလုပ် အားထုတ်စေ့ဆော်ခြင်းသည် "အသင်္ခါရိကစေတနာ"မည်၏။ အကြင်သူသည် အကုသိုလ်တရားတို့၌လည်းကောင်း၊ ကုသိုလ်တရားတို့၌လည်းကောင်း၊ မိမိအလိုလို တစ်စုံတစ်ခု မပြုမလုပ်ဘဲ သူတစ်ပါးတို့က ပြုလုပ်ပါ၊ ဆောင်ရွက်ပါ၊ အားထုတ်ပါဟု အဖန်တလဲလဲ တိုက်တွန်းနှိုးဆော် သတိပေးသောအခါမှသာ ပြုလုပ်ဆောင်ရွက်အားထုတ်၏။ ထိုသူ၏ စေတနာသည် "သသင်္ခါရိကစေတနာ" မည်၏။ ဤစေတနာနှစ်ပါးတို့တွင် အကျိုးပေးသောအခါ၌ "သသင်္ခါရိကစေတနာ" သည်သာလျှင် အကျိုးပေးကြီးမြတ်ထက်သန်၏။

"ပုဗ္ဗစေတနာ"၊ "မုဉ္စစေတနာ"၊ "အပရစေတနာ"ဟူ၍ သုံးပါးအပြားရှိသေး၏။ ထိုသုံးပါးတို့တွင် မလှူဒါန်းမီ ရှေးဦးစွာကပင် လှူဒါန်းချင်သော သဒ္ဓါဇောနှင့် ပစ္စည်းဝတ္ထုစုဆည်းရှာမှီးစဉ် မလှူခင် ကြည်လင်ဝမ်းမြောက်နေ့သော သဘောသတ္တိသည် "ပုဗ္ဗစေတနာ"မည်၏။ လှူဒါန်းဆဲအခါတွင် ဆီထိသော ဝါဂွမ်းကဲ့သို့ ဝမ်းသာရွှင်ပြုံးသဒ္ဓါလုံး၍ ထိခိုက်၍ လှိုက်လှိုက်လှဲ့လှဲ့၊ ပီတိအဟုန်၊ အချိန်မစဲဘဲ စိတ်ထဲ၌သာကြည်၍၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော သဘောသတ္တိသည် "မုဉ္စစေတနာ"မည်၏။ လှူဒါန်းပွဲ ပြီးစီးအောင်မြင်ပြီးနောက် စိတ်အနှောင့်အယှက်ကင်းစွာနှင့် ရင်တွင်းမှာ အေးငြိမ်းပြီး ကုသိုလ်ရေးကြီးကို တွေးတောရွှင်ပြ အားရနှစ်သက်၍နေသော သဘောသတ္တိသည် "ပရစေတနာ"မည်၏။ ဤကဲ့သို့ စေတနာသုံးချက် လက်ယှက်ညီပြီးမှကား၊ မိမိတို့စိုက်ပျိုးအားထုတ်ရသော၊ အလှူဒါနအကျိုးသည်ကား ဘယ်အခါမှ အနိမ့်မချဘဲ၊ ဖွံ့ဖွံ့ဖြိုးဖြိုးကြီး ကောင်းကျိုးပေးတော့မည်တည်း။

သန်းဝင်း(ဘဏ်)



www.burmeseclassic.com

www.burmeseclassic.com



# စွန့်လွှတ်ခြင်းသည် ကြီးပွားခြင်း၏ မျိုးစေ့

ကျော်သန်း(တိုင်းရင်းဆေး)

ဒါနသည် စွန့်လွှတ်ခြင်းဖြင့် ရယူခြင်းကို ဖြစ်စေတတ်သောအရာဖြစ်ပါသည်။ ယာသမားလက်ထဲက မျိုးစေ့တစ်စေ့သည် ထိုယာသမားအတွက် သီးနှံများထွက်စေသော ရိက္ခာပမာတူပါသည်။

၁။ မိမိဘက်က စေတနာကလည်း ထက်သန်မည်၊ အထားမှန်မည်။

၂။ အလှူခံဘက်က သီလကလည်း စင်ကြယ်မည်၊ အားကြီးမည်။

ထိုအချက်များ ပြည့်စုံလျှင် ပြည့်စုံသလောက် အကျိုးပေးဆိုက်ရောက်လာတတ်ပါသည်။ ဤ၌ မိမိ/အလှူခံဟူသော ပုဂ္ဂိုလ်နှစ်မျိုးသည် အကျိုးပေးများမဟုတ်ကြပါ။ အကြောင်းခံမျှသာဖြစ်ပါသည်။ အလှူခံပစ္စည်းသည်လည်း သက်သေခံမျှသာဖြစ်ပါသည်။ အကျိုးပေး၌ မဝင်ပါ။ မိမိဘက်ရှိ စေတနာနှင့်



www.burmeseclassic.com

www.burmeseclassic.com

အလှူဘက်ရှိ သီလတို့သည်သာ မျိုးစေ့နှင့်မြေပမာ အကျိုးပေးကို ဖြစ်ထွန်းစေပါသည်။

မိမိ၏ စေတနာထက်သန်ခြင်းသည် အဆင့်အတန်းကို တာဝန်ယူပါမည်။ မိမိ၏ စေတနာသန့်ရှင်းခြင်းသည် အကျိုးခံစားခွင့်ကို တာဝန်ယူပါမည်။ ထို့ပြင် မိမိ၏စေတနာအပေါ်လိုက်၍လည်း အချို့ကား လူဖြစ်ရုံ၊ အချို့ကား စားနိုင်၊ သောက်နိုင်ရုံ၊ အချို့ကား သုံးမကုန်စွဲမကုန်ဟူ၍ အဆင့်ကွာခြားနေသည်။ အချို့ကား လူမက နတ်ဘဝအထိတက်ရောက်၍ ခံစားနေရပါသည်။

တစ်ဖန် အလှူခံ၏ အကျင့်သီလကိုလိုက်၍လည်း တိရစ္ဆာန်တစ်ကောင်ကို ပေးလှူသည်ထက် လူတစ်ယောက်ပေးလှူရသည်က ပို၍အကျိုးများစေပါသည်။ လူသည် အတိတ်ကကောင်းမှုကြောင့် လူဘဝရခြင်း၊ ကျေးဇူးသိတတ်ခြင်းများရှိသောကြောင့် ဖြစ်သည်။

တစ်ဖန်...သာမန်လူသားတစ်ထောင်ကို ပေးလှူရသည်ထက် သီလစင်ကြယ်သူလူတစ်ယောက် ပေးလှူရသည်က အဆပိုပါသည်။ ယင်းသို့ သီလစင်ကြယ်သူလူတစ်ထောင်ကို ပေးလှူရသည်ထက် သောတာပတ္တိမဂ် ကျလေသူ ရဟန်းတစ်ပါး ပေးလှူရခြင်းက အဆပိုပါသည်။ သည့်အတူ သောတာပန်ရဟန်းတစ်ထောင်ကို ပေးလှူရသည်ထက် အထက်အထက် မဂ်သို့ရောက်လေပြီးသော ရဟန်းတစ်ပါးပေးလှူရခြင်းလည်းကောင်း၊ ထိုရဟန်းတစ်ထောင်ထက် ရဟန္တာတစ်ဆူ ပေးလှူရခြင်းကလည်းကောင်း၊ တစ်ဖန် ရဟန္တာအရှင်မြတ်များထက် ဘုရားရှင်အားပေးလှူရခြင်းကလည်း ဆင့်ကဲဆင့်ကဲ အကျိုးပေးကွာကြပါသည်။

ယင်းသို့ ယာသမားတစ်ဦး ယာခုတ်၍အသက်မွေးရာ၌ မိမိမျိုးချရာ မြေအမျိုးအစား ကောင်းလျှင်ကောင်းသလို အသီးအနှံတို့ကြီးထွားခြင်း၊ ပြန့်ပွားခြင်းစသည်ဖြင့် ကွာခြားနေပုံမျိုးပင် ဖြစ်ပါသည်။ ထို့အတူ ယာသမားတစ်ဦးသည် မိမိလက်တွင်းရှိ မျိုးစေ့တို့ကို ယာပေါ်သို့ကြဲချလိုက်ပါက ထိုယာမြေကြီးမှာ ပေါက်သော အပင်၊ အရွက်၊ အပွင့်၊ အသီးများ ပြန်လည်ရရှိရန် အခွင့်အလမ်းပင် ဖြစ်ပါသည်။

ထိုသို့ မျိုးစေ့တို့ကို ကြဲချစဉ် ငါ့အတွက် မည်မျှပြန်လည်၍ ရစေရမည်ဟူ၍ မျှော်လင့်ခြင်းမပါရပါ။ မျှော်လင့်သော်လည်း မျှော်လင့်တိုင်းမရပါ။ သူ့မြေနှင့် သူ့မျိုး၊ သူ့မိုးနှင့်သူ့ရေ လိုက်လျောညီထွေစွာရှိမှသာလျှင် တန်ပြန်အပွင့်အသီးများ ထွက်ရှိလာတတ်ပါသည်။

သည်ဥပမာ အတူသာလျှင် မိမိတို့ လှူဒါန်းကြရာ၌လည်း အမျှော်လှူမဖြစ်စေရပါ။ အမျှော်သည် လောဘဖြစ်သည်။ အမျှော်သည် စွန့်လွှတ်ရာလည်း မရောက်တတ်ပါ။ အကျိုးပေးကား စေတနာသာဖြစ်ပါသည်။

ယင်းသို့ အမျှော်လှူလည်း မဖြစ်စေရပါ။ အမျှော်သည် တဏှာအကျိုးပေးကာ စေတနာကသာဖြစ်ပါသည်။ ထိုတဏှာသည် ပြိတ္တာဘဝသို့သာ ပို့ပါမည်။ ထို့နောက် မတော်လှူလည်း မဖြစ်စေရပါ။ မတော်သည် ဒေါသအကျိုးပေးကာ စေတနာကသာဖြစ်ပါသည်။ ထိုဒေါသသည် ငရဲသို့သာ ပို့ပါမည်။

ထိုသို့ အပြိုင်လှူလည်း မဖြစ်စေရပါ။ အပြိုင်အဆိုင်သည် မာန၊ အကျိုးပေးကား စေတနာကသာဖြစ်ပါသည်။ ထိုမာနသည် ယုတ်ညံ့ရာသို့သာပို့ပါမည်။

အထက်လေးချက်တို့သည် စေတနာ၌ ကိလေသာတို့ ဝင်ရောက်ရောနှောသဖြင့် မသန့်ရှင်းသောစေတနာဟု ဆိုရပါသည်။

ထို့ကြောင့် စွန့်လွှတ်ခြင်းသည် ကြီးပွားခြင်း၏ မျိုးစေ့ဆိုရာ၌ မိမိဘက်စေတနာသည် ထက်သန်ရမည်။ အထားမှန်ရမည်။ အလှူခံဘက်ကလည်း သီလစင်ကြယ်ရမည်။ အားကြီးမည်။ ထိုအခါ မိမိဘက်ရှိ စေတနာနှင့် အလှူခံဘက်ရှိ သီလတို့သည် မျိုးစေ့နှင့် မြေခံပမာ အကျိုးပေးကို ဖြစ်ထွန်းစေမည် ဖြစ်ပါသတည်း။

**ကျော်သန်း(တိုင်းရင်းဆေး)**

ကျမ်းကိုး

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာ ပြုကျင့်ရပုံများ။



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာခရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည့်မင်း** ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
**တိုင်းရင်းဆေးကုဌာန**

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-
ရွှေပြည့်မင်းဆေးတိုက်နှင့်ဆေးကုဌာန
အမှတ်-၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎-၅၇၇၈၄၉၊ ၀၉ ၅၀၁၃၁၆၆
၀၉ ၄၇၁၀၉၁၆၅၈ နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။
LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်ငြိမ်၊
ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၁၀၉
ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊
မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အတုမရှိ

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**

"ဟော့…ငါတို့မြေနီရွာက နိုင်ရမယ်ကွ"

"တွီ…ရာရာစစ ဘယ်ကဟုတ်ရမှာလဲ။ ငါတို့ မြောက်စုရွာက သေချာပေါက်နိုင်မှာကွ။ မင်းတို့ သတ္တိရှိရင် လောင်းကြေးထပ်မလား"

"စိန်လိုက်လေ ကြာသလားလို့"

အချိန်ကား ၁၉၃၈ ခုနှစ်အတွင်း မြန်မာပြည်သည် ဗြိတိသျှကိုလိုနီလက်အောက်ခံ ဘဝတွင်ရှိနေဆဲကာလ။ နေရာကား မြန်မာပြည်အထက်ပိုင်းရှိ မြေနီမည်သော ရွာကြီးတစ်ရွာ၏ အသစ်စက်စက် ဘောလုံးကွင်းအနီးတွင်ဖြစ်၏။ တစ်ကြိမ်တစ်ခါမျှ မကြုံဖူး မမြင်ဖူးသော ဘောလုံးပွဲကို လာရောက်ကြည့်ရှုကြသည့်ပရိသတ်ကြီးမှာ ကြိတ်ခဲတိုးဝေ့နေရုံသာမက ပါးစပ်တွေကလည်း အငြိမ်မနေဘဲ အမျိုးမျိုး အော်ဟစ်ပြောဆိုလျက် ရှိနေကြသည်။ ယှဉ်ပြိုင်ကစားကြမည့် အသင်းနှစ်သင်းမှာ မြေနီရွာနှင့် မြောက်စုရွာအသင်းတို့ ဖြစ်ကြ၏။ တချို့ကလည်း မိမိတို့ရွာအစွဲဖြင့် တစ်ယောက်နှင့် တစ်ယောက်ချော် လောင်းကြေးငွေများထပ်ကာ စိန်ခေါ်လျက်ရှိကြ၏။

ယနေ့ကျင်းပမည့် ဘောလုံးပွဲတွင် နိုင်လူကြီးအဖြစ်ဆောင်ရွက်မည့် ပုဂ္ဂိုလ်သည်ကား "အတုမရှိ ရောဘတ်ဖိုးသိ" ဖြစ်၏။ သူ့အကြောင်းကို အနည်းငယ်ရှင်းပြဖို့တော့ လိုပါသည်။ တကယ်တော့ သူ့အမည်ရင်းမှာ ကြွက်နီဖြစ်သည်။ မောင်ကြွက်နီသည် ငယ်စဉ်တောင်ကြေးကလေးဘဝတုန်းက မိမိ၏ဦးလေး လက်သမားဆရာကြီး ဦးကျောက်ခဲနှင့်အတူ ရန်ကုန်မြို့တော်ကြီးသို့ ရောက်ရှိသွားခဲ့ဖူး၏။ မျက်နှာဖြူ အရာရှိတစ်ဦး၏ အစေခံတန်းလျားတွင် ခေတ္တတည်းခို နေထိုင်ခဲ့ရာမှ ကံအားလျော်စွာ သူ့ဦးလေးရောသူပါ အိမ်တော်ကျွန်ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ ကြွက်နီသည် ထိုအိမ်၌ အိမ်တော်ကျွန်ဘဝဖြင့် ၅ နှစ်ခန့် နေထိုင်ခဲ့ပြီးနောက် မြေနီရွာသို့ ရောဘတ်ဖိုးသိအမည်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့၏။ သူ့အဖေ ဦးဖိုးသိနာမည်ရှေ့တွင် သိုးဆောင်းသားတို့၏ အမည်တပ်ကာ နာမည်အသစ် ရရှိလာခဲ့ခြင်းဖြစ်၏။

နာမည်သာ ပြောင်းလဲသွားခဲ့သည် မဟုတ်။ ရွှတ်ရက် ဒွတ်ဒက် မတောက်တစ်ခေါက် ပြောတတ်လာသဖြင့် ဘဝနှင့် အမြင်ပါ လုံးဝပြောင်းလဲသွားခဲ့သည်။ တစ်ရွာလုံးတွင် သူ့လို ဒွတ်ဒတ် ရွှတ်ရက်ပြောတတ်သူဟူ၍ မရှိ။ ဤမြေနီရွာ၌ မိမိမှလွဲ၍ ရန်ကုန်ရွှေမြို့တော်ကြီးသို့ ရောက်ဖူးသူနတ္ထိ။ ထို့ကြောင့် ဤရွာတွင် သူ့လောက်တော်သူ၊ တတ်သူ မရှိ။ ကြွက်နီသည် သူ့အိမ်ခြံဝတွင် "အတုမရှိ ရောဘတ်ဖိုးသိ"ဟူသော နာမည်ဆိုင်းဘုတ်ကြီး တစ်ခုကို ခပ်ပြောင်ပြောင်ပင် ချိတ်ဆွဲထားလိုက်သည်။ ဟုတ်လည်းဟုတ်လောက်ပါ၏။ ရောဘတ်ဖိုးသိ(ခေါ်)ကြွက်နီသည် မြေနီရွာသို့ ပြန်ရောက်လာပြီး လပိုင်းအတွင်းမှာပင် အစွမ်းပြနိုင်ခဲ့၏။

တစ်ရက်သ၌ သူတို့ရွာဘက်သို့ တောကစားထွက်ရင်း ရောက်လာကြသော မျက်နှာဖြူတစ်စုက ရွာသူကြီး၏ ခြံထဲမှ နာနတ်သီးများကို ဝယ်ယူလိုကြသော်လည်း စကားပြန်ပေးမည့်သူမရှိ၍ အခက်အခဲတွေ့နေကြစဉ် ရောဘတ်ဖိုးသိရောက်လာပြီး 'ဖြေရှင်းကူညီပေးလိုက်၏။ သူ့အပြောကောင်း၍ပဲလား မသိ သူကြီး၏ခြံထဲမှ နာနတ်သီးတွေအားလုံး ရောင်းချလိုက်ရ၏။ မျက်နှာဖြူအရာရှိများသည် ထိုနာနတ်သီးတွေကို ဂျစ်ကား၏ ထရေလာ(ခေါ်) နောက်တွဲယာဉ်ပေါ်တွင် အပြည့်တင်ပြီး သယ်ဆောင်သွားကြလေ၏။ ငွေတွေ မျိုးမျိုးမြက်မြက်ရရှိလိုက်သော မြေနီရွာသူကြီးကား တပြုံးပြုံး။ ရောဘတ်ဖိုးသိ(ခေါ်)



www.burmeseclassic.com

www.burmeseclassic.com

ကြွက်နီ၏ ကျောကိုသပ်ပြီး ချီးကျူးစကားပြော၍မဆုံးတော့။ ထိုအချိန်မှစ၍ ရောဘတ်ဖိုးသိသည် မြေနီရွာတွင် စန်းထလေတော့၏။ သူကြီးက သူ့ခြံထွက်သီးနှံများကို မြို့ကြီးမှ လာရောက်ကြသည့် မျက်နှာဖြူများအား ရောင်းချလိုသည့်အခါတိုင်း ရောဘတ်ဖိုးသိကို ခေါ်၏။ စကားပြန်လုပ်ခိုင်း၏။ သူကြီးကိုယ်တိုင်က အထင်ကြီး အရေးပေးခံလာရသောအခါ၌ ရောဘတ်ဖိုးသိသည် မြေနီရွာတွင် လူတွင်ကျယ်ကြီးတစ်ဦးဖြစ်လာရတော့သည်။

မြေနီရွာ ဆွမ်းလောင်းအသင်း၏ ဥက္ကဋ္ဌ၊ သာရေးနာရေးအသင်း၏ ခေါင်းဆောင် စသော တာဝန်များအပြင် ပါဠိမတတ် မြန်မာစာပေ မကျွမ်းပါဘဲလျက် မင်္ဂလသုတ်စာမေးပွဲ စစ်ဆေးရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ပါ သူကြီး၏ အရှိန်အဝါကြောင့် ခန့်အပ်ခြင်းခံလာခဲ့ရ၏။ ဘာတစ်ခုမျှ နက်နက်နဲနဲ မတတ်ကျွမ်းသော်လည်း ဤသို့ ချီးမြှောက်ခြင်းခံလာရသောအခါ၌ ရောဘတ်ဖိုးသိသည် ပုထုဇဉ်တို့၏ သဘာဝအတိုင်း ဘဝင်မြင့်လာ၏။ မာနတက်လာ၏။ တဖြည်းဖြည်းနှင့် အောက်ခြေလွတ်လာခဲ့ရတော့၏။

ရောဘတ်ဖိုးသိအဖို့ ပို၍မာနတက်ရန် အကြောင်းတစ်ရပ်က ဖန်လာသည်။ ဖြစ်စဉ်ကား ဤသို့တည်း။ တစ်ရက်သ၌ မြို့ကြီးမှ မြေနီရွာသို့ သစ်သီးဝယ်ရန်လာကြသော မျက်နှာဖြူတစ်စုသည် ရွာအစွန်နားရှိ စာလင်းပြင်တွင် အပျော်တမ်း ဘောလုံးကန်ကြ၏။ သူတို့အဖွဲ့ထဲမှ တစ်ယောက်သောသူ ကန်လိုက်သည့် ဘောလုံးသည် အရှိန်လွန်ပြီး တောအုပ်ထဲသို့ ရောက်သွားခဲ့၏။ မျက်နှာဖြူများသည် ထိုဘောလုံးကို နာရီဝက်နီးပါး တောအုပ်ထဲ၌ သွားရောက်ရှာဖွေကြသော်လည်း မတွေ့သဖြင့် စိတ်လျှော့ပြီး ပြန်သွားခဲ့ကြ၏။ သူတို့ပြန်သွားပြီးနောက် မြေနီရွာသားနွားကျောင်းသားတစ်ယောက်က ထိုဘောလုံးကို တောထဲ၌တွေ့ရှိကာ ရွာထဲသို့ယူလာခဲ့၏။ အခြားနွားကျောင်းသားတစ်ယောက်ကလည်း သူတို့ရွာနှင့် ငါးမိုင်ခန့်ကွာဝေးသည့် မီးရထားသံလမ်းနံဘေးတွင် ဝီစီ (ခေါ်) ခရာတစ်ခုကို ကောက်ရပြီး ရွာသို့ယူလာခဲ့၏။ မီးရထားတစ်စီး ခုတ်မောင်းသွားစဉ် ထိုရထားမှ မီးရထားဂါတ်ဗိုလ်က ကွမ်းတံတွေးထွက်၍ထွေးစဉ် သူ၏ ဝီစီ(ခေါ်) ခရာ ပြုတ်ကျကျန်ရစ်ခဲ့ခြင်းဖြစ်၏။

"ဟာ…ဘောလုံးပွဲတစ်ပွဲကျင်းပဖို့ လိုအပ်တဲ့ပစ္စည်းတွေ ငါတို့ရွာမှာရှိနေပြီ။ ရွာအစွန်က မြေတလင်းကို နည်းနည်းချဲ့လိုက်ရင် ဘောလုံးကွင်းဖြစ်ပြီပေါ့။ ဟန်ကျတာပဲ။ ဝါးလုံးတိုင်တွေနဲ့ ဂိုးတိုင်တွေလုပ်ပြီးရင် မြောက်စရွာနဲ့ ဘောလုံးချိန်းကန်ရမယ်"

ဉာဏ်ကြီးရှင် ရောဘတ်ဖိုးသိက ဥဒါန်းကျူးရင့်လိုက်ခြင်းဖြစ်၏။ သူ့အကြံအစည်အတိုင်း မြေနီရွာသားများက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်လိုက်သောအခါ ရက်ပိုင်းအတွင်းမှာပင် မြေနီရွာ၌ ဘောလုံးကွင်းတစ်ကွင်း ပေါ်ထွန်းလာခဲ့ရလေသည်။

မြေနီရွာ၌ ပထမဆုံး ကျင်းပပြုလုပ်မည့် ဘောလုံးပွဲတွင် ရောဘတ်ဖိုးသိအား ဒိုင်လူကြီးအဖြစ် ဆောင်ရွက်နိုင်စေရန် သူကြီးက တာဝန်ပေးအပ်လိုက်၏။ မြေနီရွာသားများသည် ဘောလုံးကစားနည်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူများ မဟုတ်ကြ။ သူတို့နှင့် ယှဉ်ပြိုင်ကစားကြမည့် မြောက်စုရွာသားများသည်လည်း အလားတူပင် ဖြစ်၏။ ဘောလုံးကို ခြေဖြင့်ကန်ရသည်။ တစ်ဖက်အသင်း၏ ဂိုးပေါက်အတွင်းသို့ ကန်သွင်းနိုင်လျှင် ဂိုးဝင်လျှင် အနိုင်ရသည်။ ဒါလောက်ပဲသိကြသည်။ သို့ရာတွင် သူတို့အားလုံး ဘောလုံးပွဲကို စိတ်ဝင်စားကြသည်။ မိမိတို့ရွာတွင် ပထမဦးဆုံးကျင်းပမည့် ဘောလုံးပွဲဖြစ်၍လည်း သူတို့ဂုဏ်ယူကြ၏။ သူတို့အသင်းနှင့် ယှဉ်ပြိုင်ရန် မြောက်စုရွာကို အကြောင်းကြား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်၏။ ယခုတော့ နှစ်သင်းစလုံး ယှဉ်ပြိုင်ကစားရန် ကွင်းထဲတွင် အသင့်ရှိနေကြလေပြီ။

ပန်းထိမ်မတတ်ခင် ရွှေခိုးအရင်သင်ဆိုသကဲ့သို့ပင်။ ဘောလုံးကစားနည်းအကြောင်း ကောင်းကောင်းမသိသေးသော်လည်း တစ်ရွာနှင့်တစ်ရွာကတော့ အနိုင်အရှုံးအတွက် လောင်းကြေးများပင် ထပ်ပြီးကြလေပြီ။

"မင်းတို့တစ်တွေ ဘောလုံးကို ခြေထောက်နဲ့ပဲ ကန်ရမယ်။ ခေါင်းတိုက်လို့ရပေမယ့် လက်နဲ့တော့ လုံးဝမထိရဘူး။ လက်နဲ့ ဘောလုံးထိမိရင် ဟင်းဘောဖြစ်မယ်။ အဲဒါဆိုရင် ပြစ်ဒဏ်ဘောမို့ တစ်ဖက်အသင်းက ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com

ကို မြေမှာတည်ပြီး ကန်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် မတွန်းရ မတိုက်ရ မဆွဲရဘူး။ အဲဒါကို ကျူးလွန်ရင် ဖောင်းဘောဖြစ်မယ်။ အဲဒါလည်း ပြစ်ဒဏ်ဘောပဲ။ ကန်နေရင်းနဲ့ ဘောလုံးကွင်းအပြင်ဘက် ထွက်သွားရင် အောက်ဆိုက်ဘော။ ဒါဆိုရင် အောက်ဆိုက်ရတဲ့ အသင်းက ကွင်းစည်းပေါ်ကနေ ဘောလုံးကိုမြှောက်ပြီး ကိုယ့်ဘက်သားဆီ ပေးနိုင်တယ်။ ဘောလုံးဥပဒေကတော့ ဒါပဲ”

ရောဘတ်ဖိုးသိက နှစ်ဖက်အသင်းသားများကို ဩဝါဒပေးနေခြင်း ဖြစ်၏။ ထိုစဉ် မြေနီရွာသူကြီးက ကွင်းထဲသို့ ဝင်လာပြီး -

“မင်းတို့အားလုံး ရောဘတ်ဖိုးသိရဲ့စကားကို နားထောင်ကြ။ သူက ရန်ကုန်မြို့ကြီးမှာ နေလာခဲ့လေတော့ ဘောလုံးကစားနည်းအကြောင်း ကောင်းကောင်းကြီးသိတယ်။ မင်းတို့ထက် တတ်တယ်။ နားလည်တယ်။ ဒါကြောင့် သူ့ကို ဒီကနေ့ပွဲမှာ ဒိုင်လူကြီးအဖြစ် ခန့်လိုက်ရတာပဲ။ ကိုင်း . . . အတုမရှိ ရောဘတ်ဖိုးသိ ဆက်လုပ်”

သို့ကလို မိန့်ခွန်းခြွေပြီး ရောဘတ်ဖိုးသိကို အာဏာကုန်လွှဲကာ ကွင်းထဲမှ ထွက်ခွာသွားလေ၏။

ရောဘတ်ဖိုးသိသည် သူ့ဘယ်ဘက်လက်ကိုမြှောက်၍ လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက် -

“ပထမပိုင်းကစားချိန် လေးဆယ့်ငါးမိနစ်။ ငါ ခရာမှုတ်လိုက်တာနဲ့ စပြီး ကန်ကြပေတော့။ တွီ”

ခရာသံ ထွက်ပေါ်လာသည်နှင့် ဘောလုံးပွဲ စလေတော့၏။ နှစ်ဖက်အသင်းသားများသည် ဘောလုံးပွဲအတွေ့အကြုံမရှိသေးသော်လည်း အကြိတ်အနယ်ကန်ကြ၏။ မိမိတို့အသင်း အနိုင်ရရှိရေးအတွက် ကြိုးစားကြ၏။ ဒိုင်လူကြီး ရောဘတ်ဖိုးသိကလည်း ခရာကြီးကို ပါးစပ်တွင်ကိုက်လျက် ဟိုပြေးသည်ပြေးနှင့် ပွဲထိန်းပေးလျက်ရှိ၏။

နှစ်ဖက် ဘောလုံးသမားများတွင် အားကစားဝတ်စုံများ ဝတ်ဆင်ထားခြင်းမရှိကြ။

“မြေနီရွာက အင်္ကျီဝတ်၊ မြောက်စုရွာက အင်္ကျီချွတ်။ ဒါမှ လူချင်းကွဲပြားကြမှာ”

ဒိုင်လူကြီး၏ အမိန့်အတိုင်း သူတို့လိုက်နာကြ၏။ သို့ရာတွင် သူတို့အားလုံး ဘောင်းဘီတို မရှိကြသဖြင့် ပုဆိုးကို တိုအောင်ဝတ်သူက ဝတ်၊ ခါးတောင်းမြှောင်အောင် ကျိုက်သူက ကျိုက်၍ ကစားကြ၏။

ပွဲကြည့်ပရိသတ်ကြီးက တဟေးဟေးနှင့် အားပေးအော်ဟစ်လျက်ရှိနေကြစဉ် မြေနီရွာသား ခွေးပု ကန်လိုက်သော ဘောလုံးသည် ကွင်းပြင်သို့ ရောက်သွားသဖြင့် ဒိုင်လူကြီးက ခရာမှုတ်လိုက်၏။ ခရာမှုတ်ပြီး ပါးစပ်မှလည်း အောက်ဆိုက်ဟု အော်လိုက်သည်။

“အောက်ဆိုက်ဆိုရင် ဘာလုပ်ရမလဲ ဒိုင်လူကြီးခင်ဗျာ”

ဘောလုံးသမားများက မေးကြခြင်းဖြစ်၏။

“မင်းတို့လည်း တော်တော်ဒုံးဝေးတာကိုး။ ပွဲမစခင်ကတည်းက ငါ ပြောခဲ့ပြီးပြီ။ မှတ်မှမထားကြဘဲ။ အခု မြေနီရွာအသင်းဘက်က ကန်လိုက်လို့ အောက်ဆိုက်ဖြစ်သွားတဲ့အတွက် . . . မြောက်စုရွာအသင်းဘက်က ဘောလုံးကိုမြှောက်ရမယ်။ ကွင်းစည်းပေါ်ကနေ မြှောက်ပြီး ကွင်းထဲမှာရပ်နေတဲ့ ကိုယ့်လူဆီကို ပစ်ပေးရမယ်”

ဒိုင်လူကြီး ရောဘတ်ဖိုးသိ ရှင်းပြပြီးသည်နှင့် တစ်ပြိုင်နက် မြောက်စုရွာသား ငွတိုက ဘောလုံးကို ကောက်ယူလိုက်ပြီး ကွင်းစည်းပေါ်တွင် ရပ်လိုက်သည်။ ထို့နောက် အရှိန်ဖြင့်လွှဲပြီး ညိုကြီးဆီသို့ ပစ်ပေးလိုက်၏။

“ဟာ”

“ဟယ်”

တစ်ကွင်းလုံး သောသောညံသွား၏။ ညိုကြီးသည် ငွတိုပစ်ပေးလိုက်သော ဘောလုံးကို သူ၏ပုဆိုးခါးပုံစဖြင့် ခံ၍ သယ်ယူကာ တစ်ဖက်အသင်း၏ ဂိုးစည်းဘက်ဆီသို့ သုတ်ခြေတင်ပြေးလေတော့၏။ ဘောလုံးသည် သူ့ပုဆိုးခါးပုံထဲတွင် ပါသွားသောကြောင့် မြေပေါ်သို့ ကျမလာတော့သဖြင့် မည်သူမျှ လိုက်လုရ၍မရကြ။ မြေနီရွာအသင်း၏ ဂိုးပေါက်ဝသို့ ရောက်တော့မှ ပုဆိုးခါးပုံထဲမှ ဘောလုံးကို လှိမ့်ချကာ ဂိုးထဲသို့ ကန်သွင်းလိုက်လေတော့၏။

“ဂိုး”

မြောက်စုရွာ အသင်းဘက်မှ ဂိုးဝင်သွားသဖြင့် သူတို့ရွာသားတွေက အားပါးတရ အော်ဟစ်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟေး…ဒါ မဂိုးဘူးကွ။ သက်သက်ညစ်ပတ်တဲ့ကိစ္စပဲ။ ဘောလုံးကို ပုဆိုးခါးပုံစနဲ့ခံပြီး သယ်ပြေးလို့ မရဘူးကွ"

ဤကား မြေနီရွာအသင်းဘက်မှ စောဒကတက်သည့်အသံ။

"ဘာလို့ မဂိုးရမှာလဲကွ။ ဘောလုံးကြီးတစ်လုံးလုံး မင်းတို့ရဲ့ဂိုးပေါက်ထဲဝင်သွားတာကို မဂိုးဘူးလို့ ငြင်းရအောင် မင်းတို့ရဲ့မျက်လုံးတွေ ကန်းနေကြလို့လား။ မင်းတို့ရွာက ဒိုင်လူကြီး ရောဘတ်ဖိုးသိပြောတဲ့ ဘောလုံးဥပဒေထဲမှာ လက်နဲ့မထိရဘူးလို့ပဲပါတယ်။ ဘောလုံးကို ပုဆိုးခါးပုံစနဲ့ခံပြီး သယ်ပြေးခွင့်မရှိဘူးဆိုတာ လုံးဝမပါဘူး။ ဘောလုံးကို လက်နဲ့ထိရင်သာ ဟင်းဘောဖြစ်မှာ။ အခုဟာက ညီကြီးရဲ့လက်နဲ့ ဘောလုံးကို လုံးဝထိတာ မဟုတ်ဘူး။ ပုဆိုးနဲ့ခံပြီး ဘယ်ပြေးသွားတာ မင်းတို့အားလုံး အမြင်ပဲ။ မင်းတို့ရဲ့ရွာမှာ လာကစားလို့ ညစ်မယ်တော့မကြံနဲ့။ မြောက်စုရွာသားတွေ အကြောင်း ကောင်းကောင်းကြီးသိသွားမယ်"

ဤကား မြောက်စုရွာဘက်မှ ပြန်လည်ကြိမ်းဝါးသံ။

"ထွီ…ဘောလုံးမကန်တတ်တဲ့ ကောင်တွေကများ လူပါးဝလို့"

"မင်းတို့ကရော ဘယ်လောက်ကန်တတ်လို့ လူပါးဝရတာလဲ"

"အခုကိစ္စမှာ မင်းတို့ရွာက ဒိုင်လူကြီး သောက်သုံးမကျလို့ ဖြစ်ရတာပဲ"

"လူပါးဝတဲ့ အကောင်တွေကို ချကွာ…မခံနဲ့"

အခြေအနေက ထိန်း၍မရတော့ပြီ။ တစ်ဖက်နှင့်တစ်ဖက် ဆဲဆိုကြရုံသာမက လက်သီးတွေ ကျောက်ခဲတွေ ပါလာသည်အထိ ပြင်းထန်လာပြီး တစ်ကွင်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကြကုန်၏။ မြေနီရွာသူကြီးနှင့် မြောက်စုရွာသူကြီးတို့သည် ပဋိပက္ခရန်ပွဲကို ဦးဆောင်ဖြေရှင်းရမည့်အစား သူတို့ချင်း မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ဆင်နွှဲကျင်းပလျက်ရှိကြလေပြီ။ ထိုအခိုက် ဒိုင်လူကြီး ရောဘတ်ဖိုးသိ၏ကျောကုန်းပေါ်သို့ ကျောက်ခဲတစ်လုံး အရှိန်ပြင်းပြင်းနှင့် လာ၍ထိမှန်၏။

"အောင်မယ်လေး သေပါပြီဗျ"

ရောဘတ်ဖိုးသိသည် ငယ်သံပါအောင်အော်ဟစ်ပြီး ဖနောင့်နှင့်တင်းပါးတစ်သားတည်းကျအောင် ပြေးလေတော့သည်။ အမောတကောနှင့် အသက်လုပြေးလာခဲ့ရရှာသော ရောဘတ်ဖိုးသိသည် သူ့ခြံဝသို့အရောက်တွင် ပြောင်းလဲနေသည့် သူ့ဆိုင်းဘုတ်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် အမောဆို့ပြီး သတိလစ်သွားလေတော့သည်။ ဘယ်သူက ဘယ်အချိန်တွင်လာ၍ လက်ကမြင်းသွားသည်မသိ။ "အတုမရှိ ရောဘတ်ဖိုးသိ"ဆိုသော သူ့အမည်ဆိုင်းဘုတ်ပေါ်၌ အနေရာတွင် လအက္ခရာကိုလည်းကောင်း တုနေရာတွင် အုကိုလည်းကောင်း ပြောင်းလဲပြင်ဆင် ရေးသားသွားသောကြောင့်ပင်တည်း။

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-မေနု-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့်ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်းသိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်းပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်…

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ + မေနု လာဘ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက…

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊


ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စဒေသနာတော် ၂၅

**မဟာထွန်း**

ဤဓမ္မ ဆောင်းပါးရှည်ကြီးသည် ကာလအားဖြင့် ရှည်ကြာခဲ့၏။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ရေးသားလာခဲ့သည်။ ထို့ကြောင့် ယခုဆိုလျှင် ၂၀၁၆ ခုနှစ်သို့ ရောက်လာနေ ပြီဖြစ်၍ သက်တမ်းအားဖြင့် ခုနစ်နှစ် ရှိလာခဲ့ပြီဟု ဆိုရမည်။ ယခုရေးနေဆဲ ဤဓမ္မဆောင်းပါးသည် မည်သည့်လတွင် ပါလာမည်ဟု မသိနိုင်သောကြောင့် လအားဖြင့် တိကျစွာ မပြောနိုင်ပေ။

ခန့်မှန်းခြေအားဖြင့် ယခုနှစ်၏ ဇွန်/ဇူလိုင်လလောက်တွင် ဤဓမ္မဆောင်းပါး ပါလာလောက်ပေသည်။ ဤသို့ဆိုလျှင်ပင် လအားဖြင့် ၆၇/၆၈၊ နှစ်အားဖြင့် ခုနစ်နှစ်ဟု ဆိုရမည်။

ဘာသာရေးလောကတွင် ဝိပဿနာတရားတော်ကို လူကြိုက်နည်းတတ်သည်။ နားလည်ရန်ခက်သောကြောင့် ဖြစ်မည်။ စိတ်ရှည်ရှည်ဖြင့် စွဲ၍၊ စိုက်၍ ဖတ်ရှုဝင်စားကြည့်



www.burmeseclassic.com

www.burmeseclassic.com

လျှင် နားလည်နိုင်သော်လည်း ထိုကဲ့သို့ အချိန်ပေးပြီး တရား လိုက်စားကြသော ဓမ္မယောဂီများသည်ကား ရှားမှရှားလေ သည်။

နားမလည်၍ စိတ်မဝင်စားသဖြင့် မဖတ်ရှု၊ မလေ့ လာ၊ မပွားများကြသည်ကိုမူ အပြစ်ဟူ၍ မဆိုသာသေ်လည်း အပြစ်ဟူ၍သာ ယူဆရပေမည်။ ယခုကဲ့သို့ သုဂတိဘုံသား (လူသား)တစ်ယောက်ဖြစ်ပြီး ဗုဒ္ဓသာသနာတော်နှင့်လည်း ကြုံခဲ့၍ ဗုဒ္ဓဘာသာဖြစ်နေခိုက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ အဓိက ပန်းတိုင်ဖြစ်သော နိဗ္ဗာန်နှင့် တစ်ဆက်စပ်တည်း ဖြစ်သည့် ဝိပဿနာတရားတော်ကိုမူ မလေ့လာ၊ မလိုက်စားလျှင် ထို လူထက်မိုက်မဲသော ပုဂ္ဂုလ်သည်လည်း ရှိတော့မည့်ပင် မဟုတ်ပေ။

နေရေးထက်၊ သေရေးခက် ဟူသောစကား ရှိသည်။ သေဆုံးသွားပြီးနောက် အပါယ်လေးပါးသို့ ကျရောက်ကာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်စသည်ဖြင့် ဆိုးဝါးလှ သော ဘဝတစ်ခုခုမှာ ဖြစ်ရမည်ကို ကြောက်ရွံ့သောကြောင့် ထိုစကားကို ဆိုကြခြင်း ဖြစ်သည်။

ထိုထက်ပို၍ ဆိုရပါမူ သုဂတိဘုံတစ်ခုခုမှာ ဖြစ်ရ သည့်တိုင်အောင် ထိုသုဂတိဘုံသက်ကုန်လျှင် အပါယ်လေး ပါးသို့ ပြန်ကျနိုင်သေးသောကြောင့် အပါယ်နှင့် ထာဝစဉ် လွတ်မြောက်ကာ နိဗ္ဗာန်တည်းဟူသော သန္တိသုခ အငြိမ်းဓာတ် မြတ်ကြီးကို လက်လှမ်းနိုင်ပါမှ၊ သို့တည်းမဟုတ် ရယူနိုင်ပါမှ အရင်းကျပေလိမ့်မည်။

ဤသည်ပိုပင် အမြတ်ထွက်သည်ဟု မဆိုနိုင်သေး ပေ။ ရသင့်သည်ထက် ပို၍၊ သာ၍၊ လွန်၍ ရနိုင်ပါမှ အမြတ် ထွက်သည်ဟု ဆိုရမည်။ ယခုလို ဗုဒ္ဓခေတ်တွင် ဗုဒ္ဓဘာ သာဝင်တိုင်း နိဗ္ဗာန်ကို ရထိုက်ကြပေသည်။

ရထိုက်သော မဂ်ဖိုလ်မှ အစပြု၍ နိဗ္ဗာန်တိုင်အောင် ရရှိနိုင်သော အခြေခံ၊ အကြောင်းရင်းလည်းဖြစ်သည့် ဤ ဝိပဿနာ ဒေသနာတော်သည် အဓိကအကျဆုံးလည်း ဖြစ် ပေသည်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရန် အဓိကကျသော ဒေသနာ တော်ကိုမူ မကျင့်ကြံ၊ မပွားများကြသူတို့အား ရှုံ့ချရမည် သာဖြစ်သည်။

တစ်ချို့သော ယောဂီပုဂ္ဂိုလ်များမှာ ဒါန၊ သီလ၊ ဘာဝနာများကို ပြုလုပ်ကြသော်လည်း လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာမှုကိုသာ တောင့်တကြသည်။ ဤသည်ကို ထပ်၍ မိုက်မဲကြသူများဟု ဆိုရမည်။ ပတ္တမြားတောင်ကိုရောက်ဝါ လျက်နှင့် မှားသွေးကျောက်ကိုမူ ကောက်လာသောသူနှင့် မခြားပေ။ ပြည်တန်ပတ္တမြားကို မုန့်နှင့်လဲစားလိုက်သော ကလေးသူငယ်နှင့်လည်း တူပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာလောကတွင် နိဗ္ဗာန်ကို လက် လှမ်းလျှင် ရနိုင်ပါလျက် လူ၊ နတ်၊ ဗြဟ္မာ ရလဒ်မျှဖြင့် သာ ကျေနပ်နေကြသောကြောင့် ထိုထိုသို့သော ပုဂ္ဂိုလ်တို့ အား ကလေးအဆင့်မျှသာရှိသည်ဟုလည်း ဆိုနိုင်လေသည်။

ဤစာရေးသူသည် ဤဓမ္မဆောင်းပါးရှည်ကြီးကို ခြောက်နှစ်ကျော် ခုနစ်နှစ်နီးပါး ရေးသားလာခဲ့သော်လည်း ဉာဏ်မရှင်း၍ တယ်လီဖုန်းဖြင့် လှမ်းမေးသူ၊ လူကိုယ်တိုင် လာရောက်ပြီး ဆွေးနွေးနာကြားသူ၊ ဦးရေအားဖြင့် ၅၀ ထက် မပိုလောက်ပေ။ အဖန်ဖန်အထပ်ထပ် ကိုယ်တိုင်ဖတ်ရှု၍ ဉာဏ်၌လင်းရှင်းကြသူများလည်း ထိုထက်ပိုအံ့မထင် ပေ။ ထို့ကြောင့် ဤစာရေးသူ၏ ဓမ္မပရိသတ်သည် ရာဂဏန်းမျှသာ ရှိသည်ဟု ဆိုရမည်။

စင်စစ်တွင် ဤရောင်ပြန်မဂ္ဂဇင်းကြီးသည် စိပ်စိပ် မဟုတ်သည့်တိုင်အောင် ကျဲကျဲဖြင့်‌ ကျယ်ပြန့်သည်မှာ ကမ္ဘာ ထက်ဝက်ခန့်ရှိသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုပါမူ ဤဓမ္မဆောင်းပါးနှင့် ပတ်သက်၍ ဖတ်ရှုရင်း ဉာဏ်၌ရှင်း၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆက်သွယ်ကာ ကျေးဇူးတင်စကား ပြောကြားသူ၊ ဉာဏ်၌မရှင်း၍ ဆက်သွယ်ကမ်းလှမ်းကာ မေးမြန်းကြသူများမှာ အာရှနိုင်ငံ အချို့တို့ကအပြင် ဥရောပ၊ အမေရိကစသော တိုက်/နိုင်ငံများက အထိပင် ရှိကြသည် ကိုတွေ့ရသည်။

သည်မျှအထိ ကျယ်ပြန့်သော ပရိသတ်ကြီးသည့် အထဲမှ ဤစာရေးသူ၏ ဓမ္မပရိသတ်သည် ရာဂဏန်းမျှသာ ရှိသည်ကိုပင် ရောင်ပြန်မဂ္ဂဇင်းကြီးက စိတ်ရှည်ရှည်ဖြင့် အနစ်နာခံကာ လစဉ်ထည့်သွင်းဖော်ပြပေးနေကြသဖြင့် အယ်ဒီတာချုပ်ကြီးနှင့်တကွ အမှုဆောင်အားလုံးတို့အား များစွာမှပင် ကျေးဇူးတင်ရလေသည်။

ဘုန်းကံနည်းပါးသော ဤစာရေးသူအနေဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ပရိယတ်၊ ပဋိပတ်စသော ဓမ္မနှစ်ဖြာအပြင် အခြားသော လမ်းစဉ် တစ်စုံတစ်ခုမျှ ဦးတည်ကာ လုပ်ဆောင်သည်ဟူ၍ မရှိပါဘဲ မူရနှစ်ပါးဖြင့် မတိမ်းမစောင်း တစ်ကြောင်းတည်း သွားနေသည့်တိုင်အောင် ယနေ့အချိန်ထိ ကိုယ်တိုင်ကိုယ်ပိုင် ဓမ္မရိပ်သာကြီးဖွင့်လှစ်၍ တရားဓမ္မများကို ပို့ချသင်ပေးနိုင်ခြင်း မရှိသေးပေ။ ဥပုသ်နေ့တစ်ရက်မျှသာ သစ်သားယာယီ ကျောင်းဆောင်၌ ဥပုသ်သည်များအား တရားပြသနေရသည့် အဆင့်မှာသာ ရှိနေလေသည်။

ပရိယတ်ဘက်တွင်လည်း ၎င်းနှင့်မခြား ဓမ္မစရိယတိုင်အောင် တပည့်များနှင့် သင်ကြားပို့ချနေကြသော်လည်း စာသင်သံဃာအဖို့ရေ လေးငါးဆယ်မျှ နေလောက်သော ကျောင်းဆောင်ကိုပင် ဖန်တီးနိုင်ခြင်းမရှိသေးဘဲ သာမန်မျှဖြင့်သာ ရပ်တည်နေရလေသည်။

ထိုသို့သဘောရှိ၍ ဝိပဿနာဓမ္မဘက်ဆိုင်ရာတွင် မိမိ၏ ပရိသတ်ဖြစ်ထိုက်သော ယောဂီပုဂ္ဂိုလ်များအား ရောင်ပြန်မဂ္ဂဇင်းကြီးမှတစ်ဆင့်သာ ဓမ္မဆောင်းပါးများ ရေးသားပြီး ကျေနပ်နေရလေသည်။

မိမိ၏ဦးတည်ချက်နှင့် လျှောက်လှမ်းဆဲ သာသနလမ်းမတော်ကြီး၌ ပရိယတ်ဘက်တွင် ဓမ္မာစရိယတိုင်အောင် ပဋိပတ်၊ ဝိပဿဘက်တွင် ပရမတ်ပေါက်သည်အထိ အမြင့်ပိုင်းမှာရှိနေသော်လည်း ဓမ္မသမ္ဘောဂအနေဖြင့် သိပ်ပြီးပြောလောက်အောင် မရှိသလို ထိုဓမ္မဒေသနာတော်များကို ကျယ်ပြန့်သော သာသနာပြုရာ၌ အဓိကလိုအပ်နေသော ပစ္စယသမ္ဘောဂဘက်တွင်လည်း အလွန်အမင်း အားနည်းလျက်သာ ရှိနေသေးကြောင်း ဝန်ခံရပေမည်။

အတိရေက လာဘောဟု ဆိုအပ်သည့် ရှေးဘုန်း၊ ရှေးကံနည်းသောကြောင့်ဟု ဆိုရမည်။ ထို့ကြောင့်လည်း သာသနာပြုရာ၌ ထင်သလောက် ခရီးမပေါက်နိုင်ခြင်းပင် ဖြစ်လေသည်။

ဤကဲ့သို့ ထင်သလောက် ခရီးမပေါက်ဖြစ်နေရခြင်းဖြင့် ဤစာရေးသူအဖို့ ထိခိုက်နစ်နာသည်ဟု မဆိုရဘဲ ပရိယတ်၊ ပဋိပတ်စသော ဓမ္မပရိသတ်များသည်သာ ထိခိုက်နစ်နာဖွယ် ရှိလေသည်။ ဤစာရေးသူမှာမူ လျှောက်လှမ်းမြဲလမ်းကို ဖြည်းဖြည်းမှန်မှန် ချည့်ချည့်နဲ့နဲ့ဖြင့် ဆက်လျှောက်လှမ်းလျက်သာ။

သို့သော်လည်း သည်အဆိုအတိုင်း အလျှော့ပေး၍ နေပါသလားဟု ဆိုပါမူ အတတ်နိုင်ဆုံး ထိုးဖောက်ကြိုးစားလျက်သာ ဖြစ်သည်။ ပရိယတ်ဘက်တွင် စာသင်သံဃာတော်များအား ဆိုင်းဘုတ်ချိတ်၍ ပင့်ဖိတ်ကာ ဓမ္မာစရိယတန်းတိုင်အောင် သင်ကြားပို့ချလျက်ရှိနေသလို ပဋိပတ်ဘက်တွင်လည်း လက္ခဏာရေးနှင့်စပ်ဆိုင်သည့် ပရမတ်တရားတော်တို့ကို ဥပုသ်နေ့တိုင်း လေးငါးဆယ်မျှသော ပရိသတ်တို့အား ဟောကြားပို့ချ ပြသလျက်သာဖြစ်သည်။

ထို့နောက် ယခုကဲ့သို့ ရောင်ပြန် စသော မဂ္ဂဇင်းကြီးများမှာလည်း သက်ဆိုင်ရာ ဓမ္မဆောင်းပါးများကို လစဉ်ဆိုသလိုပင် ရေးသားဖြန့်ဝေလျက် ရှိပေသည်။ ဤကုသိုလ်ထူးသည်လည်း ကြီးမြတ်ပေသည်။ နိဗ္ဗာန်နှင့်လည်း ဆက်စပ်လျက် ရှိလေသည်။

ဤစာရေးသူ၏ လျှောက်လှမ်းဆဲ လမ်းစဉ်သည် ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံးကိုပင် ပရမတ်ပေါက်အောင် ပေးစွန့်၊ ပြုလုပ်၊ ရေးသား၊ ဟောကြားလျက်သာဖြစ်သည်။ သာသနာခေတ်ဟု ဆိုရသော ဗုဒ္ဓခေတ်၊ ခေတ်ထူးခေတ်မြတ်ကြီး၌ ရလဒ်၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်နှင့် လွဲချော်မည့်၊ သို့တည်းမဟုတ် အားနည်းသွားနိုင်သည့် မည်သည့်အလုပ်ကိုမျှ မလုပ်လိုပေ။

ယခုဘဝမှာ အလုပ်မမီလျှင်ပင် ဒုတိယဘဝမှသည် မဂ်၌တည်သော ပုဂ္ဂိုလ်မြတ်ဖြစ်ရမည်ဟု ယတိပြတ်ဆုံးဖြတ်ထားသည်။ ဆုံးဖြတ်ထားသည့် လမ်းစဉ်ကိုလည်း မတိမ်းမစောင်း တည့်တည့်ကြီး လျှောက်လှမ်းသည်။

ဓမ္မပရိသတ် အပေါင်းတို့သည်လည်း ထိုကဲ့သို့ လျှောက်လှမ်းစေချင်သည်။ သာသနာတော်သည် သည်နေ့လောက် မနက်ဖြန်မကောင်းနိုင်တော့ပေ။ တဖြည်းဖြည်း ဆုတ်နစ်လာနေချေပြီ။ ဆဋ္ဌာဘိညခေတ်မှသည် သုက္ခဝိပဿကခေတ်သို့ ရောက်လာနေချေပြီ။

ထို့ကြောင့် ပါရမီကိုအားတင်းပြီး ဖြည့်စွမ်းသင့်လှသည်။ ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးလုံးကိုပင် ပရမတ်ပေါက်လောက်အောင် ကြိုးစားပြီးလည်း ဖြည့်သင့်သည်။ ပရမတ်ပေါက်ရန်လည်း အထူးပြု၍ အပိုအများပြုလုပ်ရန် မလိုပေ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်နေဆဲ ဒါန၊ သီလ၊ ဘာဝနာကိုပင် ပရမတ်လမ်းစဉ်သို့ ပင့်ပို့လိုက်ရုံသာ ရှိပေသည်။

စာရေးသူ ဤရောင်ပြန်မဂ္ဂဇင်းကြီးမှာ ဝိပဿနာ တရားတော်ကို ရေးသားနေသလို ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ကြီးမှာ ပရမတ်ဒါန၊ သူရဋ္ဌမဂ္ဂဇင်းကြီးမှာ ပရမတ်သီလ၊ ဂမ္ဘီရ မဂ္ဂဇင်းကြီးမှာ မရမတ်မေတ္တာ စသည်ဖြင့်လည်း ရေးသား လျက်ရှိသည်။ မဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်ဆိုင်၍ စိတ်ပါဝင်စားလျှင် ထိုထိုမဂ္ဂဇင်းတို့ကို ရှာဖွေဖတ်ရှုနိုင်သည်။

ပရမတ်ခရီးဖြင့် သွားခြင်းသည် မဂ်မျိုး ဖိုလ်မျိုးစပ်ပြီး နိဗ္ဗာန်နှင့် အလှမ်းမဝေးသော လျှောက်လှမ်းခြင်းမျိုးသာ ဖြစ် ပေသည်။ နိဗ္ဗာန်ကို ကလေးမုန့်တောင်းသလို တောင်း၍ မရပေ။ လက္ခဏာရေးသုံးပါးကို အခြေခံသော ပရမတ်ခရီး ဖြင့်သာသွားရလေသည်။

× × ×

ဤလသည် ဤစာရေးသူ လျှောက်လှမ်းလာခဲ့သော လအရေအတွက်အားဖြင့် ၇၀ နီးပါး၊ နှစ်အရေအတွက် အားဖြင့် ခုနစ်နှစ်နီးပါးရှိ၍ ရှည်လျားလှသော ပရမတ် ဓမ္မ အစဉ်ကြီး၏ နောက်ဆုံးလပင်ဖြစ်သောကြောင့် ရေးသားနေ ဆဲ အနိစ္စဒေသနာတော်ကြီး၏ ဒသက ဆယ်ချက်တွင်လည်း ဆယ်ခု မြောက် နောက်ဆုံးလဖြစ်သည်။ သည်လပြီးလျှင် တစ်နှစ်ဝန်းကျင်ခန့် နားရန်လည်း စိတ်ကူးလျက်ရှိသည်။

ထို့ကြောင့် ဆိုခဲ့ဖူးသည့် အကြောင်းအရာအချက် အလက် အချို့ကိုလည်း ဤလတွင် အထိုက်အလျောက် ဖော်သွားရန်ရှိသည်။ ထို့ကြောင့် ဆယ်ခုမြောက် ဒသကကို ဆက်ကြဦးစို့။

အသက်ကိုးဆယ် အဘိုးအိုတစ်ယောက်နှင့် အသက် တစ်ရာ အဘိုးအိုတစ်ယောက်၊ ထိုနှစ်ယောက်တို့အား ယှဉ်၍ ကြည့်ပါ။ ကိုးဆယ်အဘိုးထက် တစ်ရာအဘိုးက ပို၍သာ၍ ရင့်အိုနေသည်ကို တွေ့ရပေလိမ့်မည်။

ကိုးဆယ်အဘိုးသည် တစ်ရာအဘိုးနှင့်စာလျှင် နု သည်ဟု ဆိုရမည် ဖြစ်သောကြောင့် ထိုထိုနုသော ရုပ်နာမ် တို့သည် အနိစ္စ၏သဘောအလျောက် အချိန်အားဖြင့် တစ် စက္ကန့်မျှ ကာလအတွင်းမှာပင် အကြိမ်ရေပေါင်း သိန်းနှင့်ချီ၍ ရှုပ်ပျက်ပြုန်းတီးပျက်စီး၍ သွားသောကြောင့် အသက် တစ်ရာအဘိုးအိုက ကိုးဆယ်အဘိုးထက် သာ၍ ပို၍ အိုရင့် နေခြင်းဖြစ်ပေသည်။

ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်အကြောင်းကိုလည်း ဝိထိခန်းမှာ အကျယ်ပြခဲ့ပြီ။ ဓမ္မပရိသတ်အပေါင်းတို့သည် လည်း မှတ်မိနေကြလိမ့်မည်ဟု ထင်သည်။ ကူးယူထားလျှင် ဖြစ်စေ၊ ရောင်ပြန်မဂ္ဂဇင်းကို သိမ်းဆည်းထားလျှင်ဖြစ်စေ ထိုဝိထိအခန်းကို ပြန်ကြည့်လျှင်လည်း သိနိုင်ကြပေလိမ့်မည်။

ထို့ကြောင့် ရုပ်နာမ်များ မပြတ်တရစပ် ဖြစ်ပျက်နေ၍ ခန္ဓာကိုယ်သည် မည်မျှအထိ အိုရင့်နေမည်နည်းဟု ဆိုပါမူ မသေမချင်း အိုရင့်နေမည်သာဖြစ်သည်။ ယခုအခါသည် ခန္ဓာ ကိုယ်ကို အနိစ္စဒေသနာနှင့် ကြည့်နေချိန်ဖြစ်၍ အိုမင်းရင့် ရော်နေသည်ကိုချည်းသာ မြင်နေရပေမည်။

ဒုက္ခနှင့်ကြည့်လျှင် ခန္ဓာကိုယ်၏ ဆင်းရဲခြင်းကိုသာ မြင်ရပေမည်။ အနတ္တနှင့်ကြည့်လျှင် အစိုးမရခြင်း၊ အသုဘ နှင့်ကြည့်လျှင် မတင့်တယ်ခြင်း စသည်ဖြင့် ခန္ဓာကိုယ်၏ မမြဲခြင်းသဘောကို မြင်နေမည်သာဖြစ်သည်။ ထိုနည်းလည်း ကောင်း ဓာတ်တရား၊ ပရမတ်တရားနှင့် ကြည့်လျှင်လည်း သဘောမျှကိုသာ မြင်နေကြရမည်ဖြစ်သည်။ ဤသည်မှာ ခန္ဓာကိုယ်၏ သဘာဝအတိုင်းဟု နားလည်ရသည်။

အနိစ္စနှင့်ကြည့်၍ အိုမင်းရင့်ရော်နေသည်ဟု မြင်နေ ခြင်းမှာလည်း ရုပ်နနာမ်နများ သေဆုံးသွားနေ၍ပင်ဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ကို မမြဲခြင်းအနိစ္စဟု ဆိုရသည်။ မမြဲ၍ လည်း တစ်သေတည်း သေနေခြင်းဖြစ်သည်။

ထို့ကြောင့် လူသေကို အနိစ္စဟု ရှု၍မရဘဲ လူအရှင် များကိုသာ အနိစ္စဟု ရှုမှတ်ရလေသည်။ လူသေများမှာ အသုဘဖြစ်ပြီး လူရှင်များသည်သာ အနိစ္စဖြစ်လေသည်။ အနိစ္စဖြစ်၍လည်း မမြဲသောကြောင့် ရုပ်နနာမ်နများ တသေ တည်းသေနေ၍ တဖြည်းဖြည်း အိုရင့်လာရသည်။

တစ်ဘဝတွင် တစ်ခါသေပြီးမှ အနိစ္စတည်းဟူသော အိုရင့်ခြင်း၊ ရုပ်န၊ နာမ်နများ သေဆုံးခြင်းသည့်လည်း ရပ် တန့်သွားပေလိမ့်မည်။ သည်အဖြစ်ကို ဓမ္မအစဉ်ဖြင့် မြင် အောင်ကြည့်လျှင် လင်းလင်းကြီး ရှင်းပေလိမ့်မည်။ သို့မှလည်း ခန္ဓာငါးပါးနှင့် စပ်ဆိုင်၍ အနိစ္စကိုမြင်သည်ဟု ဆိုရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နားမလည်ခြင်း၊ ခက်ခဲခြင်းသည်လည်း ရှိလိမ့်မည် မဟုတ်ပေ။ ဤနှစ်ရှည်လများ ရေးသားလာခဲ့သော ဓမ္မဆောင်းပါးရှည်ကြီးကို အစမှမဖတ်မိဘဲ အနှစ်စွခန်းလောက်မှ ဖတ်မိလျှင်ပင် ယခုလောက် ရှင်းပြလျှင် နားလည်နိုင်မည်သာ ဖြစ်သည်။

× × ×

ဆိုခဲ့သည့်အတိုင်း ယခုအခါသည် ဤဓမ္မဆောင်းပါးရှည်ကြီး၏ နောက်ဆုံးလသို့ ရောက်လာပြီဖြစ်၍ နောက်ကြောင်းမှ မှတ်သားဖွယ်ဖြစ်သော စာကောင်းအချို့ကို ပြန်ကောက်ဦးမည်။ ဓမ္မကဗျာနှစ်ပုဒ်နှင့် မေတ္တာပို့ ဆုတောင်းအမျှဝေ ထိုမျှသာ ပြန်ကောက်မည်ဖြစ်သည်။

ယခုရေးသားမည့် ကဗျာနှစ်ပုဒ်၏ အကြောင်းကို ရှေ့ကလည်း ဆိုခဲ့ပြီ။ ဤစာ ရေးစပ်ရေးထားခြင်းမဟုတ်ဘဲ အမြိတ်ဆရာတော် ဘုရားကြီးနှင့် တူတပည့်ဖြစ်တော်မူသော ဦးပဥ္စင်းလေး (ခေါ်) ဦးဝိစိတ္တသာရ(မဟာဓမ္မစရိယ)တို့ ရေးသားစီရင်ပြီး အမြိတ်တရားစခန်းတွင် ဖြန့်ဝေတော်မူကြ၍ ရလာခဲ့သည်။

ဝိပဿနာ ဓမ္မယောဂီများနှင့် ပတ်သက်ပြီး အလွန်တည့်မတ် ဟပ်စပ်ကာ ကောင်းမွန်လှသောကြောင့် ဓမ္မယောဂီများအား ဖြန့်ဝေလိုက်သည်။ အရကျက်ပြီး အာဂုံဆောင်ထားသင့်သည်။ မကျက်နိုင်လျှင်လည်း ရေးသိမ်းဖတ်မှတ်ထားသင့်သည်။

၁။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြား လေ့လာအားထုတ်ပါက –

သေရာညောင်စောင်း လဲလျောင်းပြီးကာ ရောဂါဆူသည်း ပူညည်းဆူပွက် သတိလစ်မဲ့ သေခဲ့ရပြား မလားအပါယ်။ ထက်ဝယ်နတ်ပြည်၊ ရောက်ကြောင်းကေန် စင်စစ်မုန်၏။ တစ်ဖန်ထိုပြင် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ဟု သုံးလူ့ထွတ်ထား ဘုရားမိန့်မှာ ဟောသည်သာတည်း။

(*သောတာ နုဂတသုတ်၊ အံ၊ ၁*)

၂။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက –

(၁) ကျန်းမာနေစဉ် မသေခင်ဝယ် မဂ်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့် (၃) သက်ငင်ပူညည်း သေခါနီးမှ မဂ်ရလာ၏။ (၄) မရပါက နတ်ဘဝမှာ သေချာကိန်းသေ မဂ်ရလေ၏။ (၅) တစ်ထွေထိုမှ ဓမ္မရာဂ ဓမ္မ နန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ် မြတ်လှ ပစ္စေကဟု ဗုဒ္ဓအငယ် ဖြစ်ရ ဘွယ်သည် ငါးသွယ်အားထုတ် ရ ကျိုးတည်း။

(*ပေဋကော ပဒေသ ပါဠိတော် ၁၇၇*)

× × ×

ဤစာရေးသူ၏ ပုံသေလမ်းစဉ်တွင် ဦးစွာ သီလပေး။ ထို့နောက် တိုတိုတုတ်တုတ် နမောတဿနှင့် ဘုရားရှိခိုးပြီး မေတ္တာပို့ရသည်။ မေတ္တာသည် အရာအားလုံးတွင် ရှေ့ဆောင်ဦးစီး အအေးဓာတ်ကြီးဖြစ်သည်။ မေတ္တာကင်းလွတ်လျှင် အနှောင့်အယှက်ဝင်တတ်ပြီး ထိရောက်အောင်မြင်မှုလည်း နည်းသွားတတ်သည်။ ထို့ကြောင့် မေတ္တာကို လက်မလွှတ်ရပေ။

ငါသည် ဘေးရန်ကင်းပါစေ။ စိတ်ဆင်းရဲကင်းပါစေ။ ကိုယ်ဆင်းရဲ ကင်းပါစေ။ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

ဤကျောင်း(အိမ်၊ ဇရပ်၊ ကား၊ ရထား၊ သင်္ဘော၊ မော်တော်၊ လေယာဉ် စသည့်ဖြင့် မိမိတရားရှုမှတ်ရာ အရပ်ကို ထည့်၍ဆိုရန်)ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကို ရွက်ဆောင်နိုင်ကြပါစေ။

ဤရပ်ကွက်၊ ဤရွာ၊ ဤမြို့၊ ဤတိုင်း၊ ဤနိုင်ငံ၊ ကမ္ဘာ၊ သုံးဆယ့်တစ်ဘုံ၊ စကြဝဠာ။

စကြဝဠာအနန္တ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဤအစား တည်နေရာအရပ်ရပ်ကို ထည့်၍ဆိုလေ။ အရပ်ဆယ်မျက်နှာ မေတ္တာပို့နည်းဖြင့် ပို့လျှင်လည်း သင့်



www.burmeseclassic.com

www.burmeseclassic.com

မြွတ်လှသည်။)

ထို့နောက် ရှေ့ဆောင်းပါးများတွင် ရေးခဲ့ဖူးသည့်အတိုင်း ပုံစံကျအောင် ထိုင်ခိုင်းသည်။

တင်ပလ္လင်ခွေ၊ ဘယ်ခြေအောက်၊ ညာခြေအပေါ်၊ လက်နှစ်ဖက်ကိုလည်း ဘယ်လက်အောက်၊ ညာ လက်အပေါ်၊ လက်မထိပ်ချင်း ထိကပ်ထား။ ခါးကိုဆန့်ထုတ်ထား (တောင့်မထားရ) ခေါင်း(မျက်နှာ)ကိုလည်း ကိုယ်နှင့်တစ်ဖြောင့်တည်းထား။ ထို့နောက် အကြောအားလုံးကို လျှော့ချလိုက်။ (ဆန့်ထားသော ခါးကို ချိုင်းခြင်းမဟုတ်။)

ထို့နောက် ပြန့်လွင့်နေသော စိတ်ကို နှာသီးဝမှာ စုထား။ ပြန့်လျှင် ပြန်စု/ပြန့်လျှင်ပြန်စု၊ စိတ်ငြိမ်လာပြီးနောက် လေထွက်လျှင်လည်း နှာသီးဝမှာ တိုးသည်၊ လေဝင်လျှင်လည်း နှာသီးဝမှာတိုးသည်။ လေ/နှာသီးဝ/တိုး။

ထိုသုံးမျိုးမှာ နှာသီးဝမှာ တိုးနေသော တိုးသဘောကိုသာ မှတ်ရသည်။ ဤ၌ တိုးသဘော၊ သို့တည်းမဟုတ် သဘောဟူသည်ကို နားမရှင်းဘဲ ရှိကောင်းရှိမည်။ သဘောဟူသည်မှာ ပြော၍သာရပြီး ပြ၍မရနိုင်သောကြောင့်ဖြစ်သည်။

အတုံးအလုံးမဟုတ်။ အကောင်သဏ္ဍာန်မဟုတ်။ အရောင်အဆင်း မဟုတ်။ ပြ၍သ၍မရ။ နှာသီးဝတွင် တိုးနေရုံမျှသာ ရှိသောကြောင့် သဘောဟု ဆိုရသည်။ ဤသည်ကိုသာ ပရမတ်တရားဟုခေါ်သည်။

ထို့နောက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သာသနရိပ်သာများ၌ ပို့ချပြသသော ဖောင်း/ပိန် ရှုနည်းကို ရှုပွားလိုလျှင်လည်း ဖောင်းသဘော ပိန်သဘောကိုသာ ရှုမှတ်ရသည်။ ဖောင်းပိန်သည်လည်း သဘောမျှသာရှိသည်။

ဗိုက်ပေါ်လက်တင်ပြီး စမ်းသပ်ကြည့်လျှင် သိနိုင်သည်။ ဖောင်းပိန်ကို ကိုင်ယူပြသ၍ မရပေ။ သဘောမျှသာ ရှိသည်။ နားမလည်လျှင် အခေါက်ခေါက်အခါခါဖတ်ပြီး အဖြေကို ရယူနိုင်သည်။ ခက်လိမ့်မည်ဟု မထင်ပေ။

× × ×

သတ်မှတ်ထားသော အချိန်ကုန်သည်အထိ တရားရှုမှတ်ပြီးနောက် မေတ္တာထပ်ပို့သေးသည်။ မေတ္တာနှင့် နိဂုံးအုပ်သည့်သဘောဖြစ်သည်။ ဤ၌ သဒ္ဓမ္မရံသီဆရာတော်ကြီး၏နည်းကို သဘောကျသည်။ မများပေ။ အကျဉ်းချုံးထားသည့် အလွန်ထိရောက်သော သုံးနည်းမျှသာ။ ဤစာရေးသူက-ဆိုကောင်းမည်ဟုထင်၍ အနည်းငယ် ပြင်ထားသည်။

မြေ၌ ရှိကြကုန်သော -

ရေ၌ ရှိကြကုန်သော -

လေ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲကင်းကြပါစေ။ ကိုယ်ဆင်းရဲကင်းကြပါစေ။ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ထို့နောက် မိမိပြုလုပ်ပွားများထားသော ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံးကို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ပူဇော်ကပ်လှူပြီး ဆုတောင်း၊ အမျှဝေကာ အဆုံးသတ်သည်။

တစ်နေ့ကုန် ပွားများအားထုတ်မည်ဆိုပါက အစနှင့်အဆုံးတွင် ယခု ရေးပြထားသည့်အတိုင်း အသုံးပြုထားသည်။ ဤသည်မှာ ဤစာရေးသူ ပြသကျင့်သုံးလျက်ရှိသည့်အတိုင်းသာဖြစ်သည်။ တရားရှုမှတ်ပွားများကြသော ဓမ္မယောဂီအားလုံးတို့သည်ပင် ကြိုက်နှစ်သက်ကြသည်ကိုလည်း တွေ့ရသည်။

တရားလိုက်ကြသော ဓမ္မယောဂီတို့အားလည်း အထိုင်ကို အဓိကမထားဘဲ နာကြားရုံဖြင့် ပညတ်၊ ပရမတ် မှစ၍ နားလည်သွားအောင် ဟောပြသင်ကြားပေးသည်။ ထို့ကြောင့်ပင် သက်သာလွယ်ကူသောနည်းဟုဆိုက ဆိုနိုင်လေသည်။

အတင်းစွတ်ပြီး ထိုင်ခိုင်း၍ တချို့ အလေ့အကျင့်မရှိလျှင် တစ်နာရီပြည့်အောင် မထိုင်နိုင်ကြပေ။ တရားစခန်း၏ ချမှတ်ထားသော မူဘောင်အနေဖြင့်လည်း တစ်နာရီထိုင်၊ နာရီဝက်နား၊ လမ်းလျှောက်စသည်ဖြင့် ရှိနေလေရာ တစ်နာရီပြည့်အောင် မထိုင်နိုင်ကြသော ဓမ္မယောဂီများအဖို့ အခက်တွေ့ကြရလေသည်။

ထို့ကြောင့် တချို့သော ဓမ္မယောဂီများ အခက်တွေ့ကြရသည်ကိုလည်း တွေ့ဖူးသည်။ မလှုပ်ရ၊ ပြင်မထိုင်ရ


www.burmeseclassic.com

www.burmeseclassic.com

ဟူသော တိကျသည့် စည်းကမ်းရှိနေ၍ ထိုစည်းကမ်းအတိုင်း ကြိုးစားပြီး ထိုင်ရင်းမှ နောက်ဆုံးတွင် မခံနိုင်သည့်အဆုံး ရက်မပြည့်မီပင်ရိပ်သာမှ ထွက်လာကြရသော ယောဂီများလည်း ရှိကြပေသည်။

ဤစာရေးသူတို့ ရိပ်သာဝင်၍ ထိုထိုသို့သော ဓမ္မယောဂီများကိုလည်း တွေ့ဆုံဖူးသည်။ တချို့အခန်းစောင့်များက ထိုထိုစည်းကမ်းများကိုပြောပြရင်း ပြင်ထိုင်သူကို အပြစ်ဆို၍ ငိုယိုပြန်ရသော ဓမ္မယောဂီများလည်း မနည်းပေ။ ထိုအခါ စိတ်မကောင်းဖြစ်ရပြန်သည်။

ဤစာရေးသူမှာ စာအုပ်ကြီးကို ကြည့်ပြီးသာ တရားပြသနေခြင်းမဟုတ်ပေ။ စာအုပ်ကိုလည်းကြည့် ရိပ်သာလည်းဝင်၊ ကိုယ်တွေ့လည်းရှာ။ ထိုထို အထဲမှ အဆင်ပြေမည့်စည်းကမ်းနှင့် ရှုမှတ်နည်းများကိုလည်း စုဆောင်း။ လက်တွေ့လည်းစမ်းသပ် ဆိုဘိသို့ နည်းလမ်းအမျိုးမျိုးကို ရရှိပြီးမှ ဓမ္မပရိသတ်အပေါင်းတို့အား ကိုယ်တိုင်လိုက်နာ လုပ်ခိုင်းကြည့်ပြီး အဆင်ပြေဆုံး သမ္မာ/သမအကျဆုံး နည်းလမ်းကို ရွေးပြီးသာ လျှောက်လှမ်းလာခဲ့သည်။

ထို့ကြောင့် တရားလိုက်စားကြသော ဓမ္မပရိသတ်များ၏အကြိုက် အဆင်ပြေသော နည်းလမ်းတစ်ခုဟူ၍ပင် ဆိုနိုင်လိမ့်မည်ထင်သည်။ ဥစ္စာပေးရာတွင် ကိုယ်ကြိုက်ထက် သူကြိုက်ကို ပေးကမ်းစွန့်ကြဲသည်ကသာ၍ပင် အဆင်ပြေလိမ့်မည်။

ဤစာရေးသူ အဓိကဆွဲကိုင်ထားသည်မှာလည်း ပညတ်ကိုယယ်ကာ ပရမတ်ကို သဘောပေါက်ပြီး နားလည်သည်အထိ ဟောကြားပေးသည်။ တရားနှင့်ဆက်စပ်သော ဓမ္မပုံပြင်လေးများကိုလည်း ထည့်၍ဟောကြားပေးသည်။ ထို့နောက်မှ နာရီဝက်မျှ ထိုင်ခိုင်းသည်။

အယုတ်၊ အလတ်၊ အမြတ် ဓမ္မပရိသတ်အားလုံးတို့ အတူတကွ ဥပုသ်သီလယူပြီး တရားလိုက်နိုင်ကြစေရန်အတွက်လည်း ကျောင်းကပင် ဆွမ်းလှူပေးသည်။ ဤကဲ့သို့ ပြုလုပ်ထားခြင်းဖြင့် ဓမ္မပရိသတ်များ ဓမ္မပူဇာအဖြစ် စေတနာနိုင်သလောက်လှူ။ မလှူနိုင်လည်း ကျောင်းစည်းကမ်းအရ အချိန်မရွေး တရားလိုက်ခွင့်ရှိနေသောကြောင့် အားယယ်စရာရှိတော့ဘဲ စိတ်ချမ်းချမ်းသာသာနှင့်ပင် တရားလိုက်နိုင်ကြလေသည်။

သို့သော်လည်း ဤစာရေးသူမှာ ဆိုခဲ့သည့်အတိုင်း ခိုင်ခံ့သော ရိပ်သာကြီးတစ်ခုကို ပိုင်နိုင်စွာဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးဘဲ ဥပုသ်နေ့တစ်ရက်သာ ဥပုသ်သည်များအား တရားပြသပေးနိုင် ခြင်းဖြစ်သည်။

ဤကဲ့သို့ အပြည့်အစုံရေးပြနေခြင်းမှာ ရပ်နီးရပ်ဝေးတွင် နေထိုင်ကြကုန်သော ဓမ္မပရိသတ်အပေါင်းတို့သည်လည်း တရားလိုက်လိုက စုစုမ်းပြီး လာရောက်၍ တရားလိုက်နိုင်ကြစေရန် အတွက်ဖြစ်ပေသည်။ သံသရာကို ကြောက်လန့်၍ နိဗ္ဗာန်ကို လိုလားကြကုန်သော ဓမ္မပရိသတ်များအဖို့ တစ်ရက်ဟူသော အချိန်သည်လည်း ကြီးလေးအံ့မထင်ပေ။ လက်တစ်ကမ်းမှာရှိသော နိဗ္ဗာန်သည် အချည်းအနှီးမဖြစ်စေရ။ ငါ့အတွက်သာဟု ရည်မှန်း၍ အာသီသရှိလျှင် ဆန္ဒဦးစီးခြင်းဖြင့် လိုအင်အဝဝကိုလည်း ပြီးမြောက်ကြသည်ဖြစ် ပေသည်။

ခုနစ်နှစ်နီးပါး ရေးသားလာခဲ့သော ဓမ္မဆောင်းပါးအစဉ်ကြီးအတွက် အကျဉ်းချုံး၍ ဤမျှလောက်ဆိုလျှင်ပင် လုံလောက်လိမ့်မည်ဟု ထင်သည်။ တစ်နှစ်၊ တစ်နှစ်နီးပါးနှုန်းပြီးမှ ဤမည်သော တရားဆောင်းပါးကို ပြန်စနိုင်ပေလိမ့်မည်။ ပြန်စသောအခါ ပညတ်၊ ပရမတ်မှ စရမည်ဖြစ်သည်။ ဤရောင်ပြန်မဂ္ဂဇင်းကြီးမှပင် စရပေလိမ့်မည်။

ဤဓမ္မဆောင်းပါး အစဉ်ကြီးသည် ဤတွင်ပြီးပြတ် တစ်ခန်းရပ်လိုက်ပြီ ဖြစ်သောကြောင့် တရားဓမ္မကို ကျင့်ပွားလိုက်စားကြကုန်သော ပရိသတ်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။ ဤစာရေးသူပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကိုလည်း အမျှဝေပါ၏။

အားလုံး အမျှ...အမျှ...အမျှ။

■ မဟာထွန်း

09-73091769



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ဟော

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ**

## တ ရု တ် နှ စ် မွေ း သူ များ အ တွ က်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသခြင်း၊ ခေါင်းလျှော်ခြင်း၊ တောအမဲလိုက်ခြင်း၊ သားကောင်ဖမ်းခြင်း ပြုနိုင်ပါသည်။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ ဈေးဆိုင်သစ်ဖွင့်ခြင်း၊ တည်ခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ အရက်ချက်ရောင်းခြင်း၊ မွေးမြူခြင်းစသည်ဖြင့် အားလုံး ပြုနိုင်ပါသည်။ ဩဂုတ်လ ၁ ရက်နေ့နှင့် ၁၃ ရက်၊ ၂၅ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်ခြင်း၊ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်း၊ ကုန်သွယ်ခြင်း မပြုလုပ်ရ။ ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးခြင်း၊ ငွေထုတ်ချေးခြင်း၊ ငါးဖမ်းခြင်း၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်း တည်ထောင်ခြင်း၊ လှေ၊ သင်္ဘောစီးခြင်း စသည်တို့ကို ရှောင်ကြဉ်ကြရပါမည်။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးမှုရှိမည်။ မိတ်ဆုံပေးပါ။ တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ မွေးမြူရေးလုပ်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အလုပ်အကိုင်၊ ရာထူး လက်ခံနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဩဂုတ်လ ၁၄ ရက် နေ့နှင့် ၂၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ် မတည်နိုင်၊ မဖွင့်နိုင်ပါ။ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းကို ခဏခေတ္တ ရပ်နားထားပါ။ မရပ်နားထားပါက အရှုံးပေါ်တတ်ပါသည်။ ခရီးတိုသွားနိုင်ပါသော်လည်း ခရီးဝေးသွားခြင်း၊ နိုင်ငံခြားခရီး မသွားနိုင်ပါ။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံလျှင် အကျိုးရှိမည်။ ခရီးထွက်နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် ကိုက်မည်။ အလုပ်အကိုင်၊ ရာထူး လက်ခံနိုင်၏။ အခန်း၊ ခုတင် နေရာချနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်၏။ အရက်ချက်ရောင်းနိုင်၏။ လှေ၊ အိမ် ပြုပြင်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ မပြုလုပ်ပါနှင့်ဦး။ ငါးမဖမ်းကြရ။ တောအမဲသားကောင် မလိုက်ရ။ ဘေးအန္တရာယ်များလှသည်။ လက်ထပ်ခြင်းကို ရွှေ့ဆိုင်းထားပါ။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် အိမ်မဖျက်သင့်သေး။ အိမ်သစ်မဆောက်နိုင်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ ထို့ပြင် ကူးသန်းရောင်းဝယ်ခြင်း၊ ကုန်သွယ်ခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း ပြုနိုင်ပါသည်။ ဩဂုတ်လ ၄ ရက်နေ့နှင့် ၁၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း မလုပ်ရ။ ခြံသီးနှံ မစိုက်ကြရ။ အရှုံးပေါ်တတ်ပါသည်။ ရေတွင်း၊ ရေကန် မတူးဖော်ရ။ ခိုက်တတ်ပါသည်။ လာဘ်ပိတ်တတ်၏။ ထို့ပြင် ဆံသခြင်း၊ ခေါင်းလျှော်ခြင်း မပြုရ။ ခရီးမထွက်ကြရ။ ဩဂုတ်လ ၂၈ ရက်နေ့တွင် လက်ထပ်ခြင်း၊ ထိမ်းမြားခြင်း၊ ခရီးထွက်ခြင်းတို့ကို မပြုလုပ်ကြရ။ ရအောင် ရှောင်ကြဉ်ရပါမည်။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ မွေးမြူ



www.burmeseclassic.com

www.burmeseclassic.com

ရေးလုပ်ငန်း ငွေထုတ်ချေးလျှင် အကျိုးရှိမည်။ ဈေးဆိုင်သ ဖွင့်နိုင်၏။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းတို့ကိုလည်း လုပ်လျှင် ကိုက်မည်။ ဩဂုတ်လ ၅ ရက်နေ့နှင့် ၁၇ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

လက်ထပ်ထိမ်းမြားခြင်း မပြုရပါ။ အခန်း၊ ခုတင် နေရာမချရ။ ခရီးမထွက်ရ။ အလုပ်အကိုင်၊ ရာထူးသစ် လက်မခံရ။ အမှုပြဿနာတက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ခရီးထွက်လျှင် ခရီးဝေးရှောင်ရမည်။ ဘေးအန္တရာယ် များတတ်၏။ ထို့ပြင် အိမ်ရာမပြောင်းရွှေ့ရပါ။ ခိုက်တတ်၏။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ စေ့စပ်နိုင်၊ လက်ထပ်နိုင်၏၊ မိတ်ဆုံနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးရှိမည်။ အလုပ်အကိုင်၊ ရာထူးသစ် လက်ခံလုပ်ကိုင်နိုင်ပါသည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

တောအမဲလိုက်ခြင်း၊ သားကောင်ဖမ်းခြင်း၊ သစ်ဖောင်မျှောခြင်း၊ သစ်ခုတ်ခြင်း၊ သစ်အရောင်းအဝယ်လုပ်ခြင်း စသည်တို့ ရှောင်ကြရမည်။ မရှောင်နိုင်ပါက အကျိုးဆုတ်ယုတ်တတ်ပါသည်။ ထို့ပြင် ခရီးမထွက်ကြရ။ သမားတော်ရှာထွက်ပြီး ဆေးမကုသင့်သေး။ ဆေးမှားသောက်မိ၍ အသက်ဘေးအန္တရာယ် တွေ့တတ်ပါသည်။ တော်သော သမားတော်ကောင်းကို စောင့်ဆိုင်းပါဦးလေ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ သင်တန်းတစ်ခုခု တက်နိုင်ပါသည်။ တက်လျှင်ကောင်း၏။ မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အလုပ်အကိုင်၊ ရာထူးသစ် လက်ခံနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းသစ် စတင်ထူထောင်လုပ်ကိုင်နိုင်ပါသေးသည်။ ထို့ပြင် မွေးမြူရေးလုပ်လျှင် အကျိုးပေးမှုရှိမည်။ ဩဂုတ်လ ၁၃ ရက်သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ရေမြောင်းသွယ်ခြင်း၊ တူးဖော်ခြင်း မပြုလုပ်ကြရ။ ထို့ပြင် သစ်ဖောင်မျှောခြင်း၊ သစ်ခုတ်ခြင်း၊ ထင်းခွေခြင်း၊ သစ်လုပ်ငန်းလုပ်ခြင်း၊ သစ်အရောင်းအဝယ်လုပ်ခြင်း စသည်တို့ကို ရှောင်ကြရပါမည်။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကန်သင်းရိုး၊ တာတမံ ပြင်ဆင်ဆောက်လုပ်နိုင်ပါသည်။ လမ်းပြင်၊ တံတားခင်းကျင်းနိုင်၏။ ဩဂုတ်လ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ အိမ်သစ်တက်ခြင်း၊ ညှိခံကျွေးမွေးခြင်း စသည်ဖြင့် သာရေးကိစ္စရပ်များတို့ကို မလုပ်ကြရဘဲ ရှောင်ကြဉ်ကြရပါမည်။ ခရီးထွက်နိုင်ပါသော်ငြားလည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို ရှောင်ကြဉ်ကြရပါမည်။ စေ့စပ်နိုင်သော်လည်း ချက်ချင်း လက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် နိုင်ငံခြားကုန်သွယ်မှု မလုပ်ကြရ။ အကျိုးမရှိ၊ အချည်းနှီး ဖြစ်တတ်ပါသည်။ ဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မျောက                အတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းလုပ်လျှင် ကိုက်မည်။ ငွေထုတ်ချေးနိုင်၏။ အကျိုးပေးမှုရှိမည်။ မွေးမြူရေးလုပ်ငန်း လုပ်နိုင်ပါသည်။ မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့လျှင် ကောင်းမည်။ ကြီးပွားတိုးတက်ပါမည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်လျှင် အကျိုးထူးမည်။ လုပ်ပါ။ ထို့ပြင် စေ့စပ်နိုင်၏၊ လက်ထပ်နိုင်၏၊ ဩဂုတ်လ ၂၁ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ် မတည်နိုင်၊ မဖွင့်နိုင်ပါ။ ဩဂုတ်လ ၉ ရက်နေ့တွင် လက်ထပ်ခြင်း မပြုရပါ။ အခန်း၊ ခုတင်နေရာမချရ။ အိမ်သစ်မတက်ရ။ ခိုက်တတ်ပါသည်။ ကြပ်ကြပ်ရှောင်ပါလေ။ အကျိုးယုတ်တတ်ပါသည်။ သတိနှင့်ဆင်ခြင်ပါလေ။ သင်္ချိုင်းမြေမနင်းကောင်း။ မနင်းကြရ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသနိုင်၏။ ခေါင်းလျှော်နိုင်၏။ အသုဘပို့နိုင်၏။ သင်္ချိုင်းမြေနင်းနိုင်၏။ ခရီးသွားနိုင်၏။ စေ့စပ်နိုင်၏။ ဩဂုတ်လ ၂၂ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ငွေထုတ်ချေးခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ခြင်း၊ ဂိုဒေါင်ပြုပြင်ခြင်းလုပ်ငန်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ ထို့ပြင် ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် ကိုက်မည်။ လုပ်သာလုပ်ပါ။ တွေးမနေပါနှင့်၊ ငေးမနေပါနှင့်။ ချက်ချင်းလုပ်နိုင်လျှင် အကျိုးရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ရ။ အထူးသဖြင့် ရေကြောင်းခရီးကိုရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရ။ ဘေးအန္တရာယ်များလှပေသည်။ အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ကြရ။ အကျိုးရှိမည်မဟုတ်ပါ။ ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၂၂ ရက်နေ့များမှာ ကံနိမ့်ရက်များဖြစ်နေ၍ ခရီးမထွက်ကြရ။ ကံဆိုးမိုးမှောင်ကျတတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဩဂုတ်လ ၁၀ ရက်သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ အိမ်ရာပြောင်းရွှေ့နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ အိမ်နှင့် မီးဖိုခန်း ပြင်နိုင်၏။ ထို့ပြင် အထည်ချုပ်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်နိုင်သည်။

## ရှောင်ကြဉ်ရန်အချက်များ

ရိုးရာကန်တော့ပွဲ ဆုတောင်းပွဲ မလုပ်ရ။ ဩဂုတ်လ ၂၃ ရက်နေ့တွင် လက်ထပ်ခြင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းကို ရှောင်ကြဉ်ကြရပါမည်။ ထို့ပြင် ရေမြောင်းဖောက်ခြင်း၊ တောအမဲလိုက်ခြင်း၊ သားကောင်ဖမ်းခြင်း၊ ငါးဖမ်းခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည် ဖြစ်၏။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်၏။ ဩဂုတ်လ ၁၂ ရက်နေ့နှင့် ၂၄ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

လက်ထပ်ခြင်းမပြုကြရ။ အိမ်ရာမပြောင်းရွှေ့ကြရ။ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းသစ်များ မတည်ထောင်ရ။ ခရီးသွားခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ နိုင်ငံခြား ကုန်သွယ်ခြင်းတို့ကို ခဏခေတ္တရပ်နားထားကြရပါမည်။ မရပ်နားနိုင်ပါက အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၆ ခုနှစ်၊

တရုတ်မျောက်နှစ်၊ Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ၏

# ၂၀၁၆ မျှောက်နှစ် ၁၂ လရာသီဖွားများအတွက်

## တ စ် လ ချ င်း စီ အ ဟေ ာ

## ရှုလိုင်လ

■ ဦးတိုး(တက္ကသိုလ)

*(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါ့သာချင်နာဘန်ချွန် ဟောပြောထားသည်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။)*

### မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)

### ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်

အခြားသူများထံမှ အထောက်အကူရရှိစေရန် သင်၏ အလုပ်တွင် စူးစိုက်နှစ်မြှုပ်ထားကြောင်း သက်သေပြရန် အချိန်တန်နေပါပြီ။ ရန်သူမမွေးပါလေနှင့်။ ငွေရေးကြေးရေး အတွက် အကျရှိတတ်သဖြင့် ချင့်ချိန်သုံးပါ။ အမြော်အမြင်ရှိစွာ စုဆောင်းထားပါ။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)

### ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်

အလုပ်အကိုင်တွင် ချောမွေ့နေပြီး သင်၏ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးပမ်းမှုကြောင့် ဆုလာဘ်ရရှိပေလိမ့်မည်။ သင်အဆုံးအဖြတ်မပေးနိုင်သည့် ကိစ္စရပ်များတွင် သင်ကြည်ညိုလေးစားရသူထံမှ အကြံဉာဏ်ရအောင် ဆွေးနွေးမှုလျှင် ၎င်းထံမှ အကြံဉာဏ်ကောင်းများကို ရရှိပါလိမ့်မည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)

### မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်

လုပ်ငန်းခွင်တွင် အပြောင်းအလဲရှိသဖြင့် ပြင်ဆင်ထားဖို့ လိုပေလိမ့်မည်။ ပထမပိုင်းတွင် သင့်အနေဖြင့် အဆင်မပြေမှုများ ခံစားရလိမ့်မည်။ နောက်ဆုံးတွင် သင်၏ ထူးခြားသော ပင်ကိုအရည်အသွေးဖြင့် မဟာမိတ်များ ပိုမိုပေါများ တိုးပွားလာပါလိမ့်မည်။ ချစ်ကျွမ်းဝင်ပြီးကြသူများအနေဖြင့် ပြဿနာဟောင်းကို တစ်ဖန်ကိုင်တွယ်ရဦးမည် ဖြစ်သည်။

### မိဿရာသီဖွား (သိုးထီးရုပ်) (Aries)

### ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်

အလုပ်သစ် စတင်လုပ်ရန် အချိန်လုံးဝ မကျသေးပါ။ ယခုလကုန်သွားသည်အထိ စောင့်ဆိုင်းလိုက်ပါ။ သင်ကိုယ်တိုင်နှင့် အခြားသူများကြောင့် ဖြစ်ပေါ်လာသော ကိစ္စကြောင့် ငွေရေးကြေးရေး ခေါင်းကိုက်စရာများနှင့် ရင်ဆိုင်ရမည်။ သို့သော်လည်း မလိုအပ်ဘဲသုံးစွဲနေရမှုများကြောင့် အများဆုံးဖြစ်ပေါ်လာခြင်း ဖြစ်သည်။

### ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)

### မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်

ယခုလတွင် လုပ်ငန်းခွင်၌ သင်သည် အအောင်မြင်ဆုံးဖြစ်နေမည်။ အကယ်၍ အလုပ်အကိုင်ပြောင်းချင်လျှင်လည်း ကမ်းလှမ်းမှုကောင်းများဖြင့် ကြုံတွေ့ရမည်။ ငွေဒလဟောဝင်



www.burmeseclassic.com

www.burmeseclassic.com

လာကိန်းရှိသည်။ တစ်ချိန်တုန်းမှ သင်ကူညီပေးခဲ့ဖူးသူက တစ်ဖန် ကျေးဇူးပြန်ဆပ်လိမ့်မည်။

**မေထုန်ရာသီဖွား (အမြွှာရုပ်) (Gemini)**
**ဇွန်လ ၁၅ ရက်မှ ဂျူလိုင်လ ၁၅ ရက်**

သင်၏ လုပ်ဖော်ကိုင်ဘက်ကောင်းများနှင့် ထောက်ကူပေးနေကြသည့် သူဌေးများကြောင့် သင်၏အလုပ်သည် ပျော်စရာကောင်းမည်၊ ချောမွေ့နေမည်၊ ထင်ပေါ်ကျော်ကြားနေပေလိမ့်မည်။ သင်၏ကျေးဇူးတရားများသည် အနာဂတ်တွင် ပြန်လည်ခံစားရပေမည်။ အသက်ကြီးသူတစ်ဦးက ငွေအများအပြားပေးလာမည်။ သင်၏ အချစ်မေတ္တာရေးမှာလည်း အံ့ဩစရာကောင်းအောင် စိုပြည်နေပါလိမ့်မည်။

**ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)**
**ဂျူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်**

သင်၏အလုပ်ကို ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်ရန် လိုအပ်ပေလိမ့်မည်။ အလုပ်အကိုင်သစ်၊ သို့မဟုတ် အချိန်ပိုင်းအလုပ် ရရှိမည့်အခွင့်အရေးများ သင့်ထံသို့ ပေါ်ပေါက်လာပါလိမ့်မည်။ ချစ်မေတ္တာသက်ဝင်ပြီးကြသူများအဖို့ ချစ်သူများ၏ အထူးဂရုစိုက်ခြင်း ခံရလိမ့်မည်။ တစ်ကိုယ်တည်းသမားများ ချစ်သူတွေ့မည်ဖြစ်သော်လည်း ရည်းစားလွှဲ၊ တစ်ခုလပ်၊ အိမ်ထောင်ပျက်များနှင့်မတွေ့ဖို့ သတိထားသင့်သည်။

**သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)**
**ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်**

အလုပ်တွင် စမ်းသပ်လာခဲ့မှုတစ်ရပ်၌ အကောင်းဆုံး လုပ်ဆောင်ပြလိုက်လျှင် နေရာကောင်းတစ်ခုကို သင်ရရှိလိမ့်မည်။ သင်သည် အလွန်အလွန် အာရုံခံစားတတ်သူတစ်ဦးဖြစ်ရာ သင်နှင့် အနီးကပ်ဆုံးတစ်ဦးနှင့် အလွယ်တကူ ချစ်ကျွမ်းဝင်မိသွားတတ်သည်။ တစ်ကိုယ်တည်းသမားများ အထူးစပါယ်ရှယ်တစ်ဦးနှင့် တွေ့ဆုံရပေလိမ့်မည်။

**ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)**
**စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်**

ပျင်းရိနေသည်ကို ရပ်တန့်လိုက်ပါ။ လုပ်ငန်းခွင်တွင် အပြင်းအထန် အလေးအနက်ထား၍လုပ်ပါ။ သို့တည်းမဟုတ်ပါက သင့်အပေါ် ငြိငြင်လာပါလိမ့်မည်။ ငွေချေးငှားခြင်းမပြုပါနှင့်။ သင့်ထံသို့ ပြန်ဆပ်ရန် အခွင့်အရေးနည်းပါးသည်။ ချစ်မေတ္တာရေးသည် လေယူရာတိမ်းသည့် အပင်များကဲ့သို့ ဖြစ်မည်။ သင့်ထံမှ ဖြတ်သွားရုံသောက်သာ သဘောထားလိုက်ပါ။

**တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)**
**အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်**

တစ်စုံတစ်ရာမှနေ၍ ထွက်ပြေးရန် မကြံပါလေနှင့်။ မြေးရင်းလွှားရင်းနှင့် နောက်ထပ်ပြဿနာတစ်ရပ်ကို ကြုံတွေ့ရတတ်သည်။ သင့်ရှေ့တွင်ရှိသည့် ကိစ္စကိုသာ အကောင်းဆုံးဖြစ်လာအောင် လုပ်လိုက်ပါ။ ယခုလဖြစ်ပေါ်လာမည့် ပြဿနာသည် မနာလိုဝန်တိုမှုကြောင့်ဖြစ်သည်။ သင်၏ ချစ်မေတ္တာရေးတွင် ကြင်နာမှုမရှိသည့် စကားများကြောင့် အကြီးအကျယ် စိတ်ဝမ်းကွဲမှုကို ဖြစ်ပေါ်လာစေပေမည်။

**ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)**
**နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်**

အတိတ်ကအမှားများကို ပြင်ဆင်ခွင့်ရှိမည်။ အကယ်၍ သင်၏အလုပ်ကို ပြောင်းလဲလုပ်လိုလျှင် ယခု သင်၏လျှောက်လွှာပုံစံကို တင်သွင်းရမည့်အချိန်ကာလ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများမှ ဆုလာဘ်များရရှိမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် သင့်ထက်ပိုမိုငယ်ရွယ်သူလေးဖြင့် စိတ်လွတ်ကိုယ်လွတ် ချစ်ကျွမ်းဝင်ရပေလိမ့်မည်။

**ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်) (Sagittarius)**
**ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်**

အာပ်စုလိုက် စီမံကိန်းလုပ်နေရသည့်များကို သတိထားလုပ်ကိုင်ပါ။ ကြောက်စရာကောင်းသော ပူးတွဲအလုပ်သမားများကြောင့် မအောင်မြင်ဘဲ ဒုက္ခတွေ့၍ သင့်ပခုံးပေါ် ကျရောက်လာလိမ့်မည်။ မလိုအပ်သည့်အရာများအပေါ် ငွေများကို သုံးစွဲနေရမည်။ တစ်ကိုယ်တည်းသမားများ ချစ်သူမတွေ့သေးဘဲ အထီးကျန်နေဦးမည်။

**ဦးတိုး(တက္ကသိလ)**

*Reference:*
**BKK Post, Life-Feature Khatha Chinnabanchorn ၏ Here's what awaits in 2016.**



www.burmeseclassic.com

www.burmeseclassic.com



# ပဋာစာရာ နှင့် မျှသနုတရားငါးပါး

ဂမ္ဘီရဆရာလှမျိုး(B.Sc)

ဗုဒ္ဓဘာသာဝင် အများစုတို့ ကြား ဖူးနားဝရှိသည့် အမည်တစ်ခု ပဋာစာရီ၊ မပဋာ၊ အချို့ကျတော့ သားသေ၊ လင် သေ အမျိုးသမီးကို တွေ့ရလျှင်ပင် "ဘယ်သူတော့ မပဋာဖြစ်ပြီ၊ ဘယ်ဝါ တော့ မပဋာမြေလှူး ဖြစ်ရောပေါ့" စသည်ဖြင့် ပြောဆိုလေ့ရှိကြပါသည်။

တရားပွဲများတွင်လည်း ဆရာ တော်အချို့ ဟောသောတရားတွင် နာ ကြားရပါသည်။ မုံလယ်တောရဆရာ တော်ကြီး၏ တရားခေါင်းစဉ်တွင်လည်း ပါရှိပါသည်။ ကျမ်းဂန်တွင်တော့ ပဋာ စာရာထေရီဟု ရေးပါသည်။

သူဌေးသမီးလေး မပဋာ မိမိအိမ် နေ အလုပ်သမားတစ်ယောက်နှင့် ချစ် ကြိုက်၍ ထိုအိမ်နေ အလုပ်သမားကျွန် နှင့် ခိုးရာလိုက်ပြေးခဲ့ပါသည်။ ရွာငယ် ဇနပုဒ်မှာ ဇနီးမောင်နှံ မောင်တစ်ထမ်း၊ မယ်တစ်ရွက် လုပ်ကိုင်စားသောက်ကြ ပါသည်။ သူဌေးသမီး ကိုယ်ဝန်ရှိပြီး မွေးဖွားချိန်နီးသောအခါ မိဘရပ်ထံ ပြန်လိုစိတ်၊ မိဘကို သတိရ သွားကိုး လိုစိတ်ဖြစ်လာပြီး မိဘရင်ထံပြန်သော် လည်း လမ်းခုလတ်တွင် လင်ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com

က လိုက်ခေါ်၍ ရွာပြန်လာရပါသည်။

"မပဋာရယ် ရွာသာ ပြန်လာခဲ့ပါကွာ"

"ကျွန်မလည်း ခရီးဝေးကိုမသွားနိုင်၊ လမ်းမလျှောက်နိုင်တော့ပါဘူးရှင်"

လမ်းခရီးတွင်ပင် သားဦးတစ်ဦး မွေးဖွားပါသည်။

ဒုတိယသား ကိုယ်ဝန်လွယ်ထားချိန်တွင်လည်း မိဘရပ်ထံပြန်ရန် စိတ်ကူးသော်လည်း မရောက်ဖြစ်ခဲ့ပါ။ မိဘရပ်ထံ ပြန်ရန်သွားစဉ် လမ်းခရီး၌ပင် မီးဖွားပါသည်။

ကလေးမွေးပြီး မကြာခင် မိုးသည်းထန်စွာ ရွာချပါတော့သည်။

"ကိုဓာတ…မိုးခိုဖို့နေရာ အမြန်ရှာ ပြုလုပ်အားထုတ်ပါလော့"

ကိုဓာတလည်း "ကောင်းပြီ၊ ဆောက်လုပ်ပေးပါ့မယ်"ဟူ၍ ပြောဆိုပြီး ချုံပုတ်တစ်ခုဝင်၍ ပြင်ဆင်နေချိန်တွင် မြွေပေါက်၍ သေလေ၏။

ယောကျ်ားနောက် လိုက်လာခြင်းက ပထမ ဒုက္ခ၊ အခု ယောကျ်ားကသေတော့ ဒုတိယ သောက၊ သားနှစ်ယောက် လက်ဆွဲ၊ မိဘရပ်ထံပြန်စဉ် သားကြီး ရေစီးထဲမျောပါ သေဆုံး၍ သားငယ် စွန်ရဲချီခြင်းတို့သည်ကား ပဋာစာရီအတွက် စိတ်သောက ဒုက္ခဝေဒနာများ ဖြစ်ပါတော့သည်။ တစ်ယောက်တည်း မိဘရပ်ထံပြန်လာတော့လည်း မနေ့ညက မိုးကြီးလေမုန်တိုင်းဒဏ်ကြောင့် မိဘနှင့်အစ်ကိုတို့ အိမ်ပြိုပြီး သေပွဲဝင်ကြရ၍ မီးသဂြိုဟ်သော မီးခိုးငွေ့သာ တွေ့ရပါသည်။

"မပဋာ ငိုပွဲဆင်နွဲရလေပြီ"

ရှင်သား မိဘဆွေမျိုးများ သေဆုံးခြင်းကား ဉာတိဗျသန။

ဆွေမျိုးများ ပျက်စီးခြင်း၊ မိဘစီးပွားဥစ္စာလည်း ပျက်စီး၊ ကိုယ့်စီးပွားဥစ္စာလည်း ပျက်စီးခြင်းမှာ ဘောဂဗျသန။

စီးပွားဥစ္စာ ပျက်စီးခြင်း၊ ရောဂါဝေဒနာတွေ ခံစားရပြီး ပျက်စီးရခြင်းမှာ ရောဂါဗျသန။

"အမယ်လေး ကယ်တော်မူပါ။ သားလေးရေ သား။ အဖေ အမေတို့ရေ ထလာကြည့်ပါဦး ဟီး ဟီး ဟီး"

တဟီးဟီး ငိုနေရာမှ "ဟား ဟား ဟား" ရယ်လိုက်ပြန်လေ၏။ မပဋာ ရူးလေပြီ။ စိတ်ဝေဒနာ ပုံမှန်စိတ်ကိုဖျက်ဆီးပစ်လိုက်ပြီ။ ရုပ်ဝေဒနာ၊ စိတ်ဝေဒနာအားလုံးတို့မှာ ရောဂါဗျသန အနာရောဂါဖြစ်၍ ပျက်စီးခြင်း။

မပဋာ ဗျသနငါးပါးမှ သုံးပါး အဖျက်အဆီး ခံရလေပြီ။

ပဋာစာရာ အဝတ်မပါ၊ ဗလာချည်းသက်သက် လျှောက်သွားနေပါတော့သည်။

တစ်နည်းအားဖြင့် ဗျသနငါးပါးတွင် သုံးပါး အဖျက်အဆီးခံရသော မပဋာ၊ သောကသူဌေးမလေး မပဋာ။

သို့သော် မပဋာတွင် ဗျသနတရားနှစ်ပါး မပျက်ဆီးသေးပါ။

မှားသောအယူ ယူပါသဖြင့် အယူမှန်ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)

ကိုယ်ကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)

မှားသောအယူ - အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို မယုံကြည်ခြင်း။ ဘဝသံသရာကို မယုံကြည်၊ ရတနာသုံးပါးကို မကိုးကွယ် မဆည်းကပ်ခြင်း၊ ဘုရားဟောတရားကို ဇဝေဇဝါဖြစ်ခြင်း သဘောကို ဆိုပါသည်။

ထို့အပြင် ယနေ့ခေတ် လူသေလူဖြစ်ဝါဒ၊ ပစ္စုပ္ပန်ဝါဒတို့ကို လက်ခံယုံကြည်ခြင်း၊ ဒါနကို သံသရာလည်သည်ဟု စွဲမှတ်ယုံခြင်း၊ သေလျှင် ဘဝပြတ်သည်ဟု စွဲမှတ်ယုံခြင်း၊ သေလျှင် ဘဝပြတ်သောအရွယ်၊ နိဗ္ဗာန်ကို လက်မခံစသည် အယူမှား အတွေးမှားဖြစ်ပါက ဒိဋ္ဌိဗျသနပင် ဖြစ်ပါသည်။

သီလ - ငါးပါးသီလပျက်လျှင်၊ ငါးပါးမှ တစ်ပါးပါးပျက်လျှင် သီလဗျသနဟု မှတ်ယူပါ။

စည်းစိမ်ဥစ္စာ - တစ်ဘဝချမ်းသာရေးအတွက် သီလကို မပျက်ဆီးသင့်ပါ။ ဒိဋ္ဌိအယူမဖြစ်သင့်ပါ။ ပိုက်ဆံရဖို့ စီးပွားဖြစ်ဖို့ လိမ်ချင်လိမ်ရပါစေ၊ သူ့အသက်သတ်ရမလား၊ သူများ ပစ္စည်း ခိုးရမလား၊ ထိုသို့ပြုလုပ်ပါက သီလဗျသန ဖြစ်ပါတော့သည်။

ပဋာစာရီ- ဗုဒ္ဓမြတ်စွာဘုရားနှင့် တွေ့သောအခါ သောကသိမ်းတရားကို နာကြားရပါသည်။ မြတ်စွာဘုရားရှင်က အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်နှင့် စပ်သောတရားစကား ဟောကြားတော်မူလေလျှင် ပဋာစာရာ၏ စိတ်သန္တာန်နှင့် အထူးသဖြင့် သောကတရားရှ၍ သွားလေ၏။

မြတ်စွာဘုရားက "ချစ်သမီး ပဋာ



www.burmeseclassic.com

www.burmeseclassic.com

စာရာ သား။ ဂ ခင်ပွန်း စသော သူများသည် တမလွန်လောကသို့သွားရသော သူအဖို့ အစောင့်အရှောက်လည်း မဖြစ်နိုင်ကြ။ ပုန်းအောင်းရာ မှီခိုရာလည်း မဖြစ်နိုင်ကြ။ သို့ဖြစ်ရကား ထိုသား၊ လင်၊ ခင်ပွန်း စသော သူတို့သည် အသက်ရှင်ကာ ရှိနေကြပါသော်လည်း တမလွန်လောက သွားရမည့်လူအဖို့ရာ မရှိကြသည်သာ မည်ကုန်၏။ ထို့ကြောင့် ပညာရှိသောသူသည် မိမိ၏သီလကို သုတ်သင်စင်ကြယ်စေ၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလမ်းစဉ်ကိုသာ ကောင်းစွာ ပြီးစေရမည်"

ဟု ဟောတော်မူပါသည်။

ဥတုဗျသန - ဘောဂဗျသန၊ ရောဂဗျသနကြောင့် အပါယ်လေးပါး မရောက်နိုင်။ ဒိဋ္ဌိဗျသနနှင့် သီလဗျသန နှစ်ပါးကြောင့် အပါယ်လေးဘုံ ရောက်ရှိနိုင်ပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်အများစု ရှိခိုးသော ဩကာသဘုရားရှိခိုးတွင် ဗျသနငါးပါး ပါဝင်ပါသည်။ ဗျသနသုံးပါးသည် တစ်ဘဝသာ စိတ်ဆင်းရဲ၊ ဒုက္ခရောက်နိုင်ပါသည်။ မိမိစီးပွားဥစ္စာ၊ ရာထူးခိုင်မြဲအောင်၊ တိုးပွားအောင် သီလဗျသနကို မဖျက်ဆီးသင့်ပါ။

သုစရိုက်တရားဆယ်ပါး-ကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို လိုက်နာကျင့်သုံးပါ။ သုစရိုက်နှင့် ဆန့်ကျင်ဘက် ဒုစရိုက် ၁၀ ပါးကို ရှောင်ပါ။ သီလပျက်ခြင်း၏ အကျိုး အကုသိုလ်ဆိုးကို နောင်ဘဝမကူးမီ ယခုဘဝပင် ချက်ချင်း ခံကြရသူများရှိပါသည်။ ဗုဒ္ဓစာပေကျမ်းဂန်များတွင်လည်း သီလ၏ အကျိုးကျေးဇူးကို လင်္ကာ၊ အဓိပ္ပာယ်၊ ဇာတ်ဝတ္ထုတို့ဖြင့် ဖော်ပြထားပါသည်။

"လောကပါလတရား နှစ်ပါးဖြစ်သော ဟိရီနှင့် ဩတ္တပ္ပ အရှက်အကြောက်တရားနှစ်ပါး မရှိသူဟာ သီလပျက်ဖို့ဝန်မလေးကြပါ။ အရှက်အကြောက်ဆိုတာ မကောင်းမှုပြုရမှာကို ရှက်ရကြောက်ရမည်ဟုဆိုပါတယ်။ ယနေ့ခေတ်ကာလတွင် ထိုတရားနှစ်ပါး ပျက်သူတွေ တဖြည်းဖြည်းများလာကြပြီ။ လူငယ်တွေကို မိဘ၊ ဆရာသမားတွေ ဆုံးမသင်ပေးသင့်ကြပါပြီ။ မထိန်းနိုင်ရင်တော့ ယခုဘဝမှာပင် ဒုက္ခရောက်၊ ဘဝပျက်၊ အသက်တိုနိုင်ပါတယ်။ ဆရာတော်တစ်ပါး၏ ဆုံးမဩဝါဒ တရားစကား။

မြတ်စွာဘုရားသည် ပဋာစာရီအား ရုပ်၊ နာမ် နှစ်သင်း ဖြစ်ပျက်ခြင်းကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် မသိမမြင်ဘဲ အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် အသက်ရှည် တည်နေခြင်းထက် ရုပ်နာမ်ဖြစ်ပျက်ခြင်းကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သိမြင်နေသောသူ၏ ကာလမကြာ တစ်ရက်တာမျှ ဇီဝိတ ခန္ဓာစဉ်ဆက် အသက်ရှင်၍ နေရခြင်းသည် အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏"ဟူသော ဤဓမ္မပဒတရားဂါထာကို ဟောကြားတော်မူလေ၏။ ဂါထာနိဂုံး ဆုံးသောအခါ ပဋာစာရာထေရီသည် ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီဖြစ်လေ၏။

လောကီလူသား လူအများတို့ လောကဓံရှစ်ပါးနဲ့ ကြုံတွေ့ရင်ဆိုင်ကြရပါမည်။ ဘယ်လိုလောကဓံကြုံကြုံ၊ သီလမပျက်စေရန်၊ အယူမမှားမိစေရန် အရေးကြီးပါသည်။ အခွင့်အရေးရတာနဲ့ ဗုဒ္ဓဘာသာကို ပစ်ပယ်ပြီး အခြားဘာသာသို့ ကူးပြောင်းမယ်။ အရက်သောက်တာ အပြစ်မဟုတ်ပါ စသည်ဖြင့် တွေးခေါ်နေသော လူငယ်အချို့တွေ့မြင်ဖူးပါသည်။

လက်ရှိဘဝ ချမ်းသာဖို့ပဲလိုတယ်။ နောင်ဘဝ ဖြစ်ချင်တာဖြစ်ဆိုရင် ဗုဒ္ဓဘာသာဟု သတ်မှတ်၍မရတော့ပါ။ မည်သို့ပင်ဖြစ်စေ အမွန်မြတ်ဆုံး ဗုဒ္ဓသာသနာနှင့် ဆုံတွေ့ခိုက်မှာ ဗျသနတရားငါးပါးမှ သီလနှင့်ဒိဋ္ဌိကို သဘောပေါက် ကျင့်သုံးနေထိုင်ပါက ကိုယ်စိတ်နှစ်ပါး ချမ်းသာစေပါမည်။

အမှားကို အမှန်သိသည့်အချိန်မှစ၍ အမှန်ကို အမြန်ပြင်သင့်ပါသည်။ နိဗ္ဗာန်ရောက်အောင် မကျင့်ကြံနိုင်သည့်တိုင်အောင် အပါယ်လေးဘုံ မကျအောင် နေထိုင်သင့်ကြပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)

<u>မှီငြမ်း</u>

- မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (အရှင်ဝိစိတ္တသာရာဘိဝံသ)
- ဗျသနတရားငါးပါး (ဒေါက်တာ အရှင်ကိတ္တိဗလ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရအဓိဋ္ဌာန်

ပီတာမြဦး

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ဖြစ်သည်။ နေရာကား အင်းစိန်ဗဟိုအကျဉ်းထောင် ထောင်ကျဆောင် ရုံးခန်းတွင်ဖြစ်၏။ ကျွန်ုပ်မှာ ထိုစဉ်က (၅)ဆောင်တာဝန်ကျ ထောင်မှူးမျှသာဖြစ်၏။

"အပေါ် (၁)ခန်းက ကိုမောင်မောင်စိုး ခဏသွားခေါ်ကွာ"

ကျွန်ုပ်က တာဝန်ကျဝန်ထမ်းအား ပြောလိုက်သည်။ မောင်မောင်စိုးဆိုသူမှာ အပက(၃)ခေါ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် ငြိစွန်းကာ ထောင်ဒဏ်ဆယ်နှစ် ကျခံနေရသော အကျဉ်းသားဖြစ်၏။ ၎င်းသည် ပညာတတ်အစိုးရတစ်ယောက်ဖြစ်၍ တည်ကြည်ခံ့ညားသော ဥပဓိရုပ်ရှိသည့် အသက် ၅၀ အရွယ်ဖြစ်သဖြင့် ကျွန်ုပ်နှင့်တကွ တစ်ဆောင်လုံးက လေးလေးစားစား ဦးတပ်ခေါ်ကြရသူဖြစ်၏။

"ပြောရမှာတော့ စိတ်မကောင်းစရာပဲဗျာ"

ခဏအကြာ ကိုမောင်မောင်စိုး ရောက်လာရာ ကျွန်ုပ်က ပြောလိုက်သည်။

"ဘာများလဲဆရာ"

ကိုမောင်မောင်စိုးက လက်ထဲက ပုတီးစိပ်မပျက် မေးသည်။

"တရားရုံးချုပ်က ခင်ဗျားအယူခံရှုံးသွားပြီဗျ"

ကျွန်ုပ်က သူ့ကို စိတ်ဓာတ်ကျသွားမည်စိုး၍ အသံကိုထိန်းကာ ပြောလိုက်မိသည်။ သို့တစေ ကိုမောင်မောင်စိုးက ဘာမှမဖြစ်သလို ပုတီးစိပ်မပျက်။

"ဒါ စိတ်မကောင်းစရာ သတင်းဆန်းမှ မဟုတ်တာပဲဆရာ။ ထောင်ကျလာတဲ့ အကျဉ်းသားတိုင်းလိုလို မလွှဲမရှောင်သာ ကြုံတွေ့ရမယ့်ကိစ္စပဲဟာ"

ကျွန်ုပ် အလွန်အံ့အားသင့်သွားမိသည်။

"အေးဗျာ ဒါဆိုလည်း တော်သေးတာပေါ့။ ကျွန်တော်က ခင်ဗျား စိတ်ဓာတ်ကျသွားမှာ စိုးရိမ်နေတာဗျ"

"ဒါက လမ်းဆုံးမှ မဟုတ်သေးတာပဲ ဆရာရယ်။ ကျွန်တော့်ရှေ့နေနဲ့ တိုင်ပင်ပြီး အထူးရာဇဝတ် အယူခံရုံးကို ဆက်တက်လို့ ရသေးတာပဲဟာ"

သူက ဖြူဖွေးသော သွားတန်းများပေါ်လာသည်အထိ အပြုံးမပျက် ပြောသည်။ ကျွန်ုပ်စိတ်ထဲတွင်မူ မြို့နယ်ရုံးက အယူခံကို တိုင်းရုံးက ပယ်ဖျက်ခဲ့သလို တရားရုံးချုပ်ကလည်း အောက်ရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် ဝင်ရောက်စွက်ဖက်ရန်အကြောင်း မရှိဆိုကာ ပလပ်ခဲ့သည်။ သို့ဖြစ်၍ ယခု အထူးရာဇဝတ်အယူခံရုံးသို့ ဆက်တက်၍လည်း အကြောင်းထူးနိုင်ပါတော့မလားဟု တွေးနေမိသည်။

ကိုမောင်မောင်စိုးက ကျွန်ုပ်အတွေးကို သိနေသည့်အလား ဆက်ပြောသည်။

"တကယ်လို့ အထူးရာဇဝတ်အယူခံရုံးက ပလပ်ခဲ့ရင်လည်း ကျွန်တော် စိတ်ပျက်သွားမှာ မပူနဲ့ဆရာ။ ကျွန်တော်ကတော့ သူ့ထက်မြင့်တဲ့ရုံးကို ဆက်တက်ဦးမှာပဲဆရာ"

ကျွန်ုပ်မျက်လုံးများ ပြူးကျယ်သွားမည် ထင်မိ၏။ တကယ်ဆို အထူးရာဇဝတ် အယူခံရုံး၏ ဆုံးဖြတ်ချက်မှာ အယူခံကိစ္စတွင် ဂိတ်ဆုံးနေပြီဖြစ်၏။ သူ့ထက်မြင့်သော အယူခံရုံးမရှိတော့။ သို့ပါလျက် ကိုမောင်မောင်စိုးက ဆက်တက်ဦးမည် ဆိုနေသည်။

"ကိုမောင်မောင်စိုးကလည်းဗျာ အထူးရာဇဝတ် အယူခံရုံးက အမြင့်ဆုံးပဲလေ။ သူ့ထက်မြင့်တာမှ မရှိတော့တဲ့ဟာ"

ကျွန်ုပ် လေသံအေးအေးဖြင့် ပြောလိုက်သည်။ ကိုမောင်မောင်စိုးကမူ ပုတီးစိပ်မပျက် ပြောသည်။

"ရှိတာပေါ့ဆရာ။ လောကပါလ တရားရုံးလေ။ ကျွန်တော်က အဲဒီတရားရုံးက လွှတ်ပေးမှာလေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဘာပြစ်မှုမှ



www.burmeseclassic.com

www.burmeseclassic.com

မကျူးလွန်ခဲ့ဘဲ မတရားခံနေရတဲ့ မတရားခံဖြစ်နေလို့ပဲ ဆရာ"

ကျွန်ုပ် ကိုမောင်မောင်စိုးအား ယခုမှတွေ့ဖူးသော လူထူးလူဆန်းကြီး တစ်ယောက်ပမာ စူးစိုက်ကြည့်မိရင်း အပေါ် (၁)အခန်း လူကြီးကျော်နိုင်၏ စကားများကို ပြန်လည်ကြားယောင် နေမိသည်။

"ကျွန်တော် သိရသလောက် ဦးမောင်မောင်စိုးဆိုတဲ့လူက အပြင်မှာ တုန်းက အရာရှိပိပိ မူးယစ်သောက်စား နေခဲ့တာတဲ့။ ထောင်ကျမှာ ကြောက် စိတ်ဝင်ပြီး ပုတီးတကိုင်ကိုင် ဘာသာ ရေးလုပ်နေတာတဲ့"

စည်းကမ်းထိန်း မြင့်လွင်ကလည်း

"ဆရာသိတဲ့ အတိုင်းပဲလေ…၊ အပြင်မှာတုန်းက ပုတီးဘယ်နလုံးရှိမှန်း မသိတဲ့လူတွေက ထောင်ထဲရောက်မှ ဘုရားအဂ္ဂါလိုလို ဖြစ်နေကြတာ။ ပြော ရရင် ဒါဟာ ပုတီးကြောင်တာပဲဆရာ"

ကျွန်ုပ် သူ့ကို ဘာမှဆက်မပြော မိတော့။

နောက်တစ်နေ့ ကိုမောင်မောင် စိုးပြောထားသည့်အတိုင်း သူ့ရှေ့နေနှင့် တွေ့ဆုံတိုင်ပင်ပြီး အထူးရာဇဝတ်အယူ ခံရုံးသို့ ဆက်တက်ရန် စီစဉ်ခဲ့လေသည်။

သို့တစေ အောင်မြင်မှုကား မရ ခဲ့ပါချေ။ အထူးရာဇဝတ်ရုံး၊ အယူခံရုံး ရှုံးပြန်ပါလေသည်။

"ကျွန်တော်ကတော့…လက် မလျှော့ဘူးဆရာ။ လောကပါလတရား ရုံး ဆက်တက်မယ်။ ကျွန်တော့်ကို ရှုံး တယ်လို့ ထင်ချင်ထင်ပါ။ မတရားခံရတဲ့ ကျွန်တော့်ကို လောကပါလနတ်မင်းကြီး က ဒီအတိုင်း ကြည့်နေမှာမဟုတ်ဘူး။ မယုံရင် စောင့်ကြည့်ပါဆရာ။ ကျွန်တော် ထောင်ထဲရောက်ကတည်းက အမိဋ္ဌာန် ပုတီးစိပ်နေတာ အခုဆို လေးနှစ်တောင် ကျော်လာပြီ။ ကျွန်တော်သိနေတယ် ဆရာ။ ပြစ်ဒဏ်ငါးနှစ်မပြည့်ခင် ကျွန် တော် ထောင်အပြင်ရောက်နေမှာပါ"

ကိုမောင်မောင်စိုး ပြောနေပုံက သာမန်လူတစ်ယောက်နှင့်မတူ။ အနာ ဂတ်ကိုကြိုမြင်ကို ကြိုတင်ဟောကိန်း ထုတ်နေသော ပုရောဟိတ်ကြီးတစ် ယောက်လိုလို၊ ထွက်ရပ်လမ်းကိုကောင်း ကောင်းသိနေသော ဝိဇ္ဇာဓိုရ်တစ်ယောက် လိုလို ဖြစ်နေသည်။

"ဒါနဲ့ ကိုမောင်မောင်စိုးက ထောင် ထဲရောက်ကတည်းက အမိဋ္ဌာန်ပုတီး စိပ်နေတယ်ဆိုတော့ ဘယ်လိုစိပ်နေ တာလဲဗျ"

ကျွန်ုပ်က မသိမသာ တီးခေါက် ကြည့်မိသည်။ ကျွန်ုပ်အနေနှင့် ယုံကြည် ၍ စိတ်ဝင်စား၍တော့ မဟုတ်ပေ။ လူ မှုရေးအရ မေးကြည့်ခြင်းမျှသာ။

"ဘုရားဂုဏ်တော် ကိုးပါးလေ ဆရာ။ ကျွန်တော်အမှုဖြစ်လို့ စအချုပ်ခံ ခဲ့ရကတည်းက တစ်နေ့ ဂုဏ်တော် ၁၀၀၀ နှုန်းနဲ့ အမိဋ္ဌာန်ပြီး မပျက်မကွက် စိပ်လာတာ ခု လေးနှစ်ကျော်ပြီလေ"

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်မိ သည်။

"အင်း…တစ်နေ့ ပုတီးအပတ် တစ်ထောင်ဆိုတော့ ဘယ်လွယ်ပါ့မလဲ။ ဒါနဲ့ အခုအမှုမှာ မတရားခံရတယ်ဆို တာက ဘယ်လိုများလဲ"

"ကျွန်တော်က ရုံးမှာ စတိုကိုင် ရတယ်။ လိုအပ်တဲ့ ရုံးသုံး၊ လုပ်ငန်းသုံး ပစ္စည်းတွေကို နယ်က ရုံးခွဲတွေဆီ ပို့ ပေးရတယ်။ တစ်နေ့မှာ တစ်နှစ်စာ ရုံး လုပ်ငန်းသုံးပစ္စည်းတွေကို မန္တလေးတိုင်း အတွက် ပို့ပေးရတယ်။ တစ်တိုင်းလုံး အတွက်ဆိုတော့ တော်တော်များတယ်။ တန်ဖိုးကလည်း မနည်းဘူး။ အဲဒါကို ကားဂိတ်ကတစ်ဆင့် ပို့ပေးရတာလေ။ ပြဿနာက အဲဒီလုပ်ငန်းသုံးပစ္စည်းတွေ ကို မန္တလေးမပို့ဘဲ လမ်းခုလတ်မှာ ရောင်းစားတယ်ဆိုပြီး ဝန်ထမ်းတစ် ယောက်က တိုင်တယ်လေ။ အဲဒါ ဌာန မှူးရော ကျွန်တော်ပါ သက်ဆိုင်ရာရဲ့ အစစ်ဆေး ခံကြရတယ်။ ဌာနမှူးက တော့ အမိန့်ပေးသူဆိုတော့ တိုက်ရိုက် တာဝန်ရှိတာပေါ့။ ကျွန်တော်ကတော့ အထက်အမိန့်အရ ဆောင်ရွက်ရတာ ဖြစ်ပြီး ဒီမသမာမှုကို လုံးဝမသိတဲ့ အကြောင်း ငြင်းတာပေါ့ဗျာ။ ဒါပေမယ့် သက်ဆိုင်ရာက ပစ္စည်းပို့တဲ့ပြေစာမှာ ကျွန်တော့်လက်မှတ်ပါနေတယ်ဆိုပြီး အရေးယူတော့တာကိုးဆရာ။ နောက် ဆုံး ဌာနမှူးကို အနှစ် ၂၀၊ ကျွန်တော့် ကို ၁၀ နှစ် ချလိုက်တာပါပဲ"

"အင်း…ကိုမောင်မောင်စိုးပြော တဲ့အတိုင်း အမှန်ဆိုရင်တော့ တကယ် မတရားခံရတာပါလားဗျ"

ကျွန်ုပ်က မှတ်ချက်ပြုလိုက် သည်။

"ဟုတ်ပါတယ်ဆရာ။ ဒါကြောင့် လည်း ကျွန်တော် အမိဋ္ဌာန်ငါးနှစ်မပြည့် ခင် လွတ်လိမ့်မယ်လို့ ယုံကြည်နေ တာပေါ့ဆရာ"

"အေးဗျာ ကိုမောင်မောင်စိုးယုံ ကြည်တဲ့အတိုင်း ဖြစ်လာနိုင်ပါစေလို့ ဆု တောင်းပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ကျွန်တော် ဟန်ဆောင်ပန်ဆောင် ဆုတောင်းပေးလိုက်ခြင်းသာဖြစ်၏။ စိတ်ထဲက ပါလှ၍တော့ မဟုတ်။ အဘယ်ကြောင့်ဆိုသော်・・ကိုမောင်မောင်စိုးကဲ့သို့ ထောင်ထဲရောက်မှ ပုတီးစိပ်နေကြသော အကျဉ်းသားများမှာ အရေအတွက် မနည်းလှ၍ဖြစ်၏။ ပြီးတော့ သူ၏ဆောင်ရွက်ချက်မှာ သဘာဝမကျသည့်အပြင် အဓိပ္ပာယ်လည်းမရှိ။ ယုတ္တိလည်းမတန်ဟု ထိုစဉ်က ကျွန်ုပ်ယူဆနေခဲ့မိ၍မဟုတ်ပါလား။

သို့တစေ・・・လူတို့၏ ဘဝကား ဆန်းကြယ်လွန်းလှသည်။ တကယ့်ဖြစ်ရပ်သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်တတ်သည် မဟုတ်ပါလား။

၂၈・၅・၁၉၈၀ ပြည့်နှစ်ရက်စွဲဖြင့် နိုင်ငံတော်ကောင်စီက အမိန့်အမှတ် (၂/၈၀) ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်လိုက်ခြင်းကြောင့် ဖြစ်ပါလေသည်။

ထိုအမိန့်တွင် ပြစ်ဒဏ်အသီးသီးကျခံနေရသော အကျဉ်းသားများအား ထောင်မှ လျှော့ရက်၊ နုတ်ရက်များအပါအဝင် သတ်မှတ်ထားသော ထောင်ဒဏ်၏ ထက်ဝက်တိတိကို လျှော့ပေါ့ခံစားစေလိုက်ကြောင်း ပါရှိလေသည်။

ယင်းအမိန့်အရ ၁၈・၁・၁၉၇၆ ရက်နေ့တွင် စတင်အချုပ်ခံခဲ့ရသော ကိုမောင်မောင်စိုးမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်သည့် ၂၈・၅・၁၉၈၀ ရက်နေ့တွင် ၄ နှစ်၊ ၄ လနှင့် ၁၀ ရက်သာ နေသားရသေးသော်လည်း ထိုကာလအတွက် လျှော့ရက် တစ်နှစ်ကျော် ရရှိနေပြီဖြစ်၏။

သို့ဖြစ်ရာ ထိုလျှော့ရက် တစ်နှစ်ဖြင့် ပေါင်းလိုက်ပါက သူ၏ထောင်နေသားမှာ မူလကျခံရသော ပြစ်ဒဏ်၏ ထက်ဝက်ကိုပင် ကျော်လွန်နေပြီဖြစ်ရာ ကိုမောင်မောင်စိုးအား ထိုနေ့မှာပင် ထောင်မှ လွှတ်လိုက်ရပါတော့၏။

လွတ်လူများကို ထောင်ပိုင်ကြီးကစစ်ဆေးပြီးနောက် ကျွန်ုပ်က ထောင်တံခါးလေးမှ တစ်ဦးချင်းလွှတ်ပေးစဉ် ကိုမောင်မောင်စိုးက -

"ကျွန်တော့်အဓိဋ္ဌာန် ငါးနှစ်မပြည့်ခင် ထောင်အပြင်ရောက်ရမယ်ဆိုတာ မှန်နေပြီမဟုတ်လား ဆရာ။ ကဲ・・ကျွန်တော့်ကို သွားခွင့်ပြုပါဆရာ"

ကျွန်ုပ်က ပြုံးပြနှုတ်ဆက်လိုက်မိပါသော်လည်း စိတ်ထဲ၌မူ မတင်မကျနှင့် ဇဝေဇဝါဖြစ်နေမိလေသည်။

ကိုမောင်မောင်စိုး ယနေ့လွတ်မြောက်မှုသည် နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အချိန်နှင့် ငါးနှစ်မပြည့်မီ တိုက်ဆိုင်သွား၍ပေလော။

သို့တည်းမဟုတ် လောကပါလနတ်မင်းကြီးကပင် အမှန်ဘက်ကရပ်တည်၍ အနေ၁င်အဖွဲ့မှ လွှတ်ပေးလိုက်ပါပေလော။

သို့တည်းမဟုတ် သူ၏ နိစ္စဓူဝမပျက် တစ်နေ့ ၁၀၀၀ နှုန်း စိပ်လာသော ဂုဏ်တော်ပုတီး၏ ဂုဏ်ရှိန်ရှိရဆန်လှသော အဓိဋ္ဌာန်ကြောင့်ပေလော။

ကျွန်ုပ် မသိတတ်နိုင်တော့ပါတကား။

ပီတာမြဦး

**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန်・・・
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄



www.burmeseclassic.com

www.burmeseclassic.com



# ပုဏ္ဏားအကြောင်း သိကောင်းစရာ

■ ဘုန်းပွင့်ထွန်း

ပုဏ္ဏားဟုဆိုလျှင် ပိတ်ဖြူခါးတောင်းကျိုက်နှင့် လက်မောင်းနှစ်ဖက်မှာ ဆေးဖြူသုံးတန်း၊ နဖူးမှာ ဆေးဖြူသုံးတန်း သုတ်ထားပြီး ခေါင်းပေါ်မှာ ပိတ်စအဖြူ ကရွတ်ခွေလျက် ယုန်နားရွက်ကဲ့သို့ ဗောင်းစနှစ်ခု ထောင်ထားပုံကို မျက်စိထဲမှာ ပုဏ္ဏား၏ ရုပ်သွင်ပြင်အား မြင်မိကြမှာ ဖြစ်ပါတယ်။

အသားအရောင်က ညိုညိုမည်းမည်း၊ မွဲမွဲခြောက်ခြောက် မျက်နှာကအရာရာကို ကောက်ကျစ်မယ့် စပရိန်မျက်နှာ။ စကားက မပီတပီ ဝဲတဲတဲဖြင့်။ ဝေဿန္တရာဇာတ်တော်မှာပါသော ဇူဇကာပုဏ္ဏားကိုတော့ လှူတာအကုန်စားလို့ ဗိုက်ကြီးက ပူပူတင်းတင်း၊ ဖောင်းဖောင်းကားကားဖြင့် ဗိုက်ရွှဲကြီးကိုလည်း မြင်ယောင်ရပြန်ပါတယ်။

ကဏှာနဲ့ ဇာလီကို နှိပ်စက်တဲ့နေရာမှာ အတုမရှိသော ပုဏ္ဏားတစ်ဦးဖြစ်ပါတယ်။ ဇာတ်သဘင်တွေရဲ့ နောက်ပိုင်းဇာတ်ထုပ်တွေမှာ ပုဏ္ဏားဇာတ်ရုပ်ပါတဲ့ဇာတ်ထုပ်တွေခင်းတဲ့အခါ ပုဏ္ဏားကိုသူတစ်ပါးဒုက္ခဆင်းရဲရောက်ရလေအောင် ချောက်တွန်းသူ၊ ကုန်းချောသူအဖြစ် မြင်တွေ့ဖူးကြမှာပါ။

မည်သို့ပင် ဖြစ်စေကာမူ ပုဏ္ဏားလို့ ဘာကြောင့်ခေါ်ရသလဲ၊ ပုဏ္ဏားဆိုတာ ဘာလဲ၊ ဘယ်လိုလူမျိုးကို ပုဏ္ဏားလို့ခေါ်သလဲ၊ ပုဏ္ဏားတွေဟာ ဘာအလုပ်လုပ်ကြသလဲ၊ ပုဏ္ဏားဘယ်နှမျိုးရှိသလဲ ဆိုတာတွေကို လေ့လာရှာဖွေကြည့်မိပါတယ်။ ကျမ်းအသီးသီးမှာတော့ ပုဏ္ဏားတွေရဲ့ အကျင့်အာစာရအမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်းပြုတဲ့ လုပ်ငန်းအသီးသီးပေါ်မူတည်ပြီး ပုဏ္ဏားအမျိုးအစား ကွဲပြားပုံများကို တွေ့ရှိရပါတယ်။

ပါဠိဘာသာမှာတော့ ပုဏ္ဏားဆိုတာ မရှိပါဘူး။ ဗြာဟ္မဏဆိုတာပဲ ရှိပါတယ်။ ဒီဗြာဟ္မဏဆိုတဲ့ ပါဠိစကားကိုပဲ မြန်မာမှုပြုပြီး ပုဏ္ဏားလို့ ဘာသာပြန်ခဲ့ကြ တာပါ။ မြန်မာစာပေမှာတော့ ပုဂံခေတ်ရဲ့ ရှေ့ဦးပိုင်းကာလမှာ 'ပုံဏား'ဆိုတဲ့ အရေး အသားကို စတင်တွေ့ရှိပါတယ်။ ပုဂံ ခေတ်နောက်ပိုင်းမှာ 'ပုံနား'ဆိုတဲ့ အရေး အသားကို တွေ့ရှိရပြန်ပါတယ်။

အင်းဝခေတ်မှာလည်း 'ပုံမ်ဏာ'ကို လည်းကောင်း၊ 'ပုံဏာ'ကိုလည်းကောင်း တွေ့ရှိရပြန်ပါတယ်။ အင်းဝခေတ်နောက် ပိုင်းကျမှသာ ပုဏ္ဏားဆိုတဲ့ အရေးအသား စတင်ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်။

## ပုဏ္ဏားလို့ခေါ်ရခြင်းအကြောင်း

ပုဏ္ဏားဆိုတာ မြန်မာ့ရေမြေမှ ရှေးကတည်းက ရှိနေခဲ့တာ မဟုတ် ဘူး။ ဟိန္ဒူလူမျိုးတွေဟာ အိန္ဒိယနိုင်ငံ ပူးနားမြို့မှာ နေကြပါတယ်။ ပူးနားမြို့ဆို တာ အိန္ဒိယနိုင်ငံ အနောက်ဘက်ခြမ်းမှာ ရှိ

www.burmeseclassic.com

တယ်။ ပူနားမြို့က လာခဲ့ကြတဲ့ လူတွေမို့ လာရင်းပူနားမြို့ဒေသကို အစွဲပြုကာ ပူနားလို့ ခေါ်ကြပါတယ်။ ပူနားကနေ ပူနားဖြစ်လာပါတယ်။ ပူနားကနေ ပုဏ္ဏားလို့ ခေါ်ကြပြန်ပါတယ်။ ပုဏ္ဏားကနေ ပုံဏ္ဏားဖြစ်လာပြီး နောက်ဆုံး ပုဏ္ဏားလို့ ရေးသားခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

## ဗြာဟ္မဏခေါ်ရိုး ထိုငါးမျိုး

ကမ္ဘာဦးက အစတည်သော ဗြာဟ္မဏတို့မှာ မိဘနှစ်ပါးကလည်း ဗြာဟ္မဏပုဏ္ဏား ဖြစ်ပါတယ်။ သာမန်လူတို့ထက်လည်း ကောင်းတဲ့အကျင့်မြတ်တွေကို ကျင့်သုံးလေ့ရှိပါတယ်။ မိမိတို့ရဲ့ မျိုးနွယ်ဆက် မတိမ်ကောမပျောက်ကွယ်ရအောင်လည်း အိမ်ရာထောင်တဲ့ အလေ့အကျင့်ရှိပါတယ်။ လေးဆယ့်ရှစ်နှစ်တိုင်အောင် အိမ်ရာထောင်မှုကိစ္စကို ပြုပြီးနောက် တောထွက်ပြီး ဗြဟ္မစိုရ်တရားပွားများကျင့်သုံးကြပြီး ဈာန်ရကြပါတယ်။ ဒီလို ပုဏ္ဏားတွေကိုတော့ 'ဗြဟ္မသမ ဗြာဟ္မဏ'လို့ ခေါ်ပါတယ်။

ဗြဟ္မသမ ဗြာဟ္မဏကနေပြီးတော့ ထပ်ပြီးတော့ ပွားလာတာကတော့ ဒေဝသမဗြာဟ္မဏပါပဲ။ ဒေဝသမဗြာဟ္မဏတွေဟာ ဗေဒင်ကျမ်းတွေကို သင်အံလေ့ကျက်လာကြပါတယ်။ သင်ကြားပေးတဲ့ ဆရာသမားကို တရားသဖြင့် ရှာဖွေလို့ရတဲ့ ဥစ္စာတွေနဲ့ ပူဇော်ပြီး အိမ်ရာမထောင်ဘဲ တစ်ကိုယ်တည်း တောထွက်ကာ ဗြဟ္မစရိယလို့ခေါ်တဲ့ ဗြဟ္မစိုရ်တရားတွေကို ကျင့်သုံးကြပါတယ်။ သေလွန်တဲ့အခါ ဗြဟ္မာပြည်သို့သာ လားရောက်စေသော အကြောင်းကိုမျှော်ကာ အကျင့်သီလအာစာရနှင့် ဈာန်တရားတို့ကို လေ့လာပွားများကြပါတယ်။ ဒါဟာလည်း ဒေဝသမ ဗြာဟ္မဏလို့ဆိုပေမဲ့ ဗြဟ္မာပြည်သို့ရောက်ကြောင်း အကျင့်ကောင်းကို ကျင့်တာကြောင့် 'ဗြဟ္မသမ ဗြာဟ္မဏ'မျိုးပါပဲ။

ဗြဟ္မသမ ဗြာဟ္မဏတွေဟာ တစ်ကိုယ်တည်း အိမ်ရာမထောင်ဘဲ တောထွက်လေ့ရှိတာကြောင့် မျိုးနွယ်ဆက်များကြာရင် ပြတ်တောက်သွားမှာ စိုးပါတယ်။ ဒါကြောင့်မို့ ဗေဒင်သင်ပြီး တစ်ကိုယ်တည်း တောမထွက်သင့်ဘူး။ အမျိုးပြတ်သွားလိမ့်မယ်။ ဗေဒင်သင်ပြီးတဲ့နောက် မျိုးနွယ်ဆက်အတွက် အိမ်ရာထောင်ကြရမယ်။ သားဦးမြင်တဲ့အထိ လူ့ရပ်ခွင်မှာ နေရမယ်။ သားဦးမြင်မှ တောထွက်ပြီး ဈာန်သုခကို ရှာကြရမယ်။ ဗြဟ္မာဖြစ်ကြောင်း အကျင့်ကောင်းကို ကျင့်ရမယ်လို့ ဝါဒတစ်မျိုး ထွက်ပေါ်လာပြန်ပါတယ်။ ဗေဒင်ကို သင်ပြီး သားတစ်ယောက်ရမှ တောထွက်လေ့ရှိတဲ့ ပုဏ္ဏားမျိုးကိုမှ ဒေဝသဗြာဟ္မဏလို့ ခေါ်ပါတယ်။

မူလ ဗြဟ္မသမ ဗြာဟ္မဏ အယူဝါဒကနေ နောက်ထပ် ဒေဝသမ ဗြာဟ္မဏရယ်လို့ ထပ်မံ အမျိုးအစား ကွဲပြားလာတာပါပဲ။

ပုဏ္ဏားမျိုးတွေကို ဆက်လက်လေ့လာကြည့်လိုက်တဲ့အခါ ဇာတ်တူသူနဲ့သာ အိမ်ရာထောင်ပြီးတော့ တောထွက်ရမြဲအလေ့ကိုမပြုလုပ်တဲ့ 'မရိယာဒဗြာဟ္မဏ' ပုဏ္ဏားမျိုးရယ်၊ ဇာတ်တူသူနဲ့သာ အိမ်ရာထောင်လေ့ရှိရာမှ ဇာတ်မတူသူနဲ့လည်း အိမ်ထောင်ပြုပြီး ရသေ့ရဟန်းမပြုဘဲ လူ့ရပ်လူ့ခွင် လူ့ဇာတ်စင်မှာပဲ လောကီအငွေ့ ဘုံမလေ့နဲ့ နေတဲ့ပုဏ္ဏားမျိုးတွေ ရှိလာပါတယ်။ ဗြဟ္မာပြည်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ ဗြဟ္မစိုရ်တရားတွေ လျော့ပါးပျောက်ကွယ်လာတဲ့ သဘောပါပဲ။ သမ္ဘိန္နမရိယာဒဗြာဟ္မဏလို့ ခေါ်ပါတယ်။

နောက်ဆုံးမှာတော့ မည်သည့် မိန်းမမျိုးနဲ့မဆို အိမ်ရာထောင်ပါတော့တယ်။ အဝမ္မနဲ့ရော ဓမ္မနဲ့ပါ ပရိယေသနဝမ်းရေးကို ရှာကြံလာတယ်။ မစင်ကြယ်တဲ့ အသက်မွေးမှုမျိုး ရှိလာခဲ့တယ်။ တစ်စတစ်စနဲ့ အကျင့်ဓမ္မတွေ စောင့်သုံးမှု မဲ့လာခဲ့တယ်။ သူတို့ကိုတော့ 'စဏ္ဍာလ ဗြာဟ္မဏ'လို့ ခေါ်ပါတယ်။

ဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့ ဖွဇကာပုဏ္ဏားလို ဗြာဟ္မဏမျိုး ဇာတ်သဘင်တွေမှာ သရုပ်ဆောင်တဲ့အခါ သူတစ်ပါး ဒုက္ခရောက်အောင် ကုန်းချောချောက်တွန်းတတ်တဲ့ ဗြာဟ္မဏပုဏ္ဏားမျိုးတွေဟာ ဒီစဏ္ဍာလဗြာဟ္မဏလို အမျိုးအစားထဲက ဖြစ်မယ်ထင်ပါတယ်။

ဒီကနေ့ခေတ်မှာတော့ အဲဒီငါးမျိုးလုံး ရှိနေလောက်ပါတယ်။ ဒါပေမဲ့ ဗြဟ္မစိုရ်တရားကျင့်ပွားတဲ့ ပုဏ္ဏား၊ တောထွက်ပြီး ရသေ့ရဟန်းပြုတဲ့ ပုဏ္ဏားတွေကတော့ အတော်ရှားသွားပါပြီ။

## အသက်မွေးဝမ်းကျောင်းပုံအရ ပုဏ္ဏားလေးမျိုး

ရှေးက ပုဏ္ဏားတွေဟာ ဗေဒင်တို့၊ နီတိတို့၊ သျှတ္တရတို့၊ ဥပရိသျှကျမ်းတို့ကို ကုန်စင်အောင် လေ့လာပြီး အသက်မွေးဝမ်းကျောင်းပြုကြပေမဲ့ နောက်ပိုင်းမှာတော့ အသက်မွေးမှုအတွက် အလုပ်အမျိုးမျိုးကို လုပ်ဆောင်လာကြပါပြီ။

ဗေဒင်ဟောပြောစားတဲ့သူ၊ မင်းမှုထမ်းတဲ့သူ၊ ကုန်သွယ်လယ်လုပ်စားတဲ့သူ၊ အစေအပါးလုပ်စားတဲ့သူဆိုပြီး လေးမျိုးလေးစား အစုပြုခွဲခြားတဲ့နေရာမှာ ဗေဒင်ဟောပြောစားတဲ့သူကို ဗြာဟ္မဏပုဏ္ဏားလို့ ခေါ်ပါတယ်။ မင်းမှုထမ်းတဲ့သူကိုတော့ ခတြပုဏ္ဏားမျိုးလို့ ခေါ်ပါတယ်။ ကုန်သွယ်လယ်လုပ်စားတဲ့သူကို ဗိသျှပုဏ္ဏားမျိုးလို့ ခေါ်ပါတယ်။ အစေအပါးလုပ်ဆောင်စားတဲ့သူကိုတော့ သုဒြပုဏ္ဏားမျိုးလို့ ခွဲခြားခေါ်ဝေါ်သတ်မှတ်ကြပါတယ်။

ဒီလို လေးမျိုးကွဲပြားလာတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားမျိုးနွယ်လေးပါးကို သိသာခြားနားစေတာကတော့ သူတို့ဆင်တဲ့ စလွယ်တွေပါပဲ။ ဒီစလွယ်တွေအရ ပုဏ္ဏားလေးမျိုးရဲ့ အဆင့်အတန်း အနိမ့်အမြင့် ကွာခြားမှုကိုလည်း သိရှိနိုင်ပါတယ်။

ဗြာဟ္မဏပုဏ္ဏားမျိုးဟာ စလွယ်ကိုးသွယ်၊ ခတ္တိယပုဏ္ဏားမျိုးဟာ စလွယ်ခြောက်သွယ်၊ ဗိဿျပုဏ္ဏားမျိုးကတော့ စလွယ်သုံးသွယ် ဆင်ခွင့်ရှိကြပါတယ်။ သုဒ္ဒြပုဏ္ဏားမျိုးကတော့ စလွယ်ဆင်ခွင့်မရှိပါဘူး။ ပုဏ္ဏားမျိုးတွေမှာတော့ အဆင့်အနိမ့်ဆုံး ပုဏ္ဏားမျိုးပါပဲ။ အစေအပါးလုပ်ဆောင်စားရတဲ့ ပုဏ္ဏားမျိုးဖြစ်လို့လည်း စလွယ်ဆင်ခွင့်မရှိရခြင်း ဖြစ်ပါတယ်။

## စလွယ်ဆင် အကျင့်ဆယ်ပါး

ပုဏ္ဏားမျိုးတွေဟာ အချိန်အခါရောက်ရင် စလွယ်တင်ကြရပါတယ်။ ဒီလို စလွယ်တင်တဲ့အခါမှာ အကျင့်ဆယ်ရပ်ကို မဖောက်ဖျက်ဖို့ အဓိဋ္ဌာန်ပြုကြရပါတယ်။ ဒီအကျင့်ဆယ်ရပ်နဲ့အညီ အကျင့်ကောင်း၊ အကျင့်မြတ်ကို ခါးဝတ်ပုဆိုးလို မြဲကြရပါတယ်။ အဲဒီ အကျင့်ဆယ်ရပ်တွေဟာ ၁။ ကိုယ်ကို ဆုံးမခြင်း၊ ၂။ နှုတ်ကို ဆုံးမစောင့်စည်းခြင်း၊ ၃။ ကိလေသာကို ငြိမ်းအေးစေခြင်း၊ ၄။ စင်ကြယ်သော အမူကိစ္စ ရှိရခြင်း၊ ၅။ ရောင့်ရဲသော စိတ်ရှိရခြင်း၊ ၆။ ဖြောင့်မတ်သော စိတ်ရှိခြင်း၊ ၇။ အမြတ်ရတနာ ကိုးကွယ်ရာသို့ ဆည်းကပ်ရခြင်း၊ ၈။ သည်းခံရခြင်း၊ ၉။ မှန်ကန်သောစကားကို ပြောရခြင်း၊ ၁၀။ သနားတတ်ရခြင်းတို့ ဖြစ်ကြပါတယ်။

ဒီအကျင့်ဆယ်ပါးကို ကြည့်ရင် အလွန်ကောင်းမြတ်တဲ့ အကျင့်ကောင်းတွေပါ။ အကျင့်ကောင်းတွေကို အကောင်းကျင့်သူသာ စလွယ်ဆင်ရတာ ဖြစ်ပါတယ်။

## စလွယ်ဆင်ရတာက

စလွယ်ဆင်တဲ့ မင်္ဂလာကို ပြုလုပ်ရတာက ပြဟ္မာခေါ်ရိုး ဗြာဟ္မဏအမျိုးအဖြစ် ကျင့်ရိုးဆယ်ဖြာ ကောင်းမြတ်စွာကို ကျင့်ကြံအားထုတ်သူအဖြစ်လည်းကောင်း၊ ၁။ မြင့်မြတ်ခြင်း၊ ၂။ စင်ကြယ်ခြင်း၊ ၃။ ပြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရခြင်း၊ ၄။ အသက်ရှည်ခြင်း၊ ၅။ ဉာဏ်ပညာတိုးခြင်း၊ ၆။ ခွန်အားကြီးခြင်း၊ ၇။ တင့်တယ်ခြင်း၊ ၈။ ရန်ငြိုးပျောက်ခြင်း၊ ၉။ တန်ခိုးကြီးခြင်း အကြောင်းကိုးပါးကြောင့်လည်းကောင်း ပုဏ္ဏားမျိုးအဖြစ် သိက္ခာတင်ခြင်း၊ ဖာတ်သွင်းခြင်းအဖြစ် စလွယ်ကို ဆင်ကြရခြင်း ဖြစ်ပါတယ်။

ဒီလို အကျင့်ဆယ်ပါးနှင့် ကောင်းခြင်းကိုးသွယ်ကို အကြောင်းပြု၍ သိက္ခာတင်၊ ဖာတ်သွင်း၊ စလွယ်ဆင်ခြင်းကို မန်လည်ဆရာတော်က စလွယ်ဆင်ရာ၊ သိက္ခာတင်ခြင်း၊ ဖာတ်သွင်းခြင်း၏၊ ကောင်းခြင်းခေါ်ရိုး၊ ဤဆယ့်ကိုးသည်၊ အကျိုးအာနိသံသာတည်းလို့ မဃဒေဝလင်္ကာသစ်မှာ စပ်ဆိုဖော်ပြထားပါတယ်။

ဒီလို စလွယ်တင်အခမ်းအနားရဲ့ စလွယ်ကို ဆင်ပြီးတဲ့ ပုဏ္ဏားမှာ ကျင့်ရမယ့်အကျင့်တွေ၊ ပြုလုပ်ရမယ့် ကျင့်ဝတ်တွေ၊ ရှောင်ကြဉ်ရမယ့် သိက္ခာပုဒ်တွေကို လိုက်နာရပါတော့တယ်။ ဒါတွေကို မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်မိသူဆိုရင်တော့ ပါရာဇိက ကျပါတယ်။ ပါရာဇိကကျတယ်ဆိုတာ ပုဏ္ဏားအကျင့်ပျက်တာ၊ ဇာတ်ပျက်တာ၊ ဆုံးရှုံးတာ၊ လက်လွှတ်ရတာ ဖြစ်ပါတယ်။

## ပုဏ္ဏားတို့ရဲ့အကျင့်နဲ့ ကျင့်ဝတ်

စလွယ်ကို ဆင်တဲ့အတွက် စလွယ်ဆင်တာနဲ့ ထိုက်တန်တဲ့ဂုဏ်နဲ့ ပြည့်ဝအောင် ကိုက်ညီတဲ့အကျင့်ကိုတော့ ကျင့်ကြံ စောင့်ထိန်းကြရပါတယ်။ သူတို့ရဲ့ မလေ့မမှတာ အစဉ်အလာကို လေ့လာကြည့်တော့ အကျဉ်းချုပ်လိုက်မယ်ဆိုရင် ငါးမျိုးရှိပါတယ်။

၁။ အမျိုးဇာတ်တူတဲ့ ပုဏ္ဏားမကိုသာ ပေါင်းဖက်ရခြင်း၊

၂။ အခြားသော ကာလတွေမှာ သံဝါသမပြုရဘဲ ဥတုလာမှ သံဝါသပြုရခြင်း၊

၃။ ပုဏ္ဏေးမကို ကြေးမြီနဲ့ မသိမ်းရခြင်း၊ ပုဏ္ဏေးမကို ငွေကြေးရရန်အလို့ငှာ မရောင်းချရခြင်း၊

၄။ ရွှေငွေဥစ္စာများကို ရှာဖွေသိမ်းဆည်းမှု မပြုရခြင်း၊

၅။ နံနက်စာ၊ ညစာ တန်ရုံသာ ရှာဖွေစားသောက်ရခြင်း စတဲ့

အကျင့်ငါးမျိုးကို ဆောင်ကြရပါတယ်။

ပြုလုပ်ရမယ့် ကျင့်ဝတ်တွေကလည်း များတယ်လို့ ဆိုပေမဲ့ ကျင့်ဝတ်တွေကို ပေါင်းစု ဆင်ခြင်လိုက်တဲ့အခါမှာ ရှစ်မျိုးလောက်ခန့် ရှိပါလိမ့်မယ်။ ကျင့်ဝတ်ရှစ်ပါးတွေကတော့ ၁။ ဥပုသ်သီတင်းစောင့်သုံးရခြင်း၊ ၂။ ငါးပါးသီလ မြဲရခြင်း၊ ၃။ ဖြောင့်မတ်တည်ကြည်ရခြင်း၊ ၄။ အမျက်မာန်မာနမရှိဘဲ စိတ်ထားနူးညံ့ရခြင်း၊ ၅။ ဣန္ဒြေကို စောင့်စည်းထိန်းသိမ်းရခြင်း၊ ၆။ သည်းခံရခြင်း၊ ၇။ အမျိုးဇာတ်ကို စောင့်ရှောက်ရခြင်း၊ ၈။ သူတစ်ပါးကို မညှဉ်းဆဲရခြင်းတို့ဟာ ပုဏ္ဏားတွေရဲ့ ကျင့်ဝတ်တွေပဲ ဖြစ်ကြပါတယ်။

ပုဏ္ဏားတွေရဲ့ ကျင့်ဝတ်တွေထဲမှာ ငါးပါးသီလမြဲရခြင်း တစ်ချက်နဲ့တင် လေးစားဂုဏ်ပြောက်ဖွယ် ဖြစ်နေပါပြီ။ ဒါမှလည်း ပြဟ္မာအဖြစ်ကိုမှန်းပြီး ပြဟ္မာလမ်းလျှောက်တဲ့လူ ပီသတော့မှာပေါ့။ တကယ်တော့ ပုဏ္ဏားစင်စစ်ဖြစ်ဖို့ အကျင့်ကောင်းတွေ ကျင့်သုံးရတာဟာ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ သုံးဆယ့်တစ်ဘုံအတွင်း ကျင်လည်ရခြင်းဖြစ်ပေမဲ့ သုံးဆယ့်တစ်ဘုံ



www.burmeseclassic.com

www.burmeseclassic.com

မှာ အမြင့်မြတ်ဆုံး ဗြဟ္မာဘုံသို့ လားရာ ကျင့်ကောင်းများ ဖြစ်ပါတယ်။

ဗြဟ္မာဘုံဆိုတာက ကာမရာဂ ကင်းတဲ့နေရာ ဖြစ်ပါတယ်၊ ရှာန်ချမ်းသာနဲ့ မွေ့လျော်ရာနေရာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ပုဏ္ဏားတွေဟာ တောထွက် ရဟန်းပြုခြင်း၊ ကာမရာဂကိလေသာ ငြိမ်းဝပ်စေသော ဈာန်သမထတို့ကို ပွားစီးခြင်း ပြုကြရပါတယ်။

## ပုဏ္ဏားတို့ရဲ့ ဗြာဟ္မဏပါရာဇိက

ပုဏ္ဏားတွေမှာ ဗြာဟ္မဏပါရာဇိက ဆိုတဲ့ ဆုံးရှုံးခြင်း၊ လက်လွှတ်ရခြင်း အကြောင်းပညတ်ချက်တွေဆိုတာ ရှိပါသေးတယ်။ သိပ်တော့ မများလှပါဘူး။ ဗြာဟ္မဏပါရာဇိကကြီးကတော့ ငါးပါးရှိပြီး၊ ဗြာဟ္မဏပါရာဇိကငယ်ကတော့ ရှစ်ပါးရှိပါတယ်။

ဗြဟ္မဟတ္ယာ–ပုဏ္ဏားကိုသတ်ခြင်း၊ သုရာပါန်–သေသောက်စား မူးယစ်ခြင်း၊ သုဝဏ္ဏဟရဏံ–ရွှေခိုးခြင်း၊ ဂုရုဒါရာဘိအမန်–ဆရာ့မယားကို သွားလာခြင်း၊ မာတဃ္ဃ–အမိကို ပြစ်မှားခြင်း စတဲ့ အပြစ်တွေဟာ ဗြာဟ္မဏပါရာဇိကကြီးငါးပါး ဖြစ်ပါတယ်။

ဂေါဝဓ–နွားသတ်ခြင်း၊ ကုဏ္ဍဝဓ–မိန်းမသတ်ခြင်း၊ မ္လေစ္ဆာပတိတာန္န ဘက္ခဏ–ယုတ်ညံ့သောသူတို့ထံမှရသော ထမင်းအစားအစာများကို စားခြင်း၊ အဘောန္န ဘက္ခဏ–စားဖော်သောက်ဖက် မဟုတ်သော သူတို့၏ ထမင်းအစာကို စားခြင်း၊ ဗာလဃာတိ–သူငယ်ကိုသတ်ခြင်း၊ ဘြူနဟတ္ယာ–သန္ဓေကို ဖျက်ချခြင်း၊ ပရဒါရာ–သူ့သားမယားကို ပြစ်မှားခြင်း၊ ပရဒြဗျဟရဏ–ရွှေမှတစ်ပါး သူ့ဥစ္စာကို ခိုးယူခြင်း၊ ဂေါမံသ ဘက္ခဏ–နွားသား စားခြင်း စတာတွေဟာ ဗြာဟ္မဏ ပါရာဇိကငယ်များ ဖြစ်ကြပါတယ်။

## ပုဏ္ဏားဆယ်မျိုး တိုး၍သိပါ

ဇာတကနိပါတ်တော်တွေမှာ တွေ့ရတဲ့ ပုဏ္ဏားမျိုးတွေဟာ အမျိုးမျိုးရှိနိုင်ပါတယ်။ အဓိက အသက်မွေးမှုဟာ ဗေဒင်ဟောခြင်း၊ နီတိကို ကျင့်ဆောင်ခြင်း၊ အလှူခံခြင်းတို့သာ ဖြစ်ပါသော်လည်း ထိုသို့ အသက်မွေးမှုမျိုးသာမက အခြားသော နည်းလမ်းတွေနဲ့လည်း အသက်မွေးဝမ်းကျောင်း ပြုလာကြပါပြီ။ အဲဒီ အသက်မွေးမှုပေါ် မူတည်ပြီး ဇာတ်ပွဲထဲက ပုဏ္ဏားဇာတ်ရုပ်တွေလိုမျိုး ကိုယ့်အကျိုးစီးပွားအတွက် သူတစ်ပါး အကျိုးစီးပွား ပျက်ရာပျက်ကြောင်း ကုန်းချောချောက်တွန်းတတ်တဲ့ ပုဏ္ဏားမျိုးတွေလည်း အမှန်ပင် ရှိလာစရာအကြောင်း ရှိပါတယ်။ အသက်မွေးမှုပေါ်မူတည်ပြီး ခွဲခြားလို့ရတဲ့ ပုဏ္ဏားဆယ်မျိုးခန့်ကို ဇာတကနိပါတ်တွေမှာ တွေ့ရှိရပါတယ်။

၁။ တိကိစ္ဆ သမ ဗြာဟ္မဏ– ဆေးကုသော ပုဏ္ဏားမျိုး၊ ၂။ ပါရိစာရိကာသမ ဗြာဟ္မဏ – အစေအပါးခံသော ပုဏ္ဏားမျိုး၊ ၃။ နိဂ္ဂါဟကသမ ဗြာဟ္မဏ– အလှူခံ၍ နှိပ်စက်သကဲ့သို့ဖြစ်သော ပုဏ္ဏားမျိုး၊ ၄။ ခါဏုဃာတသမ ဗြာဟ္မဏ– မီးလောင်ငုတ်ကဲ့သို့ ညစ်စုတ်သော ခန္ဓာကိုယ်ရှိသော ပုဏ္ဏားမျိုး၊ ၅။ ဝါဏိဇသမ ဗြာဟ္မဏ– ကုန်သွယ်သော ပုဏ္ဏားမျိုး၊ ၆။ အမ္ဗဋ္ဌသမ ဗြာဟ္မဏ– လယ်ယာကျွဲနွား မွေးမြူစားသောက်သော ပုဏ္ဏားမျိုး၊ ၇။ ဂေါဃာတကသမ ဗြာဟ္မဏ– နွားကအစ သတ်ဖြတ်သော ပုဏ္ဏားမျိုး၊ ၈။ ပေါပနိသာဒသမ ဗြာဟ္မဏ– အနိုင်အထက် လုယက်တတ်သော ပုဏ္ဏားမျိုး၊ (၇ နှင့် ၈ သည် ပါဠိအခေါ်အဝေါ်အတူတူပင် ဖြစ်သည်။) ၉။ လုဒ္ဒကသမ ဗြာဟ္မဏ– မုဆိုး၊ တံငါ လုပ်စားသောသော ပုဏ္ဏားမျိုး၊ ၁၀။ မလဇ္ဇသမ ဗြာဟ္မဏ – ဆတ္တာသည် လုပ်စားသော ပုဏ္ဏားမျိုး။

ဒါတွေဟာ ပုဏ္ဏားတွေရဲ့အကြောင်း တစေ့တစောင်း လေ့လာတွေ့ရှိရချက်တွေပါ။ ဗဟုသုတအနေနဲ့ သိထားဖို့လောက်သာပါ။ လူတွေ အမျိုးမျိုးအစားစား၊ စိတ်တွေလည်း အထူးထူးအပြားပြား ရှိကြသလို ပုဏ္ဏားဆိုတာကလည်း ကမ္ဘာဦးတည်စက ဗြာဟ္မဏတွေလို အိမ်ရာမထောင်၊ လူ့ဘောင်ပယ်စွန့်လျက် တရားဖွေရှာ သမထဘာဝနာအလုပ် ဈာန်ကိုရအောင် အားထုတ်ကြတဲ့သူ အလွန်ရှားနေပါပြီ။

ဒီလို လူ့ဘောင်ပယ်စွန့်ပြီး သမထဘာဝနာအလုပ်နဲ့ ဈာန်ကို အားထုတ်ပါသော်လည်း အတ္တဝါဒီကို ကိုင်ဆုပ်ထားတဲ့အတွက် သုံးဆယ့်တစ်ဘုံထဲက မလွတ်ကင်းနိုင်ပါဘူး။ ဒါပေမဲ့ ကြံ့သလိုသွား၊ ကြုံသလိုစားပြီး ကြုံရာဘုံဘဝကို စုန်ကာသွားနေကြတဲ့လူတွေရဲ့ အကျင့်နဲ့ စိတ်ထားထက်တော့ သာတယ်လို့ ဆိုရပါလိမ့်မယ်။

တတ်နိုင်ကောင်းတယ် ဆိုရင်၊ အစွမ်းရှိတယ်ဆိုရင် အတ္တဝါဒကို ဖောက်ခွဲချေဖျက်တဲ့ အနတ္တရဲ့ အမြင်ထက်မှသာ နိဗ္ဗာန်ဆိုတဲ့ သုံးဆယ့်တစ်ဘုံမှ လွတ်ကင်းရာအမှန်ကို ရောက်လိမ့်မှာ ဖြစ်ကြောင်း မြတ်ဗုဒ္ဓက လမ်းညွှန်ဟောပြထားတော်မူတယ်ဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဤတွင် ပုဏ္ဏားအကြောင်း သိကောင်းစရာ ပြီးပါပြီ။

ဗဟုသုတတိုးပွား၍ အမှန်မြင်ပြီး အမြင်မှန်ကြပါစေ ...။

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ချင့်ယုံကြပါ

■ ဟန်သီဇင်

ကျွန်တော့်မိသားစု အိမ်သစ်ပြောင်း ရွှေ့ရပြီဆိုတော့ အိမ်ထောင်စုစာရင်းဝင်ဖို့ ဟိုဘက်ရပ်ကွက်က သန်းခေါင်စာရင်းကတော့ ထုတ်လာပြီးပြီ။ အိမ်မှာကလည်း လူစေ့တက်စေ့ လက်လှုပ်မှ ါးစပ်လှုပ်ရတဲ့ဘဝ။ အလုပ်ရှင်က ခွင့်ယူလည်း မကြိုက်တော့ သန်းခေါင်စာရင်းဝင်ဖို့ကိစ္စ သွားလာဖို့ ခက်တော့နေပြီ။

ရုံးဌာနဆိုတာကလည်း သိတဲ့အတိုင်း တစ်ရက်၊ နှစ်ရက်နဲ့ ပြီးတာမျိုး မဟုတ်။ စားပွဲတွေ တစ်ခုပြီးတစ်ခု။ နောက်ပြီး အရာရှိအစည်းအဝေးသွားလို့ အပြင်သွားလို့ လက်မှတ်ထိုးဖို့စောင့်ရတာက တစ်ရက် ဟူး…ကျွန်တော်အမှန်တွေ ပြောတာပါ။

ရုံးဌာနဆိုတာကလည်း ကိုယ်တစ်ဦးတည်းကိစ္စမဟုတ်တော့။ ကျွန်တော်နားလည်ပါတယ်။ ခက်တာက ကျွန်တော်တို့ကလည်း အချိန်မပေးနိုင်။ သန်းခေါင်စာရင်းအသစ်လုပ်ဖို့ စိတ်ညစ်နေတုန်း ဒီရပ်ကွက်မှာ သူများမသွားနိုင်၊ မလုပ်နိုင်တာမျိုးဆို ပွဲစားခယူပြီး လုပ်ကိုင်တဲ့ ညွှန့်မေရှိသတဲ့။

သည့်လိုနဲ့ ရပ်ကွက်ထဲကဆိုင်ရှင်း ဆရာကြီး လမ်းညွှန်တဲ့ ညွှန့်မေကို ဆက်သွယ်ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး သန်းခေါင်စာရင်းကိစ္စ ပြောထားလို့"

"အေး • • •ဟုတ်ပါတယ်ကွယ်။ ဦးလေးတို့က ဟိုဘက်ရပ်ကွက်ကနေ ဒီဘက်မြို့နယ်ကို ပြောင်းလာတာပါကွယ်။ သန်းခေါင်စာရင်းလုပ်ချင်တယ်။ ပြီးတော့ မွေးတိုးတစ်ယောက်ပါတယ်"

ညွန့်မေက သန်းခေါင်စာရင်း ဆောင်ရွက်ခ ဘယ်လောက်၊ မွေးတိုးအတွက် ဘယ်လောက်ဈေးပြောတယ်။ ကျုပ်တို့ကလည်း အစိုးရရုံးဌာနသွားရမှာ စိတ်အညစ်ခံ အချိန်ကုန်မခံချင်တော့ ငွေကုန်ခံလိုက်တယ်။

လေးငါးရက်ကြာတော့ ညွန့်မေ သန်းခေါင်စာရင်းစာရွက် လာပို့တယ်။ စည်းတံဆိပ်တွေဘာတွေကြည့်ပေါ့။ သူလည်း ဒီရပ်ကွက်မှာနေသူဆိုတော့ မှန်ကန်မှုရှိပါတယ်လေ။

သည်လိုနဲ့ မှတ်ပုံတင်လျှောက်လည်းမပူနဲ့။ ညွန့်မေရှိတယ်။ တစ်ခါတစ်ရံများ ကျုပ်ကတောင် သူများတွေ သန်းခေါင်စာရင်းကိစ္စဆို ညွန့်မေဆီ လမ်းညွှန်ပေးပေါ့။

သည်လိုနဲ့ သုံးနှစ်လောက်အကြာ ကျုပ်သမီး မှတ်ပုံတင်လုပ်ဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို သွားတာပေါ့။ သည်ရပ်ကွက်မှာ တကယ်နေထိုင်ကြောင်း သန်းခေါင်စာရင်းပြရတယ်လေ။ ဆယ်အိမ်မှူးက အမျိုးမျိုးကြည့်ပြီး -

"ခင်ဗျားတို့သန်းခေါင်စာရင်းက အတုနဲ့တူတယ်"

"ဟာဗျာ ဒီသန်းခေါင်စာရင်းနဲ့ပဲ နေလာတာ သုံးနှစ်ရှိပြီ။ မနောက်ပါနဲ့ဗျာ"

"နောက်စရာမဟုတ်ဘူး။ ခင်ဗျားဒုက္ခရောက်မှာစိုးလို့ ပြောတာပါ။ နေဦး ဥက္ကဋ္ဌကို ပြကြည့်မယ်။ လိုအပ်ရင် ရုံးမှာ ခဏယူထားပြီး လ•ဝ•ကခေါ်ပြီး စစ်ကြည့်မယ်"

"အကယ်၍ အတုဆို ဒုက္ခပဲ။ ကျွန်တော်လည်း ပွဲစားနဲ့အပ်ပြီး လုပ်တာပါ။ ကျွန်တော် အရေးယူခံရမှာလားဗျာ"

"ခင်ဗျား ဘယ်သူ့ကို လုပ်ခိုင်းတာလဲ"

"ဒီရပ်ကွက်က ညွန့်မေလေ"

"ခင်ဗျား သန်းခေါင်စာရင်း ထားခဲ့လေဗျာ။ စစ်ဆေးပြီး အကြောင်းကြားပေးမယ်"

ဒီလိုနဲ့ ကျုပ် စိတ်ညစ်ပြီး အိမ်ပြန်လာခဲ့ရတယ်။ ညွန့်မေကိုသွားတွေ့ပြီး -

"ညွန့်မေ ဦးလေးတို့သန်းခေါင်စာရင်းကို အတုလို့ ရပ်ကွက်ရုံးကပြောတယ်။ အစစ်သေချာပါတယ်နော်"

"အောင်မာ ဦးလေးကို ဘယ်သူကပြောတာလဲ။ ညွန့်မေ တစ်ရပ်ကွက်လုံး လုပ်ကိုင်ပေးလာတာ မနေ့ တစ်နေ့ကမှ ရပ်ကွက်လူကြီးလုပ်ခွင့်ရမှ ပြဿနာမီးထွန်းရှာတဲ့အကောင်တွေ -----"

နောက်ဆုံးတော့ အာကြမ်းလျှာကြမ်း ညွန့်မေပါးစပ်က အလေနတ္တော စုံစီနဖာ ဝါစာပွားလာတာနဲ့ ကျုပ်လည်း ဆက်မမေးရဲဘဲ အိမ်ပြန်လာရတယ်။

သုံးရက်အကြာမှာတော့ ကျုပ် သန်းခေါင်စာရင်း ညွန့်မေလုပ်ပေးတာ အတုဖြစ်ကြောင်း ရပ်ကွက်ထဲပြန့်ပြီး ညွန့်မေနဲ့ သန်းခေါင်စာရင်းလုပ်ထားတဲ့သူတွေ သန်းခေါင်စာရင်းစာရွက်ကိုင်ပြီးစစ်ပေးဖို့ ရပ်ကွက်ရုံးကို စုပြုံရောက်လာကြတော့တယ်။

နောက်ဆုံးတော့ ညွန့်မေကိုဖမ်းပြီး စစ်လေမှ သူ့အမျိုး ညီကိုမောင်နှမတွေ အခြားမြို့နယ်မှာနေတဲ့ မောင်ဖြစ်သူ့အိမ်ကနေ ကွန်ပျူတာတွေ၊ မော်နီတာ၊ ကာလာပရင်တာ၊ နိုင်ငံတော်တံဆိပ်တုံး၊ ဝန်ထမ်းတံဆိပ်တုံး၊ အများနှင့် သက်ဆိုင်တဲ့ စာရွက်စာတမ်းမျိုးစုံ အတုအပပြုလုပ် လိမ်လည် အသုံးပြုမှုနဲ့ အဖမ်းခံရပြီလေ။

တစ်ရပ်ကွက်တည်းနေသူမို့ ကျုပ်တို့ကယုံပြီး အပ်မိတာလေ။ ခုတော့ အစစ်အမှန်ထင်ပြီး သုံးစွဲခဲ့တာ။ ကိုယ်တိုင်ပဲ အစက သွားပြန်လုပ်ရတော့မယ်။ တော်ပါသေးရဲ့၊ ဟိုဘက်ရပ်ကွက်က ထုတ်လာတဲ့ အစစ်အမှန်သန်းခေါင်စာရင်း ညွန့်မေဆီက ပြန်ရလို့ ဒီဘက်စာရင်းဝင်ဖို့ ဒုက္ခမများတာ။

အဲဒါပါပဲလေ • • •အချိန်ကုန်မခံချင်တာရယ်၊ အစိုးရရုံးဌာနသွားရမှာ ကြောက်တဲ့ စိတ်ညစ်တဲ့ ကျုပ်တို့လိုလူစားတွေ အတုအပစာရွက်နဲ့ ဒုက္ခမရောက်ဖို့ ပြောပါတယ်။

ပွဲစားဆိုလည်း ချင့်ယုံကြပေါ့ဗျာ။ တကယ်တော့ ကိုယ့်ကိုကိုယ် အားကိုးတာ အကောင်းဆုံးပေါ့ဗျာ။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com



# သာလွန်တဲ့သည့် ဂုဏ်တော်အရောင်

## သန့်ဝင်း(ဘဏ်)

ဥပပတ်ဗြဟ္မာဟူသည် ဗြဟ္မာ့ဘုံများရှိ ဗြဟ္မာတို့ ပင်ဖြစ်သည်။ ဈာန်အဘိညာဉ်စသော တရားတို့ကို မပြတ် ဝင်စားကြလျက် ထိုတရားထူးတို့ကိုစွဲလျက် ဖြစ်ပေါ်လာသော အရောင်အဝါတို့ဖြင့် တိုးပွားမြင့်မြတ်နေကြသောကြောင့် ၎င်း ဘုံသားတို့ကို ဗြဟ္မာဟု ခေါ်ဆိုကြလေ၏။

ဗြဟ္မာ့ဘုံရှိ ဗြဟ္မာတို့တွင် အောက်အောက်ဘုံရှိ ဗြဟ္မာတို့ထက် အထက်အထက်ရှိ ဗြဟ္မာတို့က အဆင့်ဆင့် ကိုယ်အရောင် တိုးတက်တောက်ပြောင်ကြသည်။ ထိုဗြဟ္မာ တို့သည် အရောင်တောက်ပြောင်ခြင်း၏ ရန်သူဖြစ်သည့် = "နီဝရဏ"တရားတို့ကို "ဝိက္ခမ္ဘနပဟာန်"ဖြင့် ကောင်းစွာ ငြိမ်းစေလျက် မဟဂ္ဂုတ်တရားဟူသော=ဈာန်အဘိညာဉ်တို့ ကို ခံစားမွေ့လျော်ကြကုန်၏။ အရောင်၏ အညစ်အကြေး = "နီဝရဏ"တရားများ ငြိမ်းနေခိုက်ဖြစ်သဖြင့် ကိုယ်မှ အရောင် တပြောင်ပြောင် တဝင်းဝင်း ထွက်ပေါ်နေကြကုန်၏။

စကြဝဠာ ကုဋေတစ်သိန်းမျှလောက်သော ဌာနဆီသို့ တိုင်အောင် အရောင်အဝါ တောက်ပထွန်းလင်းစေနိုင်သော ဗြဟ္မာကြီးတို့ပင် ရှိနေသေးသဖြင့် ဗြဟ္မာတို့၏ ဈာန်အဘိညာဉ် တန်ခိုးရောင်များမှာ ချီးမွမ်းရလောက်အောင် ထွန်းလင်း တောက်ပြောင်သည်ဟု ဆိုရချိမ့်မည်။

သို့သော်ငြားလည်း ဘုရား၏ဂုဏ်တော်အရောင်နှင့် ကား• • •

ဘုရား၏ ဂုဏ်တော်အရောင်ဟူရာ၌

(၁) ရုပ်ဂုဏ်ဟူသော = ရုပ်ဂုဏ်တော်အရောင်

(၂) နာမ်ဂုဏ်ဟူသော = နာမ်ဂုဏ်တော်အရောင် အားဖြင့် အကျဉ်းနှစ်မျိုး သတ်မှတ်အပ်ပေ၏။ ထိုတွင် နာမ် ဂုဏ်တော်ဟူသော နာမ်အရောင်၌

(၁) ဈာန်အဘိညာဉ်တန်ခိုးရောင်

(၂) မဂ်ဉာဏ်ရောင်အားဖြင့်လည်း နှစ်မျိုးခွဲအပ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်တော်အရောင်

ဤတွင် ရုပ်ဂုဏ်တော်အရောင်ဟူသည် ဘုရားရှင်၏ ကိုယ်တော်အလုံးမှ ထွက်ပေါ်သည့် ရောင်ခြည်တော် ခြောက်ပါးတို့ပင် ဖြစ်ပေသည်။ ထင်ရှားစွာပြောဆိုရသော် ဘုရားရှင်သည် ရတနာဃရသတ္တာဟ၌ စံနေတော်မူခိုက် အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို အဆင့်ဆင့် သုံးသပ်တော်မူရာတွင် နောက်ဆုံး ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ကိုယ်တော်အလုံးမှ ရောင်ခြည်တော်ခြောက်ပါး ထွက်ပေါ်လာပေ၏။

ထိုရောင်ခြည်တော်တို့မှာ အောက်အဖို့အားဖြင့် မြေအထု၊ ရေအထု၊ လေအထုတို့ကိုလွန်၍ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဖျားတိုင်အောင် ထွန်းတောက်ပျံ့နှံ့ကြကုန်၏။ အထက်အဖို့ကား ၃၁ ဘုံတို့ကိုလွန်၍ အထက်ကောင်းကင်ဖျား အဆုံးမရှိသည့်တိုင်အောင် ပျံ့နှံ့ရုံမျှမက အဆုံးမရှိသော စကြဝဠာတို့တိုင်အောင် ပျံ့နှံ့ပြေးလွှား ထွန်းတောက်ပကြပေကုန်၏။ မည်သည့်အရောင်မျှ ဘုရားရှင်၏ အရောင်တို့ကို လွှမ်းမိုးနိုင်ခြင်းမရှိပြီ။

ဘုရားအရောင်တော်နှင့် ကြုံကြိုက်ရသည့်အခါ ဆိုခဲ့ပြီးသော ဗြဟ္မာကြီးတို့၏ အရောင်များသည်ပင် "နေထွက်သည့်အခါ ပိုးစုန်းကြူး၏အရောင်ကဲ့သို့ အလွန်သေးသိမ်သည့် အရောင်အဖြစ်၌ တည်ရှိကြရလေပြီ" ဤသို့ဆိုလျှင် အတိုင်းအရှည်မထားနိုင်လောက်အောင် ရုပ်ဂုဏ်တော်ရောင် တောက်ပြောင်ခြင်းရှိရကား ရုပ်ဂုဏ်ရောင်အားဖြင့်လည်း ဗြဟ္မာတို့ထက် သာလွန်သည်ဟု ဆိုရလေ၏။

## (၁) နာမ်ဂုဏ်တော်ရောင်

နာမ်ဂုဏ်တော်ရောင်ဟူသည် ခွဲဝေပြဆိုခဲ့ပြီးသည့် နှစ်မျိုးတို့တွင် ဈာန်အ ဘိညာဉ်တန်ခိုးတော်အရောင်ပင် ဖြစ်လေ၏။ ထင်ရှားစွာပြဆိုရသော် ဗြဟ္မာတို့သည် ဈာန် အဘိညာဉ်တရားတို့နှင့် အမြဲပျော်မွေ့၊ အမြဲဈာန်ဝင်စားနေကြသည်။ ဈာန်ရောင်၊ အဘိညာဉ်ရောင် တောက်ပြောင်ဆန်းကြယ်သည် ဆိုရသော်ငြားလည်း ဘုရားရှင်ကဲ့သို့ လျင်လျင်မြန်မြန် ဈာန်အဘိညာဉ်မဝင်စားနိုင်ရုံမျှမက ဘုရားရှင်ကဲ့သို့ ဆန်းဆန်းကြယ်ကြယ် ဈာန်အဘိညာဉ်တန်ခိုးတို့ကိုလည်း မပြနိုင်ကြကုန်။

ဘုရားရှင်မှာ ဈာန်အဘိညာဉ်အရာ၌ ဝသီတော်ငါးပါးတို့ဖြင့် ဗြဟ္မာတို့ထက် လွန်ကဲပေ၏။ ဆွေမျိုးအစုအဝေး၌လည်းကောင်း၊ သရက်ဖြူအနီး တိတ္ထိတို့ကို နှိမ်နင်းရာ၌လည်းကောင်း ရေအစုံ၊ မီးအစုံသော တန်ခိုးတော်တို့ကို ပြနိုင်တော်မူခြင်းတို့မှာ လျင်မြန်စွာသော ဈာန်အဘိညာဉ်တို့၏ အစွမ်းတန်ခိုးတို့ပင်ဖြစ်ပေသည်။ ဤသို့လျှင် ဈာန်အဘိညာဉ်ဟူသော နာမ်ဂုဏ်တော်အရောင်အားဖြင့်လည်း ဗြဟ္မာတို့ထက် သာလွန်ကဲသည်ဟု ဆိုရပေသည်။

## (၂) နာမ်ဂုဏ်တော်ရောင်

ဤတွင် နာမ်ဂုဏ်တော်အရောင်ဟူသည် မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့၏ အစွမ်းတန်ခိုးပင် ဖြစ်လေ၏။ ထင်ရှားစွာ ပြဆိုရသော် လောက၌ အရောင်အလင်း၏ ရန်သူဖြစ်သည့် အမိုက်မှောင်တို့ကို...

(၁) အတွင်းအမိုက်မှောင်။ ပုထုဇဉ်တို့၏ ကိုယ်တွင်းရှိ ကိလေသာ (၁၀) ပါး။

(၂) အပအမိုက်မှောင် = ညဉ့်သန်းခေါင်စသော အမိုက်တို့...အားဖြင့် အကျဉ်းချုပ် နှစ်မျိုး သတ်မှတ်အပ်ပေ၏။

အမှတ်(၂) အပအမိုက်မှောင်မှာ နေစသော အရောင်အလင်းတို့နှင့် တွေ့ဆုံရလျှင် ပျောက်ကွယ်ရမြဲဓမ္မတာပင်ဖြစ်ပေသည်။ အမှတ်(၁) အတွင်းအမိုက်မှောင်ကိုကား နေစသော အရောင်အလင်းတို့ဖြင့် ပပျောက်စေရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပြီ။ မဂ်တရားလေးပါးဟူသော နာမ်အရောင်လေးဆင့်ဖြင့် မှုတ်လှင့်ပယ်ဖျောက်မှသာ အစင်အကြယ် ပပျောက်ကြရလေ၏။ ဤသို့လျှင် ပပျောက်ကင်းရှင်းစေရန် ခက်ခဲသော ကိလေသာ(၁၀)ပါးဟူသော အတွင်းအမိုက်မှောင်ကို ပပျောက်စေနိုင်သော အစွမ်းရှိသည့် နာမ်တရားတို့၏ အစွမ်းတန်ခိုးတော်အရောင်အားဖြင့်လည်း လွန်ကဲခြင်းရှိရကား (၂) နာမ်ဂုဏ်တော်အရောင်အားဖြင့်လည်း ဗြဟ္မာတို့ထက် သာလွန်ကဲသည်ဟူလို။

■ သန်းဝင်း(ဘဏ်)

www.burmeseclassic.com

www.burmeseclassic.com

# မြေကြီးကောင်းကင်

# မြစ်ရေပြင်ကဲ့သို့ ခံနိုင်ရည်ရှိခြင်း

## ရဲဘော်ကျော်ဆန်း

ရဟန်းတို့ . . . လူ့စရိုက် လူ့ခင်တွယ်မှုမျိုး မဖြစ်ကြစေနှင့်၊ ချစ်သူ မုန်းသူ မခွဲခြားဘဲ မေတ္တာစိတ်ပွားရမည်။

ဒေါသထွက်စရာ အကြောင်းမရှိ၊ ဒေါသမဖြစ်ဘဲ စိတ်ထားနှိမ့်ချကာ ငြိမ်သက်စွာနေခြင်းသည် ချီးကျူးဖွယ် မဟုတ်ချေ။ လာဘ်ရခြင်းကြောင့် ဆုံးမလွယ်သူကို ဆုံးမလွယ်သူကို ဆုံးမလွယ်သူဟု မဆိုထိုက်သေး။ တရားသိမြင်၍ ဆုံးမလွယ်ကူသူကိုသာ ဆုံးမလွယ်သူဟု ဆိုရမည်။

အခါဟုတ်သော်လည်းကောင်း၊ မဟုတ်သော်လည်းကောင်း ပြောဆိုခြင်း။

မှန်သော်လည်းကောင်း၊ မမှန်သော်လည်းကောင်း ပြောဆိုခြင်း။

နူးညံ့စွာလည်းကောင်း၊ ကြမ်းတမ်းစွာလည်းကောင်း ပြောဆိုခြင်း။

အကျိုးရှိသော်လည်းကောင်း၊ အကျိုးမရှိသော်လည်းကောင်း ပြောဆိုခြင်း။

မေတ္တာပွား၍လည်းကောင်း၊ ဒေါသထား၍လည်းကောင်း ပြောဆိုခြင်း ဟူသော စကားလမ်းကြောင်းငါးမျိုးတို့တွင် ဘယ်အမျိုးနှင့်ပဲ ပြောပြော စိတ်ဆိုးခြင်း၊ ယုတ်ကြမ်းသော စကားဖြင့် တုံ့ပြန်ခြင်း မပြုကြနှင့်။ အကျိုးလိုလား မေတ္တာပွား၍ နေကြရမည်။

ဥပမာအားဖြင့် . . .

မန္တိုင်းယုဉ်သာအောင် ကြီးမားကျယ်ဝန်းသော မြေအပြင်ကို တစ်စုံတစ်ယောက်သည် ပေါက်တူးဖြင့် တူးဆွဖျက်ဆီးခြင်းငှာ မစွမ်းနိုင်သကဲ့သို့၊

ညစ်ကြေးမထင် ကြည်လင်သော ကောင်းကင်၌ တစ်စုံတစ်ရာ ရေးခြစ်၍ မထင်နိုင်၊ မထင်စေသကဲ့သို့တည်း။

နက်နဲကျယ်ဝန်းသော မြစ်ရေကို မြက်ဆုတ်မီးဖြင့် မြှိုက်၍ မခန်းခြောက်စေနိုင်သကဲ့သို့ ထို့အတူ ရဟန်းသည် မည်သို့ပင် အဲ့ပြောဆိုခံရစေကာမူ ဒေါသမထွက်၊ စိတ်မပျက်ဘဲ မြေကြီး၊ ကောင်းကင်၊ မြစ်ရေပြင်သို့ပမာ ကြီးမားသောမေတ္တာကိုပွား၍ ဒေါသပါးအောင် ကျင့်ဆောင်ရမည်။ လွှသွားဖြင့် အဖြတ်ခရစေကာမူ သည်းခံကာ မေတ္တာပွားရမည်ဟု ဟောတော်မူ၏။

ဤသုတ်ကား ဒေါသပါးရေး၊ မေတ္တာပွားရေးအတွက် အခြေခံဆုံးမချက်ဖြစ်ပေသတည်း။ ဝိမုတ္တိရသကား မပါပေ။

ရဲဘော်ကျော်ဆန်း

ကျမ်းကိုး ။ ။ မဇ္ဈိမနိကာယ ကကစူပမသုတ္တံ (၁၅)။



www.burmeseclassic.com

www.burmeseclassic.com



# သေသူ ရှင်ရေး မခက်ဆေး

**ကျော်ဇောဟိန်း (နံ့သာ)**

သတ္တလောကတွင် သေခြင်းအမျိုးမျိုးရှိကြလေရာ အသက်ရှင်လျက်နှင့် သေခြင်းမှာ လေဖြတ်၍ ကိုယ်တစ်ခြမ်းသေသွားခြင်း၊ လက်တစ်ခြမ်းသေသွားခြင်း၊ ခြေထောက်တစ်ခြမ်းသေသွားခြင်း စသည်တို့ဖြစ်သည်။ အချို့ယောကျ်ားမိန်းမတို့တွင် ကာမစွမ်းအား သေသွားခြင်းများလည်း ရှိကြသည်။ ဤသို့ ကာမစွမ်းအားသေသွားခြင်း၊ သို့မဟုတ် ပန်းသေသွားခြင်းတို့အတွက် မခက်သောဆေးနည်းဖြင့် မိမိကိုယ်တိုင် ဖော်စပ်သုံးဆောင်လျှင် လက်တွေ့ပျောက်ကင်းပြီး ကာမစွမ်းအားပြန်လည် ရှင်သန်လာပါသည်။ ထို့ကြောင့် အထက်ပါခေါင်းစဉ်ကို "သေသူရှင်ရေး မခက်ဆေး"ဟု အမည်တပ်ရခြင်းဖြစ်ပါသည်။

ရှေးအခါက ဒဏ္ဍာရီတစ်ပုဒ် ကြားဖူးပါသည်။

ဝေသာလီပြည်တွင် လူအများ အသက်သေဆုံး ကွယ်လွန်သွားလျှင် သေဆုံးသွားသူ၏ နှာနှစ်ဖက်၌ ခေါင်ရမ်းပန်းပန်၍ အကျီပြောင်းပြန်ဝတ်ပေးကာ ဖုတ်သွင်းပေးပြီး သုသာန်သချိုင်းသို့ ပို့ဆောင်ပေးသည်ဟူ၍ ဖြစ်သည်။ အသက်သေဆုံးသူ၏ နှာနှစ်ဖက်ကို အခြားပန်းများကိုမပန်ပေးဘဲ အဘယ်ကြောင့် ခေါင်ရမ်းပန်း ပန်ပေးရသနည်း။

ရှေးအခါက တိုင်းရင်းသမားတော်ကြီးများ၏ ယူဆချက်မှာ ခေါင်ရမ်းပန်းသည် (ဂန္ဓိရ)ဆန်သောပန်းဖြစ်၍ ၎င်းပန်းသည်သေဆုံးနေသူကိုပင် ပြန်ထစေနိုင်သော စွမ်းအားတစ်မျိုးရှိသောကြောင့် လူများတွင် သွေးလေမညီညွတ်၍

www.burmeseclassic.com

သွေးလေမလျှောက်နိုင်ဖြစ်ပြီး ကိုယ်အင်္ဂါအစိတ်အပိုင်းများ သေသွားပါက ၎င်းသေသွားသော အင်္ဂါအစိတ်အပိုင်းများ အတွက် ခေါင်ရမ်းပင်၊ ခေါင်ရမ်းပန်းနှင့် ကုသရသည်ဟု ဆိုပါသည်။ ခေါင်ရမ်းပန်းပင်သည် တစ်ပင်လုံး အသုံးဝင် စွမ်းအားရှိသည့်အနက် စာရေးသူ လက်တွေ့ကြုံခဲ့ရဖူးသော ခေါင်ရမ်းပင်၏စွမ်းပကားကို တင်ပြပါမည်။

လွန်ခဲ့သော ငါးနှစ်ခန့်က စာရေးသူ တိုင်းရင်းဆေး ဆရာကြီးများထံ ပညာသင်ကြားလေ့လာခဲ့ပါသည်။ ထိုစဉ် ပန်းသေရောဂါဝေဒနာသည်အချို့နှင့် ဆုံခဲ့ရဖူးသည်။ ပန်းသေ ရောဂါအဖြစ်များလေ့ရှိသော အရွယ်မှာ အသက် ၄၀၊ ၄၅ နှစ်အထက်ဖြစ်သည်။ ဆေးဆရာကြီးများတွင် ၎င်းရောဂါ အတွက် အလွယ်ကူဆုံးသောဆေးနည်းကို စာရေးသူအား ပြုလုပ်ဖော်စပ်ပေးရန် တာဝန်ပေးအပ်ခဲ့ပါသည်။

စာရေးသူလည်း ဆရာကြီးများ၏ တာဝန်ပေးချက်အရ ဆေးများဖော်စပ်ပေးပြီး ရောဂါသည်များကို ပေးလိုက်ရာ (လက်တွေ့) ပျောက်ကင်းသူ များလှပါသည်။ ရောဂါရင့်နေ သူများဆိုလျှင် တစ်လ၊ နှစ်လအတွင်း ပျောက်ကင်းပါသည်။ ပေါ့ပေါ့တန်တန်ဖြစ်နေသော ရောဂါများဆိုလျှင် သက်သာ ပျောက်ကင်းစေပါသည်။

ဆေးနည်းဖော်စပ်ပြုလုပ်ပုံမှာ ခေါင်ရမ်းပန်းခေါ် ဆွဲ လည်းပန်းအနီပွင့် ၁၀ ပွင့်ကို ရအောင်ရှာ၊ ရေစင်အောင် ဆေးပြီး ရေနွေးကိုအအေးခံ၍ အဝကျယ်သော ဖန်ပုလင်းတွင် ၄က်ပျောဖူးပုလင်းနှစ်ပုလင်းထည့်ပါ။ ခေါင်ရမ်းပန်းပွင့် ၁၀ ပွင့်ထည့်ပါ။ နောက်တစ်ခါ သကြား ၁၀ ကျပ်သားထည့်ပါ။ ပြီးလျှင်တစ်ပတ်စိမ်ထားပါ။ တစ်ပတ်ခန့်ကြာသောအခါ စိမ်ရည်သဘောမျိုး ဖြစ်လာပေမည်။ ၎င်းစိမ်ရည်ကို နံနက် သုံးဇွန်း၊ ညနေ သုံးဇွန်း (ဟင်းခပ်သောစတီးဇွန်းဖြင့်) သောက် နိုင်ပါသည်။ ပန်းသေရောဂါမှန်သမျှ သက်သာပျောက်ကင်း ပါသည်။ ရောဂါကြီးလျှင် နေ့လယ်သုံးဇွန်း ထပ်မံသောက် နိုင်ပါသည်။ ၎င်းဆေး၏အရသာမှာ ချိုချဉ်၍ ပြင်းသောအရ သာရှိပါသည်။ ဆေးသောက်ပြီးသောအခါ အနည်းငယ် မူးတူးတူး ရီဝေဝေ ဖြစ်လာတတ်ပါသည်။ နောက်တော့ ဘာ မှ မဖြစ်တော့ပါ။ စာရေးသူလည်း ၎င်းဆေးကို အိမ်မှာဖော်စပ် ထားပြီး ပန်းသေ၊ ပန်းညှိုးနေသော ဝေဒနာရှင်များ၊ ယောက်ျား များနှင့် စိတ်ကုန်နေသော အမျိုးသမီးများ၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးနည်းဝေဒနာရှင်များကိုပါ ဆေးအလှူဒါနပြုပြီး သောက် ခိုင်းကြည့်ရာ အားလုံးပျောက်ကင်းကြောင်း တွေ့ရှိရ၏။ ၎င်းဝေဒနာရှိသူများ လက်တွေ့ပြုလုပ်၍ သောက်နိုင်ပါသည်။

ခေါင်ရမ်းပန်းကို ဆွဲလည်းပန်းဟုလည်းခေါ်ပါသည်။ အချို့အရပ်၌ မသာပန်းဟုလည်းခေါ်ကြသည်။ အရပ်ဒေသ ကိုလိုက်၍ အခြားအခေါ်အဝေါ်များလည်း ရှိနိုင်ပါသည်။ အိမ်ခြံစည်းရိုးများ၊ ပန်းခြံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဥယျာဉ်ခြံမြေများတွင် အလှပန်းအဖြစ် စိုက်ပျိုးထားသည်ကို လည်း တွေ့ရှိနိုင်ပါသည်။ ခေါင်ရမ်းပန်းသည် အခြားအမျိုး အမည်များရှိသော်လည်း အများသူငါ သိသောပန်းဖြစ်သည်။ အရွက်မှာစိမ်း၍ အရွက်ဖျားတွင် ခွေးသွားစိပ်သဏ္ဍာန်များ ရှိပါသည်။

ခေါင်ရမ်းပန်းမှာ လူ့ခါးစာလောက်မှ၊ (မြေကောင်း သော နေရာများတွင်) လက်ခုပ်တစ်ဖောင်မှ၊ ဝါးတစ်ရိုက် နီးပါးထိ အပင်ရှည်တတ်ပါသည်။

ခေါင်ရမ်းပန်းဆေးသည် ပန်းသေ၊ ပန်းညှိုးရောဂါ များ ပျောက်ကင်းစေနိုင်သည့်အပြင် ဆီးနည်း၊ ဆီးကျင်၊ ဆီးအောင့်ရောဂါများကိုပါ ပျောက်ကင်းစေပါသည်။ အိပ်မရ သူများကိုလည်း အိပ်ပျော်စေပါသည်။ အိပ်မပျော်သူ၊ မျက် လုံးကြောင်နေသူများအနေဖြင့် ၎င်းဆေးကို ကျား၊ မ အစဉ် မှီဝဲလျှင် ရောဂါဘယကင်းဝေးစေပြီး ချွေးတလုံးလုံးဖြင့် ကျန်းမာဝဖြိုး အလှတိုးစေသော အစွမ်းထက်ဆေးတစ်လက် ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

မှတ်ချက် ။ ။ စာရေးသူအသုံးပြုခဲ့သော ခေါင် ရမ်းပင်မှာ အပွင့်အနီများဖြစ်ပါသည်။ ခေါင်ရမ်းပန်းသည် အဖြူရောင်၊ ပန်းရောင်နှင့် အခြားအရောင်များ ရှိသော်လည်း ၎င်းတို့၏ စွမ်းအင်များကို စာရေးသူမသိသေးပါ။ လေ့လာ နေဆဲဖြစ်ပါသည်။ နွယ်မြက်သစ်ပင်၊ ပန်းမာလာတို့သည် လူသားများအတွက် ဆေးဖက်ဝင်၍ အကျိုးပြုသောအပင် များဖြစ်ပါသည်။

ကျော်ဇောဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မသေဆေးပင် နှင့် အင်းခနီသိုက်

## သိန်းထွန်းသစ်

(၁)

ပဲခူးရိုးမတောအတွင်း ဆရာကြီးပညာရွှေနောက်မှ ကျွန်တော်လိုက်ပါနေသည့် တောလမ်းလေးမှာ လူတစ်ယောက် လျှောက်နိုင်ရုံသာ ရှိနေပြီး သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသော တောအုပ်ကြီးဖြစ်သည်။ ဆရာကြီးပညာရွှေနှင့် ကျွန်တော်တို့နှစ်ဦး တောင်သုံးလုံးတောရစခန်းရှိ အဘဘိုးသံအား တွေ့ဆုံဂါရဝပြုကြပါသည်။ အဘဘိုးသံနှင့် ဆရာကြီးပညာရွှေတို့နှစ်ဦး ပညာစကား လုပ်ရပ်များပြောဆိုနေစဉ် ကျွန်တော့်ကိုကြည့်၍ အဘဘိုးသံက -

"ဦးသူတော် တပည့်လေးလား"

"ဟုတ်ပါတယ် ဘိုးတော်။ သားတပည့်လေးဆိုလည်း မမှားပါဘူး"

"ဦးသူတော်ရဲ့ ပညာတွေ ပေးထားတယ်မဟုတ်လား···။ ဖြစ်မယ့်ကောင်နော်"

အဘဘိုးသံက ပါးစပ်ထဲမှ ကွမ်းဖတ်များကျွေးပါသည်။ ကျွန်တော် အဘဘိုးသံကျွေးသော ကွမ်းဖတ်များကို ဝါးစားလိုက်ပါသည်။

"လူလေး···မင်းကို အဘဘိုးသံက အာဏာစက်ပေးတာကွ"

ကျွန်တော်တို့ အဘဘိုးသံနှင့် တွေ့ဆုံခဲ့ရပုံ စဉ်းစားလာမိရင်း တောလမ်းလေးအတိုင်း လျှောက်လာချိန် ရုတ်တရက် ကျားဟိန်းသံကြီးကို ကြားလိုက်ရသည်။ ကျွန်တော် ဆရာကြီးပညာရွှေဆီ ပြေးသွားရင်း ဆရာကြီးခါးကို ဖက်ထားလိုက်ပါသည်။ ဆရာကြီးပညာရွှေသည် လျင်မြန်ပေါ့ပါးစွာ လမ်းလျှောက်နိုင်သည်။ အမြဲတမ်း ဆရာကြီးနောက် တစ်လံကွာမှ ဆရာကြီးကိုမီအောင် ကျွန်တော် လိုက်ရသည်။

"ကြောက်တတ်ရန်ကောကွာ လူလေးရ···။ မင်းမလည်း ပုထုဇ္ဇနော၊ ဥမ္မတ္တကော သိုက်ဆရာရှုချင်တဲ့ကောင်။ ကျားကိုတော့ ကြောက်တတ်ပါလား"

"ဆရာကြီး···ကျားက ကျွန်တော်တို့ကို တောအုပ်ထဲကချောင်းနေပြီး ခုန်အုပ်တော့မယ်ထင်တယ်။ ကယ်ပါဦးဆရာကြီး"

ကျွန်တော် ကြောက်လန့်တကြားပြောသံကို ဆရာကြီးပညာရွှေ ရယ်မောလိုက်သည်။

"လူလေးရ···ကျားဟိန်းသံက အဝေးကြီးကလာတာ။ တောတောင်ထုထပ်လို့ ပဲ့တင်သံမြည်လာတာ။ တို့နားကဆို ကျားက ငါတို့ကို ဝင်ဆွဲပြီပေါ့ကွာ။ မကြောက်ပါနဲ့။ ငါ့ကိုမီအောင်လိုက်ခဲ့နော်။ တော်ကြာ နေဝင်တော့မှာ။ မှောင်လာရင် ရိုးမကျားက မှောင်ရိပ်ခိုပြီး တို့ဆီလာချင်လာနေမှာ"

ဆရာကြီးနောက်က ခပ်ခွာခွာလိုက်တတ်သော ကျွန်တော် ဆရာကြီးကိုမီအောင် ကပ်လိုက်နေမိသည်။ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ဆရာကြီးပညာရွှေ၏ ပညာကျင့်ဘက် ဆရာညီ နေထိုင်ရာ ပဲခူးရိုးမတောကြီးထဲက အင်းခနီသိုက်သို့ သွားနေကြခြင်းဖြစ်ပါသည်။ အင်းခနီသိုက်မှာ တောင်သုံးလုံး တောရစခန်းမှကြည့်လျှင် ကျိုက်ဒေးဗျားတောင်ကြီးကို ညို့ညို့မှိုင်းမှိုင်း မြင်ရသည်။ ထိုတောင်ကြီး၏ အနီး၌ တည်ရှိနေပါသည်။ တောင်သုံးလုံးနှင့် ငါးမိုင်ခန့်ဝေးပြီး၊ လူသူအရောက်အပေါက်နည်းသော ရိုးမတောကြီးထဲရှိ စခန်းတစ်ခုဖြစ်ပါသည်။ ဂန္ဓာရီဝိဇ္ဇာလမ်းလိုက်နေသော ဆရာညီ စခန်းချနေထိုင်သည့် နေရာဖြစ်ပါသည်။ အင်းခနီသိုက်အကြောင်း ကြားဖူး၍ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးပညာရွှေကို အင်းခနီသိုက်သို့သွားလိုကြောင်း မကြာခဏ ကျွန်တော်တောင်းဆိုဖူး၍ ဆရာကြီးပညာရွှေကလည်း မသေဆေးပင်ရှာရန်ကိစ္စ ပေါ်လာ၍ ဆရာတပည့်နှစ်ဦး တောင်သုံးလုံးစခန်းကို အရင်ဝင်ပြီး တောင်သုံးလုံးမှ ရိုးမတောကြီးထဲရှိ အင်းခနီသိုက်ရှိရာသို့ သွားနေကြခြင်းဖြစ်ပါသည်။ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီသံပြားပေါက်ဇရပ်လေး၌ ဆရာကြီးအား ဝတ်ကြီးဝတ်ငယ်လုပ်ပေးရင်း ညအိပ်စဉ် ကျွန်တော် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲ၌ ရွှေရောင်အရွက်များဖြင့် စီးပွားဂမုန်းပင်သဏ္ဍာန် မသေဆေးပင်ကို မြင်ပါသည်။ စီးပွားဂမုန်းမှာ အရွက်များသော်လည်း မသေဆေးပင်မှာ အရွက်သုံးရွက်သာရှိပါသည်။ ကျွန်တော့်အိပ်မက်ကို ဆရာကြီးပညာရွှေအား ပြောပြရာ ဆရာကြီးက မသေဆေးပင်ရှာရန် တောင်သုံးလုံးတောရစခန်းနှင့် ရိုးမတောကြီးထဲသို့ ခရီးထွက်လာကြခြင်း ဖြစ်ပါသည်။

(၂)

အချိန်ကာလအားဖြင့် ပြာသိုလပြည့်နေ့ဖြစ်၍ ရိုးမတော၏ အအေးဓာတ်ကား အရိုးကွဲမတတ် အေးစိမ့်လှသော်လည်း ကျားဟိန်းသံကြောင့် ကျွန်တော် ချွေးပြန်နေပါသည်။ ဆရာကြီးပညာရွှေက အဘိုးသံအား မသေဆေးပင်အကြောင်း မေးမြန်းရာ အဘဘိုးသံက မသေဆေးပင်ရှိကြောင်း အတည်ပြုပြောကြားပါသည်။ မသေဆေးပင်ကို ပုထုဇဉ်လူသားတို့ ရှာမတွေ့နိုင်ပါ။ ဝိဇ္ဇာ၊ ဇော်ဂျီနှင့် ဂန္ဓာရီဝိဇ္ဇာများသာ ရှာတွေ့နိုင်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် သိဒ္ဓိပြီးမြောက်ပြီးသော မဟိဒ္ဓိပုဂ္ဂိုလ်ကြီးများက ဖုံးကွယ်ထားကြောင်း သိရှိရပါသည်။ မသေဆေးပင်မှာ အင်းခနီသိုက်၌ရှိကြောင်း ဆရာကြီးပညာရွှေ သိရှိထားပြီးဖြစ်၍ ကျွန်တော့်ကို ကျီစယ်စကား ပြောပါသည်။

"လူလေး . . . အင်းခနီသိုက်ရောက် သိုက်နန်းရှင်တွေက မင်းအမျိုးတွေကွ။ သူတို့ထံက မသေဆေးပင်တောင်းပေတော့။ ဒါပေမယ့် မင်းလွယ်လွယ်တော့ မရဘူး။ သိုက်စောင့်ကျားနှစ်ကောင်ကို နပန်းလုံးပြီး နိုင်မှရမှာနော်"

"မရရင်နေပါစေ ဆရာကြီး။ ကျွန်တော် ကျားကိုကြောက်လွန်းလို့ မသေဆေးပင်မရလည်း နေပါစေဗျာ"

"ဟဲဟဲ . . လူလေးရ တယ်သတ္တိကောင်းပါလားကွ"

ဆရာကြီးက ကျွန်တော့်ကို ကျီစယ်စကားပြောရင်း ရိုးမတောလေးအတိုင်း လျှောက်လာကြရာ ခရီးအတော်ပေါက်လာပြီး တောနက်လာပါသည်။ နေဝင်သွားပြီဖြစ်၍ တောရိပ်၊ တောင်ရိပ်များ စိုးမိုးလာပြီး အမှောင်ဖုံးလာပါသည်။ သစ်ပင်ကြီးများ၌ အိပ်တန်းတက်မည့်ငှက်အော်သံများ၊ မျောက်အော်သံများ ကြားနေရသည်။ ဆရာကြီးပညာရွှေနောက်မှ ကပ်လိုက်ရင်း တောအုပ်ကြီး ရှေ့အလွန် မြေကွက်လပ်လေးကို မြင်လိုက်ရသည်။ ပိတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦး မီးတုတ်ကိုင်ပြီး စောင့်ကြိုနေပါသည်။

"ဆရာညီ လာစောင့်နေတာလား"

"ဦးသူတော် ဖုန်းဆက်ထားတော့လည်း ထိုင်နေလို့မရဘူးလေဗျာ"

ဆရာကြီးနှစ်ဦး နှုတ်ဆက်စကားပြောဆိုကြပါသည်။ ဆရာညီက ရှေ့မှ လမ်းပြ၍သွားပါသည်။ မကြာမီ လထွက်လာ၍ ရိုးမတောကြီးကို လရောင်ပက်ဖျန်းလိုက်ပါသည်။ ကျွန်တော်မြင်ရသည်မှာ သာယာလှသော ရှုခင်းကြီးကို ပန်းချီကားကြီးရေးဆွဲထားသလို ထင်မြင်မိပါသည်။ ကျိုက်ဒေးဗားတောင်ကြီးသည် လရောင်ဖြင့် ထင်းထင်းကြီးပေါ်နေပြီး ထုံးဖြူဖြူဖြင့် သပ္ပာယ်လှသော စေတီတစ်ဆူကို တောင်ထိပ်ပေါ်၌ ကြည်ညိုဖွယ်ရာ လှပ်ပြီးမြင်ရ၍ ကျွန်တော် ဖူးမြော်လိုက်ပါသည်။ ဆရာကြီးနှစ်ဦးနှင့် ကျွန်တော်တို့ အင်းခနီသိုက်ရှိရာသို့ နီးကပ်လာစဉ် လရောင်ဖြင့် အင်းခနီရေပြင်ဖွေးဖွေးကို မြင်တွေ့လိုက်ရပါသည်။ အင်းခနီသိုက် ခပ်လှမ်းလှမ်းတွင် တဲအိမ်လေးကိုးလုံးကို ဆီမီးရောင်လေး တလက်လက်ဖြင့် တွေ့နေရသည်။ ထိုအချိန်၌ အသက်ဆယ့်လေးငါးနှစ်အရွယ် ကရင်သင်တိုင်းဝတ် မိန်းမပျိုလေးနှစ်ဦး ရေးခေတ် ယွန်းကွမ်းအုပ်ကိုယ်စီကိုင်ပြီး ကျွန်တော်တို့ရှေ့မှ ဖြတ်လျှောက်သွားကြပြီး အင်းခနီသိုက်ရှိရာသို့ သွားနေသည်ကို မြင်တွေ့ရသည်။ ကရင်မလေးနှစ်ဦးမှာ ဆံပင်ဖားလျားချထား၍ ဆံပင်မှာ လူတစ်ရပ်ခန့်ရှည်လျားသည်ကို မြင်ရသည်။ ခါးတောင်းကျိုက်ထားပြီး ပေါင်တွင် ထိုးကွင်းမင်ကြောင်အပြည့်နှင့် ခေါင်းပေါင်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ထားသော ဗလံကောင်းကောင်း ကရင်အဘိုးကြီးတစ်ယောက်က လိုက်ပါလာပြီး လက်ထဲတွင် ဓားမတိုတစ်ချောင်းကို ကိုင်ဆောင်လာပါသည်။

"ဆရာကြီး...ကရင်မလေးတွေ တယ်ချောပါလားဗျာ။ အင်းခနီသိုက်ကများ ဖြစ်နေရောလား"

ကျွန်တော့်စကားသံကြောင့် ကရင်အဘိုးကြီး ကျွန်တော့်ကို နောက်ပြန်လှည့်ကြည့်လိုက်ပါသည်။ ကျွန်တော် ကြောက်လန့်သွားမိသည်။ နှုတ်ခမ်းမွေးကြီးကားကားနှင့် မျက်နှာလေးထောင့်သဏ္ဍာန်ရှိပြီး နာတံပိပြားပြားနှင့် မျက်စိနှစ်လုံး နီရဲတောက်ပြောင်နေသည်ကို လရောင်ဖြင့် မြင်လိုက်ရသည်။

"ဖယ်ထီး...သွားသွား ကျုပ်တို့လူပါ။ အန္တရာယ်ပြုမယ့် သိုက်ဆရာတွေ မဟုတ်ပါဘူး"

ဆရာညီက ကရင်အဘိုးကြီးကို လှမ်းပြောလိုက်၏။ ကရင်ကြီးမှာ မကျေနပ်သောအကြည့်ဖြင့် ကျွန်တော့်ကို ခပ်စိမ်းစိမ်းကြည့်၏။ ကျွန်တော် ကြက်သီးပင်ထသွားမိသည်။

"လူလေး...အပြောအဆို သတိထားမှပေါ့ကွ။ ဒါ တို့နေရာမဟုတ်ဘူးနော်"

ဆရာကြီးပညာရွှေက သတိပေးစကား ပြော၏။

"ဦးသုတော်သားက ကလေးပဲဗျာ။ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်ရမှာပေါ့။ ကျုပ်တာဝန်ထားပါ"

ကရင်အဘိုးကြီး ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။ ကျွန်တော် သတိရလိုက်သည်။ အင်းခနီသိုက်နယ်မြေသို့ ကျွန်တော် ခြေချမိပြီဖြစ်သည်။ ကျွန်တော် သရဏဂုံသုံးပါးကို စိတ်ထဲက ရွတ်နေလိုက်ပါသည်။ ရေပုဝါးတစ်ရိုက်ခန့်ရောက်လာပြီး တဲအိမ်စုလေးရှိရာ လမ်းခွဲလေးအတိုင်း ကျွန်တော်တို့ ဆက်လျှောက်လာရာ ဆရာညီ၏ တဲအိမ်လေးသို့ ရောက်ပါသည်။

(၃)

ဆရာညီ၏ တဲအိမ်လေးမှာ ခြေတံရှည်ဆောက်ထားပြီး ဝါးကပ်များဖြင့် အခိုင်အခံ့ ခြံစည်းရိုးခတ်ထားပါသည်။ အိမ်ဝိုင်းလေးမှာ မကျဉ်းမကျယ်ရှိပြီး အိမ်ပေါ်တက်ရန် ဝါးလှေကား တပ်ဆင်ထားပါသည်။ အခင်းကို ဝါးလုံးများခင်းထားပြီး အိမ်ဦးခန်းရှိ ဘုရားကျောင်းဆောင်မှာ မီးရောင်ဖြင့် သပ္ပာယ်လှပါသည်။ မြတ်စွာဘုရား ရုပ်တုတော်မှာ ပဉ္စလောဟာဓာတ်သားဖြင့် ထုလုပ်ထားပြီး မဟာမုနိပုံတော်သဏ္ဍာန် မကိုဋ်တော်၊ စလွယ်တော်နှင့် အလွန်သပ္ပာယ်ပြီး ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။ နီးကြောဖျာများခင်းထားပြီး တဲအိမ်လေးမှာ သန့်ရှင်းသပ်ရပ်လှသည်။ အမိုးကို အင်ဖက်များမိုးထားရာ လပြည့်ညလရောင်များ အမိုးကြားမှ အိမ်ကြမ်းပြင်ပေါ် ယိုဖိတ်ကျနေ၍ တစ်အိမ်လုံး လင်းထိန်နေပါသည်။ ဘုရားပန်းအိုးနှစ်အိုး ဘုရားကျောင်းဆောင်၌ရှိရာ ရွှေမြေအိုးများဖြစ်ပြီး သစ်ခွပန်းလှလှလေးများ လှူဒါန်းထားသည်ကို တွေ့မြင်ရသည်။ ဆရာညီက ဆရာကြီးပညာရွှေကို ဘုရားကျောင်းဆောင်ရှေ့၌ နေရာပေးပြီး ဆရာကြီးအောက် အနည်းငယ်ကွာသောနေရာ၌ နေရာယူထားပါသည်။ ကျွန်တော့်ကို ဆရာကြီးပညာရွှေခြေရင်း၌ နေခိုင်းပါသည်။ ဆရာကြီးနှစ်ဦးအတွက် နေရာထိုင်ခင်းများ ပြုလုပ်ပေးပြီးချိန် သာယာလှသည့် ထိုးမောင်းသံကိုးချက်ကို ကြားလိုက်ရသည်။ တဲအိမ်စုလေးများဆီမှ ဘုရားဝတ်တက်သံများ၊ ညီညာစွာ ရွတ်ဆိုပူဇော်သံများ ကြားရသည်။ ဆရာကြီးနှစ်ဦးမှာ ဘုရားကျောင်းဆောင်ရှေ့၌ သမထလုပ်ငန်းဖြစ်သော အဓိဋ္ဌာန်ပုတီးစိပ်ခြင်းလုပ်ငန်း ဝင်နေပြီဖြစ်ပါသည်။ အိမ်၏ ကဲလားတံခါးရွက်များကြားမှ ပြင်ပသို့ ငေးကြည့်နေမိပြီး ဆရာညီ၏ တဲအိမ်ဝိုင်း ခြံစည်းရိုးပြင်ပဘက်၌ ရိပ်ခနဲ၊ ရိပ်ခနဲ သွားလာလှုပ်ရှားနေသော လူပုံသဏ္ဍာန်များကို မြင်တွေ့ရသည်။ ကျွန်တော့်နားသို့ကပ်၍ တစ်စုံတစ်ဦး၏ ပြောသံကြားရသည်။

"ကောင်လေး...ပုတီးစိပ် အဓိဋ္ဌာန်ဝင်တော့လေ"

ထိုပြောသံကြောင့် ကျွန်တော် သတိဝင်လာပြီး ဆရာကြီးနှစ်ဦးနောက်၌ ဘုရားရှိခိုး၊ သီလဆောက်တည်ပြီး အဓိဋ္ဌာန်ပုတီးစိပ်နေလိုက်ပါသည်။

အချိန်မည်မျှကြာသွားသည် မသိပါ။ ကျွန်တော်ပုတီးစိပ်ရင်း အာရုံမိနေသည်။ တဲအိမ်စုလေးများဘက်မှ ထိုးမောင်းသံကိုးချက်ကြားလိုက်ရပြီး မေတ္တာပို့ အမျှဝေသံများ ထွက်ပေါ်လာကြသည်။ ကျွန်တော်လည်း အဓိဋ္ဌာန်စိတ်ကိုဖြုတ်၍ မေတ္တာပို့ အမျှဝေလိုက်ပါသည်။ ဆရာကြီးနှစ်ဦးမှာ အာနာပါ



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရွာနိုး စီးဖြန်းနေကြခဲ့ဖြစ်ပါသည်။

ကွမ်းတစ်ယာညက်ခန့်အကြာ ခြံ ဝိုင်းတံခါးပြင်ပမှ ဆရာညီကို လှမ်းခေါ် သံကြားလိုက်ရသည်။ ဆရာညီ အဓိ ဌာန်ဝတ်မှထလိုက်ပြီး အိမ်လှေကားမှ ဆင်းသွားပြီး ခြံတံခါးဖွင့်ပေးလိုက်ပါ သည်။ ဆရာညီနောက်မှ အိမ်ပေါ်တက် လာသော ကရင်မလေးနှစ်ယောက်ကို မြင်လိုက်ရသည်။

သူတို့လက်ထဲမှာ ယွန်းဗန်းလေး ဖြင့် ပြောင်းဖူးကြီးနှစ်ဖူး ပြုတ်ပြီးသား အငွေ့တစ်ထောင်းထောင်းဖြင့် ယူလာ သည်။ မြေကရားအိုးဖြင့် ရေနွေးကြမ်း၊ အကြမ်းပန်းကန်များ ယူလာကြသည်။ ဘုရားကို ဦးချကန်တော့ကြပြီး ကျွန် တော်တို့ရှေ့၌ ကျုံ့ကျုံ့လေး ထိုင်နေကြ သည်။ ကရင်မလေးနှစ်ယောက်ကိုကြည့် ရင်း ကျွန်တော် အံ့သြသွားမိသည်။ ကျွန်တော် အင်းခနီသိုက်နား၌ တွေ့မြင် လိုက်ရသော ကရင်မလေးနှစ်ယောက် ဖြစ်နေသည်။ ကရင်သင်တိုင်းရှည်ကြီး များ ဝတ်ထားပြီး သင်တိုင်းပေါ်မှ အပေါ် ခြုံပဝါအဖြူကြီးများ လွှမ်းခြုံထားကြ သည်။ မျက်နှာလေးများ နုနယ်လှပနေ ပြီး ကြည်လင်လှသည်။

"မောင်ကြီးရှင့် စားပါကော".

ပြောင်းဖူးနှစ်ဖူးမှာ တစ်တောင် ခန့်ရှည်လျားပြီး ပြောင်းဆန်များ ဝဖြိုး လှသည်။ အဆင်းသဏ္ဌာန်မှာ ပြောင်း ဖူးငချိတ် မည်းပြာရောင် ဖြစ်သည်။ ပြောင်းဖူးနံ့မှာ မွှေးကြိုင်နေပြီး စားချင် သဖွယ်ရှိနေသည်။ တောင်သုံးလုံးမှ ငါး မိုင်ခရီးခန့် တောလမ်းအတိုင်း လျှောက် လာရ၍ ကျွန်တော် ဆာလောင်နေပါ သည်။ ဆရာကြီးနှစ်ဦးမှာ ဥပုသ်သီလ ခံယူထားကြသူများဖြစ်၍ ညစာမစား တော့ပါ။ ဆရာညီက -

"ဦးသူတော်သား စားပါကွာ။ သန့်သန့်ရှင်းရှင်းပါ။ ကျူပ်အာမခံပါ တယ်"

ကျွန်တော် ဟန်မဆောင်နိုင်တော့ ဘဲ ပြောင်းဖူးတစ်ဖူးကို ကုန်အောင်စား လိုက်ပါသည်။ ပြောင်းဖူးအရသာမှာ ချို စိမ့်မွှေးအိလှသည်။ ကျွန်တော် ပြောင်း ဖူးစားပြီးသည့်အခါ ဆရာကြီးနှစ်ဦး အတွက် ရေနွေးကြမ်းကို ပန်းကန်နှစ် လုံးဖြင့် ဦးဖယ်ထားလိုက်ပြီး တစ်ခွက် ထည့်သောက်လိုက်ပါသည်။ ရေနွေး ကြမ်းမှာ လက်ဖက်ခြောက်အရသာ မဟုတ်ပါ။ အပင်တစ်ပင်၏ အရွက်၊ အဖူး၊ အညွန့် ဖါဖါလေးများကို လက် ဖက်ခြောက်လုပ်ထားခြင်း ဖြစ်ပါသည်။ မွှေးလှသော ရေနွေးကြမ်းတစ်ခွက် သောက်ပြီးချိန် ကျွန်တော်ပြောင်းဖူးစား တာ ကြည့်နေကြသော ကရင်မလေး နှစ်ဦး တခစ်ခစ်ဖြင့်ရယ်နေကြသည်။ ကျွန်တော် အတော်ကြီးကျပြီး ပြောင်းဖူး အကြီးတစ်ဖူး ကုန်အောင်စားပစ်လိုက် ၍ ဖြစ်သည်။

"တို့မောင်ကြီး အိမ်ကို လိုက် လည်ပါလား။ ငါတို့ တစ်ညလုံး ရက် ကန်းခတ်မှာ။ ပျော်စရာကြီးနော်"

ကျွန်တော် ကရင်မလေးနှစ်ဦး အိမ်သို့ အလည်လိုက်ရန် ဟန်ပြင်လိုက် သည်။ အိမ်အောက်သို့ဆင်းသွားရာမှ ပြန်တက်လာသော ဆရာညီက -

"ဦးသူတော်သား . . . ဦးသူတော် ခွင့်မပြုဘဲ လိုက်ခွင့်မရှိဘူးနော်။ လုံမ လေးတို့ ပြန်ကြပေတော့"

ကရင်မလေးနှစ်ဦးမှာ ဆရာကြီး ပညာရှေ့နှင့် ဆရာကြီးညီတို့ကို ကန် တော့ပြီး ပြန်သွားကြသည်။

(၄)

မကြာမီ ကျွန်တော့်မျက်ခွံများ လေးလာပြီး အိပ်ချင်လာမိသည်။ ဆရာ ကြီးပညာရှေ့နောက်ကျော၌ ကျွန်တော် လှဲချပြီး အိပ်လိုက်မိသည်။ ကျွန်တော် အိပ်မက်လိုလို မြင်မက်နေပြီး ကျွန် တော့်ကိုယ်ပွားတစ်ခု ကျွန်တော့်ကိုယ် ခန္ဓာမှ ထွက်ပေါ်လာသည်။ ကျွန်တော့် ကိုယ်ပွားဘဝဖြင့် တဲအိမ်လေးပေါ်က ဆင်းလိုက်ပြီး၊ ခြံဝင်းပြင်ပဘက်သို့ ထွက်လိုက်သည်။ လရောင်သည် ထိန် ထိန်သာလျက် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ မွှေးကြိုင်သော ရနံ့များ သင်းပျံ့နေသည်။ ကရင်မလေး နှစ်ယောက်သည် တောင်ကြီးပင်အောက် မှ ထွက်လာကြသည်။

"မောင်ကြီးကို စောင့်နေတာ။ ကျွန်မတို့အိမ်ကို လိုက်ခဲ့နော်"

လရောင်အောက်၌ အင်းခနီသိုက် သို့ သွားသောလမ်းလေးသည် ဖြောင့် တန်းနေသည်ကို တွေ့ရသည်။ ကရင်မ လေး နှစ်ယောက်သည် ကျွန်တော့်ကို ဘေးတစ်ချက်တစ်ဖက်ညှပ်ပြီး ခေါ်လာ ကြသည်။

အင်းခနီကန်သို့ ရောက်လာသည့် အခါ ရေပြင်သည် လရောင်ဖြင့် ဆော် ငွေရောင်တောက်ပနေသည်။ ကန်နံဘေး၌ ကြာဖြူ၊ ကြာနီတို့ လှပစွာ ဖူးပွင့်နေကြ သည်။ ရေကန်ဘေးရှိ သရက်ပင်ကြီး

www.burmeseclassic.com

နားမှ ကရင်ဖထီးကြီးထွက်လာသည်။

"နင်တို့ကိုစောင့်နေတာ ကြာလှပြီ။ ဘိုးဘိုးစိတ်ဆိုးနေဦးမယ်။ မြန်မြန်သွားကြရအောင်"

ဖထီးကြီးက ပြောပြောဆိုဆို ရေကန်ဘက်သို့ လက်ဆန့်တန်းလိုက်သည်။ ငြိမ်သက်နေသောရေပြင်မှာ လှိုင်းဂယက်လေးများထလာပြီး သစ်တုံးကြီးတစ်တုံး ရေကန်အောက်မှ အပေါ်သို့ ကြွတက်လာသည်။ သစ်တုံးကြီးက ရေကန်အလယ်မှကူးလာပြီး ကန်စပ်သို့ တိုးဆိုက်ပေးသည်။ ဖထီးကြီးဦးဆောင်ပြီး ကရင်မလေးနှစ်ဦးနှင့်အတူ ကျွန်တော်ပါ သစ်တုံးကြီးပေါ် တက်လိုက်ကြသည်။ သစ်တုံးကြီးပေါ်ရောက်မှ ရွှေကညင်တုံးကြီးဖြစ်နေမှန်း သိလိုက်ရသည်။

ရွှေကညင်တုံးကြီးကို ရေညှိများတက်စေပြီး ပုံဖျက်ထားသော်လည်း အောက်ခံ ရွှေဝါရောင်ကို ကွက်တိကွက်ကြား မြင်နေရသည်။ ရွှေကညင်တုံးကြီး စီးပြီး ရေကန်အလယ်သို့ ရောက်လာသည်။ ထိုအချိန်တွင် ရေများဆူပွက်လာပြီး တိုက်အိမ်ကြီးတစ်လုံး ရေပေါ် ကြွတက်လာသည်။ နှစ်ထပ်တိုက်ကြီး ဖြစ်သည်။

ရွှေကညင်တုံးကြီးမှာ တိုက်ကြီး၏အောက်ထပ် တံခါးပေါက်ဝသို့ ထိုးဆိုက်လိုက်ပါသည်။ တိုက်တံခါးကြီးပွင့်သွားပြီး အထဲ၌ လင်းထိန်နေပါသည်။

"နင်တို့ညှိသည်ကို ညှိခန်းမှာပဲ ညှိခံနော်။ အတွင်းခန်းထဲ ခေါ်မလာနဲ့"

ကရင်ဖထီးကြီးက ပြောပြောဆိုဆို တိုက်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ ညှိခန်းမကြီးကား ကျယ်ပြောလှပါသည်။ ခန်းမဆောင်များလည်း များပြားလှသည်ကို တွေ့မြင်ရသည်။ ညှိခန်းမကြီးအလယ်၌ ကြာပွင့်ခံ ကျောက်စိမ်းကလပ်ကြီး လူတစ်ရပ်ခန့် ထုလုပ်ထားသည်။ ကျောက်စိမ်းကလပ်ကြီးမှာ ကနုတ်ပန်းများဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်။ ကျောက်စိမ်းကလပ်ကြီးအပေါ်တွင် ပတ္တမြားကြီးတစ်လုံး တင်ထားသည်။ ပတ္တမြားကြီးက လူကြီးလက်သီးဆုပ်ခန့်ရှိသည်။ ပတ္တမြားကြီးအရောင်က မီးသီးအနီရောင်လို လင်းထိန်နေသည်။ တိုက်ကြီးအပေါ်ထပ် ကြမ်းပြင်မှာ စက်ဝိုင်းပုံသဏ္ဌာန်အပေါက်ကြီး တစ်ပေါက်ဖောက်ထားသည်။ တိုက်ကြီးခေါင်မိုးတွင်လည်း မှန်ကူကွက်တစ်ပေါက်ရှိနေကာ ထိုမှန်ကူကွက်ဖောက်ထားသော အပေါက်ကြီးနှင့် တည့်တည့်ရှိနေပြီး လရောင်သည် ကလပ်ပေါ်တင်ထားသော ပတ္တမြားကြီးပေါ် ကျရောက်နေရာ ပတ္တမြားကြီးအရောင် ပိုမိုတောက်ပစေသည်ကို မြင်တွေ့ရသည်။ အတွင်းဘက်အခန်းများထဲမှ ရက်ကန်းခတ်သံကြားရသည်။

"မောင်ကြီး…ကျွန်မ အိမ်ကြီးမှာ နေပါလား။ ပျော်စရာကောင်းမှာပါ"

ကျွန်တော် ကရင်မလေးများနှင့်အတူ နေချင်စိတ်ပေါက်သွားပါသည်။ တိုက်ကြီးထဲမှ သီချင်းဆိုသံများလည်း ကြားရသည်။ ကရင်မလေးနှစ်ယောက်က လက်ဖြင့် ဝေ့ယမ်းလိုက်သည်နှင့် ခန်းမကြီး ထောင့်လေးထောင့်တွင် ကျောက်သံပတ္တမြား အစုလိုက်အပုံလိုက် တွေ့မြင်ရသည်။ ရွှေတုံးများ တစ်ပုံ၊ ငွေတုံးများတစ်ပုံ၊ စိန်တုံးများ တစ်ပုံ စုပုံထားသည်။ ကရင်မလေးနှစ်ယောက်က ရွှေငွေကျောက်သံပတ္တမြားများကို လိုသလောက် ယူနိုင်းပါသည်။ ကျွန်တော့်နားထဲသို့ ဆရာကြီးပညာရှိ၏ စကားသံကြားလိုက်ရသည်။

"လူလေး…ရွှေငွေ ကျောက်သံပတ္တမြားတွေကို လက်နှင့်တောင် မထိမကိုင်နဲ့နော်။ ရွှေငွေတွေကို မင်းယူလိုက်ရင် တိုက်ကြီးထဲက ထွက်လို့မရတော့ဘူး။ မင်းကို အိပ်မက်ပေးထားတဲ့ မသေဆေးပင်ကို ပြခိုင်းပေတော့"

ကျွန်တော် ရွှေပုံနှင့်ငွေပုံကြီးရှေ့ တွေ့ပြီးရပ်နေစဉ် ကရင်မလေးနှစ်ယောက်က -

"ဘာအလိုမကျလို့လဲ မောင်ကြီး။ ဘာလိုချင်လို့လဲ"

ကျွန်တော် မသေဆေးပင်ကို ကြည့်ချင်ကြောင်းပြောလိုက်ပါသည်။

"လာ…လာ…မောင်ကြီး။ အပေါ်ထပ်ကို တက်ကြရအောင်"

ကျွန်တော်တို့ တိုက်ကြီးအပေါ်ထပ်သို့ရောက်သောအခါ ပဒ္မလောဟာ မြတ်စွာဘုရားရုပ်တုတော်ကို ပတ္တမြားပလ္လင်ပေါ်တွင် သပ္ပာယ်စွာစံနေသည်ကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရသည်။ မြတ်စွာဘုရား ဦးခေါင်းတော်နောက်မှ ရောင်ခြည်တော်ခြောက်သွယ် ဖြာထွက်ကွန့်မြူးနေပါသည်။ ထိခြင်းငါးဖြာဖြင့် ကျွန်တော် မြတ်စွာဘုရားကို ဦးချကန်တော့လိုက်ပါသည်။ ကရင်မလေးနှစ်ယောက်က အတွင်းဘက်ခန်း တစ်ခုထဲသို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်ကို ခေါ်သွားပါသည်။

အတွင်းခန်းထဲဝင်မိသည်နှင့် ဂမုန်းပင်များကို ရွှေအိုး၊ ငွေအိုး၊ ကျောက်စိမ်းအိုးများဖြင့် စိုက်ပျိုးထားသည်ကို တွေ့မြင်လိုက်ရသည်။ ဂမုန်းပင်များပတ်လည်ထောင့်လေးထောင့်၌ တင်းပုတ်ကြီးများထမ်းထားသော ဘီလူးကြီးလေးကောင်ကို တွေ့လိုက်ရသည်။ ဂမုန်းပင်များအနားသို့ ကပ်၍မရပါ။ ဂမုန်းပင်များအလယ်၌ ရွှေရောင်တောက်ပနေသော မသေဆေးပင်ကို တွေ့မြင်လိုက်ရသည်။ စီးပွားဂမုန်းပင်ရွက်များလို ရှည်ပြီး ထိပ်ဖျားမချွန်ပါ။ အရွက်များ ထိပ်ဖျားဝိုင်းနေပြီး တစ်ပင်လုံးမှ အရွက်သုံးရွက်သာရှိပါသည်။ ကျွန်တော် အရဲစွန့်ပြီး ပြောလိုက်သည်။

"မောင်ကြီးကို မသေဆေးပင် ယူပေးပါလား"

ကရင်မလေးနှစ်ယောက်က -

"ယူပေးပါ့မယ်။ မသေဆေးပင်ယူပြီး မောင်ကြီးနှင့်အတူ လူ့ပြည်ကို လိုက်ခဲ့မယ်နော်။ မောင်ကြီးရဲ့ဆရာကြီးက အလွန်အစွမ်းထက်တာ။ နှမလေးတို့ကို လူ့ပြည်မှာ လက်ခံပေးဖို့ ပြောပေးပါနော်"

ကျွန်တော်က ပြောပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်ပါသည်။ ကရင်မလေးနှစ်ယောက် လက်ဖြင့်ဝှေ့ယမ်းလိုက်သည်။ ဂမုန်းပင်စောင့် ဘီလူးလေးကောင်မှာ အဲသံနက်များဖြင့် အော်ပြီး ထွက်ပြေးသွားကြသည်။ ဘီလူးလေးကောင် ပြေးသွားသဖြင့် တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် သိုက်အိမ်ကြီး ဆူညံသွားသည်။ ကရင်မလေးနှစ်ယောက် မသေဆေးပင်နား ကပ်သွားကြသည်။ "ဝုန်း" ခနဲအသံကြီး မြည်ဟီးသွားပြီး မီးခိုးလုံးထွက်ပေါ်လာပါသည်။ မီးခိုးလုံးကြီးများလွင့်ပြယ်သွားချိန် ပိတ်ဖြူစင်ကြယ်ဝတ်ထားသော သိုက်ချုပ်ဘိုးဘိုးကြီးကို မြင်လိုက်ရသည်။

"မိုက်မဲတဲ့ သမီးလေးတွေ၊ အချိန်မတန်ဘဲ လူ့ပြည်ပြန်လို့ မရကြဘူးဆိုတာ မေ့နေရောလား။ ဒဏ်ခံဖို့သာ ပြင်ထားပေတော့"

ကျွန်တော် သိုက်ချုပ်ဘိုးဘိုးမျက်နှာကို သေချာကြည့်လိုက်မှ ဆရာညီဖြစ်နေကြောင်းသိလိုက်ရသည်။ ကရင်မလေးနှစ်ယောက်ကို သိုက်ချုပ်ဘိုးဘိုးက ခြေမန်းကွင်းများဖြင့် ဖမ်းချုပ်လိုက်သည်။ ကရင်မလေးနှစ်ယောက်က "မောင်ကြီးရေကယ်ပါဦး"အော်ဟစ်ရင်း ဘီလူးကြီးတစ်ကောင်က ဆံပင်များကို ဆုပ်ကိုင်ပြီး ဆွဲခေါ်သွားသည်။

"ဦးသူတော်သား…မသေဆေးပင်က ပုထုဇဉ်လူသားတွေအတွက် မဟုတ်ပေဘူး။ မဟိဒ္ဓိရှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေ အာယုကပ်ရှည်အောင် ထိုးကူးတဲ့အခါမှ အင်း၊ ဆေးစမများနဲ့စီရင်ပြီး အသုံးပြုကြရတာ။ ဦးသူတော်သား ကြိုးစားအားထုတ်လို့ ဝိရမီစခန်း၊ အဓိဋ္ဌာန်လမ်းကို ကျင့်ကြံပါလေဦး"

သိုက်ချုပ်ဘိုးတော် စကားဆုံးသည်နှင့် သိုက်အိမ်ကြီး လျှောင်လျှပ်သလို လျှပ်ခါယိမ်းထိုးသွားပါသည်။ တဝေါဝေါနှင့် ရေလှိုင်းများရိုက်ခတ်ပြီး သိုက်အိမ်ကြီးထဲ တစ်ရှိန်ထိုးစီးဝင်လာကြသည်။ သိုက်အိမ်ကြီး ရေများလွှမ်းမိုး၍ တဖြည်းဖြည်းနစ်မြုပ်ပြီဖြစ်သည်။ ကျွန်တော် ပြေးမလွတ်တော့ပါ။ သိုက်အိမ်ကြီးနှင့်အတူ နစ်မြုပ်ပြီး သေဆုံးရတော့မည်ဖြစ်သည်။ ကျွန်တော် ရေမကူးတတ်ပါ။ ကျွန်တော် ကြောက်လန့်တုန်လှုပ်နေရာက သတိတရားဝင်လာသည်။ သရဏဂုံသုံးပါးကို ရွတ်ရင်း "ဆရာကြီးရေ ကျွန်တော့်ကို ကယ်ပါဦးဗျ"ဟု အော်ပြောလိုက်မိသည်။

ကျွန်တော် ရေနစ်နေရာ ရေကလည်ပင်းအထိရောက် နေပြီဖြစ်သည်။ ထိုအချိန်တွင် ဆရာကြီးပညာရွှေရောက်လာပြီး ကျွန်တော့်ကို ချိုင်းနှစ်ဖက်မှမ၍ သိုက်အိမ်ကြီးထဲမှ ဆွဲထုတ်သွားပါသည်။ ကျွန်တော် အိပ်မက်နေရာက လန့်နိုးလာပါသည်။ ဆရာကြီးပညာရွှေ ကျွန်တော့်ခေါင်းရင်း၌ထိုင်၍ ကျွန်တော့်ခေါင်းကိုကိုင်ပြီး မေတ္တာပို့ပေးနေပါသည်။

"လူလေး…မင်းမောနေပြီ။ အိပ်မက်ထဲ တွေ့ကြုံရတာ အမှတ်မထားဘဲ အိပ်ပျော်အောင်အိပ်လိုက်။ ဆေးသောက်လိုက်ဦး"

ဆရာကြီးပညာရွှေ တိုက်သော ဆေးလုံးလေးသုံးလုံးကို ကျွန်တော် မျိုချလိုက်ပါသည်။ ဆရာညီကို အိမ်ပေါ်၌ မတွေ့ရပါ။ ကျွန်တော့်ချက်ခွံများ လေးလာပြီး အိပ်ပျော်သွားပါသည်။ ကျွန်တော့်နားထဲ ကျားဟိန်းသံကိုကြားလိုက်ရပြီး ကျွန်တော် လန့်နိုးလာပါသည်။ တဲအိမ်ပေါ်၌ ဆရာကြီးပညာရွှေနှင့် ဆရာညီတို့ မရှိကြတော့ပါ။ ဘုရားကျောင်းဆောင်၌ ပူဇော်ထွန်းညှိထားသော ကညင်ဆီမီးခွက်ကလေးက မီးတောက်လေး ထိန်လင်းနေဆဲရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တဲအိမ်အပြင်ဘက်၌ အမှောင်ထုက ကြီးစိုးနေပါသည်။ လစောင်းသွားပြီဖြစ်၍ လရောင်ကို မှိန်ဖျော့ဖျော့သာ မြင်တွေ့ရပါတော့သည်။ ကျွန်တော် အိပ်နေရာကထပြီး ရေအိုးထဲမှ ရေဖြင့် မျက်နှာသစ်ပြီး မြတ်စွာဘုရားကို ကန်တော့၍ အဓိဋ္ဌာန်ပုတီး စိပ်နေလိုက်ပါသည်။ ကျွန်တော် အဓိဋ္ဌာန်ပုတီးစိပ်ပြီး မေတ္တာပို့ အမျှဝေနေစဉ် တဲအိမ်လေးများဆီက အမျှဝေကြေးစည်ရိုက်သံများ ထွက်ပေါ်လာကြသည်။ လင်းကြက်ကလည်း တွန်သံပေးနေပါသည်။

(၅)

တဲအိမ်အပြင်ဘက်၌ အလင်းရောင်သမ်းလာချိန် တဲအိမ်ပေါ်သို့ ဆရာကြီးပညာရှေ့နှင့် ဆရာညီတို့နှစ်ဦး တက်လာကြပါသည်။

"လူလေး…မင်း ကျားဟိန်းသံကြောင့် လန့်နိုးတာလား။ ပြာသိုလပြည့်နေ့တိုင်း ကျားသားအမိက ကျိုက်ဒေးဗားတောင်ကနေ တောင်သုံးလုံးအောင်ကြေးဝေယျ မြသိန်းတန်စေတီကြီးကို ဘုရားဖူးလာနေကြတာ"

"တောင်သုံးလုံးကအပြန် အင်းခနီသိုက်ဘေးကနေ ဖြတ်သွားကြတာ။ ဒီမှာနေတဲ့ သူတော်ကောင်းတွေကို ဟိန်းသံပေးပြီး နှုတ်ဆက်သွားတာ။ ငါတို့က ကျားသားအမိကို မေတ္တာလိုက်ပို့ပေးပြီးပြန်လာခဲ့ကြတာ"

ဆရာကြီးပညာရှေ့ စကားအဆုံးတွင် လူသံများကြားရပြီး တဲအိမ်ပေါ်က ဆင်းသွားပြီး စားစရာများယူလာ၍ တဲပေါ် ပြန်တက်လာသည်။ ကောက်ညှင်းပေါင်းများ ပွန်းဖျပ်ကြီးနှင့်အပြည့် ပါလာပြီး မြေပန်းကန်လုံးလေးတွင် အမဲခြောက်များ မီးဖုတ်ဆီဆမ်းထားသည်ကို တွေ့မြင်ရသည်။ ဆရာကြီးပညာရှေ့က မြတ်စွာဘုရားကို အရုဏ်ဆွမ်းအဖြစ် ဦးဦးဖျားဖျား ကပ်လှူလိုက်ပါသည်။ ကျွန်တော်မေးမည့်စကားကို ဆရာကြီး ပညာရှေ့ ကြိုသိပါသည်။

"ဘုရားမှာ လှူထားတဲ့ အမဲခြောက်တွေကို မင်းမေးမလို့ မဟုတ်လား။ လူလေးရ…အမဲခြောက်ဖုတ်တွေ မဟုတ်ဘူးကွ။ ဒီမှာနေတဲ့ သူတော်ကောင်းတွေစိုက်ပျိုးထားတဲ့ ဝဥ (ခေါ်) မြောက်ဥကြီးတွေကို အခြောက်လှန်းပြီး အမဲခြောက်လို အပြားလိုက် လုပ်ထားတာ။ မီးဖုတ်ပြီး ဆီဆမ်းလိုက်ရင် အမဲခြောက်ဖုတ်ဆီဆမ်းလို့ ထင်ရတတ်တယ်။ ဒီနေရာက သက်သတ်လွတ်နယ်မြေကွ လူလေးရ"

ကျွန်တော် ရှက်သွားမိသည်။

"အန္ဓလူသားတွေရဲ့ အမြင်၊ အတွေး အကြံအစည်တွေဟာ ကိလေသာ တဏှာမကင်းတဲ့ အကြံအစည်ကွ။ တဏှာရာဂဟာ ကြောက်ဖို့ကောင်းတယ်။ အပြစ်ကြီးတယ်။ ပုထုဇ္ဇနော၊ ဥမ္မတ္တကောတွေသာ ဒီစိတ်ကိန်းဝပ်ကြတာ"

ဆရာကြီးပညာရှေ့ ကျွန်တော့်ကို ပြစ်တင်ခုံမစကား ပြောကြားနေပြီဖြစ်ပါသည်။

"ငါနဲ့ကင်းကွာသွားရင် မင်းတော့ တဏှာကောင်ဖြစ်မှာ သေချာတယ်"

ကျွန်တော် ဝမ်းနည်းသွားမိသည်။ ဆရာကြီးပညာရှေ့သည် ကျွန်တော့်ကို ယခုကဲ့သို့ ပြင်းပြင်းထန်ထန် အပြစ်တင်စကား မပြောကြားခဲ့ဘူးချေ။

"ဆရာညီ…ခင်ဗျားတို့ အင်းခနီသိုက်ထဲမှာ လူလေးကို ကျွန်တော်ထားခဲ့တော့မယ်။ လက်ခံမလား"

ကျွန်တော် အသံထွက်အောင် ငိုလိုက်မိသည်။ ကျွန်တော့်ငိုသံကြောင့် ဆရာကြီးပညာရှေ့ စိတ်မကောင်းဖြစ်သွားဟန် ရှိပါသည်။

"ငါ့ဝင့်ကြွေးကလည်း မလွတ်သေးပါလား။ အဘခေါင်ကြီးရဲ့ သားတပည့်တွေထဲက လူလေးကိုထိန်းရတဲ့ တာဝန်က ကြီးလှပါတယ်။ သံယောဇဉ်ကြီးက တင်းလှပါလား"

ဆရာကြီးပညာရှေ့ မျက်လုံးများ အရောင်ခဏတာ မှိန်ဖျော့သွားကြသည်။

"ငါလည်း အပြစ်မကင်းပါဘူးလူလေးရေ။ မင်းကို လွှတ်ပေးထားတာကိုး"

"ကျွန်တော် နောက်နောင် စိတ်လွတ်ကိုယ်လွတ် မဖြစ်စေရပါဘူး ဆရာကြီး"

"သာဓု… သာဓု…သာဓုပါ လူလေးရာ"

(၆)

နံနက်ခင်း နေရောင်ခြည်များ ပွင့်လင်းလာချိန် အင်းခနီသိုက်နယ်မြေတွင် လူသံများ ပြန်လည်နိုးကြားလာပြီဖြစ်သည်။ ဘုရားကျောင်းဆောင်ပေါ် ဆွမ်းတော်တင်ထားသော ကောက်ညှင်းပေါင်းနှင့် ဝဥခြောက်ကို ဆရာကြီးပညာရှေ့ စွန့်ယူလိုက်ပြီး ကျွန်တော်တို့ကို ချကျွေးပါသည်။ ဆရာကြီးပညာရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာညီတို့နှစ်ဦးကို အရင်စားသောက်စေပြီးမှ ကျွန်တော် စားပါသည်။ ဆရာညီက အင်းခနီသိုက်အကြောင်း ပြောပြပါသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အညာဒေသဘက်က သိုက်ဆရာနဲ့ တပည့်တစ်ဦး သိုက်စာရလို့ဆိုပြီး အင်းခနီသိုက် လာတူးကြတယ်။ အဲဒီအချိန်က အင်းခနီမှာ ရွှေကညင်တုံးကြီးက ပေါ်နေပြီး ကမ်းစပ်မှာ မေးတင်ပြီးနေတယ်။ ဒီရွာမှာနေတဲ့ သူတော်ကောင်းတွေက သောက်ရေသုံးရေခပ်ရင် ရွှေကညင်တုံးကြီးပေါ်တက်ပြီး ရေခပ်ကြရတာ။ ရွှေကညင်တုံးကြီးမှန်းသိကြပေမယ့် စိတ်နှင့်တောင် မပြစ်မှားကြဘူး။

အင်းခနီရဲ့ အရှေ့တောထဲမှာ ကျောက်သဘော်လေးတစ်စင်း ရှိတယ်။ သူတော်ကောင်းတွေ အလှူဒါနပြုချင်လို့ရှိရင် အိုး၊ ခွက်၊ ပန်းကန်တွေကို ကျောက်သဘော်ဦးပိုင်းမှာ လာတင်ထားကြတယ်။ အလှူဒါနပြုပြီးရင် အိုး၊ ခွက်၊ ပန်းကန်တွေကို ယူလာတဲ့အရေအတွက်အတိုင်း ပြန်ပို့ကြရတယ်။ သူတော်ကောင်းတွေရဲ့ သားသမီးတချို့က အိုးခွက်ပန်းကန်တွေကို ပြန်ပို့ရင် အိုးခွက်ပန်းကန်တချို့ကို ယူထားလိုက်ကြတယ်။ သစ္စာမဲ့လာတဲ့ လုပ်ဆောင်မှုတွေကြောင့် ကျောက်သဘော်လေးဟာ အင်းခနီတောထဲမှာ ပျောက်ကွယ်သွားတယ်။ အင်းခနီရေပြင်ဟာလည်း လှိုင်းကြီးပြီး ကုန်းပေါ်အထိ ရေတွေတက်လာတယ်။ သူတော်ကောင်းတွေရဲ့ တဲအိမ်တွေ ရေမြုပ်ပျက်စီးကုန်ကြတယ်။ အဲဒီအချိန်ကစပြီး သူတော်ကောင်းတွေနေတဲ့ တဲအိမ်တွေမှာ လင်ယူသားမွေးကလေးတွေကအစ နေခွင့်မပေးတော့ဘဲ ပြောင်းရွှေ့သွားကြရတယ်။ သိုက်ဆရာနဲ့ သူ့တပည့်ဟာ သိုက်တူးဖို့ အစီအရင်တွေလုပ်ကြတယ်။ အင်းခနီကမ်းစပ်မှာ ရာဇမတ်ကာ၊ သဲဖြူခင်းပြီး ငှက်ပျောပင်စိုက်လို့ ဝင်းခင်းတယ်။ သိုက်ဆရာဟာ အတော်အစွမ်းထက်တာ။ ကျောက်ပျဉ်ပေါ် အင်းချပြီး အင်းခနီကန်လယ်ကို လွှတ်လိုက်တာ သိုက်ရှိတဲ့ အဆောက်အအုံ တည့်တည့်ပေါ်မှာ ကျောက်ပျဉ်ရပ်သွားပြီး အင်းခနီသိုက်က သိုက်ချုပ်ဘိုးတော်က ကိုယ်ထင်ပြပြီး အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တဲ့အခါ ကျောင်းဆောက်လှူဖို့ ရွှေငွေ၊ ရတနာပစ္စည်းတွေနဲ့ ရွှေကညင်တုံးကြီးကို သိမ်းဆည်းထားတာဖြစ်လို့ မယူမငင်ဖို့ တားပေမယ့် မရလို့ သိုက်စောင့်တွေက အပြင်းအထန် ခုခံကြတယ်။ အင်းခနီရေပြင်ဟာ လှိုင်းလုံးကြီးတွေ ကြွလာပြီး ရွှေကညင်တုံးကြီးလည်း ရေထဲမြုပ်သွားတယ်။ လေကြီးမိုးကြီးကျပြီး တိုက်ခတ်လို့ သိုက်ဆရာနှင့် တပည့်တို့နှစ်ဦးစလုံး အသက်လုပြီး ထွက်ပြေးသွားကြရတယ်"

ဆရာညီက အင်းခနီသိုက်အကြောင်းပြောပြီး -

"ဦးသူတော်တို့ကို သူတော်ကောင်းတွေနေတဲ့ရွာကို လိုက်ပြရဦးမယ်။ သွားကြရအောင်"

တဲအိမ်ပေါ်က ဆင်းသွားသော ဆရာညီနောက်သို့ ဆရာကြီးပညာရွှေနှင့်ကျွန်တော် လိုက်ပါသွားကြပါသည်။ အတန်ငယ်သွားမိသောအခါ တဲအိမ်လေးများအိမ်စုဆီ ရောက်သွားကြပါသည်။ တဲအိမ်လေးများမှာ ခြေတံရှည်ဆောက်လုပ်ပြီး ဝါးတိုင်၊ ဝါးခင်း။ အင်ဖက်မိုးများ ဖြစ်ကြသည်။ တဲအိမ်တစ်အိမ်တွင် အမျိုးသမီးနှစ်ဦး၊ အမျိုးသားနှစ်ဦးစီ နေကြသည်။ ယောက်ျား၊ မိန်းမ ရောထွေး၍မနေကြရပါ။ သင်တိုင်းဝတ်ကရင်အမျိုးသမီးများနှင့် အမျိုးသားများ ဖြစ်ကြသည်။

(၇)

အိမ်ကိုးလုံးတွင် ငါးလုံး၌ အမျိုးသမီးများနေထိုင်ကြပြီး လေးလုံး၌ အမျိုးသားများ နေထိုင်ကြပါသည်။ အမျိုးသမီးတဲအိမ်များအောက်၌ ရက်ကန်းစင်များကို တွေ့ရသည်။ အမျိုးသားများအိမ်အောက်၌ ထွန်တုံးများ၊ ကောက်ခွေများ၊ တူရွင်း၊ ပေါက်တူးများဖြစ်သည့် လယ်ယာသုံးပစ္စည်းများ တွေ့ရသည်။ တဲအိမ်များနောက်ဘက် လူတစ်ခေါ်အကွာအဝေးတွင် လယ်ကွင်းနှင့်ယာခင်းများရှိသည်။ ပြာသိုလ မိုးနှင်းမှုန်များ ထူထပ်စွာကျနေပြီး ပြောင်းပင်၊ ငရုတ်ပင်၊ မြေပဲပင်များ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ တဲအိမ်တိုင်းလိုပင် အိမ်ရှေ့တွင် သဘော်ပင်၊ ဩဇာပင်၊ မာလကာပင်၊ ပိန္နဲပင်များ အသီးသီးလျက် မြင်တွေ့ရသည်။ အေးချမ်းသာယာလှသော ကရင်ရွာလေးဖြစ်သည်။ ပိုက်ဆံသုံးစွဲခြင်းမရှိဘဲ အသီးအနှံများကို စုပေါင်းမျှဝေ ခွဲဝေသုံးစွဲ စားသောက်သည့် ဘုံစနစ်ကို ကျင့်သုံးကြောင်း ဆရာညီက ရှင်းပြသည်။ ဒီရွာမှာ ရေ၊ မြေ၊ တော၊ တောင် သဘာဝတရား



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ အေးချမ်းပါတယ်။ လောဘ၊ ဒေါသ၊ မောဟတရားတွေ ကင်းကြတယ်။ သမထအကျင့်ကို ကျင့်ကြံအားထုတ်ပြီး ဗြဟ္မစိုရ်တရားလေးပါးနဲ့အညီ ကျင့်သုံးနေထိုင်ကြတယ်။ မေတ္တာဝါဒကို အခြေခံပြီး ပြုမူနေထိုင်ကြတယ်။ အိမ်ထောင်သားမွေး မလုပ်ကြရဘူး။ စိတ်ဆိုး စိတ်ညစ်တွေ ဝင်လာတဲ့သူကို ကျိုက်ဒေးဗားတောင်က ကျားလာပြီး ကိုက်သတ်ပစ်တယ်။ တောဆင်တွေ၊ ဝက်ဝံတွေ ရွာနား ရောက်လာကြပေမယ့် အန္တရာယ်မပြုကြဘူး။ ဆရာညီက ကျွန်တော့်အား -

"ကောင်လေး‥မင်းတွေ့မြင်ရတဲ့ အမျိုးသမီး၊ အမျိုးသားတွေရဲ့အသက်ကို ခန့်မှန်းကြည့်ပြီး ပြောပြပါ"

"ဆရာညီ‥‥ကျွန်တော့်အမြင် ပြောရရင် အသက်လေးဆယ် အရွယ်တွေလောက်ပဲ ရှိမယ်ထင်တယ်။ အားလုံး အရွယ်တူပြီး ကျန်းမာကြတယ်နော်"

ဆရာညီက ကျွန်တော့်စကားကြောင့် ပြုံးလိုက်ပါသည်။

"ဦးသူတော်သားကတော့ လူကဲခတ်မဆိုးပါလား။ ကောင်လေး မင်းအမြင်အရ ခန့်မှန်းတဲ့အသက် မှန်ပါတယ်။ သူတို့ရဲ့အသက်အမှန်က ၁၀၀ နားကပ်နေပြီ"

ဆရာညီပြောစကားကြောင့် ကျွန်တော် အံ့အားသင့်သွားပါသည်။

"လူလေးရ မင်းလို ပုထုဇ္ဇနော၊ ဥမ္မတ္တကောမှ မဟုတ်တာ။ သူတော်ကောင်းအကျင့်နဲ့ သီလသမာဓိကြောင့် အသက်ရှည် နုပျိုနေကြတာ"

ဆရာကြီးပညာရွှေက ကျွန်တော့်ကို ကျီစယ်စကားပြောလိုက်ပါသည်။ ကရင်အမျိုးသား အမျိုးသမီးများက သူတို့ခြံထွက် သဘော်သီး၊ မာလကာသီးများကို ခြင်းလေးများဖြင့်ထည့်ပြီး ဆရာကြီးပညာရွှေကို ဂါရဝပြုလက်ဆောင်ပေးပါသည်။

"ကျေးဇူးတင်ပါတယ်။ သစ်သီးဝလံတွေကို စားဖို့ တစ်ခြင်းပဲယူပါရစေ။ လမ်းခရီးက ဝေးတာမို့ သယ်ယူရတာ တာဝန်ကြီးပါတယ်"

သဘော်သီးမှည့် အကြီးတစ်လုံးနှင့် မာလကာသီးသုံးလုံးကို ခြင်းလေးထဲထည့်ပြီး ကျွန်တော့်ကို ယူလာစေပါသည်။ ဆရာညီမှာ ကျွန်တော်တို့ဆရာတပည့်နှစ်ဦးကို အင်းခနီသိုက် လမ်းဝအထိ လိုက်ပို့ပါသည်။

"ကံရှိသေးရင် ပြန်ဆုံကြသေးတာပေါ့"

ဆရာကြီးကို နှုတ်ဆက်စကားပြောပြီး ကျွန်တော့်ပခုံးကိုဖက်၍ ပြောပါသည်။

"မသေဆေးပင်လိုချင်ရင် ဝိဇ္ဇာဖြစ်အောင် ကျင့်ကြံအားထုတ်ပေတော့"

ဆရာပညာရွှေနှင့် ကျွန်တော်တို့ နှစ်ဦး လာလမ်းအတိုင်းပြန်ခဲ့ကြသည်။ တောလမ်းတစ်လျှောက် အတန်ငယ် ခရီးပေါက်လာချိန် တောအုပ်ထဲမှ ကရင်မလေးနှစ်ယောက် ပလိုင်းကိုယ်စီလွယ်ထားပြီး ထွက်လာကြသည်။ ဆရာကြီးပညာရွှေအား ထိုင်ကန်တော့ရင်း ပျားရည်တစ်ပုလင်းနှင့် ဆင်တုံးမနွယ်ခြောက်များ လက်ဆောင်ပေးပါသည်။ ကျွန်တော့်ကို သစ်ခွပန်းလုလုလေး နှစ်ပွင့် လက်ဆောင်ပေးရင်း နှုတ်ဆက်ပါသည်။

"မောင်ကြီး နောင်အခါကျရင် ဆရာကြီးမပါလည်း လုံမလေးတို့ရွာကို လာလည်ပါဦးနော်"

ကရင်မလေးနှစ်ယောက် လက်ပြနှုတ်ဆက်ရင်း တောအုပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားကြပါသည်။ ကျွန်တော့်လက်ထဲရှိ သစ်ခွပန်းလေးနှစ်ပွင့်မှာ မိုးပြာရောင်အပွင့်လေးများဖြစ်ပြီး အလွန်မွှေးကြိုင်ပါသည်။ ပန်းကလေးနှစ်ပွင့်ကို နမ်းရှိုက်ရင်း ကျွန်တော် ကရင်မလေးနှစ်ယောက် ဝင်သွားရာ တောထဲသို့ ငေးမောရင်းကြည့်နေမိသည်။ ကျွန်တော့်ရင်ထဲ ဝမ်းနည်းလာသလို ခံစားရမိသည်။ ဆရာကြီးပညာရွှေက -

"လူလေး ပုထုဇ္ဇနော၊ ဥမ္မတ္တကော အချစ်ရူး၊ တဏှာရူး ရူးနေရင် နေခဲ့ပေတော့။ ကျိုက်ဒေးဗားတောင်က ကျားလိုက်ရင်တော့ မင်းထိုက်နဲ့မင်းကံပဲနော်"

ကျွန်တော် ဆရာကြီးပညာရွှေကို လှမ်းကြည့်တော့ ဝါးတစ်ရိုက် အကွာသို့ ရောက်သွားပြီဖြစ်ပါသည်။ ဆရာကြီးသည် ကျွန်တော့်ကို လှမ်းပြောပြီး ခပ်သုတ်သုတ် လျှောက်သွားပါသည်။ သစ်သီးခြင်းနှင့် ပျားရည်ပုလင်းကိုကိုင်ရင်း ကျားကိုက်ခံရမှာ ကြောက်လန့်ပြီး ဆရာကြီးနောက်သို့ အပြေးလေး လိုက်ရပါတော့သည်။

**သိန်းထွန်းသစ်**

၀၉-၅၀၄၇၄၇၉



www.burmeseclassic.com

www.burmeseclassic.com

# ခမည်းပေးရာ မှတ်သင့်စွာ

ဂန္ဓာရီဆြာအံ့

ကလေးအတွက် ခမည်းပေးချင်ကြောင်း၊ ခမည်းဘယ်လိုပေးသင့်ကြောင်း စသဖြင့် ကလေးမိဘရှင်များ မကြာခဏဆိုသလို ကျွန်ုပ်ထံ ရောက်ရောက်လာတတ်ကြသည်။ ထိုအခါတွင် ကလေးနှင့် သင့်တော်အပ်စပ်မည့် ခမည်းကို တွက်စစ်ကာ မည်သို့မည်ပုံ ပေးရမည့်အကြောင်း ခြေခြေမြစ်မြစ် ရှင်းလင်းပြသခဲ့ရုံမက လိုအပ်မှုရှိလာပါက ကျွန်ုပ်ကိုယ်တိုင် လုပ်ဆောင်ပေးခဲ့ဖူးပါသည်။

ခမည်းလိုအပ်နေသော ကလေးအား ခမည်းပေးလိုက်ခြင်းအတွက် ခမည်းပေးခံရသောကလေးအဖို့ အကျိုးကျေးဇူးများ ရရှိခံစားနိုင်သည်ဖြစ်ရာ အကျိုးရှိသောကိစ္စဟု ဆိုရပါလိမ့်မည်။ ဤ၌ မိမိတို့ကလေးအတွက် ခမည်းပေးချင်ကြသော ကလေးမိဘရှင်တို့အတွက် ခမည်းဘယ်လိုပေးရမည်ကို ရေးသားဖော်ပြလိုက်ပါသည်။ ဦးစွာ ကလေး၏ မွေးသက္ကရာဇ်ကိုတည်ကာ ကလေး၏ မွေးနံ့ဂြိုဟ်သက်နှင့် ပေါင်းရပါမည်။ ရလဒ်အား ၇ ဖြင့်စားရပါမည်။ ထိုအခါ အကြွင်းများရလာပါလိမ့်မည်။ ရလာသောအကြွင်းကို မှတည်လျက် ခမည်းပေးနိုင်ကြပါကြောင်း -

- အကြွင်း ၁ ရပါက ဖခင်ဖြစ်သူမှ ကလေးအား အနီရောင် အဝတ်အစား။
- အကြွင်း ၂ ရပါက ဖခင်ဖြစ်သူမှ ကလေးအား အစိမ်းရောင်အဝတ်အစား။
- အကြွင်း ၃ ရပါက အစ်ကိုဖြစ်သူမှ ကလေးအား အစိမ်းရောင်အဝတ်အစား။
- အကြွင်း ၄ ရပါက ရဟန်းတော်မှ ကလေးအား အဖြူရောင်အဝတ်အစား။
- အကြွင်း ၅ ရပါက ဘထွေးဖြစ်သူမှ ကလေးအား ရွှေဝါရောင်အဝတ်အစား။
- အကြွင်း ၆ ရပါက ဦးလေးဖြစ်သူမှ ကလေးအား အဖြူရောင်အဝတ်အစား။
- အကြွင်း ၀ ရပါက အဘိုးအဘွားတို့မှ ကလေးအား အနက်ရောင်အဝတ်အစား။

စသည်တို့ကို ပေးလိုက်ခြင်းအားဖြင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာ နှစ်ဖြာသော ကောင်းကျိုးသုခတို့ ခံစားနိုင်ကြပါလိမ့်မည်။

ဂန္ဓာရီဆြာအံ့



www.burmeseclassic.com

www.burmeseclassic.com




# အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်နှင့်

# ပရဟိတစိတ်ထား

■ ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)

(၁)

ကမ္ဘာမြေပြင်နေ လူတွေဟာ ပျော်မွေ့ဖွယ်၊ ချမ်းမြေ့ဖွယ်ကောင်းတဲ့ ငြိမ်းချမ်းသောဘဝကို ထူထောင်လိုကြရင် မိမိရဲ့ပတ်ဝန်းကျင်ရှိလူတွေကို လူလိုမြင်တတ်အောင် ကြည့်တတ်ဖို့လိုတယ်။ မိမိရဲ့ပတ်ဝန်းကျင်မှာ သက်ရှိ/သက်မဲ့ အရာဝတ္ထုတွေထဲက လူသာပဓာနအကျဆုံးဖြစ်တယ်။ ဒါကြောင့် လူကို လူလိုမြင်တတ်ဖို့ အရေးကြီးတယ်။ လူကို လူလို မြင်တတ်အောင်ကြည့်ရာမှာ ပြဟ္မစိုရ်မျက်စိရှိမှဖြစ်ပါမယ်။

ပြဟ္မစိုရ်မျက်စိမရှိရင် လူကိုလူလို မြင်တတ်အောင် မကြည့်တတ်။ လူကို ကုလားလို၊ တရုတ်လိုမြင်တတ်တယ်၊ သူဌေးလို၊ ဆင်းရဲသားလိုလည်းမြင်တတ်တယ်။ အရာရှိလို၊ ရုံးလုလင်လိုလည်း မြင်တတ်တယ်။ ဒီအမြင်တွေဟာ "ပပဉ္စ" မျက်စိနဲ့ကြည့်လို့မြင်တဲ့ အမြင်တွေဖြစ်တယ်။ ပပဉ္စဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိတွေရဲ့အမည်ဖြစ်ကာ အတ္တ မျက်စိသာ ဖြစ်တယ်။ ဒါကြောင့် လူဟာ လူကို အတ္တမျက်စိနဲ့ကြည့်ပြီး အတ္တအမြင်နဲ့ ဆောင်ရွက်နေသမျှကာလပတ်လုံး ဒီကမ္ဘာမြေ

www.burmeseclassic.com

မြင်မှာ ပျော်မွေ့ဖွယ်၊ ချမ်းမြေ့ဖွယ်ကောင်းတဲ့ ငြိမ်းချမ်းသော ဘဝကို ထူထောင်လို့မရနိုင်ခြင်းမှာ မိမိတို့ရဲ့ လက်တွေ့ခံစားချက်သာ ဖြစ်ပါတယ်။

လူကို သမာဓိဉာဏ်နဲ့ကြည့်ရပြန်တယ်။ လူကို သမာဓိဉာဏ်မျက်စိနဲ့ ကြည့်တဲ့အခါ လူကိုလူအဖြစ်၊ ပုဂ္ဂိုလ်အဖြစ်၊ သတ္တဝါအဖြစ် မမြင်တော့။ ခြပ်ဝတ္ထုအနေနဲ့လည်း ဘာကိုမှမမြင်တော့။ တကယ်တမ်းမြင်တွေ့ရသည်က ရုပ်နဲ့နာမ်၊ တစ်နည်းဆိုရရင် ခန္ဓာသာဖြစ်တယ်။ ဒီအခါ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေ အလိုက်အလျောက်ကွာတယ်။ ဒီလိုကွာရင် ကွာသလောက် ချမ်းသာကိုရနိုင်တယ်။ ဒီချမ်းသာဟာ သစ္စာနဲ့ယှဉ်တဲ့ ချမ်းသာဖြစ်တယ်။

(၂)

ကမ္ဘာမြေပြင်မှာ ပျော်မွေ့ဖွယ် ချမ်းမြေ့ဖွယ်ကောင်းတဲ့ ငြိမ်းချမ်းသော ဘဝမျိုးကို ထူထောင်နိုင်ရေးအတွက် လူဆိုတာ လူ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်မှဖြစ်ပေမယ်။ ဒီအမြင်မျိုးမှာ ဒီကမ္ဘာမြေပြင်မှာ မြတ်စွာဘုရားပွင့်တော်မူပြီးမှ မြတ်စွာဘုရားရဲ့သွန်သင်ချက်အရ သိလာရတဲ့အမြင်ဖြစ်တယ်။ ဒီအဖြစ်မျိုးဟာ ဒေသနာတော်အရ အနိမ့်ဆုံးအမြင်ဖြစ်တယ်။ အနိမ့်ဆုံးအမြင်ဆိုတာ မြဟ္မစိုရ်မျက်စိနဲ့ကြည့်လို့မြင်ရတဲ့အမြင် ဖြစ်တယ်။ ဒီအမြစ်ကလည်း မြတ်စွာဘုရားမပွင့်မီက တစ်မျိုးနဲ့ပွင့်တော်မူပြီး နောက်တစ်မျိုးဆိုပြီး နှစ်မျိုးရှိပြန်တယ်။ မြတ်စွာဘုရားမပွင့်မီက မြဟ္မစိုရ်အမြင်ဟာ မဂ္ဂျိမပဋိပဒါကို အခြေမခံလို့မိမိရဲ့ ဘဝချမ်းသာရေးကို ဦးတည်တယ်။ မြတ်စွာဘုရားပွင့်တော်မူပြီးနောက် မြဟ္မစိုရ်အမြင်ဟာ မဇ္ဈိမပဋိပဒါကို အခြေခံလို့ ဘဝမှလွတ်မြောက်ရာ ချမ်းသာကို ဦးတည်ပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ လုပ်ငန်းပဲဖြစ်ဖြစ်၊ ကုသိုလ်၊ အကုသိုလ်လုပ်ငန်းပဲဖြစ်ဖြစ် လောကလူသားတွေရဲ့ အကျိုးစီးပွားအတွက် မိမိဘဝကိုစတေးပြီး လုပ်ဆောင်ပါက ဒီလုပ်ငန်းဟာ မြင့်မြတ်မှုရှိတယ်။ ပါရမီဖြစ်တယ်လို့ ဆိုရပါမယ်။ ပါရမီသဘောဆိုတာ မိမိအတွက် တစ်စုံတစ်ရာသော အကျိုးစီးပွားကို မမျှော်ကိုးဘဲ စွန့်လွှတ်ခြင်း၊ တစ်နည်းဆိုရရင် စတေးခြင်းသက်သက်သာ ဖြစ်တယ်။ စွန့်လွှတ်ခြင်း၊ စတေးခြင်းဆိုတာ အတ္တကိုပယ်သတ်ခြင်းဖြစ်တယ်။ အတ္တကို ပယ်သတ်ခြင်းမှာ တဏှာ၊ မာန၊ ဒိဋ္ဌိကို သတ်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် အတ္တသေသဖြင့် ရရှိတဲ့အကျိုးဟာ အတ္တကြောင့်ရရှိတဲ့ အကျိုးထက် များစွာမြင့်မားတယ်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ဦးခိုက်ခြင်းကို ခံယူထိုက်တဲ့အကျိုးဖြစ်တယ်။ ဒီသဘောကို ဝိဝဋ္ဋမျက်စိနဲ့ကြည့်မှ မြင်နိုင်တယ်။ ဝဋ္ဋမျက်စိနဲ့ကြည့်က မမြင်နိုင်ပါ။

(၃)

ဇာတ်တော်များကို လေ့လာကြည့်တဲ့အခါ အလောင်းတော်များဟာ လောကရဲ့အကျိုးစီးပွားကို ဆောင်ရွက်ရာမှာ လက်နက်ကောင်းတွေအဖြစ်နဲ့ အသုံးပြုနိုင်ရေးအတွက် မိမိတို့ရဲ့သန္တာန်မှာ ကံအ ဆောက်အအုံ၊ ဉာဏ်အဆောက်အအုံများကို ပြည့်စုံသည်ထက် ပိုပြည့်စုံစေဖို့ ပါရမီတော်များကို ဖြည့်ကျင့်တော်မူကြစဉ် တိရစ္ဆာန်ဘဝများမှာ ဖြစ်ကြရသည်ကို တွေ့မြင်ရတယ်။ အမှန်အားဖြင့် တိရစ္ဆာန်ဘဝဆိုတာ အကုသိုလ်ကံကြောင့်သာ ရောက်ရတဲ့ဘဝဖြစ်ပါတယ်။

ဒါကြောင့် အလောင်းတော်များဟာ အကုသိုလ်ကံတွေကို ကျူးလွန်ခဲ့ကြသည်မှာ ထင်ရှားတယ်။ အလောင်းတော်များဟာ မိမိတို့အကျိုးစီးပွားအတွက် အကုသိုလ်ကံတွေကို ကျူးလွန်ခဲ့ကြခြင်းမဟုတ်ပါ။ လောကရဲ့အကျိုးစီးပွားအတွက်၊ အမျိုးသားများရဲ့အကျိုးစီးပွားအတွက် အမွေကမွေအပေါ် မလွှမ်းမိုးစေရေးအတွက်သာ အကုသိုလ်ကံများကို ကျူးလွန်ခဲ့ကြခြင်းဖြစ်တယ်။ အကုသိုလ်ကံကို ကျူးလွန်ခဲ့လို့ တိရစ္ဆာန်ဘဝတွေကို ရောက်ခဲ့ရခဲ့ကြရပါတယ်။

တိရစ္ဆာန်ဘဝ ရောက်ပေမယ့် ရောက်ရာရောက်ရာ တိရစ္ဆာန်ဘဝမှာ ဆိုင်ရာဆိုင်ရာမင်း၊ ပရောဟိတ်စတဲ့ အထက်တန်းမှာ ဖြစ်ကြရတယ်။ မျောက်ဖြစ်ရင် မျောက်မင်း၊ ဆင်ဖြစ်ရင်ဆင်မင်း၊ ယုန်ဖြစ်ရင်ယုန်မင်းတွေ ဖြစ်ကြတယ်။ ဒီလိုဖြစ်ရခြင်းမှာ မိမိရဲ့ဘဝကို တိရစ္ဆာန်ဘဝကျရောက်ခံပြီး လောကအတွက် စတေးတဲ့ ပါရမီကုသိုလ်ကြောင့် ဖြစ်တယ်။ ဒါကြောင့် မလွှဲမရှောင်သာတဲ့ အကြောင်းများကြောင့် တာဝန်အရ အကုသိုလ်ကံများကို ကျူးလွန်ရစေကာမူ မိမိအတွက် မဟုတ်ဘဲ လောကအတွက် ဓမ္မအတွက် အနစ်နာခံခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရှင် အကုသိုလ်က အကုသိုလ်သက်သက်၊ ကုသိုလ်က ကုသိုလ်သက်သက် အကျိုးပေးတယ်။ ထိုကုသိုလ်က သာမည ကုသိုလ်မဟုတ်ပါ။ ပါရမီကုသိုလ်ဖြစ်လို့ မြင့်မြတ်သူတွေရဲ့ လုပ်ရပ်ဖြစ်ပါတယ်။

(၄)

ယနေ့ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်ပြည်သူတွေကို တတတ်တအား စွမ်းအားအပြည့် ယုံကြည်ချက်တွေနဲ့ ဆောင်ရွက်နေကြတဲ့ ပရဟိတ လူငယ်မောင်မယ်အဖွဲ့တွေနဲ့ ပရဟိတလူမှုကူညီရေးအသင်းတွေ၊ ဌာနဆိုင်ရာက ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တိုင်းအတွက် ပရဟိတအကြောင်း သိကောင်းစရာ အဓိပ္ပာယ်ဖွင့်ဆိုမှုကို လက်လှမ်းမီသမျှ တင်ပြလိုပါတယ်။

တုံ့ပြန်ကျေးဇူး မမျှော်ကိုးဘဲ အများအကျိုးအတွက် ကိုယ်ကျိုးမငဲ့ မေတ္တာစေတနာသန့်သန့်နဲ့ စာနာထောက်ထား ရိုင်းပင်းကူညီဆောင်ရွက်ခြင်းကို ပရဟိတလို့ခေါ်တယ်။ အများအကျိုးဆောင်ရွက်နိုင်ဖို့ ပွားမေတ္တာနဲ့ ထားမေတ္တာ ပြည့်စုံရမှာဖြစ်တယ်။ ပွားမေတ္တာမှာ စိတ်ဆိုတဲ့ မနောကံဖြစ်ပြီး ထားမေတ္တာမှာ ကိုယ်တိုင်လက်ရောက် ကာယကံမေတ္တာဖြစ်တယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးမှာ အရှင်အာနန္ဒာကို မိန့်တော်မူခဲ့ဖူးတယ်။ "ချစ်သားအာနန္ဒာ... သင်ဟာ ငါဘုရားကို မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံတွေနဲ့ အလုပ်အကျွေးပြုအပ်ခဲ့ပြီးပြီ။ ငိုကြွေးမနေလင့်"လို့ မိန့်မှာခဲ့တယ်။ ဒီအမှာစကားကိုထောက်လို့ မေတ္တာဟာ ကာယကံအမှုအရာနဲ့ ဆက်စပ်နေပြီး မေတ္တာကို အခြေခံရတဲ့ ပရဟိတအလုပ်ဟာလည်း ကံသုံးပါးအမှုအရာနဲ့ ဆက်စပ်နေပါတယ်။

ပရဟိတ ဆောင်ရွက်တော့မယ်ဆိုရင် စိတ်ဆိုတဲ့မနောကံမေတ္တာကို ဦးစွာမွေးမြူပွားရပါမယ်။ မိမိရဲ့ နူးညံ့သိမ်မွေ့တဲ့ စိတ်အခံဓာတ်နဲ့ သူတစ်ပါးကို ကောင်းစားစေလို၊ တိုးတက်ကြီးပွားစေလို၊ ချမ်းသာကိုယ်စိတ် မြဲစေလိုတယ်။ မနောကံ မေတ္တာစိတ်အခံအား ကောင်းလာတာနဲ့အတူ သူတစ်ပါးကောင်းစားအောင်၊ တိုးတက်ကြီးပွားအောင်၊ ဘဝ အေးချမ်းသာယာအောင် ကာယကံမေတ္တာက လိုက်ပါဆောင်ရွက်ရပါတယ်။

မေတ္တာစွမ်းအား ကြီးမားလာတာနဲ့အမျှ အနစ်နာခံ ဝီရိယစိတ်ထုတ် အလုပ်လုပ်မှုတွေ ပိုမိုများပြားလာပြီး ပရဟိတလုပ်ငန်းတွေလည်း အောင်မြင်လာပါတယ်။ တစ်ကျပ်ရင်းနှီးရင် တစ်ရာရနိုင်တယ်ဆိုတဲ့ အတွေးမျိုး၊ လောဘ၊ ဒေါသ၊ မောဟ၊ သက္ကာယ စွန်းထင်းညစ်ထေးနေတဲ့ စိတ်မျိုးနဲ့ ပရဟိတဆောင်ရွက်ရင် မေတ္တာမဖြူစင်လို့ လုပ်ငန်းမတွင်ကျယ် ကျရှုံးရတဲ့အဖြစ်မျိုး ရောက်တတ်ပါတယ်။

(၅)

ပရဟိတစိတ်ဓာတ်၊ ပရဟိတလုပ်ငန်းတွေဟာ မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ အဆုံးအမတရားတွေကို အခြေခံကာ မြန်မာလူမျိုးတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှု (Culture)အဖြစ်မှ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ယဉ်ကျေးမှု (Civilisation)အဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပါတယ်။ ဒါကိုပင် အလှူအတန်း(ဒါန)၊ အများအကျိုးပြုလုပ်ငန်း(ပရဟိတ)တွေဟာ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေးစရိုက်လက္ခဏာအဖြစ် မြန်မာ့လူ့အဖွဲ့အစည်းနဲ့အတူ ရာစုနှစ်ချီ တည်ရှိလာခဲ့ပါတယ်။

နိုင်ငံတည်ဆောက်ရေးမှာ အားကောင်းတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) တွေရှိခြင်းနဲ့ ပရဟိတလုပ်ငန်းများ လုပ်ကိုင်ခြင်းဟာလည်း အထူးအရေးပါလှတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် (Natural Disaster)နဲ့ လူလုပ်ဘေးအန္တရာယ် (Man-made Disaster)များမှ ကာကွယ်စောင့်ရှောက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး စတဲ့ လုပ်ငန်းတွေမှာ ပရဟိတလုပ်ငန်းများက ရှေ့တန်းမှ ရပ်တည်ကြရတယ်။

(၆)

မြန်မာနိုင်ငံ အရပ်သားအစိုးရသစ်လက်ထက် ထင်ရှားတဲ့ ပရဟိတအဖွဲ့အစည်းပေါင်း ၁၀၀ ကျော်အထိ



www.burmeseclassic.com

www.burmeseclassic.com

ရှိလာခဲ့ပြီး ယခုလို သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါ အခု လတ်တလော ဖွဲ့စည်းလိုက်တဲ့ အရပ်ဘက် လူမှုကူညီရေးအဖွဲ့တွေ အစိုးရအဖွဲ့အစည်းတွေနဲ့ပါဆိုရင် ပရဟိတအဖွဲ့အစည်းပေါင်း များစွာရှိနေပြီမို့ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များနဲ့အတူ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အမျိုးသားရေးစတဲ့ အခြားလုပ်ငန်းစဉ်များမှာ ပါဝင်ဆောင်ရွက်နေတဲ့ လူသားအကျိုးပြု ပရဟိတအဖွဲ့အစည်းတွေ ဖြစ်ပါတယ်။

ပရဟိတလုပ်ငန်းဟာ မြတ်ဗုဒ္ဓရဲ့အလိုတော်ကျ လုပ်ငန်းကြီးဖြစ်တယ်။ ဘုရားအလောင်းတော်အဖြစ် လူ့ဘဝရစဉ်ကာလများမှာ အများသတ္တဝါ ချမ်းသာစေကြောင်း ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်ခဲ့တယ်။ ဘုရားအလောင်းတော်ရဲ့စိတ်ဓာတ်ကို ဇာတ်ကြီးဆယ်ဘွဲ့၊ ဇာတ်ငယ် ငါးရာငါးဆယ်တွေမှာ လေ့လာသိရှိနိုင်တယ်။ လူ့ဘဝသာမက တိရစ္ဆာန်ဘဝမှာပဲ အများအကျိုးအတွက် အသက်စွန့်လို့ ရဲရဲကျခဲ့ပြီး ပရဟိတလုပ်ငန်းကိုဆောင်ရွက်ခဲ့တယ်။ အလောင်းတော်ဝက်မင်းဘဝ၊ ငုံးမင်းဘဝ၊ မျောက်မင်းဘဝတွေကို ကြည်ညိုစွာ တွေ့မြင်နိုင်ပါတယ်။

ဒီလိုမြတ်ဗုဒ္ဓရဲ့ ကိုယ်ကျိုးစွန့်ပြီး အများအကျိုး ဆောင်ရွက်ခဲ့တဲ့ ပရဟိတစိတ်ဓာတ်ကို ဘုရားရှင်ရဲ့စိတ်ဓာတ်၊ ဘုရားရှင့်ရဲ့လုပ်ရပ်လို့ သဘောပေါက်နားလည်စွာနဲ့ "ဩော် ပရဟိတအလုပ်ဆိုတာ ပွင့်တော်မူကြပြီး ဘုရားရှင်အဆူဆူတို့ရဲ့ လုပ်ငန်းပါလား။ ဘုရားရှင်တွေလို စိတ်ဓာတ်မျိုး အနည်းဆုံး ကိန်းအောင်းနေသူတွေမှသာ လုပ်ဆောင်နိုင်ကြတာပါလား"လို့ တွေးမိပါတယ်။ ဒီလိုယုံကြည်ချက်နဲ့ လုပ်သင့်၊ အတုလည်းယူသင့်ပါတယ်။

(၇)

ယခုမှ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူလူထုရဲ့ အသက်အန္တရာယ်၊ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးခဲ့ရတယ်။ စိုက်ပျိုးလယ်ယာတွေ ရေမြုပ်ခဲ့ရတယ်။ အသက်သခင် ထမင်းရှင်လယ်သမားတွေ စိတ်ဓာတ်တွေကျဆင်းခဲ့ရတယ်။ ဒီအချိန်မျိုးမှာ မြန်မာတို့ရဲ့ ထောက်ထားစာနာ ကရုဏာပွားတဲ့စိတ်ဓာတ်က ရှင်းလင်းစွာပေါ်လာတယ်။ ဒီလိုဘေးဒုက္ခတွေ မြန်ပြည်တစ်လွှားသိနိုင်ဖို့ တာဝန်သိ ပရဟိတလူငယ်တွေက ဖေ့စ်ဘုတ်စ်စာမျက်နှာများမှာ စတေးကပ်တွေတင်၊ ရေဘေးသင့်ပြည်သူတွေရဲ့ ပုံရိပ်တွေကို ရင်နင့်စရာတင်ပြထားတာ တွေ့ရတယ်။ ဒါကြောင့် လှူကြတဲ့လူတွေကလည်း သောက်သောက်လည်း ပေါ်လာကြတယ်။ ဘာသာရေးခေါင်းဆောင်များက ဦးစီးကာ ဆန်နဲ့အခြားစားစရာ၊ အဝတ်အထည်အိတ်တွေ စဉ်ဆက်မပြတ် သွားရောက်ပေးဖို့ လှူဒါန်းကြတဲ့မြင်ကွင်းများမှာ မြန်မာနိုင်ငံသားတို့ရဲ့ စေတနာ၊ သဒ္ဓါတရား၊ လူသားချင်းစာနာတတ်တဲ့ ကရုဏာ၊ အကြင်နာ၊ မေတ္တာအားတွေမို့ နက်ရှိုင်းစွာ ဂုဏ်ယူမိပါတယ်။

ပရဟိတ လူငယ်လူကြီး ရဟန်းရှင်လူတွေ တတ်အားသမျှလှူကြတာ ဝမ်းသာစရာပါ။ အထူးသဖြင့် ကျောင်းသားလူငယ်လေးများက စက္ကူပုံးလေး၊ ပလတ်စတစ်အိတ်ကလေးများနဲ့ လူစည်ကားရာနဲ့ လမ်းကြိုလမ်းကြား ပန်းခြံများအထိ မရှက်မကြောက် စာနာထောက်ထား ကရုဏာတရားနဲ့ အလှူခံနေကြတာ တွေ့ရလို့ ရင်မှာမချိသော်လည်း ဝမ်းသာပီတိဖြစ်ကာ မျက်ရည်များပင် ဝဲမိပါတယ်။

(၈)

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ပရဟိတလုပ်ငန်းတွေ ယခုထက်ပိုမို ဆောင်ရွက်နိုင်အောင်၊ ပရဟိတစိတ်ဓာတ်ခွန်အားတွေ ဒီထက်မက ရှင်သန်နိုင်အောင်၊ အသိမှန် အမြင်မှန် အလုပ်မှန်ကန်မှုတအောင် ဆောင်ရွက်နိုင်အောင်၊ ပြန်လည်ထူထောင်ရေးတွေမှာလည်း ရေရှည်ဇွဲလုံ့လရှိစွာ လုပ်ဆောင်နိုင်အောင် နိုင်ငံတော်နဲ့ တောင့်တင်းခိုင်မာတဲ့ လူ့အဖွဲ့အစည်းတွေက သင်တန်းများ စနစ်တကျ ပို့ချပြုစုပျိုးထောင်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် ယခုကပင် ဆောင်ရွက်သင့်ပါကြောင်း တပ်လှန့်နှိုးဆော်လိုက်ပါရစေ။

**ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)**

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၁-ခုနှစ်တွင် တွေ့ခဲ့၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ [illegible]ပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရမည်ဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အ ၁)

၂၁ ရာစု

ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လုပ်ငန်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်ရွေ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အင်းဒွာနှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်
ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆

www.burmeseclassic.com

www.burmeseclassic.com

# ရွှေခြေကျင်းလေး



www.burmeseclassic.com

www.burmeseclassic.com

# ရွှေခြေကျောင်းလေး

■ မိုးတားသူ(စိတ်ပညာ)

တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါတယ်ရှင်။

မှတ်မှတ်ရရ . . .၁၉၅၆ ခုနှစ်လောက်က လွတ်လပ်ရေးကြီး ရခဲ့ပြီးပေမယ့် တောရွာတွေမှာ မအေးချမ်းသေးဘူး။ အလံနီ၊ ကေအိုင်အေ စသည်ဖြင့် လွတ်လပ်ရေးရပြီးခါစ ရောင်စုံသူပုန်တွေ ထကြွသောင်းကျန်းနေတဲ့အချိန်။ ကျေးရွာလုံခြုံရေးအတွက် သူကြီးအမိန့် ဗျို့ဟစ်၊ ရွာထဲကအိမ်တိုင်း တစ်အိမ်ကို ဝါးကပ်ကြားတစ်ချပ်စီ ဆင့်ဆို၊ ရွာစည်းရိုး ပိုပြီးကာရံရတဲ့အချိန်။ အိမ်တိုင်းမှာ ဖုံးခိုကျင်းတွေ တူးထားရသေးတယ်။ ကျွန်မတို့ရွာဆိုတာကလည်း အထက်အညာဒေသ ဧရာဝတီမြစ်ကမ်းဘေးရှိ တောမကာ မြို့မကျရွာလေးပေါ့။

ဒီရွာလေးက ဟို..အနော်ရထာမင်းစောလက်ထက်၊ ကင်းစောင့်မြို့ ၄၃ မြို့ထဲမှာပါတယ်။ ဒီရွာမှာ အခုထက်တိုင်ရှိနေတဲ့ ဘုရားစေတီဟာလည်း အဲဒီကတည်းက တည်ထားခဲ့တယ်လို့ ရှေ့မီနောက်မီ လူကြီးတွေ ပြောစကားအရ သိရပါတယ်။ အဲဒီဘုရားအနီးမှာ ဘယ်တုန်းကပေါက်နေတဲ့ ညောင်ပင်ကြီးလည်းမသိ၊ တော်တော်ကို လုံးပတ်ကြီးတာ။ ဘေးပတ်ပတ်လည်မှာလည်း ပေါက်ပင်ကြီးတွေ၊ မြင့်မြင့်မားမား ပေပင်ကြီးတွေကလည်း ရှိလေရဲ့။ ဘုရားတည်ရှိနေတဲ့ ကုန်းကမူမှာတော့ ချုံပုတ်တွေက အနှံ့ပဲ။ ရွာရဲ့ပတ်ဝန်းကျင်ဒေသတစ်ခုလုံးရဲ့ မြေကြီးတွေက သက်ရင့်မြေနီတွေဖြစ်တယ်။

ရွာအနောက်ဘက်မှာ အင်းကြီးတွေ ရှိနေကြသေးတယ်။ ဘုရားကြီးအင်း။ လော့်ကလဲ့အင်း။ မြာအင်း။ လိပ်ပုပ်အင်းနဲ့ ပက်လက်အင်းဆိုတဲ့ နာမည်ခပ်ဆန်းဆန်း အင်းကြီးတွေပေါ့ . . .။ အဲ . . .ရွာအနောက်ဘက်တစ်ကြောမှာ-တော့ တစ်ဆက်တည်းဥယျာဉ်ကြီးတွေ၊ ဘိုးဘွားပိုင်မြေတွေ အကျယ်ကြီးပဲ။

မိုးကောင်းတဲ့နှစ် ဝါဆို၊ ဝါခေါင်ရေတွေတိုးခဲ့ရင် ဧရာဝတီမြစ်ရေက ရေလျှံပြီး ရွာကုန်းမြေအထိ တက်လာပါရော။ ရွာနောက်ဘက်က အင်းတွေလည်း ရေကျော်ကုန်ပြီး၊ အင်းတွေပျောက်ကုန်ပြီ။ ရွာထဲမှာလည်း ရေလွတ်တဲ့ ကုန်းမြင့်နည်းနည်းပဲ ကျန်တော့တယ်။ ရေကြီးတတ်တဲ့ရွာဖြစ်လို့ ပိန်းကောလှေတစ်စီးစီလောက် အိမ်တိုင်းမှာရှိကြတယ်။ ကျွန်မတို့ရွာရဲ့ ထူးခြားချက်တစ်ခု ရှိတယ်။ အဲဒီလို ရေတိုးလို့ အင်းတွေ ရေလျှံကုန်ရင် အင်းရေနွေးနေပြီး ဧရာဝတီမြစ်ရေစီးကြမ်း ရေအေးနှင့် တွေ့လိုက်တဲ့အချိန်မှာ ကျွန်မတို့ ကလေးတွေ အရမ်းပျော်ခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေအေးနဲ့ ရေနွေးတွေ့ထိတဲ့နေရာမှာ ငါးစာပေါ်သလို ငါးတွေလည်း ပေါများတတ်တယ်လေ။ ကလေးတွေ အိမ်ပေါ်ကနေပြီး ငါးမျှားကြ၊ လှေကားထစ်မှာ ရေချိုးကြနဲ့။ ကျွဲနွားတွေကိုတော့ ဥယျာဉ်ကုန်းဘက် ပို့ထားကြရတယ်။

အဲဒီတုန်းက မမနဲ့ ကျွန်မတို့ ငယ်ငယ်ကလေးဘဝမို့ သိပ်ပျော်ခဲ့ကြတယ်။ ရေကူးသင်ရတယ်။ မလော်တတ်၊ လော်တတ် လှေကိုလျှောက်လျှော်လို့ ရေထဲပတ်ချာလည်နေသလို ဟိုအိမ်ထဲဝင်၊ ဒီအိမ်ထဲဝင်နဲ့ အို . . . ပျော်လိုက်တာ။ ကိုကိုလေးရဲ့ ပိန်းကောလှေလေးကလည်း သစ်တစ်လုံးတည်းကို ထွင်းထားတာ။ မောင်နှမနှစ်ယောက်လောက်ပဲ စီးလို့ရတယ်။ လော်တက်မရှိရင် လက်နဲ့ယက်လော်ကြ၊ လှေလူးပြီး လှေမှောက်တော့ ဘာမှမကြောက်ပိုတောင်ပျော်သေး။ ရေအနက်ကလည်း ရင်ဝလောက်၊ ခါးလောက်ပဲ ရှိနေတာ။ ကလေးငယ်ရင်တော့ မြုပ်သွားနိုင်တာပေါ့။ ကျွန်မတို့ အဘကတော့ ကျွန်မတို့ကိုကြည့်ပြီး တဟဲ့ . . .ဟဲ့ အော်နေရတယ်။ ကျွန်မတို့ကတော့ လက်တွေပဲကြီးရေပွလောက်အောင်၊ ခိုက်ခိုက်တုန်ချမ်းနေအောင် ရေချိုးကြတုန်း။ ရေကလည်း တိုးပြီးရင်းတိုးလို့ ကျောင်း

www.burmeseclassic.com

တွေလည်း တစ်နေကုန်ပိတ်တာဆိုတော့ ဆော့ဖို့ဖြစ်လာတော့ ပျော်သလားမမေးနဲ့။ အခုတွေးမိရင် ပြန်လည်သတိရနေသေးတယ်။ အဲဒီလိုတွေးပြီး သတိရတိုင်း ရွာမှာ အသက်ရှစ်ဆယ်ကျော် အဘိုးအဘွားတွေ အများကြီးရှိနေတာကိုလည်း သတိရနေတယ်။ သူတို့ ဘာကြောင့် အနာရောဂါကင်းပြီး အသက်ရှည်ကြရသလဲ။ ကျွန်မ စဉ်းစားကြည့်တယ်။ အစားအသောက်ပဲပေါ့။ ရွာအနီးအနားဥယျာဉ်တွေကထွက်တဲ့ လတ်လတ်ဆတ်ဆတ်အသီးအရွက်တွေစားတယ်၊ ပေါပေါများများရတဲ့ ငါးကို အမြဲစားနေကြတယ်လေ။ လေကောင်းလေသန့်ကိုလည်း ကြိုက်သလောက် တဝကြီးရှူနိုင်တယ်။ နေထိုင်ဖို့ကောင်းတဲ့ရွာ၊ ပျော်စရာကောင်းတဲ့ မိုးတားရွာကြီးပဲ။

✦✦✦✦✦

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ မှာ ကျွန်မရဲ့ဝမ်းကွဲမောင် မောင်မြသန်း ကျွန်မရှိရာ ရန်ကုန်ကို ရောက်လာတယ်။ သူ့သမီးလေး ၁၀ နှစ်ရွယ်ကတည်းက ကျွန်မဆီ ပေးထားလို့ သူ့ကို ရန်ကုန်ရောက်ဖူးအောင်၊ မသေခင်မှာ သူ့သမီးလေးကို တွေ့ရအောင် ကျွန်မလှမ်းခေါ်တယ်။

ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြတယ်။

"ဟဲ့…မြသန်း၊ ငါတို့ရွာဘုရားကြီး ဘုရားတံတားထိပ်မှာ ဦးချစ်မောင်နဲ့ ဒေါ်ချစ်ယုံဆိုတာ ရှိသေးလား။ လင်မယားတစ်စုံပေါ့"

"အေး…ရှိသဟ၊ ဒေါ်ချစ်ယုံကတော့ သေသွားပြီ။ ဦးချစ်မောင် ကျန်သေးတယ်"

ကျွန်မတောင် အသက် ၆၀ ကျော်နေမှ ဒီအဘိုးကြီး ၉၀ ကျော်ရောပေါ့။ အခု ကျွန်မပြောပြချင်နေတဲ့ ကျွန်မတို့ရွာရဲ့ ထူးဆန်းတဲ့ သိုက်အဆက်ရှိတယ်ဆိုတာပါပဲ။

ကျွန်မငယ်ငယ်၊ ရွာမှာက အချို့လူနာ ရူးကြောင်မူးကြောင် ရောဂါထရင် စုန်းပြူစားတယ်ဆိုပြီး ပယောဂဆရာခေါ်ပြီး ကြိမ်နဲ့ရိုက်ကြတယ်။ ဒေါက်တာဆိုတာ ကြားတောင်မကြားဖူးဘူး။ ပယောဂဆရာ၊ နတ်ဆရာ ဆိုတာပဲရှိတယ်။ ဥစ္စာစောင့်ဆိုတာလည်း ရှိတာအမှန်ပဲ။ တစ်နေ့…

အမေနဲ့ ကျွန်မတို့ မနက်ဈေးမှာရောင်းဖို့ လတ်ဆတ်တဲ့ မုန်ညင်း၊ ချဉ်ပေါင်၊ ခဝဲတွေကို ဥယျာဉ်ခြံထဲက ခူးယူပြီး ညနေဘက် အထမ်းတွေနဲ့ အိမ်ပြန်လာခဲ့ကြတယ်။ ကျွန်မကလည်း ကလေးအရွယ်နဲ့တန်တဲ့ အထမ်းကလေးနဲ့ပေါ့။ အမေက အထမ်းကြီး၊ မမက အထမ်းလတ် ခြင်းနှစ်ဖက်ကိုင်းကို ထမ်းပိုးနဲ့လျှိုပြီး ထမ်းလာကြတယ်။

မိုးနည်းနည်းချုပ်စ အချိန်…။

ရွာအဝင် ဘုရားကြီးဘုရားနားက အရွက်တွေ၊ အကိုင်းတွေနဲ့ ဝိုင်းပြီးလှပတဲ့ ညောင်ပင်ကြီးနားရောက်တဲ့ အခါ အမေက…

"သမီးလေးတို့…မြန်မြန်သွားကြ"လို့ ပြောလိုက်တယ်။

အဲဒီအခိုက်မှာပဲ ဆံပင်ကို အရှည်ကြီး ဖားလျားချထားတဲ့ ညီအစ်မသုံးယောက် အဲဒီညောင်ပင်ကြီးအောက် ဝင်သွားကြတာ ဖျတ်ခနဲ ဖျတ်ခနဲ ကျွန်မ မြင်လိုက်ရတယ်။

"အမေရေ…အမေရေ ဟိုမှာ ဟိုမှာ…"

အမေက "သွား…သွား၊ အိမ်ရောက်တော့မယ်"ပဲ ပြောနေတယ်။

အဲဒီသဏ္ဌာန်ကို ကျွန်မပဲမြင်ရတာ။ ကလေးဆိုတော့ လိပ်ပြာလှလို့မြင်တာပေါ့တဲ့။ အခုထိ မျက်စိထဲက မထွက်ဘူး။ ရွာနောက် တံတားထိပ်နားမှာတော့ ကိုချစ်မောင်နဲ့ မချစ်ယုံတို့ လင်မယားနေတဲ့ ခြေတံခပ်ရှည်ရှည် အိမ်ရှိတယ်။ ရွာနဲ့တော့ တော်တော်လှမ်းနေတယ်။ သူတို့လင်မယားမှာ ကျွန်မအောက် တစ်နှစ်လောက်ငယ်မယ့် သမီးလေးလည်းရှိတယ်။ ကျွန်မတို့ ကလေးချင်း ခင်လည်းခင်ကြတယ်ပေါ့။ ကျွန်မ ဒုတိယတန်းကို တက်ရတဲ့နှစ်မှာ တော်တော်ပျော်ခဲ့တယ်။ ကျွန်မ ကိုးနှစ်ခန့်ရှိနေပြီ။ ကျွန်မ သူငယ်ချင်းမလေးနာမည်က မကျေးဥတဲ့၊ သူလည်းပဲ ပျော်တယ်။ ကျွန်မတို့ နှစ်ယောက်လုံး ပျော်မှပျော်။ ကလေးသဘာဝပဲ။ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကျောင်းဘုံကထိန်ပွဲက တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ ကျင်းပတယ်။ အတန်းလိုက် ပဒေသာပင်နဲ့ တစ်ရွာလုံးအနှံ့ လှည့်လည်ကြတယ်။ ဒီလိုအချိန်ဆို ကိုယ့်မှာရှိတဲ့ လှတပတလေးတွေ အကုန်ထုတ်ဝတ်ကြပြီလေ။ လှ



www.burmeseclassic.com

www.burmeseclassic.com

လည်းလှ ပျော်လည်းပျော်ကြပေါ့။

"ပေား…ကြည့်စမ်း၊ ကြည့်စမ်း"

ကျေးဥကိုကြည့်ပြီး ရွာထဲက ပေါ်စိန်၊ အေးမင်း၊ မောင်အုန်းနဲ့ နက်တုတ်တို့က တအံ့တသြပြောနေကြတယ်။ အဲဒီတော့မှ ပဒေသာပင်လှည့်နေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေ သတိထားမိပြီး ကျေးဥကို ဝိုင်းကြည့်ကြတော့…။

"ကျေးဥကက ရွှေခြေကျင်းလေးနဲ့ကိုး"

ဒီနေ့မှာတော့ … ကျေးဥတစ်ယောက် အလှဆုံး၊ အထူးခြားဆုံး ဖြစ်သွားတယ်။ ရွှေခြေကျင်းလေးနဲ့ လက်ကောက်လေးကလည်း ပါသေး။ ရွှေခြေကျင်းကလည်း လှမှလှ၊ နဂါးခေါင်းနှင့် အမြီးဆက်ထားတဲ့ပုံလေး။ သူ့ခြေထောက်နဲ့ အတော်ပဲ။ ဘယ်သူမှ သူ့အလှကို မယှဉ်နိုင်တော့ဘူး။

ဒါပေမယ့် ကျေးဥဝတ်ထားတဲ့ ရွှေခြေကျင်းလေး ဘယ်ကရသလဲဆိုတဲ့အကြောင်းကို တစ်ရွာလုံး ငံ့ဝင်ဝင်စားသွားတော့တယ်။ ပဒေသာပင်လှည့်ပွဲ မပြီးဆုံးခင်မှာပဲ ဒီသတင်းက တစ်ရွာလုံး ပွထနေတာပဲ။ ချစ်မောင်နဲ့ ချစ်ယုံအကြောင်း။ ဒီရွှေခြေကျင်းလေးအကြောင်း ထူးခြားတဲ့သတင်းမို့ တစ်မဟုတ်ချင်း တစ်ရွာလုံး သတင်းပြန့်တာမြန်တယ်။

ကြည့်ဦးလေ…။

ကျေးဥရဲ့မိဘနှစ်ပါးဖြစ်တဲ့ ကိုချစ်မောင်နဲ့ မချစ်ယုံတို့က အောက်ခြေလူတန်းစားထဲမှာ ပါတယ်။ သူ့အမေက ငါးထောင်စားရတဲ့ဘဝ၊ မြူနှင့် တစ်မျိုးထောင်၊ ပိုက်ကွန်ပစ်တစ်မျိုး ဒီလိုအခြေအနေမျိုးရှိနေတာ။ အခုလို ရွှေခြေကျင်းလေး ရခဲ့တဲ့အကြောင်းက ဒီလိုလေ။

✦✦✦✦✦

"ချစ်မောင်ရေ…ချစ်မောင်ရေ လာယူလှည့်"

ကိုချစ်မောင် အခုတလော ညတိုင်းအိပ်မက် မက်နေတတ်သည်။ အိပ်မက်ထဲမှာ သဲသဲကွဲကွဲ မမြင်မက်ပေမယ့် အသံကိုတော့ စွဲစွဲမြဲမြဲ ကြားသိနေရသလို ဖြစ်နေတယ်။ ချစ်မောင်လာယူ၊ ရွှေအိုးတစ်လုံးပေးထားတယ်။ မြန်မြန်လာယူ၊ တစ်ယောက်တည်းလာခဲ့တဲ့။

နှစ်ညရှိပြီ သုံးညရှိနေပြီ။ ဒီအိပ်မက်ပဲ မက်နေတယ်။ မိန်းမကိုလည်း မပြောရဲဘူး။ ပြောပြလိုက်ရင် သူကြောက်နေမှာ။

"ရှင် ဘာကြောင်နေတာလဲ၊ ဘာအရူးထတာလဲ"နဲ့ ပြောဦးမှာ။

"မဖြစ်ဘူး…မဖြစ်ဘူး၊ ငါသွားမှဖြစ်မှာ"

ကြားရပြန်ပြီ။

"ချစ်မောင်ရေ…ချစ်မောင်ရေ ရှေးရှေးဘဝ ရေစက်တုန်းက တော်စပ်ခဲ့တဲ့ နင့်အစ်မ ငါပေးတာလာယူ၊ ငါ့မောင်က ဆင်းရဲလွန်းလှသကွယ်။ ဒါတွေယူပြီးရင် အလှူလုပ်၊ အမျှဝေပေးနော်"

ပြီးတော့ ပျောက်သွားပြန်ရော။ အိပ်မက်မက်တိုင်း ကိုချစ်မောင် ရွှေစေးတွေထွက်၊ ကယောင်ကတမ်းတွေဖြစ်ချင်သလို ရေတစ်ခွက် ထသောက်လိုက်မှ ရင်အေးသွားတော့တယ်။

ခုနစ်ရက်မြောက် ညရောက်တော့ အိပ်မက်ကို မစောင့်တော့။

"ကဲ…ဘာဖြစ်ဖြစ် ဒီညတော့ သွားမှ၊ အဲဒီ ကုန်းကမူကိုလည်း ငါသိနေတာပဲ၊ မချစ်ယုံ မနိုးခင်သွားမှ"

နှုတ်မှလည်း တတွတ်တွတ်ပြောပြီး လက်နှိပ်ဓာတ်မီးဖြင့် လက်ခနဲ၊ လက်ခနဲ ဟိုဒီထိုးကြည့်ပြီး ရှာကြည့်နေတယ်။

ဟော…တွေ့ပြီ အိုးတစ်လုံး။ ညောင်ပင်ကြီးခြေရင်းနားလောက်မှာ နွားတွေ့နင်းထားတာ ကွဲတောင်နေပြီ။ အိုးကို မ,ယူ ပုဆိုးထဲထည့်ပြီး အိမ်ကို အမြန်ပြေးလာခဲ့တယ်။ ကြောက်ကြောက်လန့်လန့်နဲ့မို့ နောက်ကိုတောင် လှည့်မကြည့်ရဲတော့။ အိမ်ရောက်တော့

"ဟဲ့…ချစ်ယုံ ထစမ်း၊ ထစမ်း"

"တော် ဘယ်သွားလို့ ဘယ်က ပြန်လာခဲ့တာလဲ"

"ငါ့အိပ်မက်…ငါ့အိပ်မက်၊ အဲဒါ ငါသွားယူခဲ့တာ"

ကိုချစ်မောင်စကားက အထစ်ထစ်အငေါ့ငေါ့။

"ဘာတွေ မက်လို့လဲ၊ ဘာတွေ ရလာလို့လဲ တကယ်လား"

ကိုချစ်မောင်က -

"အေးပါဟ၊ ဒီမှာကြည့်…"

ပြောပြောဆိုဆို ပုဆိုးထုပ်ကို ဖွင့်ပြလိုက်တော့ ထွက်ကျလာတာက ရွှေခြေကျင်းလေးတစ်စုံ၊ လက်ထောက်



www.burmeseclassic.com

www.burmeseclassic.com

သုံးရန်။ အားလုံး သူ့သမီးလေး ကျေးဥ နဲ့ဆို အတော်ပဲ။ ပျော်နေကြတယ်။ ဒါကြောင့် ရွှေခြေကျင်းလေးနဲ့ လုနေတဲ့ ကျေးဥကို အလှူကထိန်ပွဲနေ့မှာ တစ်ကျောင်းလုံးက ဝိုင်းဝိုင်းလည် ကြည့်ကြတယ်။ ကျွန်မလည်း ပါတယ်။

ဒီလိုနဲ့ ကျောင်းကထိန်ပွဲမှာ လှူပ တင့်တယ်ခဲ့ရတဲ့ ကျွန်မသူငယ်ချင်း ကျေးဥဟာ တပေါင်းလ ကျောင်းတွေ ပိတ်တဲ့ ရာသီအတွင်းမှာပဲ ကြေကွဲစရာ အဖြစ်ဆိုး ပေါ်ပေါက်လာခဲ့တယ်။ နွေခေါင်ခေါင် နေကာပူတဲ့အချိန်မှာ ရေငတ် ဝမ်းကျရောဂါနဲ့ ရုတ်တရက် အသေ စောခဲ့ရတယ်။

ကျွန်မသူငယ်ချင်း ကျေးဥ ရုတ်တရက်သေဆုံးသွားပြီးတော့မှ တစ်ရွာလုံး အကြောင်းစုံသိပြီး အုန်းအုန်းကျွက်ကျွက် ဖြစ်ရတော့တယ်။

"တောက်···သိုက်ကလာတာဆိုလည်း သိုက်ကြိုးဖြတ်လို့ရတာပဲဟာ"

"စောစောကသာသိရင် ဒီအဖြစ်ဆိုး မကြုံပါဘူးကွာ"

တစ်ရွာလုံး တစ်ယောက်တစ်မျိုး ထင်ကြေးတွေ ပြောနေကြလေရဲ့။ တကယ်တော့ သိုက်ကရတဲ့ပစ္စည်း တချို့တစ်ဝက်ရောင်းပြီး အလှူအတန်းလေး အမျှမဝေခဲ့လို့ သိုက်က ပြန်ခေါ်တဲ့အခါ ရွှေခြေကျင်းလေးဝတ်ခဲ့ဖူးတဲ့ ကျွန်မသူငယ်ချင်း ကျေးဥဟာ တန်ဆာခံဖြစ်သွားခဲ့ရပါသတဲ့လေ။ ဒီအကြောင်းကို အခုတိုင် ရွာရှိလူကြီးသူမတွေက ပြောကြတုန်း။ အမေ့ရဲ့ ပြောဆိုသံတွေကိုလည်း ကြားနေရတုန်းပါ။

ရွှေခြေကျင်းပိုင်ရှင်လေး ကျွန်မသူငယ်ချင်း ကျေးဥကို သိုက်က ပြန်ခေါ်သွားတာ အမှန်ပါပဲ။ အခုထိလည်း ဘုရားကြီးကုန်းမှာ အဲဒီသိုက် ရှိနေပါသေးတယ်။ သိုက်နန်းရှင်နဲ့ သိုက်အမည်ကိုတော့ ဘယ်သူမှ မသိကြသေးပါ။ ဒီနေရာကို ကျွန်မရောက်တဲ့အခါတိုင်း ညောင်ပင်ကြီးအောက်ကို ကြည့်မိပါတယ်။ ကျွန်မသူငယ်ချင်း ကျေးဥများ ဟိုတုန်းကလို ရှိနေပါ့မလား ပေါ့။ တကယ်လို့သာ ဒီလို အိပ်မက်လည်းမမက်၊ ဒီရွှေခြေကျင်းလေးလည်း ကျေးဥဆီ ရောက်မလာခဲ့ရင် ကျွန်မသူငယ်ချင်းဘဝ မဆုံးရှုံးသေးဘဲ အခုဆို အသက် ၆၀ နီးရောပေါ့။

"မယုံကြည်နိုင်ရင် ကောင်းပါလိမ့်မယ်"

ရွှေခြေကျင်းလေးနဲ့ ကျေးဥရဲ့ အကြောင်းဟာ ထူးဆန်းတယ်။ စိတ်ဝင်စားဖို့ကောင်းပေမယ့် နောက်ဆုံးတော့ ရင်နင့်စရာ ဖြစ်သွားရတဲ့ ဒီအကြောင်းအရာကို "မယုံကြည်နိုင်ရင် ကောင်းပါလိမ့်မယ်"လို့ ကျွန်မ ဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

မိုးတားသူ(စိတ်ပညာ)
၀၉ ၂၅၄၃၁၁၈၃၉

အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁–၅၈၁၉၅၅

ဆည်းဆာရိပ်
ဂီလာနဘိုးဘွားရိပ်သာ
၀၉–၇၃၀–၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ၊
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်···
၆၃၉၄၉၀
၇၀၆၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ံ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ပိဋကမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ပိဋကမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြော အားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအို ယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်း ကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ် ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ ဒီဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
- ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှစိုး(သိမ်ကြီးဈေး)၊ လှုထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာဇရာဂျ နှ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘဝအသစ်ချိုး (၂)

မင်းသိခ်

(ယ ခင် လ မှ အ ဆက်)

**မခင်ကြီး ပြောတဲ့ ပညာရေး**

ကျွန်ုပ်သည် နောက်တစ်နေ့၌ မယောင်မလည်နှင့် ခြံရှေ့သို့ ထွက်လာခဲ့လေ၏။ ကျွန်ုပ်သည် ကားလမ်းကို ဖြတ်ကူးရန် ကြိုးပမ်း၏။ မော်တော်ကားများသည် ဟိုဖက်သည်ဖက်မှ အဆက်မပြတ်လာနေကြ၏။

ထို့ကြောင့် မကူးရဲသဖြင့် လမ်းအတိုင်း လျှောက်၍သွားလေ၏။ ကျွန်ုပ် ဤသို့ မကူးရဲသည်ကို ကျွန်ုပ်၏ဖခင် မြင်းထီးကြီးက လမ်းတစ်ဖက်မှနေ၍ လှမ်း၍မြင်တွေ့၏။ ကျွန်ုပ်သည် အနည်းငယ် ရှက်သွား၏။ သူလည်းမြင်း၊ ကိုယ်လည်းမြင်းဖြစ်ပါလျက် သူက ကားလမ်းကို ကူးဝံ့ပြီး ကိုယ်က မကူးဝံ့သဖြင့် ကားလမ်း၏ သည်မှာဘက်ကမ်းတွင် နေရသည်မှာ ရှက်ႇယ်လိလိ ဖြစ်တော့၏။

ထို့ကြောင့် အရှက်ပြေသဘောဖြင့် လမ်းဘေးတွင် ပေါက်နေသော မြက်များကိုစားရင်း ကားအသွားအလာကို ခိုး၍ကြည့်နေ၏။ ဆိုလိုသည်မှာ ကျွန်ုပ်၏ဖခင် မြင်းကြီးအား

"ဒီမှာ ဘူဒါးကြီး၊ ကားလမ်းကို မကူးရဲလို့ မကူးတာ မဟုတ်ဘူးနော်၊ မြက်စားချင်သေးလို့ မြက်ကိုစားနေတာ၊ ကျုပ်ကို သတ္တိနည်းတယ်လို့ မထင်နဲ့"

ဟူ၍ ဖြစ်၏။

ကျွန်ုပ်၏ဖခင် မြင်းထီးကြီးသည် ကားလမ်းကိုကူး၍ ကျွန်ုပ်ဆီသို့ လာလေ၏။

ထို့နောက် ကျွန်ုပ်၏ ကိုယ်ကို ဘေးချင်းတိုက်၍ ကားလမ်းတစ်ဖက်သို့ပြန်၍ ကူးသွား၏။ ၎င်းသည် ကျွန်ုပ်အား ကားလမ်းမကူးရဲမှန်းကို သိ၍ လာတွဲကာ ကူးပေးခြင်းဖြစ်၏။

သို့ရာတွင် ကျွန်ုပ်သည် သူနှင့် လိုက်၍ မကူး။ ကျွန်ုပ်ဘာသာ မြက်စား၍နေ၏။ ကျွန်ုပ်၏ဖခင် မြင်းကြီးသည် လမ်းတစ်ဖက်မှနေ၍ ကျွန်ုပ်အား လှမ်း၍ ဟီပြလိုက်၏။

"ဟီး..ဟီး..ဟီး..ဟီး..ဟီး"

ကျွန်ုပ်သည် ၎င်း၏ ဟီသံကို ကောင်းစွာနားလည်ပါသည်။ ၎င်း၏ ဟီသံမှာ...

"သားအဖချင်း ရှက်မနေပါနဲ့ကွာ၊ မင်းအရွယ်က ကားလမ်း မကူးတတ်သေးပါဘူး"

ဟူ၍ ဖြစ်တန်ရာ၏။ ကျွန်ုပ်လည်း ပြန်၍ဟီပြပါလေ၏။

ကျွန်ုပ်၏ ဟီသံ၌ မြောက်မြားစွာသော အနက်အဓိပ္ပာယ်များပါလေ၏။

"ခင်ဗျားဟာ ကျုပ်ရဲ့ဖခင်ဆိုတာ မငြင်းပါဘူး၊ ဒါပေမဲ့ ခင်ဗျားလည်းပဲ မြင်းတစ်ကောင် ဖြစ်တယ်။ ကျုပ်လည်းပဲ မြင်းတစ်ကောင် ဖြစ်တယ်။ မြင်းတစ်ကောင် လုပ်နိုင်တဲ့ အလုပ်ကို အခြားမြင်းတစ်ကောင်က



www.burmeseclassic.com

www.burmeseclassic.com

မလုပ်နိုင်ဘဲ ရှိပါ့မလားဗျာ။ ခင်ဗျားတို့ မြင်းကြီးတွေဟာ ကျုပ်တို့ မြင်းကလေးတွေအပေါ်မှာ အမြဲတမ်း အထင်သေးတယ်။ အဲဒါကို မကြိုက်ဆုံးပဲ။ ခင်ဗျားတို့က ကျုပ်တို့ထက် ပိုပြီး သိတယ်၊ တတ်တယ်လို့ ထင်နေတာ ဘယ်ဟုတ်ပါ့မလဲဗျာ၊ မြင်းဟာ မြင်းလောက်ပဲ သိမှာပေါ့။ ခင်ဗျားတို့ ပြောလိုက်ရင် ငါတို့က မြင်းပွဲခေတ်ကို မီခဲ့တာကွ။ ခေတ်ဟောင်းမီခဲ့တဲ့ ငါတို့နဲ့ မင်းတို့နဲ့က ဘယ်တူမလဲကွာဆိုတဲ့ စကားနဲ့ အသားယူနေတာ။ ဒီမှာ ဘူဒါးကြီး မသေမချင်း မှတ်ထား။ မကောင်းတာက အဲဒီခေတ်မှာ ရှိနေတဲ့ မြင်းတွေဗျ။ ခင်ဗျားတို့ ခေတ်မှာလည်း မြင်းဆိုးတွေ ရှိတာပဲ။ ကျုပ်တို့ရဲ့ ခေတ်မှာလည်း မြင်းတော် မြင်းကောင်းတွေ ရှိတာပေါ့။ ခင်ဗျားတို့ ခေတ်က မြင်းတွေ မြင်းပွဲရှိလို့ ရင်ကြီးတွေကော့ပြီး ပြိုင်ဖက် မြင်းကြီးတွေဆိုပြီး မြင်းမြင်းချင်းတောင် မတူမတန်သလို သဘောထားကြတယ်။ ကျုပ်တို့ ခေတ်မှာလည်း ကျုပ်တို့က ပြောစရာရှိတယ်။ မြင်းပွဲလည်း မရှိဘူး။ ဒါကြောင့် ကျုပ်တို့အတွက် မောစရာ၊ ပင်ပန်းစရာဆိုလို့ ဘာမှမရှိဘူး။ အေးအေးသက်သာနေနိုင်တယ်လို့ဆိုရင် ခင်ဗျား ငြင်းမလား”

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဖခင်မြင်းကြီးသည် လမ်းတစ်ဖက်မှ ဟီးပြန်လေ၏။ ၎င်း၏ ဟီးသံကို ကျွန်ုပ် ကောင်းစွာ နားလည်ပါသည်။

၎င်း၏ အဓိပ္ပာယ်မှာ...

“မင်းတို့ခေတ်ကလေးတွေ တယ်ပြောရခက်တာကိုး”

ဟု ဖြစ်တန်ရာ၏။

“မြင်းကြီးတွေနဲ့ မြင်းကလေးတွေဟာ အမြဲတမ်း အယူအဆ ပဋိပက္ခ ဖြစ်လေ့ရှိတယ်ကွ။ အဲဒါကို (ဂျင်နရေးရှင်းဂက်ပ်)လို့ ဆိုရမလား၊ မဆိုနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ နောက်တော့လည်း မင်းလည်း ငါ့အရွယ် ရောက်လာမှာပါပဲ။ အဲဒီတော့မှ မြင်းကြီးတွေရဲ့ စေတနာကို မင်းနားလည်မယ်။ အခုတော့ မင်းအရွယ်က မာန်တက်ရမယ့်အရွယ်၊ မုန်ယိုရမယ့် အရွယ်ကိုးကွ၊ နောက်ကျတော့လည်း ပညာမုန်ယို အရွယ်ပျိုက နှုတ်ငေါက်လွန်မိ ငါ့ဝန်ရှိ၏ ဆိုတာမျိုးလို မင်း ငါ့ကို တောင်းပန်ရမှာပါ”

ဟူသော အဓိပ္ပာယ်ဖြစ်တန်ရာ၏။

“အဲဒါကို ကျုပ် မကြိုက်ဆုံးပဲ၊ ခင်ဗျားတို့ မြင်းကြီးတွေက စကားပြောရင် စာသံပေသံနဲ့ စာတိုပေစနဲ့ ဆုံးမစာလိုလို ဘာလိုလိုရွတ်၊ စာရင်းချုပ်လိုက်ရင် ခင်ဗျားတို့ စကားတွေဟာ ဆရာလုပ်တာရယ်၊ ဩဝါဒပေးတာရယ်၊ ခင်ဗျားတို့ တော်ကြောင်း၊ တတ်ကြောင်း ပြောတာရယ်က လွဲပြီး ဘာမှမပါပါဘူး။ လူတွေမှာကတော့ ပုဗ္ဗောဝါဒဆုံးမစာ ဆိုတာရှိတယ်၊ ကျုပ်တို့မှာက မြင်းတောဝါဒဆုံးမစာ မရှိဘူး။ အဲဒါကြောင့် ခင်ဗျား ပြောတာကို ဆက်ပြီးနားထောင်ဖို့ မလိုတော့ဘူး”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းကြီးက လမ်းတစ်ဖက်ကနေပြီး ဟီးပြန်လေ၏။

၎င်း၏ ဟီးသံမှာ...

“ချစ်သားနတ္ထေး မြင်းကလေး၊ မင်းမမွေးခင်ရက်ပိုင်းအထိ မော်တော်ကားတွေဟာ လက်ဝဲမောင်းကွ၊ အခု လက်ယာကပ်မောင်း ဖြစ်သွားပြီ၊ ငါတော့ နားမလည်ပါဘူးကွာ၊ သီချင်းမှာ ခဏခဏ လာနေတာကို ကြားရတယ်။ ကိုလိုနီစနစ်ဟောင်း လက်ဝဲမောင်း မလိုတော့ဘူးတဲ့၊ ဘာလဲတော့ ငါလည်း နားမလည်ဘူး၊ အခု လက်ယာကပ်မောင်း ဖြစ်သွားပြီတဲ့ ငါတို့ မြင်းတွေကတော့ အနည်းစုပါကွာ၊ ဘာမှပြဿနာမရှိပါဘူး။ လက်ဝဲမောင်း အယူအဆကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ ခွေးလေခွေးလွင့်တွေတော့ လမ်းပေါ်မှာ သေလိုက်ကြတာ မပြောပါနဲ့တော့၊ လက်ယာကပ်မောင်း လုပ်လိုက်တာကို ဒီကောင်တွေ မသိဘူး။ အဲဒီမှာ မော်တော်ကားကို မရှောင်တတ်လို့



www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်ပါးပြောင်းသွားတဲ့သူ ဒုက္ခော တွေ့ မနည်းပါဘူး၊ မသေဘဲ ကျန်နေတဲ့ ငါ့မိတ်ဆွေ ခွေးအိုကြီးတစ်ကောင်ကဆို ငါ့ကို 'အိုင်ဆေး အခုတလော ကားမောင်းတဲ့သူတွေ ဘယ်လို ဖြစ်ကုန်ကြတာယ် မဆိုနိုင်ဘူး။ ပြောင်းတီးပြောင်းပြန်တွေ မောင်းကုန်ကြပြီလို့ ပြောဖူးတယ်' အဲဒီအခါမှာ ငါက မဟုတ်ဘူး ခွေးအိုကြီးရေ၊ အရင်မောင်းတာက ပြောင်းပြန်၊ အခုမှ တည့်သွားတာ၊ အရင်က ကိုလိုနီစနစ်ယောင်းအတိုင်း လက်ဝဲမောင်းဗျ လို့ ပြောလိုက်မိတယ်။ အဲဒီအခါမှာ ခွေးအိုကြီးက 'ဘာလို့ ကိုလိုနီစနစ်ယောင်းက လက်ဝဲမောင်းရတာလဲဗျာ' လို့ ပြန်မေးလိုက်တယ်။ အဲဒီတော့ ငါလည်း အူကြောင်ကြောင်ဖြစ်သွားတယ်။ နဂိုတည်းက ငါကလည်း လူတွေလို ဂဃနဏသိတာမှ မဟုတ်ဘဲကွာ။ လူတွေ ပြောတာကို နားစွန်နားဖျားကြားပြီး ပြန်ပြောတာဆိုတော့ ငါလည်း ဘယ်ပြန်ပြီး ရှင်းပြတတ်ပါ့မလဲ။ အဲဒီလို ငါက လူတတ်ကြီးလုပ်ပြီး ဖြီးဖြန်းလိုက်တော့ ခွေးအိုကြီးက ငါ့ကို 'သွားစမ်းပါ မြင်းစုတ်၊ ကြားဖူးနားဝတွေနဲ့ လာပြီးဖြီးမနေစမ်းပါနဲ့လို့' ပြောပြီး ငါ့ရဲ့ ဒူးကောက်ခွက်ကို လိုက်ပြီးကိုက်တော့တာပဲဟေ့။ ခွေးအိုကြီးက ခွေးပါးကြီးကွ။ နောက်တည့်တည့်က ကိုက်တယ်ဆိုရင်တော့ ငါက ကန်လိုက်မှာပေါ့ကွာ၊ ငါ့ခြေထောက်နဲ့မိရင် ယူဇနာ(၁၀၀)လောက် လွင့်သွားမယ်၊ တစ်ယူဇနာကို (၁၃) မိုင်နှုန်းထားပြီးတွက် မြင်းကလေးရေ၊ အဲဒီတော့ မိုင်ပေါင်း(၁၃၀၀)လောက် လွင့်သွားမှာပေါ့ကွာ။ ဒါပေမဲ့ ခုသူက ဒီလိုမဟုတ်ဘူးကွ။ သူက ဘေးတည့်တည့်ကနေ ဝင်ကိုက်တာဆိုတော့ ငါက ဘေးကိုမကန်တတ်ဘူး မဟုတ်လား၊ အဲဒီတော့ ဒူးတွေ ပေါက်ပြဲကုန်တာပေါ့ကွာ၊ အဲဒီတည်းက ငါကလည်း နောင်တရသွားတယ်၊ ကိုယ်မသိတာကို မဖြီးတာ အကောင်းဆုံးပဲလို့ သဘောပေါက်သွားတယ်"

ဟူ၍ ဖြစ်တန်ရာ၏။ ထို့ကြောင့် ကျွန်ုပ်က...

"ဒီမှာ ဘူဒါးကြီး ခင်ဗျားဟာ ခင်ဗျားနေ၊ ကျုပ်ဟာ ကျုပ် နေမယ်။ ကျုပ်လည်း ကားလမ်းကူးချင်တဲ့အခါ ကူးမယ်၊ ဒီဘက်မှာ မြက်စားချင်တဲ့အခါ မြက်စားမယ်၊ သားအဖဆိုတဲ့ သံယောဇဉ်နဲ့ ကျုပ်ကိုလာပြီး တွဲလား၊ ဘာလား မလုပ်နဲ့ ကျုပ်ရဲ့ အရည်အချင်းကို ကျုပ် သိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ ဖခင်မြင်းကြီးက လမ်း၏ တစ်ဖက်မှနေ၍ ဟီပြန်လေ၏။ ၎င်းဟီသံကို ကျွန်ုပ်ကောင်းစွာ နားလည်လေ၏။

"အရင်ခေတ် ကားမောင်းတဲ့သူတွေက သိပ်ညင်သာတယ်ကွ၊ အခုလူတွေက စိတ်ပြောင်းကုန်ပြီကွ၊ ကားကို ဂီခနဲ မောင်းမှ ကားမောင်းတတ်တယ်လို့ထင်ကြတာ၊ တချို့ကားမောင်းတဲ့ ကောင်လေးတွေဆိုရင် သိပ်ပြီးရိုင်းတာကွ၊ နည်းနည်းမှကို သည်းခံစိတ် မရှိဘူး။ တစ်ဖက်ကလူ နည်းနည်းပါးပါး မှားရင် လှမ်းပြီးဆဲတော့တာပါပဲ။ တစ်ဖက်ကလူက အဖေလောက် ရှိမှန်းမသိ၊ အဘိုးလောက် ရှိမှန်းမသိ၊ မသာကြီး သေချင်လို့လား၊ ဘာညာပေါ့ကွာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ကားသမားတွေ စိတ်တိုတာတော့ မပြောနဲ့ဗျို့၊ သူတို့ကလည်း ယာဉ်တိုက်မှုဖြစ်ရင် မလွယ်ဘူး၊ မော်တော်ပီကယ်က အရေးယူမှာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်အဖေ မြင်းထီးကြီးက...

"ယာဉ်တိုက်မှုဖြစ်ရင် အရေးယူရမှာပေါ့ကွ၊ အရေးမယူရင် ယာဉ်တွေဟာ စည်းမဲ့ကမ်းမဲ့ ဖြစ်ကုန်မှာပေါ့ကွ"

ဟု ဒေါနဲ့မောနဲ့ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ထားလိုက်ပါ ဘူဒါးကြီးရယ်၊ ကျုပ်လည်း ယာဉ်မောင်းသမား မဟုတ်ဘူး၊ ခင်ဗျားလည်း မော်တော်ပီကယ် မဟုတ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ငြင်းခုံဖို့လည်း မလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com

ညှိနှိုင်းလည်း မလိုဘူး၊ ခင်ဗျားဘက်က မြက်ကို ခင်ဗျားစား၊ ကျုပ်ဘက်က မြက်ကို ကျုပ်စားမယ်၊ ဒီအချိန်ကစပြီး 'တော်တန်တိတ် ငါးကြော်ပန်းကန်ဓိတ်''

ဟု ကျွန်ုပ်က အော်ဟစ်ပြီး ပြောလိုက်လေ၏။ ထိုအချိန်၌ အိမ်ရှင်အဘိုးကြီး၏ တပည့်ကျောင်းသားကလေးများသည် ကျောင်းတက်ရန်အတွက် တဖွဲဖွဲ ရောက်ရှိလာကြလေ၏။ ထိုကလေးများသည် ကျွန်ုပ်အနီးသို့ ရောက်ရှိလာပြီးလျှင် ကျွန်ုပ်အား 'ကျောက်ဖြူလေး၊ ကျောက်ဖြူလေး' ဟု ဝိုင်းဝန်းနှုတ်ဆက်ကြလေ၏။ ကျွန်ုပ်လည်း ၎င်းတို့ နှုတ်ဆက်သည်ကို အသိအမှတ်ပြုသောအားဖြင့် ခုန်ပေါက်ပြလေ၏။ ကလေးများလည်း ပျော်ရွှင်စွာ ရယ်မောကြလေ၏။ ထိုအခါ ကျွန်ုပ်ဖခင် မြင်းကြီးသည် လမ်းတစ်ဖက်မှနေ၍ အထိတ်တလန့် ဟီပြန်လေ၏။ ၎င်း၏ ဟီခြင်းကို ကျွန်ုပ်ကောင်းစွာ သဘောပေါက်ပါ၏။

"ငါ့သား နဝေး မြင်းကလေး၊ အဲဒီလူကလေးတွေနဲ့ သွားပြီး အရောတဝင် မလုပ်နဲ့၊ ဒီကလေးတွေ မတော်တဆ ထိခိုက်မိရင် သူတို့ မိဘတွေက မင်းကို ချမ်းသာပေးကြမှာ မဟုတ်ဘူး"

ဟူ၍ ဖြစ်တန်ရာ၏။ ကျွန်ုပ်ကလည်း လမ်း၏ ဒီမှာဘက်ကမ်းမှ နေ၍ ပြန်၍ဟီပြလိုက်၏။

ကျွန်ုပ် ဟီပြလိုက်သော အဓိပ္ပာယ်မှာ...

"ဒီမှာ ဘုဒါးကြီး ဒီကလေးတွေက ကျုပ်တို့ရဲ့ အိမ်ရှင်အဘိုးကြီးဆီမှာ ပညာလာသင်တဲ့ ကျောင်းသားကလေးတွေဗျ၊ ခင်ဗျား သိရဲ့လား"

ဟူ၍ ဖြစ်တန်ရာ၏။

ထိုအခါ ကျွန်ုပ်၏ ဖခင်မြင်းကြီးက ပြန်၍ဟီပြန်၏။

၎င်းဟီလိုက်သော အဓိပ္ပာယ်မှာ

"သိပါတယ် ငါ့သားရယ်၊ သူတို့က ပညာရေးအတွက် လာနေကြတာကွ၊ အင်း...အင်း...မင်းကို ဒီလောက်ခက်တဲ့ စကားလုံးတွေနဲ့ ပြောရင် မင်းနားလည်ပါ့မလား မသိဘူး၊ မင်းနားလည်အောင် ပညာရေးဆိုတာကို ငါ ဘယ်လိုရှင်းပြရမလဲ မသိဘူး"

ဟူ၍ ဖြစ်ပေသည်။ ထိုအခါ ကျွန်ုပ်က...

"ခပ်လွယ်လွယ် စကားနဲ့ပဲ ကျုပ်နားလည်အောင် ပြောပြစမ်းပါ မြင်းအိုကြီးရာ၊ ပညာရေးဆိုတာ ဘာလဲ"

ဟု ကျွန်ုပ်က ဟီသောနည်းဖြင့် ပြန်၍မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ဖခင် မြင်းကြီးက...

"ပညာရေးဆိုတာ ကျောင်းကို သွားတာကွ"

ဟူ၍ ခပ်တိုတို ပြန်၍ဖြေလေ၏။

ထိုအခါ ကျွန်ုပ်က...

"ကျောင်းကိုသွားပြီး ဘာလုပ်ကြတာတုံးဗျ"

ဟူ၍ ပြန်မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ဖခင် မြင်းကြီးက...

"သူတို့လူတွေမှာ စာဆိုတဲ့ အရာတစ်မျိုးရှိတယ်။ အဲဒါကို ဖတ်တတ်အောင်၊ ရေးတတ်အောင် သင်တယ်ကွ၊ ပြီးတော့ တွက်ချက်တာလည်း ပါသေးတယ်ကွ၊ အဲဒါကိုလည်း သင်ရသေးတယ်"

ဟု ပြန်၍ ဖြေလေ၏။

"အဲဒါတွေ သင်ပြီးတော့ ဘာဖြစ်သလဲဗျာ"

ဟု ကျွန်ုပ်က ပြန်၍မေးပြန်၏။

"အဲဒါတွေ သင်ပြီးတော့ တတ်မြောက်ခြင်း ရှိ၊မရှိ စစ်ဆေးတဲ့ ကိစ္စရှိသေးတယ်။ အဲဒါကို စာမေးပွဲလို့ ခေါ်တယ်ကွ၊ သင်ယူတဲ့ ကျောင်းသားက အဲဒါတွေကို ဖြေရတယ်ကွ၊ ဖြေနိုင်ရင် စာမေးပွဲအောင်တယ်လို့ ခေါ်တယ်။ မဖြေနိုင်ရင် စာမေးပွဲကျတယ်လို့ ခေါ်တယ်ကွ"

ဟု ဖခင်မြင်းကြီးက ပြန်၍ပြောလေ၏။

ထိုအခါ ကျွန်ုပ်က...

"ဘုဒါးကြီးပြောတာ စိတ်ပင်

www.burmeseclassic.com

စားစရာပဲ၊ ဖြေနိုင်တယ်ပဲ ထားပါတော့ဗျာ၊ အဲဒီတော့ ဘာဖြစ်သလဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက…

"ဖြေနိုင်ရင် အတန်းတွေ တစ်ခုပြီးတစ်ခု တက်သွားတယ်ကွ၊ နောက်ဆုံးမှာ စာမေးပွဲကြီးတစ်ခုကို ဖြေရပြန်ရော၊ အဲဒါကြီးကို ဖြေနိုင်ရင် အင်မတန်ကြီးတဲ့ ကျောင်းကြီးတစ်ခုကို ပြောင်းပြီးတက်ရတယ်၊ အဲဒီမှာရောက်ရင် တော်တော်ခက်တဲ့ စာတွေကို သင်ရပြန်ရောကွ၊ အဲဒီမှာလည်း နောက်ဆုံးမှာ စာမေးပွဲဖြေရတာပဲပေါ့ကွာ၊ ဖြေပြီးရင် အောင်တယ်ဆိုပါတော့၊ အဲဒီကျောင်းကြီးက ထွက်ရတယ်"

ဟု ပြောပြန်လေ၏။ ထိုအခါ ကျွန်ုပ်က…

"ဟုတ်ပါပြီ မြင်းအိုကြီးရယ်၊ အဲဒီကျောင်းသားလေးဟာ ခင်ဗျားပြောတဲ့ ကျောင်းကြီးက စာမေးပွဲအောင်ပြီး ထွက်လာပြီ ဆိုပါတော့ဗျာ၊ နောက် ဘာတွေလုပ်ရသေးသလဲ"

ဟု ကျွန်ုပ်က မေးပြန်လေ၏။

ထိုအခါ ကျွန်ုပ်၏ဖခင် မြင်းကြီးက…

"အဲဒီက အောင်ပြီးရင် အလုပ်လုပ်ရတာပေါ့ကွ"

ဟု ပြန်၍ဖြေပြန်၏။ ထိုအခါ ကျွန်ုပ်က…

"ဘူဒါးကြီးရယ် အလုပ်လုပ်တော့ ဘာတွေဖြစ်ကုန်သလဲ"

ဟု မေးပြန်လေ၏။

"ဟေ့ကောင်လေး ကပ်သီးကပ်သပ်တွေ မမေးနဲ့ကွာ၊ အလုပ်လုပ်တာကြာလာတော့ စောစောက သင်ခဲ့တဲ့ဟာတွေက တစ်ဝက်ကျော်ကျော်လောက်ဟာ ပြန်ပြီးမေ့ကုန်ရော ပေါ့ကွာ"

ဟု မြင်းကြီးက ဖြေလေ၏။

ထိုအခါ ကျွန်ုပ်က…

"ခင်ဗျားပြောသလို ဆိုရင် ပညာရေးဟာ တော်တော်များများ မေ့ကုန်တာကို ခေါ်တာပဲပေါ့"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းကြီးက တဟီးဟီး အော်လေ၏။

"ဒါကြောင့် မင်းကို ငါပြောတာပေါ့၊ မင်းလို မလောက်လေး မလောက်စား မြင်းလေးတစ်ကောင်ကို ပညာရေးဆိုတဲ့ စကားလုံးကြီးသုံးပြီး ပြောရတာ သိပ်ပြီးခက်တယ်။ မင်းပြောသလိုလည်း မဟုတ်သေးပါဘူး၊ ဒါပေမယ့် ဒီထက်ပိုပြီးတော့လည်း ငါ မရှင်းပြတတ်ဘူး"

ဟု ကျွန်ုပ်၏ ဖခင်ကြီး မြင်းအိုကြီးက စိတ်ပျက်သော လေသံဖြင့် ကျွန်ုပ်အား ပြောလိုက်လေ၏။

"ဒီလိုလုပ်ပါလား ဘူဒါးကြီးရာ၊ နမူနာထုတ်ပြီး တစ်ခုပြောပြပါဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက…

"အေး…ကောင်းတယ်၊ နမူနာတစ်ခုထားပြီး ပြောမယ်၊ တို့နေတဲ့ အိမ်ရဲ့ ဟိုဘက်အိမ်မှာ မိန်းကလေး တစ်ယောက် ရှိတယ်။ သူလည်း ပညာရေးကို လိုက်စားတယ်။ စာမေးပွဲတွေ တစ်ခုပြီးတစ်ခု အောင်တယ်။ နောက်ဆုံးမှာ စာမေးပွဲတစ်ခု အောင်ပြီးတော့ ကျောင်းက ထွက်ခဲ့တယ်။ ပြီးတော့ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ အဲဒီယောက်ျားကို ရတဲ့နေ့ကစပြီး အဲဒီကောင်မလေးဟာ ထမင်းချက် ဖြစ်သွားတယ်။ နောက် ကလေးတွေ အများကြီးရတယ်။ သူ့ကလေးတွေကို ထိန်းရတယ်။ ငါတွေ့တာတော့ မီးဖိုထဲမှာ ထမင်းချက်နေတယ်။ စဥ့်အိုးဘေးမှာ အဝတ်လျှော်နေတယ်။ သူ့ကလေးတွေကို သူထိန်းနေရတယ်။ သူဟာ စာမေးပွဲတွေ အများကြီး အောင်ခဲ့ပြီးမှ ဒါတွေပဲ လုပ်နေရတယ်။ သူ့ယောက်ျား ပြန်လာတဲ့အခါ ဒါလင် လို့ ခေါ်တယ်။ အဲဒါကိုတော့ သူ ကောင်းကောင်းခေါ်တတ်တယ်။ ပြီးတော့ အင်္ဂလိပ်စကားကို မြန်မာစကားထဲမှာ နည်းနည်းပါးပါး ညှပ်ပြီးပြောတယ်။ ဒါကလွဲပြီး ငါ့အနေနဲ့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရဘူး”

ဟု ကျွန်ုပ်၏ဖခင် မြင်းကြီးက ပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာ စိတ်ဆိုးသွား၏။

“တော်တော့ မြင်းအိုကြီး၊ ခင်ဗျား ရှင်းပြကာမှ ပညာရေးဆိုတဲ့ စကားဟာ အတော့်ကို မလှမပ ဖြစ်သွားပြီ၊ အဲဒီတော့ ခင်ဗျားဘက်က မြက်ကို ခင်ဗျားစား၊ ကျုပ်ဖက်က မြက်ကို ကျုပ်စားမယ်၊ ဒီအချိန်က စပြီး ‘တော်တန်တိတ် ငါးကြော်ပန်းကန်ဖိတ်”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ ဖခင်မြင်းအိုကြီးက…

“ငါးကြော်ပန်းကန် မဖိတ်နဲ့ဦး မြင်းကလေးရဲ့ ဟိုဖက်အိမ်က စာရေးကြီးတစ်ယောက်အကြောင်းကို ငါ ပြောပြချင်သေးတယ်။ သူလည်း စာမေးပွဲတွေ အများကြီးအောင်တယ်”

ဟု အစချီလိုက်ရာ ကျွန်ုပ်က…

“တော်ပြီ အဘိုးကြီး၊ တော်ပြီ ကျုပ် ဘာမှ နားမထောင်ချင်တော့ဘူး။ ခင်ဗျားပြောတာလည်း မဖြစ်နိုင်ဘူး။ ပညာရေးဆိုတာ ခင်ဗျားပြောသလို မဟုတ်ဘူး။ ဒီထက်ပိုပြီး အဓိပ္ပာယ်ရှိလိမ့်မယ်ဆိုတာ ကျုပ် ယုံကြည်တယ်”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းကြီးသည် တဟီးဟီးဖြင့် အော်လေတော့၏။

ထိုအခါ ကျွန်ုပ်က…

“ခင်ဗျားဟာ ခင်ဗျား တဟီးဟီးလုပ်နေ၊ ခင်ဗျား ရှင်းပြရမှာကို အဓိပ္ပာယ်ရှိအောင် ရှင်းမပြတတ်ဘူး၊ ခင်ဗျားကို အဖေလို့ ပြောရမှာ ကျုပ်ရှက်တယ် မြင်းအိုကြီးရေ”

ဟု ပြန်၍ပက်လိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းကြီးသည် ကျွန်ုပ်အား မျက်စောင်းထိုး၍ ကြည့်လေ၏။

၎င်း၏ အဓိပ္ပာယ်မှာ…

“လူဆိုရင်တော့ မင်းလိုကောင်ကို မိုးကြိုးပစ်မလား၊ မြေမျိုမလား မဆိုနိုင်ဘူး၊ မြင်းဆိုတော့လည်း သားက အဖေကို ပြန်ပြောခွင့်ရှိတယ်နဲ့ တူတယ်ကွာ”

ဟူ၍ ဖြစ်တန်ရာ၏။

ထို့နောက် ကျွန်ုပ်၏ဖခင် မြင်းကြီးက…

“မင်းကို ငါ နမူနာတစ်ခု ပြောပြဦးမယ်။ ငါတို့နေတဲ့ အိမ်ရဲ့ ခေါင်းရင်းဖက်အိမ်မှာ လူကြီးတစ်ယောက် ရှိတယ်။ အဲဒီလူကြီးကလည်း ငယ်ငယ်တုန်းက စာမေးပွဲတွေ အများကြီး အောင်တယ်။ အဲဒီလို အောင်ခဲ့ကြောင်းကို ဓာတ်ပုံတွေရိုက်ပြီး ချိတ်ထားတယ်ကွ၊ အဲဒီလူကြီးဟာ အင်္ဂလိပ်လို ရေးထားတဲ့ သတင်းစာကို ကောင်းကောင်း ဖတ်တတ်တယ်။ ပြီးတော့ တိုင်းမ်စ်ဆိုလား နယူးဝစ်ဆိုလား အဲဒီစာအုပ်မျိုးတွေလည်း ဖတ်တတ်တယ်၊ အဲဒီထဲမှာပါတဲ့ အကြောင်းအရာတွေကို ပြန်ပြီးပြောတတ်တယ်။ မနက်မိုးလင်းလာရင် လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားပြီး သူလို အဘိုးကြီး နှစ်ယောက်၊ သုံးယောက်နဲ့ အဲဒီစာအုပ်ထဲမှာ သတင်းစာထဲမှာ ပါတဲ့ အကြောင်းအရာတွေကိုပဲ အော်ကျယ် အော်ကျယ်နဲ့ ဆွေးနွေးတော့တာပဲ၊ အဲဒါအပြင် ဒီလူကြီးအနေနဲ့ တခြားထူးထူးခြားခြားလုပ်တာ ငါ မတွေ့ပါဘူး”

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

“တော်ပြီ ဘဒါးကြီး၊ ခင်ဗျား ပြောတာတွေဟာက တဖြည်းဖြည်း အဓိပ္ပာယ်မဲ့လာပြီ၊ ဒီထက် အဓိပ္ပာယ်ရှိတာ မပြောနိုင်တော့ဘူးလား”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက ကျယ်လောင်စွာ ဟီပြန်လေ၏။

၎င်း၏ အဓိပ္ပာယ်မှာ…

“ငါတို့နေတဲ့အိမ်ရဲ့ မျက်နှာချင်းဆိုင်အိမ်မှာလည်း စာမေးပွဲတွေ အများကြီးအောင်ခဲ့ဖူးတဲ့ အဘိုးကြီး တစ်ယောက် နေတယ်ကွ။ သူဟာ အသက်အရွယ် ကြီးရင့်လာတော့ တရားစာအုပ်တွေ ဖတ်တယ်။ ဒါပေမယ့် မြန်မာလိုဖတ်ရတာ မရှင်းလို့တဲ့၊ အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်ကို ဖတ်တယ်။ ပြီးတော့ လမ်းထိပ်က



www.burmeseclassic.com

www.burmeseclassic.com

မွှာရုံမှာ သူနဲ့သက်တူရွယ်တူ အဘိုးကြီးတွေနဲ့ တွေ့တဲ့အခါ အင်္ဂလိပ်တစ်ခွန်း မြန်မာတစ်ခွန်းနဲ့ ဝင်ပြီးဆွေးနွေးတော့တာပဲ၊ သူစကားပြောရင် ငါဖြင့် အတော့်ကို ရယ်မိတယ်။ ဥပါဒါန်ဆိုတဲ့ စကားကို ဥပါဒါန်လို့ မပြောဘူး (အတက်ချ်မင်း)လို့ ပြောတယ်။ သတိပဋ္ဌာန်ဆိုတဲ့ စကားကို သတိပဋ္ဌာန်လို့ မပြောတတ်ဘူး။ (အဲဝဲနက်စ်) လို့ ပြောတယ်။ အဲဒီလိုပဲကွ စကားလုံးတွေ အများကြီးပဲ'

ဟု ဆို၏။

ထို့ကြောင့် ကျွန်ုပ်က…

"တော်ပြီ မြင်းအိုကြီး၊ ခင်ဗျား ထပ်ပြီး မရှင်းနဲ့တော့၊ ခင်ဗျား ရှင်းတဲ့အတွက် ကျုပ်သိချင်တာလည်း ဘာမှ မသိရတော့ဘူး။ အဓိပ္ပာယ်လည်း ပျောက်သွားပြီ။ အဲဒါကြောင့် ပညာရေးဆိုတာ ဘာလဲလို့ သေသေချာချာ သိရအောင် ကျုပ်တို့ အိမ်ရှင်အဘိုးကြီးကို မေးကြည့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်၏။

ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက‥

"စိတ်ကူးယဉ်လှချည်လား မြင်းကလေးရယ်၊ အိမ်ရှင်အဘိုးကြီးဟာ မြင်းစကား မတတ်ဘူး၊ မင်းကလည်း လူစကား မတတ်ဘူး၊ ဘယ်လိုဆွေးနွေးမှာလဲကွာ။ အကောင်းဆုံး အကြံပေးချင်တာကတော့ ငါ့သားလူလေး မြင်းကလေး၊ လောကီထုပ္ပတ်လူတို့ဓာတ်မှာ မြင်းဟာ မြင်းလိုနေတာ အကောင်းဆုံးပါပဲ"

ဟူ၍ ဆွဲဆွဲငင်ငင်ကြီး ပြောလိုက်လေတော့၏။ (သို့မဟုတ်) ဟီလိုက်လေတော့သတည်း။

"ဟီး‥ဟီး‥ဟီး‥ဟီး‥"

❐

ပျော်ရွှင်ခြင်းဆိုတာ…

ကျွန်ုပ်သည် ကျွန်ုပ်၏မိခင် မြင်းမကြီး အောင်ကျော်မ၏ နို့ကို ပြေး၍ စို့လိုက်၏။ ကျွန်ုပ်၏ မိခင် မြင်းမကြီးသည် ကျွန်ုပ်ဘက်သို့ လှည့်၍ ကျွန်ုပ်ကို လျှာဖြင့် လျက်ပေးလေ၏။ ထိုသို့ လျက်ပေးရင်း 'တဟင်းဟင်း'နှင့် အော်လေ၏။ ၎င်း၏ အဓိပ္ပာယ်ကို ကျွန်ုပ် ကောင်းစွာသိလေ၏။

"မြင်းကလေး၊ မင်းအဖေ မြင်းကြီးနဲ့ သွားပြီးမငြင်းနဲ့၊ သူက ခေတ်အမျိုးမျိုးကို ဖြတ်သန်းလာတာ၊ ငါတို့ အိမ်ရှင် မိန်းမကြီး နို့ဆီခွက်တွေ လွှင့်ပစ်တဲ့ခေတ်ကိုလည်း သူမီ‌တယ်။ နို့ဆီခွက်တစ်လုံးကို တစ်ပဲဆိုတဲ့ ခေတ်ကိုလည်း သူမီတယ်။ နို့ဆီခွက်တစ်လုံးကို ငါးမူး သုံးမတ်ဖြစ်တဲ့ ခေတ်ကိုလည်း သူမီတယ်"

ဟု ဖြစ်တန်ရာ၏။

ထိုအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်၏မိခင် မြင်းမကြီးအား…

"အမေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်တော်နဲ့ အဖေနဲ့ ငြင်းခုံရတဲ့ကိစ္စက နို့ဆီခွက်ကိစ္စမဟုတ်ဘူး။ အယူအဆ ပြဿနာဗျ။ သူ့ရင်ထဲမှာ ခံယူထားတဲ့ 'ကွန်ဆက်'ကို ကျွန်တော်က ပြောင်းလဲပစ်ဖို့ ကြိုးစားနေတာ။ ဒါပေမဲ့ ဒီကိစ္စက သိပ်ပြီးခက်တယ်။ ကျွန်တော့်အဖေဟာ ဆွေးမြေ့ဟောင်းမြင်းနေတဲ့ အယူအဆတွေကိုပဲ အဟုတ်ကြီးမှတ်ပြီး သိမ်းပိုက်ထားတယ်။ ဒါကို ပြောင်းပစ်ဖို့ဆိုတာကတော့ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ သူဟာ ဘယ်တော့ပဲ ဖြစ်ဖြစ် မြင်းဟာမြင်းလိုပဲ နေရမယ်လို့ ပြောပြောနေတယ်။ ကျွန်တော်က ဒီလို မဟုတ်ဘူး။ မြင်းရယ်၊ လူရယ် မရှိဘူး။ အားလုံးဟာ သက်ရှိသတ္တဝါတွေချည်းပဲလို့ ပြောတဲ့အခါမှာ အစဉ်သဖြင့် သူနဲ့ ငြင်းခုံရတာချည်းပဲ၊ ကျွန်တော်ပြောမယ် အမေ အနိမ့်ဆုံးအားဖြင့် ကျွန်တော်ဟာ လမ်းထိပ်က ဆေးပေါ့လိပ်ကြော်ငြာလောက်တော့ ဖြစ်ချင်တယ်။ ဒါမှမဟုတ်ရင် ကိတ်မုန့်ဆိုင်က ကြော်ငြာလောက်တော့ ဖြစ်ချင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏မိခင် မြင်းမကြီးက…

"ငါ့သား မြင်းကလေး မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ လမ်းထိပ်က ဆေးပေါ့လိပ်ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

က ဘယ်လိုဖြစ်လို့တုံး"

ဟု' မေးလိုက်လေ၏။

"လမ်းထိပ်မှာရှိတဲ့ ဆေးပေါ့လိပ်ကြော်ငြာကို အမေ မတွေ့ဖူးဘူးလား။ ကျွန်တော်တို့လို မြင်းပဲ။ ဒါပေမဲ့ အတောင်တွေ ဘာတွေ ပါနေတယ်။ မိုးပေါ်ကို ပျံတက်လို့ ရတယ်။ မြင်းပျံတဲ့"

ဟု ကျွန်ုပ်က ပြန်ဖြေလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏မိခင် မြင်းမကြီးက...

"သြော် ဒါလား၊ မြင်းပျံတံဆိပ် ဆေးပေါ့လိပ်ပါကွယ်၊ လူတွေ စိတ်ကူးယဉ်ပြီး အတောင်တွေ ထည့်ထားတာပါ။ မြင်းမှာ ဘယ်လိုလုပ်ပြီး အတောင်ပါမှာလဲ။ ကောင်းကင်ကို ပျံတဲ့မြင်းဆိုလို့ အမေဖြင့် ဒီအသက်အရွယ်ရှိပြီ တစ်ခါမှ တွေ့လည်း မတွေ့ဖူးပါဘူး။ ဒါနဲ့နေပါဦး ကိတ်မုန့်ကြော်ငြာက ဘယ်လိုတဲ့တုံး"

ဟု ကျွန်ုပ်၏မိခင် မြင်းမကြီးက မေးပြန်လေ၏။ ထိုအခါ ကျွန်ုပ်က..

"အမေဟာ ပတ်ဝန်းကျင် လေ့လာမှု သိပ်ပြီးအားနည်းတာပဲ၊ အဲဒီ ကိတ်မုန့်ဆိုင်ဟာ ကျွန်တော်တို့လို မြင်းကိုပဲ တစ်ကိုယ်လုံး ရွှေအတိနဲ့ ရေးပြထားတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏မိခင် မြင်းမကြီးသည် ရယ်လေ၏။ သို့မဟုတ် 'ဟီး'လေ၏။ ၄င်း'ဟီး'သော အဓိပ္ပာယ်ကို ကျွန်ုပ် ကောင်းစွာနားလည်ပါ၏။ အဓိပ္ပာယ်မှာ...

"သြော်..သိပ္ပြီ..သိပြီ..ရွှေမြင်း ကိတ်မုန့်တိုက်က ရွှေမြင်းပုံပါကွယ်၊ အဲဒါလည်း လူတွေ စိတ်ကူးယဉ်တာပဲ၊ ရွှေဟာ မြင်းမဖြစ်နိုင်သလို မြင်းဟာလည်း ရွှေမဖြစ်နိုင်ပါဘူး။ ဒါတွေကို အားကျနေလို့ မဖြစ်ဘူး သားရေ၊ ရွှေလည်း ရွှေလို အဖိုးတန်ပြီး မြင်းလည်း မြင်းလို အဖိုးတန်တာပါပဲ၊ အမေပြောချင်တာကတော့ မင်းအဖေနဲ့ ငြင်းခုံခြင်း မလုပ်ဖို့ပါပဲ။ မင်းအဖေဟာ အသက်ကလေး အတော်အတန်ရလာပြီဆိုတော့ အရင်လို မဟုတ်တော့ဘူးကွယ်၊ သိပ်ပြီးစိတ်တိုတတ်လာပြီ၊ သူ့မှာကလည်း ရောဂါတွေက စုံနေတာကွယ့်၊ မြင်းသွေးတိုးရောဂါ၊ မြင်းနှလုံးရောဂါ၊ မြင်းကျောက်ကပ်ရောဂါနဲ့ မြင်းဆီးချိုရောဂါ ရှိနေတယ်ကွယ့်။ ငယ်ငယ်တုန်းက ဒဏ်တွေလည်းရှိတော့ ဒဏ်ကြေဆေးတွေ ဘာတွေတောင် အသုံးပြုဖို့ လိုနေပြီ"

ဟူ၍ ဖြစ်တန်ရာ၏။

"သည့်ပြင် ရောဂါတွေတော့ ထားလိုက်ပါ အမေရယ်၊ ဒဏ်ကြေဆေး ဆိုတာကတော့ နည်းနည်းစဉ်းစားစရာ ဖြစ်နေပြီ၊ လူတွေမှာ ဒဏ်ရှိရင်တောင် မြင်းသေးနဲ့ ဆေးဖော်ရတယ် မဟုတ်လား။ အခုလို ကျွန်တော်တို့ မြင်းတွေမှာ ဒဏ်ဖြစ်တော့ ဘယ်သူ့သေးနဲ့ ဆေးဖော်ရမှာတုံး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ငါ့သားပြောတာ မှန်တယ်၊ အဲဒါတော့ အမေလည်း မသိဘူး၊ လူတွေမှာ ဖြစ်တုန်းက မြင်းသေးနဲ့ ဆေးဖော်ခဲ့တယ်ဆိုရင် မြင်းတွေ ဖြစ်တဲ့အခါမှာတော့ လူသေးနဲ့ ဆေးဖော်ရ မလား မသိဘူး"

ဟူ၍ ဖြစ်တန်ရာသော စကားကို ကျွန်ုပ်၏မိခင်က ဟီး၍ ပြောလေ၏။

"လူသေးဆိုရင်တော့ ရှုံစရာကြီးပါ အမေရယ်၊ လိမ်းလို့လည်း ဖြစ်မယ်မထင်ပါဘူး။ သူတို့သေးက ကျွန်တော်တို့သေးလို မဟုတ်ဘူး။ သိပ်ပြီးနံတယ်၊ ကျွန်တော်တို့ အိမ်ရှင်အဘိုးကြီးရဲ့သေးဆိုရင် အရက်သောက်လို့လား မဆိုနိုင်ဘူး ပိုပြီးနံသေးတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏မိခင် မြင်းမကြီးက...

"သတ္တဝါတွေရဲ့ အညစ်အကြေးဆိုတာ သန့်ရှင်းတယ် ဘယ်ရှိမလဲကွယ်၊ ဒါတွေကို ရွံစရာ၊ မသင်္ချီစရာ ဆိုပြီး ပြောနေလို့ ဘယ်ဖြစ်မလဲ"

ဟု အဓိပ္ပာယ်ရသော စကားကို ဆိုပြန်လေ၏။

ထို့ကြောင့် ကျွန်ုပ်က...

"အမေပြောတဲ့ စကားမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှိတာရယ်၊ မသဒီတာရယ် နှစ်မျိုးဖြစ်နေတယ်။ ရှိတာကိုတော့ ကျွန်တော် သိပါတယ်။ မသဒီဘူးဆိုတာ ဘယ်လိုဖြစ်တာတုံး"

ဟု မေးလိုက်လေ၏။

"မသဒီဘူးဆိုတာ အကြိမ်ကြိမ် ရှိခြင်းကို ပြောတာကွယ့်၊ ရှိစရာ မရှိတော့ပေမယ့် တွေးတွေးပြီး ရှိနေတာကိုလည်း မသဒီဘူးလို့ ပြောနိုင်တာပဲ"

ဟု အဓိပ္ပာယ်ရသော 'ဟီ'ခြင်းဖြင့် ကျွန်ုပ်အား 'ဟီ'ပြလေ၏။

"နေစမ်းပါဦး အမေရယ်၊ ကျွန်တော်တို့က ဒီအိမ်ရှင်ဆီမှာ ဘာဖြစ်လို့ မြင်းတွေ လာဖြစ်နေရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ကျွန်ုပ်၏မိခင် မြင်းမကြီးက…

"ငါတို့အိမ်ရှင် လူတွေဟာ ဝဋ်ကြွေးရှိလို့ပေါ့ကွယ်၊ ဒါကြောင့် ငါတို့ကို မွေးတယ်၊ ငါတို့ချေးတွေကို သူတို့ ကျုံးပစ်ရတယ်၊ သူတို့ချေးတွေကို ငါတို့ကျုံးရတယ်မှ မရှိဘဲ"

ဟု အဓိပ္ပာယ်ရသော ဟီခြင်းဖြင့် ဟီပြပြန်လေ၏။

"ဟုတ်မယ်၊ ဟုတ်မယ်၊ အမေနဲ့ ကျွန်တော်နဲ့ ဒီအချက်မှာ တူတယ်။ အဲဒီစကားကို ကျွန်တော့်အဖေ မြင်းကြီးကို သွားပြောရင် သူ့အနေနဲ့ လက်ခံမှာ မဟုတ်ဘူး"

ဟု ကျွန်ုပ်ကပြောလိုက်လေ၏။

ထိုအချိန်မှာပင် အိမ်ရှင်အဘိုးကြီးသည် ကျွန်ုပ်အား လာရောက်ဆွဲခေါ်သွားပြီးလျှင် ခွာလေးဘက်ချလျှောက်တတ်စေရန် လမ်းလျှောက်လေ့ကျင့်ပေးလေ၏။ ကျွန်ုပ်သည် ဘယ်ခြေညာလက် ဆိုသကဲ့သို့ ခြေထောက်များကို မတင်ကာ ခုန်ဆွခုန်ဆွ လျှောက်ရလေ၏။ ဤလျှောက်နည်းမှာ ခပ်လှမ်းလှမ်းမှကြည့်လျှင် လျှောက်နေသည်နှင့် မတူဘဲ ခုန်နေသည်နှင့်သာ တူလေ၏။

ကျွန်ုပ်သည် မြေနီလမ်းလေး အတိုင်း အကြိမ်ကြိမ် လျှောက်နေ၏။ ကျွန်ုပ်၏ဖခင် မြင်းကြီးမှာ အဝေးမှ လှမ်း၍ ကြည့်နေ၏။ ပြီးလျှင် လှမ်း၍ 'ဟီ'၏။ ၎င်း၏ ဟီခြင်း၌…

"ကြိုးစားပြီး လေ့ကျင့်ပါ၊ ငါ့သားနဲ့ထွေး မြင်းကလေး"

ဟူ၍ အဓိပ္ပာယ်ရပေလိမ့်မည်။

ကျွန်ုပ်သည် အကြိမ်ကြိမ်လျှောက်နေရသောကြောင့် ပျင်းရိငြီးငွေ့လာ၏။ ထို့ကြောင့် အိမ်ရှင်အဘိုးကြီး ခိုင်းသည်ကို မလုပ်တော့ဘဲ လှဲ၍အိပ်ချလိုက်တော့၏။ အဘိုး(၄)းသည် ကျွန်ုပ်အား ထ၍လျှောက်ရန် အမျိုးမျိုး အဖုံဖုံ ကြိုးစား၏။ မရသည့်အဆုံး၌ လက်လျှော့၍ အိမ်ပေါ်သို့ တက်သွား၏။

ထိုအခါ ကျွန်ုပ်၏ဖခင် မြင်းကြီးက ကျွန်ုပ်အား 'ဟီ'ဟူသော ဘာသာစကားဖြင့် ကြိမ်းမောင်းလေတော့၏။

"မင်းဟာ သိပ်ပျင်းတဲ့ ကောင်ပဲ၊ ပျင်းတယ်ဆိုတာ ကောင်းတယ်များ မှတ်လို့လား၊ ပျင်းသောသူ၌ အတတ်ပညာ ဘယ်မှာ ရအံ့နည်းလို့ လောကနီတိမှာ ပြောထားတယ်လို့ ငါကြားဖူးတယ်။ အဲဒီတော့ မင်းဟာ ဒါလောက်တောင် ပျင်းနေရင် မင်း တတ်သင့် တတ်ထိုက်တဲ့ မြင်းပညာတွေ ဘယ်လိုလုပ်တတ်တော့မှာတုံး"

ဟု ဆိုလေတော့၏။ ထိုအခါ ကျွန်ုပ်က…

"ဒီမှာ ဘုဒ္ဓါးကြီး၊ ပျင်းရိခြင်းနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လို နားလည်ထားသလဲ မဆိုနိုင်ဘူး။ ကျုပ်

"ဒီမှာ ဘုဒ္ဓါးကြီး၊
ကျုပ်က ဘာကိုမှ
ကြောက်တာ မဟုတ်ဘူး၊
မြင်းဘဝက ရွေ့လျားပြီး
လူဖြစ်သွားတာကိုလည်း
မကြောက်ဘူး၊
မြင်းဖြစ်နေတဲ့အခါမှာ
မြက်စားပြီး၊
လူဖြစ်တဲ့အခါမှာ
ထမင်းချက်စားရုံပဲ
ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

နားလည်တာကို ပြောမယ်။ ပျင်းရိခြင်းဟာ အစားအသောက်နဲ့လည်း ဆိုင်တယ်ဗျ၊ အစားတွေ အများကြီး စားထားရင်လည်း မြင်းဟာ ပျင်းနိုင်တယ်။ နောက်တစ်ခု ပျင်းရိခြင်းဟာ မိဘမျိုးရိုး အမွေလည်း ဖြစ်နိုင်တယ်၊ အမေ အဖေပျင်းရင် သားသမီးလည်း ပျင်းနိုင်တယ်။ နောက်တစ်ခုက မြင်းရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အသည်းဟာ ကောင်းကောင်းအလုပ် မလုပ်နိုင်ရင်လည်း ပျင်းရိစေတတ်တယ်။ ကယ်လ်စီယမ်ဓာတ် မလုံလောက်ရင်လည်း ပျင်းရိထိုင်းမှိုင်းတတ်တယ်။ ကယ်လ်စီယမ်ဓာတ်ဆိုတာ ကျုပ်တို့ရမယ့် နို့ကိုပြောတာ၊ နို့လုံလုံလောက်လောက် မစို့ရရင်လည်း ခန္ဓာကိုယ်မှာ ကယ်လ်စီယမ်ဓာတ် လျော့နည်းမယ်။ အဲဒီအခါမှာလည်း ပျင်းရိထိုင်းမှိုင်းနိုင်တယ်။ နောက်တစ်ခုကတော့ ထွက်ပြေးပုန်းရှောင်ခြင်းပဲ။ အဲဒီစကားနဲ့ ပတ်သက်လို့ ဘူဒါးကြီး နားလည်အောင် ကျုပ်ဘယ်လိုပြောရမလဲ မဆိုနိုင်ဘူး။ အင်္ဂလိပ်စကားနဲ့ဆိုရင်တော့ 'အက်စကေ့စ်' လို့ ပြောရင် ကောင်းမယ်။

ဥပမာ–မြင်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကိုယ်မလုပ်ချင်တဲ့ အလုပ်ကိုလုပ်ရရင် ထွက်ပြေးလွတ်မြောက်ဖို့ ကြံစည်တာပဲ။ အဲဒီအလုပ်ကို ဘယ်လိုနည်းနဲ့ မလုပ်ရမလဲလို့ပဲ ကြံစည်တာပေါ့ဗျာ အဲဒါ ပျင်းရိခြင်းပဲ။

ကျောင်းသားတစ်ယောက်ကို စာဖတ်ပါဆိုရင် သူစာမဖတ်ဘူး ဘာကြောင့်လဲဆိုတော့ သူစိတ်မဝင်စားလို့ပေါ့၊ အဲဒီအချိန်မှာ သူဟာ ဖတ်ရမယ့်စာကို မဖတ်ဘဲနေတာကကို ပျင်းရိတယ်လို့ပြောတာ မဟုတ်လား။ အဲဒီစာဖတ်ပျင်းတဲ့ ကျောင်းသားကို ဘောလုံးကန်ခိုင်းကြည့်ပါလား။ အဲဒီအခါမှာ သူဟာ တက်တက်ကြွကြွ ဘောလုံးကန်နေတာကို တွေ့ရမယ်၊ ကဲ ပြောစမ်းပါဦး ဘူဒါးကြီး၊ သူ့မှာရှိတဲ့ ပျင်းရိခြင်း ဆိုတာတွေ ဘယ်ရောက်သွားပြီလဲ၊ အဲဒီတော့ ပျင်းရိခြင်း ဆိုတာဟာ အစားအသောက်ကြောင့်လည်း ဖြစ်နိုင်တယ်၊ ကယ်လ်စီယမ်ဓာတ် လျော့နည်းလို့လည်း ဖြစ်နိုင်တယ်။ အသည်း ကောင်းကောင်း အလုပ် မလုပ်လို့လည်း ဖြစ်နိုင်တယ်။ မျိုးရိုးအမွေကြောင့်လည်း ဖြစ်နိုင်တယ်။ အဲဒီအထဲမှာ စောစောက ကျုပ်ပြောတဲ့ 'အက်စကေ့စ်' လို့ခေါ်တဲ့ ထွက်ပြေးလွတ်မြောက်ခြင်းကြောင့်လည်း ဖြစ်နိုင်တာပဲ ဘူဒါးကြီး၊ အဲဒါကြောင့် ဘူဒါးကြီးကို တစ်ခုပြောထားမယ်၊ ဒီလောကကြီးမှာ ဘယ်မြင်းတစ်ကောင်တလေမှ မပျင်းကြဘူးဗျ၊ လှည်းဆွဲဖို့ ပျင်းတဲ့ မြင်းကို မိတ်လိုက်တဲ့နေရာမှာ သွားကြည့်ပါလား၊ သူဟာ တက်ကြွနေတာကို တွေ့ရလိမ့်မယ်။ လူစီးခံရတာကို ပျင်းတဲ့ မြင်းကို မြက်ခင်းစိမ်းစိမ်းမှာ ပြေးလွှားဆော့ကစားဖို့ လွှတ်ကြည့်ပါလား၊ မြူးတူးတက်ကြွနေတာကို တွေ့ရမယ်။ ဒီအချက်ကို နားလည်ထားရင် ဘယ်မြင်းမှ မပျင်းဘူးဆိုတာ ခင်ဗျား သဘောပေါက်သွားမယ်။ တကယ့်တရားကို ပြောရရင် ပျင်းရိခြင်းဆိုတာ ကိုယ်မလုပ်ချင်တဲ့ အလုပ်ကို ရင်ဆိုင်ရမှာ ကြောက်ရွံ့နေခြင်းပဲဗျ၊ လောကမှာ ကျုပ်တို့ မြင်းတွေကို ဒုက္ခပေးနေတာ အကြောက်တရားပဲ"

ဟူ၍ ကျွန်ုပ်က ရှင်းပြလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းကြီးက ဟီလေ၏။ ထိုဟီခြင်း၏ အဓိပ္ပာယ်မှာ...

"မင်းကတော့ အဖေ့ထက် သားတစ်လကြီးတယ်ဆိုတဲ့ ကောင်စားမျိုးပဲ။ တော်တော်လည်းတတ်ပကိုတတ်ပလေးရေ။ မြင်းဟာ မြင်းလောက်ပဲ တတ်တာကောင်းတယ်ကွ၊ သိပ်ပြီးတတ်လို့ လူဖြစ်သွားရင် ဘယ့်နှယ်လုပ်မတုံး ရတောင့်ရခဲ မြင်းဘဝဆုံးပြီ"

ဟူ၍ ဖြစ်တန်ရာ၏။

ထိုအခါ ကျွန်ုပ်က...

"ဒီမှာ ဘူဒါးကြီး၊ ကျုပ်က ဘာကိုမှ ကြောက်တာမဟုတ်ဘူး၊ မြင်းဘဝက ရွှေ့လျားပြီး လူဖြစ်သွားတာကိုလည်း မကြောက်ဘူး၊ မြင်းဖြစ်နေတဲ့အခါမှာ မြက်စားပြီး၊ လူဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါမှာ ထမင်းချက်စားရုံပဲရှိတာပေါ့"

ဟု ဟီ၍ ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက…

"မင်းကတော့ ငါ့ကို နည်းနည်းမှ ရိုသေတဲ့ကောင် မဟုတ်ဘူး။ ကြောက်လည်း နည်းနည်းမှ မကြောက်ဘူး"

ဟူ၍ ဟီသော ဘာသာစကားဖြင့် ပြောလိုက်လေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဖခင်ကို လွန်စွာစိတ်ပျက်သွား၏။ ဤမြင်းအိုကြီးသည် လောကကြီးနှင့် ပတ်သက်၍ ရေရေရာရာ ဂဃနဏ မသိရှာဘဲ အရာရာသည် ကြားဖူးနား၀ စကားများသာဖြစ်၏။ ယခုလည်း ကြောက်ခြင်းနှင့် ရိုသေခြင်းကို အတူတူဟု ယူဆနေဟန်တူ၏။ ထို့ကြောင့် ကျွန်ုပ်သည် အော်၍ပြောလိုက်၏။

"ဒီမှာ ဘူဒါးကြီး၊ ကြောက်တဲ့စိတ်ဟာ ရိုသေတဲ့စိတ် မဟုတ်ဘူး၊ တကယ့်ရိုသေမှုမှာ ကြောက်ရွံ့ခြင်းဆိုတဲ့အရာ လုံး၀မပါဘူး၊ ကြောက်ရွံ့ခြင်းပါပြီး ရိုသေနေတယ်ဆိုရင် တကယ့်ရိုသေနေခြင်း မဖြစ်နိုင်ဘူး။ ရိုသေချင်ဟန်ဆောင်နေတာပဲ ဖြစ်ရမယ်။ အဲဒီတော့ ရိုသေခြင်းမှာ အဓိကလိုအပ်တဲ့ အချက်ဟာ မေတ္တာတရားဖြစ်တယ်ဗျ။ အဲဒီမေတ္တာဆိုတဲ့အရာရှိနေရင် ကိုယ့်ရဲ့အဖေကိုမှ မဟုတ်ဘူး။ အဖေမတော်တဲ့ မြင်းကိုလည်း ရိုသေနိုင်တာပဲ။ ကိုယ့်ရဲ့ဆရာကိုလည်း မဟုတ်ဘူး။ ဆရာမဟုတ်တဲ့ မြင်းကိုလည်း ရိုသေနိုင်တာပဲ။ အဲဒါကြောင့် ကြောက်ရွံ့ရိုသေခြင်းလို့ပြောမယ့်အစား မြတ်နိုးရိုသေခြင်းလို့ပြောရင် ပိုကောင်းပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းအိုကြီးက…

"မင်းက တော်တော်တတ်တဲ့ ကိုတတ်ပလေးပဲ၊ မင်းရောက်လာကတည်းက ငါတော့ နည်းနည်းမှ မပျော်ဘူး"

ဟူ၍ အဓိပ္ပာယ်ရသော စကားကို ဟီ၍ ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က…

"ဘူဒါးကြီး ခင်ဗျားကတော့ ခက်ပြီးရင်း ခက်ဆိုသလို ဖြစ်နေပြီ၊ ခင်ဗျားပြောတဲ့စကားမှာ မပျော်ဘူးဆိုတဲ့စကားပါတယ်။ အဲဒီစကားရဲ့ ဆန့်ကျင်ဘက်ဟာ ပျော်တယ်ဆိုတဲ့ စကားပဲ။ အဲဒီပျော်တယ်ဆိုတဲ့ စကားကို စာနဲ့ရေးရင် ပျော်ရွှင်ခြင်းပေါ့ဗျာ။ ဒီမှာ ဘူဒါးကြီး ပျော်ရွှင်ခြင်းဆိုတဲ့အရာဟာ ဒီအတိုင်း ရယူခံစားလို့ ဖြစ်တာမဟုတ်ဘူး။ ခင်ဗျား နားလည်ထားရမှာက ပျော်ရွှင်ခြင်း ဆိုတာဟာ အခြားတစ်ခုကို လုပ်ရင်းနဲ့ ရရှိတဲ့ ဘေးထွက်ပစ္စည်းဗျ၊ ပျော်ရွှင်ခြင်းဆိုတဲ့အရာကို ခင်ဗျားအနေနဲ့ ဒီအတိုင်း ရှာကြည့်စမ်း၊ ဘယ်တော့မှတွေ့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ တစ်ခုခုလုပ်ကြည့်၊ ဥပမာ- ကဆုန်စိုင်းပြေးတယ် ဆိုပါတော့၊ အဲဒီလိုပြေးရတာကို ခင်ဗျား ကျေနပ်ရင် ပျော်ရွှင်ခြင်းဟာ ဘေးထွက်ပစ္စည်းအဖြစ်နဲ့ ထွက်ပေါ်လာတယ်။ သဲထဲမှာ လှဲပြီးအိပ်ကြည့်၊ အဲဒီလိုအိပ်လို့ ခင်ဗျား ကျေနပ်တယ်ဆိုရင် ပျော်ရွှင်ခြင်းဟာ ထွက်ပေါ်လာတာပဲ၊ ကျုပ်ပြောချင်တာက ပျော်ရွှင်ခြင်းဆိုတဲ့အရာဟာ သူ့ဖာသာသူ သီးခြားရပ်တည်နိုင်တဲ့ အရာမျိုး မဟုတ်ဘူးဗျ။ လုပ်ရပ်တစ်ခုခု ဖြစ်စဉ်တစ်ခုခုမှာ မှီခိုနေရတဲ့အရာမျိုးဖြစ်တယ်။ အဲဒါကြောင့် ပျော်ရွှင်ခြင်းကို ခင်ဗျားရှာလို့ တွေ့မှာမဟုတ်ဘူး။ ပျော်ရွှင်ခြင်းကို ရအောင်ဆိုပြီး မကြိုးပမ်းလေနဲ့၊ အခါခပ်သိမ်း အချည်းအနှီး ဖြစ်လိမ့်မယ် ဘူဒါးကြီး"

ဟု ကျွန်ုပ်က ဟီ၍ပြောလိုက်ရာ ကျွန်ုပ်၏ဖခင် မြင်းအိုကြီးသည် ကျွန်ုပ်အား…

"တော်တော်တတ်တဲ့ ကိုတတ်ပလေး"

ဟူ၍ အဓိပ္ပာယ်ရသော စကားဖြင့် ဟီလိုက်လေတော့သည်။

"ဟီး..ဟီး..ဟီး..ဟီး..ဟီး.."

(ရှေ့လ ဆက်ရန်)

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com

# ရန်ပြီုအင်းမြှတ်

ဝသုန်ဟိန်းထက်

နှစ်ပေါင်းများစွာ အင်းစမပညာရပ်များကို လေ့လာလိုက်စားခဲ့သော ကျွန်ုပ်သည် အင်းစမများစွာနှင့် အကျွမ်းတဝင်ရှိလာခဲ့သည်။ ရင်းနှီးလာခဲ့သည်။ မည်သည့်အင်းကဖြင့် မည်မျှစွမ်းသည်၊ မည်သို့သက်ရောက်သည်။ ဝှက်ဖဲမြှုပ်ကွက်ကာဘာစသဖြင့် လျှို့ဝှက်ချက်များစွာကိုလည်း မှတ်တမ်းပြုစုဆောင်းခဲ့သည်မှာ ၁၅ နှစ်တိုင်ခဲ့ပေပြီ။

ရှုပ်ထွေးပွေလီသော လူ့လောက၌ မိမိအပေါ် လိုသူရှိသလို၊ မလိုသူလည်း ရှိမည်။ ထောက်ခံသူရှိသလို၊ ကန့်ကွက်သူလည်းရှိမည်။ ချီးမြှင့်သူရှိသလို၊ ရန်ပြုသူရှိမည်။ ဒါ လောကနိယာမ သဘာဝတရား။

ရန်ပြုလာသူကို ရန်ဖြင့်တုံ့ပြန်သည်ထက် ရန်တွေချုပ်ငြိမ်းသွားအောင်၊ ပျက်ပြယ်သွားအောင် ဖရိုဖရဲပြိုကွဲသွားအောင် စီမံပြုလုပ်ခြင်းသည် အကောင်းဆုံးဗျူဟာဖြစ်သည်ဟုလည်း ကျွန်ုပ် ရှုမြင်မိသည်။

ထို့ကြောင့် မိမိအပေါ် မလိုမုန်းထား အငြိုးပွား၍ ရန်ပြုရန် ကြံစည်နေသူများကို ၎င်းတို့ဆန္ဒအတိုင်း ဖြစ်မလာစေရန်၊ ပျက်ပြယ်သွားစေရန် ဤ "ရန်ပြီုအင်းမြှတ်" ကို မိတ်ဆက်တင်ပြချင်ပါသည်။

မှတ်ချက် ။ ။ (ရန်ပြီုအင်းအကြောင်းသာ တင်ပြမည်ဖြစ်၍ အင်းအခြေခံဥပဒေသ စည်းမျဉ်းစည်းကမ်းနှင့် ဆွဲသားရန် နည်းစနစ်များကိုမူ ဤနေရာတွင် တင်ပြရန် အဆင်မပြေသည်ကို ခွင့်လွှတ်စေလိုသည်။) (စာရေးသူ)

ဤအင်းကိုစီရင်သောအခါ နှစ်ဖက်ကန်း၊ အထွက်နက္ခတ်၊ သိဒ္ဓိစုတ်ကြိုက်၊ အင်္ဂါနေ့ ဆွမ်းခံပြန်ချိန်၌ စီရင်ရမည်။ သိမ်ဝင်သပိတ်ကွဲဖြစ်စေ၊ နတ်အိုးကွဲဖြစ်စေ၊ ကျောက်ပြား၌ဖြစ်စေ အင်းကို စီရင်ရမည်။

အင်းဆံမှာ (ဖ-ဟ-ခ-မ)ဖြစ်ပြီး မြင်းသွားချရမည်။ မိမိအတွက် အဆောင်အဖြစ် ဆောင်နိုင်သလို အိမ်၊ ခြံ ထောင့်လေးထောင့်တွင်လည်း မြှုပ်နှံထားရှိနိုင်သည်။

အိမ်မှာထားလိုက မြင့်ရာအရပ်၌ထားပါ။ အိမ်ကြမ်းလျှင် ဥရုတိုင်မှာမြှုပ်၊ မြေကြမ်းလျှင် မြေဗဟိုအလယ်မှာမြှုပ်။ အိမ်မှာထားက ရန်ပြုသူများ အလိုလိုပျက်ရ၏။ မကောင်းသောမိစ္ဆာ၊ ပညာစက်များ မကျရောက်နိုင်။ သူပြုအတိုက်များ မထိနိုင်။ အချုပ်နှောင်၊ အမှုခန်းရှိလျှင်လည်း လွတ်၏။

သွားလေရာ ဆောင်သွားက ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး ပပျောက်လွင့်စဉ်၍ အပေါက်အလမ်းတည့် အဆင်ပြေစေ၏။ အစိမ်းသရဲ၊ တစ္ဆေ မှင်စာတို့ ဖမ်းစားခြင်းမပြုနိုင်ကုန်။

အင်းကိုစီရင်ပြီးက သနချေခြင်း၊ သိဒ္ဓိတင်ခြင်း၊ အစောင့်သွင်းခြင်း၊ နက္ခတ်ယှဉ်ခြင်း။ ငြိုဟ်အပ်မြင်း စသော ပြုဖွယ်ဂါထာမန္တန်များကို မန်းမှုတ်ပြီးပါက အောက်ပါမန္တန်ဖြင့် ၁၀၈ အုပ် ထပ်မံမန်းမှုတ်ပြီးမှ သုံးရမည်။

(ဥုံ သိဒ္ဓိကိစ္စ နမောဗုဒ္ဓါယ အဂ္ဂိမိန္တု အာပေါပထမံ၊ အဂ္ဂိမိန္တု ဝါယော ပထမံ၊ အဂ္ဂိမိန္တု ပထဝီပထမံ၊ အဂ္ဂိမိန္တု တေဇောပထမံ၊ ဝေရီ ပလာယကာ၊ သဗ္ဗပမောတနံ ဣသယာ စရိယေန ဗိဇ္ဇာစရေန သိဒ္ဓိကမ္မံ ယဒ္ဓါမုမောန သွဟုံ) ဟူ၍ ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| | ဖ | မ | |
| ခ | ဟ | ဖ | ဟ |
| မ | ခ | မ | ဖ |
| | တ | ခ | |

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

**ဦးကောင်းထူး**

**ထမင်းအေးနဲ့ ဟင်းသိုး**

လှတောရွာသား ကုန်သည်တစ်ယောက်သည် မန္တလေးရထားအစုန်အဆန်စီးနေရာမှ ဘူတာထမင်းသည်များနှင့် ကြုံရလေ၏။ အကြောင်းသိနေသဖြင့် ဝယ်မစား။ တစ်ခါတွင် ရထားစောင့်ရင်း ဆာလာသဖြင့် ထမင်းဆိုင်တွင်းသို့ ဝင်လိုက်၏။

ဆိတ်ကလီစာ မှာလိုက်ချိန်တွင် ထမင်းပွဲရောက်လာ၏။ လက်ဆေးပြီးသည့်နောက် ထမင်းကို နယ်လိုက်ရာက အလန့်တကြား ထအော်လိုက်၏။

"အောင်မယ်လေးဗျာ ... ထမင်းမှတ်လို့ ကိုင်လိုက်ပါ၊ ရေခဲတုံးကြီးပါလား"

ဟော . . ဟင်ပွဲလာချပြီ။ သူတ ဟင်းပန်းကန်ကို ငုံ့နမ်းကြည့်သည်။ ထို့နောက် . .

"အလိုလေး၊ ဟင်းဆိုလို့ ကြည့်လိုက်ပါ။ နရသီဟပတေ့မင်းရဲ့ လက်ကျန်ဟင်းတွေများလား မှတ်ရ"

နံ့ဟောင်နေသည့် ဟင်းသိုးတွေကြောင့် ညည်းလိုက်ခြင်း ဖြစ်ချေ၏။

□□□

**စပ်ကျထားတဲ့ အကောင်တွေ**

ကျောင်းဆင်းလာသည့် မူလတန်းကျောင်းသားလေး သုံးယောက်အနက် တစ်ယောက်က သူတို့ကို အမြီးနှန့်ပြီး ကြိုသည့် ခွေးကျားကို ကုပ်ကကိုင်ပြီး ခွစီးလေ၏။

ခွေးကပြေးသည့်အခါ နောက်နှစ်ယောက်က အမြီးဆွဲပြီး တက်စီးပြန်၏။ သုံးယောက်စီးသည့် အားကြောင့် ခွေးမှာ ခွေလဲသွားပြီး တဂိန်ဂိန်နဲ့ အော်နေလေ၏။ လဲသည့်ခွေးကို ဆွဲထူသူက ထူနေစဉ် တက်စီးသူက တက်စီးပြန်၏။

ထိုမြင်ကွင်းကို လမ်းဘေးတွင် ရပ်ကြည့်နေသည့် လှတောသားအုပ်စုမှ တစ်ယောက်က . .

"မျောက်မျက်စဉ်းခတ်ဆိုတာ ဒီလိုကောင်တွေ နေမှာပဲကွ"

"အလိုလေးကွယ် . . . ဆော့လိုက်ရှာလေ။ မျောက်နဲ့ ငါးမြွေထိုး စပ်ကျထားသလား မှတ်ရ"

□□□

**စက္ကူတွေများ စားနေသလား**

ရန်ကုန်က ပြန်လာသည့် လှတောသားဦးကြီးသည် သမီးများအား စက္ကူရှားပါးပြီး ဈေးကြီးလှသည့် အကြောင်း ပြောပြနေ၏။

"ရန်ကုန်မှာ စက္ကူဟောင်းဝယ်တဲ့သူတွေ သောင်းကျန်းနေပုံများ အဖေ့ရှပ်အင်္ကျီအိတ်ထဲက မှတ်စုစာအုပ် တစ်ပိဿာ တစ်ဆယ်ပေးမတဲ့။ ရောင်းပါဆိုပြီး ဝိုင်းလိုက်လို့ ကျားပြေးပြေးခဲ့ရပါသကော၊ နောက်ပြီး ဒင်တို့ စက္ကူငန်းဖမ်းနေလိုက်ကြတာ ဘတ်စ်ကားပေါ်က အဆင်းမှာ ကားလက်မှတ် လွှတ်မပစ်ရဲဘူး။ ပလတ်စတစ်ကောက်တဲ့ကလေးတွေ လုကောက်ရင်း ရန်ဖြစ်ကြလွန်းလို့။ ဟလိုလေး . . ထမင်းမစားဘဲ စက္ကူတွေ စားနေကြသလား မှတ်ရကွယ်"



www.burmeseclassic.com

www.burmeseclassic.com

### ဘယ်လိုအကြောင်းမျိုးပါလိမ့်

လူတောကားဆိပ်သို့ ကားရပ်လေသော် လူစိမ်းညှိသည်တို့သည် ကားပေါ်မှ ဆင်းကြလေ၏။ ထိုညှိသည်များထဲ၌ တစ်ယောက်သောသူမှာ လူဝကြီးဖြစ်ပြီး နှုတ်ခမ်းမွေးနှင့်ဖြစ်၏။

ဤတွင် လူတောသားပါစပ်နှင့်တိုးပါလေတော့၏။

"နှုတ်ခမ်းမွေးကြီးချည်း အစိတ်သားလောက် ရှိမယ်ဟ"

"ကုပ်နေလိုက်ပုံများ လခြမ်းကြီး ကတ္တရာသုတ်ပြီး မှောက်ထားလား မှတ်ရဟ"

"ဘာပဲပြောပြော ခံ့တော့ တော်တော်ခံ့တယ်ကွ"

"ခံ့ညားတာပေါ့ကွယ်။ နှုတ်ခမ်းမွေးကားကားနဲ့ဆိုတော့ တောကြောင်လား၊ အိမ်ကြောင်အထီးလား၊ ကြောင်သိုးကြီးလာ မပြောတတ်ဘူး"

□□□

### ခြေထောက်တွေများ ဖြတ်ထားသလား

အောက်အကြေအရပ်မှ ပြန်လာသည့် လူတောသားတစ်စုအား ဆွေမျိုးများ၊ ရွာသားများ ဝိုင်းအုံ၍ နေလေ၏။ စကားသံတို့မှာလည်း တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေလေ၏။

"ဟောဒါက ငါးနှပ်ခြောက်"

"ဟလိုလေး . . ငါးနှပ်ခြောက်ဆိုလို့ ကြည့်လိုက်ပါ့၊ ငါးဖောင်ရိုးခြောက်ပါပဲလား"

"ဟောဒါက ငါးငါးပိ၊ ဟောဒါက ပုစွန်ငါးပိ၊ ငါးပိယူရတာ တော်တော် စိတ်ညစ်ရတာပဲ။ လူတွေက ငါးပိသာစားတာ အနံ့ကျတော့ နှာခေါင်းရှုံ့တယ်"

"အီးကို မနံအောင် လုပ်လို့မရသလို ငါးပိကလည်း မနံအောင် ဖုံးလို့မရဘဲကိုးတော့"

"ဟောဒီမှာ ရေချိုငါးပိ"

"ဟင် . . . လောက်တွေ"

"ဟဲ့ . . . ငါးပိနဲ့လောက် ရွှေနဲ့ကျောက်၊ ငါးပိမှန်ရင် လောက်နဲ့ ဘယ်ကင်းမလဲဗျ"

"အို . . . ဒီငါးပိထဲက လောက်ကတော့ လွန်ပါတယ်ရှင်။ အကောင်ကြီးလိုက်ပုံများ ဝက်ဖြူတွေကို ခြေထောက်ဖြတ်ထားသလားထင်ရ"

□□□

### မြင်ယောင်မိသေးတယ်

ရွှေကျောင်းရွာ ရှင်ပြုအလှူပွဲသို့ သွားသော လူတောသားများ တစ်စုတစ်ဝေး ပြန်လာကြရာ လမ်း၌ . .

"ဟလိုလေး . . တကယ့်အလှူပွဲပါပဲဗျာ။ နတ်ရွာတံခါးဖွင့်ပွဲကြီးတဗျ။ တွေးမွေးလိုက်တာကလည်း ထမင်းရည်ချောင်းစီး ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေများ ကျွဲအုပ်ကြီး အိပ်နေသလားမှတ်ရ"

တစ်ယောက်စလိုက်ရာက အတူလာသူတစ်ယောက်က . .

"ဟုတ်ပါရဲ့၊ မိုးပြဒယ်ကြီးတွေက တစ်မျှော်တစ်ခေါ်ပါပဲ။ ဒါပေမယ့် အဲဒါကြီးတွေမြင်တော့ ရေပြည်မှာငရဲသားကို မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေ သွားမြင်ယောင်မိသေးဗျ"

□□□

### သူတို့အစား ရှင်မှောတယ်

မန္တလေးသို့ လူတောသားကြီးများ ရောက်ရှိလာကြသည်။

ထိုအခါ မြို့ခံက အရေးတယူကြိုဆိုညှိခံရင်း . .

"ဦးလေးတို့ ရောက်လာတာ စတိတ်ရှိုးလက်မှတ် ဝယ်ထားတာနဲ့ အတော်ပဲ"

အပန်းဖြေ၊ ရေမိုးချိုး၊ ထမင်းစားပြီး စတိတ်ရှိုးရှိရာသို့ ခေါ်သွားကြလေ၏။ ဇာတ်ခုံမှာ တိုက်ကြားထဲဖြစ်ပြီး လမ်းပတ်ကာ ဆောက်ထားသကဲ့သို့ ပွဲခင်းထဲ ခက်ခက်ခဲခဲ တိုးဝှေဝင်သွားရလေ၏။

"ဟလိုလေးကွယ် . . မင်းတို့ စတိတ်ရှိုးပွဲခင်းက တောင်တွေကြားက လှည်းလမ်းမှာ လာလုပ်ထားသလို ပါပဲလား"

စတိတ်ရှိုးပြီး၍ အိမ်ပြန်ရောက်သောအခါ ပထမဦးကြီးက စကားစလိုက်၏။

"စတိတ်ရှိုးဆိုတာ ဘာပါလိမ့်မှတ်တယ်။ လက်စသတ်တော့ အသံမကောင်းတဲ့လူတွေ ကုန်းအော်တဲ့ပွဲပဲ"

ဒုတိယ တစ်ယောက်ကလည်း-

"ဘင်သံကြီးတွေ တဒုန်းဒုန်းနဲ့ မြည်လိုက်လေကွယ်။ နားကွဲမတတ်



www.burmeseclassic.com

www.burmeseclassic.com

ဖုံးကြဲနေသလား၊ အမြောက်ထုနေသလားမှတ်ရ"

နောက်ဆုံးဦးကြီးကတော့ . .

"ဘင်တီးတဲ့လူကို ကြည့်ရတာ သူ့အစား မောလိုက်ပါဘိသနဲ့၊ ကျေးတောခွေး ရေကူးနေတဲ့ အတိုင်းပါပဲလား"

၀၀၀

**စိုးရိမ်ရတယ်**

သားယောကျ်ားလေးဟု ဆိုသော်ငြား ကျားကျားလျားလျား မရှိ၊

ကုပ်ချောင်းချောင်းနှင့် စိတ်ပျက် စရာကောင်းနေသည့်ကြားထဲ လုံချည် ခွေးချေးသိမ်းဝတ်ပြီး ဆံရှည်ကျော့ဝဲနေသော သားမို့ ဖခင်က ကြည့်မရ ဖြစ်နေသည်။

ခုလည်း သနပ်ခါး အဖွေးသားဖြင့် အပြင်ထွက်လမ်းသလားရန် ပြင်နေပြန်ပြီကော၊

ဖခင်ဖြစ်သူက သမီးဖြစ်သူတို့အား အော်ပြောလိုက်ပြန်၏။

"ဟဲ . . . သမီးတို့ ခါးတောင်းကျိုက်ပြီး တုတ်တစ်ချောင်းစီကိုင်၊ ညည်းတို့အစ်ကိုကို လိုက်စောင့်ရှောက်ကြစမ်း၊ တော်ကြာ လမ်းမှာ ဓာတ်အ နမ်းခံရမှာစိုးရသဟဲ့"တဲ့။

၀၀၀

**ကိုယ့်အထွာနဲ့ ကိုယ်ပဲပေါ့**

တိမ်တောင်မိုးသားများ တလိပ်လိပ် တက်နေသော်ငြား မိုးက တစ်စက်ကလေးမျှပင် မရွာ၊

တိမ်သားတို့ တဖြည်းဖြည်းဝေးပြီး လွင့်ပြယ်သွားသည်ကို ကြည့်ပြီး လူငယ်တစ်ယောက်က 'ဟင်း'ချကာ-

"တချို့တိုင်းပြည်တွေမှာများ ခုလို မိုးသားတက်ပြီး မိုးမရွာရင် မိုးသားပေါ်က ရေခဲတွေကြဲပြီး မိုးအတုရွာပေးသတဲ့၊ ကျုပ်တို့လည်း အဲသလို လုပ်ရင် ကောင်းမယ်"

ဟု ဆိုသော် အဘိုးကြီး တစ်ယောက်က -

"ကိုယ့်အထွာနဲ့ကိုယ် တန်ရာတန်ရာပေါ့ ငါ့တူရယ်၊ ဒေါင်းဥထဲ စာသူငယ်ဝင်ရင် ရင်ကွဲသလို စာဥထဲ ဒေါင်းဝင်ပြန်လည်း ဥကွဲသတဲ့၊ အင်း . . . တစ်နေ့တော့ မင်းပြောသလို ဖြစ်ကောင်းပါရဲ့"

၀၀၀

**ဓားခုတ်ကောင် မီးနဲ့တို့တာထက်**

ရွှေဘိုကားလမ်းပေါ်၌ အမျိုးသမီးတစ်ယောက်သည် လူတောသားနှင့် ကပ်လျက် နေရာရခဲ့၏။

ကားထွက်လာသောအခါ ကားဆောင့်၍ လူချင်းထိမိတိုင်း အမျိုးသမီးက တွန့်တွန့်သွားရလေ၏။

မကြာခဏဆိုတော့လည်း သည်းမခံနိုင်သည့်အဆုံး-

"ဘယ့်နှယ်ကြောင့် ဒီလောက်တိုးနေရတာလဲ၊ ယောကျ်ားမဟုတ်တဲ့အတိုင်း အရိုးက ပျော့လိုက်တာ"

ဟု မြည်တွန်တောက်တီးလိုက်သည်။

ပထမတော့ လူတောသားက ကျေရာကျေကြောင်း တောင်ပန်းပါသေး၏။

"တမင်တိုးတာ မဟုတ်ပါဘူးဗျာ၊ ကားက ယမ်းခါနေလို့ပါ"

"အံမယ် . . . ရှင်အသားယူနေတာများ၊ မသိတာမှတ်လို့၊ လူကိုများ ဘာထင်နေလို့လဲ"

အသားလွှတ် ရန်ထောင်မြရန်ထောင်နေသည့်မို့ လူတောသားလည်း ငြိမ်ခံ၍ မနေနိုင်တော့၊

"ဘာထင်ရမှာလဲ . . . ဓားခုတ်ကောင်ထင်တာပေါ့၊ ခင်ဗျားကို ပြစ်မှားဖို့များ ဝေလာဝေး၊ ခင်ဗျားယူမိတဲ့လူဟာ မသာလောင်းပိုက်သလိုဖြစ်မယ် သိလား၊ ငါးရှဉ့်ကျပ်တိုက်ထားတဲ့ပုံနဲ့များ တွန့်တွန့်သွားလိုက်တာ၊ ဓားခုတ်ကောင် မီးနဲ့တို့တာထက် ဆိုးဦးမယ်"

၀၀၀

**သံဆုံနဲ့တောင် ထောင်းရသေး**

လူတောသူ ကောက်စိုက်သမများနှင့် တခြားရွာသူ ကောက်စိုက်သမများ အရိပ်ကောင်းရာတွင် ထမင်းစားရင်း ဆုံကြလေ၏။

"ဟင်းကတော့ အဖေစားနိုင်အောင် တစ်ခါတည်း ရောချက်ခဲ့ရတာ၊ အဖေက သွားမကောင်းတော့ဘူးလေ၊ မကောင်းဆို လို့မိထားတဲ့ ငှက်ပျောသီးမှည့်တောင် ကောင်းကောင်းဝါးနိုင်တာ မဟုတ်ဘူး"

ထိုသို့ပြောဆိုလေရာ သူတို့ကို ကျော့သည်ဟုထင်သော လူတောသူက ပက်ခနဲ ပြောချလိုက်ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မယ်မင်းကြီးမ အဖေက တော်သေးတာပေါ့။ တို့အိမ်က အဖေဖြင့် မဝါးနိုင်တော့လို့ ရေတောင် သံဆုံနဲ့ ထောင်းပြီး တိုက်ရတာတော့"

□□□

**ပုစဉ်းတောင်မြင်ဖူးရဲ့လား**

လူငယ်တစ်စု ဆည်မြောင်းရေလာမလာ စောင့်ကြည့်ရင်း ဗဟုသုတချင်း ပြိုင်နေကြသည်။

"ဟေ့ . . ဖော်ကာက မင်ဂျက်ထက်ကောင်းတယ်"

"ရမ်းတုတ်လိုက်လေကွယ်၊ ဂျက်က ပန်ကာမပါဘူးကွ။ အသံထက်မြန်တယ်။ နားလည်းမလည်ဘဲနဲ့"

"ဖော်ကာကလည်း ပန်ကာမလိုပါဘူးလေ"

"ဒီမယ်ဟေ့ . . . ငါ့ဖော်ကာက ထိုင်နေရင်းနဲ့ ခလုတ်နှိပ်လိုက် တီဗီကြည့်လို့ရတယ်။ ဗီဒီယိုဖွင့်လို့ရတယ်။ လက်ဖက်ရည် သောက်ဦးမလား၊ အားဆုံးရတယ်ကွ"

"ငါ့ ဂျက်လေယာဉ်က မင်းဖော်ကာထက်တောင်ရသေး။ တည့်တည့်ဆင်းမလား၊ ထောင်ပြီးတော့ပဲ တက်မလား ရတယ်။ မင်း ဖော်ကာ ရမတဲ့လား"

"ဟေ့ . . . ငါ့ဖော်ကာက"

မပြီးနိုင်၊ မစီးနိုင် ငြင်းနေကြသည့်အတွက် မလှမ်းကမ်းမှ လူကြီးတစ်ယောက်က ဒိုင်လုပ်ပြီး ဆုံးဖြတ်ပေးလိုက်ရလေ၏။

"တော်ကြကွာ တန်ကြ၊ ဂျက်တွေ၊ ဖော်ကာတွေ ကြီးကြီးကျယ်ကျယ် ငြင်းနေရလောက်အောင် မင်းတို့က ပုစဉ်းတောင် စုံအောင်မြင်ဖူးလို့လား . . . ဟင်"

□□□

**နှိုင်းချက်ကတော့ စံတင်လောက်ပါတယ်**

လှတောသူ မိခင်သည် မုံရွာရောက် သမီးဖြစ်သူ နေမကောင်းဖြစ်သည်ဆိုသဖြင့် အပြေးအလွှားရောက်သွားခဲ့၏။

မုံရွာသို့ ရောက်လေသော် သမီးဖြစ်သူမှာ ဖြီးလို့လိမ်းလို့၊ ရယ်ရယ်မောမော ထူထူထောင်ထောင် ဖြစ်နေရာ အမောပြေသွားရလေသည်။

"အမေဖြင့် ပူလိုက်ရတာ မီးပုံထဲကျသလားမှတ်ရ။ ခု ဘယ်လိုနေသေးလဲ"

ထိုအခါ သမီးက တိုးတိုးလေး ကပ်ပြောလိုက်၏။

စင်စစ်မူ သမီးတို့လင်မယား လက်ညှိုးညွှန်ရာ ရွှေဖြစ်နေသော်ငြား အိမ်ထောင်သက် ကိုးနှစ်အတွင်း သားသမီးမထွန်းကားခဲ့။

ဆရာပေါင်းစုံ၊ နည်းမျိုးစုံနှင့်ပြီး ကုသပါသော်ငြား ကိုယ်ဝန်ရခါစမှာတင် ပျက်ကျရမြန်သည်တဲ့။

"သားသမီးလိုချင်လို့ ရှူးနေတဲ့ ညည်းတို့လင်မယားကျမှ ကလေးပျက်ကျရတယ်လို့အေး။ ကာကဝလ္လိယ အိမ် သူခိုးခိုးတယ်ဆိုတာကမှ တော်ဦးမယ်"

ကာကဝလ္လိယဟူသည် ဆင်းရဲသည့်ဘဝ၊ အဝတ်တစ်ထည်တည်း နှစ်ယောက်ခွဲဝတ်ရသကဲ့သို့ နာမည်တောင်မှ တစ်နာမည်တည်း ဝေယူထားရသဖြင့် မယားကာက၊ လင်ကာကဟူ၍ နာမည်ကြီးခဲ့ပေ၏။

သူ့သမီး ကလေးဆင်းရဲသည့်အဖြစ်ကို ကာကမောင်နှံနှင့် နှိုင်းချက်ကမူ စံတင်လောက်သည်ဟု ဆိုရပေမည်တကား။

□□□

**ဝေသာလီ ဘီလူးဇာတ်**

ရွှေဘိုတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြို့ထောင့်စေတီ ဘုရားပွဲတွင်ဖြစ်၏။

လှတောသားတို့သည် ပွဲခင်းထဲ လည်နေရာမှ မြို့ခံမိတ်ဆွေနှင့်တွေ့ပြီး ထိုမြို့ခံမိတ်ဆွေက ထမင်းကျွေးပါရစေဆိုကာ မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေ၏။

"ကြက်သား၊ ဝက်သား၊ ငါး၊ အမဲ၊ ဆိတ်၊ ဘဲ ဟင်းတစ်မျိုး နှစ်ခွက်စီထည့်ပါ"

သို့ဖြင့် တစ်အောင့်လေးအတွင်း စားပွဲပေါ် ဟင်းပန်းကန်တွေ ပြည့်သွားရာက အရင်းနှီးဆုံး လှတောသားက . .

"ဟလိုလေး . . လူရယ်၊ ထမင်းကျွေးဖို့ ခေါ်လာတယ်မှတ်ပါ။ တို့ကို ဝေသာလီပြည်က ဘီလူးဇာတ်သွင်းနေပါကလားကွယ်"

ဦးကောင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ပလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ့၍ (မြန်မာပြည်)

- ယပြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ စိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝပပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ဗိုလ်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၉၇၂၄၂၉၄၂၂

၃၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅


www.burmeseclassic.com

www.burmeseclassic.com

# တာတောကြီး

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတခွေ (၄)

## တာတေကြီး

(ယ ခင် လ မှ အ ဆက်)

### ရာဂျူးနဲ့ ကန်တူး

ကျွန်ုပ်မှာ ကျွန်ုပ်၏ မာစတာဦးကျော်စွာနှင့် ပညာသင်ကြားနေရင်း အချိန်တွေ လွန်မြောက်ခဲ့လေ၏။ တစ်ခုသော မနက်တွင် ပုလိပ်များ ကျွန်ုပ်၏ခြံသို့ ဝိုင်းကာ ကျွန်ုပ်အား လက်ထိပ်ခတ်လိုက်လေ၏။ မြင်းမျက်နှာနှင့် သွားခေါခေါ ပုလိပ်တစ်ဦးက. . .

"အိုင်ပီ ဘဦးတို့က မသေချာရင် ခြင်တောင်မရိုက်ဘူး၊ ရွှေဘုံသာလမ်းက ဘာဘူလေးကို သတ်ပြီး ရွှေဒင်္ဂါးပြားတွေ ယူသွားတဲ့ တရားခံက မင်းမှ မင်းအစစ်ပဲ"

ဟု ဆိုကာ ကျွန်ုပ်၏ ဇက်ပိုးအား လက်ဝါးဖြင့် ဖြတ်ရိုက်လေ၏။ ကျွန်ုပ်က. . .

"နေစမ်းပါဦး. . ခင်ဗျားလည်း မြန်မာ၊ ကျုပ်လည်း မြန်မာပဲ၊ ဘာဖြစ်လို့ သခင်အားရ ကျွန်ပါးဝအောင် ကျုပ်ကို လက်ထိပ်ခတ်ပြီး ရိုက်ရတာလဲ။ သတ္တိရှိရင် လက်ထိပ်ဖြုတ်ပြီး တစ်ယောက်တစ်ချက်စီ ထိုးကြေးလုပ်ရအောင်၊ ဘယ်သူ့လက်သီး ပြင်းသလဲ သိရအောင် လို့ပါ"

ဟု ပြောလျှင် ၎င်းက ကျွန်ုပ်အား ပုလိပ်တစ်ဦးထံမှ သေနတ်ကိုယူကာ ဦးခေါင်းအား ဒင်နှင့် ဆောင့်လေ၏။ ကျွန်ုပ်ဦးခေါင်းမှ သွေးများ ယိုစီးကျလာပြီး ဘဦးဆိုသော ပုလိပ်အား ကျွန်ုပ် စူးစိုက်ကြည့်လိုက်၏။ ကျွန်ုပ်၏ ကြည့်သောဒဏ် အပြုံးကို ပုလိပ်ဘဦး မြင်သောအခါ မျက်နှာလွှဲသွားလေ၏။

ကျွန်ုပ်အား အင်းစိန်ထောင်ကြီး ရှိရာသို့ ခေါ်ဆောင်သွားပြီး မကြာမီ အချိန်အတွင်း၌ပင် 'ကြိုးမိန့်' ချလိုက်လေ၏။ ကြိုးတိုက်မှာ ကျွန်ုပ်အား ချုပ်နှောင်ထားသောနေရာနှင့် မျက်စိရှေ့မှာတင်ရှိပြီး ကြိုးပေးခံရသူများအား နေ့စဉ် မြင်တွေ့ရ၏။ သေဆုံးသွားသူ အချို့၏ ဝိညာဉ်မှာ မကျွတ်မလွတ်၍ နှစ်ကြီးသမား ထောင်သားများကို ခြောက်လှန့်တတ်လေ၏။

"မောင်မြရွှေ. . . စားချင်တာစား၊ လုပ်ချင်တာလုပ်ဖို့ ပြောနော်၊ ရာဂျူး ရှိတယ်"

ဟု စကားသံကြား၍ မော့ကြည့်ရာ ကျွန်ုပ်၏ ဖခင်ကြီးအား ကူညီခဲ့သော ရာဂျူး ဆိုသည့် ပုလိပ် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရာဂျူးရယ် . . လောလောဆယ်တော့ ကျုပ် ချစ်တီးထမင်းကို ဆိတ်ဦးနှောက်နဲ့ စားချင်တယ်၊ ပြီးရင် စီးကရက်လေး ဖွာချင်တယ်"

ဟု ပြောလျှင် ကျွန်ုပ်အား ဆလံပေးပြီး. . .

"စိတ်သာချ မောင်မြရွှေ. . . တစ်နာရီအတွင်း မင်းဆီ ငါ ရောက်အောင် ပို့ပေးမယ်"

ဟု ပြောကာ ထွက်သွားလေ၏။ ၎င်းပြောဆိုသည့်အတိုင်းပင် ခဏကြာသောအခါ ဖက်နှင့် ထုပ်ထားပြီး ဟင်းခတ်အမွှေးအကြိုင်များစွာနှင့် ချစ်တီးထမင်း ရောက်လာ၏။ ပဲဟင်းကို ရွှဲရွှဲလောင်းထားပြီး ငရုတ်သီးကို ကြွပ်ကြွပ်ကြော်ထားလေ၏။ ဆိတ်ဦးနှောက်ဟင်းမှာလည်း စားချင်စဖွယ် ကောင်းလှ၏။

"မောင်မြရွှေ. . .စီးကရက် တစ်ဘူး ယူလာသေးတယ်၊ ရော့. ."

ဟု ဆို၍ ရာဂျူးနောက်ဝယ် စောင့်နေသော ပုလိပ်လေးက. . .

"ကိုရာဂျူးရယ်. . ကြီးမိန့်ကျသူကို ဟိုပေး၊ ဒီပေးလုပ်တာ သိသွားရင် ကျုပ် အလုပ်ပြုတ်နေပါ့မယ်"

ဟု ဆိုသောအခါ ရာဂျူးက. .

"ဟေ့ကောင်. . ပါးစပ်ပိတ်စမ်း၊ မင်း အလုပ်ပြုတ်သွားရင် မင်းနဲ့ မင်းမိသားစုကို ဆယ်သက် ထောက်ပံ့နိုင်တယ်ကွ၊ ရော့. . . ဒါ မင်းအတွက် လာဘ်ငွေ"

ဟု ပြောပြီး တစ်ထောင်တန် တစ်ရွက် ထုတ်ပေးလေ၏။ ပုလိပ်လေးမှာ ပုလိပ်အချင်းချင်း အမြင်ကပ်လောက်အောင် အရှိအသေပေးကာ ရာဂျူးနှင့် ကျွန်ုပ် စကားပြောနေသည်ကို မသိသလို နေပေးလေ၏။ ကျွန်ုပ်က. . .

"ကိုရာဂျူးရယ်. . လုပ်ပုံကိုင်ပုံတွေကလည်း ပိုင်လှချည်လား"

ဟု ပြောလျှင် ရာဂျူးက. . .

"ဒါက ဒီလိုရှိတယ် မြရွှေ၊ ဘယ်နေရာမှာမဆို ငွေဟာ ရှင်နေတဲ့ အသက်ကို သေအောင် လုပ်နိုင်သလို၊ သေနေတဲ့အသက်ကိုလည်း ရှင်အောင် လုပ်နိုင်တယ်လေ၊ မြရွှေ ဘာလုပ်ချင်လဲ၊ ပိုက်ဆံရှိလို့ကတော့ ဒီထောင်ထဲမှာနေပြီး ပုလိပ်မင်းကြီးကိုတောင် ညတိုင်း လာနှိပ်ခိုင်းလို့ရတယ်"

မှတ်ချက်-ထိုခေတ်အချိန်ကား ဗြိတိသျှလက်အောက်ရှိ ဝန်ထမ်းများမှာ ရာထူးအကြီး၊ အငယ်လိုက် အဂတိ လိုက်စားကြပါသည်၊

(စာရေးသူ)

ထိုအချိန်ဝယ် ရာဂျူးက ထမင်းထုပ်ထဲ စတီးသံချောင်းလေးတစ်ချောင်း မသိမသာ ထည့်ပေးထားလေ၏။

"ကဲ. . မြရွှေ၊ ရာဂျူးတော့ ကန်တူးဖို့ သွားလိုက်ဦးမယ်၊ ကန်တူးပြီးရင်တော့ ကန်ဆည်ရမှာပေါ့ကွာ"

ဟု ပြောကာ ထွက်သွားလေ၏။ ကျွန်ုပ်မှာ ရာဂျူး ပေးခဲ့သော ပတီးချောင်းလေးဖြင့် လက်ထိပ်၊ ခြေကျင်းသော့များကို ဖြုတ်နိုင်ခဲ့လေ၏။ ပြီးလျှင် ညမိုးချုပ်သည်နှင့် စိတ်လွှင့်၊ စိတ်ပြော ကျင့်စဉ်ဖြင့် မာစတာအား. . .

"မာစတာ ပြောတော့ ကျုပ်နဲ့ ထောင်ထဲမှာ တွေ့မယ်ဆို၊ ခုချိန်ထိ မတွေ့ရသေးပါလား"

ဟု ပြောလျှင် ဦးကျော်စွာက-

"စိတ်မစော်ပါနဲ့ မြရွှေရာ၊ အချိန်ပိုင်းအတွင်း မင်းနဲ့ငါ တွေ့ပါမယ်"

ဟု ဆိုလေ၏။ သိပ်မကြာခင် ကျွန်ုပ်မှာ အချုပ်ခန်းသော့အား ဖွင့်၍ ထွက်နိုင်ခဲ့လေ၏။ ကြိုးတိုက်နှင့် ခပ်လှမ်းလှမ်းနေရာသို့ ရောက်သောအခါ အပြင်ထွက်ရမည့် ထွက်ပေါက်ကို စဉ်းစားနေမိ၏။ ထောင်မကြီးမှ အပြင်ရောက်ဖို့ မြေလျှိုးမိုးပျံမှသာ ထွက်နိုင်မည်ဖြစ်ရာ ကျွန်ုပ်အဖို့ ထွက်ပေါက်ကိုသာ စဉ်းစားနေရာ မှောင်ထဲမှ လူနှစ်ဦး ထွက်လာလေ၏။

"ဒီအတိုင်း စဉ်းစားနေရင် ဒီအတိုင်းပဲ ဖြစ်မှာပဲ မောင်မြရွှေ၊ အရေးကြီးတာက ထွက်ပေါက်ဆိုတာ ဝင်ပေါက်လုပ်ကတည်းက ရှိပြီးသားမို့ ဘာမှ မခဲယဉ်းပါဘူးကွာ"

ဟု ပြောသောသူအား လှမ်းကြည့်လိုက်ရာ. . .

"မာစတာ"

ကျွန်ုပ်မှာ နှစ်များစွာ စောင့်မျှော်ခဲ့ရသော ကျွန်ုပ်၏ မာစတာကို တွေ့ရသောအခါ အတိုင်းမသိ ဝမ်းမြောက်မိလေ၏။ စိတ်ထဲ၌လည်း ငိုချင်စိတ်မျိုး ဖြစ်သွားမိ၏။ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

စွာက ကျွန်ုပ်အား ပြုံး၍ ကြည့်ပြီး-

"မောင်မြရွှေ . လောကကြီးမှာ မင်းနားလည်ထားရမှာက သူဌေးကြီး ဟင်နရီဖို့ဒ် ပြောဖူးသလိုပေါ့၊ "An idealist is a person who helps other people to be prosperous." ဆိုတာလေ"

(မြန်မာလို အနက်အဓိပ္ပာယ် ပြန်လျှင်မူ စံပြပုဂ္ဂိုလ်ဆိုသည်မှာ အခြားလူများအား ကြီးပွားချမ်းသာအောင် အကူအညီပေးသူဖြစ်သည်)

ဟု ဆိုလေ၏။

ကျွန်ုပ်အား လက်မောင်းကို နောက်ထပ် ဆုပ်ကိုင်လိုက်သူမှာ ပုလိပ်ရာဂျူး ဖြစ်ပြီး ၎င်းက. . .

"ကဲ . . ဆရာကြီးနဲ့ မြရွှေ ထွက်ဖို့ ကျုပ်တူးထားတဲ့ ကန့်ရဲ့ ညာဘက် ပိုက်လုံးကနေ တွားသွားထွက်ပေတော့၊ နာရီဝက်လောက် ထွက်လာ်ကရင် ပုလိပ်မင်းကြီးရဲ့ လူယုံ အိုင်ပီဘဦး လိုင်းခန်း ရောက်လိမ့်မယ်၊ အဲဒီရှေ့မှာ ကားရော၊ ကားသော့ရော ရှိတယ်"

ဟူ၍ ရာဂျူးက ဆိုလိုက်လေတော့သတည်း။

□

## သချိုင်းဆိုတာ

ကျွန်ုပ်နှင့် ဦးကျော်စွာမှာ ရာဂျူးပြောသည့်အတိုင်း ပိုက်လိုင်းမှ တစ်ဆင့် ထွက်လာကြရာ နာရီဝက်နီးပါး ကြာသောအခါ အိုင်ပီလှဦး၏ မီးဖိုချောင်သို့ ရောက်ရှိလာ၏။ အိုင်ပီလှဦးမှာ အတော်ဝီရိယမဲ့သော ပုလိပ်ဖြစ်ပြီး ၎င်း၏ ဟောက်သံမှာ ဆူညံနေလေ၏။ ကျွန်ုပ်က အိုင်ပီလှဦး ကျွန်ုပ်အား ဖမ်းဆီးစဉ်က နှိပ်စက်ထားသည်ကို သတိရပြီး ရိုက်နှက်မည်အပြုဝယ် ဦးကျော်စွာက ကျွန်ုပ်လက်အား ဖမ်းဆွဲထားလေ၏။

"မောင်မြရွှေ. . ကြွေးဆိုတာကတော့ ပြန်ဆပ်ရစမြဲပါ၊ ဒါပေမဲ့ ရန်ကြွေးဆိုတာ မဆပ်လေ ကောင်းလေပဲ၊ သံသရာရှည်တယ်"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"စိတ်ချပါ မာစတာ၊ ကျုပ် သူ့ကို နောင်တရအောင်သာ နည်းနည်းလေး လုပ်မှာပါ"

ဟု ဆိုကာ ၎င်း၏ နဖူးဝယ် အောက်ဖော်ပြပါ အင်္ဂလိပ်စာလုံးများကို ရေးခဲ့လေ၏။

Beware the Fury of a Patient Man.

"သည်းခံတတ်သူ၏ ဒေါသကို သတိထားပါ"

ဟူ၍ ဖြစ်လေ၏။ ရာဂျူး ပြောသည့်အတိုင်းပင် ပုလိပ်လှဦး၏ ဘော့စ်ဝက်ဂွန်းကားလေးပေါ်သို့ ရောက်သောအခါ ဦးကျော်စွာက ကားသော့မှ စက်ကိုနှိုးကာ မောင်းထွက်လာလေ၏။ ဘဦးခြံစောင့် ပုလိပ်က ဘဦး အပြင်ထွက်မည်ထင်၍ တံခါးဖွင့်ပေးကာ ဆလံပေးလေ၏။ ကျွန်ုပ်က. . .

"ကိုရာဂျူးကတော့ တော်တော် အကွက်မြင်တဲ့သူပဲဗျ၊ လှဦးကိုလည်း မူးအောင်တိုက်ထားပြီး အစောင့်ကိုလည်း အပီလုပ်ထားတယ်ဆိုတော့ ချီးကျူးစရာပါပဲ"

ဟု ပြောလျှင် ကားမောင်းနေရင်းမှ ဦးကျော်စွာက ပြုံးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့ကားလေးမှာ တာမွေသုသာန်ရှိရာသို့ ချီးကွေ့ရောက်လာခဲ့ကြ၏။ သုသာန်ရှေ့သို့ ရောက်သောအခါ ဦးကျော်စွာက. .

"ကဲ. . မောင်မြရွှေ ဆင်းပေတော့၊ ငါတို့ရဲ့ နားခိုရာရောက်ပြီ"

ဟု ဆိုကာ ကားပေါ်မှ ဆင်းလာခဲ့ကြ၏။ ထိုအချိန်ဝယ် ကားနားသို့ လူတစ်ဦး လျှောက်လာပြီး. . .

"ဆရာကြီး . . ဒီကားကို ဘာလုပ်ရမလဲ"

ဟု ပြောလျှင် ဦးကျော်စွာက အင်္ကျီအစုတ်နှင့်လူကို ပခုံးပုတ်လိုက်ပြီး. . .

"ဒီကားကို မောင်းပြီး ပုလိပ်မင်းကြီးကားကို ဝင်တိုက်ပြီး ထားခဲ့ပေတော့ သံခဲရေ"

ဟု ပြောလိုက်လျှင် သံခဲ ဆိုသူမှ ကားသော့ကိုယူကာ ကားပေါ်တက်ပြီး ကျင်လည်စွာ မောင်း၍ ထွက်သွားလေတော့၏။ ကျွန်ုပ်က-

"မာစတာက တပည့်တော်တော်ပေါသလို အားလုံးက မာစတာအပေါ် ချစ်ကြောက်ရိုသေကြတယ်နော်"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နှစ်ဦးမှာ တာမွေ သုသာန်အလယ်ရှိ ဇရပ်ကြီးပေါ်သို့ တက်လာကြသောအခါ ကျွန်ုပ်တို့ နှစ်ဦး စားသောက်ရန်အတွက် စားပွဲခုံကြီးဖြင့် ပြင်ဆင်ထားလေ၏။

"အားလုံး ပြင်ဆင်ထားပါတယ် ဆရာကြီး၊ သူဌေးလေးလည်း တစ်ခါတည်း ဝင်စားလိုက်ပါ"

ဟူသော အသံရှင်အား နားထဲ ကြားဖူးနေကျ အသံဖြစ်၍ ကြည့်မိရာ. . .

"ယန်စီ. . ခင်ဗျားက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ၊ ကျုပ်ကတော့ ဖမ်းသွားကတည်းက ကျန်ခဲ့တဲ့ ခင်ဗျားတို့ ဘယ်လို ရပ်တည်မလဲ စဉ်းစားနေတာ၊ ခင်ဗျားလည်း မာစတာရဲ့ တပည့်ထဲက တစ်ယောက်ကိုး"

ဟု ဆိုလိုက်လေ၏။

ယန်စီက ကျွန်ုပ်နှင့် ဦးကျော်စွာအတွက် အကောင်းဆုံး ဟင်းလျာပွဲများ ပြင်ဆင်ထားလေ၏။ ပြီးနောက် ၎င်းက. . .

"သုသာန်မှာ စားပွဲတည်ခင်းရတယ်ဆိုတာ မကြားဖူးသူတွေအတွက် အထူးအဆန်း ဆိုပေမယ့် ဆရာကြီးအတွက်ကတော့ ရိုးနေပါပြီ"

ဦးကျော်စွာမှာ ယောက်ျားပီသသောသူတစ်ဦး ဖြစ်သလို စကားအပြောအဆို နည်း၏။ ရံဖန်ရံခါ ဆေးပြင်းလိပ် သောက်တတ်ပြီး ၎င်းသောက်သော ဆေးတံနှင့် ဆေးမှာ အကောင်းစားဆေးသားများနှင့် အင်္ဂလန်မှ တကူးတက မှာယူရသော ဘုရင်ခံသောက်သည့် ဆေးပြင်းလိပ် အမျိုးအစား ဖြစ်လေ၏။

"ကဲ. . . ဆရာကြီးနဲ့ သူဌေးလေး စားရင်း၊ သောက်ရင်း စကားပြောကြပါဦး၊ ကျွန်တော် စီစဉ်စရာ ရှိတာလေးတွေ သွားစီစဉ်လိုက်ပါဦးမယ်"

ဟု ဆိုကာ ထွက်သွားလေ၏။

ဦးကျော်စွာက ကျွန်ုပ်အား စိုက်ကြည့်ပြီး. . .

"မောင်မြရွှေကို မြင်တော့ မင်းအဖေ မြစိန်ကို သတိရမိတယ်ကွာ၊ ကြားရတဲ့ သတင်းကတော့ ကျွန်းမှာ မင်းအဖေ ထွက်ပြေးဖို့ ကြိုးစားနေတယ် ကြားတယ်၊ အေးလေ. . ကံမကုန်ရင် ပြန်ဆုံကြမှာပေါ့"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"မာစတာ. . . ကျုပ်ဖခင်က မာစတာကနေ ကျုပ်ရဲ့ ရှေ့ဆက်ရမယ့်ခရီးကို ညွှန်ပြမယ်ဆို ကျုပ် ဘာလုပ်ရမှာလဲ"

ဟု ပြောလျှင် ဦးကျော်စွာက-

"မောင်မြရွှေ. . ငါ ညွှန်နိုင်တဲ့ ခရီးတော့ရှိတယ်၊ အဲဒါကတော့ ဒီနေ့ကစပြီး မင်း လူလို မကျင့်နဲ့"

ဟု ဆိုသောအခါ ကျွန်ုပ်က. .

"မာစတာရယ်. . ကျုပ်က လူတစ်ယောက်ပါ၊ လူလို မကျင့်ရင် ဘယ်လိုကျင့်ရမှာလဲ"

ဟု ပြောလိုက်လေ၏။

ဦးကျော်စွာက ဆေးပြင်းလိပ် ထိပ်ဖျားကို စတီးဓားလေးဖြင့် လှီးဖြတ်လိုက်ပြီး မီးညှိကာ ရှိုက်ဖွာလိုက်၏။ ပြီးမှ. . .

"မင်းပြောတာ မမှားပါဘူး၊ မောင်မြရွှေမှာ၊ လူဆိုတာ လူလိုကျင့်မှာပဲပေ၊ ဒါပေမယ့် လူ့ထက် ပိုထူးခြားချင်ရင်တော့ ငါတို့ရဲ့ သုံးလောကထွဋ်တင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင်မှ ဘုရားအဖြစ်ရဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီယူပြီး ကျင့်ခဲ့ရတာပဲလေ၊ ဒီလိုပဲ ဝိဇ္ဇာရှစ်သောင်းရဲ့ နည်းတွေမှာလည်း လူလိုကျင့်ခဲ့လို့လား"

ဟု ရှည်လျားစွာ ပြောလိုက်ပြီးမှ ထပ်မံ၍ ၎င်းက. . .

"လူဆိုတာကတော့ ရှင်းပါတယ်၊ လောကမှာ အသက်ရှင်ရပ်တည်ချင်တယ်၊ ချမ်းသာချင်တယ်၊ အနိုင်ရချင်တယ်၊ ကျန်းမာချင်တယ်၊ အမြဲပျော်ရွှင်ချင်တယ်၊ အိုကွာ. . နောက်ဆုံး ကုန်ကုန်ပြောရရင် လူစည်းစိမ်ကို အပြည့်အဝခံစား၊ စံစားချင်တယ်လေ၊ ဒါက လူလိုကျင့်တဲ့သူတိုင်း ရှိတတ်တာပါ။ မောင်မြရွှေ မင်းဘက်က လူလိုကျင့်မယ် ဆိုရင်တော့ ငါ သင်ပေးထားတဲ့ ပညာနဲ့တင် လုံလောက်ပါပြီ၊ မင်း ဒီတစ်သက် လူလို နေနိုင်ပါပြီ"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်က ဦးကျော်စွာအား လေးစားသောအကြည့်နှင့် ကြည့်ကာ

"ကျုပ် ကောင်းကောင်း သဘောပေါက်ပါပြီ မာစတာ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ သွားရမယ့်လမ်းကိုသာ မာစတာ ညွှန်ပြပါတော့"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်တို့ နှစ်ဦးမှာ တာမွေ သုသာန်ထဲ ခိုအောင်းနေစဉ် ကာလ မှာပင် ကြိုးပေးခံရသော ကြိုးသမား နှစ်ဦး ထောင်ဖောက်ပြေးသည်ဆို သော သတင်းများ သတင်းစာထဲ တွင် ရှေ့မျက်နှာဖုံး၌ ဖော်ပြလာကာ ကျွန်ုပ်တို့နှစ်ဦး၏ ရုပ်ပုံကြီးများဖြင့် ဝရမ်းထုတ်ထားလေ၏။ ရုံဖန်ရံခါ၌ ရာဂျူးက သတင်းလာလာပေးတတ် လေ၏။

"ဆရာကြီးရေ. . အိုင်ပီလူဦး တော့ ပုလိပ်မင်းကြီးကား ဝင်တိုက်မှု နဲ့ နယ်ကို လွှင့်သွားပြီ၊ ကျုပ်လည်း ထုချေလွှာ တင်ထားရတယ်"

ဟု ဆိုလေ၏။ ကျွန်ုပ်တို့နှစ်ဦး မှာ ညနက်နက်မှသာ အပြင်ထွက် ကြရလေ၏။ ဦးကျော်စွာကမူ ရံဖန် ရံခါ နေ့ခင်းဘက်များပါ ပျောက် ပျောက်သွားတတ်၏။

"မောင်မြရွှေ. . . ငါကတော့ လွတ်လပ်ရေးအတွက် လှုပ်ရှားနေရ တာမို့ မင်းကို ပညာမသင်ပေးနိုင်ခဲ့ ဘူး၊ ဒီနေ့ကစပြီး (၁၀)ရက် ကျော် ရင် လပြည့်ပြီဆိုတော့ မင်းနဲ့ငါ ကျိုက်ထီးရိုးဘုရားမှာ ဆုံကြမယ်၊ အဲဒီမှာ မင်းသိချင်တာတွေ ငါသင် ပေးရတာပေါ့"

ဟု ဆိုလေ၏။ ဦးကျော်စွာမှာ ယင်းကဲ့သို့ ပြောဆိုပြီး နောက်ရက်၌ တာမွေသုသာန်မှ ပျောက်သွားလေ ၏။ နေ့ခင်းပိုင်းသို့ ရောက်သော အခါ ရာဂျူးမှာ အမောတကော ပြေးလာပြီး. . .

"မြရွှေ . . မေးတော့မနေနဲ့၊ ဒီကနေ လွတ်အောင်သာ ပြေးပေ တော့၊ ပုလိပ်ဘက်က ခြေရာခံမိသွား ပြီ"

ဖု ဆိုကာ ထွက်ခွာသွားလေ ၏။ ကျွန်ုပ်လည်း ချက်ချင်းဆိုသလို လိုအပ်သော ပစ္စည်းများကို ယူ ဆောင်ကာ ထွက်လာခဲ့၏။ ကျွန်ုပ် သုသာန်ဝသို့ ရောက်ရှိချိန်မှာပင် သုသာန်ထဲသို့ ပုလိပ်ဘက်မှ ကား များ ဝင်သွားလေ၏။

ကျွန်ုပ်မှာ ရှေးဦးစွာ တည်းခိုရ မယ့်နေရာကို ရွေးချယ်ကာ ကားငှား ပြီး ရန်ကုန်ကမ်းနားလမ်းရှိ ကမ်းနား ဟိုတယ်သို့ လာခဲ့လေ၏။ ကားပေါ် ရောက်သောအခါ ကားဆရာက. .

"ဟိုတယ်မှာ တည်းတာက တော့ ဟုတ်ပါပြီ၊ အိပ်ဖို့ ကောင်း ကောင်း အိပ်ပျော်မှာတော့ မဟုတ် ဘူး"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ဒီတစ်ခါလည်း ဆုံပြန်ပြီပေါ့ ယန်စီရာ"

ဟု ဆိုသောအခါ ယန်စီက ကားမောင်းနေရင်းမှ. . .

"ဒီလိုပေါ့ သူဌေးလေးရာ၊ ကျွန်တော်က ဒဏ္ဍာရီထဲမှာဆိုရင် တော့ မီးခွက်စောင့်တဲ့ အာလာဒင် ကြီးလိုဆိုတော့ သူဌေးလေး ဘာဖြစ် ဖြစ် ကျွန်တော် ရှိနေရမှာပေါ့"

ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်က-

"ကောင်းပါပြီ အာလာဒင် ယန်စီရယ်. . . အာလာဒင်ကြီး ကောင်းသလိုသာ စီစဉ်ပြီး ကောင်း တဲ့နေရာကိုသာ ကျုပ်ကို ပို့ဆောင် ပါတော့"

ဟူ၍သာ ဆိုလိုက်လေတော့ သတည်း။

□

## အစိမ်းရောင်နံ့ပါတ်(၁၃)

ကျွန်ုပ်နှင့် ယန်စီမှာ သယ်န်း ကျွန်း ကျိုက္ကစံကျေးရွာနှင့် မနီးမဝေး ရှိ သင်္ချိုင်းအနောက်နား ရုပ်ကွက် လေးထဲသို့ ဝင်လာခဲ့ကြ၏။ ယန်စီက

"သူဌေးလေးရေ. . ဒီရုပ်ကွက် နာမည်က ကျိုက္ကစံ အနောက် ရုပ်ကွက်လို့ ခေါ်တယ်၊ ကျိုက္ကစံ ဘုရားရဲ့ အနောက်ဘက်မှာရှိလို့၊ သူဌေးလေးအကြောင်း မပြောနဲ့၊ တိုင်းပြည်မှာ ဘာဖြစ်နေတယ်ဆို တာတောင် စိတ်မဝင်စားဘူး၊ သူဌေး လေးအတွက် လုံခြုံတာပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. .

"ယန်စီရယ်. . ကျုပ်ကို သူဌေး လေး၊ သူဌေးလေး မခေါ်ပါနဲ့၊ ပြီး တော့ အဲဒီလောက်လည်း အပင်ပန်း မခံပါနဲ့၊ ခုလောက် ကူညီတာတင် ကျေးဇူးတင်နေရပါပြီ"

ဟု ဆိုရာ ယန်စီက မျက်ပေါက် လေးကို ကျဉ်းမြောင်းနေအောင် ပြုံး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး. . .

"သူဌေးလေးကလည်းဗျာ၊ ဆောခရတ္တိကို လူငယ်တွေ စာရိတ္တပျက်စေသူဆိုပြီး စွပ်စွဲခဲ့ကြပေမယ့် ဒီနေ့တိုင် ဥရောပနဲ့ ကမ္ဘာကို အသိပညာ ဖြန့်ဖြူးပေးဝေတဲ့ ပညာရေးသမားကြီးအဖြစ် သတ်မှတ်ခံရတယ်လေ။ ကျုပ်က သူဌေးလေး အနာဂတ်ကို ကြိုမသိပေမယ့် ယုံကြည်နေသူပါ သူဌေးလေးရာ၊ စိတ်ထဲမှာ ဝန်ထုပ်ဝန်ပိုးကြီး မထားစမ်းပါနဲ့"

ဟု ဆိုလေ၏။

ယန်စီက သူ၏ မိတ်ဆွေအိမ်ဆိုသော်လည်း ထိုအိမ်မှာနေသောသူမှာ ကိုမောင်ထွေး ဆိုသော ပန်းချီဆရာတစ်ဦး ဖြစ်လေ၏။ ကိုမောင်ထွေးမှာ တစ်ကိုယ်ရေ၊ တစ်ကာယသမား ဖြစ်သလို ညဆိုလျှင် ညလုံးပေါက် ပန်းချီဆွဲပြီး မိုးလင်းသည်နှင့် အိပ်စက်လိုက်သည်မှာ ညမှသာ နိုးလေ၏။ ယန်စီက ကျွန်ုပ်တို့နှစ်ဦး စားသောက်ရန် ချက်ပြုတ်ပြီး ထွက်သွားကာ ၎င်းလည်း မိုးချုပ်မှသာ ပြန်ရောက်ရောက်လာတတ်၏။

ပန်းချီဆရာ ကိုမောင်ထွေးဆိုသူမှာ အသားဖြူဖြူ ပိန်ပိန်ပါးပါး ပိုးဟပ်ဖြူ တစ်ကောင်ကဲ့သို့ဖြစ်ကာ ၎င်းမျက်တွင်းများမှာ ချိုင့်ဝှမ်းကြီးများကဲ့ သို့ အမြဲ ချိုင့်နေလေ၏။ ကျွန်ုပ်ရောက်သည့်နေ့မှစ၍ (၄) ရက်မြောက်သည်အထိ ၎င်းစကားပြောသည်ကို မတွေ့ဖူးသေးချေ။ ကျွန်ုပ်က ပြုံးလျှင်ပြုံးပြီး၊ ကျွန်ုပ် ငြိမ်လျှင် သူ့ဖာသာသူ ပန်းချီဆွဲနေလေ၏။

"ယန်စီရေ . . ဒီနေရာလေးက လုံခြုံတာတော့ လုံခြုံပါရဲ့ဗျာ၊ ဒါပေမဲ့ ကျုပ် မာစတာနဲ့ လပြည့်နေ့မှာ ချိန်းဆိုထားတာမို့ ခရီးကြိုထွက်ချင်တယ်"

ဟု ပြောလျှင် ယန်စီက. . .

"သူဌေးလေး. . ဒီညပဲ ခရီးထွက်ရပါမယ်၊ အထက်တန်း လက်မှတ်တစ်စောင် ကျွန်တော် ဝယ်ထားပါတယ်။ ရထားက ည(၈)နာရီထွက်မှာပါ၊ သူဌေးလေး ကျိုက်ထိုကို မနက်(၆)နာရီလောက် ရောက်ပါလိမ့်မယ်"

ဟု ပြောရာ ကျွန်ုပ်က. . .

"ကွက်တိကျအောင် တော်ပါပေတယ်၊ အာလာဒင် ယန်စီကြီးရာ"

ဟု ပြောလျှင် ယန်စီက. . .

"Defer no time; delays have dangerous ends."

ဟု ပီသသော အင်္ဂလိပ်စကားဖြင့် ဆိုလိုက်လေတော့၏။ ကျွန်ုပ်က

"ကျေးဇူးတင်ပါတယ် ယန်စီရာ"

ဟု ပြောလိုက်လေ၏။

(ယန်စီပြောသော အင်္ဂလိပ်စာသား အနက်အဓိပ္ပာယ်မှာ အချိန်ကို ရွှေ့ဆိုင်းမနေပါနဲ့၊ နှောင့်နှေးမှုများတွင် အန္တရာယ်များသော နိဂုံးများရှိသည်။)

ကျွန်ုပ်အား ညနေစောင်းသောအခါ ယန်စီက သူ၏ကားဖြင့် လာခေါ်လေ၏။ ပန်းချီဆရာ ကိုမောင်ထွေးဆိုသူက ကျွန်ုပ် ပြန်ခါနီးမှ ၎င်းပါးစပ်မှနေ၍ စကားသံကြားရလေ၏။

"မိတ်ဆွေကြီးရာ. . မိတ်ဆွေကြီး မရှိရင် ကျုပ် အထီးကျန်နေမှာ၊ အစောကြီးကတည်းက မလာရင်လည်းကောင်းသား၊ အခုတော့ အဲဒီဝေဒနာ ကျုပ် တော်တော်ဖြေသိမ့်ရမယ်"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ ပန်းချီဆရာ ကိုမောင်ထွေး ဆိုသူ၏ ခံစားမှု အားကြီးပုံကို တွေး၍ ပြုံးမိလေ၏။ ဘူတာကြီးသို့ ရောက်သောအခါ ယန်စီက. . .

"သူဌေးလေးရေ . . ရထားက တစ်ညလုံး စီးရမယ်ဆိုတော့ သူဌေးလေး ပျင်းနေမှာစိုးလို့ အပျင်းပြေ အစိမ်းရောင် ကဒ်လေးတွေနဲ့ ကစားနည်းလေး ပေးလိုက်မယ်"

ဟု ဆိုကာ အစိမ်းရောင်ကဒ်လေး (၁၃)ကဒ်ကို ပေးလေ၏။ ကျွန်ုပ်က. . .

"အဲဒါ ဘာလဲဗျ၊ ယန်စီရ. ."

ဟု မေးရာ ၎င်းက. . .

"ဒါက ဖုန်းရွှေလည်း မဟုတ်ဘူး၊ တားရော့လည်း မဟုတ်ဘူး၊ ဝိညာဉ်ဂိုဏ်းတွေကတော့ Green No:(13)လို့ ခေါ်တယ်၊ အစိမ်းရောင် နံပါတ်(၁၃)ပေါ့"

ဟု ပြောလေ၏။

ကျွန်ုပ်မှာ ကဒ်ပြားလေးများကို ကြည့်ရာ စုစုပေါင်း (၁၃)ကဒ်တွေ့ရပြီး နံပါတ်အားလုံးမှာလည်း (၁၃)



www.burmeseclassic.com

www.burmeseclassic.com

နိပါတ်များပင် ဖြစ်လေ၏။ သို့သော် ရုပ်ပုံများမှာ ကွဲပြားနေပြီး သရဲ(၁၃) ကောင်၏ပုံကို တွေ့ရ၏။ တစ်ကောင်ချင်းမှာ ပုံစံကွဲပြီး အကောင်အကြီး အသေး ကွာခြားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်က. . .

"ယန်စီကတော့ ကျုပ်ကို ဦးနှောက်စားအောင် လုပ်ပြီ"

ဟု ပြောလျှင် ယန်စီက. . .

"ဒီအတွက် မခက်ပါဘူး သူဌေးလေးရာ . . မိနစ်ပိုင်းအတွင်း ကျွန်တော် တတ်အောင် သင်ပေးလိုက်ပါ့မယ်"

ဟု ဆိုကာ ကျွန်ုပ်အား ရထားမထွက်မီ အချိန်အတွင်း သင်ကြားပေးလေ၏။

(မှတ်ချက်-ယင်းဆော့ကစားနည်းမှာ ရှေးကျသော အရှေ့တီမောလူမျိုးများ၏ ဝိညာဉ်ဆော့ကစားနည်းဖြစ်၍ တတ်မြောက်ရန် မသင့်လျော်သောကြောင့် ထိုကဒ်များ၏ ပုံကို မဖော်ပြနိုင်သည်အား တောင်းပန်အပ်ပါသည်။

(စာရေးသူ)

အစိမ်းရောင် (၁၃)ဟု အမည်ပေးထားသော ဝိညာဉ်(၁၃)ဖော်ကဒ်ပြားများအား အစဉ်အလိုက် ရေးသားဖော်ပြရလျှင်မူ. . .

(၁) ကလေးငယ်အား သရဲမှ ကိုက်စားနေပုံ
(၂) သရဲအား လူအများက တိုက်ခိုက်နေပုံ
(၃) သရဲအားလူအများက တိုက်ခိုက်နေပုံ
(၄) သရဲအိမ်ထဲမှ သရဲကြည့်ရှုနေပုံ
(၅) သရဲများ လပြည့်ညတွင် မြူးပျော်နေပုံ
(၆) သရဲမှ လူဦးခေါင်းများ ကိုင်ဆွဲလာပုံ
(၇) သရဲ မိသားစု ငိုယိုနေပုံ
(၈) သရဲများ ကောင်းကင်မှ ဆင်းလာပုံ
(၉) သရဲအား ဘုန်းကြီးများမှ မောင်းထုတ်နေပုံ
(၁၀) သရဲများ လက်များမြောက်နေပုံ
(၁၁) သရဲများ သချိုင်းကုန်းထဲမှ ထလာပုံ
(၁၂) သရဲများ အချင်းချင်း တိုက်ခိုက်နေပုံ
(၁၃) သရဲများ လက်အုပ်ချီနေပုံ

ကျွန်ုပ်မှာ ရထားထွက်သောအခါ ထိုကဒ်(၁၃)ကဒ်နှင့် ကစားနည်းကို ကျွမ်းကျင်စွာ တတ်မြောက်သွားလေ၏။ ကျွန်ုပ်စီးနင်း လိုက်ပါသော အခန်းမှာ အထက်တန်းတွဲ အိပ်စင်ဖြစ်၍ ကျွန်ုပ်နှင့်အတူ နောက်ထပ် လူစိမ်းဆို၍ မုတ်ဆိတ်များ ရှည်လျားသော ကုလားအဘိုးကြီး ပါလေ၏။ ၎င်းနှင့် ကျွန်ုပ်မှာ ပဲခူးဘူတာကျော်မှ ခင်မင်သွားကြပြီး ၎င်းနာမည်မှာ ဦးပီချေးရန်း ဆိုသူဖြစ်ကာ စိန်ကုန်သည်တစ်ဦး ဖြစ်လေ၏။ ကျွန်ုပ်က. . .

"ဘိုင်ကြီးက စိန်ကုန်သည် ဆိုတော့ တစ်ယောက်တည်း ခုလိုသွားလာနေတာ အန္တရာယ်မစိုးရိမ်ဘူးလား"

ဟု ဆိုသောအခါ ကုလားအဘိုးကြီးက. . .

"ဒီလိုရှိတယ် လူကလေးရ၊ လောကမှာ ကိုယ့်ကိုယ်ကို မယုံတဲ့သူတွေဟာ သေနေတဲ့ သူတွေပဲ၊ ငါကတော့ ကိုယ့်ကိုယ်ကို ယုံတဲ့အတွက် ဘယ်တော့မှ မသေဘူး"

ဟူ၍ ပြန်ဖြေလိုက်လေ၏။ ကျွန်ုပ်က ကုလားအဘိုးကြီး၏ စကား

"အောက်လမ်းတော့ ကျုပ် မသိဘူး ဘိုင်ကြီး၊ လောလောဆယ်မှာတော့ ကျုပ်တို့ရဲ့ (၃)ခန်းကျော်တွဲမှာ ကိုးယောက်တိတိ အသတ်ခံလိုက်ရပြီ၊ အသတ်ခံရတဲ့ နာရီတောင် ကျုပ်သိတယ်၊ ကိုးနာရီ"



www.burmeseclassic.com

www.burmeseclassic.com

ကို သဘောကျ[illegible] သွေးတိုးစမ်းလိုသောအနေဖြင့် ဆက်၍. . .

“ကိုယ့်ကိုယ်ကို ယုံတဲ့သူကို ကိုယ့်ကိုယ်ကို မယုံတဲ့သူက သတ်သွားရင်ကော”

ဟု ပြောလျှင် ကုလားအဘိုးကြီးက ၎င်း၏ ရှည်လျားသော မုတ်ဆိတ်ဖြူကြီးကို ပွတ်သပ်၍. . .

“လူကလေးဘက်က ဒါမျိုးတွေးရင် မှားတာပေါ့၊ လောကမှာ ကိုယ့်ကိုယ်ကို ယုံတဲ့သူကို ဘယ်သူမှ မနေနိုင်ဘူး၊ ဘယ်သူမှ မသတ်နိုင်ဘူး၊ တစ်ဒင်္ဂအားဖြင့် နိုင်ရင်တောင် ဒါဟာ ထာဝရ မဖြစ်နိုင်ဘူး”

ဟု ဆိုလေ၏။

ကျွန်ုပ်တို့နှစ်ဦး စကားတပြောပြောဖြင့် ညနက်နက် အချိန်အထိ ဆွေးနွေးဖြစ်ခဲ့ကြ၏။ ညောင်လေးပင်ဘူတာသို့ ရောက်သောအခါ ခေါက်ဆွဲကြော်၊ ထမင်းထုပ်များ ရောင်းသော ကောင်လေးတစ်ဦး တက်လာပြီး. . .

“သူဌေးလေးအတွက် လာပို့ပေးတာပါ”

ဟု ဆိုကာ ကြက်ကြွပ်ကြော်နှင့် ခေါက်ဆွဲကြော်များ လာပေးလေ၏။ ကျွန်ုပ်က. . .

“နေပါဦး. . . ဒီဘူတာမှာ ငါ့အသိ မရှိပါဘူး၊ ဘယ်သူ ပေးလိုက်တာလဲ”

ဟု ဆိုလျှင် ထမင်းထုပ်ရောင်းသော ကောင်လေးက. . .

“အာလာဒင်ယန်စီ ပို့ခိုင်းလိုက်တာပါ”

ဟူ၍သာ ဆိုလိုက်လေတော့သတည်း။

□

## ကိုးလောင်း၊ ကိုးနာရီ၊ ကိုးပွင့်

ကျွန်ုပ်နှင့် ဦးပီချေးရန်း ဆိုသော ကုလားကြီးမှာ စကားပြောအပြီး ဦးပီချေးရန်းက သူပြောသလိုပင် သူ့ကိုယ်သူ ယုံကြည်စွာ အိပ်စက်သွားလေ၏။ ကျွန်ုပ်မှာသာ အိပ်စက်လို့ မရဘဲ အမှောင်ထဲ ခုတ်မောင်းနေသော မီးသွေးစက်ခေါင်းကြီး တရှုးရှုး တရှဲရှဲ အော်မြည်သံနားထောင်ရင်းနှင့်အတူ မဲမှောင်နေသော ပတ်ဝန်းကျင်ကို ကြည့်နေမိလေ၏။ တံခါးကိုဖွင့်ကာ ပြင်ပမှ တိုးဝှေ့ဝင်လာသော လေများကို ရှူရှိုက်ရင်းမှ ယန်စီ ပေးလိုက်သော အစိမ်းရောင် နံပါတ်(၁၃) ကဒ်ပြားလေးများကို သတိရမိလိုက်၏။

ကျွန်ုပ်မှာ ယန်စီ သင်ပေးထားသည့်အတိုင်း ကဒ်ပြားလေး (၁၃) ကဒ်ကို စားပွဲပေါ်ဝယ် ဖြန့်ခင်းလိုက်ရင်း ဖယောင်းတိုင် တစ်တိုင် ထွန်းလိုက်၏။ ပြီးမှ အသင့်ယူလာသော သွေးပုလင်း အသေးလေးကိုယူကာ လက်ဝါးထဲထည့်၍ ပွတ်လိုက်လေ၏။ ကဒ်ပြားများအပေါ်သို့ လက်ကို မီးလှုံသကဲ့သို့ အုပ်မိုးကာနေပြီးမှ လက်ကို ရုပ်သိမ်းလိုက်သောအခါ မီးထွန်းထားသော အခန်းမှာ ရုတ်တရက် မှောင်ကျသွား၏။ ဖယောင်းတိုင်မီးလည်း ငြိမ်းသွားလေ၏။ မီးပြန်လင်းလာသောအခါ ကျွန်ုပ်လက်ထဲ၌ အစိမ်းရောင်နံပါတ် (၁၃)ကဒ်ပြားလေးတစ်ချပ် ရောက်နေ၏။ ထိုကဒ်ပြားကို ကျွန်ုပ် ကြည့်လိုက်ရာ သရဲများ လူဦးခေါင်းကို ကိုင်ဆွဲလာပုံဖြစ်၏။ ကျွန်ုပ်က ကဒ်ပြားလေးအား လက်ဝါးနှစ်ဘက်ဖြင့် ဖိ၍ မျက်စိမှိတ်ကြည့်ရာ ခဏတွင်းမှာပင် ထိုကဒ်ပြားလေးကို လွှတ်ချမိလေ၏။ ကျွန်ုပ်၏အဖြစ်ကို ဘယ်အချိန်က နိုးနေမှန်း မသိသော ကုလားအဘိုးကြီးက. . .

“လူကလေး. . အောက်လမ်းနည်းတွေ လုပ်နေတာလား”

ဟု မေးလျှင် ကျွန်ုပ်က. . .

“အောက်လမ်းတော့ ကျုပ်မသိဘူး ဘိုင်ကြီး၊ လောလောဆယ်မှာတော့ ကျုပ်တို့ရဲ့ (၃)ခန်းကျော်တွဲမှာ ကိုးယောက်တိတိ အသတ်ခံလိုက်ရပြီ၊ အသတ်ခံရတဲ့ နာရီတောင် ကျုပ်သိတယ်၊ ကိုးနာရီ”

ဟု ပြောလျှင် ကုလားအဘိုးကြီးက သူ့နှဖူးသူ ရိုက်ကာ. . .

“တိကျပါပကောလား လူကလေးရယ်၊ ဒီလောက်ထိတောင် ရက်ရက်စက်စက် သတ်တာ ဘယ်သူလဲ”

ဟု မေးရာ ကျွန်ုပ်မှာ ခေါင်းခါပြလိုက်၏။ ကျွန်ုပ် ပြောဆိုပြီး မကြာမီမှာပင် ရထားမှာ ဘူတာငယ်



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ခုဝယ် ရုတ်တရက် ထိုးရပ်လိုက်လေ၏။ ရထားတွဲပေါ်သို့ ပုလိပ်များ တက်လာပြီး ခရီးသည်များ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ ပုလိပ်များက အသတ်ခံရသော လူအလောင်း (၉)လောင်း၏ဘေးဝယ် နှင်းဆီအဖြူလေး ကိုးပွင့်ကိုလည်း တွေ့သည်ဟု ဆိုလေ၏။ အနီးစပ်ဆုံးတွဲများအား ဝိုင်းရှာကြသောအခါ ကုလားအဘိုးကြီးက ပုလိပ်တစ်ဦးနှင့် စကားပြောသလိုလုပ်ပြီး ကျွန်ုပ်ထံသို့ လက်ညှိုးထိုးပြလေ၏။ ကျွန်ုပ်မှာ ယုန်ထောင် ကြောင်မိဆိုသလို ဖြစ်မည်ကိုတွေး၍ စိတ်နည်းနည်း ထင့်သွား၏။ ပုလိပ်က ဦးထုပ် ခပ်ငိုက်ငိုက်ဆောင်းထားရာမှ ကျွန်ုပ်ရှေ့သို့ ရောက်သောအခါ. . .

"မောင်မြရွှေ. . ရန်သူကတော့ မင်းအပေါ် အကွက်ထပ်ဆင်ပြန်ပြီ၊ ဒီကနေ ခြေလှမ်း(၂၀)လောက် လှမ်းရင် သစ်ပင်ကြီးတစ်ပင် တွေ့လိမ့်မယ်၊ အဲဒီနားမှာ မြင်းတစ်စီးရှိတယ်၊ သွားပေတော့"

ဟု ပြောသောသူအား ကြည့်ရာ ကိုရာဂျူး ဆိုသူ ဖြစ်နေလေ၏။

"ကိုရာဂျူးရယ်. . ခင်ဗျားနဲ့ကျုပ် ပြန်ဆုံမှ ဆုံရပေတယ်၊ ကဲ. . ဘာမှ မမေးတော့ဘူး၊ ကျုပ်သွားတော့မယ်"

ဟု ဆိုကာ ကိုရာဂျူးပြောသလို ခြေလှမ်း အလှမ်း(၂၀) လှမ်းသောအခါ သစ်ပင်ကြီးတစ်ပင်ကို တွေ့ရလေ၏။ သစ်ပင်ကြီးနားဝယ် ထွားထွားကြိုင်းကြိုင်းနှင့် မြင်းနက်ကြီး တစ်ကောင်ကို အရံသင့် တွေ့ရလေ၏။

ကျွန်ုပ်မှာ မုဆိုးကြီး ဦးလာဘထံမှ သင်ယူတတ်မြောက်ထားသော အတတ်ပညာအရ လမ်းရှာဖွေသွားနိုင်သော ပညာကို လေ့ကျင့်ယူထားရာ ညအမှောင်မှာပင် မြင်းကို ကောင်းစွာ မောင်းနှင်နိုင်ခဲ့၏။ လရောင်ကွေးကွေးလေး ပေါ်ထွန်းနေသောကြောင့် လမ်းကို မြင်နေရ၏။ နံနက် ဝေလီဝေလင်းအချိန် ရောက်သောအခါ စစ်တောင်းမြစ်ကမ်း၏ ထိပ်ဖျားသို့ ရောက်ရှိနေပေ၏။ ဝေလီဝေလင်းဖွင့်သော ဆိုင်နှင့် အလှမ်းကွာဝေးသောကြောင့်မြင်းအား အနားပေးရန်နှင့် ခေတ္တခဏ အနားယူရန် တဲအိမ်လေး တစ်အိမ်အား ကြံခင်းထဲ၌ တွေ့သောအခါ ကျွန်ုပ်မှာ ဝမ်းသာသွားမိ၏။ တဲအိမ်အနားသို့ ရောက်သောအခါ. . .

"ဗျို့. . တဲရှင်တို့. . တဲရှင်တို့"

ဟု အော်သောအခါ တဲထဲမှ အသံတစ်သံ ထွက်ပေါ်လာလေ၏။

"သူဌေးလေး. . ခရီးပန်းလာပြီ ထင်တယ်၊ ဒီမှာ သူဌေးလေး ကြိုက်တတ်တဲ့ ဆိတ်စွပ်ပြုတ်ထားတယ်၊ ပေါင်မုန့်မီးကင်လေးလည်း လုပ်ထားတယ်"

ဟူသော အသံကို ကြားသောအခါ ကျွန်ုပ်မှာ ပါးစပ်မှ ယောင်၍ အော်မိလိုက်၏။

"ယန်စီ . ."

ယန်စီက သူ၏ ဝမ်းဗိုက်ပူပူကြီး ပွတ်ပြီး ရယ်မောကာဖြင့်. . .

"အံ့ဩနေလား သူဌေးလေး၊ ဘာမှ မအံ့ဩနဲ့၊ ကျွန်တော်က ကားနဲ့လာတော့ ရထားစီးတဲ့ သူဌေးလေးထက်စာရင် မြို့တစ်မြို့ စောစောရောက်နေတတ်တယ်၊ ဒါကြောင့် ညောင်လေးပင်မှာ သူဌေးလေး စားဖို့ ပို့လိုက်တာပေါ့"

ဟု ပြောလျှင် ၎င်းက ဆက်၍ ထပ်ပြောပြန်လေ၏။

"သူဌေးလေးရေ. . .
ကျွန်တော်တို့တော့
အဲဒီလူသတ်သမားနဲ့
မလွဲမသွေ
တွေ့ကြရလိမ့်မယ်၊
အဲဒီလူဟာ
လူထူးလူဆန်း
တစ်ယောက်ပဲ"

"ဘာလဲ. . ဒီနေရာမှာ ကြိုစောင့်နေလို့ အံ့ဩနေတာလား၊ မအံ့ဩပါနဲ့ သူဌေးလေး၊ မြင်းနဲ့ ဒုန်းစိုင်းလာရင်တောင် နောက်ဆုံး ဝေလီဝေလင်း ဒီနားကို ရောက်မှာပဲ၊ ဒါကြောင့် ကျွန်တော်က ကြိုစောင့်နေတာပါ၊ တဲရှင်ကိုတော့ သူဌေးလေးအတွက် မနက်စာစားဖို့ ချက်ပြုတ်ခိုင်းလိုက်ပြီ၊ နေ့လည်စာ စားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့အတူ ကျိုက်ထို သွားကြတာပေါ့"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ယန်စီဆိုသော တရုတ်ကြီးကို လျှော့တွက်လို့မရ။ ထို့နောက် ၎င်းပြုတ်ထားသော ဆိတ်စွပ်ပြုတ်အား ဆာဆာနှင့် စားလိုက်ရာ ပြောင်သလင်းခါသွား၏။ ယန်စီက ကျွန်ုပ်၏ မြင်းနက်ကြီးအား အစာကျွေးပြီး ရေတိုက်ပေးလေ၏။

"တော်တော်ကောင်းတဲ့ မြင်းကြီးဗျာ၊ ရာဂျူးဆိုတဲ့ ကုလား ဘယ်က ရှာဖွေထားတယ် မသိဘူး၊ ဒီကောင် ပုလိပ် သိပ်မီသတယ်၊ ကျွန်တော် ရာထူးပေးလို့ရရင် ဒီကောင်ကို ပုလိပ်မင်းကြီးရာထူး ပေးပစ်မယ်"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ယန်စီစကားကို ရယ်မောမိလေ၏။ ပြီးမှ. . .

"နေပါဦး ယန်စီရ. . . ဒီကိုးလောင်းပြိုင် သတ်တဲ့ လူသတ်မှုမှာ တရားခံ ဘယ်သူဆိုတာလည်း ယန်စီ သိမှာပါ"

ဟု ပြောလျှင် ယန်စီက ခေါင်းခါရမ်းလိုက်၏။ ပြီးမှ. . .

"သူဌေးလေး သိချင်ရင်တော့ လွယ်လွယ်လေးပါ၊ ကျွန်တော် ပေးထားခဲ့တဲ့ အစိမ်းရောင်နံပါတ်(၁၃) ကဒ်လေးကို ဆွဲကြည့်လိုက်ပေါ့"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ဝေလီဝေလင်း ရောက်နေပြီ ရပါ့မလား ယန်စီရ"

ဟု ပြောလျှင် ယန်စီက. . .

"ညသန်းခေါင်လောက်တော့ မစွမ်းဘူးပေါ့၊ ဒါပေမဲ့ အနီးစပ်ဆုံး သိနိုင်ပါတယ်"

ဟု ပြောပြီး ၎င်းမှ ကျွန်ုပ်ဆီက အစိမ်းရောင်ကဒ်ပြားလေး (၁၃) ကဒ်ကို တောင်းပြီး တဲအတွင်းရှိ ဝါးခင်းပေါ်ဝယ် ဖြန့်ခင်းပြီး ၎င်းလက်ဝါးအား ဓားဖြင့် ခြစ်ချလိုက်၏။ သွေးများ လက်ဖဝါးဝယ် ထွက်လာသောအခါ ကဒ်ပြား (၁၃)ချပ်ရှေ့၌ ဖယောင်းတိုင်ထွန်းကာ ကဒ်ပြားများ အပေါ်သို့ လက်ဖြင့် အုပ်မိုးလိုက်လေ၏။ မျက်စိမှိတ်ထားသော ယန်စီလက်ထဲသို့ ကဒ်တစ်ချပ် ပါလာလေ၏။

ယန်စီက လက်ထဲကပ်ပါလာသော ကဒ်ပြားကို ကြည့်လိုက်ရာ သရဲများ လပြည့်ညတွင် ပျော်မြူးနေပုံဖြစ်လေ၏။ ယန်စီက ခေါင်းတဆတ်ဆတ် ညိတ်ရင်း. . .

"သူဌေးလေးရေ. . ကျွန်တော်တို့တော့အဲဒီလူသတ်သမားနဲ့ မလွဲမသွေ တွေ့ကြရလိမ့်မယ်၊ အဲဒီလူဟာ လူထူးလူဆန်းတစ်ယောက်ပဲ"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်မှာ ယန်စီ ပြောသလို ၎င်းသင်ကြားပေးသော ကဒ်ပြားများ၏ အဓိပ္ပာယ်ကို သိနေသူဖြစ်ရာ သရဲများ လပြည့်ညတွင် ပျော်မြူးနေသော အဓိပ္ပာယ်မှာ မကောင်းသော သူနှင့် လပြည့်ညများတွင် မလွဲမသွေ ကြုံတွေ့ရမည့် နိမိတ်လည်း ဖြစ်လေ၏။

မကြာမီ ခမောက်ကြီး ဆောင်းထားသော လူတစ်ဦး ရောက်လာပြီး ၎င်းလက်ထဲ၌ ချိုင့်ကြီးတစ်ချိုင့် ပါလာ၏။

"ဩော်. . ဦးကြီးတောင် ရောက်ပြီလား၊ ထားခဲ့ပါ. . ထားခဲ့ပါ"

ဟု ယန်စီက ပြောလျှင် ထို ခမောက်ဆောင်းထားသော လူကြီးမှာ ချိုင့်ကြီးကို တဲအတွင်းထား၍ ထွက်သွားလေ၏။ ယန်စီက ချိုင့်ထဲရှိ စားသောက်ဖွယ်ရာများကို ပြင်ဆင်ရင်း. . .

"သူဌေးလေးရေ. . . ဆာဆာ၊ မဆာဆာ နေလည့်စာကိုတော့ ဗိုက်ပြည့်အောင် စားပေတော့၊ ပြီးရင် နတ်စည်းစိမ်လေးယူပြီး တစ်ရေးတစ်မောလောက် အိပ်လိုက်ပါဦး၊ သူဌေးလေးက တစ်ညလုံး ခရီးနှင်လာရတာဆိုတော့ ပင်ပန်းနေပြီမှတ်လား"

ဟု ပြောလျှင် ကျွန်ုပ်မှာ အံ့သြဖွယ်ရာကောင်းလောက်သော လူများနှင့် ဘဝ၌ ဆုံတွေ့ရခြင်းကို စဉ်းစား၍ မရနိုင်အောင် ဖြစ်မိလေတော့သတည်း။

(ရွှေလဆက်ရန်)

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

## ကုသိုလ်ပြု လှူဒါန်းရန် မိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါဇီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုင့်လျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပွတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အစီစဉ်တွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါဇီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဝွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရမိုးကောင်းကင်မှ ကြယ်စင်

(ယခင်လမှအဆက်)

**မြန်နန်းရှင်**

တစ်နေ့ ဆရာတော်မှ ...

"ဒကာစိန် ... ကလေးကို ဆုံးချမယ်။ ကိုရင်အဖြစ် သင်္ကန်းစည်းပြီး ဘုရားသားတော်အဖြစ် ခံယူဖို့ အချိန်တန်ပြီ။ ဒကာမလေးနဲ့ ဒကာလေးကို ခေါ်လာခဲ့ကြ"

ဆရာတော်အနီးမှာ ပညာရည်စို့သင်နေခဲ့တာ သုံးနှစ်သုံးမိုးဆိုတော့ မောင်ကဏ္ဍာလေးပင် လူပျိုပေါက်အရွယ် ရောက်လာပေပြီ။

ဆရာတော်၏ သွန်သင်ဆုံးမမှု ခံယူနေစဉ် ဆရာတော်က လိုအပ်၍ ဆောင်ရွက်ခိုင်းတာမို့ ဦးဘစိန်တို့က ရိုသေရိုကျိုးစွာဆောင်ရွက်တော့သည်။

ပကာသနမပါ၊ သဘာဝကျကျ အုန်းပွဲငှက်ပျောပွဲနှင့် ဆရာတော် အဘိုးဦးဘစိန်၊ အဖေ၊ အမေနှင့် မောင်ကဏ္ဍာတို့သာ ကိုရင်ပြုပွဲကျင်းပကြသည်။

သင်္ကန်းတောင်းပြီး ရှင်သာမဏေအဖြစ် သင်္ကန်းကို ဆရာတော်ကိုယ်တိုင်စည်းပေးပြီး –

"ဝိဇ္ဇာရဲ့သား ဘုရားသားအဖြစ် ခံယူတာ စည်တွေဗြောတွေ မလိုပါဘူးကွာ။ လူမသိပေမယ့် နတ်သိ၊ ဗြဟ္မာသိ၊ ပုဂ္ဂိုလ်တွေသိဖို့ပဲ လိုတယ်ကွနော်။ ဒီကနေ့ လူကလေးရဲ့ ကိုရင်ဘွဲ့ကလည်း 'ရှင်ကဏ္ဍာ'ပဲနော်။

မွေးစကနေ ဘဝဆုံးအထိ လူကလေးက နာမည်တစ်လုံးနဲ့နေရမှာဆိုတော့ လူ့ဘဝမှာ မောင်ကဏ္ဍာ၊ ရှင်ဘဝမှာ ရှင်ကဏ္ဍာပဲ ရှိနေရမယ်။ ဟုတ်ပြီလား"

"မှန်ပါ့ဘုရား"

ရှင်ကဏ္ဍာလေး၏ ဝင်းဝါစိုပြည်သော အသားအရေက ခုလို သင်္ကန်းဝတ်လိုက်မှ သင်္ကန်း၏အရောင်နှင့် ပိုမိုတင့်တယ်နေသလိုပင်။

သင်းမြကတော့ သားဖြစ်သူကို ပီတိတဝေဝေနှင့်ငေးကြည့်နေမိသည်။

"ဟဲ့ ... ဒကာမလေး နင်က ဘုန်းရှိတဲ့သားကို မွေးထားတာနော်။ နင်လည်း ကလေးရဲ့ဘုန်းကံကို မမီတောင် စည်းဝင်ဘောင်ဝင်ဖြစ်အောင် ကြိုးကုတ်အားထုတ်ကြနော်။ ကျုပ်က ကလေးကို အရောင်တောက်ပြောင်အောင် အရောင်တင်ပေးတဲ့ ပေါလစ်သမား။ ဒါပေမယ့် ပေါလစ်ဆိုတာ တင်ချင်တိုင်းတင်လို့ မရဘူးလေ။ အတိုက်ခံမယ့်ပစ္စည်းကလည်း ရှိနေမှ အဲဒီပစ္စည်းက အရည်အသွေးကောင်းမှ ပေါလစ်က အရောင်ပြောင်တောက်ပလာသလိုပဲ ဒီသဘောပဲ မှတ်ထားကြနော်။

ကလေးရဲ့ ဘုန်းကံရိပ်မှာ ခိုဝင်ဖို့ ဖိုးအေကလည်း ကြိုးစားတရားဘာဝနာအားထုတ်။ အဖေအမေကလည်း ကြိုးစားပြီး လောကုတ္တရာတရားကို ကျင့်ကြံအားထုတ်ကြပေတော့"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

◆◆◆

### အခန်း(၁၇)

ကိုရင် 'ရှင်ကဏ္ဍာ'

သမထ အကျင့်စခန်းကို သုံးနှစ်မျှ အပတ်တကုတ်ကျင့်ကြံထားသဖြင့် ကိုရင်'ရှင်ကဏ္ဍာ'အဖြစ် ရောက်ချိန်မှာ တရားကောင်းစွာ အားထုတ်တတ်နေပြီ။ မနောဓာတ်၊ အမြင်ဓာတ်ကလေးများ ပွင့်လို့လာပါသည်။

တစ်ခုသော ညသန်းခေါင် တစ်ပါးတည်း တရားထိုင်စဉ်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com

အိမ်တစ်ခုလုံး ပေါ့ပါးကာ ...

လောကတစ်နေရာသို့ ရောက်ရှိနေပါသည်။ ထိုခေတ်ကာလက တီဗွီဘာညာ ပေါ်ထွန်းချိန်မဟုတ်၍ ရုပ်ရှင်ပိတ်ကားထက်က ဓာတ်လမ်းဓာတ်ကွက်ကို ကြည့်မြင်နေရသလိုပင်။

ထိုမြင်ကွင်းနောက်ကို စိတ်နစ်မျောမပါရှိအောင် 'ရှင်ကဿပ' အနိစ္စ၊ ဒုက္ခဆိုသည့် သတိဆိုတဲ့ ပဲ့နှင့် ထိန်းချုပ်ထားပါသည်။

ထူထပ်သော တောအုပ်၊ သာယာသော တောင်စဉ်တောင်တန်းတွင် မြင့်မားသောတောင်၏ လိုဏ်အတွင်း ကြီးကျယ်ခမ်းနားသော နေရာတစ်ခု ဖြစ်ရှိလေသည်။

ထိုနေရာသည် 'ရှင်ကဿပ' ရောက်ဖူးသလိုလို၊ ရင်းနှီးကျွမ်းဝင်သကဲ့သို့ ခံစားလိုက်ရသည်။

အလွန်များပြားသော မြွေတို့ကို အလွန်ကြီးမားသော မြွေကြီးတစ်ကောင်က အုပ်ချုပ်နေပါသည်။

'မြွေဘုရင်'သည် ဒေါသပြင်းထန်စွာ ပေါက်ကွဲနေပါသည်။ သူတို့၏ အမူအရာကို မြင်ရုံနှင့် သူတို့ဘာသာစကားကို ရှင်ကဿပနားလည်နေသည်။

စုရုံးရောက်ရှိနေသော မြွေအပေါင်းတို့ကို 'မြွေဘုရင်'မင်းမြွတ်က ပြောဆိုနေပုံမှာ –

"ငါတို့ဘက်က သေချာအောင် လွှတ်လိုက်တဲ့ သားတော် စစ်သူကြီးကိုလည်း ဟိုဘက်က အပိုင်ရသွားပြီ။ အဲဒါ မောင်မင်းတို့ လိုက်ပါစောင့်ရှောက်မှု ညံ့ဖျင်းလို့ပဲ။ ကဲ ... အပြစ်ရှိတဲ့ကောင်၊ တာဝန်မကျေတဲ့ကောင်ကို ဆုံးမရမယ်"

မြွေထီးကြီးနှစ်ကောင်မှာ ခေါင်းပင်မထောင်နိုင်ပေ။ မြွေအားလုံးရှေ့မှာ မြွေစကြာတုတ်နှင့် ရိုက်ပါတော့သည်။ တအားအားဖြင့် ငယ်သံပါအောင်အော်နေသော မြွေအကျဉ်းသားနှစ်ကောင်၏ မြင်ကွင်းက မရှုမလှပင်။

ပြီး ... ခေါင်းတလားတစ်ခုထဲမှာ အစွယ်မပါ၊ အသက်မရှိ၊ မြွေတစ်ကောင်ကို တွေ့လိုက်ရသည်။ထိုမြွေခန္ဓာပိုင်ရှင်မှာ 'ရှင်ကဿပ'ဖြစ်လို့နေသည်။ မြွေဘုရင်ကြီးမှာ ခေါင်းတလားဘက်လှည့်ကာ မျက်ရည်လည်ရွဲနှင့် ငိုနေရင်း ...

"ငါတို့ရဲ့ သားတော်လေးက လူ့ပြည်လူ့လောကမှာ လူ့ငွေ့မဟပ်စေဘဲ ဆရာတော်တစ်ပါးက စောင့်ရှောက်ထားပေတယ်။ ဟိုဘက်လောက ပါသွားပေမယ့် အရိယာဝိဇ္ဇာရဲ့ လက်ထဲမှာမို့ ငါဖြေသာပါတယ်။ ဒီတော့ ငါ့သားလေးလျှောက်တဲ့လမ်းမှာ ခလုတ်မထိ၊ ဆူးမငြိအောင် မင်းတို့ ဝိုင်းကူစောင့်ရှောက်ကြ။ သားလေး သူတော်ကောင်းဘဝနဲ့ ကျွတ်တမ်းဝင်ရင် ငါ့ဖို့လည်း ကောင်းရာမွန်ရာဘုံ ရောက်ကြရမယ်။ သည်တစ်ခါ ပေါ့ပေါ့လျော့လျော့ မနေကြနဲ့။ ငါ့သားတော်လေး တစ်ခုခုဖြစ်တယ်ဆိုရင် မင်းတို့ကို အဆုံးစီရင်လိုက်မယ်"

တစ်ဖက်ဘဝ၏ မိဘမေတ္တာကို သိရှိခံစားလိုက်ရသဖြင့် ဝမ်းနည်းစိတ်တို့ လှိုက်ကနဲတက်လာစဉ် ...

သတိ ... သတိ ... ဒါ သဗ္ဗေသတ္တာ သခါရတရားဟု နှလုံးသွင်းလိုက်ကာ ...

"ရှင်ကဿပ မြင်ရတွေ့ရသမျှ ဓမ္မဗ္ဗာကမ္မဋ္ဌာန်း ပွားများပေးလိုက်ပါ"

ဆရာတော်၏ ဓာတ်မနောအစဉ်မှာ ရှင်ကဿပ အာရုံရှေ့လျှားနေပုံကို အပိုင်အနိုင် သိနေသကဲ့သို့ သတိပေးလာပါသည်။

ရှုမှတ်ပွားများ သတိတရားလက်ကိုင်ထားပြီး အကျင့်စခန်း နာရီပြည့်အောင် ကျင့်ဆောင်ပွားများလေတော့သည်။ နောက်တစ်နေ့ အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆရာတော်အား ကပ်လှူပြီးစဉ် ဆွမ်းမစားမီ ဆရာတော်က အနီးသို့ခေါ်ကာ နူးညံ့ညင်သာသော လက်နှစ်ဖက်နှင့် ရှင်ကဿပ၏ဦးခေါင်းကို သပ်ချပေးရင်း ...

"ရှင်ကဿပ ညက မြင်ကွင်းကို မြင်ရတော့ လူသာမန်စိတ်မဝင်အောင် ဥပေက္ခာသန္တီရဏစိတ် နှလုံးသွင်းပြီး ရှုမှတ်ရတယ်ကွဲ့။

ကိုရင် အရွယ်ရောက်လာရင် လူ့ဘဝနဲ့ သာသနာပြုတဲ့အခါ သူတို့ လိုက်ပါစောင့်ရှောက်ပေလိမ့်မယ်။ အန္တရာယ်တော့ မပြုကြတော့ပါဘူး။ စောင့်ရှောက်ရုံသက်သက်နဲ့ သူတို့လည်း ကုသိုလ်ပါရမီဖြည့်ကြပါလိမ့်မယ်။

ကိုရင့်ကို ဘုန်းဘုန်းခေါ်ထားရခြင်းက ကိုရင်မှတစ်ဆင့် ပဋ္ဌာန်းဆက်ရှိကြသူ ၃၁ ဘုံမှာရှိတဲ့ အဆွေအမျိုးတွေ ကျွတ်တမ်းဝင်ဖို့ သာသနာ့ခွဲတမ်း တာဝန်ယူထမ်းဆောင်နိုင်ဖို့ လက်ဆင့်ကမ်းရတာပဲ။

ဒီလို လုပ်ဆောင်ပေးဖို့ ဘုန်းဘုန်းမှာ တာဝန်ရှိနေတယ်။ ဒါ့ကြောင့် ဘုန်းဘုန်း တတ်ကျွမ်းလေ့လာထားသမျှ လောကီဝိဇ္ဇာ မဟာဗိဒ္ဓာကို ပိုင်ပိုင်နိုင်နိုင် ကြိုးစားကျင့်ပါတော့ယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

အဆင့်ပြီးရင် လောကုတ္တရာလိုင်းကို တက်ဖို့ လွယ်သွားပြီ။

အပြောလွယ်သလောက် အလုပ် ခက်တာမို့ စိတ်ရှည်၊ သည်းခံဖွဲ့သန်ဖို့ နှလုံးမူရမယ်ကိုရင်"

ဆရာတော်၏ အဆုံးအမဩဝါဒတို့သည် အကျိုးနှင့်အကြောင်း ဆက်စပ်နေသည်မို့ ရှင်ကဏ္ဍအနေဖြင့် ထာဝစဉ် နာယူမှတ်သားထားမြဲ ပင်ဖြစ်သည်။

ဆရာတပည့် စကားဒေသနာ ကြားနေစဉ် ဦးဘစိန်ရောက်လာပြီး ဆရာတော်နှင့် ကိုရင်လေးအား ဝတ် ဖြည့်ပြီးထိုင်နေစဉ် ...

"ဒကာစိန် ... အကြောင်းရှိသလား"

"တင်ပျံ့ဘုရား ကိုရင်လေးရဲ့ မွေးနေ့လို့ သူ့မယ်တော်က ပြောပါ တယ်။ ဆွမ်းစားပင့်ချင်လို့ပါ ဘုရား"

"ဒီလိုဆိုတော့လည်း ခွင့်ပြုရ တာပေါ့။ ကိုရင် ဆွမ်းစားပြီး ထပြန် မလာနဲ့ဦး။ ဒကာ၊ ဒကာမ ကုသိုလ်ယူ နိုင်အောင် တရားဟောပြောခဲ့ချေဦး"

"တင်ပျံ့ဘုရား"

ရှင်ကဏ္ဍနှင့် အဘိုးဖြစ်သူတို့ ရွာထဲရှိ မယ်တော်အိမ်သို့ ဣန္ဒြေ သိက္ခာအပြည့်နှင့် လျှောက်လှမ်းလာ ခဲ့တော့သည်။

ရွာရှိ လူတို့ကလည်း ဆရာ တော်အား ကြောက်လို့သာ မလာရဲ သော်လည်း 'ရှင်ကဏ္ဍ'ကြွလာမည်ဆို ၍ စိတ်ဝင်တစား ထွက်ဖူးကြပြီး ...

ဟိုအိမ်က ဆွမ်းဟင်းတစ် ခွက်၊ သည်အိမ်က ဆွမ်းဟင်းတစ်ခွက်နှင့် ဆွမ်းဝိုင်းပင် ဆွမ်းဟင်းမဆံ့တော့။

အသက်ငယ်စဉ် ကတည်းက သက်လွတ်သက်ပယ်သာ စားသဖြင့် အားလုံးက ရှင်ကဏ္ဍအပေါ် ကြည်ညို လေးစားနေကြသည်။

ဆွမ်းဘုဉ်းပေးနေစဉ်လည်း ဣန္ဒြေ သိက္ခာအရ မျက်လွှာကို အစဉ်ချထား လေသည်။ လာကြသည့် ပရိသတ် များကလည်း –

"အရွယ်သာငယ်ပေမယ့် ဆရာ တော်ကြီး ကျနေတာပဲ"

ဆိုတာမျိုး။

"သင်းမြတ်တို့များ တစ်ယောက်ဆို တစ်ယောက် သားကောင်းသားမြတ် ရထားတာ။ ကံကောင်းလိုက်တာ"

ဆိုပြီး အားကျသူတွေကရှိ။

"ဟမ်း ... ဟမ်း"

ကိုရင်ချောင်းဟန့်သံပေးမှ ဒကာ၊ ဒကာမတို့စကားသံ တိတ်သွားကြရ သည်။

"ဒီနေ့လာကြတဲ့ ဒကာ၊ ဒကာမ တို့ကို ကိုရင် တရားနည်းနည်း ဟော ပေးမယ်။ အားလုံးလက်အုပ်ချီ ဩ ကာသနဲ့ ကန်တော့ကြပါ"

အဘိုးဖြစ်သူရော၊ အဖေရော၊ အမေပါ သားကလေးကိုရင်ရဲ့ တရား ကို နာရမယ်ဆိုတော့ ပြုံးလို့နေကြ သည်။ ဩကာသအစချီ ငါးပါးသီလခံ ယူပြီး နောက်မှာတော့ ...

"ကျုပ်ပြောချင်တာက ဒါန၊ သီလ၊ ဘာဝနာဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်လိုသူတွေ ကျင့်သုံးရ မယ့် အခြေခံအုတ်မြစ် ဖြစ်တယ်။

အဲဒီ အခြေခံအုတ်မြစ် တည် ဆောက်ပြီးမှ သောတာပန်၊ သကဒါ ဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ အဆောက် အအုံကို တည်ဆောက်လို့ရတာပါ။ သီလအမျိုးအစားတွေ ရှိတာကော သိ ကြရဲ့လား"

"သိပါတယ် ဘုရား"

"ကိုင်း ... ဘာတွေတုံး ဆိုကြ ပါဦး"

"ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ် ပါးပါ ဘုရား"

"ဟုတ်ပြီ။ ငါးပါးကတော့ လူ ပုဂ္ဂိုလ်တို့ နေ့စဉ်စောင့်ထိန်းကြရမယ့် သီလဖြစ်တယ်။ စောင့်ကောစောင့် ထိန်းနိုင်ကြသလား"

"ငါးပါးလုံးတော့ မစောင့်ထိန်း နိုင်ပါဘူးဘုရား"

"ဒါကြောင့် သီလဆောက် တည်ရမယ့်သူတွေ လိုက်နာရမယ့် စည်းကမ်း၊ ဘယ်လိုနေထိုင်ရမယ်၊ သီလကို ဘယ်လိုတန်ဖိုးထားရင် အကျိုး တရားရရှိပုံ၊ သီလပျက်ရင် ရရှိတဲ့ အကြောင်းတရားကို ရှင်းပြမယ်"

"မှန်ပါ့ဘုရား"

ဆရာနှင့် ဒကာတွေကတော့ ဟုတ်နေပေသည်။

"ကိုရင်တို့ ... ရဟန်းသံဃာ တွေမှာ ပါရာဇိက သီလတော်ကြီး လေးပါးက ရဟန်းတော်တွေရဲ့ နိစ္စ သီလဖြစ်တယ်။ သီလတစ်ပါးပျက် တာနဲ့ ကျန်သီလတွေ ပျက်ကုန်ရော။ လိင်ဆယ်ပါးသီလဟာ သာမဏေ သီလဖြစ်ပြီး နိစ္စသီလလည်းဖြစ်တယ်။ ကျန်သီလတစ်ပါးပျက်ရင် ကျန်သီလ တွေ ပျက်တယ်။ ဒါဆို ကိုရင်မဟုတ် တော့ဘူး။ သရဏဂုံသီလ ပြန်ယူမှ ကိုရင် ပြန်ရတယ်။

လူပုဂ္ဂိုလ်တွေရဲ့ ငါးပါးသီလက



www.burmeseclassic.com

www.burmeseclassic.com

နိစ္စသီလဖြစ်ငြ ၊ တစ်ပါးပါးကျိုးလွန်ရင် အပါယ်ငရဲလားရခြင်းဆိုင်ရာအပြစ်ဒဏ်တွေ ခံကြရတယ်။

ဒါကြောင့် ဆိုင်ရာအပြစ်ဒဏ်မကျရောက်စေဖို့ ဆိုင်ရာသီလကိုစောင့်ထိန်းလျှင် ငါးပါးသီလလုံသူဟာ အပါယ်တံခါးပိတ်တယ်လို့ဆိုပါတယ်။

အနည်းဆုံး တစ်ပါးသီလစောင့်ထိန်းရုံနှင့်ပင် အကျိုးတရား ခံစားရရှိနိုင်တဲ့ တရားသီလမျိုး ဖြစ်ပါတယ်။ အနည်းဆုံး မိမိနိုင်ရာ တစ်ပါးသီလကို ဆောက်တည်နေထိုင်ကြပါ။

ငါးရာ့ငါးဆယ် ဇာတ်တော်ထဲမှာ ဂေါတမဘုရားလောင်းလျာဟာ သူဆင်းရဲမျိုးမှာဖြစ်စဉ်က သူဌေးနဲ့ အိမ်ရှိလူကုန်အားလုံး ဥပုသ်သီလစောင့်ကြတာ နေ့တစ်ဝက်ကုန်မှသိလို့ နေ့တစ်ဝက် ဥပုသ်သီလစောင့်ခဲ့ခြင်းကြောင့် အဲဒီနေ့အရဏ်တက်မှာ ကွယ်လွန်ပြီး ဗာရာဏသီမင်းရဲ့ မိဖုရားဝမ်းမှာ ဝင်စားပြီး မွေးဖွားကြီးပြင်းလာတော့ အရွယ်ရောက်ချိန်မှာ ထီးနန်းဆက်ခံခွင့် ရရှိခဲ့ပါတယ်။

ဥပုသ်သီလ ဆောက်တည်ပြီး သမာဓိတည်ထောင်ခြင်း၊ ဘာဝနာပွားများကာ နေထိုင်အပ်တယ်။

ဥပုသ်နဲ့သီလနဲ့ စောင့်ထိန်းနေသူဟာ စကြဝတေးမင်းစည်းစိမ်ထက် ချမ်းသာထက်မြက်သည်။ သီလအကျိုးအာနိသင်က သုဂတိလားရတယ်။ နိဗ္ဗာန်ရောက်ကြောင်း ကံအထောက်အပံ့ဖြစ်လို့ပဲ။

အင်း ...ဥပုသ်သီလစောင့်တယ်ဆိုပြီး အိမ်ကနေ ကျောင်းကိုလာ၊ သီလတော့ ဆောက်တည်ပါရဲ့ ကျောင်းကကျွေးမွေးတာတွေ နင်းကန်စား၊ အဲဒီမှာ ဘီလူးဥပုသ် ဖြစ်သွားတတ်တယ်။ ဖြစ်ချင်လား ဒကာ၊ ဒကာမတွေ''

''မဖြစ်ချင်ပါဘူး''

နောက်တစ်မျိုးက စားစရာရှိတာစားပြီးတာနဲ့ ကျောင်းကပြင်ကို အေးအေးဆေးဆေး ခေါင်းချပြီးအိပ်တဲ့ နဂါးဥပုသ်သီလသည်လေ။ အဲဒီထဲမှာရော ပါကြမလား''

''ဟိ ...ဟိ''

ရယ်သံများ ကြားနေရသည်။

''ကောင်းပြီ။ သီလတွေဆောက်တည်ထားပါရဲ့ မနက်လာ၊ ညနေအိမ်ကိုပြန်ပြေးချင်တဲ့စိတ်နဲ့ အိမ်ပြန်ပြေးတဲ့ 'စာကလေး'ဥပုသ်သည်ဆိုတာ ဖြစ်နေကြဦးမယ်''

''ကဲ ...ဥပုသ်သီလများနှင့်ပြည့်ဝစွာတည်ဆောက်ပြီး လိုအင်ဆန္ဒပြည့်ဝ၍ နိဗ္ဗာန်စခန်းသွားနိုင်ကြပါစေ သာဓု ...သာဓု ...သာဓု''

ကိုရင် ရှင်ကဿပ၏ တရားအလှူလည်း ပြီးဆုံးကာ ရေစက်ချကာ သတ္တဝါဝေနေယျတို့ မေတ္တာခံယူ ပို့သအမျှဝေကာ တရားပွဲပြီးဆုံးလေတော့သည်။ ထိုသတင်းကို ရွာထဲမှ ဆွမ်းချိုင့်ပို့သူများ ရောက်လာပြီး ဆရာတော်နားသို့ ပေါက်ကြားလေသည်။

ဆရာတော်ကတော့ တဖြည်းဖြည်း အရွယ်ရောက်လာပြီး ပညာရင့်ကျက်လာသော ကိုရင်ကြီး ရှင်ကဿပအား တော်ရုံဝေနေယျကိစ္စများကို လွှဲအပ်တော်မူလေသည်။ တော်ရုံရောဂါဝေဒနာ အစီအရင်များကို ရှင်ကဿပကသာ စီမံဆောင်ရွက်ပေးလာသည်မှာ ရဟန်းဘောင်ဝင်ရန် အသက်ရွယ်သို့ပင် ရောက်လာတော့သည်။

◆◆◆

## အခန်း(၁၈)

သိမ်မှထွက်လာသော ရှင်ကဿပ၏ ရဟန်းခံပွဲမှာတော့ မည်သူ့ကိုမျှ မဖိတ်မကြားရပဲနှင့် ပရိသတ်တို့ တစ်ယောက်လက်တစ်ယောက်တို့ကာ စုရုံးရောက်ရှိလာပြီး သိမ်ဆင်းလောင်းကြလေတော့သည်။ ထိုအဖြစ်အပျက်အပြင် ...

လော်စပီကာနှင့် အော်ခြင်းမဟုတ်ဘဲ သိမ်ဆင်းအပြီး ဆွမ်းကပ်လှူရန် တနိုင်ချက်ပြုတ်လာသော ဆွမ်းခဲဖွယ်များက ပြည့်စုံလို့နေသည်။ ရဟန်းဘောင်တက်ရောက်အပြီးမှာတော့ ဆရာတော်သည် ...

''ဒီနေ့အဖြစ်ကိုကြည့်၊ ရှင်ကဿပ ရဟန်းပြုတာ မဖိတ်မကြားဘဲ လှူကြ၊ တန်းကြ စည်ကားနေလိုက်တာ သတိပြုမိရဲ့လား''

''တင်ပါ့ဘုရား''

''အေး ...အဲဒါ ရှင်ကဿပ အလုပ်မှန်လို့ပဲ။ ဒီအပေါ်မှာ ယစ်မူးသာယာနေလို့ မရဘူး။ မနက်ဖန်ကစပြီး ကိုယ်တော်ကို အကျင့်စခန်းတစ်ခု စတင်ဖို့ ပြင်ဆင်ထားပေတော့''

''မှန်ပါ့ဘုရား''

◆◆◆

နံနက်မိုးသောက် အရုဏ်တက်မှာတော့ ကျက်သရေခန်းအတွင်းမှာ အသင့်စောင့်နေသော ဆရာတော်ရှေ့ ဒူးတုပ်ရှိခိုးကာနေသည် ...



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ကဿပ တပည့်သာဝကတွေ စွမ်းရည်ထက်မြက်ဖို့ ဗုဒ္ဓဘုရား ဟောကြားညွှန်ပြခဲ့တဲ့ ကသိုဏ်း ၄၀ ဆိုတာ ရှိတယ်။

တပည့်တွေရဲ့ စရိုက်နဲ့ ပါရမီကိုလိုက်ပြီး အနုအရင့်ပေါ်မှာမူတည်ပြီး ထိုက်ရာတန်ရာကို ချီးမြှင့်ကြရတယ်။

ဒီကနေ့ကစပြီး ရှင်ကဿပ ကသိုဏ်းဆယ်ပါးထဲက 'ပထဝီ'ကသိုဏ်းကို စတင်လေ့ကျင့်အားထုတ်ရမယ်။

ဘယ်လို အဆင့်တွေကိုပဲ ကျင့်ကျင့် 'ပရိကံ'မဆောင်ရွက်ဘဲနဲ့ လုပ်ဆောင်ရင် ကျောင်းသားစာမေးပွဲ မအောင်လို့ အတန်းမတက်ရသလိုပဲ ဘယ်အတန်း ဘယ်အဆင့်ကိုရောက်ရောက် 'ပရိကံ'ခံယူကြရတယ်"

"တင်ပါ့ဘုရား"

"အေး ... ပထဝီကသိုဏ်း ကျင့်စဉ်ဆိုတာ သမာဓိအား အထူးကောင်းစေသော၊ စိတ်တန်ခိုးထက်မြက်စေသော ကျင့်စဉ်ဖြစ်တယ်။ ဒီဘက်ကိုကြည့်လိုက်စမ်း"

ဆရာတော် ညွှန်ပြရာဘက်မှာတော့ ဝါ၊ စိမ်း၊ နီခြယ်ထားသော စက်ဝိုင်းအထပ်ထပ်ဆွဲထားသောပုံဖြစ်သည်။

"ကောင်းပြီ ရှင်ကဿပ။ ဒီပုံရှေ့မှာ လာထိုင်စမ်း"

"အေး ... ဟောဒီပုံကို မျက်နှာမူပြီး အလယ်ကအညိုရောင်ကသိုဏ်း စက်ဝန်းနှင့် မျက်စိတစ်တန်းတည်းရှိနေရမယ်"

"တင်ပါ့ဘုရား"

"တရားထိုင်ပုံ ထိုင်နည်းအတိုင်း ချမ်းသာစွာ ထိုင်ရမယ်"

"ထိုင်ပါပြီဘုရား"

"လူသူကင်းဝေးတဲ့ ဆိတ်ငြိမ်ရာမှာ ကျင့်ရမှာ။ ဒီတော့ စေတီထဲက လိုဏ်ဂူထဲ တံခါးပိတ်ပြီး ကျင့်ရမယ်"

"တင်ပါ့ဘုရား"

"မိမိရဲ့ စိတ်ဆန္ဒကို တစ်နာရီတိတိ ထိုင်ပါ့မယ်လို့ အမြင့်ဆုံးစိတ်ထားပြီး အားထုတ်ရမယ်"

"လုပ်ပါ့မယ်ဘုရား"

"ပထဝီကသိုဏ်း ကိုးလက်မ အတွင်းမှာပဲ အဓိကထား စူးစိုက်ကြည့်နေရမယ်။ အာရုံမများရဘူး။ ဘယ်လိုရုပ် ပုံသဏ္ဌာန် ပေါ်လာပါစေ စိတ်က လိုက်မသွားရဘူး။ ကသိုဏ်းဝန်းထဲကိုသာ စိတ်အားထက်သန်စွာ ရှုမှတ်ပွားများနေရမယ်။

ပရိကံက ကသိုဏ်းဝန်းမခွဲမချင်း ရက် ၃၀ တိုင်အောင် အကြိမ်ကြိမ် ရှုမှတ်ပွားများရမယ်။ နောက် မျက်စိမှိတ်ထားလည်း ပထဝီကိုးလက်မ ကသိုဏ်းဝန်းကို တွေ့မြင်စွဲမြဲရင် ပရိကံနိမိတ် ရပြီဖြစ်တယ်။

အေး ... ကျင့်စဉ်တွေကတော့ အများကြီးရှိပေတယ်။ 'မဟိဒ္ဓိ မဟာဂန္ဓာရီ'ဘွဲ့အမည်ခံဖို့က အဆင့်ကို အနည်းဆုံး ၁၆ ဆင့်ရှိတယ်။ ၁၆ ဆင့်လုံးပြီးဆုံးဖို့ မလွယ်ဘူး။

လူသာမန်တို့ ကျင့်နိုင်ဖို့ဝေးလို့ ယောဂါအာဇာနည်တို့နဲ့သာ ထိုက်တန်ပေတယ်"

"တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

"ဖြစ်ချင်ဇောနဲ့ ကြိုးစားရင်လည်း လောဘဖြစ်တယ်။ မဖြစ်ရကောင်းလား စိတ်ဝင်ရင်လည်း ဒေါသဖြစ်မယ်။ အလယ်အလတ်စိတ်ထားပြီး ကျင့်တာမှ မှန်တယ်"

"တင်ပါ့ဘုရား"

"ဟောဒီမှာ ပရိကံခံယူပုံ ရေးမှတ်ထားတာ ရအောင်ကျက်ထား။ မနက်ဖြန် အလုပ်စခန်းစဝင်မယ်။ နားလည်လား"

"တင်ပါ့ဘုရား"

◆◆◆

## အခန်း(၁၉)

'ရှင်ကဿပ' ကသိုဏ်းဆယ်ပါးထဲမှာ ပထဝီကသိုဏ်း ပြီးမြောက်အောင်မြင်ချိန်မှာတော့ ရှင်ကဿပ အဓိဋ္ဌာန်ဝင်ရာ အရှေ့ဘက်စည်းဝိုင်း အတွင်းမှာ မြေတိုမှို့မောက်တက်လာကာ မှိုပွင့်သဏ္ဌာန်ဖြစ်လာတော့သည်။ ဆရာတော်က ခေါင်းတညိတ်ညိတ်ဖြင့်ကြည့်ပြီး ...

"ရှင်ကဿပဟာ သားတပည့်အဖြစ် မွေးရကျိုးနပ်ပေတယ်။ ရှင်ကဿပ အမျိုးအနွယ်တွေ မြေအောက်ထဲမှာ ပိတ်လှောင်ပြီးနေနေရတာ သူတို့ ကျွတ်တမ်းဝင်အောင် လုပ်ပေးဖို့ တာဝန်ရှိတယ်။ ဒါကြောင့် ကျုပ်ရဲ့ ဓာတ်ကို ပိုင်အောင် နောကျေအောင် ကျင့်ပေတော့"

"ကဲ ... နောက်အဆင့်တွေ တက်ကြဦးစို့"

"ဒုတိယအဆင့် 'ဥဂ္ဂဟနိမိတ်'ကို တက်ကြရအောင်။ မတက်ခင်မှာ အာရုံမှာစွဲနေတဲ့ ကသိုဏ်းဝန်း ကျဉ်းမြောင်းမသွားအောင် အထူးဂရုစိုက်ရမယ်။ သေးကွေးသွားရင်၊ စိတ်တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com

နေ့ကွေးနည်းပါးသွားရင် မဟာဂန္ဓာရီ အဆင့်ကို အိပ်မက် မမက်နဲ့တော့"

"မှန်ပါ့ဘုရား"

"ကသိုဏ်းဝန်း ကျယ်လာရင် ၁၃ လက်မထက် မကျယ်စေနဲ့။ ကျယ်လာတဲ့အပေါ် ရှုမှတ်ရင် နိမိတ်တွေ မှနိုင်မနင်းဖြစ်တတ်တယ်။ အဲ့သလို ရှုမှတ်ရာမှာ နိမိတ်ကိုမနိုင်ခဲ့ရင် ဆုံး ဖြတ်ချက်ဇဝေဇဝါနဲ့ သာသနာပြုရာ မှာ မနိုင်မနင်း ဒုက္ခဖြစ်တတ်တယ်။ ကသိုဏ်းဝန်းကို နိုင်နင်းတည်ငြိမ်လာ ပြီဆိုရင် အဲဒါကို လက်ခံသာယာမနေ ရဘူး။ တော၊ တောင်အတု၊ လူနတ် ဝိဇ္ဇာအတုတွေ၊ ပုဂ္ဂိုလ်တွေက လှည့် စားဖန်တီးပေးတာသာ ဖြစ်တယ်။ နိမိတ်တု လှည့်စားပေးပုံကို နားလည် ပြီး ပယ်ပစ်ရမယ်။ တောလမိုင်း၊ တောင်လမိုင်း၊ ဝိဇ္ဇာလမိုင်းတွေရဲ့ နိမိတ်ကိုဖယ်ပစ်ပြီး မူလကသိုဏ်းဝန်း ကို ပြန်ရှုမှတ်ပေတော့။

ဥဂ္ဂဟနိမိတ် နောက်တစ်ဆင့် က ကသိုဏ်းဝန်းတွေကို၊ ဂဏန်းတွေ ကို စိတ်နဲ့ ကသိုဏ်းဝန်းထဲမှာ ရေးပြီး ပွားကြည့်ရမယ်။

အကြိမ်ကြိမ် အထပ်ထပ် ရှုမှတ် နိုင်ရင် ကြည်လင်ပြတ်သားတဲ့ ဥဂ္ဂဟ နိမိတ်ကို နိုင်နင်းလာပြီဆိုရင် 'ပဋိ ဘာဂနိမိတ်'ကို ရှုရမယ်။ ဒီနိမိတ်က အလွန်စင်ကြယ်တဲ့ နိမိတ်ပဲ။ ကြည် လင်ပြတ်သားတဲ့ ကသိုဏ်းဝန်းပေါ် လာတဲ့အထိ ရှုပေတော့။

မီးလင်းသလို အလင်းရောင်ပေါ် လာရင် လိုက်ပါမသွားနဲ့။ ခန္ဓာကိုယ် ကြွတက်လာသလို၊ ကြီးထွားလာ သလို ခံစားရလည်း အဲဒီထင်မြင်တာ တွေ ပယ်လိုက်ပါ။ ကသိုဏ်းဝန်းကို သာ စွဲမြဲစွာရှုနေပါ။ ဒီကသိုဏ်းဝန်း ဟာ စကြာဝဠာဆုံးထိ အတားအဆီး မရှိ ကြည်လင်ပြတ်သားတဲ့ ကသိုဏ်း ဝန်းမို့ ဖွဲ့ကောင်းကောင်းနဲ့ ခုနစ်ရက် ဆက်ရှုပေးရမယ်။

ဒုတိယဆင့်က အဲဒီကသိုဏ်း ဝန်း ကိုးလက်မကနေ ၁၈ လက်မ၊ အဲဒီကနေ ၈၁ လက်မအထိ ကသိုဏ်း ဝန်းကို အနုလုံ၊ ပဋိလုံ ရှုမှတ်အား ထုတ်ရပါမယ်။

သုံးရက်မှလေးရက် ဆက်အား ထုတ်မှ ပြီးဆုံးအောင်မြင်ပါတယ်။

ပဋိဘာဂနိမိတ် ဒုတိယဆင့် အောင်မှ မဟာဂန္ဓာရီ ၁၆ ဆင့်ကို အစဉ်အတိုင်း အားထုတ်ခွင့်ရမှာဖြစ် တယ်"

"ဒီ ပဋိဘာဂနိမိတ် လေ့ကျင့် အားထုတ်တဲ့သူက နိဝရဏတရား ငါးပါးကို တဖြည်းဖြည်းခြင်း ကျော် လွှားနိုင်တယ်။

ပထမ လောကီအာရုံ ကာမ ဂုဏ် နည်းမယ်။ ဒုတိယ ဒေါသနည်း မယ်။ တတိယ လေးလံထိုင်းမှိုင်းမှု နည်းမယ်။ စတုတ္ထ စိတ်ပျံ့လွင့်မှုနည်း မယ်။ ပဉ္စမ ဝိစိကိစ္ဆာ ကင်းဝေးမယ်။ ပဉ္စမ မိမိတရားမတက်တာနဲ့ သင်ပေး တဲ့ဆရာအပေါ် ဟုတ်မှ ဟုတ်ပါ့မလား သံသယစိတ်ဝင်တာတွေ ပျောက်သွား နိုင်တယ်။

ဒါကြောင့် မဟာဂန္ဓာရီအဆင့် တက်လို့ရသလို ဝိပဿနာကူးပြောင်း ရင်လည်း အကောင်းဆုံး အနေအထား ပါပဲ"

ဆရာတော်မှာ အရွယ်ကလည်း ဇရာပိုင်းသို့ ဝင်လာပြီမို့ ရှင်ကဏ္ဍာလေး အား တွန်း၍သင်ကြားပေးလေသည်။

ရပ်ရွာတွင် မနိုင်နင်းသော ကိစ္စ တော်တော်များများကို ရှင်ကဏ္ဍာကပင် နာမ်လောက၊ ပရလောကကိစ္စများ ကို ဖြေရှင်းပေးရပြန်သည်။

အချိန်ကာလကြာကြာ ည ကျောမခင်း အဓိဋ္ဌာန်ဖြင့် ရုက္ခမူဓုတင် ကိုလည်း သူ့အပိုင်းနှင့်သူ ကျင့်စေပြန် သည်။ လူတွေ၏ ပါးစပ်ဖျားမှာလည်း "မြွေလူသား ကိုယ်တော်"လေး က အစွမ်းထက်ပုံကို ပြော၍မဆုံးပေ။

ရှင်ကဏ္ဍာက ကြာလာတော့ –

"အရှင်ဘုရား တပည့်တော် လူ ငွေ့အပူဟပ်တော့ အာရုံနောက်လာပြီ။ တောထဲမှာပဲ ကျင့်ကြံပါရစေ ဘုရား"

"ငါ့ရှင် ဝိဇ္ဇာအလုပ်က ဖုံးတစ် ဝက်၊ ဖော်တစ်ဝက်နဲ့ သတ္တဝါကယ် သင့်လို့ ကယ်ရတာ။ ကုသိုလ်စိတ်ပွား စမ်းပါ"

ရှင်ကဏ္ဍာက နှုတ်ဆိတ်ကာ ဆရာ တော်ကို ဦးချနာခံလေတော့သည်။

◆◆◆

## အခန်း(၂၀)

တစ်နေ့ ....

"ရှင်ကဏ္ဍာ သုသာန်ဓုတင် ကျင့် ဆောင်ရန် ဒီည တစ်ပါးတည်း သွား ရမယ်။ ပရိက်ယူပုံယူနည်းက ယခင် အတိုင်းပဲနော်"

"တင်ပါ့ဘုရား"

"ရော့ ပါးစပ်ဟထား" ခတ် ပြာနဲ့ ရွှေချထားသော ဆေးလုံးကိုခွံ့ ၍ တိုက်လာသည်။

ရှင်ကဏ္ဍာတို့က ဆရာက သေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသော၊ ရှင်ဆိုရှင် တပည့်မျိုးဖြစ်၍ အထွန့်မတက် နာယူမြဲပင်။ ရက်မှလသို့ပြောင်းပြီး နှစ်တွေချီလာချိန်မှာ ...

"ရှင်ကဿပ သိပ်ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး ဘုရား။ ပညာသင်ရတာ ပျော်ပါတယ်"

"အေး ... တပည့်က ပညာသင်လို့ မဝနိုင်သေးပေမယ့် ကျုပ်ခန္ဓာ ဝန်ချချိန် နီးနေပြီ"

မထင်မှတ်သော စကားကို ရုတ်တရက် ကြားနာရသဖြင့် တုန်လှုပ်စိတ်ကလေး ဖြစ်ပေါ်မိပြီး ဆင်ခြင်လိုက်ကာ ...

"အရှင်ဘုရား ..."

"မတုန်လှုပ်နဲ့လေ။ လူတိုင်းကြုံတွေ့ရတဲ့ တရားခံစစ်ပွဲကွဲ့"

"ဟုတ်တော့ ဟုတ်ပါတယ် ဘုရား။ ဒါပေမယ့်"

"ဒီမှာငါ့ရှင် ငါပြောတာ၊ မှာတာ သေသေချာချာနားထောင်။ မင်းမယ်တော်ကို နောက်တစ်ပတ် အလှူပေးနိုင်းဖို့ စီစဉ်ပါလို့။ ဆန်ကိုးပြည်ထက် ပိုမချက်နဲ့လို့။ အသားလွတ်ဟင်းပဲ ဟော့"

"တင်ပါ့ဘုရား"

အကြောင်းတရားရှိ၍ အကျိုးတရားပေါ်ခြင်း ဖြစ်သည်။

သည်လိုနှင့် နောက်တစ်ပတ်မှာတော့ ကျောင်းရှိသံဃာကုန် ဆွမ်းတစ်။ ရွာလုံးကျွတ် အလှူဖိတ်ထား၍ လာကြလေသည်။

ဆရာတော့်ကျောင်းက အလှူ ညီ၍ ဆေးဖြစ်ဝါးဖြစ် ရွာနီးချုပ်စပ်ကပါ လာလိုက်ကြတာ။ အလှူရှင်ဒေါ်သင်းမြ ဆန်ကိုးပြည်တည်းမို့ မျက်လုံးပြူး ရင်တုန်ရချေပြီ။ မလောက်မငနှင့် အားနာစရာတွေ ဖြစ်တော့မှာပဲဟု။

ဒါကိုရိပ်မိသော ဆရာတော်က

"ရှင်ကဿပ ... ဒီခါးမကိုယူ။ ဟင်းအိုး၊ ထမင်းအိုးတွေ ကိုးချက်စီ ခေါက်ခဲ့"

ထမင်းချက်ဆောင် သွားကာ ထမင်းအိုး ဟင်းအိုးတွေကို ခါးမဖြင့် လိုက်ခေါက်လေတော့သည်။

ထမင်းစားမဏ္ဍပ်မှာ လူကအပြည့်။ မယုံနိုင်စရာ။ အလှူရှင် ဒေါ်သင်းမြက –

"အရှင်ဘုရား ... တပည့်တော်က ရွာကျောင်းသံဃာကုန်လောက်ပဲ စီစဉ်ထားတာ။ လူတွေဖိတ်ထားတယ်လို့ ထင်မထားဘူး"

"အေး ... သိဒ္ဓိထမင်း၊ သိဒ္ဓိဟင်းတွေ ခုနစ်ရက်သားသမီးကို ကျွေးခွင့်ရတာ သာဓုခေါ် ဒကာမကြီးရဲ့"

"မှန်ပါ့ ဝမ်းသာပါတယ်ဘုရား"

ကျောင်းပေါ်သို့ ဦးဘစိန် တက်လာပြီး ...

"အရှင်ဘုရား အလှူက ဘယ်အချိန်ထိပါလဲ ဘုရား"

"နေ့ ၁၂ နာရီအထိပေါ့ကွယ်။ မစားရသူမရှိစေရအောင် လှူတဲ့အလှူကွဲ့"

"မှန်ပါ့ဘုရား"

"အေး ... ၁၂ နာရီထိုးရင် အိုးခွက်ပန်းကန်တွေ မှောက်လိုက်တော့လို့"

ဆရာတော် ပြောသည့်အတိုင်းပင် နေ့ ၁၂ နာရီအချိန်တွင် ပန်းကန်ခွက်ယောက်များ စတင်မှောက်ထားလိုက်တာနှင့် စောစောက တရှန်းရှန်းလူများ ကြက်ပျောက်၊ ငှက်ပျောက်သကဲ့သို့ ထမင်းအိုးလည်းကုန်၊ ပရိသတ်လည်းမရှိ ကွက်တိပင်။

ရှင်ကဿပကတော့ ဆရာတော့်စွမ်းရည်ကို သဘောပေါက်ပြီးသားပင်။

အလှူကိစ္စ ပြီးမြောက်အောင်မြင်သော ညဉ့်ဦးပိုင်းအထိ ဆရာတော်ဘုရားမှာ ရှင်ကဿပလေးအား ဆုံးမသင်ကြားပေးလေသည်။

"ရှင်ကဿပ လူတော်တော်များများဟာ အခြေခံအဆင့်လောက်နဲ့ ဘဝင်မြင့် မာန်တက်ကြလေရဲ့။ တို့ဆရာသမားများကစပြီး ပညာသင်ပေးကတည်းက 'မကြွားရ၊ မပလွှားရ၊ ကိုယ်ကျိုးမရှာရ' စည်းကမ်းချက်တွေ ပြဋ္ဌာန်းခဲ့တာ မှတ်မိရဲ့လား"

"မှတ်မိပါတယ် ဘုရား"

"နှလုံးကော သွင်းရဲ့လား"

"နှလုံးသွင်းပါတယ် ဘုရား"

"နေထိုင်တဲ့အခါ ဘယ်လိုနေရမလဲ"

"ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးကဲ့သို့ပါ ဘုရား"

"ဘယ်အဓိဋ္ဌာန်နဲ့ ကျင့်ကြံအားထုတ်ရမလဲ"

"သီလ၊ သစ္စာ၊ ခန္တီ၊ မေတ္တာ၊ အဓိဋ္ဌာန်ပါဘုရား"

"မေတ္တာ ပွားများရင်ကော"

"စိတ်တည်ငြိမ်အောင် လေ့ကျင့်ပြီး သမာဓိထူထောင်ပြီးမှ မေတ္တာပွားများပို့သမှ ထိရောက်ပါတယ်ဘုရား"

"မေတ္တာပွားများခြင်းက ဘာသိဒ္ဓိတွေ ပေါက်မြောက်စေသလဲ"

"ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ကာယ



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိသုံးပါး ပြီးမြောက်ပါတယ် ဘုရား''

''ကောင်းပြီ။ အခု တို့များရဲ့ နောက်ဆုံးချီးမြှင့်မယ့် ကျင့်စဉ်ပဲ။ ကဲ မောင်ပဉ္စင်း အရိယာပုတ် မျှတအောင် ထိုင်ပါ''

ရှင်ကဿလည်း တင်ပျဉ်ခွေကာ ခါးဖြောင့်မတ်စွာထား၊ လက်နှစ်ဖက်ယှက်တင်၍ အရိယာပုတ်ညီမျှစွာ ထိုင်လိုက်သည်။

''မေတ္တာကျင့်စဉ်ကို အား မထုတ်မီ ဘာလုပ်ရမလဲ''

''ပရိကံ ခံယူရပါမယ် ဘုရား''

''အနန္တငါးပါး ပြစ်မှားသမျှ တောင်းပန်ရမည်။ ရုပ်၊ နာမ်နှစ်ပါး ခန္ဓာငါးပါးကို မြတ်စွာဘုရားရှင်ထံ လှူဒါန်းထားရမည်။

ဘုရားရှင်ထံ လှူဒါန်းထားသော ခန္ဓာကိုယ်ကို ခြင်ကိုက်၊ ဖြုတ်ကိုက်လည်း မလှုပ်ရ၊ မပုတ်ရ။ ညောင်းညာလည်း ခြေထောက်ပြင်မထိုင်ရ။ မည်သူခေါ်ခေါ် လှည့်မကြည့်ရ။ မထူးရ။ ဘုရားရှင်အား လှူထားသောခန္ဓာ ငါမပိုင်ပါလားဟု နှလုံးသွင်း၍။ ရုပ်ခန္ဓာကို ထိန်းချုပ်ပြီး သမာဓိထူထောင်လိုက်ပါ။

ဝင်လေသိ၊ ထွက်လေသိ ရှုမှတ်နေပါ။ တိုးဝင်၊ တိုးထွက်တဲ့လေ နာသီးဝမှာ ထိခတ်သွားပုံသိနေပါ။ အသိစိတ်ဟာ နှာသီးဝမှာပဲ ရှိနေပါစေ။ မျက်စိမှိတ်ပြီး ရှုမှတ်နေတာမို့ အမြင်အာရုံ မဝင်လာနိုင်ပေမယ့် နားရှိနေတော့ ကြားသိမိတဲ့ အာရုံနောက်ကို စိတ်မရောက်အောင် ထိန်းချုပ်ပါ။

ထိနာ၊ မိဒ္ဓဝင်တဲ့ ပျင်းရိ၊ ငိုက်မျဉ်း၊ အိပ်ချင်စိတ်ပေါ်လာရင် အသက်ကို ခပ်ပြင်းပြင်း ရှူထုတ်ပေးပါ။

ရှုမှတ်မှု မိနစ်နှစ်ဆယ်၊ လေးဆယ်ခန့်လျှင် ရှုမှတ်ပုံ ရပ်ထားလိုက်ပါ။ ဒီအခါမှာ သမာဓိထူထောင်မှု ရရှိနေလို့ စိတ်ဟာ ကြည်လင်နေပါပြီ။

ရှုမှတ်မှုကို ရပ်ရဲ့နာကျင် ကိုက်ခဲဖောက်ပြန်မှုဝေဒနာတွေ ပေါ်လာတာ သိပါလိမ့်မယ်။ ဝေဒနာတွေ သူ့သဘောအတိုင်း ရှိပါစေ။ ဝေဒနာနောက်သို့ မလိုက်ဘဲ ဥပေက္ခာနှင့် နေလိုက်ပါ။ ဝေဒနာတွေ ပျောက်လွင့်ပြီး အလွန်အေးငြိမ်းတဲ့ စိတ်ခံစားမှု ချမ်းသာကို ရရှိပါလိမ့်မယ်။

ဒီအချိန်မှာ သမာဓိချမ်းသာ ဖြစ်တဲ့ အခိုက်အတန့်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းကွာပြီး 'သောက်ရေသန့်ပမာ'အလွန်ကြည်လင်တဲ့ အကြည်ဓာတ်လေး ရရှိနေပါပြီ။ အဲဒီအကြည်ဓာတ်ကလေးနဲ့ မနောဓာတ်မှ အရပ် ၁၀ မျက်နှာ မေတ္တာပို့လွှတ်ပါ။ မေတ္တာပို့လွှတ်ပြီး ပြီလား''

''ပို့လွှတ်ပြီးပါပြီ ဘုရား''

''ဒါဆို ၃၁ ဘုံသို့ အမျှဝေပေးပါ''

''အမျှဝေပြီးပါပြီ ဘုရား''

''ပြီးရင် သူတော်စင် သူတော်မြတ်များရဲ့ မေတ္တာကို ပြန်၍ခံယူပါ''

''ခံယူပြီးပါပြီ ဘုရား''

''သူတော်ကောင်းကြီးများ ပြုသမျှ ကုသိုလ်ကောင်းမှုများကို သာဓုခေါ်ဆိုပါလေ''

''သာဓု ... သာဓု ... သာဓု''

◆◆◆

## အခန်း(၂၁)

''မောင်ပဉ္စင်းရေ ... အချိန်ကလည်း တို့များမှာ သိပ်မရှိတော့ဘူးကွဲ့။ မနေ့ကထိုင်ပြီး မေတ္တာပို့တာကျင့်ပေးတယ်။ အင်း ... မေတ္တာပို့ပါရဲ့။ ထလာတာနဲ့ ဒေါသထွက်နေစရာကြုံတော့ ဒေါသထွက်နေရင် မေတ္တာစိတ် ပြဋ္ဌာန်းချက် မပြည့်ဝသူဖြစ်နေမယ်။

ဒီတော့ လွန်ကျူးစရာနဲ့ကြုံတာတောင် မလွန်ကျူးသူဟာ စိတ်ကိုနိုင်တဲ့ သူတော်ကောင်းတို့ မှတ်တမ်းတင်ကြပါတယ်။ မေတ္တာကျင့်စဉ်ဆိုနေရာဒေသမရွေး အချိန်မရွေး ပေးဆပ်နိုင်မှ မေတ္တာကျင့်စဉ် ရာနှုန်းပြည့်အောင်မြင်မှာဖြစ်တယ်။ မိမိရဲ့အမူအရာကြောင့် သူတစ်ပါး ဘယ်ခါမှ စိတ်မဆင်းရဲစေရဘူး။ ဒါကို သတိမြဲမြဲထားရမယ်''

''သေသေချာချာ လိုက်နာပါ့မယ်ဘုရား''

''ဘုန်းဘုန်းမိန့်လိုတာက နောင်လာမယ့် မောင်ပဉ္စင်း အသက်သုံးဆယ်ကစပြီး ဘုရားတည်၊ ဘုရားပြုပြင်ခြင်း၊ စေတီယသာသနာပြုရလိမ့်မယ်။ အဲဒီကနေ ခုနစ်ရက်သားသမီးကို ကယ်ဆယ်ရလိမ့်မယ်။ သို့ပေမယ့် သုံးတောင်ဝတ်များ နှောင့်ယှက် တော့ မောင်ပဉ္စင်းနဲ့ ဆက်နွယ် အစောင့်အရှောက်တွေက အနီး ရောက်လာပြီး တစ်စုံတစ်ခု ထိခိုက် ပေးမှာကို စိုးရိမ်တယ်။ ဒါကို သတိပေးပါရစေ''

''အရှင်ဘုရား ... တပည့် လူဝတ်ကြောင် မလဲချင်ဘူးဘုရား



www.burmeseclassic.com

www.burmeseclassic.com

"မောင်ပဥ္စင်းက လူဝတ်ကြောင် ဘဝနဲ့ ရွက်ပုန်းသီးပမာ လူသာမန်တွေကြားမှာ နေထိုင်ပြီး သာသနာပြုရမှာဖြစ်တယ်။ ဒီတာဝန်ကို အထက်ဆရာ့ဆရာများက ချထား ပေးတာဖြစ်တယ်"

"တင်ပါ့ဘုရား။ ဆရာတော်တို့ စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်"

"ကျုပ်အတွက် အချိန်သိပ်မရှိတော့ဘူး"

"အရှင်ဘုရား"

ကြေကွဲ ဆို့နင့်မှုကြောင့် အသံလှိုင်းပင် ပျောက်လုလုဖြစ်သွားရသည်။

"ဒါဟာ တုန်လှုပ်ချောက်ချားစရာ မဟုတ်ဘူးလေ။ ဘုရားသားတော်ဆိုတာ စစ်မှန်တဲ့တရားကို လက်ခံရမယ်လေ။

အိမ်း ... ဘုန်းဘုန်း ခန္ဓာဝန်ချချိန်နီးလာတာ မောင်ပဥ္စင်း မည်သူ့မှ ကြိုတင်မပြောကြားရ။ ငါ့ခန္ဓာအား မြေမြှုပ်သဂြိုဟ်ခြင်းမပြုဘဲ မြေမှာ မီးပုံသဂြိုဟ်ပါ။ ကျလာသည့် ဓာတ်ပြာအား သစ်စေးရိုးကိုင်ပြီး အိုးတစ်လုံးနှင့်ထည့်ကာ ရေအရှင်မှာမျှောလိုက်ပါ။ ဒီလို ညှော်ပရိသတ် ငေးမောနေဆဲမှာ ငါ၏သက်န်းတော်အား ဘယ်သွားသွား ယူဆောင်သွားရမည်"

"တင်ပါ့ဘုရား သေသေချာချာ ဆောင်ရွက်ပေးပါ့မယ်ဘုရား"

"တင်ပါ့ဘုရား သေသေချာ ချာ ဆောင်ရွက်ပေးပါ့မယ်ဘုရား"

ဖြေသာဖြေနေရသည့် ရင်မှာ ဆနွင်းနှင့်မို့ ရှင်းကဏ္ဍပင် ကိုယ့်စိတ်ကို ဆန်းစစ်နေမိပြန်သည်။

မိဘသဖွယ်ဖြစ်သော ဆရာ၏ သံယောဇဉ်စိတ်ကြောင့် ခံစားနေရခြင်း ဖြစ်ပေသည်။

"ခန္ဓာဝန်မချမီ လာမည့် ရက်သတ္တတစ်ပတ်လုံး ရပ်ရွာတွင်းမှာရှိတဲ့ ဝေနေယျသတ္တဝါ ပုဂ္ဂိုလ်အပေါင်းကို ပင့်ဖိတ်ပြီး တရားရေအေးတိုက်ကျွေးမယ်။ ကျွတ်ထိုက်သူတွေ ကျွတ်တန်းဝင်အောင် ဆောင်ရွက်ပေးရမယ်။

တရားဟောချိန်က ညဦးယံ အချိန်ဖြစ်တယ်။ ကျောင်းပြင်ပ မြေကွက်လပ်မှာ မဏ္ဍပ်သုံးခု ဆောက်လုပ်ပါ။ မဏ္ဍပ်တိုင်းကို ကြိုးပိုင်းတားထားပါ။ လူပုဂ္ဂိုလ်များအတွက် မဏ္ဍပ်က အလယ်မှာဖြစ်ပါစေ"

အားလုံး ပြင်ဆင်ဆောက်လုပ်ချိန်မှာပင် ရွာရှိပရိသတ်အတွက် အသံချဲ့စက်ဖြင့် ဝေနေယျတို့အား ဖိတ်ကြားစေသည်။

"ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဘ၊ ဆရာသမားတို့အား အမှူးထား၍ ဤရပ်၊ ဤရွာ၊ ဤနယ်၊ ဤဒေသတွင် မှီတင်းနေထိုင်ကြကုန်သော သူတော်စင်အပေါင်းတို့ ကျွန်တော်များ 'ကျွန်းတော'ရွာမှ ဆရာတော်အရှင်သူမြတ်ကြီးမှ ဝေနေယျသတ္တဝါ ပုဂ္ဂိုလ်အပေါင်းတို့အ ၁း ခုနစ်ညတိုင်တိုင် တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါသောကြောင့် ညဦးယံအချိန်မှာ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

လူ နတ်၊ ဗြဟ္မာ သတ္တဝါ ဝေနေယျအပေါင်းတို့ တရားနာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် ခင်ဗျား"

ရှာဦးကျောင်းတရားပွဲ ပြုလုပ်ရေးအတွက် ဆရာတော်မိန့်မှာချက်အတိုင်း မဏ္ဍပ်ဆောက်လုပ်ကြသည်။

ရှင်ကဏ္ဍအား မှာကြားပြီးနောက် မည်သူနှင့်မျှ အတွေ့မခံဘဲ ဆရာတော်မှာ ကျင့်ကြံကြိုးကုတ် အားထုတ်နေတော်မူလေသည်။

လာရောက်ဖူးမြော်သူတို့အား ရှင်ကဏ္ဍကသာ ကိုယ်စားအဖူးမြော်ခံပြီး "ဆရာတော် အလုပ်စခန်းဝင်နေပါတယ်"ဟု အသိပေးထားခဲ့သည်။

အမှန်က ဆရာကောင်းတပည့်ပီပီ နားလည်ပြီးသားမို့ ဆရာတော် ခန္ဓာဝန်ချမည်ကို သိနှင့်သော်လည်း တားပိုင်ခွင့်မရှိချေ။

ဝမ်းနည်း၊ စိတ်မကောင်းမှုကို တရားသဘောနှင့်သာ ဖြေပါသည်။

ဆရာအရှင်အတွက် ကြိုတင်ဆောင်ရွက်စရာရှိတာများ ဆောင်ရွက်ပေးမိသလို သာမန်အများအမြင်မှာ ဆရာတော်၏ တရားပွဲအတွက် ပြင်ဆင်နေကြသည်။ တကယ့်တကယ်မှာ ဦးဇင်းရှင်ကဏ္ဍနှင့် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာအမြင်က အန္တိမစျာပနာအတွက် ပြင်ဆင်နေခြင်းဖြစ်ပေသည်။

ဆရာတော်အရှင်သူမြတ်သည် တကယ့်ကို ဝေနေယျသတ္တဝါတို့အား မေတ္တာဓာတ်ထားရှိပုံကို ကောင်းကောင်း သဘောပေါက်နေမိသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



# အလျူမှတ်စု ရေးသားမှုကို ပြုမှုဖြစ်မည်

ပန်းကနော် နောင်လတ်

(၁)

"အနုပညာသမားဆိုတာ ကိုယ်တတ်ကျွမ်းတဲ့ အနုပညာနဲ့ လုပ်သင့်လုပ်ထိုက်တာတွေနဲ့ မလုပ်သင့်မလုပ်ထိုက်တာတွေကို ဖော်ပြပေးဖို့ တာဝန်ရှိတယ်။ လုပ်တာမလုပ်တာကတော့ ခံစားသူတွေရဲ့ တာဝန်ပဲ"

အဲဒီလိုပြောတဲ့ ကျွန်တော့်စကားကို ဆရာအုန်းက ပြုံးစိစိဖြင့် -

"လုပ်သင့် လုပ်ထိုက်တာတွေကို လုပ်ဖို့ မလုပ်သင့် မလုပ်ထိုက်တာတွေကိုမလုပ်ဖို့ အနုပညာနဲ့ညွှန်ပြတဲ့ အနုပညာသမားတွေ ကိုယ်တိုင်ကလည်း လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ဖို့ မလုပ်သင့်မလုပ်ထိုက်တာတွေကို မလုပ်ဖို့ လိုသေးတယ်ဗျ။ ဒါမှ ငါပြောသလိုလုပ် ငါလုပ်သလိုလုပ်ဆိုတာ ဖြစ်မှာပေါ့ ဟုတ်ဘူးလား"

ဟု ပြောရာ ကျွန်တော်က -

"မှန်လိုက်လေဗျာ။ ကျွန်တော်ကိုယ်တိုင်ပြောပြီး အဲ . . . ရေးပြီး ကျွန်တော်ကိုယ်တိုင် မလုပ်သေးတာ တစ်ခုရှိတယ်ဗျ"

ဆိုသောအခါ ဆရာအုန်းက -



www.burmeseclassic.com

www.burmeseclassic.com

"ဆိုစမ်းပါဦး ဆရာရဲ့ ဘာများလဲ"

ဆိုပြီး မေးခဲ့ဖူးပါသည်။

ထိုစဉ်က ကျွန်တော်က -

"အဲဒီအကြောင်း အလျဉ်းသင့်တဲ့အခါ ကျွန်တော် စာတစ်ပုဒ်ရေးပါ့မယ်။ ရေးပြီး ခင်ဗျားကို လက်ဆောင်ပေးမယ်။ အဲဒီတော့မှ ဖတ်ကြည့်ပေါ့ဗျာ"

ဟု ပြောခဲ့ဖူးပါသည်။

(၂)

၁၃၇၇ ခုနှစ် ရွှေညောင်ပင်ဘုန်းတော်ကြီးကျောင်းကထိန်ကို ထိုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ၁ ရက်နေ့ညဉ့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်မှုကို ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဆောင်ရွက်ပြီး ကထိန်ပွဲကို ပျဉ်တုံးကြီး ဆရာတော် ဦးတေဇနိယက သီလပေးကာ တရားချီးမြှင့်သည်။

သက်တော်ရှည် ပျဉ်တုံးကြီး ဆရာတော် ဦးတေဇနိယ၏ တရားနာယူသူများမှာ ကျွန်တော်အပါအဝင် အလှူရှင်၊ အလှူ့အစ်မများ။ ရပ်နီးရပ်ဝေးမှ ကြွရောက်လာကြသော ဗုဒ္ဓနွယ်ဝင် သူတော်စင်များစွာရှိသည်။ တရားဟောမီ၊ တရားမနာမီ ရေစက်ခွက်ဖြစ်သော ငွေဖလားဖြင့် အလှူခံရာတွင် ထူးခြားသော အမျိုးသမီးတစ်ဦးကို မြင်ခဲ့ရသည်။

သူမက နှုတ်မှပြောပြီး သူမ၏ သမီးက မှတ်စုစာအုပ်ထုတ်ကာ ရေးမှတ်နေခြင်းဖြစ်သည်။ ထိုသားအမိက ကျွန်တော့်အနီး၌ ရှိသောကြောင့် သူတို့၏ အပြောအဆို အပြုအမူကို ကျွန်တော် မြင်ရကြားရခြင်းဖြစ်သည်။

ထိုအမျိုးသမီးက ရေစက်ခွက်ထဲသို့ တစ်ထောင်တန်ငါးရွက်ထည့်ပြီး

"ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု ကျုံတနောင်ရွာ ရွှေညောင်ပင်ဘုန်းတော်ကြီးကျောင်း၏ ၁၃၇၇ ခု ကထိန်တွင် အနှစ်ငါးပါး ဦးထိပ်ထားပြီး နိဗ္ဗာန်ကို ရည်မှန်းကာ ငါးထောင်ကျပ်တိတိ လှူဒါန်းသည်"

ဟု ပြောရာ သမီးဖြစ်သူက ပြောသည့်အတိုင်း မှတ်စုစာအုပ်တွင် ရေးပါသည်။

သူတို့သားအမိ၏ အလှူဝတ္ထုငွေ လှူဒါန်းခြင်း၊ မှတ်စုရေးခြင်းပြီးသော အခါမှ ကျွန်တော်က ထိုအမျိုးသမီးကို

"တူမကြီးက မှတ်စုရေးတဲ့အကျင့် ရှိတယ်ထင်တယ်"

ဟု မေးရာ သူမက -

"မှတ်စုရေးတာတော့ အကျင့် မရှိဘူး ဦးလေးရဲ့။ အလှူမှတ်စုရေးတာတော့ အကျင့်ရှိနေပြီ"

ဟုဆိုရာ ကျွန်တော်က အလှူမှတ်စုဆိုသော စကားကြောင့် -

"အလှူမှတ်စုရေးတာ ကြာပြီလား"

ဆိုပြီး မေးလိုက်မိပြန်သည်။ ထိုအမျိုးသမီးကလည်း -

"ဟိုတုန်းကတော့ ရေးရမှန်း မသိခဲ့ဘူး။ စာစောင်တစ်စောင်ထဲက စာတစ်ပုဒ်ကို ဖတ်မိပြီးမှ အလှူမှတ်စုရေးတာ သိပ်ကောင်းတဲ့အကျင့်ပဲဆိုတဲ့ အသိနဲ့ ရေးဖြစ်ခဲ့တာပါ။ အဲဒီစာရေးဆရာကိုလည်း မသိပေမယ့် ကျေးဇူးတင်နေပါတယ်"

ဟုပြောရင်း သမီးဖြစ်သူအား -

"သမီးရေ မေမေ့အိတ်ကြီးထဲက စာစောင်ထုတ်ပေးပါဦး"

ဟု တစ်ဆက်တည်း တောင်းလိုက်သည်။

ထိုအမျိုးသမီးက သမီးထုတ်ပေးသော ထိုစာစောင်ကိုယူပြီး စာစောင်၏ မာတိကာကိုကြည့်သည်။ စာမျက်နှာကို လှန်သည်။ ပြီးမှ -

"ဒီမှာ ဦးလေးရဲ့ အလှူမှတ်စု ဆိုတဲ့ ဆောင်းပါးရေးတဲ့လူက ပန်းတနော်နောင်လတ်တဲ့။ ကျွန်မ သူ့ကို မသိပေမယ့် ကျေးဇူးသိပ်တင်နေတာ။ အလှူလုပ်တိုင်း အမျှဝေတိုင်း သူ့နာမည်ပါတယ်"

ဟု ဆိုလိုက်ရာ ကျွန်တော် လွန်စွာရှက်သွားသည်။

ထို့နောက် ကျွန်တော်က -

"ပန်းတနော် နောင်လတ်ဆိုတာ ကျွန်တော်ပါ။ ကျွန်တော်က ပန်းတနော်မြို့နယ်၊ ချောင်းကလေးကျေးရွာအုပ်စု ဘုရားငှမူလတန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီးတာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူထားတဲ့လူပါ"

"အ.မ.က ဘုရားငှကို ကျွန်တော် ပြောင်းရွှေ့ရောက်ရှိလာတုန်းက စာသင်ကျောင်း အဆောက်အအုံ မရှိသေးပါဘူး။ အောင်မြေဝေယျ ဘုန်းတော်ကြီးကျောင်းဝင်းထဲက ဥပုသ်ရပ်ကြီးထဲမှာ ပညာသင်ကြားမှု သင်ယူမှု ပြုလုပ်ခဲ့ရတာ။ အောင်မြေဝေယျ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးကျောင်းရဲ့ တတိယဦးစီးပဓာန နာယကဆရာတော် ဦးအဂ္ဂါစိဏ္ဏရဲ့ ခွင့်ပြုမှု၊ အကူအညီပေးမှု၊ သွန်သင်ဆုံးမမှု အောက်မှာ နေခဲ့ရတာပါ"

"အဲဒီတုန်းက ဥပုသ်နေ့တစ်နေ့မှာ ဆရာတော် ဦးအဂ္ဂါစိဏ္ဏက ကျွန်တော့်ကို ကျောင်းဆရာကို မေးရဦးမယ်လို့ စကားစတော့ မေးပါဘုရားလို့ လျှောက်တင်ရတာပေါ့"

"ဆရာတော်က တခြားမဟုတ်ဘူး ကျောင်းဆရာရဲ့ အလှူမှတ်စု ရေးသလားတဲ့"

"ကျွန်တော်ကလည်း မရေးပါဘူးဘုရားလို့ အမှန်အတိုင်း ဝန်ခံခဲ့ပါတယ်။ ဒီတော့ ဆရာတော်က"

"ဆရာ ရှင်ပြုဖူးတယ်မဟုတ်လားဆိုတော့ ပြုဖူးပါတယ်ပေါ့"

"ဘယ်နကြိမ်ပြုဖူးလဲ ဆိုပြန်တော့ ကျွန်တော် စဉ်းစားရပြန်ပါတယ်။ နှစ်ကြိမ်လား၊ သုံးကြိမ်လား"

"ရဟန်းခံခဲ့ဖူးတယ် မဟုတ်လားလို့မေးပြီး ဘယ်နှကြိမ်လဲ။ ဘယ်ခုနှစ်တွေကလဲဆိုတဲ့ မေးခွန်းတွေ ဆက်တိုက်မေးတော့ ငါးရဟန်းခံခဲ့တာ သုံးကြိမ်လား၊ လေးကြိမ်လား။ ဘယ်ခုနှစ်တွေကလဲလို့ ပြန်တွေးပေမယ့် တိတိကျကျ အမှတ်မရတော့ပါဘူး"

"ဒီတော့မှ ဆရာတော် ဦးအဂ္ဂါစိဏ္ဏက အဲဒါကြောင့် ဆရာ့ကို အလှူမှတ်စု ရေးဖြစ်အောင်ရေးဖို့ တိုက်တွန်းတာ။ စာအုပ်တစ်အုပ်မှာ အလှူမှတ်စုလို့ ထင်သာမြင်သာအောင် စာလုံးကြီးကြီးရေးထား။ ဘယ်ခုနှစ်၊ ဘယ်လ၊ ဘယ်ရက်က ဘယ်နေရာမှာ ဘာအလှူအတွက် ဝတ္ထုငွေ ဘယ်လောက်လှူတယ် ဘာလှူတယ် ဘယ်လိုလှူတယ်ဆိုတာ တိတိကျကျ ရေးမှတ်ထား"

"ရွှေတိဂုံစေတီတော်ကို ဘယ်နှစ် ဘယ်လ ဘယ်ရက်က ရွှေသင်္ကန်းကပ်လှူတာ အလှူငွေ ဘယ်လောက်ဆိုတာမျိုး။ ဘိုးဘွားရိပ်သာက ဘိုးဘွားတွေကို ထမင်းတစ်နပ် ကျွေးမွေးလှူဒါန်းတာ ဘယ်လောက်ကုန်တယ်ဆိုတာမျိုး ချုံနွယ်တွေဖုံးလွှမ်းနေတဲ့ စေတီကုန်းကို စုပေါင်းပြီး ဘယ်နှစ်ဘယ်လ ဘယ်ရက်က ခုတ်ထွင်ရှင်းလင်းတဲ့ ကုသိုလ်ယူခဲ့တယ်ဆိုတာမျိုး"

"အကျိုးကျေးဇူး သိပ်များတယ်။ မလှူခင်မှာ လှူမယ်လို့ စိတ်ကူးကတည်းက ကုသိုလ်ရတယ်။ လှူနေဆဲမှာလည်း ကုသိုလ်ရတယ်။ လှူပြီးလို့ အဲဒီအလှူကို ပြန်သတိရနေရင်လည်း သတိရအောင် အလှူမှတ်စုကို ပြန်ဖတ်နေရင်လည်း ကုသိုလ်ရတယ်"

"ပျင်းရင် သီချင်းမဆိုနဲ့။ အလှူစာအုပ်၊ အလှူမှတ်စုစာအုပ်ဖွင့်ပြီး ပြန်ဖတ်။ နေမကောင်းတဲ့အခါဆို အလှူမှတ်စုပြန်ဖတ်တာ သိပ်ကောင်းတယ်။ ခံစားနေရတဲ့ ရောဂါဝေဒနာကိုမေ့ရော။ သေလုမျောပါး ဖြစ်နေချိန်မှာတောင် ကိုယ့်အလှူမှတ်စုတွေကို ကိုယ်မဖတ်နိုင်တာ၊တောင် သူတစ်ပါးဖတ်ပြတာကို နားထောင်ရင်လည်း ကုသိုလ်ပြန်ရတာပဲ"

"ဒီနေ့ ကျောင်းဆရာတို့ခေတ်က သိပ်တိုးတက်နေတာ။ အသံတိတ်ခွေတွေ၊ ဗီဒီယိုတွေနဲ့ အဲဒါတွေနဲ့ ရိုက်ပြီးသား အသံဖမ်းပြီးသားကို ပြန်ဖွင့်ကြည့်တော့လည်း ကုသိုလ်ရတာပဲ"

"သေခါနီး အလှူမှတ်စုထဲက အလှူတွေမှာ စိတ်ရောက်ရင် တခြားမကောင်းတဲ့နေရာတွေကို စိတ်မရောက်တော့ဘူး။ ကောင်းတဲ့စိတ် ညွတ်လို့ ကောင်းတဲ့နေရာပဲရောက်မယ်။ ဒါကြောင့် အလှူမှတ်စုကို လူတိုင်းထားသင့်တယ်။ ထားရမယ်။ ထားပြီး အကျိုးရှိရှိ သုံးရမယ်"

"ဆရာက ကျောင်းဆရာလည်း ကျောင်းဆရာ စာရေးဆရာလည်း စာရေးဆရာဆိုတော့ အခု ဘုန်းကြီးပြောတဲ့ အလှူမှတ်စုအကြောင်း ရေးလို့ ခွင့်ပေးတာနဲ့ ကျွန်တော်ရေးခဲ့တာပါ"

"ဒါပေမယ့် ကျွန်တော်က အဲဒီလို အလှူမှတ်စုထားဖို့ အသုံးပြုဖို့ ရေးခဲ့ပေမယ့် ခုထိ အလှူမှတ်စု မထားခဲ့မိပါဘူး။ ကျွန်တော့်စာဖတ်ပြီး အလှူမှတ်စုရေးတဲ့ တွေမကြီးကို လေးစားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ခုအချိန်ကစပြီး အလှူမှတ်စု ရေးပါတော့မယ်။ ဖတ်ပါတော့မယ်"

ဟု ဝန်ခံလိုက်ပါသည်။

(၃)

ယခု အလှူမှတ်စု ရေးသားမှုကို ပြုမှဖြစ်မည် စာမူပါသော စာအုပ်ကိုလည်း မိတ်ဆွေကြီး ဆရာအုန်းထံ လက်ဆောင်ပေးရဦးမည်။

ပန်းတနော် နောင်လတ်



www.burmeseclassic.com

www.burmeseclassic.com


## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**
TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅


www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြသန်း

ယခင်လမှအဆက်




www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

## ကျော်မြသန်း

(ယခင်လမှအဆက်)

(သုံး)

ကျွန်တော့်အကြောင်း ပြောရလျှင်၊ မပါဝင်လျှင် မဖြစ်သော ချစ်သူနှစ်ယောက်အကြောင်းကို ချန်လှပ်ထား၍ မဖြစ်ပြန်ပါ။ သူတို့ပါဝင်မှ ကျွန်တော်သက်တွန်း ဝိသပါလိမ့်မည်။

သူတို့ကား ပဂ္ဂိဝေနှင့် ခွေခွေ ဖြစ်ပါ၏။

ပဂ္ဂိဝေကား ကျွန်တော့်အချစ်ဦး ဖြစ်သည်။

ပြောမည့်သာ ပြောရသည်။ သူ့အကြောင်းမှာ များများစားစား ပြောစရာမရှိပါ။ အချစ်ဦးမို့ ကျွန်တော် ရှုံးခဲ့ရခြင်းအကြောင်းနှင့် မိန်းမတို့ တတ်အပ်သော အတတ်ပေါင်းစုံကို ပညာပေးခဲ့သော အတတ်ပညာရှင်မှာ ပဂ္ဂိဝေဖြစ်ခြင်းကြောင့်သာ ပြောရခြင်းပါ။

တက္ကသိုလ်ရောက်စ ဥပစာ(က) တန်းသမား။ သွေးကြွနေသော မိုးကုတ်သူငွေးသားလေး ကျွန်တော့်ကို ကျောင်းနေဘက် သူငယ်ချင်း ဝင်းမောင်က ခရစ္စမတ်အကြိုညတွင် သူ့အသိတိုက်ကလေးဆီသို့ ခေါ်သွားသည်။ ထိုမှာပင် ပဂ္ဂိဝေအား ကျွန်တော်တွေ့ခဲ့ရခြင်း ဖြစ်သည်။ မီးရောင်မှိန်မှိန်အောက်တွင် အချောကြီး ချောနေသူမှာ ပဂ္ဂိပင် ဖြစ်သည်။ အလှတစ်ပါးတော့ မဟုတ်ပါ။

ဖြူဖွေးကြည်စင်သော အသားကြောင့် မွတ်မွတ်စင်စင် သူ့အသွင်မှာ ထင်ရှားသည်။ အရပ်မှာ မမြင့်လှသော်လည်း တစ်တစ်ရစ်ရစ် ကိုယ်လုံးတွင် အဖုအထစ်၊ အချိုင့်အဝှမ်းတို့က နေသားတကျ ပြည့်တင်းလှသဖြင့် မြင်လျှင်မြင်ချင်း ချစ်ချင်စရာထက် စွဲမက်ချင်စရာအသွင် ပေါ်လွင်နေသည်။ ထူထဲမည်းနက်နေသည့် မျက်ခုံးတန်းလေးမှာ ဖြူစင်သော မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်လှ၏။ အဖျားကော့နေသည့် မျက်ခုံးဖျားလေးမှာ "ချီ"လိုက်လျှင် ကြည့်မငြီးစရာသို့။ ကြည်နေသော မျက်လုံးအစုံ၊ ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ ပြည့်တင်းနီရဲသော နှုတ်ခမ်းတို့က အလှထက် ဘဝင်ငြိစရာဘက်သို့ လှနေသည်။

ဝီစကီလေး မဖြစ်စလောက်ဖြင့် ကျွန်တော်မှာ မမူးဝေရဘဲ ပဂ္ဂိ၏အလှဝက်ပါထဲတွင် တဒင်္ဂအမြင်ဖြင့်ပင် မူးယစ်စွဲဝေခဲ့ရပါပြီ။

သူငယ်ချင်းတွေ အဆွယ်ကောင်းသဖြင့် အဖွဲ့အပေါင်းဖြစ်သွားသောအခါ မိုးကုတ်သားလေး ကျွန်တော့်ကို ပဂ္ဂိက အခွင့်အရေးအပေးဆုံးဖြစ်လာသည်။ တစ်ဖန် အသိုင်းအဝိုင်းအလျော်ကောင်းသဖြင့် ရက်ပေါင်းနှစ်ဆယ်အတွင်း၊ အချစ်တွင်းအောင်းဖြစ်သွားသည်။

ထိုစဉ်က အချစ်ဦးမို့ အရူးလိုဖြစ်ခဲ့သော ကျွန်တော့်မှာ ပဂ္ဂိ၏ချစ်ခြင်းသည် ကျွန်တော့်ဆန္ဒဖြစ်နေတတ်သလို ပဂ္ဂိ၏အစီအစဉ်သည် ကျွန်တော်၏ ဆုံးဖြတ်ချက် ဖြစ်နေတတ်သည်။ ထို့ကြောင့် တက္ကသိုလ် အင်တာဂျူနီယာတန်း စာမေးပွဲကို ကျွန်တော်ကျခဲ့သည်။

ဒုတိယအကြိမ် ပြန်တက်သော နှစ်မှာပင် ပဂ္ဂိဖောက်လာသည်။ မိဘက ဗုဒ္ဓဘာသာဖြစ်သော်လည်း ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလိုက်သော ပဂ္ဂိသည် ဂျော်နီတင်ထွန်းနှင့် အတွဲများလာသည်။ သူတို့ အချိန်းအချက်များက ကျွန်တော့်အစီအစဉ်ကို ဖျက်စပြုလာသည်။

အမဲသားစားမိသော ကျွန်တော် "အရူး"မှာ ပစ်ရမှာ ဆီနှင့်ဝင်းဝင်း၊ စားရမှာ သဲနှင့်ရှပ်ရှပ်၊ အသည်းတလှပ်လှပ် ခံစားရပါပြီ။

ဤတွင် ရန်ဖြစ်ရန် ဝါသနာမပါသော ကျွန်တော့်ကို အသည်းကွဲဝေဒနာကို ကြာကြာခံစားခွင့် မပေးကြပါ။ အက်ချင်ချင် နှလုံးသားကို ယမကာ အဝါရည်ဖြင့် အခါခါဖာထေးပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နှစ်တွင် ဆယ်တန်းပင် မအောင်သေးသော လူငယ်တစ်ယောက်နှင့် ပဋိပေ နိုးရာလိုက်ပြေးပြီဟု သိရသောအခါ ကျွန်တော့်မှာ ဝမ်းမသာနိုင်သော်လည်း ကံတရား၏ အစီအမံကိုကား ပြုံးပြုံးကြီး သဘောကျခဲ့သည်။

နောက်ချစ်သူတစ်ဦးကား ဆွေဆွေ ဖြစ်သည်။ ဆွေဆွေမှာ မန္တလေးသူဖြစ်သည်။ မန္တလေးတက္ကသိုလ်မတက်ဘဲ ရန်ကုန်တက္ကသိုလ်ကို လာတက်ခြင်းမှာ သူ၏ အသိုက်အဝန်း ဥခွံကိုခွဲထွက်ရန် ကြိုးစားခြင်းဖြစ်ကြောင်း နောင်အခါ သိခဲ့ရသည်။

ဆွေဆွေမှာ ရွှေမန်းသူပီပီ ရွှေဝါညိုအလှပဂေးဟု ဆိုရလောက်သည်။ အချောကြီးတော့ မဟုတ်။ ကိုယ်လုံးသွယ်သဖြင့် အရပ်မြင့်သည်ဟု ထင်ရသည်။ အရပ်အမောင်းနှင့် လိုက်ဖက်သော ခန္ဓာကိုယ်အချိုးအဆစ် ကျနမှုရှိသည်။ ရွှန်းလက်တောက်ပသော မျက်လုံးနက်နက်လေးများက ပင်ကိုသဘာဝအေးချမ်းမှုရှိကြောင်း ဖော်ပြနေသည်။ ထူးခြားသော ရုပ်ရည်နှင့် နိမ့်ချရိုကျိုးစွာ တိုးလျှိုးနေတတ်သည့်အသွင်မှာ ကရုဏာသက်စရာပင် ဖြစ်သည်။ သူမ၏ အေးစိမ့်စိမ့် အကြည့်လေးသည် တောပန်းလေးတစ်ပွင့်နှယ် ဖြူစင်သည်။ မျက်နှာကျသွယ်၍ ရယ်လိုက်လျှင် ပါးချိုင့်ကလေးနှစ်ဖက် ထင်းခနဲ ပေါ်လာပုံမှာ စွဲမက်စရာပင် ဖြစ်သည်။

ကျွန်တော် ရန်ကုန်တက္ကသိုလ်ရောက်ပြီး သုံးနှစ်အကြာ အိုင်အေစီနီယာတန်းတွင် ဆွေဆွေနှင့် မမျှော်လင့်ဘဲ ဆုံရသည်။

ထိုနှစ်က ဒီဇင်ဘာကျောင်းပိတ်ရက်သည် တန်ဆောင်တိုင်ပွဲတော်နှင့် ကြုံသည်။ ကျွန်တော်က မိုးကုတ်အပြန်တွင် မန္တလေးရထားပေါ်တွင် ဆွေဆွေနှင့် တွေ့သည်။ ကံတရားဖန်တီးလိုက်ပုံမှာ အထူးတန်းတွင် ထိုင်ခုံတွဲကျသည်။

တက္ကသိုလ်ကျောင်းသူကျောင်းသား အပြန်ခရီးမို့ သက်ဆိုင်ရာက စုပေါင်း၍ လက်မှတ်ဖြတ်ပုံရသည်။ ထိုတွဲတွင် ကျောင်းသူကျောင်းသားများလည်း ရှိကြသဖြင့် မိန်းကလေးချင်း တွဲထိုင်ချင်ပါသလားဟု မေးသောအခါ "ရှင့်ကို ကိုက်မစားပါဘူး။ ဒီလောက်လည်း ကြောက်မနေပါနဲ့"ဟု အရယ်အပြုံးနှင့် ပြောလိုက်သော ဆွေဆွေ၏ အသံကို ယနေ့တိုင်အောင် ကြားယောင်နေမိသေးသည်။

ကျောင်းသူကျောင်းသားများ ဖြစ်ကြသည့်အတိုင်း ပဲခူးမရောက်မီမှာပင် ခင်မင်သွားကြသည်။ တောင်ငူရောက်တော့ ရင်းနှီးသွားသည်။ မန္တလေးရောက်တော့ နံပယ့်စီပီလိုင်းရှိ သူ့တိုက်သို့ ကျွန်တော်လိုက်ပို့ဖြစ်ခဲ့သည်။

သည်တော့မှ ကံတရားကို ပြုံချမိပြန်သည်။

ဆွေဆွေ့ဖခင် ဦးကျော်နိုင်မှာ ကျွန်တော့်မိဘများ၏ မိတ်ရင်းဆွေရင်းများဖြစ်ကြောင်း သိရသည်။ ကျွန်တော့်ဖခင်ဆုံးတော့ ဦးကျော်နိုင်သည် မိုးကုတ်သို့ ညအိပ်ခရီးရောက်လာပြီး ကျွန်တော်တို့အိမ်တွင် တည်းခိုခဲ့သူ ဖြစ်သည်။ ယင်းအကြောင်းကိုလည်း သူပြောပြမှ သိရခြင်းဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော် မန္တလေး ဆွေဆွေတို့တိုက်တွင် သုံးညအိပ်ဖြစ်ခဲ့သည်။ တန်ဆောင်တိုင်အကြိုရက်တွင် စစ်ကိုင်းတောင်သို့ ဆွေဆွေတို့အဖွဲ့နှင့် ကျွန်တော် အတူတက်ဖြစ်ခဲ့ကြသည်။ လူသရမ်းတို့၏ ပယောဂကြောင့် လူချင်းအကွဲတွင် ကျွန်တော်တို့နှစ်ယောက်တည်း လွှမ်းစေတီရင်ပြင်သို့ ရောက်ခဲ့ကြသည်။ လွှမ်းမောဖွယ်ရာ ဧရာဝတီမြစ်ကြီးကို လှမ်းကြည့်ကြရင်း ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြစဉ် ခပ်လှမ်းလှမ်းဆီမှ တစ်စုံတစ်ယောက်က "အပျော့ဆွဲ"သီချင်းကို ဟစ်ဆိုသွားသည်။

"အစကရိုးရိုး နောက်တော့တစ်မျိုးတို့လို့ ချစ်ပြန်ဆိုပဲ"ဟူသော စာသားကို အမှန်အတိုင်း ဆိုသွားသော်လည်း "ဒီလူခက်ပါပြီ ငရဲကြီးတတ်တယ်ရှင့်"ဟူသော စာသားအရောက်တွင် "အသည်းကွဲတတ်တယ်ရှင့်"ဟု ဖျက်ဆိုသွားသဖြင့် ဆွေဆွေနှင့် ကျွန်တော် အကြည့်ဆုံသွားရသည်။ ဆွေဆွေ့မျက်ဝန်းထဲတွင် မျက်ရည်များ ဝဲလည်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ကျွန်တော့်ရင်ထဲမှာ ကရုဏာသက်သွားသည်။

ထိုမှနောက် စကားမပြောဖြစ်ကြဘဲ အထက်ပစ္စယံအထက်၌ မှောင်နေသည်ကို ဖယောင်းတိုင်မီးထွန်း၍ တက်ကြသည်တွင် လူပြောင်လူနောက်ကလေးများက လှမ်းနောက်၍ မီးမှုတ်လိုက်သဖြင့် မှောင်ကျသွားရသည်။

ဤတွင် ကြောက်အားသန်သော



www.burmeseclassic.com

www.burmeseclassic.com

ဆွေဆွေ့လက်များက ကျွန်တော့်ခါးကို ဖက်လာသလို ကျွန်တော့်လက်မောင်းများကလည်း ဆွေဆွေ့ပခုံးသားကို မလွတ်တမ်းဖက်ထားဖြစ်သွားသည်။ ဤသည်ပင် ဆွေဆွေနှင့် ကျွန်တော် ဖူးစာဆုံခြင်းအစဟု ဆိုရမည်ထင်သည်။

ဒါပေသိ ဝမ်းနည်းစရာကောင်းသည်မှာ ဆွေဆွေက ချစ်ရိုးအမှန် ဖြစ်ကောင်းဖြစ်နိုင်မည်။ ကျွန်တော့်မှာတော့ အချစ်မရှိ၊ အတွေ့သာရှိခဲ့သည်။ ကျွန်တော့်အချစ်သည် ပဂ္ဂိနှင့်အတူ ပါသွားခဲ့ပြီဖြစ်ရာ ဆွေဆွေမှာ ကျွန်တော်၏ အချစ်သားကောင် ဖြစ်ခဲ့ရရှာသည်။ ယင်းအကြောင်းကိုလည်း အချိန်တွေ အများကြီး နောက်ကျပြီးမှ သိရခြင်း ဖြစ်ပါသည်။

မည်မျှအထိ ကျွန်တော့်ဘက်မှ ခံစားမှုကင်းမဲ့ခဲ့သနည်းဆိုလျှင် လွန်ခဲ့သည့် သုံးနှစ်ခန့်က ဆွေဆွေ သူ့မဖခင်၏ သဘောအရ သူတို့လုပ်ငန်း၏ အုပ်ချုပ်ရေးမှူးဖြစ်သော ကိုဝမ်းဖေနှင့် လက်ထပ်သွားသည်ဟု သိရသောအခါ ဆွေဆွေ့ကို ဝိုင်းသနားနေကြသော သူငယ်ချင်းများအား -

"ဒါပေါ့ကွာ၊ တစ်သက်မှာ တစ်ခါလောက်တော့ အသည်းကွဲစတမ်းပေါ့"

ဟု ပြောနိုင်ခဲ့သည်။

ဤသို့ မှတ်ချက်ချခြင်းမှာလည်း ကျွန်တော့်တွင် အကြောင်းရှိပါသည်။ ဆွေဆွေက ကျွန်တော့်ထံ လူလွှတ်၍ စာတစ်စောင်ပေးခဲ့သည်။ လက်မထပ်မီ တစ်ပတ်အလိုတွင် ဖြစ်သည်။ သို့သော် ထိုစာကို ဆွေဆွေတို့ လက်ထပ်သတင်း သတင်းစာတွင် ပါပြီးမှ ကျွန်တော်ရရှိခဲ့ခြင်းဖြစ်သည်။ စာ၏အလိုအရ "နိုးလှည့်ပါ"ပင် ဖြစ်သည်။

ထိုစာနှင့် ကျွန်တော် လွဲချော်သွားရခြင်းမှာ ထိုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း မိုးကုတ်မပြန်ဖြစ်ဘဲ ပုသိမ်မှ သူငယ်ချင်းတစ်ဦးနှင့် လိုက်သွားပြီး မော်တင်စွန်းဘုရားပွဲတွင် အပျော်ကြီးပျော်နေခဲ့သောကြောင့် ဖြစ်၏။

ယင်းအဖြစ်တို့မှာ ခံစားတတ်သည့် နှလုံးသားဖြင့်ကြည့်လျှင် အလွန်စိတ်ထိခိုက်စရာပင် ဖြစ်ပါလိမ့်မည်။ ဆွေဆွေက အသည်းအသက်တစ်မျှ ကျွန်တော့်ကို ချစ်ရှာပါလိမ့်မည်။ ထို့ကြောင့်လည်း အားကိုးတကြီးဖြင့် ကျွန်တော့်ကို မျှော်ရှာမည်။ သို့တစေ ဖြစ်လာသည့်အကြောင်းမှာ သူအားကိုးရှာသော ကျွန်တော်က အပျော်ကြီးပျော်နေချိန်တွင် သူ့ခမျာမှာတော့ မချစ်မနှစ်သက်သူ၏ ရင်ခွင်အောက်တွင် အသည်းတွေ ကွဲကြေပြီး တစ်စစီ ကြွေကျနေရပြီဟု ဆိုရသော်...။

× × ×

ဦးလာဘနှင့် ကျွန်တော် စတင်သိကျွမ်းဖို့ အကြောင်းဖြစ်လာရသည်မှာလည်း ဆွေဆွေ့ကြောင့်ဟုသာ ဆိုရပါမည်။

ဆွေဆွေနှင့် ကျွန်တော် ချစ်သူတို့ဘာဝ ကျောင်းပိတ်ရက်များတွင်သာမဟုတ်၊ တစ်ခါတစ်ရံ ကျောင်းတက်ရက်များ၌ပင် ကျောင်းလစ်ပြီး မြို့ထဲသို့ လည်ပတ်တတ်ကြသည်။ ကျောင်းပိတ်ရက်ထက် ကျောင်းတက်ရက်က မြို့ထဲတွင် ပို၍လွတ်လပ်သောကြောင့်လည်း ဖြစ်ပါသည်။ ပို၍အမှတ်တရရှိခြင်းမှာ ထိုနေ့သည် ကျွန်တော်တို့ တိတ်တဆိတ်လက်ထပ်သောနေ့ ဖြစ်သောကြောင့်ပင်။

ဦးဘသာထံမှ ငွေတစ်ထောင် သွားယူထားပြီး ဆွေဆွေ့ကိုလည်း ကြို ပြောထားသည့်အတိုင်း နှစ်ယောက်သား လက်ထပ်ပွဲကျင်းပရန် စီစဉ်ထားသည်။ မျှော်လင့်သလိုပင်ဖြစ်ခဲ့ကြသည်။

ကျွန်တော်တို့ ပဲခူးသို့ ဘုရားဖူးသွားကြသည်။ ကားတစ်စီးငှားပြီး သွားခြင်းဖြစ်ရာ ဘုရားအစုံ နေရာအနှံ့ ရောက်ခဲ့ကြသည်။ တွေ့ရာသရေစာ မုန့်ပဲ ဝယ်စားကြသလို၊ မွန်းတည့်ချိန်တွင် လမ်းဘေးဆိုင်မှာပင် နံနက်စာ ဝယ်စားကြပြန်သည်။ ဆွေဆွေမှာမူ အပျော်ကြီးပျော်နေရှာသည်။ အသွားခရီးတွင် သူ့ခမျာ သီချင်းလေးတအေးအေးဖြင့် အစာဝသော ကြောင်မလေးလို ရင်ခွင်တွင် ခေါင်းလေးသွင်းပြီး ကြည်နူးနေရှာသည်။

ဘုရားရောက်ကြသောအခါ ဆွေဆွေမှာ ဘုရားတဝကြီး ရှိခိုးနေသဖြင့် ကျွန်တော် ထိုင်စောင့်ရင်း သူ့ကိုကြည့်နေမိသည်။

ရွှေမန်းသူပီပီ အဝါရင့်ရင့် ရင်စေ့အင်္ကျီ၊ အဝါရောင် အမရပူရ ချိတ်ထဘီနှင့် ရွှေအိုရောင် ကတ္တီပါဖိနပ်လေးကို စီးထားသေးသည်။ လည်တိုင်ကြော့တွင် ပုလဲသွယ် ဆင်မြန်းထားသလို ခါးမှာလည်း ရွှေရောင်လက်နေသော ခါးပတ်လေးကို ဝတ်ထားသေးသည်။ ရွှေရောင်သံကြိုးကွင်းဆက်ကြိုးတပ် ရွှေဒင်္ဂါးရောင် လက်ပွေ့အိတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com

တလွယ်လွယ်ဖြင့် တက်ကြွသော သူမ၏ အသွင်မှာ တစ်မိုးအောက်တွင် ကြည့်အကောင်းဆုံး အလှတစ်ပါးလား အောက်မေ့ရသည်။

ဘုရားဝတ်ပြုပြီးနောက် ဆွေဆွေက ကြည်စင်သောမျက်လုံးလေးဖြင့် ကျွန်တော့်ဆီလျှောက်လာပြီး "ပျင်းနေပြီလား"ဟု မေးရှာသည်။ "မပျင်းပါဘူး။ ဘာတွေများ ဒီလောက်တောင် ဆုတောင်းနေရတာလဲ"ဟု မေးသောအခါ "ကိုသက်လိုပေါ့"ဟု ပြန်ပြောသဖြင့် ကျွန်တော်က မျက်နှာမပျက်အောင် ထိန်းထားလိုက်ရပါသည်။

ကျွန်တော် ဘာမျှဆုမတောင်းခဲ့ပါ။ ဘုရားကို ဦးချဝတ်ဖြည့်ခြင်းမျှသာ ပြုခဲ့ခြင်းဖြစ်ပါသည်။ ယင်းကို ဆွေဆွေက အထင်ကြီးနေဟန်ရှိပါသည်။

မွန်းလွဲ ၃ နာရီခန့်တွင် ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်သည်။ အချိန်ရသေးသဖြင့် ဂလုပ်ရုံ (ယခုဂုဏ်) ရုံတွင် ရုပ်ရှင်ဝင်ကြည့်ကြပြန်သည်။

ဤတွင် အဆောင်မပိတ်မီ ပြန်ပို့ရန် ဆွေဆွေက သတိပေးသေးသည်။ ကျွန်တော်ကလည်း ခေါ်ထားရန်မရည်ရွယ်။ သို့သော် "တစ်ခါတလေ ပြန်မအိပ်တာများ ဆွေရယ်။ အဒေါ်တစ်ယောက် နေမကောင်းလို့ အိမ်မှာအိပ်လိုက်ရတယ်လို့ ပြောလည်း ဖြစ်တာပဲ"ဟု ပြောလိုက်သောအခါ သူတွင် မည်သည့်ဆွေမျိုးမှ ရန်ကုန်တွင်မရှိကြောင်း၊ ယနေ့နံနက် ကျွန်တော်နှင့်ထွက်လာကြသည်ကို အဆောင်မှ သူငယ်ချင်းများက သိထားကြကြောင်း ပြောသည်။

"အဲဒီတော့လည်း သူတို့ သဘောပေါက်မှာပေါ့ ဆွေရာ"ဟု ကျွန်တော်က ပြောလိုက်သောအခါ ဆွေကလည်း "သိပ်တော့ ဂရုစိုက်တာမဟုတ်ပါဘူး။ ကိုသက်အတွက်ဆိုရင် ဆွေ ဘာမဆိုရင်ဆိုင်နိုင်ပါတယ်။ ဆွေလေ ကိုသက်ကို သိပ်ချစ်တာ"ဟု ပြောပါသေးသည်။

ကျွန်တော်က ခပ်ပေါ့ပေါ့သဘောထားသလောက် ဆွေဆွေက အလေးအနက် သဘောထားနေခြင်းကြောင့် ချစ်စိတ်ထက် ကရုဏာစိတ် လွှမ်းထင်သွားရသည်။

ရုပ်ရှင်ပြီးသောအခါ ညနေ ၆ နာရီ ရှိချေပြီ။ အဆောင်ပြန်ချိန် နောက်ကျပြီကို နှစ်ဦးစလုံး သိထားကြပြီးဖြစ်သဖြင့် ယင်းအကြောင်းကို ထပ်၍မပြောဖြစ်တော့ပါ။ စည်ကားလှသော ရန်ကုန်ညဈေးတန်းကို တညောင်းကြီးလျှောက်ဖြစ်ကြသည်။ မှတ်မှတ်ရရအဖြစ် ပန်းဆိုးတန်းစတိုးဆိုင်တွင် ဆွေဆွေ့အတွက် ရွှေပင့်ကူရှင်ထိုး ဝယ်ပေးခဲ့သေးသည်။

ဤတွင် ပြောစရာအကြောင်း ရှိလာပြန်သည်။

"ပင့်ကူဆိုတာ ဦးနှောက်ကိုမှ ဖောက်စားတတ်တာတဲ့။ ကိုသက်ကတော့ ဆွေ့ရဲ့ ဦးနှောက်ကို ဖောက်မစားပါဘူးနော်"

ဆွေဆွေက ပြုံးစစဖြင့် မေးလာသည်။

"ဟင့်အင်း မစားပါဘူး။ ကိုယ်ကတော့ တစ်ကိုယ်လုံး ကိုက်စားပစ်မှာ သိလား"

"ဟင် . . . ဒါဖြင့် ကိုသက်က ကျားကြီးပေါ့"

"မဟုတ်ဘူး။ အရှင်ကြီး"

"အ . . . အား။ အရှင်ကြီးကမှ ကျားထက်ဆိုးတာ။ အမယ်လေး . . . ဆွေဖြင့် သူ့ကို ကြောက်တောင်လာပြီ"

ဆွေဆွေက ကြက်သီးထဟန် လုပ်ပြသည်။

"အဲသလို မပြောရဘူး ကလေးမရဲ့"

"အမယ် . . . ဘယ်လိုပြောရမလဲ"

"ဆွေတော့ အရမ်းကြီးချစ်တောင် ချစ်လာပြီလို့ ပြောရတယ်"

"အို . . . မဟုတ်တာ၊ ဆွေ ကိုသက်ကိုချစ်လာတာ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကပါနော်"

ဘာလေး ပြောလိုက်ပြောလိုက် ဆွေဆွေသည် သူ့အံချစ်ကိုသာ ထင်ပေါ်စေလိုလေ့ရှိတတ်သဖြင့် ပေါ့ပေါ့နေ ပေါ့ပေါ့စားတတ်သော ကျွန်တော့်မှာ သူမကို စကားမပြောရဲလောက်အောင် ပင် ဖြစ်လာတတ်ပါသည်။

ညစာကို လေဘာတီဟိုတယ် (ယခု ရဲရှင့်ရုံအပေါ်ဆုံးထပ်)တွင် ဝင်စားကြသည်။

ဆွေဆွေ့စိတ်ကြိုက် မှာစေပြီးမှ စားပွဲထိုးကို ခြေဟန်လက်ဟန်ဖြင့် ကျွန်တော့်အတွက် ဂျင်နှစ်ပက်မှာလိုက်သည်။ ဆွေဆွေ့အတွက်မူ ဆင်နာကို ဖျော်ရည် ယူခဲ့ရန်သာ ပြောလိုက်သည်။

အတွေ့အကြုံရှိဟန်မတူသော ဆွေဆွေက စားသောက်ခန်းတစ်ခုလုံးကို ဝေ့ဝိုက်၍ကြည့်နေသဖြင့် ဤသို့ မကြည့်ရန်နှင့် ဣန္ဒြေရရထိုင်ရန် သတိပေးလိုက်ရသည်။

"ဒီနေရာမျိုးကို အမျိုးသမီးတွေ လာလေ့မရှိဘူးထင်ပါရဲ့။ ဟောဟို



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်က စားပွဲမှာ တစ်ဦးတော့တွေ့ တယ်။ သူကလည်း ဆွေတို့ကို အထူး အဆန်းလုပ်ပြီး ကြည့်နေလိုက်တာ ကိုသက်ရယ်"

ဆွေဆွေ့စကားကြောင့် ကျွန်တော် မသိမသာ လှမ်းကြည့်လိုက်သည်။

ဟိုက်…ပဒ္မဝေ…ပဒ္မဝေ။

သူမ သူအစစ်ဖြစ်ပါသည်။

ဘာရယ်မဟုတ်၊ ကျွန်တော့်ရင်ထဲ နိုင်းခနဲ မြည်ဟည်းသွားသလား အောက်မေ့ရသည်။ ခေါင်းထဲမှာလည်း မိုက်ခနဲခံစားလိုက်ရသည်။

လျှပ်တစ်ပြက်သာ မြင်လိုက်ရသော ပဒ္မဝေ၏အကြည့်သည် စူးစူးရဲရဲ ရှိလှသည်။ တောက်ပသော အဝတ်အစားများနှင့် အပြုအပြင်မှာ လွန်ကဲနေသလို ရင်မှာ မိုးမောက်ထွားဝေလွန်းနေသည်။ သူမနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော အမျိုးသားမှာ အသက်လေးဆယ်လောက် ရှိပေမည်။

ကျွန်တော်သိထားသည်က ပဒ္မဝေနှင့် နီးရာလိုက်သွားသူမှာ သူမထက်ငယ်သော ဆယ်တန်းကျောင်းသားလေး ဖြစ်သည်။ ယခုတော့…

ကျွန်တော့်အကြည့် ဆွေဆွေ့ဆီ ရောက်သွားတော့မှ စောစောကစကားဆို သတိပြန်ရသည်။

"ဪ…အင်း။ အမျိုးသမီးတွေက ဒီလိုဟိုတယ်မျိုးကို မလာတတ်ဘူး ဆွေရဲ့။ မုန့်ဟင်းခါးဆိုင်နဲ့ လက်သုပ်ဆိုင်ကို ခြေဦးတည်ကြတာ"

"ဟင်း…ကိုသက်ကလည်း ပြောတော့မယ်။ ဟင်း…ဟင်း"

သူ့စကားမဆုံးမီ စားပွဲထိုးက ထုံးစံအတိုင်း စားစရာမလာမီ သောက်စရာကို ယူလာသည်။ ဂျင်အရက်ခွက်နှင့် ဆင်နှာကိုပုလင်းဖြစ်သည်။

"ကိုယ် နည်းနည်းသောက်မယ် ဆွေ"

ဆွေဆွေ့ထံမှ သက်ပြင်းချသံလေးကို ကြားရသည်။

"မှာပြီးမှတော့ မသောက်နဲ့လို့ မပြောတော့ပါဘူး ကိုသက်ရယ်။ ဒါပေမယ့် ဒီနေ့ဟာ ဆွေတို့လက်ထပ်တဲ့နေ့လေ"

"နည်းနည်းလေးပါ ဆွေရယ်"

ဆွေဆွေ ဘာမျှမပြောတော့ပါ။

ဤသို့ဖြင့်…ကျွန်တော်တို့၏ သောက်စားဝိုင်းလေးမှာ တိတ်ဆိတ်စွာ နှစ်ယောက်တည်း ကျင်းပဖြစ်သွားသည်။

ကျွန်တော့်တွင် အတွေ့အကြုံ အထိုက်အလျောက်ရှိခဲ့ပြီ မှန်သော်လည်း ယခုလို အချစ်ပေါင်းနှင့် ပြန်ဆုံလိုက်ရ သောအခါ ဆယ်ကျော်သက်အချစ်ဦးလေးလို ပြန်ခံစားနေရပါ၏။

ပဒ္မဝေကို ကျွန်တော်က ခွဲလာခြင်းမဟုတ်ဘဲ ပဒ္မဝေကသာ ကျွန်တော့်ကို ခွဲသွားခြင်းကြောင့် ရင်ထဲမှာ ဒေဒနာသည် သောက်လိုက်သော ဂျင် အရက်နှင့်အတူ အမှုပြင်းလာရပါသည်။ ပြောတုန်းက နည်းနည်းပါးပါးဟု ဆိုခဲ့သော်လည်း နောက်အရက်နှစ်ပက် ထပ်မှာသောအခါ ဆွေဆွေသည် ဘာမျှမပြောတော့ချေ။ ပြောမရသည့်အတူတူ ခွင့်လွှတ်လိုက်ဟန် တူပါသည်။

"ဆွေ့ကိုတော့ ပြန်ပို့နော်"

စားသောက်ပြီးခါနီးမှ ဆွေဆွေက ပြောသည်။

"ဘယ်ကိုလဲ ဆွေ"

"အဆောင်ကိုပေါ့"

"ဟ…အချိန်မှ မရှိတော့တာ"

"ဟင့်အင်း…ဆွေပြန်ချင်တယ်။ အဆောင်မှူးကို အကျိုးအကြောင်း ပြောရင် ရမှာပါ။ ပဲခူးဘုရားဖူးသွားတာ ကားပျက်နေလို့ နောက်ကျတာပါလို့ ပြောမှာပေါ့"

"ကိုယ့်လိုအမူးပုံကြီးကို ယုံပါလိမ့်မယ် အားကြီး"

"ဆွေပြန်ချင်တယ် ကိုသက်ရယ်"

ဆွေဆွေ့ထံမှ တောင်းပန်သံ ထွက်လာသည်။

"ဘာလို့ပြန်ချင်ရတာလဲ ဆွေ။ ဘာလဲ၊ ကိုယ့်ကိုကြောက်လို့လား"

ဤအကြိမ်တွင်တော့ ဆွေဆွေ ဘာမျှမပြောပါ။

"ဆွေ့ကိုကိုယ် ဒီည နိုးမလို့"

"ဟင်…"

ဆွေဆွေ အံ့ဩထိတ်လန့်နေရှာသည်။ သို့သော် ကျွန်တော့်အပြုံးကိုတော့ သဘောပေါက်သွားဟန် ရှိသည်။

"ဟင်းနော်…အဲလိုမလုပ်နဲ့။ အလည်လွန်ပြီး နိုးရာလိုက်တယ်ဆိုတာ သိပ်အောက်တန်းကျတယ် သိလား။ ပေးထားတဲ့ကတိကိုတော့ မဖျက်နဲ့နော် ကိုသက်"

"ဒါဆို ကိုယ်ပြောတာ နားထောင်ပါလား ဆွေ"

"ကိုသက်က ဘာပြောမလို့လဲ"

"ဟိုလေ…ကိုယ့်မှာ ကိုယ်ပိုင်အခန်းရှိတယ်။ အဲဒီမှာ ဆွေအိပ်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

မှမဖြစ်စေရဘူး။ မနက်မိုးလင်းတော့ ကိုယ်လိုက်ပို့မယ်၊ စိတ်သာချ"

"အမယ်လေး・・・အမှူးသမားနဲ့ တစ်ညတာဇာတ်ကား ရိုက်နေရပါဦး မယ်နော်။ ဆွေတော့ကြောက်တယ်"

"ဆွေဟာ ကလေးကျနေတာပဲ"

"ကလေးမဟုတ်လို့ ပြောနေတာ ပေါ့ ကိုသက်ရ"

ကျွန်တော် ဘာပြောရမှန်းမသိ တော့ပါ။ ကျသင့်ငွေကို စားပွဲထိုးအား ရှင်းပေးရန် ဘောင်းဘီအိတ်ကို စမ်း ကြည့်ရာ ပိုက်ဆံအိတ်မရှိတော့။

တစ်ကိုယ်လုံး ထူပူသွားရပါသည်။ ဆွေဆွေ့ကိုလည်း အသိမပေးချင်။ ကျွန်တော့်တစ်ကိုယ်လုံး ဝတ်စားထား သည်မှာ အဖိုးတန်ကြီးများ ဖြစ်ပါ၏။ သို့တစေ လက်ပတ်နာရီမှတစ်ပါး ဆွဲ ကြိုးနှင့်လက်စွပ်မှာ အပေါင်ဆိုင်ရောက် နေသည်။

လောလောဆယ်ကိစ္စကို မည်သို့ ရှင်းရမှန်း မသိ။ ဇောချွေးလည်း ပြန်စ ပြုလာပါသည်။ သောက်ထားသည့် အရက်များ ဘယ်ရောက်ကုန်ပြီမသိ။ အမူးပြေချင်ချင် ဖြစ်နေသည်။ ဆွေဆွေ ကမူ ကျွန်တော့်အဖြစ်ကို သိရှာဟန် မတူ။

ကြံရာမရစိတ်ဖြင့် ကျွန်တော် ထိုင်ရမှထလိုက်သည်ကို ဆွေဆွေက နားမလည်သလိုဖြင့် ကြည့်နေသည်။ ထိုစဉ် ဆွေဆွေ့အကြည့်မှာ ကျွန်တော့် နောက်ဘက်ဆီသို့ ရောက်သွားသည်။

ထိုစဉ်မှာပင် လူတစ်ယောက်က ကျွန်တော့်ပခုံးကို လာပုတ်သည်။ လှည့် ကြည့်လိုက်သောအခါ အသက်ငါး ဆယ်ခန့် ရှိုးကောင်းကောင်းနှင့် လူတစ် ယောက် ကျွန်တော့်ကို ပြုံးကြည့်နေ သည်နှင့် ဆုံရသည်။ တွေ့ဖူးသလိုလို တော့ရှိသည်။ အသေအချာတော့ မသိ။ သူ့အသွင်မှာ အထက်တန်းလွှာထဲက မဟုတ်မှန်းတော့ ကြည့်ရုံဖြင့်သိသည်။

ပဂ္ဂိဝေနှင့် ထိုင်နေသူလည်း မဟုတ်ပါ။ သူတို့စုံတွဲသည် ကျွန်တော် သတိမထားမိစဉ်မှာပင် ထွက်သွားကြ ချေပြီ။

ကျွန်တော့်စိတ်ထဲ "အရေးထဲ ကွာ"ဟု တွေးနေမိစဉ် ပခုံးလာပုတ်သူ က ကျွန်တော့်ကို ကျော်ဖြတ်သွား သည်။ သူသည် ဆွေဆွေ့နောက်ကျော ဘက်ရောက်မှ တစ်ရာတန်ငွေစက္ကူတစ် ရွက်ကို ထုတ်ပြပြီး ငွေသိမ်းကောင် တာဆီသို့ လျှောက်သွားသည်။ သူတို့ စကားအနည်းငယ်ပြောနေကြသည်။ ကျွန်တော်တို့စားပွဲကို ရှင်းပေးခိုင်းနေ ခြင်းဖြစ်မည်။

မန်နေဂျာက စားပွဲထိုးကို လှမ်း ခေါ်သည်။ ကျွန်တော့်ရင်ထဲ နည်းနည်း အေးသွားရသည်။ ရပ်နေရာမှ ထိုင် လိုက်၍ သိပ်မကြာခိုန်မှာပင် စားပွဲထိုး ရောက်လာပြီး ပိုငွေ သုံးဆယ်ကျော်ကို လာပေးသည်။ ကျွန်တော်က လင်ပန်း ထဲမှ ငွေသုံးဆယ်ကိုသာ ယူပြီး အစွန်း ထွက်ကို စားပွဲထိုးအား ယူစေလိုက် သည်။ ကျေးဇူးတင်စိတ်ဖြင့် ကျွန်တော် ကာယတင်ရှင်အား ကြည့်လိုက်သည်။ သူမရှိတော့၊ သူထွက်သွားချေပြီ။

ထိုပုဂ္ဂိုလ်မှာ ဦးလာဘ ဖြစ် ကြောင်း နောင်မှသိရသည်။

ထိုညက ကျွန်တော့်အခန်းထဲမှ တစ်ယောက်အိပ်ခုတင်ကျဉ်းကျဉ်းလေး ပေါ်တွင် ဆွေဆွေနှင့် ကျွန်တော် ကျပ် ကျပ်တည်းတည်း အိပ်ဖြစ်သည်။

ဆွေဆွေပြောခဲ့သလိုပင် သူ့ခမျာ "အမူးသမားနှင့် တစ်ညတာ"ဇာတ်ကား တွင် သူမသည် ဇာတ်ဆောင်ကောင်း တစ်ဦးဖြစ်သွားရသည်။

အားငယ်နေရှာသော ဆွေဆွေ အား ချော့မော့အားပေးရင်း သူ့ခမျာ ဘဝအမှောင်ကျခဲ့ရသည်။

ဤသို့ဖြင့် သုံးလမျှ ကြာသွား သည်။ ဝာစ်ညတွင် သူငယ်ချင်းတစ်ဦး နှင့် ကျွန်တော် သိမ်ဖြူဘားတွင် အရက်သောက်ဖြစ်ကြသည်။ အချိန်မှာ ည ၁၁ နာရီခန့် ရှိပေပြီ။ အေးအေး ငြိမ်သက်စွာ စားသောက်နေကြစဉ် စကားကျယ်ကျယ်လောင်လောင်ပြော သံကို ကြားလိုက်ရသည်၊ ယင်းကို ကျွန်တော်တို့ စိတ်မဝင်စားနိုင်ခဲ့ပါ။ ဘားဆိုင်လို နေရာမျိုးတွင် ဤအဖြစ် မျိုးမှာ သိပ်ဆန်းလှသည်တော့မဟုတ်။ ဖြစ်ရိုးဖြစ်စဉ်မျှသာ။

သို့သော် လှုပ်လှုပ်ရှားရှား ရှန်း ရင်းဆန်ခတ်ဖြစ်သွားပြီး လူတစ်ယောက် အပြင်သို့ ထွက်ပြေးသွားသည်။ ဆိုင်ထဲ မှာ လူတချို့ အော်ဟစ်ကျန်ရစ်ခဲ့ကြ သည်။ သည်တော့မှ အချင်းဖြစ်နေရာ သို့ ကျွန်တော်တို့ ကြည့်ဖြစ်သည်။

လူကြီးတစ်ယောက်ခေါင်းတွင် သွေးခြင်းခြင်းနီပြီး လဲကျန်ရစ်သည်။ အမူးလွန်နေသော်လည်း သတိမလစ် သူ့ပါးစပ်က ကိစ္စမရှိပါဟု ပြောနေသော် လည်း ယိုစီးထွက်လာသော သွေးတို့ မှာ မြင်မကောင်းအောင် ဖြစ်နေသည်။

www.burmeseclassic.com

သူ့ကို အသေအချာကြည့်လိုက်မှ ကျွန်တော်ရှာနေသော ဦးလာဘ ဖြစ်နေသည်။ ကျွန်တော် ကြာကြာစဉ်းစားမနေတော့။ ရန်ကုန်ဆေးရုံကြီးသို့ မပို့မီ သွေးအထွက်တိတ်သွားရန် နီးရာဆေးခန်းသို့ တွဲခေါ်ခဲ့သည်။

ဆေးခန်းဆရာဝန်က စိုးရိမ်စရာမရှိ။ အရက်သောက်ထားသောကြောင့် သွေးဆုနေခြင်းသာ ဖြစ်သည်။ ဒဏ်ရာမှာ ခေါင်းအရေပြားသာ စုတ်ပြတ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ ရှစ်ချက်ချုပ်ရသည်။ ဦးလာဘက ဆေးရုံကြီးသို့ သွားရန် အတန်တန်ငြင်းနေသည်။ ဆေးခန်းဆရာဝန်ကလည်း ဆေးထိုး၊ ဆေးထည့် မှန်မှန်လုပ်နိုင်လျှင် တစ်ပတ်ဆယ်ရက်အတွင်း ပျောက်လိမ့်မည်ဟု ဆိုနေပြန်သဖြင့် ဦးလာဘကို ကျွန်တော့်အခန်းသို့ ခေါ်ခဲ့ရသည်။

ထိုညက ဦးလာဘကို ကျွန်တော့်ခုတင်တွင် သိပ်ပြီး ကျွန်တော်ကမူ ပက်လက်ကုလားထိုင်တွင် မွေးတစ်ဝက် အိပ်တစ်ဝက်ဖြင့် မိုးလင်းခဲ့ရသည်။

နောင်မှ ဦးလာဘပြောပြ၍ သိရသည်မှာ ကျွန်တော့်ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်သွားသူမှာ သူတပည့်ဖြစ်ပြီး ယခု သူ့ကိုရိုက်သွားသူမှာလည်း ထိုသူပင် ဖြစ်သည်ဟူ၏။

သည်တော့မှ ဦးလာဘကို ကျွန်တော် နားလည်ရသည်။

သည့်အရင်ထဲကပင် ဦးလာဘသည် ကျွန်တော်တိုက်သောအရက်ကို သောက်၍ မူးဖူးသည်ဟု ဆိုသည်။

ထိုနေ့က တက္ကသိုလ်ဘောလုံးအသင်းက အနိုင်ရသဖြင့် လောင်းထားသော ကျွန်တော်မှာ ငွေကိုးရာနိုင်ခဲ့သည်။ ဟိုတယ်အတွင်းရှိ သောက်နေသူများအားလုံးအတွက် ထပ်သောက်ရန် ဘားဖွင့်၍ ဒကာခံခဲ့သည်။

ထိုမှ ကျွန်တော်မသိသေးမီကပင် ဦးလာဘက ကျွန်တော့်ကို သိထားနှင့်ပေပြီ။ မိုးကုတ်ကျောက်တွင်းသူဌေးသား၊ တက္ကသိုလ်ကျောင်းသား . . . မောင်သက်ထွန်း ဟူ၍။

ဤသို့ဖြင့် နောင်တွင် ဦးလာဘနှင့် ကျွန်တော်တို့မှာ ပျော်ပွဲစားရုံ၊ ဟိုတယ်များတွင် မကြာခဏ ဆုံတတ်လာသည်။ အပေါင်းအသင်းများဖြင့် ပျော်ပျော်ပါးပါး စားသောက်ခဲ့ကြသော်လည်း ကျွန်တော့်အလေ့အတိုင်း သူ့အလုပ်နှင့် ပတ်သက်၍ တစ်ကြိမ်မှုမျှ မစပ်စုမိခဲ့ပါ။

သူနှင့်ကျွန်တော်မှာ အသက်အားဖြင့် ကွာခြားသော်လည်း တန်းတူပေါင်းသင်း၍ ရသည်ဟူ၍ကား ဆိုရပါမည်။

× × ×

## အပိုင်း(၂)

## ဂြိုဟ်မွှေတဲ့စနေ

### (တစ်)

အမှန်ပါပေ။ ထိုစနေကား ကျွန်တော့်ဘဝအတွက် ဂြိုဟ်မွှေတဲ့ စနေနေ့ဟု ဆိုရပါမည်။

သတင်းစာထဲတွင် ဦးလာဘသတင်း ပါမလာသဖြင့် ကျွန်တော် စိတ်အေးချမ်းသာ ဖြစ်နေမိသည်။ ကျောင်းလည်းသွားမတက်သောကြောင့် စိတ်လွတ်လပ်နေခဲ့သည်။ တစ်ကိုယ်တည်း ခုတင်ထက်တွင် လဲလျောင်းရင်း နောက်ကြောင်းများကို အတွေးနယ်ဖွင့်ခဲ့သည်။ သို့သော် ကြာကြာဖွင့်ခွင့် မရ။ ညက အိပ်ရေးပျက်ခဲ့သဖြင့် မေးခနဲ အိပ်ပျော်သွားသည်။

ကျွန်တော် အိပ်ရာမှ နိုးလာသောအခါ မွန်းတည့်တော့မည်။ ရေချိုး၊ အဝတ်အစားလဲပြီး ၄၆ လမ်းထိပ် ထမင်းဆိုင်တွင် နံနက်စာ ဝယ်စားလိုက်သည်။ ပြီးမှ တက္ကသိုလ်အဆောင်သွားရန် ထွက်ခဲ့သည်။

ဦးလာဘ အပ်ထားခဲ့သော ငွေနှင့် ပစ္စည်းကိရိယာလည်း ကျွန်တော်နှင့်အတူ ပါလာသည်။

အရာရာသည် အလျင်စလိုမရှိဘဲ အေးဆေးငြိမ်သက်စွာဖြင့် ဖြစ်နေကြသည်ဟု ထင်စရာပါပေ။

သို့သော် တက္ကသိုလ်ရှိ အဆောင်သို့ရောက်သောအခါတွင်ကား ကျွန်တော့်ဘဝ အပြောင်းအလဲဖြစ်လာရန် ပြဿနာတစ်ရပ်က ကြိုဆိုနေပါတော့သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ကျွန်တော့်အတွက် ကြေးနန်းတစ်စောင် ရောက်နေသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်သူငယ်ချင်းများသည် မြို့ထဲသို့ ကျွန်တော့်ကိုရှာဖွေရန် လူစုခွဲ၍ ထွက်သွားနှင့်ကြချေပြီ။

ကြေးနန်းစာထဲတွင် . . .

*အိမ်မီးလောင်၊ အမေသက်မီးထဲပါ။*

*အခြေအနေဆိုး၊ အသက်မီရန် အမြန်လာ။*

*ဦး-*



www.burmeseclassic.com

www.burmeseclassic.com

ကြေးနန်းစာကိုဖတ်ရင်း ကျွန်တော့်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ အမေ ရန်ကုန်လာ ဆေးကုပြီး ပြန်တာမှ တစ်လပင်မရှိသေး။ ပကတိအကောင်းအတိုင်းပင်။

ဘယ်လိုဖြစ်ရပါလိမ့်။ ကျွန်တော် ဘာဆက်လုပ်ရမှန်းမသိတော့။

ဤနေရာ၌ ကျွန်တော့်ကျောင်းနေဘက် သူငယ်ချင်းများကို ကျေးဇူးတင်ရပါမည်။ အရူးမီးပိုင်း ကြံရာမရ ဖြစ်နေသော ကျွန်တော့်ကို သူတို့ကပင် ဦးဆောင်စီစဉ်ပေးကြသည်။ ရထားဖြင့် မန္တလေးလိုက်နိုင်အောင် လက်မှတ်ဝယ်ပေးသည်။ ကျွန်တော်အသုံးလိုမည့် အဝတ်အစားများကို လက်ဆွဲအိတ်ထဲ ထည့်ပေးသည်။ ကျောင်းကိစ္စ သူတို့တာဝန်ယူစီစဉ်ကြမည်ဟုလည်း ဆိုကြသည်။ မန္တလေးရောက်လျှင် ကိစ္စမရှိ။ မိုးကုတ်တက်သော ကားတန်းကြီးဖြင့် လိုက်ရန်သာရှိတော့သည်။

ရန်ကုန်ဘူတာကြီးတွင် ကျွန်တော့်သူငယ်ချင်းအချို့ စောင့်နေကြသည်။ ဘယ်သူမှ မျက်နှာမကောင်းကြ။ ခါတိုင်းလို တပျော်တပါး နှုတ်ဆက်ရမည့်အဖြစ်မျိုး မဟုတ်။ ကိုယ့်ဌာနေ အပြန်ခရီးမှာ ကြေကွဲစရာတွေ တစ်ထွေးကြီး ဆီးကြိုနေသည် မဟုတ်ပါလား။

ထိုညက မီးရထားခရီးတစ်လျှောက်တွင် ကျွန်တော့်မှာ မှုပင်သောက ဖြစ်ရသည်နှင့်အမျှ တစ်သက်တစ်ခါဆိုသလို အတွေးမစဉ်မိသော အတွေးများကိုလည်း တွေးနေမိပါသည်။

ကျွန်တော့်အဖေမှာ ကျွန်တော် အရွယ်မတိုင်မီ သေဆုံးသွားခဲ့သည်။ ကျွန်တော်လူလားမြောက်သည့် ဘဝတစ်လျှောက်လုံးတွင် အမေ၏ အပြုအစု၊ အစီအမံ၊ အအုပ်အထိန်းတို့ဖြင့် ကြီးပြင်းလာရသည်။

အထူးသဖြင့် ကျွန်တော့်ဆန္ဒများကို အမေ လိုက်လျောသည်က များပါသည်။ ယင်းအကြောင်း၏ အဓိကမှာ အမေက ကျွန်တော့်အပေါ် မျှော်လင့်ချက်များ ရှိထားသောကြောင့်ဖြစ်သည်။ စင်စစ် တွေးလိုက်သောအခါ ကျွန်တော်သည် အမေမျှော်လင့်သော သားမျိုး ဖြစ်မလာကြောင်းကို ယခုလိုအချိန်မျိုးကျမှ သိလာရသည်။

ထို့ကြောင့် ယူကြုံးမရ ဖြစ်လာရပြန်သည်။

ရင်ထဲက အမေ မတိမ်းပါးပါစေနှင့်ဟု ဆုတောင်းနေရသော်လည်း ခေါင်းထဲမှာမူ ဆန့်ကျင်ဘက်အတွေးများ ဝင်နေပါသည်။

အမေသာ တိမ်းပါးခဲ့ရင် ဘာမျှမလုပ်တတ် မကိုင်တတ်သော ကျွန်တော့်အဖြစ်မှာ ကောင်းသောလား၊ မကောင်းသောလားဆိုသည်ကို အတွေးမစဉ်ဝံ့သေးပေ။

တစ်ညလုံး အိပ်မရ။ သူငယ်ချင်းတစ်ဦးက အရက်ပုလင်းပေးလိုက်သော်လည်း သောက်ချင်စိတ်မရှိ။ အိပ်၍လည်း မပျော်။ အမေ့အကြောင်းသာ စိတ်အစဉ်မှာ တဝဲလည်လည် လှုပ်ခတ်နေသည်။

နောက်တစ်နေ့ ကျွန်တော်စီးလာသောရထား မန္တလေးဘူတာကြီးသို့ ရောက်သည်။ နံနက် ၈ နာရီ မိုးကုတ်သို့ထွက်သော ကားတန်းကြီးဖြင့် ကျွန်တော် လိုက်ပါဖြစ်သွားသည်။ ကျွန်တော်တက်စီးသော ကားပေါ်တွင် အမေ့အသိများ ပါကြသည်။

ကျွန်တော့်ကိုလည်း သိနေကြသည်။

"ဒေါ်အေးသက်တော့ ကံဆိုးရှာတာပဲ။ ကျောက်တွင်းတွေရောင်းပြီးတာမှ ဘာကြာသေးလို့လဲ။ ငွေတွေသာ မီးထဲပါသွားတယ်ဆိုရင်တော့ ဒုက္ခပဲ"

အဒေါ်ကြီးတစ်ယောက်က ပြောလာသဖြင့် ကျွန်တော်အံ့သြရသည်။

"ဗျာ . . . ကျောက်တွင်းရောင်းတယ်။ အဲဒါ ကျွန်တော်မသိဘူး။ ဘယ်သူ့ကိုရောင်းလိုက်တာလဲ ဒေါ်ကြီး"

ကျွန်တော် မယုံမရဲဖြင့် မေးကြည့်ရသည်။

"ဟင် . . . မင်းမသိဘူး ဟုတ်လား။ အံ့ရောကွယ်၊ ဒေါ်အေးသက် ရန်ကုန်ကပြန်လာပြီး ဘာကြာသေးလို့လဲ၊ ကျပ်ပြင်က ဦးစိုးရကို ရောင်းလိုက်တာ။ တို့ကြားတာကတော့ ဆယ်သိန်းလား၊ ဆယ့်တစ်သိန်းလားပဲ"

ဦးစိုးရကို ကျွန်တော်သိသည်။ ကျပ်ပြင်ဘက်တွင် သူတွင်းတစ်တွင်း ဝယ်ပြီး ဆယ်နှစ်ခန့်အကြာ ကျွန်တော် ဆယ်တန်းအောင်သောနှစ်တွင် ကျောက်အောင်သွားသဖြင့် နေ့ချင်းညချင်း သူဌေးဖြစ်ခဲ့သူပင်။ အမေတို့နှင့်လည်း ခင်မင်ရင်းနှီးကြသည်။

"အမေ ဘာလို့ရောင်းပါလိမ့်။ အလုပ်လည်း လုပ်နေရသားနဲ့"

"အေး . . . ဒါဆို မင်းမသိစေချင်လို့နေမှာပေါ့။ နောက်ပြီး မင်းတို့တွင်း



www.burmeseclassic.com

www.burmeseclassic.com

က ကျောက်ကောင်းမထွက်တာ သုံးလေးငါးနှစ်လောက် ရှိပြီကွယ့်။ ဦးစိုးရယ်လိုက်တာကို တို့တောင် အံ့သြနေသေးတယ်။ ဒါတွေလည်း မင်းမသိဘူးမဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"ရန်ကုန်ဘဏ်မှာကော ငွေစာရင်းရှိလား"

အမေးအမြန်းလုပ်နေသည့် အဒေါ်ကြီး၏ ခင်ပွန်းဖြစ်သူက ဝင်မေးသည်။

"ဟုတ်ကဲ့ ရှိပါတယ်။ မန္တလေးဘဏ်ခွဲမှာလည်း ရှိပါသေးတယ်"

အမေက မန္တလေးဘဏ်တွင် ယခင်ကတည်းက ငွေအပ်နှံခဲ့ဖူးသည်။ ယခု မည်မျှလောက်ရှိနေသေးသည်ကိုတော့ ကျွန်တော်မသိပါ။

သူတို့လည်း ဘာမျှဆက်မမေးတော့ပါ။

ပြောစရာ ကုန်သွား၍လား ကျွန်တော် စိတ်မကောင်းဖြစ်မှာစိုး၍လားမသိ သူတို့ ငြိမ်နေကြသည်။ ကျွန်တော့်မှာမူ အမေ့အတွက် စိုးရိမ်ပူပန်နေရသည့်အထဲ မထင်မှတ်သောသတင်းစကားကို ကြားလိုက်ရသောကြောင့် ခေါင်းနောက်သွားရသည်။

မညီညာသော ကားလမ်းပေါ်တွင် ခြတ်မောင်းနေရသဖြင့် ကားစောင့်သည့်ဒဏ်ကလည်း စိတ်တိုစရာကောင်းလှသည်။ အံ့သြစရာကောင်းသည်မှာ နှစ်ညဆက်တိုက် အိပ်ရေးပျက်ခဲ့ပါလျက် အိပ်ချင်စိတ် ကုန်ခန်းနေခြင်းပင် ဖြစ်သည်။ မိုးကုတ်သို့ ည ၈ နာရီခန့်တွင် ရောက်သည်။

ကျွန်တော့်ကို ဦးကြီးခနှင့် ဇနီး ဒေါ်ငွေမယ်တို့က လာကြိုနေကြသည်။ ယမန်နေ့ကလည်း လာကြိုကြသေးသည်ဟု ပြောကြသည်။ ဦးကြီးခတို့ ကျွန်တော့်မိဘများထဲတွင် လာနေကြသည်မှာ ကျွန်တော့်တစ်သက်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည်ပင် သူတို့သားလို ဖြစ်နေခဲ့သည်။

"အစ်မသက်ရေ...သားလာတာတောင် မစောင့်တော့ဘူးလား။ ဒီမှာ မောင်သက်ပြန်လာပြီလေ...ဟီးဟီး"

ဒေါ်ငွေမယ်က ကျွန်တော့်ကို ပြေးဖက်ပြီး ငိုသည်။ ကျွန်တော်သဘောပေါက်သွားသည်။ အမေ သေပြီ။ ပြောစရာစကား ကျွန်တော့်ပါးစပ်မှ ထွက်မလာ။ ရင်ထဲမှာ ထိခိုက်ကြေကွဲမှုများက ဆောက်တည်ရာမရ ဖြစ်နေသည်။ တားဆီးမရသော မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျဆင်းလာသည်။

"ဖြစ်ရလေ အမေရယ်။ ကျွန်တော်လာတာကိုတောင် မစောင့်နိုင်တော့ဘူးလားဗျာ"

ဟုသာ နှုတ်က ရေရွတ်လိုက်ရသလို ရင်ထဲမှာ နှလုံးသည်းပွတ်ကြေမတတ် ခံစားလိုက်ရ၏။

သူတို့ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကားတစ်စီးဖြင့် ကျွန်တော်တို့ အိမ်နေရာသို့ သွားခဲ့ကြသည်။

အမေ့အလောင်းကို အကျအနကြီးပြင်ထားသည်ကို တွေ့ရသည်။ ခေါင်းကိုတော့ မပိတ်သေးပါ။ အမေ့အသွင်မှာ မြင်ရက်စရာမရှိ။ မသေမီ ဝေဒနာကို မချိမဆံ့ ခံစားသွားရပုံတွေ့ရသည်။ ထူးခြားသည်ဟု ဆိုရမည်မှာ အမေ့နဖူးဆံစပ်နားတွင် ဒဏ်ရာကြီးတစ်ခုကို မြင်လိုက်ရခြင်းဖြစ်၏။

"ဩော်...အမေ"

နှုတ်ဖျားမှ တိုးတိုးညည်းညည်းပင် ပွင့်အန်သွားသည်။

အစစအရာရာသော မြင်ကွင်းတို့သည် စိတ်မချမ်းမြေ့စရာချည်း ပြည့်လျှမ်းနေသည်။

အိမ်မကြီးမှာ မီးလောင်ပြာကျသွားပြီဖြစ်ရာ ဘာမျှရစရာမရှိတော့ပါ။ အားလုံး ပြာချည်းဖြစ်ကုန်ပြီ။

အမေ့အလောင်းကို အိမ်ရှေ့ဘက် မီးလောင်ပြင်မြေကွက်တွင် ပြင်ထားသော်လည်း ဧည့်ခံရေးအတွက် ရှက်ထည်ဖျင် ထိုးထားကြသည်။

ကျွန်တော်ပြန်ရောက်သည်ကို ကြား၍ လူတော်တော်များများ လာကြပြီး ဝမ်းနည်းစကားဆိုကြသည်။ အလွန်များလှသဖြင့် ဘယ်သူတွေမှန်း ကျွန်တော် မသိ။ မိုးကုတ်နှင့် ကင်းကွာခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီ။ ကျောင်းပိတ်၍ ပြန်ရောက်လျှင်လည်း ခဏတစ်ဖြုတ်သာ ဖြစ်သဖြင့် သူတို့အားလုံးကို ကျွန်တော်မမှတ်မိတော့။ အမေသည် မျက်နှာကြီး လူကုံထံဖြစ်သော်လည်း သေကံမကောင်းခဲ့ပါတကား။

(ရှေ့လဆက်ရန်)

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



# မဆိုင်သူ မလာရ

ရဲဝေဦး

(၁)

"လူစုံပြီလား"

"စုံပြီ"

"ပစ္စည်းတွေရော"

"စုံပြီ"

"ဘာကျန်သေးလဲ"

"မကျန်တော့ဘူး"

"မကျန်ရင် သွားမယ်"

ကျွန်တော်တို့အဖွဲ့က ရေကန်တူးမယ့်အဖွဲ့။ ကျွန်တော်ကမေးပြီး မျိုးဦး၊ ဇင်ဝင်းမောင်၊ ပိုင်ကြီးနဲ့ ပြည့်ဖြိုးကျော်က ဖြေတာ။ မျိုးဦးက ပြည့်ဖြိုးကျော်ရဲ့အဖေ။

ရေကန်တူးသွားမယ့် ကျွန်တော်တို့အဖွဲ့မှာ မသက်လည်း ပါတယ်။ မသက်ဆိုတာ ဇင်ဝင်းမောင်ရဲ့မိန်းမ။

မအှုပင်က ဒေးဒရဲကို ခရီးထွက်တဲ့နေ့က ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

(၂)

အဲဒီ ၂၄-၁၂-၂၀၁၅ မှာပဲ ဒေးဒရဲကို ကျွန်တော်တို့အဖွဲ့ ရောက်တယ်။ ရောက်တော့ မိုးတော်တော်ချုပ်နေပြီ။ ဒါကြောင့် ဒေးဒရဲမြို့နယ်ထဲက ရွာလေးတစ်ရွာမှာပဲ အိပ်လိုက်ကြရပါတယ်။

အဲဒီရွာလေးမှာ အိပ်တယ်ဆိုပေမယ့် တကယ်အိပ်ကြတာက သင်္ဘောပေါ်မှာ။ သင်္ဘောက ကျွန်တော်တို့ ငှားထားတာ။

မအိပ်ခင်မှာ အလှူ့ဒါနလုပ်ပေးသေးတယ်။ ထမင်းတွေ၊ ဟင်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com

အချိုးရည်တွေနဲ့။ ဘယ်သူ့ကို အလှူဒါန လုပ်ရတာလဲဆိုတော့ မူလသင်္ဘောပိုင်ရှင်ကို။

မူလ သင်္ဘောပိုင်ရှင်က ဦးမောင်မောင်ကြီးတဲ့။ ဦးမောင်မောင်ကြီးက သိပ်ပြီး စည်းကမ်းကောင်းတာဆိုပဲ။ သူ့သင်္ဘောကို သူ့သိပ်သံယောဇဉ်ကြီးတဲ့လူတဲ့။

ဦးမောင်မောင်ကြီးရဲ့ ဇနီးက ဒေါ်မြင့်မြင့်ချို။ ငှက်ဖျားရောဂါကြောင့် ဦးမောင်မောင်ကြီးဆုံးတော့ သူ့ဇနီးက သင်္ဘောနဲ့ စီးပွားမရှာတော့ဘူး။ ကုန်းပေါ်မှာပဲ စီးပွားရှာခဲ့တယ်။ မြို့ကိုတက်ပြီး ကုန်စုံဆိုင်ကြီးဖွင့်တယ်လို့ပြောတာ။

ဒေါ်မြင့်မြင့်ချိုက ဦးဖိုးစောကို ရောင်းခဲ့တာ။ ဦးဖိုးစောဆီက ကျွန်တော်တို့အဖွဲ့က ငှားတာ။

ဦးဖိုးစောက -

"ခင်ဗျားတို့ကို ပွင့်ပွင့်လင်းလင်း ပြောထားရဦးမယ်"

တဲ့။ သင်္ဘောငှားပြီးတာနဲ့ အဲဒီလို ပြောတာ။

ကျွန်တော်က -

"ဘာများလဲ"ဆိုတော့

"ကိုရဲဝေဦးရေ. . .ဒီသင်္ဘောရဲ့ မူလပိုင်ရှင်က ဒေါ်မြင့်မြင့်ချိုရဲ့ခင်ပွန်း ဦးမောင်မောင်ကြီးဗျ။ ဒီလူက သူ့သင်္ဘောကိုသူ သိပ်သံယောဇဉ်ကြီးတာ။ သူက ငှက်ဖျားရောဂါကြောင့် သေပြီးတာတောင် သင်္ဘောကို ပြန်စောင့်ရှောက်တယ်။ ညညဆို သင်္ဘောပေါ်မှာ လမ်းလျှောက်နေတတ်တယ်။ သင်္ဘောဦးမှာ ထိုင်နေတတ်တယ်။ သင်္ဘောပေါ်က လူတွေကို ဘာအနှောင့်အယှက်မှ မပေးဘူး။ သင်္ဘောကို ပျက်စီးအောင် ဖျက်ဆီးမယ့်လူဆိုရင်တော့ ကြောက်အောင် ခြောက်လှန့်တတ်တယ်။ တစ်ခါက ညဘက် ဓားပြတွေ သင်္ဘောပေါ် တက်ဖို့လာတော့ ကြောက်စရာကောင်းတဲ့ သရဲတစ္ဆေပုံစံကြီးလုပ်ပြီး လိုက်ခြောက်တာနဲ့ ပြန်ပြေးခဲ့ရတယ်။ နောက်ထပ် ဓားပြတစ်ဖွဲ့ကလည်း သင်္ဘောပေါ်တက်ဖို့ကြိုးစားတုန်း မြွေကြီးတွေ လိုက်ကိုက်လို့ ပြေးကြရတယ်တဲ့. .။ ဒါပေမယ့် ကောင်းကောင်းမွန်မွန်နေတဲ့ သင်္ဘောပေါ်ကလူတွေကိုတော့ မနှောင့်ယှက်တဲ့အပြင် ကူညီတတ်တယ်တဲ့။ သူ့အကူအညီကိုလိုချင်ရင်၊ သူစောင့်ရှောက်တာခံချင်ရင် ထမင်းတွေ၊ ဟင်းတွေ၊ အချိုရည်တွေနဲ့ သူ့နာမည်ကို ခေါ်ကာ လှူဒါန်းပြီး စောင့်ရှောက်ပါ။ ကူညီပါလို့ပြောရတယ်"

ဆိုပြီး ပြောထားလို့ ကျွန်တော်တို့က ကျွန်တော်တို့ငှားထားတဲ့ သင်္ဘောရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ဦးမောင်မောင်ကြီးကို ရည်မှန်းပြီး အလှူဒါနလုပ်ပြီး အကူအညီတောင်းခဲ့ရတာပါ။

(၃)

ဦးဖိုးစော ပြောသလိုပါပဲ။ ကျွန်တော်တို့လည်း သတိနဲ့အိပ်ကြတာ။ ခရီးပန်းလာပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အားလုံးအိပ်လို့ ဘယ်ဖြစ်မလဲ။ ကိုယ့်ဒေသ ကိုယ့်နယ်မြေမှ မဟုတ်တာ။ ကင်းချသလို အလှည့်ကျ အိပ်ကြရတာပေါ့။

**လှေစီးလာတဲ့**
**လူနှစ်ယောက်ကို မြင်တယ်။**
**နှစ်ယောက်လုံးမှာ**
**မျက်လုံးတွေ၊ နှာခေါင်းတွေ၊**
**ပါးစပ်တွေ မပါဘူး။**
**နားရွက်ကားကားကြီးတွေနဲ့။**

ည ၁၂ နာရီခွဲကျော်တော့ ကျွန်တော်နဲ့ ပိုင်ကြီးမြင်တယ်။ လသာသာနဲ့ မြင်တာ။ ပြီးတော့ နားထဲမှာ ကြားကြသလိုပါပဲ။

"ဖွမ်း ဖွမ်း ဖွမ်း"ဆိုတဲ့ လှေလော်သံနဲ့ ရေလယ်က လော်ခတ်လာတဲ့ လှေငယ်တစ်စင်း။ လှေဦးမှာထိုင်တာက မိန်းမ။ ပဲ့ကိုင်တာကယောက်ျား။

ကျွန်တော်တို့ သင်္ဘောက ကမ်းနားနဲ့ ဝါးနှစ်ပြန်နီးပါးအကွာမှာ ကျောက်ချထားတာ။ လော်ခတ်လာတဲ့ လှေက သင်္ဘောနဲ့နီးလာတယ်။ နီးလာတော့ လှေစီးလာတဲ့ လူနှစ်ယောက်ကို မြင်တယ်။ နှစ်ယောက်လုံးမှာ မျက်လုံးတွေ၊ နှာခေါင်းတွေ၊ ပါးစပ်တွေ မပါဘူး။ နားရွက်ကားကားကြီးတွေနဲ့။

"ဟာ. . .ဘာတွေလဲ"

"သရဲတွေလား"

နှစ်ယောက်သား စကားပြိုင်တူ ထွက်ပြီး ကျန်တဲ့လူတွေကိုနှိုးတယ်။

"ထ"

"ထကြ"



www.burmeseclassic.com

www.burmeseclassic.com

ဖြိုင်တူ ထလာကြတဲ့ မျိုးဦး၊ ဇင်ဝင်းမောင်၊ မသက်၊ ပြည့်ဖြိုးကျော်တို့လည်း ရေလယ်က လှေလှော်လာတဲ့ သရဲမှန်း၊ လူမှန်းမသိတဲ့ လှေပေါ်ကနှစ်ယောက်ကိုမြင်တယ်။ သရဲလား၊ လူလားလို့ ပြောတာက သရဲ၊ ဒါမှမဟုတ် မျက်နှာဖုံးစွပ်ထားတဲ့ လူတွေလို့ထင်လို့။

"ဟာ"

"သင်္ဘောနား မကပ်စေနဲ့"

"ထိုးဝါးနဲ့ ကပ်လာရင်ထိုး"

"ဓားတွေ အဆင်သင့်ကိုင်ထား"

ထူးခြားတယ်လို့ ပြောရမယ်ထင်တယ်။ လှော်လာတဲ့လှေ စောင်းပြီးမြုပ်သွားတယ်။ လှေမြုပ်သွားပေမယ့် အဲဒီနှစ်ယောက်က တဝုန်းဝုန်းမြည်အောင် ရေသံပေးပြီး သင်္ဘောနားကို ကူးလာတယ်။

ဒီတော့မှ . . . ကျွန်တော်တို့က သင်္ဘောဦးကို ကြည့်မိတာ။ လူကြီးတစ်ယောက် ခါးထောက်လို့။ လူကြီးလို့ ပြောရတာက သူ့အရပ်က ကျွန်တော်တို့အရပ်ထက် သုံးဆလောက်မြင့်လို့။

ဒါဆို ဒီပုဂ္ဂိုလ်ဟာ လူမဖြစ်နိုင်ဘူး။ သင်္ဘောဦးမှာ မတ်တတ်ရပ်၊ ခါးထောက်နေတဲ့ လူလို့ထင်ရတဲ့သူက သင်္ဘောရဲ့ မူလပိုင်ရှင် ဦးမောင်မောင်ကြီးပဲ ဖြစ်ရမယ်။

ရေထဲကူးလာတဲ့ နှစ်ယောက် သင်္ဘောအနားလည်း ရောက်ရော သင်္ဘောဦးမှာ မတ်တတ်ရပ်ခါးထောက်နေတဲ့ ပုဂ္ဂိုလ်က ခြေထောက်အရှည်ကြီးထုတ်ပြီး ဖနောင့်နဲ့ပေါက်ချလိုက်တာ အားရပါးရပါပဲ။ အဲဒီနှစ်ယောက် ရေထဲမြုပ်သွားလိုက်တာ ပေါ်မလာတော့ပါဘူး။

သင်္ဘောဦးပေါ် ရပ်နေတဲ့ ပုဂ္ဂိုလ်လည်း ပျောက်ကွယ်သွားခဲ့တယ်ပေါ့။

(၄)

မိုးလင်းပြီးတော့ ကျွန်တော်တို့က ဦးဖိုးစောကို ညက တွေ့မြင်ခဲ့ရတဲ့ အကြောင်းကိုပြောတော့ -

"ဟုတ်တယ် ကိုရဲဝေဦးရေ . . .။ ခင်ဗျားတို့ကို ကျွန်တော် ကြိုတင်မပြောမိဘူး။ ရေလယ်က လှေစီးလာတဲ့နှစ်ယောက်နာမည်က ကိုစိန်ကုလားနဲ့ မမိလုံးတဲ့။ ငါးရှာဖားရှာစားခဲ့တဲ့ တံငါသည် ရေလုပ်သားတွေပေါ့ဗျာ။ ရေလယ်မှာ ငါးရှာရင်း လှေမှောက်လို့ သေခဲ့ရရှာတာတဲ့"

အဲဒါကြောင့် သတ္တဝါတွေကို သနားတတ်တဲ့ ကျွန်တော်တို့အဖွဲ့က အဲဒီလှေမှောက်သေတဲ့ ကိုစိန်ကုလားနဲ့ မမိလုံးကို ရည်စူးပြီး အလှူဒါနလုပ်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ဖြူစင်တဲ့ စေတနာသဒ္ဓါတရားကြောင့် ထင်ပါရဲ့၊ ရေကန်တွေတူးပြီး ပြန်လာတဲ့အချိန်အထိ ဦးမောင်မောင်ကြီးကိုရော၊ ကိုစိန်ကုလားတို့ လင်မယားကိုရော တစ္ဆေသရဲအဖြစ် မတွေ့ခဲ့ရတော့ပါဘူး။

လူနတ်ဗြဟ္မာ သတ္တဝါအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ . . .

**ရဲဝေဦး**

**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .**

HIV ပိုးကူးဆက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ
၀၁–၅၈၁၉၅၅

ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ
၀၉–၇၃၀–၁၈၀၀၇

နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် . . .
၆၃၈၄၈၀
၇၀၈၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တေဘုမ္မာ ဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

သက်ခိုင်ကို လူ့ဘဝရောက်စေချင်တာက ကျုပ်သိထားတဲ့တရားတွေကို ဟောဖော်ညွှန်ပြနိုင်တဲ့ သံဃာတော်တွေရှိတဲ့ မြန်မာပြည်မှာ နိဗ္ဗာန်ရောက်ကြောင်းတရား နာယူကျင့်ကြံအားထုတ်နိုင်ဖို့ လူလာဖြစ်ရတာဟာ တကယ့်မနုသတ္တဘာဝေါ ဒုလ္လဘောပဲ ဒကာကြီးတို့ရဲ့"

"မှန်လှပါ တပည့်တော်တို့ ကြိုးစားအားထုတ်ပါတော့မယ်ဘုရား"

✧ **နိဗ္ဗာန်မရ ဘုံသုံးဝ ဒုက္ခမကင်းချေ**

တစ်နေ့သ၌ မယ်ဆင့်အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ စကားဝိုင်းဖွဲ့နေကြသည်။ စကားဝိုင်းသည် လူစုံလှသဖြင့် ကျွန်ုပ်နှင့် ပြိတ္တာလည်း ခြံထဲသို့ပြန်မည့်ခြေဦးကို မယ်ဆင့်ခြံထဲရှိ ရေတွင်းဆီသို့ လှည့်လိုက်ကြသည်။

သာရေးနာရေး၊ ရပ်ရေးရွာရေးများကို ဟိုရောက်သည်ရောက် ပြောဆိုနေကြသည်။ သည်ဝါကျွတ်တွင် နေရာချထားပေးမည့် ဦးတင်မြ၏ မြေးမ သရဖီဦး၏ မင်္ဂလာပွဲအတွက်လည်း အစီအစဉ်ကြမ်းများ ရွေးချယ်ဆွေးနွေးကြသည်။

စကားဝိုင်းတွင် လူများသော်လည်း သူတို့၏စကားများထဲ၌ ကျွန်ုပ်နှင့် ပြိတ္တာအား ဆွဲဆောင်နိုင်မည့် အကြောင်းအရာမပါပေ။ ဘယ်အချိန်တွင် ပါလာမည်လဲဟု နားစွင့်ရင်း နားစွင့်ရင်း ပျင်းရိသလိုရှိလာသည်။

နေရောင် မပျောက်တပျောက် အချိန်တွင် ခြံထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရ၏။ ထိုသူက ကပ္ပိယကြီး။

"လာဗျို့ လာ‥လာ‥ဘယ်က လှည့်လာတာတုံး"

ဦးထွန်းကြိုင်က နှုတ်ဆက်ရင်း ကွပ်ပျစ်တစ်ဘက်စွန်း၌ လူတစ်ယောက် တင်ပါးလွှဲ၍ ထိုင်လို့ရသည်အထိ နေရာရွှေ့ပေးလိုက်သည်။ ထိုနေရာသို့ ကပ္ပိယကြီးကဝင်၍ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

“အရှေ့ပိုင်းက ကျောင်းသား တစ်ယောက် ကျောင်းကိုပြန်မလာလို့ သွားကြည့်တာ၊ အပြန်တော့ဝင်ဦးမှ ဆိုပြီး စိတ်ကူးရင်း လှူစုံတွေ့လို့ဝင်ခဲ့တာဗျ”

“ဦးကပ္ပိယကြီးရောက်တာနဲ့ အတော်ပဲ”

“အတော်ပဲ လုပ်မနေနဲ့၊ အခါး အိုး သွားထပ်ဖြည့်ချေဦး”

ကရင်လေး၏စကားမှ အဆုံး မတိုင်ခင် မယ်ဆင့်က အမိန့်ပေးလိုက်သဖြင့် ကရင်လေးသည် မြေကရား အိုးကို ဆကြည့်လိုက်သည်။ ကရား အိုးမှာ ပေါ့လွှန်းနေသဖြင့် ယူငင်ပြီး မီးဖိုချောင်သို့ တက်သွားခဲ့သည်။

“ဘာတွေများ စကားကောင်းလို့ လှူစုံတက်စုံ ရှိနေတာလဲ ဦးတင်မြရဲ့”

“သြော် စပါးရိတ်ဖို့က သိပ်မလိုတော့ဘူး၊ အဲဒါ ဘယ်သူ့လယ်က စပြီး ဘယ်သူက ဘယ်လယ်ရိတ်ဆိုပြီး စကားဝိုင်း စ,ရာက ဟိုရောက်ဒီရောက်နဲ့ စကားဝိုင်းစည်သွားတာပဲ ကပ္ပိယကြီးရယ်”

ဦးတင်မြက အတိုချုံးရှင်းပြလိုက်သည်။

“ဆရာတော်ကို အာမခံထားတဲ့ ဝါပကာလမှာ ဥပုသ်စောင့်ဖို့ ဆိုတာကော မပြောကြဘူးလား”

“ပါတာပေါ့ ကပ္ပိယကြီးရယ်၊ အဲဒီကရင်လေးက စောဒကတက်နေလို့ ခုနက အတော်ပဲလို့ပြောနေတာ”

ကရင်လေးက ရေနွေးကရား အိုးကို ကောက်ရိုးကရွတ်ခွေပေါ် အသာချရင်း -

“ဟုတ်တယ်၊ ကပ္ပိယကြီးသိရင် နည်းနည်းရှင်းပြပေးပါဗျာ”

ကွပ်ပျစ်ဘေးနား၌ မတ်တတ်ရပ်နေသော ကရင်လေးကို အခြားသူများက စိုးရိမ်စိတ်ဖြင့် ဝိုင်းကြည့်နေကြသည်။

“ဒီကောင် နံ့အအကောင်က ဘယ်က ကြားလာလဲမသိပါဘူးဗျာ၊ ဘာတဲ့‥တံငါသည်က ဥပုသ်မစောင့်ဘဲ ငါးကမရတော့ ငါဒီနေ့ဥပုသ်စောင့် ရရင်ကောင်းသားလို့ စိတ်ထားမှန်လို့ သေတော့ နတ်ပြည်ရောက်တယ်လို့ လာပြီးငြင်းနေတယ်”

ဦးတင်မြက ကရင်လေးထက် ဦးအောင် ကပ္ပိယကြီးကိုပြောလိုက်သည်။

“အဲဒါမှန်တယ်မဟုတ်လား ကပ္ပိယကြီး၊ အဲဒါ ဘုရားဟောမဟုတ်လား”

“ဒီကောင် လုပ်ပြန်ပြီ၊ နတ်ပြည်ရောက်တာနဲ့ ဘုရားဟောဆိုပြီး ရမ်းတုတ်နေပြန်ပြီ၊ တော်တော်ပြောရခက်တာပဲ”

ဦးထွန်းကြိုင်က ညည်းညူလိုက်၏။

“ဒါဆိုရင်တော့ ပြောပြရှင်းပြမှ ဖြစ်မယ်ထင်တယ်၊ ဒီအကြောင်းက ဒီလိုပါ ရေးစကားလို့ ပြောရမယ်ဗျ၊ ရေးစကားဆိုတာ ချက်ကျကျဖွဲ့နွဲ့ပြော ဖန်များရင် ဘုရားဟော ဇာတကထဲ ကလိုလို ဖြစ်သွားတတ်တယ်၊ သံချိုဆရာ ဦးကျော်လှဆိုတာ အထက်မြန်မာပြည်မှာ နာမည်ကျော်ပဲ၊ အဲဒီဆရာကြီး ဦးကျော်လှရဲ့ ရုပ်သေးပွဲက ဝါခိုလကွယ်နေ့ကြီး စစ်ကိုင်းချောင်မှာလာကတယ်၊ စစ်ကိုင်းတောင်မှာက ချောင်တွေကအများကြီးရှိတော့ ဘယ်ချောင်မှာလို့တော့ မသိရပေဘူး၊ စစ်ကိုင်းတောင်မှာ ဝါခိုလပြည့်နေ့ကနေ သီတင်းကျွတ်လပြည့်နေ့ အထိ လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဆွမ်းတော်ကြီးကပ်လှူတဲ့ပွဲရှိတယ်။ “ပုံ၊ တောင်၊ စေ၊ ချမ်း၊ ဥ၊ နန်း၊ နံ၊ လေး၊ ပ၊ ထူ၊ ရှင်၊ အောင်၊ ကောင်း” ဆိုပြီး စာချိုးထားတဲ့ အစီအစဉ်အတိုင်း ကျင်းပတယ်၊ ဒီစာချိုးအရ “ပုံ”ဆိုတာ ပုညရှင်ဝါခိုလပြည့်နေ့မှာ ဆွမ်းတော်ကြီးကပ်လှူပွဲလုပ်တယ်၊ ဒီလို ဆွမ်းတော်ကြီးကပ်လှူပွဲကို အစအဦးပြုလုပ်ရလို့ ဆွမ်းဦးပုညရှင်စေတီလို့လည်း ခေါ်ကြတယ်”

မရပ်မနားပြောလာသော ကပ္ပိယကြီး၏စကားကို အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာ နားစိုက်ထောင်နေကြသည်။

“တောင် ဆိုတာက “တောင်ဖီလာ”မှာ ဝါခိုလပြည့်ကျော် ရှစ်ရက် ဥပုသ်နေ့၊ “စေ”ဆိုတာက စေတဝန်လည်းခေါ် ဇေတဝန်လည်းခေါ်တဲ့ ဘုရားမှာ ဝါခိုလကွယ်နေ့ ဆွမ်းကပ်တဲ့နေ့ပေါ့၊ ဦးကျော်လှရုပ်သေးပွဲက

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကြီးတယ်၊ ကလေး၊ လူငယ်၊ လူကြီးအားလုံး ကြိုက်တယ်၊ သူကတဲ့ နေရာတိုင်းမှာ ကလေးအစ သက်ကြီး ရွယ်အိုအဆုံး ဉပုသ်စောင့်နေကြတော့ ဦးကျော်လှရဲ့ရုပ်သေးပွဲ . လူမစည်ဘူး ဖြစ်နေတာပေါ့၊ အဲဒီမှာ ဦးကျော်လှက တံငါသည် နတ်ပြည်ရောက်တဲ့ ဉပမာ ပေးပြီး သံချိုဆိုလိုက်တာ သူ့သံချိုကို အမိပ္ပါယ်ပြန်ပြီး ပြောဆိုကြရင်း တံငါ သည် ဉပုသ်စောင့်သလိုဆိုတဲ့ ဇာတ် လမ်း ဖြစ်လာတာပါပဲ"

ကပ္ပိယကြီးက လက်ဖက်အုပ် ထဲမှ လက်ဖက်သုပ်တစ်ဇွန်းကို ခပ် ယူကာ စားလိုက်၏။

"စား…ကပ္ပိယကြီး၊ အဲဒီလက် ဖက်က သရဖီဦးလက်ရာ၊ အကြမ်း လည်းသောက်"

"မင်း လောကွတ်မလုပ်လည်း ကပ္ပိယကြီးက စားပြီးနေပြီ၊ အပိုလုပ် မနေနဲ့"

ကျော်စွာက ကရင်လေးကို ဟန့်တားလိုက်ခြင်းဖြစ်သည်။ အမှန်မူ အားလုံးမှာ စိတ်ဝင်တစားငေးမော နစ်မြောနေကြသဖြင့် လောကွတ် စကားပြောရန် မေ့လျော့နေခြင်း ဖြစ် သည်။ ကရင်လေးက သတိရပြီး လောကွတ်စကားပြောလိုက်သော်လည်း ကပ္ပိယကြီးမှာ လက်ဖက်တစ်ဇွန်းကို စားနေပြီမို့ ကရင်လေးမှာ မျက်နှာ ကောင်းမရလိုက်ရှာပေ။

"အဲဒီ သံချိုလေးများ မရဘူး လား, ကပ္ပိယကြီး"

"မရပါဘူး မယ်ဆင့်ရယ်၊ ဒါ ပေမယ့် စကားပြေပြန်ပြီးတော့ ပြော ပြပါ့မယ်၊ အခုတော့ သမီးသရဖီဦးရဲ့ လက်ရာ ခံတွင်းတွေ့သွားလို့"

"စား…စား ဘဘကြီး၊ ကုန် ရင် ထပ်သုပ်ပေးဦးမယ်"

သရဖီဦးကလည်း ကပ္ပိယကြီး ပြောသည်ကို အဟုတ်ထင်ကာ စေတနာတွေ ပိုပြနေ၏။

"ကောင်းတော့ ကောင်းပါ တယ် သမီးရယ်၊ နောက်ခိုမှတ်ထား၊ လက်ဖက်ဆိုတာ ပုစွန်ခြောက်ထည့် သုပ်ရင် ငံပြာရည်တို့၊ ဆားတို့ဆိုတာ လျှော့ထည့်ရတယ်ကွယ့်"

အားလုံး ဝါးကနဲရယ်မော ပွဲကျ သွားလေသည်။

"ကဲ…ကဲ ဦးကျော်လှက သံချိုကို ဘယ်လိုစာစပ်သလဲဆိုတော့ တံငါသည် သူငယ်ချင်းနှစ်ယောက် ရှိ တယ်တဲ့၊ ဉပုသ်စောင့်ဖို့ပြောဆိုတိုင်ပင် တော့ တစ်ယောက်က ဉပုသ်စောင့် တယ်၊ တစ်ယောက်က ပိုက်ကွန်ဆွဲပြီး ငါးသွားရှာတယ်၊ အဲဒီဉပုသ်နေ့မှာမှ မိုးလေကျပြီး ငါးမရဘူး၊ ဒီတော့ သူ ငယ်ချင်းကတော့ ခုဆို ဉပုသ်စောင့် နေလို့ ကုသိုလ်ရနေပါပြီ၊ ငါလည်း သူနဲ့အတူ ဉပုသ်သွားစောင့်ရ အကောင်းသားလို့ တစ်နေ့လုံး တွေး နေသတဲ့၊ ဉပုသ်စောင့်တဲ့ တံငါသည် ကတော့ ကျောင်းကကျွေးတဲ့ မနက် စာစားရင်း၊ ဟင်းခွက်ကိုကြည့်ပြီး ခြော်…ဉပုသ်မစောင့်ဘဲ ငါးသွားရှာ ရအကောင်းသားနဲ့ ဉပုသ်လာစောင့် မိတယ်၊ ဟိုလူ ငါးတွေရလို့ ရောင်း လည်းရောင်းရ၊ ဝင်ငွေလည်းရ၊ မယား အဖော်အတွက်လည်း ငါးကြော်ဝဝ စားရချည်ရဲ့လို့ တွေးသတဲ့"

ကပ္ပိယကြီးက လက်ဖက်တစ် ဇွန်း ခပ်ယူစားလိုက်သည်။ အလျင် 'အမြန်ဝါးပြီး ရေနွေးကြမ်းတစ်ပန်းကန် နှင့် မျှောချလိုက်၏။

"အဲဒီ လူနှစ်ယောက်သေ တော့ ဉပုသ်စောင့်တဲ့လူက ငရဲကျပြီး၊ တံငါသည်ကတော့ စိတ်က ဉပုသ် စောင့်တဲ့ဆီ တစ်ချိန်လုံးရောက်နေလို့ နတ်ပြည်ရောက်ရတယ်၊ ဒါကြောင့် တစ်နှစ်မှာမှ ဒီတစ်ရက်လေး ရုပ်သေး ပွဲကြည့်ခွင့်ကြုံတာ နတ်ပြည်ရောက်တဲ့ ကိုတံငါလို စိတ်မှာထားတတ်ရင် အဲ …ပွဲကြည့်ရင်းလည်း ကုသိုလ်ယူတတ် ရင် ရနိုင်ပါတယ်လို့ ဆိုလိုတာပါပဲ"

"အနို့…သံချိုဆရာ ပြောတာ နည်းလမ်းအကျသားပဲဗျ"

"သံချိုဆရာ စာစပ်ကောင်း လေတော့ ရုပ်သေးပွဲကြည့်တဲ့သူတွေ ပွဲကြည့်ပြီး သီလရနိုင်တယ်၊ ဉပုသ် ကျောင်းမှာ သီလစောင့်ရင်း ငရဲကျနိုင် တယ်လို့ ထင်ကုန်ကြတာပေါ့၊ အဆင့် ဆင့် စကားလက်ဆင့်ကမ်းလာလိုက် တာ ကရင်လေးဆီရောက်လာချိန်မှာ ဘုရားဟော ဒေသနာတော်ဆိုပြီး ထင်မှတ်မှားကုန်ရော၊ ဒီလိုလွဲမှားမှု မဖြစ်အောင်လို့ အဲဒီသံချိုကို ပြန်ဖြေ ရှင်းတဲ့ မန်လည်ဆရာတော်ဘုရားကြီး ရဲ့ အဖြေသံချိုဆိုတာ ရှိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"မန်လည်ဆရာတော်ဘုရားက အမှန်ကိုညွှန်ပြခဲ့တာလား ကပ္ပိယကြီး"

"ဟုတ်တယ် ဦးထွန်းကြိုင်၊ "သည်စာဆို ပါယ်ဆင်းသူ အဖော်လို လို့ ပွဲကြည့်ကို လာစေကြောင်းငယ်နှင့် မကောင်းညာထ် ဝက်တီလူးကဲ့သို့ အရှုး လိုတစ်ညာထ်ရှာမှ၊ တံငါကိုပမာပြသော် လည်း လိမ္မာသူ မယူလေနှင့်၊ သီလ သည် အပယ်မကျပါဘူး"လို့ ဆရာ တော်ဘုရားကြီးက အဖြေသံချို ရေး စပ်ထားတယ်၊ အားလုံးပဲ ရှင်းတယ် မဟုတ်လား"

"ဆရာတော် ဘုရားကြီးက ပြောတယ်ဆိုတော့ အမှန်ဖြစ်မှာပေါ့ နော်"

"ဒီ ကရင်လေးဟာ ဝါးနားပင်း ရေသွင်းမဝင်ဖြစ်နေပါလား၊ ဆရာ တော်ဆိုတာ စာပေ ပရိယတ္တိမှာ လူ တွေထက် နှံ့စပ်တတ်ကျွမ်းတယ်ဟ၊ မန်လည်ဆရာတော်ဘုရားဆိုတာက ကျမ်းဂန်တတ် အကျော်ဇေယျဆရာ တော်၊ မင်းက ဒါတောင် လက်မခံချင် သေးဘူးလား"

ဦးတင်မြ၏ ဝင်ရောက်ရှင်းပြမှု ကြောင့် ကရင်လေးမှာ ဇက်ပုသွားခဲ့ သည်။

"ဟုတ်တယ် ကရင်လေးရဲ့ ကရင်လေးတို့ကို ဥပုသ်နေ့တစ်ခုမှာ ဦးပဏ္ဍိတဟောခဲ့တာ မေ့သွားပြီလား၊ သီလစောင့်တယ်ဆိုတာ သူ့အသက် သတ်ခြင်း၊ ခိုးခြင်း၊ ကာမဂုဏ်၌ မှား ယွင်းစွာပြုခြင်းဆိုတဲ့ ကာယကံမှု၊ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲရေးခြင်း၊ အကျိုးမရှိတဲ့ စကားပြောခြင်းဆိုတဲ့ ဝစီကံမှုတွေကိုထိန်းသိမ်းစောင့်ရှောက် တာဖြစ်တယ်လို့ ဆိုတာလေ၊ ဘုန်းကြီး က တည့်တည့်မပြောကောင်းလို့ စိတ် ကကြံစည်တဲ့ မနောကံအမှုကို စောင့် ထိန်းစရာ မလိုဘူးလို့ မပြောရုံဘဲ ကျန်တော့တယ်"

"ကရင်လေး မပြောနဲ့ ကျုပ်တို့ တောင်မှ ကပ္ပိယကြီး ပြောပြမှ ဥပုသ် စောင့်တာဟာ မနောကံမှုမပါဘူးဆို တာ သိတာဗျ၊ စာမတတ်တာများ အရမ်းနစ်နာတယ်ဗျာ"

ဦးထွန်းကြိုင်စကားကြောင့် ကရင်လေးခမျာ အသက်ရှုချောင် သွားပုံရသည်။

"မန်လည်ဆရာတော်ရဲ့ အဖြေ သံချိုထဲမှာပဲ "ဥပုသ်သည် ရှယ်ပျိုအို တို့မှာ ဥပုသ်ကို အိပ်လို့သုံးသော်လည်း ယုတ်ဆုံးစွန် နတ်ရွာပို့ပါသတဲ့၊ မိတ္တ ဝိန်ဆိုသူတို့လိုပဲကွယ် လွဲဖို့ရှိဘူး"ဆိုပြီး မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဒသနိ ပါတ်လာ စတုဒွါရဇာတ်၊ မိတ္တဝိန္ဒကကို နမူနာထားပြီး ထောက်ပြလိုက်တယ်"

"အဲဒီ မိတ္တဝိန္ဒကဇာတ်ဆိုတာ"

"အဲ ဦးတင်မြတို့ကို ဆရာ တော်ဟောဖူးပါတယ်၊ ဦးတင်မြတို့ မှတ်ရလွယ်အောင် ပါဠိနာမည်တွေ ဘေးဖယ်ပြီး ဟောထားတာကို ကျုပ် က ပါဠိနာမည်နဲ့ပြောလို့ ဦးတင်မြတို့ မသိရသေးတဲ့အသစ် အောက်မေ့နေ တာဗျ၊ ကဿပဘုရားရှင်လက်ထက် က သောတာပန်ဖြစ်တဲ့ မိဘတွေက အဖကွယ်လွန်တော့ အမိက ဆိုးပေ မိုက်ရိုင်းတဲ့သားကို အလွန်ရခဲတဲ့ သီလကုသိုလ် တည်ဆောက်ဖို့ အသပြာတစ်ထောင် ပေးမယ်ဆိုပြီး ဥပုသ်စောင့်ခိုင်းခဲ့တာလေ၊ ငွေရချင် လို့ ဥပုသ်စောင့်၊ ငွေများလာတော့ ကုန်သည်လုပ်ရင်း သမုဒ္ဒရာမှာမဲချလို့ သုံးခါဆက်ကျတော့ ဖောင်နဲ့မျှောလိုက် တာလေ"

"ဟုတ်ပြီ ဟုတ်ပြီ လူမိုက် လူ မိုက် ခရီးထွက်ခွာခါနီးတားလို့ တား တဲ့အမေကိုတောင် တွန်းလှဲပစ်ခဲ့သေး တယ် မဟုတ်လား"

"မှန်တာပေါ့ ဦးထွန်းကြိုင်ရယ်၊ အဲဒီလူမိုက်ဟာ မိတ္တဝိန္ဒကပေါ့ဗျာ"

"အမယ် နေ့စံညခံ ဝေမာနိက ပြိတ္တာမတွေနဲ့တွေ့ပြီး နတ်စည်းစိမ် တောင် ခံစားရသေးတယ်၊ ပြိတ္တာမ တွေက ခုနစ်ရက် နတ်သမီးလိုနေ ခုနစ်ရက် ငရဲခံရတာလေ၊ ပထမလေး ယောက်၊ နောက်ရှစ်ယောက်၊ နောက် ဆယ့်ခြောက်ယောက်၊ နောက်ဆုံး တွေ့တာ သုံးဆယ့်နှစ်ယောက်လေ၊ နောက်ဆုံးတော့ ငရဲပန်းကို ရွှေပန်း ထင်ပြီး ငရဲခံရတာလေ"

"အဲဒါ မိတ္တဝိန္ဒကဇာတ်ပဲပေါ့၊ မိဘကိုတွန်းပစ်ခဲ့လို့ ငရဲကျရမှာ မကျ နိုင်သေးဘဲ ငွေလိုချင်လို့ ဥပုသ်စောင့် ခဲ့တဲ့ကုသိုလ်က နတ်သမီးတမျှချောတဲ့ ပြိတ္တာမတွေနဲ့တွေ့ပြီး စည်းစိမ်ခံစားရ တယ်။ ဒါကြောင့် မန်လည်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

က ငွေရဖို့သိလယူပြီး ကျောင်းမှာသွားအိပ်၊ မနက်လင်းမှ အိမ်ပြန်လာတဲ့ မိတ္တဝိန္ဒကလူမိုက်တောင်မှ သူနဲ့ထိုက်တန်တဲ့ နတ်ရွာရောက်ရတယ်လို့ ထောက်ပြရှင်းလင်းခဲ့တာပဲ၊ ဦးတင်မြတို့ ကရင်လေးတို့ ကျန်တဲ့လူတွေရော ဥပုသ်စောင့်တာ ကုသိုလ်ရတယ်လို့ ရှင်းရှင်းလင်းလင်းသိသွားပြီထင်တယ်"

"ဟုတ်ပါ့ သိသွားရပါပြီ"

"ခုလို သိသွားပြီး ကျောင်းမှာအိပ်ပြီး ဥပုသ်လာစောင့်ကြမှာလား"

"မဟုတ်ပါဘူး ကပ္ပိယကြီးရယ်၊ အိပ်ပြီးစောင့်တော့ အိပ်စောင့်တဲ့ ကုသိုလ်ပဲရမှာပေါ့၊ မနောကံပါလုံခြုံအောင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနဲ့ စောင့်ရမှာပေါ့ဗျာ"

"သာဓုဗျာ၊ သာဓုပါ…သာဓုပါ"

ထို့နောက် ကပ္ပိယကြီး နှုတ်ဆက်ထွက်ခွာသွားသဖြင့် အချို့က ခြံစည်းရိုးနားအထိ လိုက်ပို့ကြ၏။ ကျော်စွာနှင့် ကရင်လေးက မီးအုပ်တစ်ခုမီးထွန်းကာ ကျောင်းအထိ လိုက်ပို့လိုက်ကြသည်။

မယ်ဆင့်ခြံအတွင်း ကျန်ရစ်သူများသည်လည်း အသီးသီးလူစုခွဲလျက် ပြန်ကုန်ကြ၏။ ကျွန်ုပ်နှင့် ဖြိတ္တာမှာ မပြန်ကြသေး။

ကျွန်ုပ်က မယ်ဆင့်သိမ်းဆည်းလုပ်ကိုင်နေသည်ကို လိုက်ကြည့်နေမိသည်။ သရဖီဦးသည်လည်းသူ့မိခင်ဒေါ်ပိုပိုနှင့် ပြန်လိုက်မသွားဘဲမယ်ဆင့်နှင့်အတူ နေရစ်သည်။ သရဖီဦးသည် အဘိုးဦးတင်မြ၊ အမိဒေါ်ပိုပိုအိမ်နှင့် မယ်ဆင့်အိမ်နှစ်လုံး ကူးချည်သန်းချည်နေကြောင်း၊ ညအချိန်တွင် မယ်ဆင့်နှင့် အိပ်ကြောင်း ကျွန်ုပ်သိထားပြီးဖြစ်သည်။

မယ်ဆင့်နှင့် သရဖီဦးကို လိုက်လံကြည့်နေရင်း သရဖီဦးက မယ်ဆင့်ဖြစ်လိုက်၊ မယ်ဆင့်က သရဖီဦးဖြစ်လိုက်၊ နှစ်ယောက်စလုံး မယ်ဆင့်ချည်းဖြစ်လိုက်၊ သရဖီဦးချည်း ဖြစ်လိုက်ဖြင့် ကျွန်ုပ်အမြင်၌ ပြောင်းလဲဖြစ်ပေါ်နေကြသည်။

❁ ❁ ❁

တစ်ခုသော ညနေစောင်းအချိန်၌ ဦးထွန်းမြိုင်နှင့် ဦးတင်မြတို့ ကျောင်းပေါ်သို့ တက်လာကြပြီး ဆရာတော်နှင့် စကားပြောနေကြရာ ကျွန်ုပ်နှင့် ဖြိတ္တာလည်း ကျောင်းပြတင်းပေါက်အနီးမှ ဝိန္နဲပင်ပေါ်ထိုင်လျက်နားထောင်နေကြသည်။

ဦးထွန်းကြိုင်ကသရဖီဦးမင်္ဂလာပွဲအတွက် ရေးဆွဲထားသော အစီအစဉ်ကြမ်းအား လျှောက်ထားပြောဆိုသည်။ ဆရာတော်က ဗုဒ္ဓဒေသနာနှင့် လောကအစဉ်အလာတို့အား ခွဲခြားရှင်းပြပြီး သင့်လျော်သော အစီအစဉ်ကို ပြန်လည်ဟောပြ ညွှန်ကြားလေသည်။

"တပည့်တော် စိတ်ကူးလေးတစ်ခု လျှောက်ထားရကောင်းနိုး မကောင်းနိုး ဖြစ်နေပါတယ်ဘုရား"

"ဘာများတုံး ဦးတင်မြရဲ့ လျှောက်ထားကြည့်ပါဦး"

"ဟုတ်သားပဲ တင်မြရဲ့ ကိုယ့်မြေးကိစ္စပြောဖို့ ကျန်သေးလို့လား"

ဦးတင်မြသည် နှုတ်ခမ်းတပြင်ပြင်သာဖြစ်နေပြီး စကားလုံး ထွက်မလာဘဲ ချီတုံချတုံဖြစ်နေသည်။

"မဟုတ်ပါဘူး ကိုကြီးကြိုင်၊ ကျုပ်ပြောမှာက သက်ခိုင်အတွက်ပါ"

"သက်ခိုင်အတွက်ဆိုလည်း လျှောက်စရာရှိတာ လျှောက်လေကွာ၊ ဆရာတော်က ခွင့်ပြုနေပြီ မဟုတ်လား"

ကျွန်ုပ်နှင့်ဖြိတ္တာလည်း ဦးတင်မြလျှောက်မည့်စကားကို စိတ်အားထက်သန်စွာ ငံ့လင့်နေမိကြသည်။ ဦးထွန်းကြိုင်က တိုက်တွန်းနေသည့်တိုင် ဦးတင်မြနှုတ်ခမ်းများမှ စကားသံမှာ အတန်ကြာအောင်ပင် ဆွံ့အနေသည်။

"ဒီ ဒီလိုပါ အရှင်ဘုရား၊ ရဟန်းနဲ့ မအပ်မစပ် ပြောရမည်လားဆိုပြီး အပြစ်ယူရင်လည်း တပည့်တော် မအူမလည်မို့ သည်းခံတော်မူပါဘုရား"

"လျှောက်ပါလေ…ဦးတင်မြတို့ ရိုးအကြတယ်ဆိုတာ အတွင်းသိအဆင်းသိပဲလေ သည်းခံရမှာပေါ့"

"မှန်ပါ့ဘုရား…တပည့်တော်မြေးမလေး သရဖီဦး မင်္ဂလာဆောင်တော့မှာမို့ သရဖီဦးဗိုက်ထဲ သက်ခိုင်ပြန်ဝင်စားနိုင်အောင် ပြုလုပ်တဲ့ နည်းလမ်းများ ရှိမသားလို့"



www.burmeseclassic.com

www.burmeseclassic.com

"အင်း…ကျုပ်ပြောတဲ့ တရား တွေလည်း အပ်ကြောင်းထပ်အောင် နာခဲ့ဖူးပြီ ခုထိ သာသနာအောင် မဝင် နိုင်ကြကတည်းကိုက ဦးတင်မြတို့ ရွာ သူရွာသားတွေဟာ တဏှာမပြတ်နိုင် ကြ မပြတ်နိုင်ကြဘူးဆိုတာ ဘုန်းကြီး သိပါတယ်လေ။ ဒကာကြီးတို့ကို ဘုန်း ကြီး အပြစ်မတင်ပါဘူး။ ဘုန်းကြီး ကိုယ်တော်တိုင်တောင်မှ အဇ္ဈတ္တိတ ဏှာလို့ခေါ်တဲ့ မိမိကိုယ်ကို တပ်မက် မှုပြတ်ပေမယ့် သက်ခိုင်အတွက် ရ တက်မအေးနိုင်ဘဲ ငါ့သူငယ်ချင်းဆိုပြီး ဗဟိဒ္ဓတဏှာ တစ်မျှင်တန်းလို့ ပင်ပန်း နေရတယ် ဒကာကြီး"

ဦးတင်မြတို့နှစ်ဦးလည်း တိတ် ဆိတ်လျက် ငြိမ်သက်နေကြသည်။

"တဏှာနိရောဓော၊ ဥပါဒါနနိ ရောဓော၊ ဘဝနိရောဓောတဲ့၊ တဏှာမ ပြတ်သမျှ ဘဝတွေဖြစ်နေကြဦးမှာပဲ၊ ဒကာကြီး ဆန္ဒရှိသလို သက်ခိုင်က လည်း ဖြစ်ချင်တယ်ဆိုရင် ဖြစ်ရမယ့် အကြောင်းခံရှိရင် ဖြစ်လာပေလိမ့်မယ်၊ ကျုပ်ပြောကြားတဲ့ တဏှာပြတ် ကြောင်းတရားကို သိနိုင်စွမ်းရှိရင်တော့ သက်ခိုင်ဟာ တခြားဘုံဘဝ ရောက် သွားနိုင်တာမို့ ဘုန်းကြီးလည်း ကံသေ ကံမ ပြောလို့မရဘူး၊ အခု ဒကာကြီး တို့ မယ်ဆင့်တို့ ထင်ထားသလို မယ် ဆင့်ခြံထဲက သရက်ပင်မှာ မကျွတ်မ လွတ်သေးဘူးဆိုရင်ဖြင့် တစ်နေ့မ ဟုတ်တစ်နေ့မှာ ဒကာကြီး မျှော်လင့် သလိုဖြစ်လာဖို့ များပါတယ်၊ ဘုန်းကြီး လည်း နေ့စဉ်ညတိုင်း သူ့ကို မေတ္တာ မပြတ်ပို့နေတာပါပဲ ဒကာကြီး"

"မှန်ပါ့ဘုရား ခုလိုသိရတာ ဝမ်းသာလှပါတယ်ဘုရား။ အရှင်ဘုရား ကိုရော တပည့်တော်ကိုရော နောက် ထပ်အိပ်မက်မပေးတော့ ကျွတ်လွတ် သွားပြီလားလို့လည်း ထင်မိပါတယ် ဘုရား"

"ဒကာကြီးတို့လည်း ဒါနလေး သီလလေးနဲ့တင် ပြီးမနေနဲ့ဦး။ ဒါန အကျိုး၊ သီလအကျိုးဆိုတာ နိဗ္ဗာန် မရောက်နိုင်ဘူး။ နတ်ပြည် ဗြဟ္မာပြည် ပဲရောက်မယ်၊ လူ့ဘဝမှာ ငါ့သား ငါ့ သမီး ငါ့လယ် ငါ့နွားဆိုပြီး ဗဟိဒ္ဓ တဏှာ၊ ငါ ထွန်းကြိုင်ပဲ၊ ငါ တင်မြ ပဲ၊ ငါ သက်ခိုင်ပဲလို့ ဒီကိုယ်ခန္ဓာကြီး ကို တပ်မက်စွဲလမ်းနေကြတဲ့ အဇ္ဈတ္တိ ကတဏှာ မပြတ်ဘဲ နတ်ပြည်မှာ နတ်ဖြစ်ရင် ဒီထက်ပိုဆိုးဦးမယ်၊ ဘာ ဖြစ်လို့လဲသိကြလား။ လူ့ပြည်မှာ လူ တွေခံစားရတဲ့ ကာမဂုဏ်စည်းစိမ်နဲ့ နတ်တွေခံစားတဲ့ ကာမဂုဏ်စည်းစိမ် ဟာ မြက်ဖျားမှာ ခိုတွဲနေတဲ့ နှင်းစက် လေးနဲ့ မဟာသမုဒ္ဒရာရေထုလောက် ကို ကွာခြားတယ်လို့ ဋီကာဆရာကြီး တွေက ဥပမာပေးခဲ့ကြတယ်"

"အို…နတ်တွေက ကာမဂုဏ် မကင်းဘူးလားဘုရား"

"ပိုဆိုးတယ်လို့ ဘုန်းကြီးပြော ပြီပဲ၊ ညီတော်နန္ဒမင်းသားကို နတ်ပြည် လိုက်ပြတဲ့တရား မှတ်မိကြသေးလား၊ ညီတော်နန္ဒမင်းသားဟာ သောတာ ပန်မတည်လေတော့ နတ်သမီးလေး တွေတွေ့ရပြီး သူ့ သေမတတ်စွဲလမ်း ခဲ့တဲ့ ဇနပဒကလျာဏီမင်းသမီးကို မီးလောင်သစ်ငုတ်ပေါ် ထိုင်နေတဲ့ မျောက်အိုမကြီးနဲ့တူတယ်လို့ ယှဉ်နှိုင်း ခဲ့တယ်မဟုတ်လား။ နတ်သမီးတွေက လှကြတာပေါ့ဗျာ၊ နတ်သုဒ္ဓါစားပြီး ဆံမဖြူ၊ သွားမကျိုး၊ ပါးရေမတွန့်ဘူး။ ဆယ့်ခြောက်နှစ်အရွယ်ထက် ပိုမကြီး ရင်ဘူး။ လူသားတွေလို မေထုန်မှီဝဲပေ မယ့် ကိုယ်ဝန်မဆောင်ရဘူး။ ဥတုပန်း မပွင့်ရဘူး၊ ကုန်ကုန်ပြောမယ်ဗျာ ချွေး လေးတောင်မစို့ဘူး။ လက်ကတီးကြား က ချွေးထွက်ရင်တော့ နတ်သက် ကြွေရရောပဲ"

"မှန်ပါ နတ်ပြည်မှာလည်း ဥပုသ်သီလစောင့်တဲ့ နတ်တောင်မှ မရှိဘူးလားဘုရား"

"ရှိတော့ ရှိတာပေါ့၊ ဒါပေမယ့် နတ်သက်တမ်းကုန်ခဲ့လို့ စုတေတဲ့ အထိ ဆယ့်ခြောက်နှစ်အရွယ်က မပြောင်းတော့ ဇရာဆိုတာ သတိမ ထားမိဘူး။ နတ်ဥယျာဉ်ကြီးနဲ့ နတ် သမီးတွေတစ်ဘက် လေးငါးရာနဲ့ဆို တော့ သီလစောင့်ဖို့ တရားကျင့်ဖို့ သတိမရနိုင်ဘူးဗျ။ နတ်သက်ကြွေလို့ အကုသိုလ်ကံကြွင်းကျန်သေးလို့ ငရဲ ကျရရင်၊ တိရစ္ဆာန်ဖြစ်ရရင် အမျိုးမျိုး ခံရပေဦးပဲ၊ လူ့ဘုံမှာ လူလာဖြစ်ပြီး သီလစောင့်ထိန်းခွင့်၊ တရားကျင့်ကြံခွင့် အခွင့်ထူးကြီးတွေရတဲ့အခွင့်ကို မယုံး ဆောင်ဘဲ ငါးဖြာသော ကာမဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

အာရုံထဲ ဝဲလည်နေဦးမယ်ဆိုရင် . . နှောင်ပွင့်မယ့် အရိုမေတ္တေယျဘုရားရှင်နဲ့ လွဲရဦးမယ်ဗျ"

"မှန်လှပါ။ ရခဲလှတဲ့လူ့ဘဝဆိုတာ သိရပါပြီဘုရား"

"ဘယ်နှယ့်လဲ နတ်စည်းစိမ်ရဖို့ ဒါနသီလပဲ လုပ်နေကြမှာလား"

"နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ပါ့မယ်ဘုရား"

"ကြံ့ုတုန်း နတ်စည်းစိမ်ကို မမက်မောတဲ့ မထေရ်ကြီးအကြောင်း ပြောလိုက်ဦးမယ်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာပါတယ်၊ မှတ်မိလွယ်အောင် ပိဋ္ဌိတွေဖယ်ပြီး ပြောပါ့မယ်"

"မှန်ပါ နာယူပါ့မယ်ဘုရား"

"မထေရ်ကြီးဟာ အလွန်အမင်း နာမကျန်းဖြစ်နေသတဲ့၊ အာဟာရကိုလည်း မသုံးဆောင်နိုင်၊ အစာရေစာ ဘယ်လိုကျွေးကျွေး အစာမဝင်တော့ဘူး။ ကျင်ကြီးကျင်ငယ်ကိုရှည်ကိုယ့်လက်နဲ့ကိုယ် မသုတ်သင်နိုင်တော့ဘူး။ အားပြတ်နေပြီပေါ့၊ ဒီအဖြစ်ကို ရဟန်းငယ်တစ်ပါးကမြင်ရတော့ "အသက်ရှင်နေတာ ဆင်းရဲလှပါတကား"လို့ ညည်းတွားတယ်၊ မထေရ်ကြီးက အဲဒီရဟန်းငယ်ကိုမိန့်တယ်၊ "ငါဟာ အကာယ်၍ သေအံ့၊ နတ်စည်းစိမ်ကို ကောင်းစွာခံစားရနိုင်ပေတယ်၊ ထိုသို့ နတ်ပြည်ရောက်မယ့်အကြောင်း ယုံမှားသံသယရှိစရာမလိုသော်လည်း ငါသည် နတ်ပြည်၌ မနေလို"ဆိုပြီး မိန့်တော်မူတယ်၊ ပြင်းထန်နေတဲ့ ဝေဒနာတွေကို ရှုရင်းနဲ့ အရဟတ္တဖိုလ် ဆိုက်ရောက်သွားတယ်၊ ဒီ မထေရ်ကြီးလိုပဲ နတ်စည်းစိမ် တကယ်မမက်ဘူးဆိုရင်တော့ နိဗ္ဗာန်ရောက်အောင် အပတ်တကုတ် အားထုတ်ကြပေတော့"

"မှန်ပါ အားထုတ်ပါ့မယ်ဘုရား"

"ဘယ့်တော့ အားထုတ်မှာတုံး၊ အိမ်က ဇနီးတို့ သမီးတို့နဲ့ ပြန်တိုင်ပင်ပြီးမှ အားထုတ်ကြမှာလား"

"တပည့်တော်တို့က ပြတ်နိုင်ပါတယ်၊ သူတို့က မပြတ်နိုင်လို့ပါ"

"ပင့်ကူထွေးရစ် ချုံစေးပျစ်သို့တဲ့၊ ငြိတွယ်မိပြီးမှတော့ ပင့်ကူအိမ်က လွတ်အောင် ရုန်းကြပေတော့၊ အားစိုက်ပြီး ရုန်းထွက်မလား။ ကာမပင့်ကူ အစားခံမလား"

"ရုန်းထွက်ပါ့မယ်ဘုရား။ လွတ်အောင် ရုန်းထွက်ပါ့မယ်ဘုရား"

"ဦးထွန်းကြိုင်ကတော့ အားနဲ့မာန်နဲ့ အာမဝန်ခံနေပေမယ့် ဦးတင်မြခမျာ ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေပါလား။ အင်း . . . သနားတယ်၊ ဒကာကြီးဦးတင်မြက သင်္ကန်းကို မယ်ဆင့်ထက်ပိုပြီး သံယောဇဉ်ကြီးပုံရတယ်၊ မယ်ဆင့်ကတော့ ကမ္မဋ္ဌာန်းကျောင်းမှာ တရားရှုမှတ်နေလို့လား မသိဘူး။ ဦးတင်မြလောက် သောကမီးတောက်မကြီးဘူး"

"မှန်ပါ တပည့်တော်လည်း သောကမီးငြိမ်းသတ်နိုင်တဲ့ တရားဧအေးကို သောက်သုံးပါတော့မယ်ဘုရား"

"သာဓု သာဓု သာဓုပါဗျာ"

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဘုရား"

"သွားကြ သွားကြ၊ မီးပုံကြီးဝိုင်းရံလောင်ကျွမ်းနေတဲ့ ပုထုဇဉ်ဘဝက ခုန်ထွက်လွတ်မြောက်နိုင်ပြီး နိဗ္ဗာန်ကို ဒီဘဝနဲ့ပဲ မျက်မှောက်ပြုနိုင်ကြပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ဘုရား"

ကျောင်းပေါ်မှဆင်းကာ ရွာသို့ပြန်သွားကြသော ဦးထွန်းကြိုင်နှင့် ဦးတင်မြတို့အား ကျောင်းပြတင်းပေါက်မှ အချိန်အတန်ကြာသည်အထိ ငေးမှော်ရပ်ကြည့်နေသည့် ဆရာတော်၏ ရင်ထဲ၌ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ဖိစီးနေမည်လားဟူ၍ မသိနိုင်တော့ချေ။

✧ **မပြယ်ချစ်ငွေ့ တမွေ့မွေ့ဖြင့် တပ်မကြွေမကျွာ ငါးကာမကို**

ဦးထွန်းကြိုင်နှင့် ဦးတင်မြတို့ ဆရာတော်အား ခွင့်ပန်ပြီး ရွာသို့ပြန်သွားသောအခါ ကျွန်ုပ်နှင့်ပြိတ္တာလည်း ဝိနည်းပင်မှဆင်းပြီး သရက်တောသို့ လာခဲ့ကြသည်။

"ကဲ . . . ပြိတ္တာ မင်း ဘာပြောချင်သလဲ၊ မင်း တစ်ခုခုကို ပြောချင်နေတယ်လို့ ငါထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

# သက်ရှည်ကျန်းမာစေလိုလျှင်

တက္ကသိုလ်အပန်ငယ်

အဘထွန်းတစ်ယောက်ကို နေ့စဉ်မြင်တွေ့နေကျမို့ နေ့စဉ် နံနက်အချိန်တိုင်း မျှော်နေမိသည်။ ယခုအချိန်ထိ အဲဘထွန်းတစ်ယောက် လက်ဖက်ရည်ဆိုင်သို့ အချိန်မှန် ရောက်မလာသေးသဖြင့် ကျန်းမာရေးမှ ကောင်းရဲ့လား ဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်နေ၏။ သည်နေ့ အဘထွန်းတစ်ယောက် နောက်ကျမှ ရောက်လာသည်။ အသက်အရွယ်ကြီးသူမို့ စိုးရိမ်စိတ်များ လွှမ်းမိုးနေကြသည်မှာ မဆန်းပါ။

အဘထွန်းကသောက်နေကျ လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်လာသောအခါ ...

"ကိုပန် ... စောင့်နေတာကြာပြီ မဟုတ်လား"

"ဟုတ်ပါ့ အဘရယ်၊ နေများမ ကောင်းလို့လား။ ဒါမှမဟုတ် လမ်းမှာ တစ်ခုခု ဖြစ်နေသလားလို့ စိုးရိမ်နေကြတာ"

"အေးပါကွာ။ ဈေးထဲမှာ စကားပြောကောင်းနေလို့ပါ"ဟု ပြော၍ ရယ်မောပြီး စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်၏။ အဘထွန်းသည် နေ့စဉ်ပုံမှန်၊ အချိန် မှန်ရောက်လာတတ်၏။ တစ်ခါတစ်ရံ နောက်ကျသည်မှလွဲ၍ ပျက်ကွက်ရက်မရှိတတ်ပါ။

စာရေးသူသည် ၁၉၇၈ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဝန်ထမ်းအများစုသည် နံနက်အချိန်တိုင်း လက်ဖက်ရည်ဆိုင်၌ ဆုံတွေ့နေကျဖြစ်သည်။ ထိုစဉ်က မင်းကင်းမြို့တွင် လက်ဖက်ရည် နံပြားရောင်းသော ဆိုင်တစ်ဆိုင်သာရှိ၏။ နေ့စဉ် အဘထွန်းနှင့် လက်ဖက်ရည် သောက်ဖော်သောက်ဖက် ဖြစ်လာသည်။ စာရေးသူက နေ့စဉ် တကာခံလေ့ရှိ၏။

အဘထွန်းသည် အသက် ၉၁ နှစ်အရွယ် ဇရာအိုတစ်ဦးဖြစ်သည်။ မင်းကင်းမြို့မှ ငါးမိုင်ကွာဝေးသည့် စသာရွာမှဖြစ်သည်။ အဘထွန်းသည် ကျန်းမာရေးအလွန်ကောင်းပြီး နေ့စဉ် စသာရွာရှိ နေအိမ်မှ နံနက်စောစောထ၍ မင်းကင်းမြို့သို့ လမ်းလျှောက်ထွက်လာ၏။ အပြန်ခရီးကိုလည်း လမ်းလျှောက်ပြန်သည်။ အချို့သောသူများသည် အသက်ရှည်ကြသော်လည်း ကျန်းမာရေး မကောင်းကြပါ။ အဘထွန်းတစ်ယောက် အသက်ရှည်သလောက် ကျန်းမာရေး ဒေါင်ဒေါင်မြည်နေသည်မှာ အံ့ဩစရာပင်ဖြစ်တော့သည်။

အဘထွန်းသည် နံနက် ၅း၀၀ နာရီအချိန်တွင် ရွာမှထွက်လာနေကျဖြစ်ပြီး မင်းကင်းမြို့ပေါ်သို့ နံနက် ၅း၄၅ နာရီအချိန် ရောက်လာစမြဲဖြစ်သည်။ နံနက် ၉း၃၀ အချိန်တွင် ဈေးဝယ်ပြီး ရွာသို့ပြန်သည်။ တစ်နေ့ ဆယ်မိုင်လမ်းလျှောက်သော်လည်း မောပန်းခြင်းမရှိ။ နေအိမ်တွင်လည်း အိမ်အ လုပ်ကို မနားမနေ မမောမပန်း လှုပ်ရှားလုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။

ထိုစဉ်က စာရေးသူ၏အရွယ်မှာ သုံးဆယ်သာသာ ရှိသေး၏။ စာရေးသူ၏ တာဝန်မှာ စာရင်းစစ်ဖြစ်သဖြင့် ကျေးရွာသမဝါယမ အသင်းများကို သွားရောက်စစ်ဆေးရ၏။ စသာကျေးရွာသို့သွားရန် အလုပ်ကိစ္စပေါ်လာတိုင်း စက်ဘီးစီး၍ သွားရသည်။ အဘထွန်းလိုတော့ ကုန်းကြောင်း လမ်းမလျှောက်နိုင်ကြ။ ရွာရောက်ပြန်တော့လည်း မောလို့ခေတ္တနားရသေးသည်။ အဘထွန်း ရဲ့အယူအဆကတော့ ချွေးထွက်မှ နေကောင်းသည်တဲ့။

အဘထွန်း၏နေအိမ်ကို တစ်ခေါက်မက ရောက်ဖူးပါသည်။ အများပြောသည့်အတိုင်း အဘထွန်းသည် နေအိမ်တွင် တစ်ရေးမှ မှေးစက်အနားယူခြင်းမရှိ၊ အားလပ်လျှင် လယ်ထဲသို့သွားပြီး အလုပ်လုပ်၏။ မြေပဲပေါ်ချိန်တွင် မြေပဲနှုတ်ရတာကို အလွန်ပျော်သည်ဟု ဆို၏။ အသက် ၉၁ နှစ်ရှိပြီ ဆိုတာကို မယုံနိုင်စရာပါ။ လူငယ်လူရွယ်များထက်ပင် ဖျတ်လတ်သွက်လက်၍ ကျန်းမာ၏။ ဆံပင်အနည်းငယ်ဖြူသော်လည်း သွားအပြည့်နီးပါးရှိသည်။

တစ်နေ့တွင် လက်ဖက်ရည်သောက်ရင်း စာရေးသူတို့အဖွဲ့က အဘထွန်းကို ဆေးနည်းကောင်းများရှိရင် ပေးဖို့ ဝိုင်း၍ပူဆာကြသည်။ အဘထွန်းက ရယ်မောပြီးနောက် အောက်ပါအတိုင်း နေ့စဉ်ဆောင်ရွက်နေသည့် ကျင့်စဉ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြပါသည်။

"အဘက ဘယဆေးနဲ့ ဘုရားပေးတဲ့ ဆေးနှစ်မျိုးကို နေ့စဉ်သုံးတယ်။ သောက်ဆေးအနေနဲ့ အသက်ကြီးရင် ဆင်စီးပါဆိုတဲ့အတိုင်း ဆင်တုံးမနွယ်မှုန့်နဲ့ မြင်းခွာရွက်ကို မလွတ်တမ်းစားတယ်။ တစ်ခါတလေ နနွင်း(ဆနွင်း)မှုန့်ကို သံလွင်ဆီနဲ့ သောက်တယ်"

"ဘုရားဆေးကတော့ နံနက်အိပ်ရာထ ဘုရားရှိခိုးပြီး ဗောဇ္ဈင်ခုနစ်ပါးတရားနဲ့ ဗောဇ္ဈင်သုတ်ကို တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးပြီး ဗောဇ္ဈင်ခုနစ်ပါး တရားတော်နဲ့ ဗောဇ္ဈင်သုတ်ကို တစ်ကြိမ် နေ့စဉ်ရွတ်ဖတ်ပူဇော်ပါတယ်။ ရွတ်ဖတ်ပူဇော်ဖို့ ဖြစ်လာတဲ့အကြောင်းအရင်းက ဒီလိုကွဲ့"ဟု အောက်ပါအတိုင်း ဆက်ပြီးပြောပြပါသည်။

"အဘအသက် ၄၂ နှစ်အရွယ်တုန်းကပေါ့၊ မိန်းမမှာမီး၊ ယောကျ်ားမှာဆီး ဆိုတဲ့အတိုင်း ဆီးရောဂါ အကြီးအကျယ် ခံစားရတယ်။ ဆီးမှာကျောက်တည်ပြီး ဆီးကျိတ်ရောင်ရောဂါဖြစ်ခဲ့တယ်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးမီးတို့တွေ့နဲ့ အကြိမ်ကြိမ်ကုပေမယ့် မသက်သာဘူး။ ပူတဲ့ရာသီဆိုရင် ပိုပြီးခံစားရတယ်။ ဆီးသွားလို့လည်း မရ၊ မဝ၊ ဆီးသွားပြန်တော့လည်း သွေးကပါတယ်။ ဆေးရုံတက်လည်း ခဏပဲသက်သာပြီး ပြန်ဖြစ်တယ်။ အဘလည်း တော်တော်စိတ်ဓာတ်ကျနေတာပေါ့"

"တစ်နေ့မှာ အဘရဲ့ညီဖြစ်သူက ဘုန်းကြီးတစ်ပါးကို အိမ်ပင့်လာတယ်။ ဘုန်းကြီးက မဟာမြိုင်တောထဲမှာ တရားကျင့်နေရင်း ဒကာတစ်ဦးဆီ ခဏကြွလာတာတဲ့။ ညီဖြစ်သူက အကျိုးအ ကြောင်း ပြောပြပြီး အဘဆီခဏပင့်လာတာပါ။ ဘုန်းကြီးက မိမိသည် သမားတော် မဟုတ်ကြောင်းနဲ့ ဘုရားပေးသော ဂိလာနသုတ်များဖြင့် လူနာအချို့ကို ကုသပေးဖူးခဲ့ကြောင်း ပြောတယ်"

"ဘုန်းကြီးက မြတ်စွာဘုရားဟာ မဟာကဿပမထေရ်နဲ့ မောဂ္ဂလာန်မထေရ်မြတ်တို့ နာမကျန်းဖြစ်စဉ်က ဗောဇ္ဈင်တရားတော်ကို ဟောကြားပြီး ခဏတာ၌ ရောဂါဝေဒနာများ လက်နဲ့ယူပစ်သကဲ့သို့ ချက်ချင်းပျောက်ကုန်ကြောင်း၊ မြတ်စွာဘုရား နာမကျန်းဖြစ်စဉ်ကလည်း စုန္ဒမထေရ်မြတ်ကို ဗောဇ္ဈင်တရားဟောကြားစေပြီး ဘုရားအားရောဂါများလည်း ပျောက်ကင်းကုန်ကြောင်း"ရှင်းပြပါတယ်။

"အဲဒီလို ပြောပြီးနောက် ရေတစ်ခွက်တောင်းပြီး ဘုန်းကြီးရှေ့မှာ ချထားလိုက်တယ်။ ဘုန်းကြီးရဲ့ညာလက်နဲ့ အဘခေါင်းကိုကိုင်ထားပြီး ဗောဇ္ဈင်သုတ်များကို ရွတ်ဖတ်ပူဇော်နေပါတယ်။ ရွတ်ဖတ်သရဇ္ဈာယ်လို့ပြီးရော အဘကို ရှေ့မှာချထားတဲ့ ရေမန်းခွက်ကို သောက်ရန်ပေးတယ်။ အဘက ရေမန်းခွက်ကိုသောက်ပြီး ဘုန်းတော်ကြီးကို ရှိခိုးကန်တော့လိုက်တယ်။ ဘုန်းကြီးလည်း ချက်ချင်းနှုတ်ဆက်ပြီး ပြန်ကြွသွားတယ်။ ဆွမ်းလေး တစ်နပ်တလေမှတောင် မကပ်လိုက်ရဘူး။ အဘရောဂါလည်း နည်းနည်းသက်သာသွားသလိုပဲ။

တစ်ပတ်လောက်အကြာတွင် ဆီးရောဂါဟာ ယူဖြစ်သလို ပျောက်သွားကြောင်းနှင့် နည်းနည်းနာကျင်တာကလွဲပြီး ပြန်မဖြစ်တော့ကြောင်း၊ ဝေဒနာအပြင်းအထန်ခံစားရသည့် နွေရာသီရောက်လာရင် လုံးဝသက်သာနေပြီဖြစ်ကြောင်း ပြောပြပါသည်။

အဘထွန်းက ဘုန်းကြီး ရွတ်ဖတ်ပူဇော်သွားသောသုတ်အကြောင်းကို ညီဖြစ်သူအား မေးကြည့်သည်။ ညီဖြစ်သူက ရဟန်းငါးဝါ ဝတ်ဖူးသည်ဖြစ်ရာ ဗောဇ္ဈင်ခုနစ်ပါးတရားတော်နှင့် ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ပူဇော်သွားတာဖြစ်ကြောင်းပြောၤ။ အဘထွန်းသည် ရှာရှိဘုန်းတော်ကြီးထံ အဆိုပါ ဗောဇ္ဈင်ခုနစ်ပါးတရားနှင့် ဗောဇ္ဈင်သုတ်ပါဠိနှင့် အနက်အဓိပ္ပာယ်ကို မေးစမ်းရှာဖွေပြီး နေ့စဉ်ရွတ်ဖတ်ပူဇော်ခဲ့သည်မှာ နှစ်ငါးဆယ်နီးပါးမျှ ရှိနေပြီဖြစ်ကြောင်း သိခဲ့ရသည်။

## ဗောဇ္ဈင်ခုနစ်ပါး တရားတော်မှာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သတ္တမေ(ဂိလာန) ဗောဇ္ဈင်္ဂေ ဘဂဝတော သမ္ဗုဒ္ဓဘာသိတာ ဘာဝိတာ

ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၁။ သတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ သမ္ဗုဒ္ဓတော ဘာဝိတာ ဗဟုလီကတော အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ သမ္ဗုဒ္ဓတော ဘာဝိတာ ဗဟုလီကတော အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

www.burmeseclassic.com

www.burmeseclassic.com

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ
သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော
အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၄။ ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ
သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော
အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ
သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော
အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၆။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ
သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော
အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၇။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ (ဂိလာန) ဘဂဝတာ
သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော
အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ (ဂိလာန) သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္ဗုဒ္ဓေန ဘာဝိတာ ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနယ သံဝတ္တတိ။

(ဂိလာန) နေရာတွင်–

(၁) နေမကောင်းသူ၏အမည်၊ (၂) မောဂ္ဂလ္လာနဗောဇ္ဈင်ရွတ်ဖတ်ပါက (မောဂ္ဂလ္လာနမယာ)၊ (၃) ကဿပဗောဇ္ဈင်ရွတ်ဖတ်ပါက (ကဿပမယာ)၊ (၄) ဗုဒ္ဓဗောဇ္ဈင်ရွတ်ဖတ်ပါက (ဘန္တေ)

**အနက်အဓိပ္ပာယ်**

ငါဘုရားကောင်းစွာ ဟောကြားအပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာအကျိုးငှာ ဖြစ်ကုန်၏။ ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသည် အဘယ်သို့နည်းဟု –

(၁) ငါဘုရားကောင်းစွာ ဟောကြားအပ်သော သတိသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်၏။

(၂) ငါဘုရားကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။

(၃) ငါဘုရားကောင်းစွာ ဟောကြားအပ်သော ဝီရိယသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်၏။

(၄) ငါဘုရားကောင်းစွာ ဟောကြားအပ်သော ပီတိသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်၏။

(၅) ငါဘုရားကောင်းစွာ ဟောကြားအပ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်ပဲုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။

(၆) ငါဘုရားကောင်းစွာ ဟောကြားအပ်သော သမာဓိသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။

(၇) ငါဘုရားကောင်းစွာ ဟောကြားအပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏။

ငါဘုရားကောင်းစွာ ဟောကြားအပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ကိုယ်တိုင်သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာဖြစ်ကုန်၏။ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဤသို့ပင်တည်း။

ဂိလာနသုတ်မှာ လွန်စွာတန်ခိုးကြီးပါသည်။ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးဥပဒ် အန္တရာယ်တို့ ကင်းဝေးခြင်း၊ ရောဂါဥပဒ်ကင်းခြင်း၊ စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ ရောင်းပန်းဝယ် ပန်းပွင့်ခြင်း၊ ဝန်ထမ်းအမှုထမ်းများ ဘုန်းတန်ခိုးကြီး၍ မိမိတို့တောင့်တတိုင်း ပြည့်စုံခြင်းစသည့် ကောင်းကျိုးတို့ကိုပေးကြောင်း မှတ်သားခဲ့ဖူးပါသည်။

ထို့ပြင် ဗောဇ္ဈင်ခုနစ်ပါးတရားကို နေ့စဉ်ကြိမ်ဖန်များစွာ ရွတ်ဖတ်ပါက ရောဂါများကင်းရှင်းပြီး ဖြစ်ပွားဆဲရောဂါများ တစ်ခဏအတွင်းမှာပင် ပျောက်ကင်းချမ်းသာနိုင်ကြောင်း လောကီကျမ်းများအဆိုရ သိရှိရပါသည်။ သို့ဖြစ်၍ နေ့စဉ်ရွတ်ဖတ်ပူဇော်ကြပါရန် တိုက်တွန်းရေးသားလိုက်ပါသည်။

တက္ကသိုလ်အပန်ငယ်



www.burmeseclassic.com

www.burmeseclassic.com



# အသေမဦးခင် ဉာဏ်ဦးအောင်

## သန်လျင်မောင်ကျောက်ခဲ

သေခြင်းတရားဟူသည် အသက်အရွယ် ကြီးငယ် မရွေး ရှောင်မရသည့် အရာပင်။ လူရယ်လို့ ပဋိသန္ဓေနေသည် မှစ၍ မွေးဖွားသည်မှ အိုနာသေဒုက္ခကို ဒုက္ခဟုမမြင်။ သုခ ပင်ထင်ခဲ့ကြသည်မှာ အမှန်ပင်။ တချို့များ သေစကားကိုပင် မကြားချင်။ ပြောလျှင်ပင် စိတ်ဆိုးကြသည်။ မအိုချင်ပါဆို လည်း အိုရမည်၊ မနာချင်ပါဆိုလည်း နာရမည်၊ မသေချင် ပါဆိုလည်း သေရမည်မှာ ကေန်ပင်။ သို့ပေမယ့် သေနေ့မစေ့ လို့ မသေသူရှိသလို မသေသင့်ဘဲ သေသည့်သူများလည်း အများအပြားရှိသည်။

မလှဌေး တစ်ယောက်ကတော့ သည်လိုမဟုတ်။ သေ မည့်ရက်ပိုင်းကို ခန့်မှန်းပေးထားသည်မှ အသက်မသေဘဲ သူမ၏ လုံ့လဝီရိယကြောင့် သေဘေးမှလွတ်ပြီး ကောင်းမှု ကုသိုလ်ကို ဆက်လက်ပြုလုပ်ခွင့်ရပေသည်။ ရုံးသပြေကန် စံပြကျေးရွာသည် သန်လျင်မြို့နှင့် ၁၅ မိုင်ခန့်ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ မလှဌေးသည် ဖခင် ကွယ်လွန်ပြီး မိခင်ကြီးနှင့် အတူနေ အပျိုကြီးဖြစ်သည်။ မောင်နှစ်ယောက် အိမ်ထောင်ခွဲဖြစ်သည်။ မိခင်ကြီးနှင့် သားအဖ ၃ိနှစ်ယောက်နေသည်။ တောရွာသဘာဝ ကောက် စိုက်၊ ၊ခူး၊ စပါးရိတ် ရာသီအလုပ်များ လုပ်ကိုင်သည်။

ထိုသို့နေလာရာမှ မိန်းမရောဂါဖြစ်ပြီး တရှောင်ရှောင် ဖြစ်နေရာမှ ဆေးကုလိုက်၊ သက်သာလိုက်၊ ပြန်ဖြစ်လိုက်နှင့် သံသရာလည်နေသည်။ တဖြည်းဖြည်း အချိန်ကြာလာပြီး အစားအသောက်ပါ မစားနိုင်ဖြစ်ကာ အရိုးပေါ်အရေတင် ဖြစ် လာသည်။ ထူးခြားတာက လူကသာပိန်နေသည်၊ ဝမ်းဗိုက်က ရင်နှင့်တစ်ပြေးတည်းမောက်နေသည်။ အစားစား၍လည်း ပိုကဲ ပူခြင်းမဟုတ်ပေ။ ရွာမှာ ရောဂါမပျောက်၍ ရန်ကုန်ရှိ အစ်မ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကွဲများကခေါ်၍ ရန်ကုန်မှာ ဆေးသွားကုသည်။ ထူးဆန်းသည်က ရက်သာကြာလာသည်။ ရောဂါက ဘာမှန်းမသိပေ။ နောက်ဆုံး ဓာတ်မှန်ရိုက်ကြည့်ရာမှ အဖြေရလာသည်။ မလှဌေး ကင်ဆာရောဂါဟု ပြောသည်။ ဗိုက်ထဲမှာ အလုံးတွေမရှိပေ။ မလှဌေးကိုမပြောဘဲ သူ့အစ်မတွေကို ဆရာကပြောပြသည်။ သောက်ဆေးများပေး၍ လူနာကို စိတ်ချမ်းသာစွာထားရန်ပြောသည်။ ခြောက်လလောက်နေရမည့်အကြောင်း သူ့အစ်မအားပြောပြသည်။

မလှဌေးတို့သားအမိ ရွာပြန်ခဲ့သည်။ အရည်လေးတစ်နေ့နည်းနည်း သောက်ပြီး အိပ်ရာပေါ်သာ အနေများနေသည်။ ဝမ်းဗိုက်လည်း ဖြည်းဖြည်း ပြောင်တင်းပူလာသည်။ ချက်နေရာက ပို၍စူလာသည်။ မလှဌေး ဒီလိုနေလာတာ သုံးလခန့်ကြာသည့်တစ်ညမှာ ထူးဆန်းသည့်အိပ်မက်မြင်မက်သည်။ ၎င်းအိပ်မက်အကြောင်း ပြောပြသည်မှာ -

"ကျွန်မကို လူတစ်ယောက်က ခေါ်သွားသလိုမျိုး ကျွန်မလျှောက်သွားနေတယ်။ ကျွန်မရောက်သွားတဲ့နေရာက ပြောပြရင် ဘယ်သူမှယုံမှာမဟုတ်ဘူး။ ရွှေရောင်ဖိတ်ဖိတ်တောက်နေတဲ့ အခန်းကြီးထဲကို ရောက်သွားတာ။ တိုင်တွေပါ ရွှေချထားတာ။ အထဲမှာ အခန်းလုံးပြည့် ရွှေငွေ ကျောက်သံပတ္တမြားတွေ စုပုံထားတယ်။ အဝတ်ဖြူဝတ်ထားတဲ့လူကြီးက ကြိုက်သလောက်ယူလို့ ပြောတယ်။ ကျွန်မက တကယ်ပေးတာလားဆိုတော့ အဲဒီလူကြီးက ခေါင်းညိတ်ပြတယ်။ ဒါနဲ့ ကျွန်မ လက်တစ်ဆုပ်ယူပြီး ပြန်ခဲ့တယ်။ ကျွန်မလည်း အခန်းပြင်ရောက်ရော လူကြီးရော၊ အခန်းရော ပျောက်သွားတယ်။ ကျွန်မသတိရတော့ ခြင်ထောင်အပြင်ဘက်ရောက်နေတယ်။ ကိုယ့်အဖြစ်ကိုကိုယ် တွေးပြီး ရယ်မိတယ်။

ဒါက ကျွန်မမက်ခဲ့တဲ့အိပ်မက်။ ပြီး နောက်ရက်တွေမှာ လူက နည်းနည်းပြန်ကောင်းလာတယ်။ အိမ်ပေါ်မှာ လမ်းလျှောက်နိုင်တယ်။ ထမင်း လက်ဖက်ရည်ပန်းကန် နစ်လုံးလောက် စားနိုင်လာတယ်။ အိမ်ရှေ့အိမ်က ကိုဌေးကြည်က ကျွန်မကိုပြောတယ်။

"မလှဌေး တရားဝင်ထိုင်ပါလား" လို့ ဒီတော့ အမေက "ကျောင်းရိပ်သာကို ဒုက္ခမပေးပါနဲ့" ပေါ့။ ကျွန်မက ဘာမှမပြောဘူး။ ကိုဌေးကြည်ကပဲ -

"ဆရာတော်က မေးခိုင်းလို့ပါ အဒေါ်။ မလှဌေးကို တရားဝင်ထိုင်ပါ။ ကျန်းမာရေး၊ နေရေး၊ စားရေးတွေကို အားလုံးတာဝန်ယူကြောင်း၊ ရောဂါတွေကို ဘုရားဆေး၊ တရားဆေးနဲ့ပျောက်ကြောင်း ပြောခိုင်းလို့ပါအဒေါ်"

"အေးလေ . . . နင့်ညီမသဘောပါ။ သူထိုင်နိုင်ရင် အဒေါ်ဝမ်းသာပါတယ်"

အမေ့ဆီက အခွင့်ရတော့ ကျွန်မ တရားစခန်းဝင်ခဲ့ပါတယ်။ တရားပြဆရာတော် ဦးသောဘိတ ဟောပြောတဲ့အတိုင်း တရားရှုမှတ်ခဲ့ပါတယ်။ ကျွန်မ ဝမ်းဗိုက်က ပူတုန်းပါပဲ။ ရိပ်သာဝင်ပြီး သုံးရက်မြောက်ညမှာ တစ်ရေးနိုးတော့ ကျွန်မချက်တိုင်နားက ယားပြီးနေလို့ မခံနိုင်ဘဲ ကုတ်မိရာက အရည်ကြည်တွေထွက်လာတယ်။ ကျွန်မအင်္ကျီကို ရွှဲသွားတာပဲ။ နည်းနည်း နည်းနည်းထွက်နေတာ ငါးရက်လည်းပြည့်ရော ပူနေတဲ့ ကျွန်မဝမ်းဗိုက် ပိန်သွားတယ်။ သားနံ့ရည်တွေလည်း နည်းသွားတယ်။ ကျွန်မလည်း အစားအသောက်ပြန်စားနိုင်လာတယ်။

အဲ . . . ပြောရဦးမယ်။ လူကောင်းတွေလိုပဲ အချိန်ပြည့် တရားထိုင်နိုင်လာတယ်။ ကျွန်မ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ ရိပ်သာလည်းပိတ်ရော ကျွန်မ တရားအရသာကိုသိသွားတယ်။ တရားထိုင်ရင်း ရောဂါသက်သာပျောက်ကင်းတယ်။ အိမ်မှာလည်း အခုအထိ တရားရှုမှတ်နေဆဲပါ။ ဩော် . . . ပြောဖို့မေ့နေသေးတယ်။ ကျွန်မကို ခြောက်လပဲနေရမယ်ဆိုတာ နောက်မှသိရတာ။ အခုဆိုရင် ကျွန်မ သူတို့ပြောတဲ့ ခြောက်လမကတော့ဘူး တစ်နှစ်ကျော်လာပါပြီ။ သင်္ကြန်တွင်း တရားစခန်းဖွင့်ရင် တရားထိုင်ဦးမှာပါ။ ဒါကြောင့် ကျွန်မကိုယ်တွေ့ကြုံရတဲ့ အကျိုးကျေးဇူးကို မျှဝေတာပါ။ တရားအလုပ်ကို တကယ်လုပ်ကြည့်ပါ။ တကယ်လုပ်ရင် တကယ်ကောင်းကျိုးရပါတယ်။ တရားက ပြန်စောင့်ရှောက်ပါတယ်။ ကျွန်မလား . . . ခုရွာမှာ အမေနဲ့ အေးချမ်းစွာနေပါတယ်။ ခု သဲတို့၊ အုတ်တို့သယ်ပြီး ကျောင်းဆောက်ရာမှာ လုပ်အားကုသိုလ်ယူနေပါပြီ။ ဒါကြောင့် ကျွန်မလို "အသေမဦးခင် ဉာဏ်ဦးအောင်" ကြိုးစားအားထုတ်ကြပါလို့ . . .။

သန်လျင်မောင်ကျော်ခဲ



www.burmeseclassic.com

www.burmeseclassic.com



# ပုဂ္ဂလေးမျိုး နှင့် သူတော်ကောင်းတရား ခုနစ်ပါး

ဝေယံဦး

မွေးနေ့ဖြစ်သော ဗုဒ္ဓဟူးနေ့တွင် စာရေးသူသည် နံနက်စောစောပိုင်း ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးသွားသည်။ နံနက်စောစောပိုင်းဖြစ်သော်လည်း ဘုရားရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများဖြင့် အသင့်အတင့် စည်ကားလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်များ၏ ကုသိုလ်ကောင်းမှုကို စာရေးသူသည် မေတ္တာပို့သာဓုခေါ်မိသည်။ စာရေးသူသည် မွေးနံ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် စာရေးသူ၏ နဝင်းအောင်တတ်ဖြစ်သော အုန်း(၆)ညွှန့်၊ ဆီမီး၊ အမွှေးတိုင် ထွန်းညှိလှူဒါန်းသည်။ ဘုရားဆင်းတုတော်၊ ဗုဒ္ဓဂြိုဟ်စောင့်နတ်မင်း၊ ဂြိုဟ်ရုပ်(ဆင်ရုပ်)တို့ကို ရေသက်စေ့လှူသည်။ ဂုဏ်တော်ကိုးပါးပုတီး (၁၀)ပတ်စိပ်အပြီး မိမိပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုအဖို့ဘာဂကို သတ္တဝါအပေါင်း အားလုံးအား အမျှပေးဝေသာဓုခေါ်မိသည်။

ထို့နောက် ရွှေတိဂုံရင်ပြင်မှာ အဓိဋ္ဌာန်သုံးပတ်၊ စေတီပတ်လည်သို့လှည့်၍ အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာပို့သည်။ ပြီးဆုံးသွားသောအခါ ဘုရင်မကြီးရှင်စောပု တည်ထားကိုးကွယ်သော ဘုရားကို သွားရောက်ဖူးမြော် သည်။ ဘုရားဖူးမြော်ပြီး မတ်တတ်ရပ်လှည့်လိုက်စဉ် စာရေး သူ၏နောက်မှာ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿ နာအဖွဲ့ချုပ်က ကမ္မဋ္ဌာနာစရိယ ဆရာလေး ဒေါ်ကုသလ ဝတီနှင့် ကမ္မဋ္ဌာနာစရိယ ဆရာမ ဒေါ်ခိုင်ရွှေရည်နှင်းတို့က ပြုံး၍ နှုတ်ဆက်နေသည်။

ဆရာလေး ဒေါ်ကုသလဝတီသည် သီလရှင်မဖြစ် ခင် လူပုဂ္ဂိုလ် ဒေါ်မိမိချို ဘဝတုန်းက မင်္ဂလာဗျူဟာ အသင်းချုပ် ဓမ္မစာပေသင်တန်းကျောင်းတွင် အဘိဓမ္မာ သင်တန်းတက်ရင်း ဝေယျာဝစ္စ ဆောင်ရွက်စဉ်အခါက စာရေးသူနှင့် သိကျွမ်းခင်မင်သူလည်း ဖြစ် သည်။ ဆရာမ ဒေါ်ခိုင်ရွှေရည်နှင်းကလည်း အဘိဓမ္မာသင်တန်း လာ ရောက်တက်စဉ်အခါကပဲ ရင်းနှီးခင်မင်သူ ဖြစ်သည်။ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တွင် ကမ္မဋ္ဌာနာစရိယများဖြစ်ကြသောအခါ ဆရာလေး ဒေါ်ကု သလဝတီ တရားပြစဉ် စာရေးသူအဖို့ တရားစခန်း မဝင်ဖြစ် သော်လည်း ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း မြန်အောင် မြို့မှ ခုနစ်မိုင်ဝေးသော ဇီးဖြူကုန်းရွာတွင် ဆရာမ ဒေါ်ခိုင် ရွှေရည်နှင်း၊ ဆရာမဒေါ်နွယ်နီတို့သည် လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က တာဝန်ပေးချက် အရ တာဝန်ယူတရားပြစဉ် စာရေးသူလိုက်ပါလျက် ယောဂီ အဖြစ် တရားစခန်းဝင်ခဲ့ဖူးပါသည်။

"ဟာ ... ဆရာလေးနဲ့ ဆရာမတို့ ဘယ်ကဘယ် လို ဒီကိုရောက်နေတာလဲ"

"ဆရာလေးတို့ အရှေ့ဘက်တန်ဆောင်းမှာ ဒီ မနက်ပဲ ချိန်းပြီး ဘုရားလာဖူးတာ"

"ဆရာ့ကိုတွေ့လို့ ရပ်စောင့်နေတာ"

ဟု ဒေါ်ခိုင်ရွှေရည်နှင်းက ပြောသည်။

"ဪ ... ဒါနဲ့ ဆရာလေး အရုဏ်ဆွမ်းဘုဉ်း ပေးပြီးပြီလား။ တပည့်တော်လှူပါရစေ"

"ရပါတယ် ဒကာကြီး၊ ဆရာလေးက ပြည့်စုံနေ ပါပြီ"

"ဆရာမက လေးထောင့်ကန်က လာတာဆိုတော့ ဗိုက်ဆာမှာသေချာတယ်"

"ဒီလိုလုပ်လေ၊ ဆရာလေး အရှေ့ဘက်စောင်း တန်းက စောင့်နေမယ်။ ဒကာကြီးတို့ သွားကြလေ"

"ဆရာလေးက အပူအအေးတစ်ခုခု ဘုဉ်းပေးပါ လား"

"ရပါတယ်ဆိုမှပဲ။ မခိုင်ရေ ... ဒကာကြီးနဲ့ လိုက် သွား"

"လာပါ ဆရာမ၊ ခဏပဲ မကြာပါဘူး"

စာရေးသူနှင့် ဆရာမဒေါ်ခိုင်ရွှေရည်နှင်းတို့သည် ရွှေတိဂုံစေတီအလယ်ပတ်လမ်း မွန်စားသောက်ဆိုင်တွင် မုန့်ဟင်းခါး၊ လက်ဖက်ရည် မှာစားကြသည်။

"မုန့်လည်းစားပါဦး ဆရာမ၊ အီကြာကွေးနဲ့ လက် ဖက်ရည်လိုက်တယ်"

စာရေးသူက စမူဆာတစ်ခုကို ယူစားရင်း–

"ကောင်းတယ် ဆရာမ၊ စမူဆာက ပူပူလေး၊ အီကြာကွေးလည်းစား။ စမူဆာလည်းစား"

"ဆရာမအိမ် အလည်လာတဲ့အခါ ဟိုဟာကျွေး၊ ဒီဟာကျွေးနဲ့ ဗိုက်လေးပြီး ပြန်ရတယ်"

"ဆရာလည်း အိမ်ကိုမလာတာကြာပြီနော်။ အမေ ကကော ထက်ထက်ကပါ မေးတယ်။ ထက်ထက် အလုပ်ရ နေပြီ။ သူ့သမီးက ဟိုဘဘ မလာတာကြာပြီတဲ့"

"ဟုတ်လား၊ အားလုံးကို သတိရပါတယ်။ လာခဲ့ဦး မယ်လို့ ဒေါ်စိမ်းသီရိကို ပြောပေးပါ။ လာဖြစ်ရင် ဖုန်းကြို ဆက်လိုက်မယ်"

"အခုတလော ပဲခူးဘက် ဆရာရောက်တယ်လို့ ပဲခူးက ကိုယုဝေ + မဝါဝါတို့က ဖုန်းဆက်လို့ သိရတယ်။ ရွှေအင်ကြင်းကျောင်းက ဦးဇင်းကြီး အရှင်ဝိမလ နေထိုင် ကောင်းရဲ့လား"

"ဟိုတလောက နေထိုင်မကောင်းလို့ ရန်ကုန်လာ ပြီး ဆေးကုတယ်။ အကြောတက်၊ ဝမ်းချုပ်၊ လေချုပ်၊ အောက်ပိုင်းတွေ လေးလို့တဲ့။ အခု နည်းနည်းတော့ သက် သာနေတယ်။ ရွှေအင်ကြင်းဆရာတော်ကလည်း သူ့ တပည့်သံဃာတော်တွေကို ဂရုစိုက်ပါတယ်။ ဆရာတော် လည်း သိမ်နဲ့ ဓမ္မာရုံ ဆောက်နေရတော့ ကိုယ်တိုင်ကြီး ကြပ်နေရတာနဲ့ ပင်ပန်းနေတယ်။ ဆရာတော်က သဘော ကောင်းလွန်းတယ်လို့ ဦးဇင်းအရှင်ဝိမလက မိန့်ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဖင်းကြီးဆီ မရောက်တာ အတော်ကြာပြီ။ ဦးဖင်းမောင်နှမတွေကလည်း ဦးဖင်းကြီးကို ကူညီရှာပါတယ်။ အသက်အရွယ်ကလည်း ဇရာထဲဝင်နေပြီလေ။ ဒီဒုက္ခကို သတ္တဝါတိုင်း မလွန်ဆန်နိုင်ဘူး။ ဒါနဲ့ဆရာက ဗုဒ္ဓဟူးနေ့တိုင်း ရွှေတိဂုံဘုရားရောက်လား"

"ဟုတ်တယ် ဆရာမ၊ ကျွန်တော့်မွေးနေ့လေ။ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ အမိဋ္ဌာန်ပုတီး လာစိပ်တာ။ ကျွန်တော့်အလုပ်နဲ့ ဆရာမတို့အလုပ်က ပြဒါးတစ်လမ်း၊ သံတစ်လမ်းလေ။ ကောင်းမှုကုသိုလ်လာလုပ်ရတယ်။ တစ်ခါတလေ ကျွန်တော် စဉ်းစားမိတယ်။ ကျွန်တော်တို့ မြတ်စွာဘုရားက သိဒ္ဓတ္ထမင်းသားလို့ အမည်ပေးတယ်။ မြတ်စွာဘုရားက မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့မွေးတော့ ဗေဒင်မဟာဘုတ်ပညာအရ (၅)ကြွင်း ပုတီဖွားဖြစ်တယ်။ နာမည်ပေးရင် မရဏ၊ ဘင်္ဂ၊ ပုတိဂြိုဟ်တွေကို ထည့်မပေးရဘူး။

"ဪ ... ဆရာကလည်း။ သိဒ္ဓတ္ထဆိုတဲ့ အမည်ဟာ မိဘတွေမှည့်ထားတဲ့ အမည်ပါ။ ဂေါတမဆိုတာ အနွယ်အရ ခေါ်ကြပြုကြတဲ့ အမည်။ သူများမှည့်ထားတဲ့ အမည်တွေဖြစ်တယ်။ ဗုဒ္ဓဆိုတာကတော့ သူများမှည့်ထားလို့ ရတဲ့အမည်မဟုတ်ဘူး။ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်တော်မူတဲ့ အချိန်ကစပြီး လူ၊ နတ်၊ ဗြဟ္မာတွေအားလုံးက ဗုဒ္ဓကို တကယ်သိတော်မူကြတယ်။ အဲဒီဗုဒ္ဓဟာ ဘုရားနဲ့ဆိုင်တယ်။ နောက်မှ ဆက်ကြရအောင်။ ဆရာလေး စောင့်နေတာကြာနေပြီ။ သွားရအောင်လား"

စာရေးသူလည်း လက်ဖက်ရည်ဆိုင်မှာ ငွေရှင်းပြီး နှစ်ဦးသား ထွက်လာခဲ့သည်။ အရှေ့ဘက်စောင်းတန်းရောက်သောအခါ ဆရာလေး ဒေါ်ကုသလဝတီ တရားထိုင်နေ၍ ခေတ္တစောင့်ရပြီး မဟာဝိဇယစေတီဘက်သို့ ထွက်လာခဲ့ကြသည်။ မိုးတွင်းဖြစ်၍ မိုးအုံ့ဆိုင်းနေသောကြောင့် နေပူသက်သာသည်။ မဟာဝိဇယစေတီသို့ဝင်၍ ဘုရားဖူးကြပြီး ရင်ပြင်တစ်နေရာတွင် အညောင်းပြေ ခေတ္တထိုင်ကြသည်။

"ဆရာလေး ... သိဒ္ဓတ္ထမင်းသား၊ ဂေါတမအမည်တွေက သူများတွေက ခေါ်ကြတာ။ ဗုဒ္ဓဆိုတာ ဘုရားပဲဆိုတာကိုတော့ ဒီက ဒကာကြီးသိအောင် ရှင်းပြပေးပါ။ လက်ဖက်ရည်သောက်ရင်း နည်းနည်းတော့ ပြောပြထားတယ်"

"ဒါက ဒီလိုရှိတယ် ဒကာကြီး။ ဗုဒ္ဓဆိုတဲ့အမည်ဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ထူးခြားတဲ့ အမည်တစ်မျိုး၊ ဘွဲ့တော်တစ်မျိုး ဖြစ်တယ်။ ဘုရားရဲ့ဂုဏ်တော်ကို ဖော်ပေးတဲ့အမည်လို့လည်း ဆိုနိုင်တယ်။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿမှာကြည့်။ ဆရာမရှိ မိမိအလိုလိုကို ကိုယ်တော်တိုင် သိတော်မူပေထသော၊ ဘုန်းတော်ခြောက်စုံ တန်းခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား မဟုတ်လား။ ဗုဒ္ဓဆိုတာ သစ္စာလေးပါးမြတ်တရားကို သိတဲ့ပုဂ္ဂိုလ်လို့လည်း ဆိုနိုင်တယ်"

"ဗုဒ္ဓဆိုတာ တပည့်တော်တို့ ဘုရားမှာသာ ရှိတဲ့အမည် မဟုတ်လား"

"ဟုတ်ပါတယ် ဒကာကြီး။ သပြေကန်ဆရာတော်၏ တရားပေါင်းချုပ် စာအုပ်မှာ ရှင်းလင်းချက်တွေ ရှိပါတယ်။ ဆရားလေးဖတ်ကြည့်ပြီး မှတ်ထားတယ်"

"တပည့်တော်ကို လက်ဆင့်ကမ်း သိခွင့်ပေးပါလား"

"ဗုဒ္ဓလေးမျိုးရှိတယ် ဒကာကြီး။ (၁) သုတဗုဒ္ဓ၊ (၂) အနုဗုဒ္ဓ၊ (၃) ပစ္စေ ကဗုဒ္ဓ၊ (၄) သမ္မာသမ္ဗုဒ္ဓတို့ ဖြစ်တယ်။ သုတဗုဒ္ဓဆိုတာ သာသနာတော်မှာ ကျမ်းဂန်စာပေတွေ သင်ကြားပို့ချတဲ့ ပုဂ္ဂိုလ်တွေ၊ ရဟန်းတော်တွေဟာ သုတဗုဒ္ဓပဲ။ ဘုရားရှင်ကိုယ်တော်မြတ်က အင်မတန် ကျေးဇူးများလို့ ချီးကျူးမြွက်စားတယ်။ အဲဒါက သာဝကတွေနဲ့ဆိုင်တဲ့ ဘုရားတပည့်တွေပဲ ဖြစ်တယ်"

"အနုဗုဒ္ဓ ဆိုတာက ဘုရားရှင် ကိုယ်တော်မြတ်သိတော်မူသော သစ္စာလေးပါးတရားကို ဘုရားရှင်ကိုယ်တော်မြတ်နည်းပေးသော သိမြင်ဖောက်ထွင်း၊ သိမြင်နားလည်မဂ်ဖိုလ်ဆိုက်ကြတဲ့ အရိယာသာဝကတွေကို အနုဗုဒ္ဓလို့ ခေါ်တယ်"

"ပစ္စေကဗုဒ္ဓဆိုတာက ဘုရားရှင် ကိုယ်တော်မြတ်များ မပွင့်သေးတဲ့ သာသနာပမှာ ဆရာမရှိ သစ္စာလေးပါးကို ကိုယ်တိုင်ထိုးထွင်းသိမြင်တဲ့ ဘုရားငယ်လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ပစ္စေကဗုဒ္ဓပဲ ဖြစ်တယ်''

"သမ္မာသမ္ဗုဒ္ဓဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကို ပြောတာဖြစ်တယ်။ သဗ္ဗညုတဉာဏ်တော် ရှိလို့ပဲဖြစ်တယ် ဒကာကြီး။ အဲဒီတော့ သိဒ္ဓတ္ထဆိုတာ မိဘတွေက မှည့်ခေါ်ထားတဲ့အမည်၊ ဂေါတမဆိုတာက အနွယ်အရ ခေါ်ကြ ပြုကြတဲ့ အမည်၊ ဗုဒ္ဓဆိုတာက အရဟတ္တမဂ်ရလို့ အရဟတ္တဖိုလ် အဆိုက်မှာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတွေ အသိအမှတ်ပြုပြီး ထွင်လာတဲ့အမည်။ ရှင်းပြီလား ဒကာကြီး''

"ခုမှပဲ ရှင်းလင်းသွားတော့တယ် ဆရာလေး''

"ဘုရားဖြစ်လာတဲ့အခါ သူတော်ကောင်းဖြစ်ဖို့နဲ့ သူတော်ကောင်းဖြစ်အူလို့ သိနိုင်ဖို့ သူတော်ကောင်းဥစ္စာ ခုနစ်ပါး ဟောခဲ့သေးတယ်။ မခိုင်သိရင် ရှင်းပြပါဦး''

"သူတော်ကောင်းတရား ခုနစ်ပါးကို သိပါတယ်။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ သြတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဖြစ်တယ်။ ဟုတ်လား ဆရာမ''

"ဟုတ်ပါတယ် ဆရာ။ မခိုင် အတိုချုပ်ရှင်းပြမယ်။ သဒ္ဓါဆိုတာ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်တာဖြစ်တယ်။ ကုသိုလ်ကောင်းမှုဖြစ်ပွားဖို့၊ သုဂတိဘုံဘဝများသို့ ရောက်သွားဖို့၊ နိဗ္ဗာန်ချမ်းသာရောက်သွားဖို့ အခြေခံအကောင်းဆုံး တရားဖြစ်တယ်။

သီလဆိုတာက ကိုယ်နှုတ်စောင့်စည်းခြင်းပဲ။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ ဖြစ်တယ်။

ဟိရီဆိုတာ မကောင်းမှုဒုစရိုက်တွေကို ပြုရမှာ ရှက်ခြင်းပဲ။

သြတ္တပ္ပဆိုတာ မကောင်းမှုဒုစရိုက်တွေကို ပြုရမှာ ကြောက်ခြင်းပဲ။

သုတဆိုတာ အကြားအမြင်ရှိခြင်းပဲ။ ဟို ... အကြားအမြင်တော့ မဟုတ်ဘူး။ ယခုခေတ်မှာ တရားပွဲတွေကျင်းပတဲ့အခါ တရားနာခြင်း၊ ဗုဒ္ဓစာပေတွေ ဖတ်ရှုလေ့လာတာဟာလည်း အကြားအမြင်ရှိဖို့ပဲ။ သုတမရှိရင် တရားသဘောကို မသိဘူး။ အလွဲလွဲအချော်ချော် ဖြစ်တာပဲ။ အဘိဓမ္မာ မသင်ဖူးတဲ့ သူတွေမှာတော့ အလွဲလွဲအချော်ချော် ဖြစ်မှာသေချာတယ်။ ဥပမာပြောရရင် မစ္ဆရိယနဲ့ ကုက္ကုစ္စ၊ ဣဿနဲ့ မစ္ဆရိယသဘောကို မသိတော့ အလွဲလွဲ အမှားမှားပဲ။ ဝန်တိုနမြောတာကို မစ္ဆရိယပြောရမည့် အစား၊ ကုက္ကုစ္စလို့ ပြောကြတယ်။ သူတစ်ပါးချမ်းသာကြွယ်ဝနေတာကို မနာလိုငြူစူတာ ဣဿပြောရမယ့်အစား မစ္ဆရိယလို့ ပြောဆိုသုံးနှုန်းတာ တွေ့ရတယ်။

နောက်ဆုံး စာဂဆိုတာက စွန့်ကြဲပေးကမ်းခြင်းပဲ။ ရဟန်းသံဃာတော်နဲ့ သီလရှင်တွေကို လှူဒါန်းတာ၊ မိဘဆွေမျိုးတွေကို ပေးကမ်းတာ၊ ပစ္စည်း ဥစ္စာနွမ်းပါးသူတွေကို စွန့်ကြဲပေးကမ်းတာတွေပေါ့ ဆရာရယ်''

"သူတော်ကောင်းတရား ခုနစ်ပါးကို ကျင့်ကြံအားထုတ်ရင် ကောင်းသောအကျိုးတရားတွေရမယ်။ အတော်လေးစုံလင်ပါတယ်။ ကျွန်တော့်အဖို့ ဗဟုသုတလည်းရတယ်။ ဆရာလေးဒေါ်ကုသလဝတီနဲ့ ဆရာမ ဒေါ်ခိုင်ရွှေရည်နှင်းတို့ကို ကျေးဇူးတင်ပါတယ်။ ဓမ္မမိတ်ဆွေဆိုတဲ့ အတိုင်း တကယ့်ဓမ္မမိတ်ဆွေတွေပါပဲ''

"ဆရာလေးတို့ ဘယ်သွားကြဦးမှာလဲ''

"ဆရာလေး ကျောင်းကိုပြန်မယ်။ မခိုင်ပါ ခေါ်သွားမှာ။ ဟိုမှာ ညအိပ်ခိုင်းမယ်''

"ဒါဆို ကျွန်တော်လည်း ဒီကပဲ ပြန်ပါဦးမယ်''။

စာရေးသူလည်း နှုတ်ဆက်ပြီး ဗဟန်း(၃)လမ်းကနေ ရန်ကင်းသို့ ပြန်လာခဲ့သည်။ ရောင်ပြန်စာဖတ်သူများ သုတဖြစ်စေရန်နှင့် အဘိဓမ္မာသင်တန်းများသို့ သွားရောက်သင်ကြားကြစေရန် နှီးဆော်တင်ပြလိုက်ရပါသည်။

■ ဝေယံဦး

<u>ကျမ်းကိုး</u>

၁။ သပြေကန်ဆရာတော်၏ တရားပေါင်းချုပ်

၂။ သဒ္ဓမ္မရံသီရိပ်သာဆရာတော်၏ သိကောင်းစရာ ဓမ္မပဒေသာ။





www.burmeseclassic.com

www.burmeseclassic.com

# မျိုးဆက်သစ်တို့ ဆရာရှာစို့

## ကိုကိုအောင်(ဝိဇ္ဇာ)

စာရေးသူ အသက် ၇၀ အရွယ်သို့ ရောက်လာပြီဖြစ်သည်။ ဇရာပိုင်းအရွယ်သို့ ရောက်သောအခါ "အရှေ့ကို လျှောက်ပါလို့ အနောက်ကိုတော့မျှော်လိုက်လျှင်"ဆိုသော ရှေးဟောင်းပြောညွှန့်သီချင်းတစ်ပုဒ်ကို ပြန်လည်မှတ်မိလာ၍ စိတ်ကလေးက နောက်ကြောင်းပြန်ရောက်သွားမိပါသည်။ ကိုယ်ငယ်ငယ်က အရှေ့ကိုမျှော်ကြည့်၍ ယခု အဘိုးကြီးဘဝ၌ နောက်ကြောင်းပြန်ကြည့်မိတာဟာ သဘာဝတရားပင်ဖြစ်ကြောင်း သိမြင်လာပါသည်။ ကိုယ်ငယ်စဉ်ကအခြေအနေနှင့် ယခုတွေ့မြင်နေကြသော လူငယ်တို့၏ အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်မိသည်။ ကိုယ်ငယ်စဉ်က အိမ်တွင် တယ်လီဖုန်းဟူ၍ ကြိုးဖုန်းတစ်လုံးသာရှိသည်။ ယခုခေတ် လူငယ်များကတော့ လက်ကိုင်ဖုန်းကိုယ်စီနှင့် စတိုင်ကျနေကြသည်။ ကမ္ဘာဖြစ်ရပ်ရော၊-မြန်မာ့ဖြစ်ရပ်များပါ ခလုတ်နှိပ်ရုံနှင့် သိနေကြသ ည်။ Internet၊ Facebook၊ Viber များမှတစ်ဆင့် မမြင်သင့်တာရော၊ မြင်သင့်တာတွေပါ တွေ့မြင်နေကြရသည်။ ယောက်ျားကလေးများနှင့် မိန်းကလေးများအားလုံး ဖုန်းကိုယ်စီနှင့် ဖြစ်နေကြသည်။ ဘာအလုပ်အကိုင်များ လုပ်နေကြသလဲဟု စုံစမ်းကြည့်ရာ ပြည်တွင်း၌ အလုပ်အကိုင်များရှားပါး၍ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် Passport များ အသီးသီးကိုင်ဆောင်ထားကြသည်။

နိုင်ငံခြားသို့ သွားရောက်ရန်အတွက် စပေါ်တင်ရန်နှင့် လေယာဉ်ပျံစရိတ် ကုန်ကျငွေ ကျပ်သိန်း ၃၀ ခန့် လိုအပ်မည်ဖြစ်သည်။ နိုင်ငံခြားရောက်တော့ ဘာတွေလုပ်ရမှာလဲ သေချာစွာမသိကြ။ သေချာတာကတော့ သူတို့နိုင်ငံသို့ လာရောက်အလုပ်လုပ်သူများအား အောက်ပါ "ဒီသုံးလုံး"အလုပ်များက ကြိုဆိုနေသည်။

၁။ ဒိန်းဂျား (Danger)။ ။ အန္တရာယ်ရှိသော အလုပ်များ။ ဥပမာ-အမြင့်ဆုံးနေရာများသို့ တက်ရခြင်း။ ပေါက်ကွဲစေနိုင်သော ဓာတုဗေဒပစ္စည်းများကို ကိုင်တွယ်ရခြင်း။

၂။ ဒါ့တီး (Dirty)။ ။ အလွန်ညစ်ပတ်ပေနေသော အလုပ်များ။ ဥပမာ - အိမ်သာဆေး၊ လူသေဆေးအလုပ်များ။

၃။ ဒေါင်း (Down)။ ။ အောက်တန်းအကျဆုံးအလုပ်များ။ ဥပမာ - ပန်းကန်ဆေး၊ အမှိုက်ကျုံး၊ မြက်ရှင်း၊ ကုန်တင်ကုန်ချအလုပ်များ။

ဤ "ဒီသုံးလုံး"မှာ သူတို့နိုင်ငံသားများ မလုပ်ချင်သော အလုပ်များသာဖြစ်ကြသည်။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် သွားရောက်လုပ်ကိုင်ရခြင်းဖြစ်၍ ယင်းလူငယ်များအပေါ် အပြစ်မတင်သင့်ပေ။ မသွားလျှင်လည်းမဖြစ် သွားပြန်တော့လည်း "ကျားသနားမှ နွားချမ်းသာ"ကိန်းဆိုက်နေသည်။ ဤသို့ဖြင့် တစ်ဖက်တွင် တိုင်းပြည်၏လုပ်အားများ ဆုံးရှုံးနေပြီး အခြားတစ်ဖက်တွင် သူများနိုင်ငံစီးပွားရေး ကောင်းစားရေးအတွက် လူငယ်များ ပင်ပန်းကြီးစွာ သွားရောက်လုပ်ကိုင်နေရသည့်မှာ မြင်ရသူအတွက် များစွာစိတ်မချမ်းမြေ့စရာ ဖြစ်နေပေသည်။ အထက်ဖော်ပြပါအချက်ကို သက်ဆိုင်ရာတာဝန်ရှိကြသူများ သိမြင်နိုင်သည်ဖြစ်သော်လည်း သူတို့၏ အကျိုးစီးပွားများနှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိ၍ မသိလိုက်မသိဘာသာ နေကြသည်။ "ငါတို့က ကယ်တင်ရှင်များမဟုတ်၍ ဘာမှ မတတ်နိုင်။ သဗ္ဗေသတ္တာ ကမ္မသကာပေါ့"ဆိုသော အဖြေသာရမည်ဖြစ်သည်။ လူဆိုတာ ကိုယ်ကျိုးကြည့်သမားပင်ဖြစ်၍ သူတို့ကို မဝေဖန်လိုတော့ပါ။

အရင်းအနှီး ငွေကြေးမတတ်နိုင်ကြသော လူငယ်အများစုအတွက်တော့ လမ်းပျောက်နေပြီဖြစ်သည်။ ဘာလုပ်ရမလဲမသိဖြစ်ကာ ခေတ်စကားအရ "ငုတ်တုတ်မေ့"နေကြသည်။ ပြည်တွင်းကုမ္ပဏီများကလည်း ဘွဲ့ရများသာ ခေါ်ရွေး



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ဘွဲ့မရသူ၊ ၁၀ တန်းမအောင်သူများအတွက် အလုပ်မရဖြစ်နေသည်။ စားဝတ်နေရေးစရိတ်ကြီး၍ တောရွာများမှ လူငယ်များ မြို့ကြီးများသို့တက်၍ အလုပ်လာရှာကြသည်။ ပညာရေးအဆင့် နိမ့်ကျသူများဖြစ်၍ မြို့တွင် အလုပ်ရရန်မလွယ်ကူသဖြင့် ရန်ကုန်မြို့ကြီးတွင် အလုပ်လက်မဲ့များ အလွန်များလာသည်။ "ဖုံးကွယ်အလုပ်လက်မဲ့စာရင်း" ကောက်ယူကြည့်ပါက သိန်းဂဏန်းအထိ ရှိနိုင်သည်။

အသက်မပြည့်သေးသော ကလေးငယ်များ ရန်ကုန်မြို့၏ လက်ဖက်ရည်ဆိုင်ကြီးများတွင် အလွန်များလာသည်။ အလုပ်အကိုင်များ အတိအကျမရှိဘဲ ကျပန်းအလုပ်များ လုပ်နေကြသည်။ ရသမျှဝင်ငွေကလေးနှင့် ဘောလုံးပွဲလောင်း၊ နှစ်လုံးထီထိုး၊ မူးယစ်ဆေးဝါးသုံး၊ အကျင့်စာရိတ္တများ ပျက်စီးလာကြပါသည်။ ကုန်ဈေးနှုန်းကြီးမြင့်လာမှုကြောင့် အလုပ်လက်မဲ့များအတွက် "အူမ မတောင့်၍ သီလမစောင့်နိုင်"ဖြစ်ကာ ရာဇဝတ်မှုများ ကျူးလွန်လာကြသည်။ ရာဇဝတ်မှုကျူးလွန်လျှင် ထောင်ထဲသို့သွားရသည့် ဥပဒေအရ ထောင်များတွင် လူငယ်များဖြင့် ပြည့်နှက်နေသည်။ မကောင်းသောအကျင့်စာရိတ္တရှိက ငယ်စဉ်ကပင် ပြင်မှရသည်။ အသက်ကြီးမှ ပြင်၍မရ။ "သျှောင်ကြီးတော့ငိုက်၊ လူကြီးတော့မိုက်" ဆိုသော စကားရှိသည်။ အကျင့်စာရိတ္တမှာ စိတ်ပိုင်းဆိုင်ရာဖြစ်၍ ဘာသာရေးအသိဉာဏ် ရရှိမှသာ ပြင်နိုင်သည်။ လူငယ်အများစု ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ သူတို့၏ ဘာသာရေးအသိဉာဏ်ကို လေ့လာကြည့်ရာ မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင်များဖြစ်နေကြသည်ကို တွေ့ရသည်။ ဗုဒ္ဓ၏အဆုံးအမများကို သိရှိနားလည်ဖို့ဝေးစွ။ အများစုမှာ ဩကာသကိုပင် အစအဆုံး မရကြသူများ ဖြစ်နေသည်။ "ဘုရား"ဆိုတာ စေတီ၊ ရုပ်ပွားတော်များ။ "တရား"ဆိုတာ စာအုပ်ကြီးများ။ "သံဃာ" ဆိုတာ ဘုန်းကြီးများ။ "ဒါန"မှာ ငွေရှိမှသာ လှူနိုင်သည်။ "သီလ"ဆိုတာ ငါးပါးသီလ ဤမျှထက်ပို၍ မသိကြပါ။

ဤဘာသာရေးအရာ၌ ကျေးရွာများမှ လူငယ်များက မြို့နေလူငယ်များထက် အနည်းငယ်ပိုသာသည်။ တောရွာများမှ ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့်သာ ဖြစ်ပေလိမ့်မည်။ ဤမျှ ဘာသာရေးအခြေခံနည်းသော လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်၏ ဗုဒ္ဓဘာသာ သနားသနာကို စောင့်ထိန်းနိုင်ရန်မှာ ရင်လေးစရာဖြစ်ပါတော့သည်။ ကောသလမင်း၏ အိပ်မက် ၁၆ ချက်အတိုင်း ဖြစ်လာပေမည်။ လူငယ်များအား ဘာသာရေးအသိပညာပေးရန် အရေးကြီးသည်။ လောကီတရားဖြစ်သော ဒါန၊ သီလ၊ ဘာဝနာအဆင့် အရင်ဆုံးသိကြပြီးမှသာ လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာအဆင့်ကို ရောက်နိုင်မည်ဖြစ်သည်။ လောကီတရားသုံးပါးမှ အရေးကြီးသော အချက်အနည်းငယ်ကို ဦးစွာရှင်းပြရန်လိုအပ်ပေသည်။

ရှေးဦးစွာ "ဒါန"၏ အဓိကအချက်ကို ရှင်းပြရသော် "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"ဟု ဟောထားသဖြင့် "ဒါန" ဟူသည်မှာ အလှူပေးသူ၏ ပေးလှူလိုသော ကောင်းမှုကုသိုလ်ကံစေတနာကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အလှူပေးသူ၏ ပေးလှူလိုသော စေတနာမရှိဘဲနှင့် မည်သည့်ဒါနမှမရှိနိုင်။ လှူဖွယ်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်က တစ်ဘဝသာ ခံစားနိုင်၊ အလှူပေးသူမှာ အလှူ၏အကျိုးကို ယခုဘဝမှာရော၊ နောင်ဘဝပေါင်းများစွာပါ ခံစားရမည်ဖြစ်သည်။ ဤနေရာ၌ "စေတနာဟံ ဘိက္ခဝေ"ဟု ဆိုထားသည်။ "အသပြာဟံ ဘိက္ခဝေ"ဟု မဆိုထား။ ထို့ကြောင့် ငွေနှင့်လှူမှသာ ကုသိုလ်ရမည်၊ ငွေမရှိသူ ဒါနမပြုနိုင်ဟူသော ယူဆချက်မှာ မှားယွင်းနေကြောင်း ထင်ရှားသည်။ ဘုရားလောင်းတို့ ပါရမီ ၁၀ ပါးတွင် ဒါနပါရမီကို ရှေးဦးစွာဖြည့်ကြရသည်။ ဘုရားလောင်း မျောက်မင်းဘဝက အသုရာနက်သော ချောက်ကြီးထဲကျနေသော ပုဏ္ဏားအသက်ကိုကယ်သော ဇီဝိတဒါနပါရမီမှာ အလွန်အံ့ဩဖွယ်ရာ ကုသိုလ်စေတနာဖြစ်၍ ဘုရားလောင်းမျောက်မင်း ခေါင်းကို ကျောက်ခဲနှင့်ထု၍ ပြစ်မှားသောပုဏ္ဏား မြေမျိုခြင်းဖြင့် အဆုံးသတ်သွားသည်။ သူတစ်ပါးစိတ်မကူးရဲ၊ စဉ်းစား၍ပင် မကြည့်ဝံ့သော ကုသိုလ်မျိုးဖြစ်၍ ဘုရားလောင်းများသာပြုနိုင်သော ဒါနပါရမီဖြစ်သည်။

"ဒါနတော ဘောဂဝါ"ဟုဆိုထား၍ ဒါနအကျိုးစည်းစိမ်ချမ်းသာကြွယ်ဝခြင်းကို ပြဆိုလိုက်သည်။ ကဲ...ငါးပါးသီလခန်း ရောက်လာပါသည်။ "ကံငါးပါး"ဟုခေါ်သည်။ ဘယ်ကံကအဆိုးဆုံးလဲမသိကြ။ "မုသာဝါဒ"ကံက အဆိုးဆုံးဖြစ်သည်။ လူလိမ်သည် တရားမရနိုင်။ "သမ္မာဝါစာ"ဟု မှန်ကန်သောစကားကို "မဂ္ဂင်"ထပ်၍ ဟောထားသည်။ ပါရာဇိကတတ်လေးပါးတွင် ရဟန္တာမဟုတ်ဘဲ ရဟန္တာဟု လိမ်ပြောသူအား သာသနာမှ သူခိုးကြီးဟုသတ်မှတ်၍ ထုတ်ပစ်လိုက်သည်။ မုသာဝါဒကျူးလွန်သူအဖို့ မလုပ်ရဲသော အကုသိုလ်အလုပ်မျိုး မရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com

တော့ပေ။ သို့ဖြစ်၍ လူလိမ်များအား ဝေးရာမှရှောင်ကြရန် အရေးကြီးသည်။ (မှသားပြောဆိုရမည့်ထက် ဘာမျှမပြောဘဲ ဆိတ်ဆိတ်ဘာဝေနေလိုက်ခြင်းက အကောင်းဆုံးဖြစ်သည်)"သီလ တောသုခိတာ"ဆိုထား၍ သီလအကျိုးချမ်းသာခြင်းကို ပြဆို လိုက်သည်။

စာမေးပွဲ၌ ခိုးချခြင်းသည် ဤစတုတ္ထသိက္ခာပုဒ်ဖြစ် သော မုသာဝါဒကံကို ကျူးလွန်ခြင်းဖြစ်သည်။ ဤနေရာ၌ အလျဉ်းသင့်၍ အဘိဓမ္မမဟာရဋ္ဌဂုရု ကျေးဇူးရှင် စံကင်းဆရာ တော်ဘုရား၏ မိန့်ကြားချက်ကို ရဟန်းရှင်လူအများ သိကြစေ ရန် ဖော်ပြလိုပါသည်။

"အငယ်ဖြေတုန်းက ပုစ္ဆာတစ်ခု ကြံလို့မရဘူး။ နောက် စာမေးပွဲကြီးကြပ်တဲ့ ဒကာကြီးကာစ်ယောက်က အဖြေလာ ပြောတယ်။ သူပြောတာနဲ့ အဲဒီပုစ္ဆာ မဖြေတော့ဘဲ ဒီအတိုင်း ထားပစ်ခဲ့တယ်"

ဆရာတော်၏ အစွမ်းကုန်ရိုးသားသော ဤအချက်က လူတိုင်းအတွက် အံ့မခန်းစရာ၊ အတုယူစရာ၊ ပညာပေး မိန့်ကြားချက်ဖြစ်၍ ဘုရားသားတော်ကြီး စင်စစ်ဖြစ်ကြောင်း ဂုဏ်ပုဒ်ကို ဖော်ထုတ်ပြသလိုက်ရပါတော့သည်။

ယခု ဘာဝနာခန်းသို့ရောက်လာပြီ။ ဘာဝနာဆိုတာ ပုတီးစိပ်တာဟု သိကြသည်။ ကမ္မဋ္ဌာန်း ၄၀ မကြားဖူးကြပါ။ လူငယ်များအား မနိုင်သောဝန်ကို မထမ်းစေချင်ပါ။ ဘုရား သွား၍ ပုတီးမှန်မှန်စိပ်လျှင် တော်လောက်ပြီဟု ယူဆပါသည်။ "ဘာဝနာတော နိဗ္ဗုတာ"ဟုဆိုထား၍ ဘာဝနာ၏ အကျိုး နိဗ္ဗာန်ကို ပြဆိုလိုက်သည်။

လူငယ်အပေါင်းတို့ကို သိစေချင်သည်မှာ ဤ ဒါန၊ သီလ၊ ဘာဝနာ လောကီတရားသုံးပါးတို့သည် အခြေခံအဆင့် မျှသာဖြစ်၍ အရေးမပါလှဟု ပေါ့ပေါ့ဆဆ မယူဆကြပါနှင့်။ ဘုရားဟောကြားသော တရားအားလုံးသည် နိဗ္ဗာန်ရောက် ကြောင်းတရားများသာ ဖြစ်သည်။ ဤလောကီတရားသုံး ပါးသည် နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်အမှန်ဖြစ်ကြောင်း အထစ်ချမှတ်ယူ၍ လေးလေးစားစား လိုက်နာကျင့်သုံးကြပါ ရန် တိုက်တွန်းအပ်ပါသည်။

ဗုဒ္ဓ၏ တရားတော်နှင့်ပတ်သက်၍ လူငယ်များ အသိ ပညာနည်းပါးကြောင်း သာဓကဖြင့် ထပ်မံ၍ ဖော်ပြလို ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း "မင်္ဂလာ"ဆိုသောစကားကို ကြားဖူးကြပါသည်။ မင်္ဂလာတရား ၃၈ ပါးရှိသည်ဟုသာ သိကြသည်။ ဤမျှထက်ပို၍ မသိကြသည်သာများသည်။ မင်္ဂလာဆိုတာ "ကြီးပွားခြင်း"ဟု အဓိပ္ပာယ်ရသည်။ မင်္ဂလာ တရားတော်တွင် ရှေးဦးစွာ "အသေဝနာစ ဗာလနံ"ပုဒ်ကို ဟောကြားသည်။ အများသိကြသည်မှာ "လူမိုက်ကို မပေါင်း ကြနှင့်"ဟူ၍ပင် ဖြစ်သည်။ သို့အတွက် အရပ်ထဲမှ ထောင် ထွက်များ၊ အရက်မူးသမားများ၊ လူပေလူတေ ဆိုးသွမ်းသူ များအား လူမိုက်ဟုယူဆကြ၍ မပေါင်းဖက်ကြပေ။ အဓိပ္ပာယ် အမှန်မှာ "သူမိုက်ကို မမှီဝဲကြနှင့်"ဖြစ်သည်။ "လူမိုက်"နှင့် "သူမိုက်"တို့၏ အဓိပ္ပာယ်ကွာခြားချက်ကို မသိကြ။ လူမိုက် နှင့်မပေါင်းရလျှင် နတ်မိုက်နှင့် ပေါင်းရမည်လား။ နတ်တွင် လည်း နတ်ကောင်း၊ နတ်ဆိုး (နတ်မိုက်)များ ရှိသည်။ တိရစ္ဆာန် ဖြစ်သော ခွေး၌လည်း ခွေးလိမ္မာ၊ ခွေးဆိုး (ခွေးမိုက်များ) ရှိကြသည်။ ဤသူသည် မိုက်မဲ၏။ ထိုသူကို သူမိုက်ဟုဆိုရ ၏။ မိုက်မဲသူ မည်သူကိုမဆို "သူမိုက်"ပင် ဖြစ်သည်။ မိမိ၏ အကျိုးစီးပွားကိုလိုလားသော ဆွေမျိုးရင်းချာများကိုပင်ဖြစ်စေ မိုက်မဲသူဖြစ်ပါက ရှောင်ရမည်သာဖြစ်သည်။

အဇာတသတ်သည် ဆရာမိုက် ဒေဝဒတ်နှင့် ပေါင်းမိ ၍ မိမိဖခင်ကို ပြန်သတ်သော သားဆိုး၊ သားမိုက်ဖြစ်ရ သည်။ အင်္ဂုလိမာလသည် ဆရာမိုက်ကြောင့် လက်ညှိုးများ လိုက်ဖြတ်၍ လူဆိုးကြီးဖြစ်ရသည်။ သူမိုက်ကိုတော့သိပါပြီ။ ရှောင်ပါမည်။ မည်သူ့ကို ပေါင်းသင်းရမှာနည်း။ "ပဏ္ဍိတာနဉ္စ သေဝနာ" သူတော်ကောင်းကိုပေါင်းရန် ညွှန်ပြထားသည်။ မပေါင်းရမည့်သူနှင့် ပေါင်းသင့်သူတို့ကိုသိရန် အရေးအကြီး ဆုံးဖြစ်၍ ရှေးဦးစွာ ဟောကြားထားခြင်းဖြစ်ပါသည်။

ဤမင်္ဂလာ တရားတော်၌ "ပဏ္ဍိတာနဉ္စသေဝနာ" ပုဒ်က လူငယ်များ ယခုဖြစ်ပေါ်နေသော အခက်အခဲအပေါင်း မှ လွတ်မြောက်နိုင်မည့် ထွက်ပေါက်ကို ညွှန်ပြလိုက်သည်။ ပညာရှိကို ဆည်းကပ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။ ပညာ ရှိသူအား "သပ္ပုရိသသံသေဝ"ဟုခေါ်သည်။ သူတော်ကောင်း ကိုရှာရန် ဗုဒ္ဓက ကြိမ်ဖန်များစွာ တိုက်တွန်းခဲ့သည်။ ဤပညာ ရှိ သူတော်ကောင်းသာလျှင် "အနဝဇ္ဇော၊ အနဝဇ္ဇ"ငါးပါးဂိုဏ်းဝင် ဖြစ်၍ ဘုရားနှင့် တစ်ဂိုဏ်းတည်းထားရသော သူဖြစ်သည်။ "အာစရိယ"ပုဒ်မှာ ဆရာဟူ၍ အဓိပ္ပာယ်ဖြစ်၍ ဆရာရှာကြ ရန် ကြိုးစားကြတော့သည်။ အင်္ဂလိပ်စကား၌ "တီချာ"နှင့်



www.burmeseclassic.com

www.burmeseclassic.com

"မာစတာ"ဟူ၍ ကျောင်းဆရာ၊ ဆရာကြီးဟူ၍ ခွဲခြားဆိုထားသည်။ မြန်မာ့စကား၌ ဆရာဟူ၍ တစ်မျိုးသာရှိသည်။ သို့အတွက် ဆရာရာကြရာ ဆရာပေါင်းများစွာ တွေ့ကြရပါသည်။ ကျောင်းဆရာ၊ ဆေးဆရာ၊ ဗေဒင်ဆရာ၊ ဆိုင်းဆရာ၊ သိုင်းဆရာများအပြင် ကျူရှင်ဆရာကလည်း ခပ်တည်တည်နှင့် ဘုရားနှင့်တစ်ဂိုဏ်းတည်းဟု နေရာဝင်ယူလာကြသည်။ အားလုံးကို ဆရာတင်ပါက "ဆရာများသားသေ"ဖြစ်မည်။

"သပ္ပုရိသ သံသေဝ"သူတော်ကောင်းပညာရှိဆိုသောစကား မည်သူ့ကို ဆိုလိုတာလဲ ဆန်းစစ်ကြည့်ဖို့လိုလာသည်။ သူတော်ကောင်းပညာရှိဆိုသည်မှာ ဗုဒ္ဓ၏တရားတော်များကို ဟောပြောပြသနိုင်သည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် ရဟန်းပုဂ္ဂိုလ်ကို ဆိုလိုသည်။ ဟောပြောရာတွင် တချို့က စာပေပရိယတ်ဖြင့် ဟောပြောကြသည်။ တချို့က ဉာဏ်ပညာဖြင့် ဟောပြောကြသည်။ စာလည်းတတ်၊ ဉာဏ်လည်းရထားသောပုဂ္ဂိုလ်မှာ အကောင်းဆုံးသော သူတော်ကောင်း ပညာရှိကြီးဖြစ်ပါသည်။ ဤသူတော်ကောင်းနှင့်တွေ့ဆုံရန် လူငယ်များအတွက် အရေးကြီးလာပြီဖြစ်သည်။ မြင်မြင်သမျှ လူပုဂ္ဂိုလ်အပေါင်းတွင် ပညာရှိသူတော်ကောင်းအား ရှာဖွေရန်မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။

ဆရာကောင်းဆိုတာ မည်သူနည်း။ ဘုရားတွင် ပိတ်ဖြူစင်ကြယ်ကြီးဝတ်၍ ပုတီးကြီးလည်ပင်းဆွဲကာ မုတ်ဆိတ်မွေးကြီးနှင့် ထိုင်နေသူလား။ ဒေါက်ချာကြီးနှင့် ရသေ့ကြီးလား။ တောင်ဝှေးကြီးနှင့် ဘိုးတော်ကြီးလား။ ယောဂီဝတ်နှင့် မယ်တော်ကြီးလား လုံးဝ မဟုတ်ပါ။ ဆရာတု၊ ဆရာယောင်၊ ဆရာလိမ်များနှင့်သာ တွေ့မည်။ လူငယ်များအဖို့ သတိကြီးစွာထားသင့်သည်။ ဆရာမှားတတ်သည်။ တွေ့မြင်သူအား ဆရာကောင်း ဟုတ်မဟုတ် သိနိုင်ရန် လောကနီတိကျမ်း၌ ဆရာကောင်းကို အောက်ပါအတိုင်း ညွှန်ပြထားသည်။ ပညာရှိသည် "သူမမေးမူ ဘေရီစည်ကြီးသဖွယ် ဟောတိဖြစ်၏။ သူမေးမူ ပဇ္ဇုန္နောမိုးကြီးသဖွယ် ဟောတိဖြစ်၏" ပညာရှိ၌ လူကြည်ညိုဖွယ် ဥပဓိရုပ်တည်ကြည်သူဖြစ်ရမည်။ မေးမြန်းကြည့်ပါက ဒေသနာယုတ္တိ၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာကေယုတ္တိ အမျိုးမျိုးဖြင့် သင်သဘောပေါက်နားလည်အောင် ရှင်းပြနိုင်သူဖြစ်ရမည်။ စည်ကြီးကိုတီးကြည့်ပါက အိုးခြမ်းကွဲအသံထွက်နေလျှင် ဝေးဝေးကရှောင်ပေတော့။ လူတစ်ဦးတစ်ယောက်၌ ပညာရှိမရှိ သိလိုပါက မေးမြန်းစုံစမ်းခြင်းသာလျှင် အကောင်းဆုံးသောနည်းဖြစ်သည်။ "သွားဖန်များ ခရီးရောက်၊ မေးဖန်များ စကားရ"၊ "မစင်လျှင်ဆေး၊ မသိလျှင်မေး"ဆိုရိုးစကားများ ရှိကြသည်။

တချို့သောပုဂ္ဂိုလ်များအား မေးမြန်းကြည့်ရာ စကားစကားပြောဖန်များ စကားထဲက ဇာတိပြလာသည်။ သူ ဘယ်တောင်တွေသွားပြီး အဓိဋ္ဌာန်ဝင်၍ ပုတီးဘယ်နှပတ်စိပ်သည်။ ဟိုဝိဇ္ဇာကြီး ထွက်ရပ်ပေါက်သွားသည်။ ဘယ်ဆရာတော်ကြီး ကိုယ်ပျောက်သွားသည်။ ဘယ်ပုဂ္ဂိုလ်ကြီး ဓာတ်လုံးဖြင့် ကောင်းကင်ပျံသွားသည်။ စသည်ဖြင့် ကိုယ်ရည်သွေးပြောကာ လူများအထင်ကြီးရန် ကြွားဝါပြောဆိုကြသည်။ "အဟောသိကံ"အချည်းနှီးမျှသာဖြစ်သည်။ သင့်အတွက် အကျိုးရှိစကားရပ်များမဟုတ်။ သင့်ကို ဆုံးမနိုင်သူများ မဟုတ်ကြ။ သင်၏မေးခွန်းများကို ဖြေဆိုနိုင်သူများ မဟုတ်ကြပေ။

သူတော်ကောင်းအစစ်များကို သိနိုင်သောနည်းကို ဖော်ပြရန်လိုသည်။ သူတော်ကောင်းများသည် သင်လာသည်ကို မြင်လျှင်မြင်ချင်း ဘယ်လိုလူစားဆိုတာကို သိ၏။ "ဝိဇ္ဇာ"ဆိုတာ သိချင်းပင်"ဖြစ်သည်။ မေးနေစရာမလိုပါ။ သင်လုပ်နေသောအလုပ်၊ လာသည့်ကိစ္စ ဖြစ်နိုင်ခြေရှိ/မရှိ ချက်ချင်းသိသည်။ သူတို့၏ ပြောဆိုချက်များမှာ ပညာရှိသူများဖြစ်၍ "ပညာရှိတွေး ပြေးကြည့်သည်ထက်မှန်သည်"သာဖြစ်သည်။ ဗေဒင်ဆရာများကဲ့သို့ တွက်ချက်၍ ခန့်မှန်းပြောခြင်းမျိုးမဟုတ်။ တရားရှင်များဖြစ်၍ တရားအာရုံကိုယူကြည့်၍ သိကြသည်။ မနော်ဖြင့်သိရှိခြင်းဖြစ်၍ ရှင်းပြရန်ခက်သည်။ သူတို့ကိုလိမ်လျှင် ချက်ချင်းမောင်းထုတ်သည်။ သူတို့၏စကားများအတိုင်း ဆောင်ရွက်ခြင်းဖြင့် သင်၌ အလွန် အကျိုးကျေးဇူးများ၏။ ပညာရှိ၏အရိပ်သည် အလွန်စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်။

အချို့သောသူများက ဆရာအထွေအထူးရှာရန်မလိုပေ။ Internet, Facebook မှာ ရှာကြည့်ပါက ဘယ်ပညာမျိုးမဆို ရနိုင်တာပဲ၊ ပညာရပ်ဆိုင်ရာ စာအုပ်တွေဝယ်ဖတ်ရင် ကတတ်တာပဲဟု ယူဆကြသည်။ မှားယွင်းသော ယူဆချက်ဖြစ်သည်။ ကြားဆရာ၊ မြင်ဆရာထက် သင်ဆရာက ပို၍ ကောင်းကြောင်း ဆရာမပြ နည်းမကျဟူသည်မှာ ကေန်မှန်ကန်သော စကားရပ်ဖြစ်ကြောင်း ပြလိုက်မည်။ ဥပမာ-



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်သည် အိမ်ဆောက်သောပညာ တတ်မြောက်ရန်အတွက် လိုအပ်သောစာအုပ်များဝယ်ဖတ်၍ မိမိကိုယ်တိုင်ပုံစံရေးဆွဲ၊ အလုပ်သမားများခေါ်၍ အိမ်တစ်လုံးဆောက်သည်။ ငွေများစွာကုန်၊ အချိန်များစွာကုန်၍ နောက်ဆုံးတွင် အိမ်မဖြစ်ဘဲ ဂိုဒေါင်သဖွယ် ရယ်ရွှင်ဖွယ် လေးတိုင်စင်တစ်ခုသာ ဖြစ်ပေမည်။ ကျွမ်းကျင်သော ဗိသုကာဆရာကြီးတစ်ဦးအား ခေါ်ယူ၍ဆောက်စေရာ အချိန်တိုအတွင်း အကုန်အကျသက်သာ၍ စနစ်တကျပုံစံဖြင့် အိမ်တစ်ဆောင် ပြီးစီးလေသည်။ ၎င်းဆရာကြီးနှင့် အတူတကွလိုက်၍ အိမ်လေးငါးလုံးလောက်ဆောက်၊ ဆရာကြီးကလည်း သင်ပြပေးမှုသာလျှင် စနစ်တကျ အိမ်ဆောက်ပညာရပ်ကို တတ်မြောက်ပေမည်။ ဤသို့ သင်ကြားပြသပေးမှုသာလျှင် မည်သည့်ပညာရပ်မဆို တတ်မြောက်နိုင်ကြောင်း သိသာပေသည်။ ပို၍သိချင်လျှင် လူတစ်ဦးသည် ၁၀ တန်းစာမေးပွဲကို ဆရာထံ ပညာမသင်ဘဲ မိမိဘာသာကျက်၍ ဖြေကြည့်ပါက ကျဖို့သေချာ၏။

ပညာရှိ သူတော်ကောင်းထံ ဆည်းကပ်ခြင်းကြောင့် အောက်ပါအသိ သုံးမျိုးကို ရမည်ဖြစ်သည်။

(၁) သညာသိ-ဆိုသည်မှာ ဆရာပြောပြော သင်ကြားချက်ကို နားကြားမှတ်သားပြီး ရရှိသော အသိဖြစ်သည်။

(၂) ဝိညာဏ်သိ-ဆိုသည်မှာ ဆရာ၏ သင်ကြားပြသချက်အပေါ် မိမိလိုက်နာကျင့်သုံးခြင်းဖြင့် ရရှိလာသော အသိဖြစ်သည်။

(၃) ပညာသိ-ဆိုသည်မှာ အမှန်တရားကို ထိုးထွင်းသိမြင်သောဉာဏ်ကို ရရှိသွားခြင်းပင်ဖြစ်သည်။ ဤအသိသုံးမျိုးကို စာဖြင့် သုတမယဉာဏ်၊ စိန္တာမယဉာဏ်နှင့် ဘာဝနာမယဉာဏ်ဟူ၍ ခေါ်သည်။ ဆရာ၏ သင်ကြားပြသပေးချက်အပေါ်မှ သုတမယဉာဏ်နှင့် စိန္တာမယဉာဏ်များကို ရရှိပေမည်။ ဤဉာဏ်နှစ်မျိုးနှင့် ပြည့်စုံလျှင်ပင် အတော်အတန် ခရီးရောက်လာပေသည်။ ရှေ့ဆက်၍ ဘာဝနာမယဉာဏ်အဆင့်သို့ ရောက်ရှိစေရန် မိမိ၏ဉာဏ်ဝီရိယအပေါ် မူတည်ပေသည်။ ဘာဝနာမယဉာဏ်ကို လောကဥပမာဖြင့်ပြရလျှင် လူကြီး၊ လူငယ်မရွေး ရွှေသည် တန်ဖိုးရှိကြောင်း သိကြမည်သာဖြစ်သည်။ ၎င်းတို့ထက် ရွှေဆိုင်မှ ရွှေရောင်းသူက ပိုမိုနားလည်ပေသည်။ သို့ရာတွင် ရွှေပန်းထိမ်ဆရာကြီးလောက် ရွှေအတု/အစစ်၊ ကောင်း/မကောင်း မည်သူမျှ ပိုမိုနားလည်နိုင်မည်မဟုတ်ပေ။ ပန်းထိမ်ဆရာကြီး၏ ရွှေအကြောင်း အလုံးစုံသိမြင်သော ပညာမျိုးကိုသာ ဘာဝနာမယဉာဏ်ဟု ခေါ်ဆိုနိုင်ပါသည်။ တရားတော်၌ အကြောင်းအကျိုးကို ထိုးထွင်းသိမြင်သော ဉာဏ်ကို ဘာဝနာမယဉာဏ်ဟုခေါ်သည်။

ဤသို့ဖြင့် လူငယ်များ မိမိဘဝတိုးတက်ရေးအတွက် ဉာဏ်၊ ဝီရိယ အထူးအရေးကြီးကြောင်း သိသာလာပေသည်။ ဝီရိယကို အားလုံးသိကြပါသည်။ ကြိုးစားအားထုတ်မှုဖြစ်သည်။ ဉာဏ်ဆိုသည်ကို သဘောမပေါက်ကြသေးပါ။ (စာအရ "ပညာစေတသိက်"ကို ဉာဏ်ဟုခေါ်သည်)လူတစ်ဦးနှင့်တစ်ဦး အဓိကကွာခြားချက်မှာ ဉာဏ်ပင်ဖြစ်သည်။ ဥပမာ-ဆရာတစ်ဦးတည်း၏ တပည့်သုံးဦး ၁၀ တန်းဖြေကြရာ တစ်ဦးက ကျ၏။ တစ်ဦးက ရိုးရိုးအောင်၏။ တစ်ဦးက ဂုဏ်ထူးဖြင့် အောင်၏။ ဉာဏ်ရည်ကွာခြားခြင်းကြောင့်သာဖြစ်သည်။ ဓါဖြင့် ဒီဉာဏ်ဆိုတာ ဘာလဲ၊ စဉ်းစားတာပင်ဖြစ်၏။ စဉ်းစားကြည့်မှသာ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့် အကျိုးကို ခွဲခြားသိနိုင်မည်။ ဗုဒ္ဓက ဤဉာဏ်ကို နေရာအမျိုးမျိုး၌ ဟောကြားတော်မူခဲ့သည်။

တရားဦးဓမ္မစကြာ ပါဠိတော်၌

၁။ စက္ခုကရဏီ၊ ဉာဏကရဏီ
တရားမျက်စိ၊ ဉာဏ်မျက်စိ

၂။ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တရားမျက်စိ၊ ဉာဏ်မျက်စိ၊ ပညာမျက်စိ၊ ထိုးထွင်းသိမြင်သောမျက်စိ၊ နိဗ္ဗာန်မြင်နိုင်သောမျက်စိဟူ၍ ဟောကြားထားသည်မှာ ဉာဏ်တစ်မျိုးကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ မဟာသတိပဋ္ဌာနသုတ်၌ သတိ၊ သစ္စာလေးပါး၌ မဂ္ဂသစ္စာ (မဂ်ဉာဏ်) အတူတူပင်ဖြစ်သည်။ ငွေတစ်ကျပ်ကို တရုတ်လို "ကျတွန်"၊ ကုလားလို "ရေးကရူးပြား"၊ အင်္ဂလိပ်လို "ငွေ"



www.burmeseclassic.com

www.burmeseclassic.com

ရှုးဗီး" ဘယ်လိုပဲခေါ်ခေါ် ငွေတစ်ကျပ်လို့ပြောတာပင် ဖြစ်ပါသည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ဘုရားက လူ့ဘဝကို ရောက်လာကြသူများအဖို့ အတိတ်ကံကို အားကိုးမနေကြဘဲ ပစ္စုပ္ပန်ဉာဏ်၊ ဝီရိယကိုအားကိုးကြရန် "ကံ၊ ဉာဏ်၊ ဝီရိယ"လက်စွဲကျမ်း၌ ထုတ်ဖော်ရေးသားခဲ့သည်။ ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီးက သူ၏ မယဒေဝကျမ်း ပုတ္တောဝါဒခန်း၌ -

"ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ အရင်းသားရှင့်၊ ဥစ္စာ၊ ဘောဂ၊ ဇီဝိတနှင့် သုခပွားရန် ဤလူ့ဌာန်၌ ဉာဏ်၊ ဝီရိယ၊ ပယောဂတည့်"ဟူ၍ တိကျစွာ ရေးသားစပ်ဆိုခဲ့သည်။

ကျေးဇူးတော်ရှင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ ဂုရုပ္ပတ္တိကထာစာအုပ်၌ ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။

"ကြီးပွားချမ်းသာမှုမှန်သမျှ အသိဉာဏ် အခြေ စိုက်လျက်ရှိ၏။ အသိဉာဏ်ကင်းမဲ့မှုကြောင့် ထင်မိထင်ရာ လုပ်ကြခြင်းဖြစ်၏"ထိုမသိမှုမှ ဖြစ်ဖျားခဲ့လာသော အလုပ်မှန်သမျှတို့သည် ဆင်းရဲဖို့ချည်းသာဖြစ်၏။

"လူမတန်ကံချဆိုပေမယ့် ကံဟာလိုရင်းပဲ။ ဝီရိယတို့ ဉာဏ်တို့လည်း ပါပါရဲ့။ ဒါပေမယ့် ကံမကောင်းဘူးဆိုရင် ဉာဏ်ဝီရိယဟာ လွဲတတ်တယ်။ အဲဒီ ကံဆိုတာဟာလည်း အလိုလိုရလာတာ၊ ရောက်လာတာမဟုတ်ဘူး။ ဉာဏ်ဝီရိယတို့နဲ့ လုပ်ယူမှရတယ်။ ဒါကိုသိဖို့လိုတယ်"

"နီတိ။ ခင်ပုတ်ငှက်သည် နေ့အခါ၌ ကန်း၏။ ကျီးသည် ညဉ့်အခါ၌ ကန်း၏။ အတတ်ပညာမှကင်းသော လူမိုက်သည် နေ့ရောညဉ့်ပါ ကန်း၏။

ဉာဏ်ဝီရိယစွမ်းအားကို မည်မျှအထိသာရှိသည်ဟု တိုင်းတာနိုင်သော ပေတံမရှိပါ။ အမေရိကန်နိုင်ငံ၏ သမ္မတကြီး အီဗရာဟမ်လင်ကွန်းသည် သာမန်ဆင်းရဲသားရှေ့နေကလေးဘဝမှ သမ္မတကြီးအဖြစ်သို့ ရောက်ရှိသွားသည်မှာ ဤ ဉာဏ်၊ ဝီရိယစွမ်းပကားကြောင့်ပင် ဖြစ်ပါသည်။

ဘုရားလောင်း မဟော်သဓာ ဇာတ်တော်ကြီးတွင် ဉာဏ်ပညာစွမ်းအားဖြင့် ပြဿနာဟူသမျှကို ဖြေရှင်းနိုင်ကြောင်း တွေ့မြင်နိုင်သည်။

လူအချင်းချင်းမတူညီသည်မှာ ဤဉာဏ်ပင်ဖြစ်နေကြောင်း သိလာကြပေမည်။ ဉာဏ်သာသော ဘီလုံးငှက်ကလေးက သိမ်းငှက်ကြီးကို အနိုင်ယူသော ပုံပြင်၊ မဟော်သဓာ၏ ပညာစွမ်းအားကြောင့် ရှစ်ခေါဘဏီတပ်ကြီး ထွက်ပြေးကြရပုံစသော သာကေပုံပြင်များစွာ ရှိသည်။

သို့ရာတွင် ဤဉာဏ်သည် ဝီရိယနှင့် တွဲဖက်ပါမှ အောင်မြင်နိုင်ကြောင်း သိရပေမည်။ ဉာဏ်နှင့်ဝီရိယ တွဲဖက်လိုက်ပါက မည်သည့်အရာမဆို အောင်မြင်နိုင်ကြောင်း သိသာထင်ရှားလှပေသည်။

သင်တို့၏ ဉာဏ်၊ ဝီရိယသည်သာလျှင် သင်တို့အား ဒုက္ခဆင်းရဲအပေါင်းမှ ကယ်တင်နိုင်သည်။ တကယ် ကယ်တင်ရှင်အစစ်ကြီးဖြစ်သည်။ ကိုယ့်၌ရှိသော ကိုယ်ပိုင်ပစ္စည်းဖြစ်သော ဉာဏ်၊ ဝီရိယကို ရှိမှန်းလည်းမသိ၊ အသုံးလည်း မချတတ်၍သာ လူအပေါင်း အောက်တန်းကျနေခြင်းဖြစ်သည်။ ဤသို့ဖြင့် လူတွင် ရုပ်၊ စိတ်အပြင် ဉာဏ်ရှိနေကြောင်း လယ်ပြင်တွင်ဆင်သွားသလို ထင်ရှားနေပေပြီ။ မည်သူမျှ မငြင်းနိုင်။ ဒါဖြင့် စိတ်အသိက သညာသိဖြစ်၍ ဉာဏ်အသိမှာ ပညာသိဖြစ်ကြောင်း ခွဲခြားနိုင်ပေသည်။

အချို့သောသူတို့ စောဒကတက်နိုင်သည်၊ လောက တွင် ငွေရဖို့သာ အရေးကြီးသည်မဟုတ်ပါလား။ ငွေရမှသာ အကျိုးရှိတာပေါ့။ ငွေရနိုင်ရန် ဒီဉာဏ်က ဘယ်လိုလုပ်ပေး မှာလဲဟု မေးလာကြပေမည်။ ငွေအရေးကြီးသည်မှာ မှန်ပါ သည်၊ သို့သော် ငွေမှာရလာသည့် အကျိုးတရားသာ ဖြစ် သည်၊ ငွေရအောင် နည်းလမ်းပေးသည့် အကြောင်းတရား သည်။ ဉာဏ်၊ ဝီရိယဖြစ်သည်၊ ရရှိလာသောငွေကို လုံ အောင် ဘယ်လိုထားရမလဲ။ ဘယ်လို စနစ်တကျ သုံးစွဲ မလဲ။ ဉာဏ်ကပင် ဆုံးဖြတ်ပေးသည်။ ဉာဏ်အရာချည်းသ ဖြစ်ပေသည်။ ငွေကို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှ ဘေးဖြစ်သည်။ ငွေကို မသုံးတတ်သော မဟာဓနသူဌေးသ အကြောင်း ပုတ္တောဝါဒဆုံးမစာတွင် ဤသို့ဖော်ပြထားသည် "မောင်ငယ်ရင်သွေး၊ နာဘီသေးလော့၊ ရှေးသရော့အခါ ပြ ဗာရာဝယ်၊ ကုဋေကြွယ်သား သူဌေးသားလျှင် သား ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍ စာပေမကျ"အ သော ဤဆုံးမစာကို လူငယ်တိုင်းကြားဖူးကြပေမည်။ မျှ ငွေကြေးချမ်းသာသူဖြစ်စေ ပညာမတတ်က မွဲသွာ ကြောင်း အလွန်အရေးပါသော ပညာပေးဆုံးမစာဖြစ်

www.burmeseclassic.com

ငွေနှင့်ပတ်သက်၍ သိသင့်သော အချက်များ အလွန်ကျယ်ပြန့်ပါသည်။ ကွယ်လွန်သူ စာရေးဆရာကြီးများဖြစ်ကြသော ဆရာတက်တိုး၊ ဆရာပီမိုးနင်းတို့၏ စာအုပ်များကို ရှာဖွေဖတ်ရှုကြပါရန် တိုက်တွန်းအပ်ပါသည်။

ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဉာဏ်ပညာရှိသူနှင့် ပညာမဲ့သူတို့၏ ကွာခြားပုံကို အနည်းငယ် နှိုင်းယှဉ်ပြလိုက်ပါမည်။

ပညာရှိသူသည် မိမိဘဝအတွက် မည်ကဲ့သို့ တိုးတက်အောင်ဆောင်ရွက်မည်ဟု ရည်မှန်းချက်ကြီးကြီးမားမား ထားရှိသည်။ ပညာမဲ့သူ၌ ဘဝရည်မှန်းချက်မရှိ။ အခြေအနေပေါ်မူတည်၍ လှုပ်ရှားသွားလာနေထိုင်သည်။

ပညာရှိသူသည် ဘဝတွင် ရင်ဆိုင်ရသော ပြဿနာအရပ်ရပ်ကို မိမိ၏ဉာဏ်ပညာဖြင့် ဆုံးဖြတ်ဖြေရှင်းသည်။ ပညာမဲ့သူသည် မိမိ၏စိတ်အလိုအတိုင်းသာ ဆုံးဖြတ်ဖြေရှင်းသည်။

ပညာရှိသူသည် မိမိရရှိထားသည့် ငွေကြေးဥစ္စာများကို အကျိုးရှိအောင်၊ တိုးပွားလာအောင် မည်သို့ဆောင်ရွက်ရမည်ကို ဆရာသမားများ၊ ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ လုပ်ဆောင်သည်။ ပညာမဲ့သူသည် ရရှိသည့်ဥစ္စာငွေကြေးများကို မည်သူနှင့်မျှမတိုင်ပင်ဘဲ သုံးဖြုန်း၍ မှားယွင်းသော ရင်းနှီးမြှုပ်နှံမှုများကြောင့် ကုန်ခန်းသွားသည်။

ပညာရှိသူသည် ယခုဘဝနေရေး၊ သေရေးကို မကြောက်၊ နောက်ဘဝတစ်ခုဖြစ်၍ သံသရာလည်ရမှာကို ကြောက်၏။ ပညာမဲ့သူသည် ယခုဘဝနေရေး သေရေးကို ကြောက်၏။ နောက်ဘဝအတွက် စိတ်ပင်မကူးမိချေ။

အကြင်သူ၌ ပညာရှိ၏၊ ထိုသူ၌ သီလရှိ၏၊ ထိုသူ၌ ပညာရှိ၏ဟု ဆိုထားသောကြောင့် ပညာရှိသူသည် သီလမြဲ၍ နောက်ဘဝအတွက် လားရာသုဂတိကောင်းသည်။ ပညာမဲ့သူသည် သီလမမြဲ၍ နောက်ဘဝလားရာဂတိ မရေရာ မသေချာပေ။

ပညာရှိသူသည် မိမိအကျိုး၊ အများအကျိုး နှစ်ခုပေါင်း၍ ဆောင်ရွက်၏။ ပညာမဲ့သူသည် မိမိအကျိုးတစ်ခုတည်းသာကြည့်၍ သူတစ်ပါးအကျိုးကို လုံးဝ မကြည့်ပေ။

ပညာရှိသူသည် မိမိ၏ငွေကြေးဥစ္စာကို ကောင်းစွာစုဆောင်းထားသောကြောင့် အသက်အရွယ်ကြီးရင့်လာသောအခါ တရားဘာဝနာများပွားများရန် အချိန်များစွာရရှိသည်။ ပညာမဲ့သူသည် ဘဝတစ်လျှောက်လုံး ဥစ္စာကို အမြဲရှာနေရသောကြောင့် အသက်ကြီးလာသော်လည်း တရားဘာဝနာဘက် မလှည့်နိုင်တော့ပေ။

ဤမျှ လမ်းညွှန်ပြလိုက်ပါလျှင် လူငယ်အပေါင်း မိမိတို့လျှောက်လှမ်းရမည့်လမ်းကို တွေ့မြင်လောက်ပေပြီ။ "အတ္တာဟိ၊ အတ္တာနော နာထော"မိမိကိုယ်ကို ကိုးကွယ်ကြ မိမိကိုယ်ကို ဆောက်တည်ကြဆိုသည်မှာ ကိုယ့်ဉာဏ်ကို အားကိုးရမည်ဟု ဆိုလိုကြောင်း သဘောပေါက်လောက်ပြီဖြစ်သည်။ ဘုရင်ကြီးတစ်ပါးက ဗုဒ္ဓကိုမေးသည်။ "ရဟန်းဂေါတမက ဘုရားလို့ဝန်ခံမလား"အခြားဆရာကြီးများက ဘုရားလို့ဝန်မခံကြ၊ ဗုဒ္ဓက ထိုဆရာများထက် အသက်ငယ်သည်။ ဗုဒ္ဓက "မင်းကြီးဘုရားလို့ပြောရင် ငါ့ကိုပြောမှမှန်သည်။ ငါ၌ အင်မတန်ကောင်းသောဉာဏ် ရှိသည်"ဟု ဖြေလိုက်သည်။ သို့အတွက် အသက်ကြီးမှ ရနိုင်သောဉာဏ်မဟုတ်ကြောင်း ထင်ရှားသည်။ လောက၌ လူတိုင်း ဆရာလိုကြသည်ချည်းသာဖြစ်၏။ ဗုဒ္ဓက ဆရာမကူဘဲ သဗ္ဗညုတဉာဏ်ကို ရ၏။ သူက ဘုရားကိုးရမှာပေါ့ဟုသာ ဖြေလိုက်ရပါတော့သည်။

နိဂုံးချုပ်အနေနှင့် လူငယ်များသိသင့်သည်မှာ လူတွင် ရုပ်၊ စိတ်၊ ဉာဏ် ဟူ၍ သုံးမျိုးရှိကြောင်းကို ရှေ့၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ မိမိ၏ ရုပ်နှင့်စိတ်ကို ဉာဏ်ဖြင့် ပြုပြင်ထိန်းသိမ်းပေးခြင်းသည် ဗုဒ္ဓ၏အလိုကျဖြစ်ပါသည်။ စိတ်ကို ဉာဏ်ဖြင့်သာ ထိန်းနိုင်သည်။ အခြားမည်သည့်ပစ္စည်းနှင့်မျှ မထိန်းချုပ်နိုင်။ စိတ်ပရမတ်ကို ဉာဏ်ပရမတ်ဖြင့်ထိန်းမှသာ ရနိုင်သည်။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အထိမြင်နိုင်သဖြင့် ဉာဏ်မျက်စိသည်သာ သင်တို့၏ အားကိုးအားထားရသော ပစ္စည်းအစစ်အမှန်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ သို့ရာတွင် ဤဉာဏ်မျက်စိအမြင်ကိုရခြင်း အကျိုးတရားမှာ သူတော်ကောင်းကို မှီဝဲခြင်းတည်းဟူသော အကြောင်းတရားကြောင့်သာဖြစ်၍ "အာစရိယဂုဏော အနန္တော"ဟူသောပုဒ်ကို လူငယ်အပေါင်း သိကြစေရန် မီးမောင်းထိုး၍ ပြလိုက်ရပါတော့သည်။

---

ကိုကိုအောင်(ဝိဇ္ဇာ)

---

၀၉-၄ ၂၀၀၃၃၆ဂ၄



www.burmeseclassic.com

www.burmeseclassic.com



# ကျည်မထွက်၊ လက်နက်တုံးသည့်ဂါထာ

မြင့်မြတ်သူ(ရတနာသိဒ်)

ဒီတစ်ပတ် ရောင်ပြန်မဂ္ဂဇင်း စာဖတ်ပရိသတ် အတွက် ကျမ်းပြုအကျော် မာန်လည်ဆရာတော်ကြီးရဲ့ ခရီးသွားရွတ်တဲ့ဂါထာကို အကြောင်းအရာနဲ့အတူ တင်ပြသွားပါ့မယ်။ ဂါထာဖြစ်ပေါ်လာပုံ ဝတ္ထုဇာတ်လမ်းလေးက ဒီလိုပါ။ အာဠဝီပြည် ညောင်ပင်ကြီးအနီးမှာ ကြီးစိုးနေတဲ့ အာဠဝက နတ်ဘီလူးကြီးကို ရှင်ဘုရင်က နေ့စဉ် လူတစ်ယောက်နဲ့ ထမင်းတစ်အုပ်ပို့ပေးနေရတာ ၁၂ နှစ် ကြာသွားပါတယ်။

ဖြစ်ပုံက တစ်နေ့ တောကစားသွားရင်း နတ်ဘီလူးကြီးပိုင်နက်ဖြစ်တဲ့ ညောင်ပင်ကြီးအောက် ဝင်နားမိလို့ သူ့ကိုစားမယ်လုပ်တော့ သူ့ကိုစားလိုက်ရင် တစ်နေ့ပဲစားရမယ်။ နေ့စဉ်စားရအောင် လူတစ်ယောက်နဲ့ ထမင်းတစ်အုပ်ပို့ပေးပါ့မယ်ဆိုတဲ့ ကတိစကားအရ ရှင်ဘုရင်ကြီးအတွက်နဲ့ တိုင်းသူပြည်သားတွေ ဒုက္ခခံကြရတယ်။ ဒီလိုနဲ့ ထောင်ထဲမှာရှိတဲ့ အကျဉ်းသားတွေကလည်းကုန်ပြီ။ မြို့ထဲက ကလေးငယ်တွေလည်း ကုန်ခဲ့ပါတယ်။

နောက်ဆုံး နန်းတော်ထဲက ဘုရင့်သားတော်ကလေး အာဠဝက အလှည့်ရောက်လာတဲ့အချိန် "အမိသော်လည်း သားတော်ခဲ"ဆိုသလို ဘုရင့်အမိန့်ကြောင့် မင်းချင်းယောကျ်ားတွေက မျက်ရည်စက်လက် ငိုကြွေးနေကြတဲ့ မယ်တော်နဲ့

www.burmeseclassic.com

မောင်းမမိဿံတွေကြားက မင်းသားငယ်ကလေးကိုယူပြီး နောက်တစ်နေ့နံနက် ဘီလူးကြီးထံ ဆက်သရမယ့်နေ့ပေါ့။

မြတ်ဗုဒ္ဓက ဒီအကြောင်းကို မြင်တော်မူလို့ တစ်နေ့သော လက်ွယ်နေ့ညနေ နေဝင်ချိန်မှာ သာဝတ္ထိပြည်က ယူဇနာ ၃၀ ခရီးကွာဝေးတဲ့ နတ်ဘီလူးကြီးရဲ့ဗိမာန်ကို ကြွတော်မူတယ်။ ဗိမာန်ကြီးကလည်း ခမ်းခမ်းနားနား။ တံတိုင်းမီးတားတွေနဲ့ သုံးယူဇနာမြင့်တယ်ဆိုပဲ။ ဒီအချိန်မှာ အာဠဝက ဘီလူးကြီးက ဟိမဝန္တာမှာ နတ်ဘီလူးညီလာခံတက်ရောက်နေလို့ မရှိဘူး။ တံခါးစောင့်နတ်ဘီလူးက ညီလာခံကို လိုက်သွားပြီး ဘုရားရှင်ရောက်နေကြောင်း သတင်းပို့တယ်။

မြတ်ဗုဒ္ဓဘုရားရှင်က ဗိမာန်ထဲဝင် မင်္ဂလာယူတဲ့ ရတနာပလ္လင်ပေါ်မှာ သီတင်းသုံးတော်မူပြီး ရွှေဝါရောင် ရောင်ခြည်တော်လွှတ်တော်မူလို့ ဘီလူးကြီးရဲ့ မောင်းမမိဿံ အခြွေအရံ ယက္ခမယ်တွေ ဝိုင်းအုံလာပြီး ရှိခိုးကြတယ်။ ဒီအခါ ဘုရားရှင်က ရှေးက ဒါန၊ သီလ ပြုခဲ့ကြလို့ ပူဇော်ထိုက်သူကို ပူဇော်ခဲ့ကြလို့ ယခုလိုနေရကြောင်း၊ ယခုဘဝမှာလည်း မမေ့ကြဖို့ တစ်ဦးနဲ့တစ်ဦး မနာလိုဝန်တိုမှု မထားကြဖို့ ဟောကြားတော့ အားလုံး သာဓုခေါ်ဆိုကြတယ်။ အာဠဝက ဘီလူးကြီးကလည်း သူ့ဗိမာန်ထဲ ဘုရားဝင်ရောက်နေကြောင်း သတင်းရတာနဲ့တစ်ပြိုင်နက် ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြီး အမောတကောရောက်လာတယ်။ "အာဠဝကတဲ့ဟေ့"ဆိုတဲ့ ကြိမ်းဝါးသံဟာ ဇမ္ဗူဒီပါတစ်ကျွန်းလုံးက ကြားကြရတယ်။ ဒေါသထွက်ပြီး ဖနောင့်နဲ့ဆောင့်လိုက်တာ ယူဇနာ ၆၀ ရှိတဲ့ ကေလာသတောင်ထွတ်ကြီး တဖွားဖွား ကွဲထွက်လွင့်စဉ်ပြီး ဟိမဝန္တာတောင်ကြီး သိမ့်သိမ့်တုန်လှုပ်သွားပါတယ်။

ဘီလူးကြီး သူ့ဗိမာန်လည်းရောက်ကရော မြတ်ဗုဒ္ဓဘုရားရှင်အနီးမှာ သူ့ရဲ့ မောင်းမမိဿံ အခြွေအရံတွေအားလုံး ဝိုင်းဝိုင်းလည်ခစားနေကြတာ မြင်ရတော့ ပိုပြီး ယမ်းပုံမီးကျဖြစ်သွားတယ်။ ဒီအချိန်မှာ စကြဝဠာတိုက်တစ်သောင်းက နတ်တွေလည်း "မြတ်ဗုဒ္ဓက အာဠဝက နတ်ဘီလူးကြမ်းကြီးကို ချွတ်လိမ့်မတဲ့"လို့ ကြားကြလို့ တရားနာဖို့ စုဝေးရောက်လာကြတယ်။ တိုက်ပွဲကြည့်ချင်လို့လာတဲ့ နတ်တွေလည်း အများကြီးပါ။ မြတ်ဗုဒ္ဓဘုရားရှင်ကတော့ ရတနာပလ္လင်ပေါ်မှာ ထိုင်နေတော်မူမြဲ ထိုင်နေတော်မူပါတယ်။

ဒီအချိန်မှာ အာဠဝကဟာ လက်နက်ကြီးကိုးမျိုးကို အသုံးပြုကာ တိုက်ပွဲစတင်လိုက်တယ်။ လက်နက်ကြီးကိုးမျိုးက လူ့ပြည်မှာ ဒီနေ့အထိ မပေါ်သေးပါဘူး။ ဘုရားဖြစ်တော်မူစက မာရ်နတ်ကြီးသုံးသွားခဲ့တဲ့ လက်နက်ကြီးကိုးမျိုးပါပဲ။ လေမုန်တိုင်းတွေတိုက်ချတယ်။ မိုးရေလှိုင်းတွေ၊ ကျောက်ခဲမိုး။ လက်နက် မိုး။ မီးကျီး။ ပြာပူ၊ သဲပူ၊ ရွှံ့ပူမိုးတွေ တစ်ခုပြီးတစ်ခု ရွာချတယ်။ ဘုရားရှင်မှာ ဘာမှမဖြစ်ပါ။ နောက်ဆုံးလက်နက်ဖြစ်တဲ့ အမိုက်မှောင်ကြီး ချလိုက်တယ်။ မြတ်ဗုဒ္ဓဘုရားရှင်က ရောင်ခြည်တော်ခြောက်သွယ် လွှတ်လိုက်တော့ အာဠဝကဘီလူးကြီးဟာ တစ်ကိုယ်လုံးရေချိုးထားသလို ချွေးဒီးဒီးကျကာ လက်မှိုင်ချသွားပါတယ်။

အာဠဝက နတ်ဘီလူးကြီးဟာ လက်နက်ကြီးကိုးမျိုးနဲ့ တိုက်ခိုက်လို့မရတော့ သူ့လက်အောက်မှာရှိကြတဲ့ တစ္ဆေ၊ သရဲ၊ မြေဖုတ်ပြိတ္တာတွေကို လက်နက်တပ်ဆင်ပြီး ခြေလျင်၊ ဆင်၊ မြင်း၊ ရထား၊ စစ်အင်္ဂါလေးပါးနဲ့ ဝိုင်းတိုက်ကြပြန်တယ်။ ဖုတ်ပြိတ္တာကြီးက ကြောက်လန့်ဖွယ်ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ "တိုက်ကြဟေ့…ဝိုင်းကြ ဖမ်းကြဟေ့"လို့ ဝိုင်းအုံကြွေးကြော်ပေမယ့် မြတ်ဗုဒ္ဓဘုရားရှင်အနီးအနားကို မသီရဲကြပါဘူး။ အလွန်တန်ခိုးဣဒ္ဓိပါဒ်ကြီးတဲ့ မာရ်နတ် နတ်ဘီလူးတွေက သူ့ဘော်ကောင်းတွေကို တိုက်ခိုက်ကြတဲ့အခါ သူတို့ကိုယ်တိုင်ထွက်ပြီး တိုက်သင့်တဲ့ရန်သူကို သူတို့ကိုယ်တိုင်တိုက်တယ်။ များသောအားဖြင့် သူတို့တပည့်လက်သားတွေကို တိုက်ခိုင်းတာများပါတယ်။

ရွှေပလ္လင်လုတုန်းက မာရ်နတ်စစ်တပ်ကြီးဟာ နေမဝင်ခင် ကစဉ့်ကလျား ပြေးသွားကြပေမယ့် အာဠဝကရဲ့ တိုက်ပွဲက သန်းခေါင်ယံအထိ တိုက်ခိုက်ကြလို့ ဒီတိုက်ပွဲက ပိုပြီးအချိန်ကြာတယ်။ မနိုင်တဲ့အခုံး သူ့ရဲ့နောက်ဆုံးလက်နက် "ဘွဲ့ဖြူ"ဆိုတဲ့ အဝတ်လက်နက်ကြီးနဲ့ ပွဲပြတ်ချေမှုန်းလိုက်တယ်။ အဲဒီလက်နက်က သမုဒ္ဒရာထဲပစ်ရင် သမုဒ္ဒရာရေတွေခန်းခြောက်ပြီး မြင်းမိုရ်တောင်ကြီးကိုတောင် ဖောက်ခွဲပစ်နိုင်တယ်။ ကောင်းကင်ကိုပစ်လိုက်ရင် ၁၂ နှစ် မိုးမရွာဘဲ မြေကြီးပေါ်ပစ်ခဲ့ရင် ပြောင်သလင်းခါပြီး ၁၂ နှစ်အတွင်း ဘာသစ်ပင်မှ မပေါက်နိုင်တော့ပါ။ ဒီကနေ့ခေတ် အနုမြူဗုံးလက်နက်တွေထက် အဆပေါင်းများစွာ အစွမ်းထက်သာ



www.burmeseclassic.com

www.burmeseclassic.com

လွန်ပါတယ်။

မြတ်ဗုဒ္ဓစာပေမှာ လက်နက်ကြီးလေးမျိုး ဖော်ပြထားတယ်။ (၁) သကြားမင်းရဲ့ ဝရဇိန်လက်နက်၊ (၂) ဝေဿဝဏ်နတ်မင်းကြီးရဲ့ သံတင်းပုဝါ၊ (၃) ယမမင်းရဲ့မျက်စောင်း။ (၄) အာဠာဝကဘီလူးကြီးရဲ့ ဘွဲ့ဖြူလက်နက်တွေပါပဲ။ ဒီလောက်အစွမ်းထက်တဲ့ လက်နက်ကြီးတွေကတောင် ထိုးဖောက်လို့မရတဲ့ မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ ဘုန်းကံပါရမီတော်တွေနဲ့ မေတ္တာလက်နက်ဟာ ပုထုဇဉ်လူသားတွေအတွက် စံပြနမူနာတွေ ဖြစ်ပါတယ်။

"ခြောင်း…တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် မေ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်၊ လရောင်ဝင်းလျက် ရှင်ရင်းပစ္စေကဗုဒ္ဓါစက်၊ ရဟန္တာစက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားကခြောင်း…ဒူရေ ဒူရေ သွားဟာ"ဆိုတဲ့ ငယ်ငယ်က ရွတ်ဆိုခဲ့ရတဲ့ စက်ကြီး ၁၃ ပါး ဘုရားရှိခိုးဂါထာကို သတိရမိပါတယ်။ မိဘ၊ ဆရာသမားတွေက ဒါရွတ်လို့ရှိရင် တစ္ဆေ မြေဖုတ်ပြိတ္တာ၊ သရဲမခြောက်လှန့်ရဲ မကပ်နိုင်ဘူးလို့ဆိုတယ်။ ကိုယ်တွေ့မို့ လက်ခံယုံကြည်မိပါတယ်။ လောကမှာ ရတနာသုံးပါးနဲ့ စပ်တာမစပ်တာ အပထား။ ယုံကြည်တဲ့စိတ်၊ သဒ္ဓါစိတ်ဆိုတဲ့ စိတ်တန်ခိုးတစ်ခုတည်းနဲ့ပဲ အကျိုးဖြစ်ထွန်းစေပါတယ်။

အာဠာဝကကြီးပစ်လိုက်တဲ့ နောက်ဆုံးပစ်လိုက်တဲ့ ဘွဲ့ဖြူပုဆိုးလက်နက်ကြီးဟာ မိုးကြိုးထစ်လိုက်သလို ကောင်းကင်တစ်ပြင်လုံး တုန်ခါမြည်ဟည်းပြီး ကြောက်စရာအသံကြီးဟိန်း ထွက်သွားတယ်။ မီးလုံးကြီးတွေ၊ မီးတောက်ကြီးတွေ ကမ္ဘာပျက်သလိုထင် ရတယ်။ သူ့ဘွဲ့ဖြူလက်နက်ဟာ နောက်ဆုံး ရတနာပလ္လင်ပေါ် စံနေတော်မူတဲ့ မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ ခြေတော်ရင်း ခွေခွေကလေး ကျရောက်လာပြီး ခြေသုတ်ပဝါ ဖြစ်သွားပါတယ်။

မြန်မာနိုင်ငံမှာ အင်္ဂလိပ်နဲ့ဂျပန် စစ်ဖြစ်ကြတုန်းက ဗုံးတွေကြဲချခဲ့ကြတယ်။ သေလိုက်ကြတာလည်း မနည်းပါ။ ဒီအချိန်မှာ မွှာစရိယဦးဌေးလှိုင်က သူ့ဆရာသမားတွေ သင်ပြပေးလို့ ဗုံးသေနတ် လက်နက်ကြီးတွေဘေးက လွတ်တဲ့ဂါထာတစ်ပုဒ်ကို ရွတ်ဆိုခဲ့ဖူးတယ်။ ဆရာတော်တွေလည်း ဒီဂါထာကို အများဆုံးရွတ်ဆိုခဲ့ကြတယ်။ ဂါထာရဲ့အမည်က ကျည်မထွက် လက်နက်တုံးဂါထာလို့ဆိုတယ်။ ဒီဂါထာတော်ကို မာန်လည်ဆရာတော်ဘုရားကြီးက ခရီးသွားတဲ့အခါ ရွတ်တော်မူမြဲဖြစ်လို့ ခရီးသွားဂါထာလို့လည်း ဆိုကြတယ်။ မူရင်းက သုဗောဓာလင်္ကာရကျမ်းက လာရှိပါတယ်။

### မီးမထွက် ကျည်လွဲဂါထာ

မာရာရိဗလ ဝိဿဋ္ဌာ (ဝိတ်သတ်ထာ)
ကုဏ္ဌာ နာနာ ဝိဓာယုဓာ။ (ကုန်ထာ)
လဒ္ဓ မာနည ဝေဒေသန၊ (လစ်ဓ မာနင်ည)
ဝိနယိဒ နတာ တဝ။

(အနက်အဓိပ္ပါယ်) ဇိန-မြတ်စွာဘုရား၊ မာရာရိဗလဝိဿဋ္ဌ-စကြဝဠာတံတိုင်းအထိ အတိုင်းမသိ များပြားလှသော အာဠာဝကမာရ်စစ်တပ်တို့သည် ပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာ အာယုဓာ - အမျိုးမျိုးသော လက်နက်တို့သည်၊ ကုဏ္ဌာ-သုံးလို့မရအောင် တုံးကြကုန်သည်ဖြစ်၍ လဒ္ဓမာနာ-ရှက်နိုးကြကုန်လျက်၊ အညဝေဒေသန - လက်နက်အသွင်မှ တစ်ပါး ပန်းပေါက်ပေါက် အသွင်အားဖြင့် တဝရှင်တော်မြတ်ဘုရား၏ ပါဒနတာခြေတော်ရင်းဝယ် ဝပ်စင်းရှိကျိုးသူ့ထက်ငါဝင်ထိုးလျက်ရှိခိုး ဦးတိုက်ကြကုန်လေပြီတကား။

အာဠာဝကရဲ့ ဘွဲ့ဖြူလက်နက်က ခြေသုတ်ပဝါဖြစ်သွားတော့ ဘီလူးကြီး မျက်လုံးပြူးသွားတယ်။ ချွေးဒီးဒီးကျ ဟင်းလုံးကြီးချပြီး မှိုင်တွေကျသွားကာ သူ့အစွမ်းလည်းကုန်သွားပါတယ်။ စဉ်းစားလိုက်တော့ အဖြေက ပေါ်လာတယ်။ ဘာကြောင့်လည်း။ ဒါကြောင့်ပဲ။ ရဟန်းကြီးဟာ မေတ္တာစိတ်နဲ့ ယှဉ်ပြီး မေတ္တာနှလုံးသွင်းနေတာကို။ သူဒီလို အမှန်အတိုင်း နားလည်သွားတယ်။ ဒီလောက်တောင်ရှိလှ မေတ္တာစိတ်နဲ့နေတဲ့ ရဟန်းကြီးဂေါတမကို ခွဲထုတ်မှပဲလို့ ချက်ချင်း အဖြေရကာ -

"ရဟန်းကြီး ငါ့ဗိမာန်ထဲက ခု ချက်ချင်းထွက်ပေး" အော်လိုက်တယ်။ သူ့ကြင်ယာ ယက္ခမယ်တွေ လက်အုပ်ချီနေတာကိုလည်း မျက်ထောင့်နီကြီးနဲ့ စေ့ကြည့်လိုက်တယ်။ ဒီတော့ မြတ်ဗုဒ္ဓက "မနေစေချင်လည်း ထွက်ပါ့မယ် ဒကာရယ်"ဆိုပြီး ဗိမာန်အပြင်ထွက်လိုက်တယ်။ "ပြန်ဝင်ခဲ့" လို့ အော်ငေါက်ပြီး အမိန့်ပေးပြန်တယ်။ "သင်က နေစေချင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဝင်ရတာပေါ့ဒကာ"ဆိုကာ ဝင်တော်မူတယ်။ အင်း ဒီလိုတော့ နားထောင်သားပဲဆိုပြီး မာန်နည်းနည်း ကျသွားတယ်။ ဒေါသလည်း ပြေလျော့သွားတယ်။ သုံးကြိမ်သုံးခါ ဝင်စေထွက်စေနိုင်းတယ်။ နိုင်းတဲ့အတိုင်း မြတ်ဗုဒ္ဓက လိုက်လျောကျင့်ဆောင်တော်မူပါတယ်။ ဘီလူးက သူ့ကိုကြောက်သွားတယ်လို့ ထင်ပါတယ်။

ဘုရားရှင်ဟာ သတ္တဝါတိုင်းရဲ့ မိဘကြီးဆိုတော့ သည်းခံပြီးလုပ်နေရှာတယ်။ ငိုတဲ့ကလေး မုန့်ပေးချော့သလို ဒေါသမာနတွေပြေအောင် ဒုက္ခခံ သည်းခံတော်မူတယ်။ ဘီလူးပြုံးပြုံးနေတဲ့ အာဠဝကကြီးက အကြံတစ်ခုထုတ်ပြီး စတုတ္ထအကြိမ် အထွက်နိုင်းတော့ မြတ်ဗုဒ္ဓက ပလ္လင်တော်ပေါ်မှာ ပေထိုင်နေတယ်။ အာဠဝကရဲ့ စိတ်အကြံကိုလည်း သိနေတော်မူပါတယ်။

"သူဟာ ယုတ်မာတဲ့အကြံနဲ့ တစ်ညလုံး ငါ့ကို ဝင်စေထွက်စေနိုင်းပြီး ခြေကုန်လက်ပန်းကျမှ ခြေနှစ်ချောင်းဆွဲကိုင်ပြီး ဂင်္ဂါမြစ်ထဲပစ်ချဖို့ စိတ်ကူးကြံစည်နေပါလား"ဒီတော့ ဘုရားရှင်က "သင် ကြိုက်တာလုပ်ပေတော့ ငါဘုရား မထွက်တော့ဘူး"လို့ မိန့်လိုက်တယ်။ ဘီလူးကြီး ခေတ္တစဉ်းစားပြီး ထိုးစစ်နည်းတစ်ခု စစ်ဗျူဟာပြောင်းလိုက်တယ်။

သူ့နည်းက ဟိုရှေးက တန်ခိုးအာဘိဉာဉ်ရတဲ့ ရသေ့တွေ ကောင်းကင်က ကြွကြတော့ သူ့ရဲ့ ဆန်းကြယ်လှတဲ့ ဗိမာန်ကြီးကို မြင်တယ်ဆိုရင် တအံ့တသြဆင်းပြီး ကြည့်ကြတယ်။ ဒီအခါ သူက ပုစ္ဆာရှစ်ချက် မေးစမ်းကြည့်ပြီး မဖြေနိုင်က ရူးသွပ်သွားအောင်၊ နှလုံးကွဲသေအောင် လုပ်လေ့ရှိတယ်။ တန်ခိုးနဲ့ဖန်ဆင်း ဗိုက်ထဲဝင်ပြီး နှလုံးသားကို ဆုပ်ခြေပစ်လေ့ရှိတယ်။ တစ်ခါတစ်ရံ ခြေနှစ်ချောင်းဆွဲပြီး မြစ်တစ်ဖက်ကမ်းရောက်အောင် ကိုင်ပေါက်ပစ်တယ်။

မြတ်ဗုဒ္ဓကိုလည်း သူက ဒီလိုလုပ်ဖို့ စိတ်ကူးတဲ့အကြောင်းပြောတော့ မြတ်ဗုဒ္ဓက "နတ်နဲ့အတူ သုံးလောကမှာ ငါ့ကို ဒီလိုပြုလုပ်နိုင်မယ့်လူ တစ်ဦးတလေမျှ မမြင်ကြောင်း။ ပုစ္ဆာပြဿနာမေးလိုက မေးမြန်းနိုင်ကြောင်း" မိန့်တော်မူပါတယ်။ အာဠဝကမှာ ခက်ခဲတဲ့ မေး ခွန်းရှစ်ခုရှိထားတယ်။ တစ်လောကလုံး ကြီးပွားချမ်းသာရေး မေးခွန်းတွေလို့ ဆိုရပေမယ့် သူ့အတွက်တော့ သူတော်ကောင်းတွေကို နှိပ်စက်ဖို့ လက်နက်ရထားသလိုဖြစ်နေပြီး မေးခွန်းတွေရထားပုံကလည်း အံ့ဩစရာကောင်း၊ ချီးမွမ်းစရာလည်း ကောင်းပါတယ်။

အာဠဝကကြီးရဲ့ မိဘတွေဟာ ကဿပဘုရားရှင်ကို ကြည်ညိုဆည်း ကပ်ကြတဲ့ နတ်ဘီလူးတွေလို့ ဆိုနိုင်တယ်။ မိဘတွေဟာ ကဿပဘုရား ဟောကြားတော်မူတဲ့ ပစ္စုပ္ပန်သံသရာကြီးပွားချမ်းသာရေး အမေးအဖြေရှစ်ချက်ကို နှုတ်ငုံဆောင်ထားကာ သားအာဠဝကကိုလည်း သင်ပြပေးထားရာ ကာလကြာတော့ အရေးကြီးတဲ့ အဖြေရှစ်ချက်ကို မေ့သွားတယ်။ အမေးရှစ်ချက်ပဲ မေ့ပျောက်သွားမှာစိုးလို့ ရွှေပြားမှာ ဟင်္သာပြဒါးနဲ့ရေးကာ သူ့ဗိမာန်ဦးမှာ ကပ်ထားတယ်။ အခု အာဠဝက အမေးပုစ္ဆာရှစ်ချက်နဲ့ ပြဿနာငါးချက်ပါ အပိုမေးလို့ မြတ်ဗုဒ္ဓက အကျယ်တဝင့် ဖြေကြားတော်မူပါတယ်။

"ချစ်သား အာဠဝက ပစ္စုပ္ပန်သံသရာ လောကီလောကုတ္တရာကြီးပွားရေးအတွက် ဒီထက်ကောင်းတဲ့တရားတွေရှိသေးတယ်လို့ထင်ရင် ထင်ရှားကျော်ကြားတဲ့ ဘုရားအမည်ခံ/မခံတဲ့ ရဟန်း၊ ပုဏ္ဏား၊ လူပညာရှိတွေကို စုံစမ်းမေးမြန်းလေတော့"ဒီအခါ အရိယာဖြစ်သွားတဲ့ အာဠဝကဘီလူးကြီး လျှောက်ထားပုံက -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘယ်သူ့ကိုမှ မေးစရာအကြောင်း မရှိတော့ပါ။ ပြီးပြည့်စုံပါပြီဘုရား"လို့ဆိုကာ လက်အုပ်ဖဲချီချီ ကိုယ်တည့်တည့်နဲ့ ဒီအာဠဝီပြည်သို့ ဝါဆိုဖို့ ယခုလို ကြွလာခြင်းဟာ တပည့်တော်ကို သက်သက်ချီးမြှောက်ဖို့ ကြွလာတော်မူခြင်းဖြစ်လို့ အရှင်ဘုရားဟာ ဒီလောကမှာ အမြတ်ဆုံး ဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်လို့ ဘုရားရှင်ကို ဆည်းကပ်လှူဒါန်းခြင်းဟာ အတိုင်းမသိ အကျိုးကြီးကြောင်း သိရှိပါပြီ။ စကြဝဠာတစ်လွှားသိရှိအောင် ဘပည့်တော် ကြွေးကြော်ပါတော့မယ်ဘုရား"လို့ဆိုပြီး ရှိခိုးကန်တော့ပါတော့တယ်။

မြင့်မြတ်သူ(ရတနာသိဒ်)



www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း

# အာဟာရပြည့် ဆေးဖက်ဝင် စားပင်သီးနှံများ

## ဆေးစွမ်းထက်သည့် ခံတက်ပင်

ခံတက်ဟုဆိုလိုက်သည်နှင့် အိမ်ရှင်မများအဖို့ နှုတ်လျှာမြိန်စေသည့် ချဉ်ပတ်ထည့်စားရသော အပင်၊ အရွက်မှန်း တန်းခနဲသိကြပါသည်။ ခံတက်ရွက်သည် ချဉ်ပတ်ပဲထည့်တို့တို့၊ သုပ်၍ပဲစားစား လွန်စွာမှအရသာရှိလှပါတိသည်။

ခံတက်သည် ရွက်ကြွေပင်လတ် အမျိုးအစားဖြစ်ပြီး အမြင့်ပင် အမျိုးအစားဖြစ်၏။ အကိုင်းအညွန့်များပေါ်တွင် အဖြူစင်းများရှိ၍ ပင်စည်အခေါက်မှာ မီးခိုးရောင်ဖြစ်ပေသည်။ အတွင်းသားမှာ မှာဆတ်ပြီး အဝါရောင်ရှိ၏။ ရင့်သောအခါ အညိုရောင်သို့ ပြောင်းလေ့ရှိ၏။ အရွက်သည် သုံးရွက်မြွှာပေါင်းဖြစ်၍ ရွက်လွှဲထွက်သည်။ ရွက်ညှာရှည်၍ ရွက်ပြား၏။ ရွက်ထိပ်ချွန်၍ ရွက်ရင်းသွယ်၏။ ရွက်နုဝးညီပြီး ရွက်ပြားမှာ ချော၏။

ခံတက်ပွင့်သည် အချင်း ၂ လက်မမှ ၃ လက်မထိ ရှိဘတ်၏။ အပွင့်မှာ ကြီးမားပြီး အဝါနုရောင်ရှိ၏။ အသီးမှာ အဝါရောင်ရှိ၏။ အချင်း ၁ လက်မမှ ၂ လက်မအထိရှိ၍ ဘဲဥပုံသဏ္ဍာန်ဝိုင်း၏။ အသားထူ၏။ မာ၍ကြမ်းတမ်း၏။ အစေ့များစွာပါရှိ၏။ ခံတက်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းတွင် အများဆုံးတွေ့ရ၏။ အမြင့်ပေ ၃၅၀၀ အထိ ပေါက်ရောက်နိုင်စွမ်းရှိ၏။ ခံတက်ရွက်၏အရသာမှာ ခါးသက်သက်ရှိ၏။ ဂုဏ်သတ္တိအားဖြင့် ပူ၏။ ဝိပါက်၌ စပ်၏။ ဝမ်းမီးကိုတောက်စေ၏။ အနည်းငယ် ဝမ်းသက်စေ၏။ စွမ်းရည်အားဖြင့် သည်းခြေကိုပြုတတ်၏။ လေသလိပ်တို့ကို ငြိမ်းစေ၏။ ဆီးအောင့်ခြင်း၊ ကျောက်တည်ခြင်း၊ ဂူလုံး၊ ပါဒရက်ဖြစ်ခြင်း၊ ပိုးရောဂါ၊ သွေးဖောက်ပြန်ခြင်းတို့ကို သက်သာပျောက်ကင်းစေ၏။

### ၁။ အပြင်းဖျား၍ မူးဝေခဲ့လျှင်

ခံတက်မြစ်ကိုကြိတ်၍ ခေါင်း၌အုံပေးပါက အုံသော နေရာ၌ ပူ၍ အခိုးများ ထွက်လာပါလိမ့်မည်။ များမကြာမီ အုံထားသောအဖတ်များကိုခွာ၍ ရေအေးနှင့် ဆေးကြောပါ။ ထို့နောက် ဆီလိမ်းပေးပါက အပြင်းဖျား၍ မူးဝေသောရောဂါ များ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂။ ဆီးကျောက်တည်လျှင်၊ ဆီးအိမ်ရောင်လျှင်

ခံတက်ခေါက်ကိုပြုတ်၍ ၎င်းပြုတ်ရည်ထဲသို့ ကြံ... ကာအနည်းငယ်ရော၍ သောက်ပေးပါ။ ဆီးကျောက်တည် ခြင်း၊ ဆီးအိမ်ရောင်ခြင်းများ သက်သာပျောက်ကင်းသွား ပါလိမ့်မည်။

### ၃။ ဆီးချိုရောဂါ ခံစားနေရလျှင်

ခံတက်မြစ်ခေါက်ကို လေးခွက်တစ်ခွက်တင်က...





www.burmeseclassic.com

www.burmeseclassic.com

သောက်ပေးပါက ဆီးချိုရောဂါဝေဒနာ သက်သာသွားပါလိမ့်မည်။

**၄။ သက်ထံနာနှင့် အနာပေါက်ဝေဒနာ ခံစားနေရလျှင်**

ခံတက်ခေါက်ကို ပရုန္ဓပိမြစ်နှင့် သွေး၍သောက်ပေးပါက သက်တံနာဖြစ်ခြင်း။ အနာပေါက်ခြင်းဝေဒနာများ သက်သာပျောက်ကင်းပါလိမ့်မည်။

**၅။ အပူဝမ်းတွေလျှောနေလျှင်၊ ချွေးငုပ်၊ မိတ်ငုပ်၊ တာတ်ငုပ်နေလျှင်**

အဆိုပါ ရောဂါဝေဒနာများမှာ နွေဥတုတွင် ဖြစ်ပွားလေ့ရှိကြပါသည်။ ထိုသို့ဖြစ်ပွားပါက ခံတက်ရွက်ကိုပြုတ်၍ ထိုပြုတ်ရည်ကို သောက်ပေးပါက အပူဝမ်းလျှောခြင်းများ။ ချွေးငုပ်ခြင်း၊ မိတ်ငုပ်ခြင်း၊ တာတ်ငုပ်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၆။ ဝက်သက်၊ ရေကျောက်၊ ပဲသီတာများပေါက်လျှင်**

အဆိုပါ ရောဂါဝေဒနာဆိုသည်မှာ ကလေးများ၌ ဖြစ်ပွားလေ့ရှိပါသည်၊ သို့ဖြစ်၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် ခံတက်ရွက်ကို သကြား၊ ထန်းလျက်၊ ပျားရည် စသည်တို့မှ သင့်သလို တစ်မျိုးမျိုးနှင့်တွဲဖက်ကာ သောက်သုံးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

**၇။ ဆီးချိုဝေဒနာ၊ သွေးတိုးလေငန်းရောဂါဖြစ်လျှင်၊ ရုပ်ခန္ဓာလေးလံထိုင်းမှိုင်းလျှင် သွေးကြောလေကြောများ ကျဉ်းလျှင်၊ အကြောတက်လျှင်၊ ထုံကျဉ်ကိုက်ခဲလျှင်**

ခံတက်ရွက်ကို သုပ်စားခြင်း၊ ပြုတ်၍သောက်ခြင်းများ ပြုလုပ်ပေးပါ။ ဆီးချိုဝေဒနာဖြစ်ခြင်း၊ သွေးတိုးလေငန်းရောဂါဖြစ်ခြင်း၊ ရုပ်ခန္ဓာလေးလံထိုင်းမှိုင်းခြင်း၊ သွေးကြောလေကြောများကျဉ်းခြင်း၊ အကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၈။ ကိုက်နေခဲနေလျှင်**

ခံတက်ရွက်ကိုကြိတ်၍ ရေနှင့်ဖျော်ပြီး ဓိမြင့်နွေးအောင်ပြုလုပ်ပါ။ ပြီးလျှင် ကိုက်ခဲနာကျင်နေသော နေရာများပေါ် လိမ်းကျံပေးလိုက်ပါ။ ကိုက်ခဲနာကျင်မှုဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၉။ အဆစ်တွေ ရောင်ရမ်းနေလျှင်**

ခံတက်ရွက်ကြိတ်ရည်နှင့် ကွမ်းရွက်ကြိတ်ရည်တို့ကို ဆတူရောစပ်ကာ ထောပတ်သင့်ရုံထည့်၍ သောက်ပါက အဆစ်များရောင်ရမ်းနေသည်တို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၀။ လေထိုးလေအောင့်ဝေဒနာ ခံစားနေရလျှင်**

ခံတက်ချဉ်ဖတ်ကို တို့မြုပ်စားသောက်ခြင်း၊ အဆာပလာများနှင့်သုပ်စားခြင်းတို့ဖြင့် လေထိုးလေအောင့်ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၁။ စက်တန့်နာဖြစ်လျှင်**

သဘော်အဖိုမြစ်၊ ဒန့်သလွန်မြစ်၊ ခံတက်ခေါက် ၂ ကျပ်သားစီတို့နှင့် သက်ငယ်တံစက်မြိတ်အဖျား ၁ ကျပ်သားကို ရောထားပြီး အနာပေါ်တွင် အုံပေးပါက စက်တန့်နာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၂။ မျက်နှာပြင်၌ အဖြူကွက်များ ဖြစ်ပေါ်နေလျှင်**

ခံတက် နှစ်တက်ကို ဆိတ်နို့နှင့်သွေး၍ လိမ်းပေးပါက မျက်နှာပြင်ရှိ အဖြူကွက်များ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၃။ ရတ်တရက် ဆီးမသွားနိုင်ဖြစ်လျှင်**

ချဉ်ဖတ်ထည့်ရောင်းသည့် ကုန်းခံတက်ရွက် သုံးရွက်ကို ရေသင့်ရုံထည့်ပြီး နှစ်ခွက်တစ်ခွက်တင်ကျိုကာ နေ့စဉ်သောက်ပေးပါ။ ထို့အပြင် အမြစ်နှင့် အခေါက်ကို ကျောက်ပျဉ်သန့်သန့်နှင့် သွေး၍ ရလာသောအနှစ် မပျစ်မကြဲကို ကြေးဇွန်းကြီးတစ်ဇွန်းကျ နေ့စဉ်သောက်ပေးပါက ဆီးသွားရ အခက်ပြေသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

၁၄။ ကျော...တည်ဝေဒနာ ခံစားနေရလျှင်

ခံတက်ခေါက်ကို ရေနှင့် လေးပုံတစ်ပုံကျန်အောင် ကျိုပြီး နေ့စဉ်သောက်ပေးပါက ကျောက်တည်ခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

□

## ဆေးစွမ်းထက်သည့် ကိုယ်ရံကြီးပင်

ကိုယ်ရံကြီးပင်သည် ခတ္တာမျိုးရင်း၌ ပါဝင်၏။ မြန်မာ့နန်းတွင်း၌ အဆိပ်ဖြေရာတွင် လျှာပွတ်ဆေးအဖြစ် အသုံးပြုကြ၏။ ကိုယ်ရံကြီး၊ ကိုယ်ရံငယ်ဟု နှစ်မျိုးရှိရာတွင် ကိုယ်ရံကြီးကိုသာ မြန်မာသမားတော်တို့ ဆေးဝါးအဖြစ် အသုံးပြုကြသည်။ ဂမုန်းအမျိုးအစားတွင် ကိုယ်ရံကြီးကို ထည့်သွင်းခေါ်ဝေါ်ကြသည်။ အထူးသဖြင့် ကိုယ်ရံငယ် (ကိုယ်ရံကလေး)ပင်ကို အရွက်ကွင်းထိုး၍ စက်ဝိုင်းကဲ့သို့ တည်ရှိတတ်သောကြောင့် ဂမုန်းကွင်းဆိုးပင်ဟု ခေါ်ဝေါ်ကြ၏။

ရှေးမြန်မာများသည် အိမ်ဆောက်ရာ၌ မြေကြမ်းသည်ဟုယူဆလျှင် ကာကွယ်နိုင်ရန် ၎င်းအပင်ကို အိမ်ရှေ့ထောင့်တစ်ထောင့်၌ စိုက်ပျိုးလေ့ရှိကြ၏။ နွားတင်းကုပ်၊ မြင်းတင်းကုပ်များတွင် ခြင်ကာကွယ်နိုင်ရန် ၎င်းအရွက်ကို မီးရှို့လေ့ရှိကြ၏။ အပင်လိုက်လည်း ဆွဲထားတတ်ကြ၏။ ရှေးမြန်မာ ဗိန္ဒောဆရာကြီးများက အသက်ကယ်တင်ရှင် အဆိပ်ဖြေဆေးပင်အဖြစ် အသုံးပြုကြသော်လည်း ဆေးကျမ်းများအား အလေ့အလာနည်းသူတို့မှာမူ သာမန်အလှအပနှင့် ယတြာအသုံးချခြင်းအတွက်သာ စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကိုယ်ရံကြီးပင်၏ အရွက်များမှာ မြေမှကပ်၍ ထွက်လေ့ရှိကြသည်။ ပင်စည်မရှိပေ။ အရွက်အားဖြင့် နှစ်တောင်၊ သုံးတောင်ခန့်အထိ ရှိတတ်၏။ အကျယ်အားဖြင့် တစ်မိုက်ခန့်ရှိသည်။ အရွက်မှာ နူးညံ့ပြီး မြေမှ စထွက်လေ့ရှိသည်။ ရွက်နားညီ၍ ရွက်ထိပ်ချွန်သည်။ လိုင်းတွန့်အနည်းငယ်ရှိသည်။ အသားထူသည်။ စိမ်းစိုသော အရောင်ပေါ်တွင် အဝါရောင်အစင်းငယ်များ ရောထွေးနေသည်။ အရွက်မှာ ထောင်မတ်နေတတ်သည်။

ကိုယ်ရံကြီးပင်၏အပွင့်သည် အဖြူရောင်ရှိပြီး အနံ့မှာ မွှေးကြိုင်ကာ မိုးရာသီတွင် ပွင့်လေ့ရှိသည်။ အသီးသည် အနည်းငယ်လုံးဝိုင်းပြီး အသီး၌ အစေ့တစ်စေ့သာပါ၏။ ဥတက်မှာ အလွန်ကြီး၍ အဖြူရောင်ရှိသည်။ မြန်မာနိုင်ငံအပူပိုင်းဒေသတွင်ပေါက်ရောက်သည်။ အရိုင်းပင်နှင့် စိုက်ပျိုးပင်အဖြစ် နှစ်မျိုးစလုံးကို တွေ့ရှိရသည်။ ကိုယ်ရံကြီးပင်နှင့် ပတ်သက်၍ ဥနှင့် အရွက်တို့သည် အသုံးပြုသည့် အစိတ်အပိုင်းများဖြစ်ကြကာ အရသာအားဖြင့် ခါးစပ်စပ်၊ စပ်ဖျင်းဖျင်း စူးရှရှရှိ၏။ ဂုဏ်သတ္တိအနေဖြင့် ကြေညက်လွယ်၏။ အဆိပ်ကို ပယ်တတ်၏။ လေသလိပ်သည်းခြေကိုနိုင်၏။ ရေဖျဉ်းရောဂါ၊ သရက်ရွက်ရောင်ရောဂါတို့ကို ပယ်သတ်နိုင်၏။ အနာပေါက်ရောဂါများကို နှိမ်နင်းနိုင်၏။ ပင့်ကူ၊ မြွေဆိပ်တို့ကိုနိုင်၏။

၁။ အဆိပ်သင့်လျှင်

ကိုယ်ရံကြီးပင်မှဥကို လျှာတွင်ပွတ်ပေးပါက အဆိပ်များပြေသွားပါလိမ့်မည်။

၂။ အနာမီး၊ အနာလျှံများဖြစ်လျှင်

ကိုယ်ရံကြီးပင်၏ ဥကိုသွေး လိမ်းပေးပါက အနာမီး အနာလျှံများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ (သတိပြုရန်မှာ သွေးလိမ်းပါက ယားယံတတ်ပါသည်။)

၃။ ခါးနာခြင်း၊ ဒူးရောင်ခြင်းဖြစ်လျှင်

ကိုယ်ရံကြီးပင် အရွက်ကို နွမ်းအောင်မီးကင်၍ အ
ဓာတ်မကုန်ခင် နာသောနေရာနှင့် ရောင်သောနေရာမျာ
တစ်နာရီခန့် စည်းနှောင်ပေးပါ။ ခါးနာခြင်း၊ ဒူးရောင်ခြင်းမျာ
သက်သာပျောက် ကင်းသွားပါလိမ့်မည်။

၄။ ဖောနေ၊ ရောင်နေလျှင်

ကိုယ်ရံကြီးအရွက်ကိုပြုတ်၍ ရေချိုးခြင်း၊ အ
ပျစ်ပျစ်သွေး၍ လိမ်းကျံခြင်းများ ပြုလုပ်ပေးပါက အ
အရောင်ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မ

၅။ ခါးတွေနာနေလျှင်

ကိုယ်ရံကြီးရွက်ကို မီးကင်၍ ခါး၌စည်းထား

www.burmeseclassic.com

www.burmeseclassic.com

ခါးနာဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

□

## ဆေးစွမ်းထက်သည့် နွယ်ချို

နွယ်ချိုသည် ရှေးမွန်-ဗမာ ပုဂံခေတ်ကပင် မြန်မာတိုင်းရင်းဆေးပညာရှင်များ သုံးစွဲခဲ့ကြသည့် ဆေးတစ်မယ်ဖြစ်ပေသည်။

နွယ်ချိုတွင် ချုံမျိုး နွယ်မျိုးဟူ၍ ရှိ၏။ ချုံမျိုးသည် အမြင့် ၃ ပေမှ ၆ ပေအထိမြင့်၏။ အမြစ်သည် လွန်စွာရှည်လျား၍ မြေတွင်းသို့ နက်ရှိုင်းစွာဝင်သွား၏။ နွယ်ချိုသည် စွတ်စိုသော တောင်ပေါ်ဒေသတွင် ပေါက်ရောက်လေ့ရှိသည်။ ထို့ပြင် ရေတွင်ပေါက်သော နွယ်တစ်မျိုးလည်း ရှိသေးကြောင်း လေ့လာမှတ်သားရပေသည်။

နွယ်ချို၏ အရွက်မှာ အရင်းအဖျား ချွန်သွယ်၏။ အလျား နှစ်လက်မမှ သုံးလက်မထိရှိပြီး အနံမှာ တစ်လက်မခွဲမှ နှစ်လက်မထိရှိပေသည်။ ပုံသဏ္ဌာန်အားဖြင့် လိပ်ဆူးရွက်နှင့် တူပေသည်။ အရွယ်အစား ရှည်လျားပြီး ပူသောရာသီတွင် အပင်ခြောက်သွေ့၍ မိုးဦးကျရောက်လျှင် စိမ်းလန်းလာလေ့ရှိသည်။

နွယ်ချိုပင်၏ အမြစ်၌ အပေါ်ခွံအရောင်သည် အဝါရောင်သမ်းလျက် ပြာနှမ်းနှမ်းရှိ၏။ အတွင်းသားမှာ ဝါဖန့်ဖန့်ရှိလေသည်။ အမြစ်သည် အဓိကအသုံးပြုသော အစိတ်အပိုင်းဖြစ်၏။ အရသာမှာ အေး၏။ ချို၏။ ခါး၏။ ဂုဏ်သတ္တိအားဖြင့် အပူကိုငြိမ်းစေခြင်း၊ လေသလိပ်ကိုနိုင်ခြင်း၊ နူးညံ့စွာဝမ်းသက် စေခြင်း၊ ရေငတ်ပြေခြင်း၊ အဆိပ်ပြေစေခြင်း၊ ဆီးရွှင်ခြင်း၊ ချောင်းဆိုးပျောက်ခြင်း၊ အစာအိမ်ကို အကျိုးပြုခြင်း၊ ခွန်အားဖြစ်စေခြင်း၊ ဆံပင်ကို ကောင်းစေခြင်း စသည့် ဂုဏ်သတ္တိထူးများ ရှိကြပေသည်။ နွယ်ချို၏ ပင်ကိုအရသာသည် ချို၍ မှူတ၏။ မုတ်ခါးကဲ့သို့ ပျိုအန်ဆေး၊ ကွီနိုင်ကဲ့သို့ ခါးသည့်ဆေးပင်များနှင့် နွယ်ချိုကို ရောပေးလေ့ရှိသည်။

၁။ ခံတွင်း၌ အပူဖုများထွက်လျှင်၊ အပူကျိတ်များထွက်လျှင်

နွယ်ချိုကိုငုံ၍ အရည်ကိုစုပ်ပေးပါက ခံတွင်းရှိ အပူလွန်ကဲ၍ဖြစ်သော အပူဖုများ၊ အကျိတ်များ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂။ နလုံးရောဂါဝေဒနာ ခံစားနေရလျှင်

နွယ်ချိုနှင့် ဆောင်းမေခါးကို ဆတူရော၍ အမှုန့်ပြုပြီး ရေနွေးဖြင့်သောက်ပေးပါက နလုံးရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၃။ ဝက်ရူးနာ ခံစားနေရလျှင်

ဘူးသီးနှင့် နွယ်ချိုကို ရောစပ်စားသုံးပေးပါက ဝက်ရူးနာရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့် မည်။

### ၄။ ကြို့တွေ့ အဆက်မပြတ်ထိုးနေလျှင်

နွယ်ချိုမှုန့်ကို ပျားရည်နှင့်ရော၍ သောက်ပေးပါက ကြို့တွေ့ အဆက်မပြတ်ထိုးနေခြင်းများ ရပ်တန့်ကာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၅။ အသံတိမ်၊ အသံဝင်၊ အသံပျက်လျှင်

ကြက်သွန်ဖြူကို နွယ်ချိုနှင့် အတူရောမျို၍ချပါ။ အသံတိမ်ခြင်း၊ အသံဝင်ခြင်း၊ အသံပျက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၆။ ချောင်းခြောက်တွေ့ ဆိုးနေလျှင်

နွယ်ချို၊ မန်ကျည်းသီးမှည့်၊ သိန္ဓောအမှုန့်တို့ကို အမျှစီကြိတ်၍ စားသုံးပေးပါက ချောင်းခြောက်ဆိုးခြင်းဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

နောက်တစ်နည်း

နွယ်ချို၊ သံပရာမြစ်တို့ကို ဆတူထောင်းပြီး တိုက်ကျွေးပေးကလည်း သက်သာပျောက်ကင်းပါသည်။

● သုတေသီဆရာငြိမ်း
(09-250174878)



www.burmeseclassic.com

www.burmeseclassic.com



# မပျက်သော အစဉ်အလာ


သောင်းဘုရက်(ပန်းတော်ကျွန်း)

ခေတ်နှင့်အပြိုင် သိပ္ပံတိုးတက်မှု နည်းပညာများဖြင့် တီထွင်ထားသည့် လူ့အသုံးအဆောင်ပစ္စည်းကိရိယာများ ပေါကြွယ်ဝသော ယနေ့အချိန်ကာလအတွင်း ခေတ်သစ်လူနေမှုဆက်ဆံရေး အပြောင်းအလဲနှင့် လိုက်လျောညီထွေ အသုံးပြုကြသောအရာများ အမြောက်အမြားရှိပါသည်။ ထိုအရာများမှ ခေတ် အဆက်ဆက် "မပျက်သောအစဉ်အလာ"အဖြစ် အသုံးချနေရသည့်အရာ၊ မပြောင်းမလဲ တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းလာကြသည့် ကာလရှည်ကြာ အသုံးချလာကြသော အရာတစ်မျိုးမှာ ကြည့်မှန်ကြေးမုံပင် ဖြစ်ပါသည်။ မှန်ကြည့်သော အစဉ်အလာသည် ယခင်၊ ယခု၊ နောင်ဟူသော ကာလသုံးပါးတွင် ကျင့်သုံးမည့်လုပ်ရပ်ဖြစ်သည်ဟု ယူဆမိ၍ သမိုင်းအစဉ်အလာတစ်ခုဟူ၍ပင် ဆိုလိုချင်ပါသည်။ လူတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာ ကြည့်မှန်ပေါ်စအချိန်ကပင် မှန်ကြည့်ခြင်းကို မပျက်သောအစဉ်အလာတစ်ရပ်အနေဖြင့် ပြုလုပ်ကျင့်ဆောင် ထိန်းသိမ်းလာခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်ပေသည်။ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း နှစ်ကာလဘယ်လောက်ကြာကြာ မှန်ကြည့်ခြင်းအစဉ်အလာမှာ မရိုးသောအစဉ်အလာ၊ မပျက်မသုဉ်းတည်တံ့ခြင်း ရှိနေမည်ပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြည့်ခြင်းအစဉ်အလာ မပျက်စေရေးအတွက် လူတို့သည် မရှိမဖြစ်သော မှန်ကြေးမုံကို အဓိကလိုအပ်သော ပရိဘောဂအဖြစ် အိမ်တိုင်းတွင် ဆောင်ထားကြပါသည်။ ရှေး ခေတ်အဆက်ဆက်ကပင် အရွယ်မရွေး၊ ကျားမ မဟူ လူ့တန်းစားအသီးသီးတို့သည် မှန်ကြည့်ခြင်းအစဉ်အလာ ထိန်းသိမ်းလာကြ၍ စွဲစွဲမြဲမြဲပြုလုပ်ခဲ့ကြပါသည်။ အရာရာ ပြည့်စုံကြွယ်ဝသော လူတန်းစားများလည်း ရွှေကိုမလို၊ ငွေကို မလို၊ မှန်လိုပါသည်။ ရွှေမရှိ၊ ငွေမရှိသူတို့တွင် မှန်ရှိသည်။ ရွှေမသိ၊ ငွေမသိသောအရွယ်လည်း မှန်ကိုသိပါသည်။ ကုန် ကုန်ပြောရလျှင် ဆန်မရှိ၊ ဆီမရှိသူတို့ပင် မှန်ကြည့်ပါသည်။ အရိပ်တကြည့်ကြည့် အမြဲကြည့်လိုမြင်လိုခြင်းကို မှန်နှင့် တင်စားပြောဆိုလေ့ရှိကြပြီး "အကျည်းတန် မှန်ကြိုက်" ဟူသော ဆိုရိုးစကားပင် ရှိပေသေးသည်။ မှန်ကြည့်ခြင်းသည် ထူးကဲသော အစဉ်အလာတစ်ရပ်ဖြစ်သဖြင့် တာရှည်စွဲမြဲစွာ ပြုလုပ်ကြခြင်းဖြစ်ပေသည်။

မှန်ကြည့်ခြင်း အစဉ်အလာကြောင့် အကျည်းတန် မှန်ကြိုက်ဟူသော ဆိုစကား ဥပမာဖြစ်ရသည်ဟု ထင်မိပါ သည်။ မှန်ကြည့်ခြင်းသည် မိမိမျက်နှာ၊ ကိုယ်ဟန်သွင်ပြင်၌ ချွတ်ယွင်းချက်၊ အကျည်းတန် အမြင်ဆိုးချက်ကို မြင်သိလို ၍ ပြုလုပ်ခြင်းဖြစ်ပါသည်။ သို့မှသာ ချွတ်ယွင်းချက်ကို လှပ ပြေပြစ်အောင် ပြုပြင်ဖန်တီးနိုင်မည်။ ပြုပြင်ခြယ်သပြု လုပ် တတ်သည့် စွမ်းရည်ရှိလျှင် ရှိသလို ရုပ်ရည်သွင်ပြင်ကို လှပ ပြေပြစ် ရှုချင်စဖွယ် ဖြစ်နိုင်ပေသည်။ အကျည်းတန် အရုပ် ဆိုးသူများသည် မှန်ကြည့်ခြင်းကို တစ်ပါးသူများထက်ပိုမိုကာ စွဲစွဲမြဲမြဲ ကြိမ် ဖန်များစွာပြုလုပ်ကြပြီး အလှပျက်စေသည့် အကြောင်းရင်းကိုရှာဖွေကာ ပြုပြင်ခြယ်သပြုလုပ်ပြီး လှပ နိုင်အောင် ကြိုးပမ်းအားထုတ်ကြပါသည်။ ထို့ကြောင့်ပင် အကျည်းတန်မှန်ကြိုက် ဖြစ်လာရသည်ဟု တွေးဆမိပါသည်။

မှန်ကြည့်ခြင်းအစဉ်အလာ မပျက်ရခြင်းအကြောင်း ကို စိတ်စေစားရာ တွေးနေစဉ်တွင် မိမိငယ်စဉ်က ယုံကြည် စွဲလမ်းကြောက်ရွံ့မိသော မှန်ကြည့်ခြင်း အကြောင်းကို သတိ တရဖြစ်မိပါသည်။ အကျည်းတန်မှန်ကြိုက်ဟူသော ဥပမာ စကားကို ကြားဖူးစအချိန်၌ မိမိမှာ မတွေးခေါ်တတ်သော ကလေးအရွယ်ဖြစ်ပါသည်။ သိလိုစိတ်ဖြင့် လူကြီးများအား မေးမြန်းရာ အရုပ်ဆိုးအကျည်းတန်သူမှာ လှပချင်လွန်း၍ မှန်ကို အမြဲကြည့်ကာ ပြုပြင်ခြယ်သ အလုပ်ရှုပ်နေရသည်။ အရုပ်ဆိုးသူဟာ မှန်ကို အကြိမ်ကြိမ်ကြည့်နေရသည်။ လှပ သူမှာ ကြည့်ချိန်နည်းသည်။ မှန်များများကြည့်သူသည် အရုပ် ဆိုးသူဖြစ်သည်ဟု အပြောခံရတတ်သည်ဟူ၍ ပြောပြကြပါ သည်။ ထိုအခါ မိမိမှာ မှန်ကို သေသေချာချာမကြည့်ရဲ ဖြစ်ခဲ့ရပါသည်။ အဘယ်ကြောင့်ဟူကား မှန်ကို အချိန်ကြာ ကြာ အကြိမ်များများကြည့်ပါက မိမိအား အခြားလူများက အရုပ်ဆိုးသူဟု ပြောကြမည်ကို စိုးရွံ့ကြောက်လန့်သော စွဲလမ်းမှုကြောင့်ဟု ထင်မိပါသည်။ ထို့ကြောင့် မိမိမှာ မှန် ကြောက်သူအဖြစ်နှင့် လှပပြေပြစ်အောင် မပြုပြင်တတ် မခြယ်သတတ်သူ ဖြစ်လာသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ နောင်ကြီးပြင်းလာသောအခါ လူကြီးများက မှန်ရှေ့တွင် အချိန် ဖြုန်း၍ အလှအပကို လွန်ကဲစွာ ပြုပြင်ခြယ်သလိုစိတ် အလေ့ အထမဖြစ်ရလေအောင် လှည့်စားကာပြောကြခြင်းလည်း ဖြစ် နိုင်သည်ဟု ထင်မိပါသည်။ မိမိမှာ မှန်ကြည့်တိုင်း အရုပ် ဆိုးသူဟု အပြောခံရမည်ကို စိုးကြောက်လျက် အချိန်ကြာ ကြာမကြည့်ရဲသည့်အကျင့် စွဲမြဲမိသဖြင့် ရုပ်အဆင်းကို လှပ ပြေပြစ်အောင် မပြုပြင်၊ မခြယ်သတတ်သော်လည်း တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သူတို့၏အလုပ်အပကို ကြည့်မြင်တတ်ကာ သာယာကြည်နူးလျက် အာရုံခံစားတတ်ပါသည်။ သင့်တင်လျောက်ပတ် လုပပြေပြစ်သူများကို ကြည့်မြင်ခံစားတတ်သော၊ ချွတ်ယွင်းချက်ကို မြင်တတ်သော အသိရှိသည်ဟု ထင်မိပါသည်။ ထို့ကြောင့် မိမိမှာ အလုပ်အပအဖို့ရာ အတတ်ပညာမရှိသော်လည်း အသိပညာအနည်းငယ်ခန့် ရှိနေသူဟု ယူဆကာ ကျေနပ်နေမိပါသည်။

မှန်ကြည့်ခြင်းဖြင့် ကိုယ်လက်မျက်နှာ ခန္ဓာအင်္ဂါများရှိ အပြစ်အနာအဆာများကို ထင်ရှားမြင်သာရှိပါသည်။ ထို့ကြောင့် အပြစ်အနာအဆာ ချွတ်ယွင်းချက်များကို လိုသလိုပြုပြင်နိုင်ပါသည်။ ပျို့မျစ်နုနယ်အရွယ်များလည်း မှန်ကြည့်ခြင်းဖြင့် ချွတ်ယွင်းချက်ကို အတတ်နိုင်ဆုံး ပြုပြင်ခြယ်သပြုလုပ်ကြပါသည်။ မိမိကိုယ်တိုင် အလှအာရုံခံစား မော်ကြွားနိုင်ရန် တစ်ပါးသူ အများလူတို့အမြင်အာရုံ၌ ကြည်ရွှင်သာယာအေးမြမှုကို ခံစားနိုင်စေရန် စေတနာထား ကြိုးစားဆောင်ရွက်ကြပါသည်။ အရွယ်အိုသူများလည်း မိမိတို့၏ဆံဖြူသွားကျိုး၊ လျော့ရွဲပျော့ဖတ် ရွတ်တွကျဆင်းနေသော ဇရာပုံရိပ်ကို ကြည့်မြင်နိုင်ရန် မှန်ကြည့်ခြင်းကို ပြုလုပ်ကြပါသည်။ သို့မှသာ အရွယ်အိုကို နုနိုင်သမျှ ပြုပြင်ခြယ်သလိုပါက ပြုလုပ်နိုင်ပါသည်။ ဇရာ၏ တရားသဘောကို ရှုမြင်လိုပါကလည်း တရားအသိဖြင့် ရှုမှတ်ကြည့်နိုင်ပါသည်။ ဤသို့ဖြင့် မှန်ကြေးမုံကို ကြည့်ခြင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် "မပျက်သောအစဉ်အလာ"တစ်ရပ်အနေဖြင့် ထိန်းသိမ်းလာခဲ့ကြပါသည်။ ထို့ကြောင့် လောကလူ့ခွင်ရှိ မှန်ကြည့်သူတိုင်းသည် ပြုပြင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များသာတည်းဟု ယူဆထားမိပါသည်။

ကြည့်မှန်ကြေးမုံကို ကြည့်ခြင်းဖြင့် မိမိတို့၏ ပြင်ပကိုယ်အင်္ဂါချွတ်ယွင်းမှုကို ကြည့်တတ်မြင်တတ်၊ ပြုပြင်တတ်ကြသလို ကိုယ်စီကိုယ်ငှ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်အမူအရာ ချွတ်ယွင်းချက်များကို ကြည့်မြင်တတ်၊ ပြုပြင်တတ်ကြသည့် အသိဉာဏ်ရှိသော လူသားများ ဖြစ်ကြပါသည်။ မိမိတို့၏ ကိုယ်အင်္ဂါ ရုပ်ဆင်းအသွင် အလှအပနှင့်ပတ်ဝန်းကျင်အာရုံကို ဆွဲဆောင်လျက် သာယာမှုပေးလိုသောစေတနာထားရှိနိုင်ကြလျှင် မိမိတို့၏ ကိုယ်ကျင့်တရား မြင့်မြတ်မှုဖြင့် ဝန်းကျင်အသိုင်းအဝိုင်းကို အေးမြသော သာယာမှုအာရုံ ခံစားနိုင်စေရန် စေတနာထားနိုင်ကြပေမည်။ မှန်ကြည့်ခြင်းကို "မပျက်သောအစဉ်အလာ"တစ်ရပ်အဖြစ် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်သူတိုင်း ပြင်ပလက္ခဏာနှင့် အတွင်းမနောကို စိတ်ဓာတ်နှင့်လေ့ကျင့်မှု ပေါင်းစုကာ ဇွဲရှိရှိနှင့် ပြုလုပ်ကြပါလျှင် ငွေကုန်ကြေးကျ အသက်သာဆုံးသော ကိုယ်စိတ်နှစ်ပါး ကျန်းမာတောင့်တင်း လှပတင့်တယ်ခြင်း အကျိုးအမြတ်ကို ရရှိနိုင်မည်ဟုလည်း တွေးဆမိပါသည်။

နိုင်ငံအတွက် ကာကွယ်ရေး၊ တည်ဆောက်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေအနုပညာ စသည်တို့ကို ပြောင်မြောက်စွာ တည်ဆောက်နိုင်ရန် ကိုယ်စိတ်နှစ်ပါး ကျန်းမာတောင့်တင်းသော နိုင်ငံသား၊ လူကြီး၊ လူငယ်၊ လူရွယ် အများအပြားရှိရန် လိုအပ်ပါသည်။ စားသောက်ဖွယ်ရာ ပိုလျှံနေသော နိုင်ငံဖြစ်သော်လည်း အာဟာရပြည့်ဝအောင် မစားတတ်သူများ ရှိနေပါက ကိုယ်စိတ်နှစ်ပါး ကျန်းမာတောင့်တင်းသူ နည်းပါးလာ၍ တိုးတက်အောင်မြင် ဖြစ်ထွန်းမှု လျော့ပါးစေနိုင်သည်ကို ကြေးမုံကြည့်သူတိုင်း သတိထားသင့်ပေသည်ဟု ဆင်ခြင်မိပါသည်။ မှန်ကြည့်ခြင်း ပရိယာယ်သဘောသည် ရှေးခေတ်အဆက်ဆက်မှပင် နီတိကျမ်းများ၊ ဆုံးမစာများ၊ လုပကြွယ်ဝသော မြန်မာ့လူ့ဘောင်ခေတ် ကြေးမုံတွင် စာပေအသွင်နှင့် ထင်ဟပ်လျက်ရှိပါသည်။ ကြေးမုံမှန်ကို ကြည့်ကြသူတို့သည် ခေတ်အမြင်၊ ခေတ်အသိနှင့် နှိုင်းဆယှဉ်တွဲလျက် သံသရာခရီးကို မျှော်တွေးကြည့်တတ်သော အဆုံးအမအတွေးအခေါ်ကို ခံယူတတ်ပြီး မှန်ကြည့်နည်းကို သီးသန့်လမ်းညွှန်စရာမလိုလိုလိုလားလား တန်ဖိုးထား၍ ကြည့်နေကြခြင်း ဖြစ်ပေမည်။ ထို့ ကြောင့်လည်း မှန်ကြည့်ခြင်းသည် "မပျက်သော အစဉ်အလာ"ထူးတစ်အရပ်အဖြစ် ယနေ့တိုင် တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်ဟု တွေးဆယုံကြည်ထားမိပါတော့သည်။

သောင်းဉာဏ်(ပန်းထော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# သီသာဝေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



ဘကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို
ဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင်
ည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို
ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မှတာပါပဲ။
ဉ်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ
တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ
တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း
တ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့
ည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့်
စာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း
စ်ခုဝ လေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ
ရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို
င်ချင်တယ်ဆိုရင်ဖြင့် .....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျ ကောင်းတဲ့ကာလ ဖြစ်တယ်။ အလွန်ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အိမ်ထောင်ကျတတ်ပါတယ်။ မမျှော်လင့်ဘဲ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများဝင်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ် လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်းများ ကြုံမယ်။ ရင်းနှီးသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ ပြည်ပခရီးဝေးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ပါက အဆင်ပြေပါလိမ့်မယ်။ ကျန်းမာရေးတော့ နည်းနည်းညံ့တတ်တယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကိုသွားရင် ရေဘေးကြုံတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါ့ကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေ ကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်အဖြူ(၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၃၈

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေးမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း မုန့်စိမ်းပေါင်း တစ်ပန်းကန်(အုန်းသီးမထည့်ရ)နှင့် စံပယ်ပန်း တစ်ပန်းကန် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်း ကြုံရတတ်တယ်။ အိမ်ဝယ်ဖို့ ကြံရွယ်ထားလျှင် ယခုကာလတွင် ဝယ်ပါက အိမ်ကြီးအိမ်ကောင်း ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း သို့မဟုတ် လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း။ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ကြီးစွာ ဖြစ်ပြီးမှ ရတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ယခု ရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ တန်ခူးလများ ပါဝင်နေရင် သတိထားပါ။ ဆွေမျိုးသားချင်း၊ အောက်လက်ငယ်သားတို့ကြောင့် အမှုအခင်းဖြစ်တတ်တယ်။ သူခိုးမျက်စိ အကျခံရတတ်သော ကာလဖြစ်၍ သူခိုး အခိုးခံရတတ်ပါတယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လျှင် ကောင်းပါတယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ လက်ဝတ်ရတနာများ ကျောက် ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်း ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိန်းမနှင့်ပတ်သက်သော အမှုအခင်းများ ကြုံရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ အပူလောင်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၇၊ ၄၆၊ ၆၄၊ ၆၂

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင် အိမ်ပိုင် ရနိုင်သောကြောင့် သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိအိမ်ခြံဝင်းအတွင်း လက်ခံခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း မုန့်လုံးရေပေါ် ၁၀ လုံး၊ ရှောက်သီးသုပ် တစ်ပန်းကန် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ငွေတွေ ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ ပြုလုပ်ရမယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေများ အစုလိုက်အပုံလိုက် ဝင်လာလိမ့်မယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန် ကျောက်မျက်ရတနာများ ဝင်မယ်။ ပြည်ပခရီးသွားလျှင် အံကျိုးပေးသော ကာလဖြစ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်မယ်။ ခရီးများ မကြာခဏ သွားရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်းများ ကြုံမယ်။ လက်ရှိအလုပ်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်ပေါ်ခြင်းများ ဖြစ်မယ်။ အထက်လူကြီး၊ မိသားစုကြီးကဲ့သူများကြောင့် စိတ်ညစ်ရတတ်တယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်၊ တခြားကို ပို့ထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသောကရောက်ရတတ်တယ်။ ပညာရေးကိစ္စကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ စက်ပစ္စည်း ထွက်တတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါများ ဖြစ်တတ်တယ်။ အရိုးအကြောနှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၆၊ ၂၇၊ ၇၂၊ ၇၄

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်အနီးအနား၌ ရှိုးရာနတ်ကသောနိမိတ်၊ ခေါင်းရင်းအိမ်၊ မျက်နှာချင်းဆိုင်အိမ်များတွင် အလှူမင်္ဂလာဆောင်သော နိမိတ်တွေ့ပါက ကောင်းကျိုးများ ခံစားရတော့မှာ ဖြစ်ပါတယ်။

### ကံကောင်းပြီး ဟောဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နွားနို့နှင့် ကျောက်ကျောများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့ပေမယ့် လူငယ်တွေအဖို့ ယ္ဍာရပ်စာစ်ခု ထပ်မံသဇ်ကြားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရတနာ္တာပုံတော်များ ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနဲ့ ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းတွေ ကြုံတွေ့ရတတ်တယ်။ အလုပ်တွေလည်း အောင်မြင်သလိုလိုနဲ့ အပျက်အစီးတွေလည်း များလာတတ်တယ်။ မိသားစုအတွင်းမှာလည်း စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာသားသမီးများအတွက် ပူပန်ရတတ်တယ်။ ဒေါသရှေ့ထားရင် မှားတတ်တဲ့ ကာလဖြစ်သောကြောင့် မေတ္တာစိတ်နဲ့သာ တုန့်ပြန်ပါ။ နံနက်စောစောမှာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ လူမျိုးခြား အကျိုးပေးမယ်။ ပြည်ပသွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်သောကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တို့ ခါးတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညှံ့များပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၅၊ ၇၁၊ ၅၇၊ ၅၆

### အသူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။
ကဆုန်လ၊ ပြာသိုလများတွင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားပါနှင့်။
ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်


မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အလုပ်လုပ်ရတာ အခက်အခဲ တွေ့လိမ့်မယ်။ အလုပ်ကလည်း ပင်ပန်းတဲ့အလုပ်မျိုး ဖြစ်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရတတ်တယ်။ မထင်မှတ်ဘဲ ခရီးဝေး သွားရတတ်တယ်။ မိသားစုအတွက်လည်း ပူပန်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင်တော့ အိမ်ထောင်ရေး အဆင်မပြေမှု ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ ကိုယ်ကစပြီး အမှုအခင်းတွေ မလုပ်ပါနဲ့။ ရွှေထွက်ခြင်း၊ ပေါင်နှံရခြင်းမျိုး ကြုံရတတ်တယ်။ ငွေတွေ အတိုင်းအဆမရှိ ထွက်နေတတ်တယ်။ မထင်မှတ်တဲ့ ဆွေမျိုးသားချင်းက အကူအညီ ပေးလိမ့်မယ်။ တနင်္ဂနွေ၊ သောကြာ သားသမီးတွေက အကူအညီကောင်းတွေ ပေးလာတတ်တယ်။ စက်ပစ္စည်းတွေ မကြာခဏ ဒုက္ခပေးတတ်တယ်။ ဝန်ထမ်းတွေအဖို့ စစ်ဆေးခံရတတ်တယ်။ ကျန်းမာရေးညံ့တဲ့ သက်ကြီးရွယ်အိုများ အိမ်ကိုဆေးလာကုရင် ဆုံးပါးတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ စိတ်ပင်ပန်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွှန့်(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

စနေ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၁၇၊ ၁၆၊ ၆၀၊ ၆၅

### အထူးသတိပြုရန်

ယခုကာလတွင် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု မီးလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းမျိုး ဖြစ်တတ်တယ်။ ဆိုင်းဘုတ် မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်း(၆)ညွှန့်၊ သီဟိုဠ်(၂၁)ညွှန့်ကို မပြတ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန်မကောင်းသေးပါ။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တူ၊ ဆရာတူများ ရောက်လာတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ကောင်းပါတယ်။ မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက အိမ်တွင် မမွေးရ။ ဆေးရုံမှာ မွေးပါ။ ဖခင်နှင့် စိတ်ဝမ်းကွဲတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနဲ့ ပတ်သက်ပြီး အနည်းငယ် စကားပြောရတတ်တယ်။ ယခုကာလတွင် အမှုမဖြေရှင်းရ၊ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ မဖြစ်မနေ ပြဿနာတွေ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ အသက်ကြီးသောသူများအဖို့ လေဖြန်းခြင်း၊ လေဖြတ်ခြင်းများ ဖြစ်တတ်တယ်။ လူငယ်များအဖို့ ရေနစ်ခြင်း၊ ရေနှင့်ပတ်သက်၍ အန္တရာယ် ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

ကြာသပတေး၊ တနင်္လာ

**ကံကောင်းသောနံပါတ်**

၃၅၊ ၃၁၊ ၁၃

**အထူးသတိပြုရန်**

ယခုကာလတွင် ကားပွတ်တိုက်မိခြင်း၊ ငွေပျောက်ခြင်း၊ သူခိုးခိုးခံရခြင်း ကြုံရတတ်တယ်။ ဂရုစိုက်ပါ။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်၌ ဆီဆမ်း၊ အုန်းသီးစိတ်တင်ကာ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အတတ်ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရောက်ရခြင်း ကြုံရတတ်တယ်။ အဖွဲ့အစည်းတစ်ခုသို့လည်း ဝင်ရောက်ရတတ်တယ်။ အလုပ်တွေများပြီး နားချိန်မရလောက်အောင် ပင်ပန်းနေရတတ်ပါတယ်။ အမွေရခြင်း ကြုံရတတ်တယ်။ ယခုအချိန်တွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်ပါတယ်။ အထက်လူကြီး၊ အကြီးအကဲတို့ရဲ့ အကူအညီ ရတတ်တယ်။ ကြာသပတေး၊ စနေသားသမီးများက ကူညီစောင့်ရှောက်တတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် ပြုလုပ်လိုက်ပါ။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းဖို့ စိတ်မကူးပါနဲ့။ သူခိုး ခိုးခံရတတ်တယ်။ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချရခြင်းမျိုး ကြုံရတတ်တယ်။ ယခုကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေခဲ့ရင် ဂရုစိုက်ပါ။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲက အသက်ကြီးသူတွေ ဆုံးပါးတတ်တယ်။ ဖူးရွှယ်သူများအဖို့ စိတ်ကောင်းဝင်၍ အချစ်ရေးကောင်းခြင်း၊ သားသမီးရတနာ ရခြင်းမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ဆီး(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၆၊ ၅၇၊ ၃၁၊ ၃၅

**အထူးသတိပြုရန်**

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။
အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မယ်။ ပျော်စရာတွေ များလွန်းလို့ အမှားတွေလည်း တွေ့တတ်ပါတယ်။ ဘာလုပ်လုပ် နှစ်ခါပြန် ဖြစ်တတ်တဲ့အတွက် အဆိုးရော အကောင်းရော ကြုံရတတ်ပါတယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ယခုကာလတွင် စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသောအချိန် ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ ယခုအချိန်တွင် အိမ်ထောင်မပြုရ၊ ပြုလျှင် တည်မြဲသောအိမ်ထောင် မဖြစ်နိုင်ပါ။ အိမ်ထောင်ပြုလျှင် သားသမီး ပါလာတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်မယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားရ။ ရွှေဝယ်ထားပါ။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ စိတ်မပူပါနှင့်။ ယခင်က ကိုယ့်ကို နှိမ်ခဲ့တဲ့သူတွေက ပခုံးပေါ် ပြန်ထမ်းတင်ရမယ့်ကာလဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့်လည်း အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားဖြစ်ခြင်း၊ သွားဒုက္ခပေးတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားပါနှင့်။ အဆိပ်ရှိသောအကောင် ကိုက်ခံရတတ်တယ်။ အနောက်မြောက်အရပ်မှ လူများနှင့် အမှုအခင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်၌ လင်စုံမယားဖက် ညအိပ်ညနေ လက်မခံပါနှင့်။ ဆိတ်သားဟင်း မစားရ။ သစ္စာပန်း ဘုရားမလှူပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည် ၆ ခွက်နှင့် မုန့်လက်ကောက် ၆ ခုလှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ ဩဂုတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်အပ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

---

## တနင်္ဂနွေသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညစာစားပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ပတ်သက်ပြီး ငွေရမယ်။ သင်္ဘောသားများ သင်တန်း တက်ရမယ်။

**ယတြာ**

မိန်းကလေးတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

---

## တနင်္လာသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကား အက်ဆီးဒင့်ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ထုပ် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

စန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကားပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အံဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

## ကြာသပတေးသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီးထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

**ယတြာ**

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

## သောကြာသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါ်မည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

## စနေသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

## ရာဟုသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်သည်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးယိုတစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကြေးပိဋကတ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ
## (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏
## သက်တော် ၇၃ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ

(၁-၆-၂၀၁၆)ဗုဒ္ဓဟူးနေ့ နံနက် ၉း၃၀ နာရီအချိန် ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး နာယက မင်္ဂလာတိုက်ကျောင်းကြီး၌ ကျင်းပရာ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စာရေးဆရာ၊ ဆရာမများ စုံညီစွာ တက်ရောက်ပူဇော်ကြပါသည်။ ဆရာတော်ကြီးမှ လာသမျှ ညည့်ပရိသတ်များအား ဗလာမပါ ကံစမ်းမဲများဖောက်၍ မွေးနေ့လက်ဆောင်အဖြစ် ပြန်လည်ချီးမြှင့်ပါသည်။

ကြွရောက်လာကြသည့် ညည့်ပရိသတ်များအား ထောပတ်ထမင်း၊ ရေခဲမုန့်၊ ရခိုင်မုန့်တီ စသည်တို့ဖြင့် ညည့်ခံကျွေးမွေးပြီးနောက် ၁၁း၃၀ နာရီတွင် ပြီးဆုံးခဲ့ပါသည်။ မွေးနေ့မင်္ဂလာပွဲ ပြီးဆုံး၍ အပြန်တွင် ဆရာတော်ကြီးမှ စာရေးဆရာ၊ ဆရာမကြီးများအား မဂ္ဂဇင်းတစ်အုပ်စီနှင့် ခရီးစရိတ် တစ်သောင်းကျပ်စီ ချီးမြှင့်လိုက်ပါသည်။ ဆရာတော်ကြီး၏ မေတ္တာ စေတနာ တုန့်ပြန်မှုတို့အား မုဒိတာပွား၍ သာဓုခေါ်ဆိုနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါက်တာသက်ခွေ

---

## မဟာစည်သာသနာ့ရိပ်သာ၌ (၅၉)ကြိမ်မြောက် ညောင်ရေသွန်းပွဲ

(၂၁-၅-၂၀၁၆)ကဆုန်လပြည့်နေ့ နံနက် ၇း၃၀ နာရီအချိန် ဟိတေသီအဖွဲ့ မွှာရုံတွင် မဟာစည်နာယကအဖွဲ့ ဥက္ကဋ္ဌ ငါသိုင်းချောင်းဆရာတော်ကြီးနှင့် နာယကဆရာတော်များအဖွဲ့ ကြွရောက်လာကြပြီးနောက် ဥက္ကဋ္ဌဆရာတော်ကြီး သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ကုမာရသက္ကထံမှ ဟိတေသီယောဂီများ၊ သာသနာ့နုဂ္ဂဟ အသင်းနှင့် အမျိုးသမီးယောဂီများက (၈)ပါးသီလ ခံယူကြပါသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်၍ သံဃာတော်များ ဗောဓိပင်ပျိုသို့ ကြွရောက်ပြီး ညောင်ရေသွန်းဂါထာ သုံးကြိမ်ရွတ်ဆို၍ ဆရာတော်များ ညောင်ရေသွန်းလောင်းပြီးလျှင် ယောဂီများကလည်း ညောင်ရေသွန်းလောင်း ပူဇော်ကြပါသည်။ နံနက် ၁၀ နာရီအချိန်တွင် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ဒေါက်တာသက်ခွေ

---

## သာသနာ့ပူဇာ မြတ်မင်္ဂလာ တရားအလှူပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်း၀၊ န၀ဒေးရုပ်ရှင်ရုံရှေ့ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသမှ ၂၀၁၆-ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၉ ရက်တိုင်တိုင် ညစဉ် ၇း၃၀ နာရီအချိန်တွင် တရားဓမ္မများ ဟောကြားတော်မူခဲ့ကြောင်း သတင်းရရှိပါသည်။

အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကားပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီးထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

ယတြာ

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါမည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

ယတြာ

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

---

## ရာဟုသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို သစ်သီးယိုတစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကြေးပိဋကတ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ သက်တော် ၇၃ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ

(၁-၆-၂၀၁၆)ဗုဒ္ဓဟူးနေ့ နံနက် ၉း၃၀ နာရီ အချိန် ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး နာယက မင်္ဂလာတိုက်ကျောင်းကြီး၌ ကျင်းပရာ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စာရေးဆရာ၊ ဆရာမများ စုံညီစွာ တက်ရောက်ပူဇော်ကြပါသည်။ ဆရာတော်ကြီးမှ လာသမျှ ဧည့်ပရိသတ်များအား ဗလာမပါ ကံစမ်းမဲများဖောက်၍ မွေးနေ့လက်ဆောင်အဖြစ် ပြန်လည်ချီးမြှင့်ပါသည်။

ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား ထောပတ်ထမင်း၊ ရေခဲမုန့်၊ ရခိုင်မုန့်တီ စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးပြီးနောက် ၁၁း၃၀ နာရီတွင် ပြီးဆုံးခဲ့ပါသည်။ မွေးနေ့မင်္ဂလာပွဲ ပြီးဆုံး၍ အပြန်တွင် ဆရာတော်ကြီးမှ စာရေးဆရာ၊ ဆရာမကြီးများအား မဂ္ဂဇင်းတစ်အုပ်စီနှင့် ခရီးစရိတ် တစ်သောင်းကျပ်စီ ချီးမြှင့်လိုက်ပါသည်။ ဆရာတော်ကြီး၏ မေတ္တာ စေတနာ တုန့်ပြန်မှုတို့အား မုဒိတာပွား၍ သာဓုခေါ်ဆိုနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါက်တာသက်ဆွေ

## မဟာစည်သာသနာ့ရိပ်သာ၌ (၅၉)ကြိမ်မြောက် ညောင်ရေသွန်းပွဲ

(၂၁-၅-၂၀၁၆)ကဆုန်လပြည့်နေ့ နံနက် ၇း၃၀ နာရီအချိန် ဟိတေသီအဖွဲ့ မွေ့ရုံတွင် မဟာစည် နာယကအဖွဲ့ ဥက္ကဋ္ဌ ဓါသိုင်းချောင်းဆရာတော်ကြီးနှင့် နာယကဆရာတော်များအဖွဲ့ ကြွရောက်လာကြပြီးနောက် ဥက္ကဋ္ဌဆရာတော်ကြီး သာသနာ့ဓဇ မဟာစရိယ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသထံမှ ဟိတေသီယောဂီများ၊ သာသနာ့ရိပ်သာ အသင်းနှင့် အမျိုးသမီးယောဂီများက (၈)ပါးသီလ ခံယူကြပါသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်၍ သံဃာတော်များ ဗောဓိပင်ပျိုသို့ ကြွရောက်ပြီး ညောင်ရေသွန်းဂါထာ သုံးကြိမ်ရွတ်ဆို၍ ဆရာတော်များ ညောင်ရေသွန်းလောင်းပြီးလျှင် ယောဂီများကလည်း ညောင်ရေသွန်းလောင်း ပူဇော်ကြပါသည်။ နံနက် ၁၀ နာရီအချိန်တွင် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

## သာသနာ့ပူဇာ မြတ်မင်္ဂလာ တရားအလှူပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်း၀၊ နဝဒေးရပ်ရှင်ရုံရှေ့ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသမှ ၂၀၁၆-ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၉ ရက်တိုင်တိုင် ညစဉ် ၇း၃၀ နာရီအချိန်တွင် တရားဓမ္မများ ဟောကြားတော်မူခဲ့ကြောင်း သတင်းရရှိပါသည်။


အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com



## လူသေသော်လည်း အလှူမသေသော နာယကကြီး ဦးချိုသန်း



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်း၌ ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြု မဟာစည်သာသနာ့ရိပ်သာကြီး ရှိပါသည်။ မဟာစည်ရိပ်သာကြီး၌ အလှူရေစက် လက်နှင့်မကွာ ဆိုသကဲ့သို့ပင် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းလျက် ရှိကြပါသည်။

မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးချိုသန်း (၂)နှစ်ပြောက်အား ရည်စူး၍ ဇနီးဖြစ်သူ သုဓမ္မသိင်္ဂီ ဒေါ်ဝင်းကြည်၊ သား၊ သမီး၊ မြေးတို့၏ ဆွမ်းဆက်ကပ်ခြင်းအလှူနှင့် အခြားအလှူများ လှူဒါန်းရေစက်ချပွဲကို ရိပ်သာကြီး၌ ပြုလုပ်ခဲ့ပါသည်။

အခိုပါပွဲသို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင့်စိုးလင်းနှင့် အမှုဆောင်များ၊ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ ဦးလှမောင်နှင့် အမှုဆောင်များ၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်နှင့် အမှုဆောင်များ တက်ရောက်ကြပါသည်။

လှူဒါန်းမှုများမှာ မဟာစည်ရိပ်သာ ရေကန်တော်ကြီးအတွင်း ကျောင်းအလှူဒါန ကျပ်သိန်း ၁၂၀၊ ယခင်ကပင် ဆောက်လုပ်လှူဒါန်းခဲ့သော ဦးချိုသန်းမိသားစု၏ ဘောဇနသာလာ ဓမ္မာရုံတော် ဘက်စုံပြုပြင်ရေးအတွက် ကျပ်သိန်း ၁၀၀၊ နာယကဆရာတော် ၁၀ ပါးအတွက် နဝကမ္မနှင့် သင်္ကန်းဒွိစုံများ လှူဒါန်းခြင်း၊ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများနှင့် ဧည့်ပရိသတ်တို့အား နေ့ဆွမ်းဆက်ကပ် ကျွေးမွေးဧည့်ခံခြင်း ပြုလုပ်ရာ လှူဒါန်းမှုအစုစုတို့အတွက် ငါးသိုင်းချောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

(နာယကကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေသော်)

တက္ကသိုလ်စိုးယဉ်

### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

# ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာ အနာဂါမ်ဆရာသက်ကြီး မူလတရားရိပ်သာဝင်းအတွင်း ရှေးဟောင်းဘုရားများကို ပြုပြင်၍ စေတီတော်သစ် ထပ်မံတည်ဆောက်ခြင်း



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး စံပြကျေးရွာ အနာဂါမ်ဆရာသက်ကြီး မူလတရားရိပ်သာဝင်းအတွင်းတွင် ရှေးဟောင်းဘုရားများအား ပြုပြင်၍ စေတီတော်သစ်ကို ထပ်မံတည်ဆောက်လျက်ရှိရာ ပြီးစီးလုနီးအခြေအနေတွင် ရှိပါသည်။

ဘုရားဒကာ ဒကာမ ဖြစ်လိုကြကုန်သော ကုသိုလ်ရှင် ပါရမီရှင်များ အပေါင်းတို့သည် ဘုရား တည်ဆောက်ရာ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး စံပြကျေးရွာ အနာဂါမ်ဆရာသက်ကြီး မူလတရားရိပ်သာသို့ အလျင်အမြန် ကြွရောက်တော်မူလာကြပြီး တတ်စွမ်းသမျှ ကုသိုလ်ပါဝင်ကြ၍ ဘုရားဒကာ၊ ဘုရားအမများအဖြစ် ခံယူတော်မူကြပါရန် နှိုးဆော်ထားပါကြောင်း။

ဆက်သွယ်လှူဒါန်းရန်

(၁) ဆရာတော် ဦးသုဒဿန၊ ရွှေရေးဆောင် ကျောင်းတိုက်၊ ရွှေဒွေးကျောင်း။ မန္တလေး။

(၂) ဦးသက်နိုင်၊ သပြေကုန်းတရားရိပ်သာ၊ ၀၉-၇၉၉၂၇၇၇၉၈

(၃) ဦးမြင့်သိန်း၊ အနာဂါမ်ဆရာသက်ကြီးရိပ်သာ၊ ၀၉-၇၉၅၃၈၉၇၇၄

(၄) ဦးမျိုးထွန်း၊ ရတနာထွန်း ဆန်ပွဲရုံ၊ ၀၉-၈၆၁၆၉၃၅

ဒေါက်တာသက်ဆွေ

## ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား ဘုန်းရောင်ဂျာနယ်တိုက်တွင် ဝယ်ယူ ပူဇော်နိုင်


ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)နှင့် (၉)လုံး ပြဒါးပုတီး၊ ပြဒါးဘုရားများ၊ ပဌာန်းရွှေကျမ်းရတနာဒီပံ ရွှေအလင်းတိုင်များကို လာဘ်မိုးစွေစာပေနှင့် ဘုန်းရောင်ဂျာနယ်တိုက် တည်ရှိရာ တိုက်(၂၇)၊ အခန်း(၁၂)၊ မြေညီထပ်၊ ၅၂-လမ်း(အောက်) ပိုလ်တထောင်မြို့နယ်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။

ဘုရား၏ ဉာဏ်တော်အမြင့်များမှာ - ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မတို့ဖြစ်သည်။ မိမိနှစ်သက်ရာ ဉာဏ်တော်အမြင့်ကို ဝယ်ယူပူဇော်နိုင်ပါသည်။ (ဆက်သွယ်ဝယ်ယူနိုင်ရန် - ၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com

## အောင်ဇမ္ဗူဆရာတော်၏ ဝိဇာတမွေးနေ့ ပန်းပူဇော်ပွဲ




၂၀၁၆-ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ အောင်ဇမ္ဗူဆရာတော်ဘုရား၏ သက်တော် ၅၃ နှစ်ပြည့် ဝိဇာတမွေးနေ့ပွဲတွင် သံဃာအပါး ၅၀၀ အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး မေလ ၁၅ ရက်နေ့တွင်လည်း သီလရှင် အပါး ၅၀၀ အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပြီး ကား၊ ပန်ကာ၊ လျှပ်စစ်ပစ္စည်းများကို ကျပ်သိန်း ၄၅၀ ဖိုး ကံစမ်းမဲဖောက်ကာ ကပ်လှူခဲ့ကြောင်း၊ သီလရှင် ၁၀ ပါးကိုလည်း ဝတ္ထုငွေ ကျပ် ၂ သိန်း ဆက်ကပ်ခဲ့ကြောင်းလည်း သတင်းရရှိပါသည်။

၂၀၁၆-ခုနှစ်၊ မေလ ၂၁ ရက်နေ့(ကဆုန်လပြည့်နေ့) နံနက် အရုဏ်တွင် ရွှေတိဂုံစေတီတော်၌ ပန်း၊ ဆီမီးတို့ကို ကျပ်သိန်း ၆၀ ဖိုး တပည့် ဒါယကာ၊ ဒါယိကာမများနှင့်အတူ ကပ်လှူပူဇော်ခဲ့ကြောင်း သတင်းရရှိပါသည်။

BURMESE CLASSIC

---

## အလှူရေစက် လက်နှင့်မကွာ

(၁၅-၅-၂၀၁၆)တနင်္ဂနွေနေ့ နံနက် ၉ နာရီအချိန် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဒေါက်တာတင့်စိုးလင်း၏ (၆၂)နှစ်မြောက် မွေးနေ့ပွဲကျင်းပရာ အစီအစဉ်(၁)အရ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီးနောက် အစီအစဉ်(၂)အရ လှူဒါန်းမှုအစုစုတို့ကို အခမ်းအနားမှူးမှ ဖတ်ကြားတင်ပြရာ မွေးနေ့ရှင်၏ မိခင်၊ ဖခင်ကြီးများဖြစ်သော ဦးပွင့်ကောင်း၊ ဒေါ်နွဲ့ရီ ဖောင်ဒေးရှင်းသို့ (၂-၃-၂၀၁၆) မှ (၁၅-၅-၂၀၁၆)နေ့ လှူငွေပေါင်း ကျပ်သိန်းသုံးထောင်၊ (၁၅-၅-၂၀၁၆)နေ့ မဟာစည်ရိပ်သာကြီးနှင့် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းများသို့ လှူဒါန်းငွေပေါင်း ကျပ် ၁၅၂၅၇၆၂၀၀(ကျပ်တစ်ထောင့်ငါးရာ နှစ်ဆယ့်ငါးသိန်း ခုနှစ်သောင်းခြောက်ထောင့်နှစ်ရာ)၊ စုစုပေါင်း ကျပ် ၄၅၂၅၇၆၂၀၀(ကျပ်သိန်းလေးထောင့် ငါးရာနှစ်ဆယ့်ငါးသိန်း ခုနှစ်သောင်းခြောက်ထောင့်နှစ်ရာ)တိတိကို လှူဒါန်းခဲ့ပါသည်။


၎င်းနောက် မဟာစည်ဥသျှောင်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလ္လ သရက်တောဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ၁၀ နာရီခွဲတွင် ပြီးဆုံးခဲ့ပါသည်။

ရွှေဆောင်တင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

# ဟစ်ကော်စွမ်း



ယာဉ်မောင်းသူတို့သည်-

အချို့က သူတစ်ပါးခရီးစဉ်အတွက် မောင်းကြရသည်။

အချို့က မိသားစုအတွက်

အချို့က စားဝတ်နေရေးအတွက်

အချို့က မိမိကိုယ်တိုင် သာရေးနာရေးအတွက်

ဘယ်အတွက်ပင် မောင်းမောင်း လိုရာခရီးကို ရောက်ရှိစေရန် သတိဆိုသောအရာနှင့် မောင်းနှင်နေရ၏။

ထို့အတူ . . .

လူ့ဘဝခရီးရှည်ကြီးအတွက် ဘဝကို ဖြတ်သန်းရာတွင်လည်း ယာဉ်မောင်းသူများလိုပင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် မောင်းနေကြရ၏။

ခရီးစဉ်ဆုံးအောင် ပျော်ရွှင်စွာ ရောက်ရှိသူများ ရှိသလို ခရီးစဉ်မဆုံးခင်လည်း ရပ်တန့်သွားရသည်များရှိ၏။

ဘယ်သို့ပင်ဖြစ်စေ . . .

သတိဆိုသောအရာသည် ယာဉ်မောင်းသူများအတွက် အရေးကြီးရာ ဘဝခရီးလျှောက်လှမ်းသူများလည်း သတိနှင့်သာယှဉ်ပြီး လျှောက်လှမ်းကြမယ် ဆိုပါလျှင် . . .

www.burmeseclassic.com